ကြင်ဝန်းမြင့်ခဲ့၊ စံသင့်လှနေ့၊ မြင်မျိုးကျွေသား၊ တောင်ဝေပုထွတ်၊ ဇောတရယ်သို့၊ရောင်မှဲ့ဘဲညက်ချေ၊ ပြည့်သရေတည့်၊ ရှိသေညွှတ်ကြည်၊ ပျောက်ပါသည်လည်း၊ ရိုပ်ခြည်သံမြွက်၊ မိန့်မည်ခက်ခဲ့၊ ခန့်တွက် တွေ့တွေ့၊ အောက်မေ့ချေမူ၊ မှိုင်ဝေပတ်ဆိုက်၊ နှင်းနှယ်မိုက်မျှ၊ ခေါ်စိုက်ပျောင်းမျှ၊ ကြောင်းခြင်းတကို၊ သကျဘုန်းတူ၊ ဉာဏ်တော်ကူလော့၊ ပြစ်မြွလွှတ်ကျွေ၊ ရှုန်းတင့်နေမူ၊ မြတေလျှံမြိုး၊ လှခေါင်မိုးသည်။ ။**ပြစ်မျိုးရှောင်လွင့် ဘက်စံသောဝ်။**

**၃။ ဘက်စံရှောင်သည်၊** ဝင်းမွတ်ကြည်မှု၊ ပြစ်ခြည်လွှတ်စင်၊ ရှောင်လွင့်ကျင်သည်၊ ရွှေစင်သိင်္ဂါ၊ ကြိမ်ရာလျော်သစ်၊ သွန်း၍ဖြစ်သို့၊ ကျစ်လျစ်သဘော၊ တင့်မောနေကြ၊ ပြောင်ရှန်းပသည်၊ လှမျှားမဩူ၊ မျိုးကြင်သူလည်း၊ ဆံမြှရိုင်ခြည်၊ ဘယ်နံ့သည်လျှင်၊ မွေးကြည်ကြိုင်ပျံ့၊ မိန့်ပါအံ့လည်း၊ မခံ့ဆည်ဖြေ၊ ပျောင်းညွှတ်ခွေခဲ့၊ လျှံဝေရောင်လှစ်၊ ရှင်းပျစ်ပျစ်လျှင်၊ တင်ပြစ်ကင်းစင်၊ လှဆင်းပြင်နှင့်၊ စုံလျင်လွယ်အောင်၊ ဉာဏ်ခေတ်ရောင်ဖြင့်၊ ဘုန်းခေါင်သနင်း၊ ရှုဘန်ဆင်လော့၊ ပြာရှင်းနွဲ့မွတ်၊နောင့်သက်မှတ်သည်၊ စံလွှတ်တင့်ရာ၊ ဆင်းသူဇာနှင့်၊ မေတ္တာထပ်လှိုင်း၊ ချစ်ကြိုးဆိုင်းသည်။ ။**ဆက်တိုင်းနောင်နှင့် သက်နှံ့သောဝ်။**

---

(၉) စစ်ကိုင်း-ပုညရှင်ဘုရားတိုင် ရတု

**၁။ ထွန်းပြောင်သာနိ၊** ရစ်၍စီသား၊ လုံးညီသွယ်ပတ်၊ ပွတ်ကချွတ်သို့၊ တိမ်ထွတ်မိုးလယ်၊ နှင့်သာသွယ်

၏၊ ခြောက်သွယ်စင်ခြောက်၊ မောက်မောက် ဖြိုးဖြိုး၊ ရွှေထီးမိုးလျက်၊ တန်းခိုးစက်ဝါ၊ ဉာဏ် တေဇာနှင့်၊ တက်ဖြာသွန်းသွန်း၊ တောင်မြတ်နန်းဝယ်၊ မှောင်တွန်း ပျောက်ကွေ၊ တသန်းနေသို့၊ ခြောက်ထွေ ရောင်မြူး၊ ဘဝဂ်ကျူးသည်၊ ငါးဦးမာရ်ဖြတ်၊ မွေတော်ခေတ်လျှင်၊ လေးမြတ်ငြိမ့်ချေ၊ မြတ်သခွေနှင့်၊ ရစ်ခွေတကိုယ်၊ စုံရ လိုဟု၊ ကုသိုလ်ရည်ညွှန်း၊ ဘုန်းညွှန့်လန်းသည်။ ။ **သက်မှန်းနှံ့ဝေ ချင်လှည့်သော်။**

၂။ **တန်းဆောင် ရာသီ**၊ရတုညီ၍၊ နာရီလေးပတ်၊ နေထက်မြတ်သား၊ပြာသာဒ်လျှံလန်း၊ ဖလ်နန်းရထား၊ နေနတ်သားနှင့်၊ နဂါးကြယ်စင်၊ စက်ချင်းယှဉ်သော်၊ လေယဉ်ဖြန့်ညင်း၊ လျှံလင်းရဲရဲ၊ ခဲသိဂ်၊ ပေါ်ပွင့်လ ဝယ်၊ ပုညတောင်ထွတ်၊ သုံးဘုံနတ်ကို၊ ကြည်ညွှတ်ရှိ ရည်၊ ဆက်တိုင်းသည်ကား၊ရက်ရှည်လများ၊ကြိုးကြား မပြတ်၊ တ-မှတ် မချာ၊ သခင်သာဟု၊သစ္စာတည့်လျော်၊ လျှောက်ပါသော်လည်း၊ နားတော်မရှက်၊ သက်လည်း ပျို့မျှစ်၊ ကျစ်လျစ်ငယ်မူ၊ ကြာဝယ်ယှသို့၊ မြင်သူမပန်း၊ လှငြိမ်းရွှန်းသည်။ ။**ဘက်ကျွန်းစံနေ တင်လှည့်သော်။**

၃။ ကျွန်းခေါင်သာညီ၊ ဆောင်းရာသီဝယ်၊ ဝါနှိ မစွန်း၊ စုံထက်ဝန်းလည်း၊မြဲမှန်းစီရင့်၊ ပင်တိုင်းတင့်က၊ သခင့်နံ့နှင့်၊ နှောင့်နံ့တူရှည့်၊ရက်လည်ပြည့်သော်၊လ၏ သရစ်၊ ရိုက်ထစ်သံညင်း၊ မိုးကြွင်းဆောင်းစို့၊ ကာလ သို့လည်၊ မယ့်တို့ရည်၏၊ စိတ်ကြည်တင်လျှ၊ ဆုယူကြိမ် ခြောက်၊ ဆယ်ခေါက်ဆယ်ပြန်၊ကိုင်မကာန်လျှင်၊ယုံကျွန် စေခါလျှောက်များလှလည်း၊ စ-န-ရိပ်ခြည်၊ မိန့်မည်ပျို



မွေးမကြာသေးတည့်၊ နှစ်တွေးမယှွင်း၊ သက်လုံးနှင်း သည်၊ဘက်ကင်းညွှတ်နှဲ့၊ ညီရည်လဲ့နှင့်၊ တဆဲ့တစဉ်၊ ဘုံကိုကြဉ်၍၊စိတ်ယဉ်မြတ်နှိုင်း၊တိုင်းလည်းမကွေ၊ပြည့် လွယ်စေလော့၊ကုဋေတသန်း၊ နေထက်ထွန်းသည်။ ။ **ပြက်ရွှန်းလျှံထွေ ဖြင်လှည့်သော်။**

---

## (၁၀) စစ်ကိုင်း-ပုညရှင်ဘုရားတိုင်ရတု

၁။ အလျှံရည်ရှင်၊ ဖူးတွေ့မြင်သော်၊ ရောင်ထင် တခဲးရဲရဲအတိ၊ပေါက်လတိသို့၊ဆိုက်ထိတိမ်ဦး၊မြင့်ဖြိုး သွယ်ပတ်၊ ငွေချက်ထွတ်ဝယ်၊ ဆွတ်ဆွတ်ဆွေဆွေ၊ ဖူးစ ထွတ်ထွတ်၊ စွတ်စွတ်ညီးညီး၊ဘိတ်ဘိတ်စီးမျှ၊ ခိုင်ဖြိုးကုံး နှစ်၊ ပုလဲးနှစ်သို့၊ တက်သစ်နေတူ၊ ထီးပစ္စူနှင့်၊မဍ္ဍူ လေးခိုင်၊ ထွက်ပြိုင် ထွန်းရည်၊ ရောင်လျှံလည်လျက်၊ တောင်းသည်ဆုအား၊ဖြည့်သနားသည်။ ။**ထွတ်မျှား သုံးလူ့ရှင်ရင်းသော်။**

၂။ **တဆံခြည်မျှင်**၊ မိုက်မထင်တည့်၊ ကောင်းကင် ညီးညီး၊ မြက်လျှိုမီးသို့၊ မြေကြီးအောက်ထက်၊ ဘဝဂ် ထုတ်ချင်း၊သောင်းလုံးလင်းမျှ၊ မှန်ကင်းဦးစွန်း၊ မကိုင် မှန်းသည်၊ စံကျွန်းသုံးလူ့၊ နှိုင်းတုမမြင်၊ ပုညရှင်ဟု၊ ခေါ်တွင်လူနတ်၊ကိုးရာမှတ်သား၊ တောင်ထွတ် ချက်ဗွေ၊ ရှင်တော် မွေကို၊ ရှိသေညွှတ်ကြည်၊ တင်လျှောက်သည် မူ၊ ရုံလည်ဝန်းရွေ၊ တောင်စွန်းခနေထိ၊ ရစ်ခွေပန်းနွယ်၊ လည်ဝယ်ဆင်ရာ၊ရတနာသို့၊ မကွာမြဲးပင်၊ကုံးပန်ချင် သည်။ ။**သောင်းတွင်မရှိ ယှဉ်ကင်းသော်။**

၃။ **မစံသည့်တွင်**၊တင့်ကြဲအင်ကို၊ကိုယ်ထင်ပြလျက်၊ သကြားသက်၍၊ချင့်တွက်နှိုင်းရှည်၊ ယူဆကြည့်လည်း၊ တူလှည့်ပေဘွယ်၊ မချယ်တင်ပြစ်၊ လျော်သစ်စတော၊ လျော်မီးရှေ့ကို၊ ရှာဘွေနက်တံ၊ မကြံစတောင်း၊ တင့်ကြောင်းဆီပြင်၊ ညွန်ပြားချင်လည်း၊ ဆင်းအင်စံရေး၊ မျှမည်ဝေးခဲ့၊ကြိုင်မွှေးရွှေနွတ်၊ ကမုဒ်ကြာနံ့၊လှိုင်လှိုင် ပျံ့မျှ၊ မဝံ့လက်ချ၊ ပြိုင်သူ့ခသား၊ ရွှေမျှားထိပ်ကိုး၊ခန်း လုံးပြောင်ထွန်း၊ လှပြုံးရွှန်းကို၊ မယွန်း-မယွက်၊ မဇုက်ခေါက်နစ်၊ လွန်ပြန်ရစ်၍၊ အချစ်သက်လုံး၊ ပတ်ကုံးခြီးနှောင်၊ ကယ်ဆောင်နှစ်သိမ့်၊ လျှောက်ဝံ့ပြီမို့ သည်။ ။ပြည့်စိမ့်မကြာ လျှင်ပြင်းသော်။

(၁၁) စင်ကိုင်း-ရှင်မြရှင်လှ ဘုရားတိုင်ရတု

၁။ **ဆဲ့နှစ်ခွေလျှင်**၊ လေးတွေလည်ညွတ်၊ သုံးစီပတ်သား၊ ရေဓာတ်စကြာ၊တောင်လက်ျာကို၊ ရှက်ဖြာမတန့်၊ဆင်မှကွန့်၍၊ ပွားပြန့်ခွဲးဝေ၊ ယဉ်တွေတွေနှင့်၊ စီးနေမချာ၊ မြစ်သီတာလည်း၊ ချဉ်းလှာရေညွတ်၊ တောင်ထိပ်ထွတ်ဝယ်၊ လောင်းမြတ်စည်သူ၊တည်တော်မူသည်၊ရှင်ဖြူမည်ရ၊ချစ်ရှင်လှ....၊သောကကြောင်းဝန်၊ ဖြစ်တိုဟန်ကို၊ ပြန်လည်းမရက်၊ မြွက်လည်းမသာ၊ သည်တခါမူ၊ ခြင်းရာထုတ်ဖော်၊ သင့်မလျော်သည်။ ။ **နားတော်လျှောက်ပါ ချင်သောကြောင်း။**

၂။ **ဆဲ့နှစ်ထွေစင်**၊ ဖြစ်နေနက္ခ၊ သုံးဆလောကဝယ်၊ လေးဝရပ်စည်၊ယုတမြည်လည်း၊ ဖဲ့ရည်ဖျာပါ၊ မရှိရာလိမ့်၊ ကြမ္မာသွမ်းညစ်၊ ကြင်ချစ်ပျော်ဘက်၊ ဆင်းရွှေ



ခက်....၊အသက်မှတ်ယူ၊ သူလည်းမတော်၊ ညိုးလျော်နိုးနိုး၊ မိုးလည်းထပ်ဆင့်၊ ဖြေခွင့်မရ၊ ပျောင်းပျအုံသည်း၊ဆည်လည်းမတန့်၊ မခန့်ဆာပူ၊တုလည်းမတတ်၊ တိမ်းညွတ်မရှင်၊ သို့အောင်စင်ကို၊ ရှင်ပင်တို့မှ၊ ကယ်ဆုရအံ့၊ ထွန်းပတေဇော်၊ မြတ်နှစ်ဘော်သည်။ ။ **တားသော်ပျောက်ငှါ ထင်သောကြောင်း။**

၃။ **ဆဲ့နှစ်နေပင်**၊ ကိုးထွေ လေးတန့်၊ သုံးဖန့်ပတ်ရံ၊ နင်းနှံခြည်မြှ၊ စက်နှစ်ဆူလျှင်၊ ရည်တူနှိုင်းဆ၊ မနှုန်းရတည့်၊ လောက အထွတ်၊ ကိုးရာ မှတ်သည့်၊ တမွတ်တင်ထား၊ မြတ်နှစ်ပါး....၊မယ်အား ခြင်းရာ၊ လျှောက်မည်မှာမူ၊ ကြမ္မာယိုးတွေ၊ အနိုင်ဖြေ၍၊ဇုက်ခွေ ထဲးသို၊နေမည်ကိုလျှင်၊ မလိုခြင်းရာ၊ လွမ်းစရှာ၍၊ မရှာဘဲးပင်၊ ရွှာရှုပ်သွင်နှင့်၊ ညီလွင့်နို့မည်း၊ ရိုက်ကြည်းတူးခေါ်၊ မိုးနတ်မော်သည်။ ။**ကြားကျော်မြောက်ကာ ဆင်သောကြောင်း။**

(၁၂) စဥ့်ကိုင်-ဆိပ်ပေါက်ဘုရားတိုင် ရတု

၁။ **ကြည်ဘွယ် စွာလျှင်**၊ ခြောက်ဝါ လွန်ထွက်၊ ပြည့်သည့်ရက်၌၊ ဘဝဂ်မိုးမှာ၊ ဖလ်ကျောက်ဖျာထက်၊ စကြဝဠာတသောင်း၊နတ်ပေါင်းရုံသင့်၊ရှင်တော်တင့်သို့၊ ကင်းလွှင့်မှောင်ရိပ်၊ ချိပ်ချိပ်ရွှန်းရွှန်း၊ နေဝန်းသောင်း, ထောင်၊ဝေးရှောင်မဘက်၊ ကွန့်တက်လှည့်သန်း၊ မုတ်နန်း ပလ္လင်၊ ဥကင်လိုက်ချောင်၊ ထိန့်ထိန့်ပြောင်သား၊ ရန်အောင်နတ်သွင်၊ထီးလိုင်ရှင်လျှင်၊သည်တွင်သကြန်၊ ခေါ်သည်လွန်မှ၊ နိဗ္ဗာန် မျက်မှောက်၊ ယခုရောက်သို့၊

နှောင်းနောက်နောင်လာ၊ငါပွင့်ခါသော်၊ သဒ္ဒါကြည်ဖြူ၊
တည်အံ့ဟူ၍၊ ဆုယူရည်စောင်၊ ကြံတိုင်းအောင်က၊
မြန်ဘောင်ထက်ဝန်း၊ တုမဲ့ထွန်းသည်။ ။**ရွှန်းရွှန်း
ပတ်စက် လည်လှည့်သောဝ်။**

၂။ ရည်ရွှယ်ရာလျှင်၊စကြာရွှေမှောက်၊ ထွက်တိုင်း
ရောက်က၊ ဆိပ်ပေါက်စဥ့်ကိုင်၊ တောင်မြင့်မြိုင်ထက်၊
ဘုန်းလှိုင်နတ်တူ၊တည်တော်မူသည်၊ မြင်သူဆွတ်လွတ်၊
မိန်းပြတ်အုသည်း၊ပြန်လည်းမရက်၊ထိပ်ထက်ရွက်တင်၊
ပန်ဆင်ပန်းတူ၊ မယူခဲ့သာ၊ လျှံဝါရဲရဲ၊ ပုလဲးအာနီ၊
သိင်္ဂီမဥ္ဇူ၊ ဇမ္ဗူလိုလို၊ သိဒ်ုဂြိုကျည်းသွင်၊ မှတ်ထင်
ဗောဓိ၊ တွေးမိကာသာ၊ မိတည်းလျှာလည်း၊ပွင့်ခါချိန်
ဝေးမတိုင်သေးဘည့်၊ ငြိမ့်လေးဝင်းကြည်၊ညိုလဲ့သည်
မှုရွှေပြည်ကနေ၊မပါလေတည့်၊ယွင်းသွေမလို၊လျော်က်
ကြား ဆိုသည်။ ။**မယ်ကိုမှတ်လျက် ကြည်လှည့်
သောဝ်။**

၃။ **သည်ဝယ်သာလျှင်**၊ မလ္လာကျည်းရောက်၊ပိတ်
ခေါက်တွန့်သေး၊ ပျံမွေးကြိုင်မြိုး၊ ထပ်လျော်က်ကဲး၍၊
ရစ်နွှဲးတူကွ၊ ပျော်မည့်လန့်က်၊ ဝေးလှမြေရှည်၊ ချိရ
သည်မှ၊ဆီးရည်ဖျန်းလစ်၊ ပြင်သစ်မနွမ်း၊ ကမ်းလည်း
မကွန့်၊စဲးတန့်လူလူ၊သဲးဖြူဆွတ်ဆွတ်၊ပြင်သာထွတ်ဝယ်၊
ရစ်ပတ်လည်ရှက်၊ တူစုံစက်၍၊ တောင်တက်နှုတ်သီး၊
သွယ်ငြိးနွဲလျှ၊ယုယလှမ်းသွား၊နားနားသမျှ၊ ဗို-မ-ချစ်
ရည်း၊ရှုဘွယ်ချည်းကြောင့်၊အုသည်းညွတ်ခွေ၊ ရှိသော
ထွေကို၊ ခွဲးဝေမဘောက်၊ သက်လုံး လျော်က်၍၊
လေးယောက်နှောင်းစွန်၊ ပွင့်ချိန်တန်ဝယ်၊ မိဌာန်



ကြည်ဖြူ၊ တောင်းဆုယူသည်။ ။**အတူကျွတ်ဘတ် ရည်
လှည့်သောဝ်။**

---

(၁၇) ပုဂံ-ရွှေစည်းခုံဘုရားတိုင် ရတု

၁။ **ရှေးဆက်မြတ်စွာ**၊ နေဝ်ရထာဟု၊ သစ္စာ
လေးဆူ၊ စင်ဖြူအထွတ်၊ ပွင့်မည်နတ်လျှင်၊ မွေခတ်
တော်ပေါင်း၊ စွယ်ချောင်းရိုးမြွပ်၊ သင်းကျပ်နဖူး၊ ရှုမူး
သရေ၊ အထွေထွေကို၊ သောင်းနေဇမ္ဗူ၊ လူတို့ကိုးရာ၊
မြင်ကျွန်းသာထက်၊သူဇာသကြား၊မင်းဖျားနှစ်ယောက်၊
တည်ခဲ့ မြောက်သည်၊ မြကျောက်ချပ်လွှာ၊ မုဏ္ဍာ
ရည်ညက်၊ ရွှေလျှက်လွှမ်းခြုံ၊ သမိုက်တုံက၊ တိမ်ပုံမပူး၊
ရောင်ဖုန် မြူးမျှ၊ ဟူးဟူးထိန်ထိန်၊ ရှိန်ရှိန်ဝါဝါ၊နေခြည်
ကာသည်။ ။**စကြာဆဲ့တ ဆင့်တကား။**

၂။ **မွှေးညက်မွတ်ပြာ**၊ မိရှုပ်ဝါမူ၊ သိင်္ဂါစိတ်၊
ဝေပူမျက်သို၊ နတ်ထက်နတ်မျှ၊ နတ်မကတည့်၊ သွယ်မြ
ညွှတ်ညွတ်၊ နားသို့ပတ်သည်၊ လုံးလွှတ်ကေသာ၊ ဆံစု
ဥာလည်း၊ လက်ယာမဝိုက်၊စိုးမင်းလိုက်ဖြင့်၊ မြိုက်မြိုက်
သရေ၊မြတေငယ်သွေး၊ ကြိုင်နံ့မွှေးသား၊မလေးငုံအာ၊
ပွင့်ညီကြာနှင့်၊နံ့သာပန်းမျိုး၊မတူနိုးတည့်၊ချိုးချိုးပျပျ၊
ယုယသာချို၊ ဆိုသည့်နားပါး၊ မြတ်လျောက်လျားနှင့်၊
မူထားခြင်းရာ၊ ကြင်ဘွယ်သာသည်။ ။**ညက်ပြာနွဲ
လျှ တင့်တကား။**

၃။ **ဝေးရက်ပတ်ကြာ**၊ လမျှသာကို၊ ပမာမဟူ၊
နှစ်တမူကား၊ ဇမ္ဗူမင်းကြီး၊ နွယ်သမီးကို၊ ဆယ်သီး
သုံးဖန်၊ လင့်လေ ဟန်ထက်၊ ဆယ်ပြန် ဆယ်ဆ၊

ကြီးကောင်းစွာတည့်၊သိဂ်ရောင်ဟုံ၊ ရွှေစည်းခုံဟု၊ မွေ့ပုံ ရတနာ၊ သုံးလူ့ချာလျှင်၊ ဉာဏ်ဝါရွှေရူ၊ ဖြည့်တော် မူလော့၊ ထပ်တူရစ်ထွေး၊ ချစ်ကြိုးမြေး၍၊ လွမ်းရေး ခဲ့ခက်၊ နှစ်ချက်ကြောင်းဖွင့်၊ ရှိသောဟန်ကို၊ ယုံကျွန် စေလော့၊ ပြာချောမြွေလျှင်၊ စွေစွေခြင်းရာ၊ မလျော့က် သာသည်။ ။မျက်ပါမဲ့ အ ကျင့်တကား။

---

## (၁၄) ဖြည်-ဆံတော်ရှင်ဘုရားတိုင်ရတု

၁။ ကြာခင့်အဟန်၊ စိတ်သန်ကြည်နူး၊ တင်ရှိဦးအုံ၊ သောက်ရှူးနေလာ၊ တူစုံပသို၊ ခေတ္တသရေ၊ မင်းနေ ရပ်စည်၊ ရွှေမြည်ထောင့်ယွန်း၊ တောင်ထိပ်စွန်းဝယ်၊ တသန်းဉာဏ်ရှင်၊ မြသိထင်ဟု၊ ကောင်းကင် မိုးမြေ၊ နှံမျှဝေသည်၊ ဆံမွေဘုန်းခေါင်၊ မိတည်းနောင်····၊ ရည်စောင်ပြည့်မည်၊ ထင်သည်အလျော့က်၊ ကြီး၍ လျော့က်ပိမ့်၊ စံမြော့က်နှံနောင်း၊ လှော်ရွှေမောင်းသို့၊ ရှင်နှောင်းမည်ရင်း၊ မြတ်စိုးမင်းသည်။ ။ချစ်ချင်း နောင်နှင့် တူလေသောဝ်။

၂။ မှာတုံ့မမြန်၊ တောင်းပန်နှိမ့်ချ၊ ခ,ယ,ရိုးဖြား၊ လျော့က်သည်များကို၊ စကားယူငင်၊ ဆင်ခြင်တတ်စွာ၊ သူနှင့်စာသော်၊မေတ္တာထပ်လောင်း၊ကြင်ပေကောင်း၏၊ ရှင်နှောင်းပြာလဲ့၊ယယ်လွန်းခဲ့၍၊ရှင့်ရိပ်ခြည်၊ လျော့က် ပါမည်လည်း၊ ကြံစည်နှစ်က၊ ကြာမောလှဲ့၊ ဝါလ သဘင်၊ မဆန်းခင်ကို၊ ဉာဏ်ရှင်ရှုကြည့်၊ ဘန်ဆင်း ဖြည့်လော့၊ ခလျော့က်မည့်ခြင်းရာ၊ နှုတ်ထွေသာနှင့်၊



မေတ္တာညွန့်သိုင်း၊ကြံကာဆိုင်းသည်။ ။လျှော်က်တိုင်း ရှင်တော် မူစေသောဝ်။

၃။ ခွါရုံ့တမန်၊ သစ္စာချန်၍၊ ကျင့်ဟန်မူနည်၊ ရိပ်ခြည်တွေပြား၊သူတပါးနှင့်၊ ထူးခြားမရော၊ နောင့် သဘောမူ၊ ချစ်သောဟူက၊ချစ်သူတို့မှာ၊ ချစ်ခြင်းရာကို၊ ကျေးချာကျွန်ရင်း၊ သားချင်းကိုမျှ၊ စ,န-ယုံကြောင်း၊ ပြန်မပြောင်းတည့်၊နှဲ့နောင်းလေးပင်၊ ဆင်းနတ်သွင်ကို၊ လည်တွင်အခြီး၊ ရစ်ဆွဲးတုံ့တုံ့၊ရိပ်မြဲရှုကြည့်၊ မျော်ချင် လှည့်လည်း၊မြဖြည့်မသာ၊ လွမ်းခြင်းရာဖြင့်၊ ခန်းသာ ရိပ်ချောင်၊ သုံးရွှေမြောင်နိုက်၊ ရွှေရောင်လျှံမောင်း၊ မကြော့တောင်းသည်။ ။ရှင်စနှောင်းနောင့်ကြင် သူမေ သောဝ်။

---

## (၁၅) ဖြည်-ဆံတော်ရှင်ဘုရားတိုင်ရတု

၁။ ခေတ္တပြည်သာ၊ အောင်မြေချာနိုက်၊လက်ယာ ရစ်သန်း၊တောင်ထိပ်စွန်းထက်၊ တသန်းလျှံညီး၊ကိုးစင်း ထီးနှင့်၊ဝေးနီးကြားထင်၊မြတ်ဆံရှင်ဝယ်၊တူပင်မကွာ၊ သည်အခါကို၊ နှံ့သာပျံ့မော၊ထုံမြိုးရော၍၊ ထုံကြော တင့်နေ၊ပတ်မြေပေါ်ထင်၊ လက်ငင်းယှဉ်တဲ့၊ နောင့်မြဲ ခဲ့နှင့်၊ ဖန်လဲးတူကွ၊နောင်ဘဝဝယ်၊ ကျွတ်ရစေသော၊ တော်သဘောဖြင့်၊ စိတ်ဇောကြည်လျှမ်း၊ မြတ်ရာ လှမ်းသည်။ ။ရေချမ်းသွန်းကြ သည်ကာလ။

၂။ နှစ်လလည်ခေါ်၊ မယ်တို့မှာမူ၊ ရွှေဝါရင်ကတ်၊ ပင်တိုင်းညွတ်မျှ၊ ဘက်ထွတ်ပြည်ပန်း၊ငုံသွန်းအင်ကြင်း၊ ရွှေဆင်းသရဖီ၊ ကုံးသီလှတင့်၊ပန်းစုံပွင့်ကို၊ နောင်မင့်

မှတ်သက်၊ မြာချောလက်လျှင်၊ ထိပ်ထက်ကေသျှင်၊ မဆင်ရလေ၊ယှဉ်ဆွေနှောင်ဖြူ၊ ပန်စိမ့်တလျက်၊ လွှမ်းရဘိကာ၊ဖျာပါလည်းကောင်း၊ထပ်ပြန်လောင်းသည်။ ။ **ချမ်းဆောင်းဟေမ ရှည်ကြာရ။**

၃။ ဖြစ်ရသည်မှာ၊ ရှေးကြမ္မာကြောင့်၊ သူ့ရွာရပ်မြည်၊ ကြာရသည်မှူ၊ နွေလည်ရောက်မြန်၊ ဆောင်းလည်းလွန်ခဲ့၊ ညွန့်သန်စိမ်းမြ၊ မြင်လကလျှင်၊ ရူတမတည်၊ မိုးလည်ဆွတ်မျှ၊ ဖူးချင်တ၏၊ တူကွမကွဲး၊ လည်ချင်းနွှဲး၍၊ သူရဲမင်းခြေ၊ မကြာစေနှင့်၊ညောင်ရေသွန်းခါ၊ မိန့်လိုက်မှာသော်၊ မီလာလမည်၊လျော့ကမိသည်ကြောင့်၊ မှတ်ရည်လင့်တွေ၊ ငံ့လျက်နေသည်။ ။ **သရေခေတ္တ မြည်သာက။**

---

(၁၆) မြစ်ကွေး-မြသလွန်ဘုရားတိုင်ရတု

၁။ မြတ်လှအခေါင်၊ဘုဏ်တော်ရောင်ဖြင့်၊သောင်းထောင်သင်္ချေ၊ကုဋေသိန်းမြတ်၊ဟောတိုင်းကျွတ်သည်၊ လူနတ်တမ်းခွန်၊ စောဘုန်းဝှန်လျှင်၊ ပုရန္တပ္ပ၊တိုင်းသို့ကြွ၍၊ဌာနသည်ဝယ်၊ ရက်ကိုးဆယ်လျှင်၊စံပယ်ပုံ့ပျူး၊ ပျော်ခဲ့ဘူးသား၊ကျေးဌားများမြောင်၊နှစ်ငါးထောင်လျှင်၊ မြီးနှောင်မြင့်ရှည်၊တည်စိမ့်သည်ဟု၊ သုံးမည်လှ့ထိပ်၊ မြွက်ခဲ့ရိပ်က၊ ပတ်ချိပ်နီးဝေ၊ ထွန်းလျှံပြေးသည်။ ။ ***မြစ်ကွေး မြသလွန်တကာ။**

---

*မှတ်ချက်။ ။ဤမြစ်ကွေး မြသလွန်ဘုရားတိုင်ရတု ကို အရပ်ရပ်သော စာအုပ်ပုံနှိပ်မှုတို့၌ မကွေးမြသလွန်တကာ, သဌေးလှစဟန်တကာ, တရေးမျှမချန်တကာ



၂။ ပတ်မျှတခထောင်၊နေအရောင်လည်း၊ခွါရှောင်ရုံ့ရုံ့၊ ဘက်မတုံ့သား၊ သုံးဘုံ့ဦးစွန်း၊ မြတ်မော်ကျွန်းကို၊ ဝေးလွန်းခရီး၊ ပန်းကြီးဆန်းကြွ၊ မဖူးရ၍၊ ဝေးကပင်သာ၊ပန်လျှောက်ပါအံ့၊မြောက်မှာကျွန်းနေ၊နတ်ဖြစ်လေလည်း၊ တူပေမည်ပင်၊ မထင်ပြီလှည့်၊ လှော်၍မှည့်သို့၊ ရွှေရည့်လိုလို၊ ဝင်းရွှန်းညိုလျှင်၊ နှိုင်းဆိုစရာ၊ ပမာမထင်၊ဘယ်နှစ်တွင်မျှ၊ရက်ဖြင်လစွန်း၊မများလွန်းတည့်၊ လျှံထွန်းပတ်ဖြာ၊ လှတကာတို့၊ ပေါင်းလှာညွတ်ကွေး၊ ခ ရှိုးဝေးသည်။ ။**သေဌေးလှ စဟန်တကာ။**

၃။ နတ်ပမပြောင်၊ သုံးရွှေဘောင်၌၊ တန်ဆောင်တလွှတ်၊ကျွန်ုပ်မှတ်သည်၊ ဝင်းထွဋ်ညက်ကြည်၊ နှောင့်ကြင်သည်ကိုး၊နှစ်လည်လကျူး၊ လျှောက်ပုံ့ပျူးလည်း၊ စူးစူးမမြွက်၊ဖြစ်ပျက်မြန်ခါ၊ ရက်ကြာမြင့်ဝေး၊ အရေးဆက်ဆက်၊ တင်ခဲ့ခက်ခဲ့၊ ညှက်စက်ကွန့်မြူး၊ ဖြည့်ပါ

---

ဟုရှိလေသည်၊ သို့"မကွေး""သဌေး""တရေး"-ဟုရှိသော်လည်း ကြောင်းရင်းမူလမဟုတ်၊ အဘယ့်ကြောင့်နည်းဟူမူကား-မကွေး-ဟု ယခုအခါ ခေါ်ကြသည်မှာ မူလရင်းမဟုတ်၊'ရ'ရစ်'စ'သတ်နှင့်"မြစ်ကွေး"သာ မူလရင်းစကားဖြစ်သည်၊ သဌေးသည်လည်း မဂဓဘာသာ "သေဋ္ဌိ"ဟူသော ပုဒ်တွင် 'ဋ္ဌ'သရကို 'ဧ'သရပြု၍ "သေဋ္ဌေး"ဟုဖြစ်ရကား-'စ'သတ်သံ-သစ်ဌေးဟုဘတ်ရသည်၊တရေးသည်လည်း တစ်-နှစ်စသည့် အရေအတွက်သင်္ချာဖြစ်ရကား 'စ'သတ်နှင့် "တစ်ရေး"ပင် ဖြစ်သည်၊ ထိုသို့မြစ်ကွေး, သေဌေး, တစ်ရေး-ဟု ရှိမှသာ သုံးချက်လုံးညီ၍ သခိုင်းကျမ်းဂန်တို့နှင့် ညီညွတ်သည်ဖြင့် နဝဒေးကြီး၏အာဘောဂသို့လည်းရောက်မည်။

ဦးလေ့၊ ရှိမ်းနူးပြိုက်ကျ၊ မြေဝ်သည်စကာ၊ တင့်လှမော ဟန်၊ဆင်းသဏ္ဌာန်ကို၊ တပြန်တပီ၊ တနာရီမျှ၊ မြွက်ဖို့ မမေ့၊တစေ့စေ့လျှင်၊ နေလည်းမူးမော်၊ ညဉ့်သော်ဆွတ် မျှနုတ်တို့ပြ၍၊ထင်စစိတ်ပြေး၊စက်တိုင်းပေးသည်။ ။ *တစ်ရေး မျှမချန်တကား။

---

(၁၇) မြည်-ကြက်ခေါင်းစားဘုရားတိုင်ရတု

၁။ **ရွှေပြည်နှစ်ခွင်**၊လယ်ချက်တွင်နှိုက်၊ ခုဝင်-ကိုး ထောက်၊ စိုးသည့်နောက်ဝယ်၊ ဘုန်းတောက်လျှံလင်း၊ *တပါးမင်းလျှင်၊ မြောင့်စင်းညွတ်ကြည်၊ ကုသိုလ်ရည် ၍၊ ကိုးမည်နှင်နှင်၊ သုံးကြိမ်စင်တည့်၊ ပြီးလျှင်မြှုပ် လျက်၊ သကြားဂုက်လည်း၊ သက်ထက်ပွားမည်၊ ကြိုး ၍တည်သည်၊နှိုင်းရည်ပင်ကို၊လွန်ခဲပြီလျက်၊ မြင်းမိုရ် ရှိခလာက်၊ ရွှေတောင်ပေါက်သို့၊ မစောက်မျက် ခြည်၊ သိမ့းလည်သည်။ ။**ဘုန်းစည်စက်ပါ ပတ်လျှည့် သောဝ်။**

၂။ **ဆွေသည်ဖြစ်ချင်**၊တင့်ဆင်းပြင်ကို၊မစင်စဘူး၊ မြင်စဦးက၊ ရူးမူးစုံမက်၊ အသက်ရှိုးရေ၊ ကြွင်းလေမ ထင်၊နှင်းဆက်ချင်လည်း၊ ဝမ်းတွင်မြောင့်ကြည်၊ တွေး လိမ့်မည်ကို၊ ဆောက်တည်မရ၊ ရှိမောလှ၏၊ နှုပလ များ၊ မပွားစေအောင်၊ ထွန်းရောင်ဉာဏ်ဝါ၊ ငြိမ်း အောင်ကာလော့၊ မှာသည်ပုံ့ကြွယ်၊ ရှေးနှယ်မတုံ့၊ ဆော်လှုံ့ငုံ့တွေ၊ ကြီကာနေရှင့်၊ မြတေ ရုပ်သွင်၊

---

* တပါးမင်းကား-တေပါးမင်းကိုဆိုသည်။



လှဆင်းပြင်ကား၊ ဆံမျှင်မြနုည်၊ ရိပ်မခြည်သည်။ ။ **ဝင်းကြည်ညက်ပြာ မွတ်လှည့်သောဝ်။**

၃။ **ထွေလည်ရစ်ဆင်**၊ သွယ်မြသွင်ကို၊ ကောင်း ကင်ဝေဝေ၊ စိမ်းရွှေမည်းနက်၊ နီမြန်းကွက်၍၊ နေ့ရက် တထူး၊ ကူးတုံလူလူ၊ ဆောင်းရတုဝယ်၊ ထိလှုမိုးသီ၊ တိမ်ကိုမှီသား၊ စေတီမည်သာ၊ *သရမာဟု၊ သကျော အထွတ်၊ ခေါင်တုလွတ်ကို၊ မည်မှတ်မည်မှန်း၊ သကြား ပန်းနှင့်၊ လျှင်လွန်းလှအောင်၊ နိမိတ်ဆောင်၍၊ ရည် စောင်ဖြည့်လို၊ လျှောက်ကြားဆိုရှင့်၊ မြာညိုမွတ်မွတ်၊ ကြာဝယ်ဆွတ်သို့၊ နောင့်မှတ်ထင်ရည်၊ လေးငြိမ့်ကြည် သည်။ ။**မြိုင်မည်ဘက်ရာ လွတ်လှည့်သောဝ်။**

---

(၁၈) မြည်-ဆံတော်ရှင် ဘုရားတိုင်ရတု

၁။ **တက်ထွန်းလျှံမြောင်**၊ ယုဂန်ခေါင်နှင့်၊ ထိ အောင် ဆိုက်မျှ၊ လျှမ်းလျှမ်းပလျက်၊ မြမြညိုလွန်း၊ ရှိမ်းရှိမ်း ရွှန်းသား၊ သွန်းသွန်း မြင့်ခေါင်၊ ပန်းမျိုး တောင်ထက်၊ သောင်း,ထောင်,သိန်း, သန်း၊နေလဝန်း ၍၊တည့်မွန်းနှင်နှင်၊ပြိုင်လှာကျောင်လည်း၊ တုပင်မဆွယ်၊ ပြယ်ကြီးပြယ်လိမ့်၊ လိုဘွယ်ဆုယူ၊ ခပ်သိမ်းသူကို၊ မပု စေရ၊ ချမ်းသာမလျက်၊ ဆွဆွကြည်သံ၊ ဘဝင်လှုံမျှ၊ တက်ပုံ့ဖွန်စီး၊ ထွန်းလျှံညီးသည်။ ။**ရွှေထီး ရှစ်ဆူ မကာသောဝ်။**

---

* သရမာ-ကား-ဘုရား တည်စဉ် ပြီးလွယ်အောင် သရိုင်မံ၍ တည်ခြင်းကြောင့် သရိုင်မံဘုရားဟူ၏။

၂။ ဘက်ကျွန်းစံရှောင်၊ လူကုန်အောင်ဝယ်၊တန့်ဆောင်ထွတ်ထား၊သူနှင့်ခြား၍၊ ထွားထွားသွယ်ညွတ်၊ ရှိမ်းရှိမ်းခွတ်သား၊ ညက်ထွတ ဝင်းပြောင်၊ ခန်းသာချောင်ဝယ်၊ကိုယ်ရောင်နီးဝေး၊ ပြင်သို့ပြေးမျှ၊ ရေးခရေး ရုပ်သွင်၊ တိုင်ပင်တင့်မော၊ သဘောသိပသည်း၊စောင့်စည်းခြိုးဘိ၊ မြတ်ခေါင်ထိသား၊ နှောင်းပြို့သည်ရှေး၊ ဆင်းငြိမ့်လေးကို၊ တရေးတည်းပင်၊ ထင်ပချေ့ခွဲမြဲခွေမဋ္ဌ၊ဖြည့်တော်မူလော့၊ ပြင်သူမဲ့ဘူး၊ ကြားတိုင်းနွှးမျှ၊ လျော်ဦးရှင်ရှင်၊ ရွှေနှယ်စင်သည်။ **၊မှထင်မြစ်ဟူ သမျှသောဝ်။**

၃။ **စက်ရွှန်းရံမြှောင်**၊ရွက်မြဲရောင်ဝယ်၊ ငြိမအောင်ညာရှည့်၊ထပ်လျှင်၏သို့၊ ရွှေမှည့်ငုံဖူး၊ စကားဦးနှင့်၊ မထူးကြချင်၊ ရည်မှတ်ထင်၍၊ ဆံရှင်မြဲနှစ်၊ မွေ့တော်စစ်ဝယ်၊ လွှမ်းသစ်စုံမက်၊ လျှောက်ကြားမြွက်ရှင့်၊ တလျက်ဘော်ကွာ၊ စိမ်း,ဝါ,နီမောင်း၊သတောင်းရွှေခြည်၊ ကိုယ်ထည်တင့်ဆုံး၊ လက်ရှုံးတွေ့ပြောက်၊ဗိုအုံးထောက်ထက်၊ညှိုးခြောက်လည်းလျှောင်း၊ မယ်ချည်းပျောင်း၍၊ ခွဲနှောင်းမရှင်၊ ရှိလိမ့်ထင်ခဲ့၊ ဝန်းကျင်ရွက်ဟောင်း၊ သာမျိုးပေါင်းသည်၊ **၊နွေ့ပြောင်းနှစ်မူအစသောဝ်။**

---

(၁၉) ပြည်–ဆံတော်ရှင် ဘုရားတိုင်ရတု

၁။ လျှံတက်ထွန်းဝေါ်၊ မြှလက်ယာဉ်၊ ရှုသာ တင့်တယ်၊ မြင့်မြှူးသွယ်သား၊ မိုးလယ်ထိတုံ၊ ဓာတ်မျိုးပုံသည်၊ စည်းခုံမြတ်စစ်၊ မယ့်ရှင်ချစ်····၊ ကျိုးမြစ်စနု၊ မည်မျှမထင်၊ ဆံသျှင်စုလည်း၊ ဆယ်နှစ်တည်းကၤ၊သိပ်



သည်းခြိုးမှန်၊ ဖန်ဖန်စကား၊ ဆိုသည်အားဖြင့်၊ယုံမှားမိလျှင်း၊ သက်လုံးနှင်းမှ၊ ချွတ်ယွင်းလိုလို၊ မြဲယာယ်ဆို၍၊ သန်ကိုယ်စွမ်းအင်၊ အသွင်ခြလား၊ မယ့်သက်ထားသည်၊ **၊စိတ်ပြားကြံစည် ရှိုးဘိသည်။**

၂။ **ကြံခက်လွန်းစွာ**၊ ကြီးဗျာပါနှင့်၊ မယ့်မှာမယ့်ထူး၊ မိန်းမူးစိတ်ဝမ်း၊ညှိုးမည်းသမ်းမျှ၊ ကြင်ကျွမ်း ထူးအင်၊ ရှိရာတွင်ကို၊ သို့ပင်ယွင်းချွတ်၊ဖြစ်ဘိတတ်ခဲ့၊မမှတ်စသာ၊ ကြီကာစုရှုံး၊ ယုကျုံးမရ၊ ခုမှကဲ့လွန်၊ မယ့်ဖြစ်ဟန်ကို၊ မချန်မြွက်ကြား၊ မြတ်ဘုရားအား၊ ဦးဖျားထိပ်ပြင်၊ လက်စုံပင်တည့်၊ ရည်တင်ဆုညွှန်၊ တိုင်ကြားပန်အံ့၊ နှစ်တန်သက်လုံး၊ ဆင်းမြဲကုံးသည်။ **၊လက်ရှုံးကိုယ်ရည် ကိုးဘိသည်။**

၃။ **နှံ့သက်မှန်းခေါ်**၊ ကြီးသစ္စာနှင့်၊ မြဲဝါနန်းရန်၊ ဆိုစဟန်ကား၊ ထက်စွန်ရပ်သူ၊ သက်လျာမူလည်း၊ နှစ်ယူမခွ၊ မယ်ပသူ့သို့၊ မပို့ချစ်သက်၊ မယွင်းကွက်ဟူ၊ ခြိုးချက်သမူ၊ သက်လုံးစုမှ၊ ယခုတမူ၊ မဖြူဂတိ၊ ယွင်းချွတ်ဘိခဲ့၊ မျက်စိဆင်းရဲ၊ ဝမ်းကွဲ့လှည့်ကာ၊ ကျွန့်ပ်သာလျှင်၊ မျက်နှာမရ၊ မိဘမျိုးအင်၊ မြစ်တင်ထန်ပြင်း၊ မလွှတ်လျှင်းတည့်၊ ရှင်ရင်းကိုပ၊ မည်မျှသူ့နား၊ မတိုင်ကြားသည်။ **၊အမျှားသိမည် စိုးဘိသည်။**

---

(၂၀) ပြည်–ဆံတော်ရှင် ဘုရားတိုင်ရတု

၁။ နွဲ့နွဲ့ကိုပြင်၊ ဆင်းရုပ်သွင်ကို၊ ကောင်းကင်မိုးမြေ၊ ပတ်မျှတွေ့၍၊ ရှာလေနှံ့ဘိ၊ ဘက်မရှိတည့်၊ကြီးမိမတတ်၊ ကျွန့်ပ်မှတ်သည်၊ ချစ်ပတ်မချန်၊ လုံးလုံး

သွန်လျက်၊ ဘုန်းဝှန်ဖြိုးအင်၊ မိသခင်ကြောင့်၊ ပည်းဖြင်
ရေးခက်၊ ကြုံဝှန်တက်လည်း၊ နှစ်ချက်မသွေ၊ ကြိုးလေ
လေတည့်၊ဆံပေမခွ၊ ခွန့်ရက်လှ၏၊ ပေါက်ပြမြေပေါ်၊
မြတ်ဆံကျော်လျှင်၊ ရွှေမျှော်ရေးယူ၊ ဖြည့်တော်မူလော့၊
ဇမ္ဗူမှည့်သီး၊ သွန်း၍ပြီးသည်။ ။ဘုန်းမိုး ညိုဝါ
စက်လှည့်သောဝ်။

၂။ လွဲ လဲ ညိုစင်၊ မျက်မြရှင်ကို၊ ကောင်းကင်ပျံ
ကြိုက်၊ တော်ငြွားလိုက်၍၊ ကြူးရိုက်ယုယ၊ ပိုက်ဖြွား
မသျှိ၊ မွေးဘမိမင်း၊ သားချင်းဆွေစုံ၊ ရုံဝန်းရုံလျက်၊
ဆယ်မြတ်သက်နှင့်၊ ဆံရွက်မြူညှောင်း၊ ပြစ်မျိုးပြောင်း
သည်၊ ရှင်နှောင်းဘုန်းရှိ၊ လှခေါင်ထိကို၊ မျက်စိနှိုက်
တွင်၊ ရေးရေးပင်တည့်၊ မှတ်ထင်စလျက်၊ စက်တိုင်း
မက်ခဲ့၊မွန်းချက်ယိမ်းတုံ၊ နေ့သင့်ရုံဝယ်၊ရွှေငုံယှဉ်ဘက်၊
စုံနှစ်ခက်နှင့်၊ ထိပ်ထက်စုပေါင်း၊ မြည့်ဆုတောင်း
သည်။ ။ဆယ်ချောင်းရှိကြာ လက်လှည့်သောဝ်။

၃။ မြမြဆိုလျှင်၊ နားပါးဝင်၍၊ ချေတင်*ထွေငေါ်၊
ထပ်ပါသော်လည်း၊ ရွှေမျှော်ရှေးရာ၊ လျှောက်ပသာ၏၊
ဖျူဟာမရော၊ သဓာဘလေးနက်၊ သက်လည်း ပျိုမျစ်၊
ငယ်သည်ဖြစ်၍၊ သစ်သစ်ခေါက်ပြန်၊ အဖန်ဖန်လျှင်၊
စေကျွန်ပန်းရို၊ သို့စဉ်ရှိလည်း၊ သတိခံ့ခံ့၊ ဆည်မတုံ့
တည့်၊ လွှင့်ပျံ့မိုးသား၊ တိမ်သို့ပါးလျက်၊ သနားပြိုး
ပြွက်၊ မချန်ရက်ခဲ့၊ သက်ထက်ဆယ်ပြန်၊ ကျူးလွန်ဝမ်း

* ထွေငေါ်ဟူသည်ကား-ပေါ်ရာအစကားဖြစ်သည်၊
မြွက်ဟပြောဆိုသည်-ဟုလို။



ထဲး၊ရွှေစိုင်ခဲ့သို့၊ ဆက်ကဲ့မြတ်နိုး၊ကျွန်ုပ်ကြိုးသည်။ ။
လူမျိုးသိသာ ခက်လှည့်သောဝ်။

## (၂၀) ပြည်ဆံတော်ရှင် ဘုရားတိုင်ရတု

၁။ အရွှေဘက်မှာ၊ တောင်လက်ယာက၊ တေဇာ
တသန်း၊ တက်နေ့ထွန်းသို့၊ ပ-ရွှန်းရောင်ခြည်၊ ပြောင်
ညီးလည်လျက်၊ သုံးမည်လူများ၊ ကြည်စိတ်ထားသည်၊
ဘုရားသခင်၊ မွေဆံရှင်.....။ ဝမ်းတွင်ပြတ်ပြတ်၊ မသိ
တတ်ခဲ့၊ ကလတ်ကလော၊ သဘောခမှန်၊ ဘောက်ပြန်
လိုလို၊ ထက်ဝိုဲ-ထက်ဝါး၊ ရှည်လျားကြာမြင့်၊ တဖင့်ဖင့်
လျှင်၊ နှတ်ဖြင့်ပေါ်သာ၊ လိမ်းကျံကာတည့်၊သစ္စာထိမ်
ဂှက်၊ချစ်ပန်နက်သည်။ ။တမြက်ရေသို့ လျှံလေသောဝ်။

၂။ တနေ့ရက်ကြာ၊ မမြင်ကာမျှ၊ တရာအသက်၊
ရှည်သော့ထက်လျှင်၊ ဆယ်တက်ဆယ်ပြန်၊ မြတ်နိုး
လွန်လျက်၊ မင်းမွန်စကား၊ ဆိုသည်များကို၊ ထက်ဖျား
ဓိုးခနဲ၊ ဘုံကကြွေလည်း၊ မဝေမေ့ဗျာ၊ ရှင့်ကိုသာဟု၊
ဝမ်းမှာလိမ်လစ်၊ ကောက်ကျစ်တွေပြား၊ တံငါများသို့၊
တော်လျှားမမူ၊ သို့သသူကို၊ ရွှေယူမြည့်နှုန်၊ ဘယ်နတ်
ဘန်၍၊ ချန်ဘိသည်နည်း၊ မိတည်းနှောင်တော်၊ မြတ်
ဆံကျော်လျှင်၊ မိန့်ဖော်မြွက်ဟ၊ မဆုံးမရှင့်ကြီးလှမြင့်
ခေါင်၊မြင်းမိုရ်တောင်သို့၊ ဆွေမောင်မယ် သက်၊ဆိုနိုင်
ခက်စွ၊ မဂှက်ကြောင်းလျှား၊ပြန်လျှောက်ကြားသည်။ ။
နှစ်ပါးမယ်တို့ ကြံလေသောဝ်။

၃။ မတွေခက်စွာ၊ နှောင်မတ်လျှာနှင့်၊ သစ္စာယွင်း
ဌ၊ ကလူလှရှင့်၊ ဝမ်းကကြွေး၊ ကြက်သွမ်းပြေးသို့၊

ချစ်ရေးမထင်၊ သူစိမ်းစင်ဖြင့်၊ မယ်တွင်အပြစ်၊ ရှိသည်ဖြစ်လည်း၊ ပစ်ပစေမူ၊ ဘုန်းဘူသကျ၊ မုနိန္ဒလျှင်၊ မိဘဆွေရင်း၊ တော်မင်းဘိုးဘေး၊ မိထွေးဓိကြီး၊ ဦးရီးကစ၊ ဆုံးမစကား၊ တမာခါးသို့၊ လှည့်ဖြားသည်ကို၊ ပျားနှယ်ချို၍၊ တကိုယ်တူနေ၊ ကျွမ်းမိချေသော်၊ ထွေးထွေလာလာ၊ သစ္စာမမှန်၊ ဘောက်ပြန်ရှုံ့ကွက်၊ ချစ်စိတ်ပျက်သည်။ ။**မယ့်သက်သူ့ကို နှံ့လေသောဝ်။**

---

## (၂၂) ပြည်-ဆံတော်ရှင်ဘုရားတိုင်ရတု

၁။ **လွမ်း၍နေရာ၊** ဗျာပါမရှင်၊ ရှိစင်တွင်နှိုက်၊ နတ်ရှင်မာယ၊ ဘန်ဆင်းသသည်၊ မြမြည္ဘာရုံ၊ ပန်းဝတ်ဆံကို၊ ရိုးတံပုလဲ၊ ရွှေပေါက်ကြဲသို့၊ ရဲရဲတွင်းပြင်၊ အသွင်မုနိ၊ ရွှန်းရွှန်းညီမျှ၊ လှဘိပွင့်ချပ်၊ လှပ်လှပ်ဖြူဝင်း၊ ပုံ့ပုံ့ရှင်းသား၊ အဆင်းတွေလာ၊ ခေါင်ရန်းဝါကို၊ အသာယုယ၊ ထိပ်စကေသျှင်၊ ပန်ရွက်တင်မှ၊ ဆောလျှင်စိုးရိမ်၊ ပျောက်တိမ်ရှင်းရှင်း၊ ကြွေလင့်ကင်းသား၊ သနင်းဘုန်းထွတ်၊ မြတ်ဆံတော်ဝယ်၊ ရှိသွတ်ကြည်လင်၊ ကြီလျှင်ပင်ကို၊ မြည့်လျှင်လိုဟု၊ ကြည်ညိုဆုယူရည်၍လှူသည်။ ။**အတူမင်္ဂိုလ် ပျိုးလှည့်သောဝ်။**

၂။ **ချမ်းမြေ့လေသာ၊** မြောက်ရပ်မှာကရောက်လှာမသည်း၊ ရုံခါဖြည်းသား၊ နောင့်ချည်းဆွတ်ကြင်၊ မရှင်ညွတ်နူး၊ တိမ်းမူးထပ်ဆင့်၊ အလွမ်းမြင့်ခဲ့၊ သခင့်အစစ်၊ မဖြစ်ပါမည်၊ ဖြစ်ပါမည်ကို၊ တွက်ဆဆိုသော်၊ ထက်ပို-ထက်ဝါ၊ ဖန်များဝမ်းက၊ လွန်ကြောင့်ကြလျက်၊ ဆောင်းလဆန်းခေါ်၊ ရောက်မည် မျှော်လည်း၊



မူးမော်ဝမ်းတွင်၊ စိတ်-ဆံမျှင်မျှ၊ ကိုယ်တွင်သတိ၊ မရှိမြတ်မြတ်၊ မမှတ်သာပြီ၊ မှိုင်းရီမျက်စိ၊ လွမ်းရှိပျောင်းမျှ၊ ရှိသမျှကို၊ နေ့ညမကင်း၊ စိုးမင်းနေရာ၊ မှိုကြာဦးတင်၊ လျှောက်ပါချင်လည်း၊ ယှင်ငွေငေါ်၊ ငုံ့ရှုမျှော်သည်။ ။**မျက်တော်ထွက်မည် စိုးလှည့်သောဝ်။**

၃။ **နွမ်းသွေ့တွေလာ၊** ရွှေကြာမကာ၊ ပျောင်းသမျှကို၊ မွေးပျကြိုင်လွင့်၊ ပန်းသုံးပွင့်နှင့်၊ မြေခွင့်ပေပင်၊ ငြိမ်းမည်ထင်လျက်၊ ဆောလျှင်စေ့ရေ၊ မသိလေတည့်၊ ရေသည်နှစ်လ၊ တွက်ဆမနိုင်၊ ဆွယ်ငြိုင်စုံမက်၊ နေ့ရက်ရှည်လျား၊ ကြီးသည်များကို၊ သည်းဖျားရောက်ထိ၊ ကြံဝန်ရှိလျက်၊ မွေးမိကျွမ်းချစ်၊ သို့စင်ဖြစ်ဟု၊ ကျစ်လျစ်ခွေမြန်း၊ ပူမှန်း-စနု၊ ချည်မဟုတည့်၊ ထိန်းယမျက်ရေ၊ နာလေသည်လော၊ စိုးရိမ်မောစွ၊ ပြာချော့နွဲ့နောင်း၊ ရွှေမောင်းလိုလို၊ ဆင်းရွယ်ပျိုလျှင်၊ နောင့်ကိုဆုယူ၊ ကြည်ဖြူဆပွား၊ မသနားသည်။ ။**တွေပြားရှိလေနိုးလှည့်သောဝ်။**

---

## (၂၃) ပြည်-မြတ်မုနိဘုရားတိုင် ရတု

၁။ **ရွှေဘုံသာတွင်၊** ရာဇာခနေမျိုး၊ သတိုးထွတ်ထား၊ တရားဘုန်းစည်၊ ယခုတည်သည်၊ ကိုးမည်ရောင်ဟုံ၊ မျက်တိစုံလျက်၊ လူ့ဘုံအပ၊ ဖြူဟူ့ဥအဖျား၊ ဆပွားကြည်လင်၊ ပန်းနှယ်ဆင်သည်၊ နှန်းအင်တုကျွန်း၊ သောင်ထိပ်စွန်းဝယ်၊ ဆယ်သန်း,ဆယ်သိန်း၊ တွက်ကိန်းစာနာ၊ နှိုင်းရာမဲ့နှိုင်၊ ကြင်ခေါင်တိုင်သား၊ ရွှေရိုင်မြရည်၊ ရောနှည်ပေါင်းရက်၊ သွန်း၍ဘက်သို့၊ မွတ်ညက်ပြာဖြူ၊

ကျွမ်းသည့်သူနှင့်၊ အတူသည်လ၊ မဖူးတသည်း ။ **ကွာရဝေးတတ် လေတီသည်။**

၂။ **နေရှုံလာလျှင်၊** တရာထပ်ဆင့်၊ ရွှေရွှပွင့်သို့၊ ရှင်ပင့်ညက်ခြည်၊ ထွန်းလျှံလည်လော့၊ ကြင်သည့်သို့ဝမ်း၊ အလွမ်းအပူ၊ ဟူသမျှလည်း၊ တွေးဆထပ်ရစ်၊ နှောင့်ကြောင့်ဖြစ်ရှင့်၊ ဆုတ်နစ်လေနိုး၊ စိုးတုံ့ကြောင့်ကြ၊ ဝေးလှကင်းကွေ၊ ရှိလေစေဟု၊ **အနေတကျ၊** ဆံမျှစွန်းငြီ၊ မျက်စိသူ့မှာ၊ ရုံခါမြှုတည်၊ တမ်းဆိုသည်ကြောင့်၊ လျှော်ရည်နက်လေး၊ လုံးတွေးဖန်များ၊ သူ့နားမယွက်၊ ရှိကောင်းလျက်တည့်၊ မှာမြွက်မတုံ့၊ ဆင်းရွှေလှုံ့းသည်။ **။ယွင်းရုံ့တွေးချွတ် ပေဘီသည်။**

၃။ **ဆွေစုံကြာတင်၊** ဘယ်နှံ့လျှင်တည့်၊ လည်တွင်ရစ်ခွေ၊ အထွေထွေလျှင်၊ မပြေမပြော့၊ မလျော့မပြယ်၊ စပယ်ပွင့်ဖူး၊ ပေါ်သစ်ဦးကို၊ ပွံ့မြူးတူကွ၊ ပျော်ချင်လှသည်၊ ဌာနလည်းကျူး၊ မကူးကာပ်လပ်၊ ရပ်လည်းဝေးမြေ၊ ဖြစ်တုံ့ချေတီ၊ ကျွန်ုပ်ရှိရှင့်၊ မြင့်ဘိတောင်ဖျား၊ ထိပ်တိမ်ကြားဝယ်၊ ခြောက်ပါးရောင်စုံ၊ အုံ့ဘွယ်ပုံသည်၊ စည်းခုံမြတ်စွာ၊ ရတနာတိ၊ မြတ်မုနိလျှင်၊ ဖြည့်ဘိလျှင်ထွေ၊ မယ့်မျက်ပြေဟု၊ ဖြေပါရှင်ချစ်၊ ကြီးသည်ဖြစ်ကို၊ ဆုတ်နစ်မရက်၊ လွန်ခဲ့ခက်သည်၊ **။သက်ထက်လေးမြတ် ချေဘီသည်။**

---

## (၂၄) ပြည်-ကန်တွင်းစည်းခုံဘုရားတိုင် ရတု

၁။ **သပြေမဥ္ဇူ၊** ကျွန်းဇမ္ဗူ၌၊ ဆင်ဖြူသခင်၊ နတ်ရှင်သမီး၊ ဘုန်းကြီးထွတ်ထား၊ နှောင်တော်သားနှင့်၊ နှစ်ပါးဆွေစုံ၊ တည်ခဲ့တုံ့သည်၊ ရွှေငုံပုံသွန်း၊ မြေကထွန်းသို့၊ သိန်း, သန်း, ထောင်, သောင်း၊ နေလပေါင်း၍၊ တူကြောင်းပြိုင်မည်၊ ရုံလှာသည်လည်း၊ မြဲခြည်ပျောက်ကွယ်၊ ပြယ်ကြီးပြယ်လိမ့်၊ ခြောက်သွယ်ညီးဝင်း၊ သောင်းလုံး လင်းသည်၊ မှန်ကင်းဘုန်းခေါင်၊ မိတည်းနှောင်ဝယ်၊ ရည်စောင်ဘို့ရန်၊ လိုဆုပန်က၊ ကြွင်းကျန်မွဲလျှင်း၊ ပြည့်ဆုနှင်းသည်၊ **။ကန်တွင်းစည်းခုံ တော်တကျား။**



၂။ **တထွေခြည်မြူ၊** ချွတ်နိုင်ယူအုံ့၊ ချစ်သူတို့တွင်၊ စိတ်ဝယ်ထင်၍၊ ညှိစင်ပြာလဲ့၊ သွယ်ချောနွဲ့လျှင်၊ ရှေးကဲ့သို့ဟန်၊ တုံ့မပြန်တည့်၊ ယုံကျွန်တွေတွေ၊ ဟုတ်တိုင်းစေလည်း၊ မကျေရပါ၊ ပြစ်ကိုရှာ၍၊ ကြီးရာခဲ့ခက်၊ ငါမျက်ထွက်က၊ ဆတက်ဖျာပါ၊ ပူလေခါဟု၊ ပမာနတ်ဟန်၊ မျက်တော်သန်လည်း၊ ဘောက်ပြန် တွေပြား၊ ရှိမည်ထားဘိ၊ ပိုက်ဖြား ရင်ခွင်၊ တင်ထက် တင်၍၊ လည်တွင်နေကြ၊ ဆွဲးချင်လှ၏၊ သိဝ်ကသိုဏ်း၊ သက်နှင့်နှိုင်းသည်။ **။ဆက်တိုင်းလည်းစုံ ပျော်တကား။**

၃။ **မသွေဖည်ဟူ၊** ကျွန်ုပ်မူကား၊ မိုးသူထက်နတ်၊ နန်းပြာသာဒ်နှင့်၊ လေးမြတ်ယုယ၊ သက်နှင့်မျှဟု၊ မာယကြီးစား၊ နေလှည့်ဖြားလည်း၊ ရွှေသားမြရည်၊ သွန်း၍ကြည်သို့၊ ပြိုင်တည်မမျှ၊ သခင်ကကို၊ ဘယ်မှအသစ်၊ ရှိသည်ဖြစ်လိမ့်၊ ပတ်ရစ်လက်ယာ၊ ငါးမည်ကြာနှင့်၊ သီတာရေညို၊ ဧချိန်မြူး၊ ကန်သစ်ဦးဝယ်၊ ပုံ့မျူးသာယာ၊ တောင်မျက်နှာ၌၊ လျှံဝါညီးရှန်း၊ ဝင်းထွန်းပြောင်ပြောင်၊ ခပ်သိမ်းမှောင်ကို၊ လင်းအောင်ပယ်ခွါ၊ ထွတ်

သကျာလျှင်၊ မယ့်မှာရေးယူ၊ သို့ပင်ဟူ၍၊ လှိုင်ကြွပုံး မွှေး၊ဓိန္နပါခသားလော့၊ငယ်သွေးရွယ်သစ်၊သခင်စစ်နှင့်၊ တဖြစ်မယွင်း၊ရှေးကျိုးနှင်းသည်။ ။ဘုန်းချင်းတည်း ဆုံ ဘော်တကား။

---

(၂၅) ပြည်-ငှက်သိုက်ဘုရားတိုင် ရတု

၁။ **လက်ယာပတ်လည်၊** ချမ်းမြကြည်သား၊ ယဥ် ရှည်သီတာ၊ မြစ်ငါးဖြာမှ၊ လက်ယာနှင်နှင်၊ စီးလှာ ဝင်၍၊ ပလ္လင်မြင့်မြတ်၊ ပ-မလွတ်တည့်၊ လှမ်းဆွတ်မှီ ကာ၊ ဆိုသောခါမူ၊ သူဇာသကြား၊ နှစ်ပါးမကွေ၊ ဖေါင်ရွှေလှေနှင့်၊ နေကိုမချင့်၊ ပျော်စံတင့်သည်၊ ငုံရင့် တီချည်း၊အပည်းပည်းလျှင်၊ တလည်း,အုံး,ကွမ်း၊ ရင် ကမ်း,သပြေ၊ ချဥ်ရေ-ချိုစုံ၊ ရဂုံအလယ်၊ ဥယျာဥ်ဝယ် နှိုက်၊ခြောက်သွယ်တိမ်တိုက်၊မိုးဖျားဆိုက်သည်။ ။ငှက် သိုက်ရွှေပြည် မြောက်တွင်သော်။

၂။ **ညက်ပြာမှုတ်ကြည်၊**လှမောသည်မူ၊ထက်ပြည် မြင့်ဖျား၊ ခြောက်တုံ့သားဝယ်၊ စံထားကိုချည်း၊ ရွှေခဲ့ ဆည်း၍၊ဆွေနည်းတို့မှာ၊ပြိုင်တုံ့လှာလည်း၊သော်တာ ဘုန်းကြွယ်၊ ပကြိုက်ဝယ်၍၊ ကြွယ်နှယ်သာပင်၊ ရှိလိမ့် ထင်ရှင့်၊ ညက်စင်ပြာချည်း၊ ကြင်ဘို့ရည်းကို၊ ဆောင်း လည်း-သုံးတွေ၊ နွေလည်းသုံးခါ၊ ဝါလည်း-သုံးနှစ်၊ ရောက်ပြန်လစ်ခဲ့၊ စိစစ်မသာ၊ ငံ့ယဥ်းစွာ၍၊ ပူဇာထပ် ပေါင်း၊ မိုးလည်းလောင်းလျက်၊ ညှိုးပျောင်းဆွတ်ရိုက်၊ မပျော်ပိုက်သည်။ ။ရက်လိုက်မြေဖြည် မျှောက်ချင် သော်။



၃။ **ခက်ဖြာညွတ်ရှည်၊** ပန်းတို့သည်လည်း၊ စက် ခြည် တွန်းမြူး၊ ခြေတော်ဦးကို၊ ထိမူးဘနန်း၊ ကုံးလှာ ဝန်းသို့၊ လိုက်နန်းပလ္လင်၊ဇွဲခုကင်ထက်၊ ရှင်ပင်ပင်ကို၊ မြွက်ဆိုမှတ်ထင်၊ယခုခင်တည့်၊စိတ်တွင်ငြိမ့်ငြိမ့်၊ ဟော ဝိမ့် တွေးချွတ်၊ မြတ်တုလွတ်ဝယ်၊ ပြတ်ပြတ် ဧကန်၊ မဝိဋ္ဌာန်လည်း၊ဟုတ်မှန်ချေကာ၊ထိမ်ခက်လှ၏၊ မ-လော့ ဘုန်းဖွဲ့နှံ၊ ကျွန်ုပ်ကျွန်မူ၊ အလွှန်လှုနှိုက်၊ ပြိုက်မထိုက် သည်။ ။ထက်ဆိုက်နေရှည် လောက်စင်သော်။

---

(၂၆)ပြည်-ဆုတောင်းပြည့်ဘုရားတိုင်ရတု

၁။ **မိုးနှင့်သာလျှင်၊** ထွန်းဝါပြိုးပြက်၊ ရောင်ချင်း ရှက်မျှ၊ တောင်ထက်တောင်မြတ်၊ တောင်ကျော်ထွတ် နှိုက်၊ လူနတ်များရှင်၊ မြသိထင်နှင့်၊ တပြင်မခြား၊ ရွှေ့ယွန်းနားဝယ်၊ တရားဘုန်းခေါင်၊ ဒွတ္တဘောင်ဟူ၊ ပြည်ထောင်များနတ်၊တည်ခဲ့မှတ်သည်၊ လျှံပတ်ညီးညီး၊ ခြောက်သွယ်စီးသား၊ ရွှေထီးရွှေတိုင်၊ ရွှေစိုင်တခဲ၊ လိုက်နန်းထဲက၊ ရဲရဲထွန်းပြောင်၊ ကိုယ်တော်ရောင် ဖြင့်၊ ညီနောင်နှစ်ဘော်၊ ကျွန်းလုံးကျော်သည်။ ။ မည်တော်ဆုတောင်း ပြည့်တကား။

၂။ **ဖြိုးဆင့်ရှာဆင်၊** လျှပ်သက်တင်နှင့်၊ မိုးစင် မကျူး၊ နှစ်ဦးဘော်ပြိုင်၊ မလွှမ်းနိုင်ခဲ့၊ မြဆိုင်မြချပ်၊ နီလာထပ်ဝယ်၊ စီတပ်သင့်ရန်၊ တင့်ကြောင်းဘန်သား၊ မြှုပ်ဟန်လိုလို၊ ရွှေကိုယ်လျော်လျော်၊ သာမောခဲ့လွှန်း၊ ဝတ်ဆံပန်းနှင့်၊ပြည့်ဝန်းသာခေါင်၊လတန်ဆောင်ဝယ်၊

ရည်စောင်သာရှင်၊ လျှောက်ဦးတင်အံ့၊ သူ့ခွင်ရပ်မြေ၊ ခြားရှိလေလည်း၊ ရစ်ခွေမေတ္တာ၊ ရှင့်ကိုသာလျှင်၊ ဗျာပါသမ်းညို့၊ ရှိလှနိုး၍၊ ယုတ်တိုးမခွါ၊ ရွှေနှုတ်ဟာလော့၊ ဝေ့ဌမချန့်၊ မယ်ဘို့ဘန်သည်။ ။နှစ်မြန်စုစောင်း လှည့်တကား။

၃။ ညှိုးမြင့်ကြာတင်၊ နောင်ကိုလျှင်လည်း၊ ရည်ထင်ခန့်ရည်၊ ရောက်လမည်ဟု၊ မှာသည်အပ၊ နွေ့ညဆိုမြွက်၊ လိုက်ပေလျက်ကို၊ မြီးသက်မှတ်ရုံ၊ ကျွန်ုပ်တို့လည်း၊ မယုံရိပ်မှောင်၊ မရှိအောင်ဟု၊ ရည်စောင်မှတ်နေ၊ အခွေထွေတည့်၊ ရစ်ခွေချစ်ထပ်၊ မလပ်တစ၊ နှစ်ခွမယွက်၊ အသက်လုံးခြုံ၊ ရုပ်ပုံခွဲခွာ၊ အကြောင်းမှာကား၊ ခွါလည်း-မြစ်လျှဉ်း၊ ချဉ်းလည်း—မြစ်ထင်၊ ကြာလျှင်-မြစ်ရောက်၊ ရှိမည်ကြောက်၍၊ တွေးထောက်သံချို၊ လွှန်အဲး ပြုသည်။ ။နောင့်ကို ရှုကောင်းအံ့တကား။

---

## (၂၇)ပြည်-ကျောင်းကြီးဘုရားတိုင်ရတု

၁။ **ရေရှင်ချမ်းကြည်၊** မြစ်ငါးမည်က၊ ရစ်လည်ရှက်ဖြာ၊ စီးဝင်လှာသား၊ ရောဝတီ၊ တင့်ညီဘက်မဲ့၊ သီတာကဲ့သို့၊ နှိုင်းရှဲ့လွတ်ကွေ၊ လက်ယာ ခွေသား၊ သရေခေတ္တ၊ ပြည်မနောက်ယွန်း၊ ထွတ်ကြွန်းလျှင်၊ ပြောက်စွန်းမထင်၊ မြေကပင်တည့်၊ ဆောလျှင် မောက်ခမောက်၊ ယခုပေါက်သို့၊ ပြိုင်ထောက်မမြင်၊ ဘက်မျိုးစင်သား၊ ရည်ရှင်လျှံညီး၊ ထွက်ပြိုင် စီးသည်။ ။ပျောင်းညီးရွှေစင် ပင်တကား။



၂။ **ရွှေစင်မွမ်းလည်၊** မြမခြည်တည့်၊ လေးမည်သဏ္ဍာန်၊ ရှင်ပင့်ဟန်လျှင်၊ မလွန့်နိဗ္ဗာ၊ ယခုခါတည်၊ သကျာမုနိ၊ ရှိလျှင်းဘိသို့၊ မျက်စိစိတ်တွင်၊ မြင်လျှင်ဆွတ်ဆွတ်၊ ပီတိညွတ်မျှ၊ အထွတ်ထိပ်ခေါင်၊ ငါးမာရ်အောင်ကို၊ လက်ဆောင်သော်မူ၊ အတုရည်မျှ၊ ညွှာစမရှားနှစ်ပါးခိုင်တုံ၊ ရွက်ရုံနှုတ်ထွက်၊ လွတ်ကြီးလွတ်သား၊ မွေးမြတ်ပို့ကြိုင်၊ မှန်ရင်းခိုင်နှင့်၊ ဆက်တိုင်ပူဇော်၊ ကြိုင်ဘော်မနိုး၊ ကျွတ်ဆုမွှီးသည်။ ။**ကျောင်းကြီးမှေ့ရှင်ပင်တကား။**

၃။ **ဆွေပင်ကျမ်းသည်၊** ဖြစ်ဆက်ရှည် လည်း၊ ချစ်ရည်စုံသင့်၊ ဘုန်းချင်းမြင့်၍၊ နတ်နှင့်သာစံ၊ ဝင်းညီလျှံကို၊ တဆံမစဉ်း၊ ရွှေညဥ့်စုံမက်၊ စက်လည်းယုယု၊ မြော်ရှုခုသာ၊ ခွါလေသည်လော၊ တွေးတောစိတ်တွင်၊ နိုးသို့ထင်လျက်၊ သခင်တို့မှာ၊ နောင့်ခြင်းရာကို၊ ရုံခါကြားတွေ၊ သိပါလေစံ့၊ ပြည်နေတသန်း၊ ဝင်းထွန်းလျှံရောင်၊ မြစ်လုံးပြောင်မျှ၊ တန်ဆောင် ဘက်ကင်း၊ ပြည့်ဆုနှင်းလော့၊ မှန်ရင်းဟူသည်၊ အမည်သာလျှင်၊ နိမိတ်ထင်သား၊ ဝါဝင်ခါနီး၊ ချစ်ပန်းကြီးသည်။ ။**ဆောင်းမြိုးနွေတွင် ပင်တကား။**

---

## (၂၈) ပြည်-ကျောင်းငယ်ညီနောင်ဘုရားတိုင်ရတု

၁။ **ရောဝတီ၊** ရေသီတာနား၊ ကမ်းထိပ်ဖျားထက်၊ မှတ်သားလိုက်သာ၊ ရွှေဂုဟာနှိုက်၊ သစ္စာလေးပြီးပွင့်စင်ပြီးသား၊ ဘုန်းမီးတည့်မွန်း၊ နေသိန်းသန်းသို့၊ ထက်ဝန်းခြည်ဝါ၊ ခြောက်ရောင်ဖြာသည်၊ ရတနာဂိရိ၊ မုနိထွတ်

ခေါင်၊မြွတ်ညီနောင်…။လှခေါင်စံတင်၊အပြင်လျှာချည်း၊
ဆယ်နှစ်တည်းက၊ စုလည်းလက်သင်၊ ထုံးစတွင်နိုက်၊
ရစ်ဆင်စံပယ်၊ ဘုန်းကြွယ်စံတိ၊ သိရိပုညာ၊ ရှန်းရှန်း
ပသား၊ ဈက်,မြ မြတော၊ စံကျော်ရွှေသို့၊ သရေခေတ္တ၊
ပြည်မရပ်သူ၊ လှမှန်ကူကို၊ ။လက်ယူလှမ်းကာ မှီ
အံ့လော။

၂။ ရွှေစာမရိ၊ မြီးချိုကြော့လန်း၊ ပုံဖြင့်သွန်းသို့၊
သွယ်ဝန်းစံတည်၊ ဆုဟန်ရည်နှင့်၊ မွှေးချည်တပင်၊
စုံမက်ခင်လျက်၊ ဆံမျှင်မကွက်၊ သေမည့် သက်ကို၊
စွန့်ရက်လေဟန်၊ ထို့ထက်လွန်၍၊ ဆယ်ပြန်ဆယ်ဆ၊
ကြီးကောင်းလှ၏၊ တေဇမြောင်ရှန်း၊ ရွှေရည်သွန်း၍၊
မုတ်နန်းသစ်သစ်၊ မြခြည်ရစ်သို့၊ တင်ပြစ်ဘွေ့နည်၊
စွန်းမဲ့သည်ကြောင့်၊ လှရည်ပယင်း၊ သားရှေ့ဝင်းနှင့်၊
ဘော်ချင်းများလယ်၊ ဆင်းနတ်နွယ်ကို၊ ဘုန်းကြွယ်
ညီနောင်၊ ဉာဏ်စက်ရောင်ဖြင့်၊ လျှင်အောင်မကြာ၊
ဖြည့်လျှင်းပါလော့၊ကလျာငါးစုံ၊ သက်ပုံစုနင်း၊ လှမှန်
ကင်းကို၊ ။ဆောင်းတွင်းချမ်းခါ မှီအံ့လော။

၃။ ထွေလာတညီ၊ ကုံးမြှောင့်သို့၍၊ စုံစီပန်းနှင့်၊
ချယ်လှယ်တင့်သို့၊ ရင့်သည်သမ္ဘာ၊ ဆင်းဝါပို့မျစ်၊
လှနတ်စစ်ကို၊ရှင်ချစ်မြတ်စွာ၊ဉာဏ်စက်ဝါဖြင့်၊မေတ္တာ
ကြင်ညှန့်၊ပိုင်းခြားခန့်လော့၊ သက်စွန့်ကြီးမည်၊နောင့်
ကြင်သည်ကို၊ သံရည်ပတ်ကုံး၊ သံကျုံးရင်တား၊ သံမြို
ခြားလည်း၊ မလေးစားမထော်၊ ချင်းနှင်းဘောက်ထ၊
ပျောက်လိမ့်ထိုမှ၊ ဘေးနန္ဒကို၊ ဆံမျှမလေး၊ မကြီ



တွေးတည့်၊ ယော်သွေးတည်ကြည်၊ ငါးမည် ထွန်းပ၊
သွယ်နွဲ့လျှနှင့်၊ ချမ်းမြစဉ်တွင်၊ လှထွတ်တင်ကို၊ ။
ရွှေရင်လှမ်းရာ ညီအံ့လော။

---

(၂၉) ပြည်-ကျောင်းဆောင်းရေးဘုရားတိုင်ရတု

၁။ မြေကြီးကပင်၊ ဖြိုးမျှသွန်းသွန်း၊ ယုဂန်စွန်းသို့၊
ဆိုက်ခန်းယူးယူး၊ ထိမှူးထင်ယောင်၊ ထက်လည်းပြောင်
သည်၊ ကွမ်းထောင်ဘောင်းရုံ၊ ချရားပုံထက်၊ တင်တို့
ရွှေထီး၊ ဘိတ်လျှံညီးမျှ၊ ယိုစီးသွယ်ဖျား၊ ပုထိုးသား
လည်း၊ လေးပါးလိုက်ထက်၊ ညီးညီးလက်မျှ၊ ဖြိုးမြက်
ပတ်ပတ်၊ မောင်းမောင်းလွှတ်လျက်၊ ရှုညွတ်ဆုယူ၊
ခပ်သိမ်းသူတို့၊ သည်းအူ-ဦးဆံ၊ ဗျာပါလံလည်းစဲးည်
နေကျ၊ ငြိမ်းစေရဟု၊ ပေါက်ပြုနိုးဝေး၊ ကျွန်းလုံးမွှေး
သည်း ။ကျောင်းဆောင်းရေးရှင် တော်တကား။

၂။ နေမီးလသွင်၊ တင့်မောအင်မူ၊ မုတ်ဝင်လိုက်
ထိပ်၊ ရှန်းရှန်းချိပ်မျှ၊ ဖြိုးရိပ်လိုလို၊ သံချိုပုံ့မွှေးဟော
မည်တွေး၏၊သေရွှေးလုလင်၊ တည်ခဲ့ကျင်လည်း၊ ပလ္လင်
ပန်းတည်၊ နိမ့်လေသည်ဟု၊ ဆွတ်ကြည်သဒ္ဒါ၊ ဆိုစဉ်
ခါဝယ်၊ ဂီဝါချစ်ဆင့်၊ ညည့်ချင်းမြင့်က၊ ရှင်ပင့်အစစ်၊
ပွင့်သစ်မျက်မှောက်၊ ယခုရောက်သို့၊ လျှံတောက်ထွန်း
လစ်၊ အသစ်သစ်တိ၊ သရစ်ရှက်ကျွေး၊ ထွန်းလျှံပြေး
သည်း ။မောင်းစွေးဝေးမြင် မြော်တကား။

၃။ ဆွေနီးမျှအင်၊ ချစ်ထွတ်တင်သား၊ မြသွင်
ကုံးဆင့်၊ မဥ္ဇူပွင့်သို့၊ တမျှင့်တည်းပင်၊ လည်ဝယ်
ဆင်၍၊ နှစ်လျှင်သနေ၊ ဆက်ချင်လေစွ၊ ချုပ်မြေ

မညောင်း၊ဆည်ပေကောင်းလျက်၊ထပ်လောင်းကဲ့ဆင့်၊ ကြိုတွက်ချင့်သော်၊ မြေနှင့်မိုးထက်၊ ဝေးလံခက်၍၊ မိုးမြွက်ရိပ်ခြည်၊ ကြားရမည်မျှ၊ ဝိုက်လည်ခဲ့စွာ၊ မသိသာခဲ့၊မျော်ရာရှင်၍၊ မေ့လေသည်လော၊နှစ်မြော၊ကျွန်းဦး၊ မိုးထိကြီးလည်း၊ ပုံ့ပျူးဝမ်းတွင်၊ ရှိမထင်တည့်၊ ပြာစင်ရောင်ဖြူ၊ ကြာသူငယ်သွေး၊ထင်မိတွေးသည်၊ ။ နှောင်းမေ့ထွေးကြင် တော်တကား။

---

(၃၀) ပြည်–ကျောင်းဆေးရေးဘုရားတိုင်အလိုက်ရတု

၁။ **မြေကြီးကသာ၊** ထွန်းလျှံဖြာ၍၊ တေဇာတက်ရှန်း၊ ဝေယန်ထွန်းသို့၊နှန်းနှန်းမခြင်၊နီးဝေးထင်သည်၊ ပန်းတင်ခုံနေ၊မြစ်မြေတင့်ခေါ်င၊ကွမ်းထောင်ဖြိုးမောက်၊ သပိတ်မှောက်ထက်၊ လျှံတောက်တင့်ဆုံး၊ ဘောင်းလုံးကြာပြန်၊ တွန့်နားလန်နှင့်၊ ကျူးလွှန်တွေ့ပြား၊ ပုတိုးသားလည်း၊လေးပါးလိုက်ထိပ်၊ရောင်လျှံရှိန်မျှတံဆိပ်ခပ်တင်၊ကျော်ထင်ဝေးနီး၊ချရားသီးနှင့်၊ ရွှေထီးစကြာ၊ ဝင်းဝင်းဝါတည့်အာကာစက်မြိတ်၊ တန်းခိုးလွှတ်လျက်၊ လူ့နတ်ပြဟ္မာ၊ များစွာဆုယူ၊ ခပ်သိမ်းသူတို့၊ ကြီးထူကြောင့်ကြ၊ ဗျာပါရလျှင်၊နေကျပျောက်ဝေး၊ ကျောင်းဆေးရေးကို။ ။**မလေးနှစ်ပွင့် တင်သည်နှင့်။**

၂။ **နေမီးလဝါ၊** တင့်ခမာစွာသည်၊ မုတ်သာလိုက်ထိပ်၊ရောင်လျှံရှိန်သား၊ပြိုးရိပ်လိုလို၊ သံချိုပုံ့မွေး၊ ဟောမည်တွေးရှင့်၊ သေရွှေးမောင်နှံ၊ တင့်အောင်ကြိုလျက်၊ မြတ်ရာခက်၍၊ စိတ်ထက်ကြည်စွာ၊ တည်ခဲ့ပါသည်၊မြေချာပလ္လင်၊ ပန်းတင်ခုံတည်၊ နိမ့်လေသည်



ဟု၊စိတ်ကြည်မြူဆွ၊ ထိုခဏနိုက်၊ သိဂ်ရွှေစစ်၊ သွန်း၍ဖြစ်သို့၊ ကျစ်လျစ်လှတင့်၊ညဦ့ချင်းမြင့်၍၊ရှင်ပင့်စတေ၊ လူ့ဆွေမျက်မှောက်၊ ပွင့်သစ်ရောက်သို့၊ရောင်တောက်နီးဝေး၊ ဘောင်းကြေးကွေးကို။ ။**အဝေးရစ်ဆင့် တင်သည်နှင့်။**

၃။ **ဆွေနီးမျကာ၊** ချစ်ခြင်းရာဖြင့်၊ ကြိုင်စွာ ဇမြေ၊ မဥ္ဇူသကို၊နတ်ကဆက်လှည့်၊ ရောက်လှာတည့်သို့၊ထပ်ရှည့်တူပင်၊ လည်နှိုက်ဆင်၍၊သက်ပင်သချေ၊ ဖန်ဖန်ရေလည်း၊မပြေလွှမ်းစိုး၊ကြင်လှနိုးခဲ့၊ ချစ်ကြီးရှည်မြင့်၊ အဆင့်ဆင့်လျှင်၊ မြေနှင့်မိုးထက်၊ ဆတက်ဆယ်ပြန်၊ ဝေးလှလွန်၍၊ လေသွန်ရိပ်ခြည်၊ မြွက်ပါမည်လည်း၊ ဝိုက်လည်ခွဲ့ဝှက်၊ သိရခက်ခဲ၊ ယှဉ်ဘက် သည်လျှာ၊ နှောက်ကြောင်းခြာကို၊ **နေကာ**ပျော်၍၊ မေ့လေသည်လော၊ တွေးတောမဆွ၊ ရှေးဦးစကို၊ နှမရွှယ်လုံး၊ အောက်မေ့ဦးလော့၊ဟိမ်းမုဝမ်းတွင်း၊ မရှိလျှင်းတည့်၊ ရောင်ဆင်းမွတ်မွတ်၊ ကြာဝယ်နတ်သို့၊ နွဲ့ညွတ်ငြိမ့်လေး၊ နှောင်းမွေးထွေးကို။ ။**တရေးချစ်ခွင့် မြင်သည်နှင့်။**

---

(၃၁) ပြည်*မြင်မာဟုဘုရားတိုင်ရတု

၁။ **သာမောလှပေ၊** ဇမ္ဗူမြေနိုက်၊ ချင့်နေတွက်စာ၊ ယုဇနာလျှင်၊ သချာမှန်မော၊ သုံးထောင်တောသို့၊ မရောပင်သွမ်း၊ပန်းတိမ့်မှမ်း၍၊ညချမ်းဖြည်းသာ၊ဂန္ဓာမာနှင့်၊ပမာနှိုင်းဘိ၊ တူဘွယ်ရှိသား၊ သီရိခတ္တ၊ ဌာန

* မြင်မာဟု–ဘုရားကား–လက်ရုံးတော်ခေတ်ကို ဌာပနာ၍တည်သောဘုရားဖြစ်သည်။

ရပ်စည်၊ ရေသေ့ပြည်ကာ၊ နှစ်မည်မခြား၊ တောင်ခပ်
ပါးဝယ်၊ စကား-သပြေ၊ ပန်းသင်းခွေနှင့်၊ မိုးစွေ—
ရင်ကတ်၊ဘက်ဆွတ်-ပြည်ပန်း၊ အနန်း-သရဖီ၊ ပန်းစုံ
စီတီ၊ ပွင့်ညီမွှမ်းဖြင်၊ မြတ်ချစ်ရှင်ကို၊ မြင်လျှင်စိတ်ဇော၊
ပီတိခြော၍၊ သင်းချောရွှေတိုင်၊ ညီပြိုင်ထွန်းပြောင်၊
ပန်းလက်ဆောင်ဟု၊ နီရောင်စက်စက်၊ မဥ္ဇူခက်ကို၊
စိတ်ထက်လှူလှ၊ ပူဇော်ပြုသည်။ **။ဗာဟုမေ့မတော်
ရှင်ကိုသောဝ်။**

၂။ **မြာချောမျှနေ**၊ ထွန်းသရေနှင့်၊ရင်ရွှေတဘက်၊
ဖြူညက်ရထည်း၊ စုလည်းလုံးစ၊ သည်နှစ်လဝယ်၊
စဉ်ဆွဲခေါက်ချိတ်၊ချည်ပြိုက်စက်ပြီ၊အာနီသွယ်ပြောင်း၊
ပိုင်းနားရှောင်းနှင့်၊ ခါကောင်းပြည့်စင်၊ သည်ပွဲတွင်
နှိုက်၊ သဘင်ရှုလာ၊နောင့်သာစုံမက်၊တသက်သက်လျှင်၊
ကွန်ရက်ဉာဏ်တော်၊ကြည့်ရှုမြော်၍၊ သည်သော်သည်
နှင့်၊သည်သို့တင့်ဟု၊ရှုပ်ပင့်မေတ္တာ၊ ဖျန်းဆွတ်ပါလော့၊
တရာထီးစင်း၊ ပြည်ထောင်မင်းကို၊ နှိပ်နင်းစိုးဆောင်၊
ဥတ္တာဘောင်လျှင်၊ ရည်စောင်ကြည်ဖြူ၊ တည်ခဲ့လှူသည်၊
ဘုန်းတူမွေ့မြတ်၊လက်ရုံးခါတ်ကို၊ရှိညွတ်စိတ်သန်၊ ဆု
ကြီးပန်အံ့၊ဆောင်းစွန်အစ၊တန်ဆောင်ကသည်၊ သုံးလ
အောင်ပင်၊မြင့်ကြာတင်ခဲ့၊ဆောလျှင်ပြည့်ဆု၊ တောင်း
မှတ်ပြုသည်။ **။မြာနုရွှေလှော် စင်ကိုသောဝ်။**

၃။ **ညာကြောမြဝေ**၊ ပန်းတွေတွေတီ၊ အခရွှ,
အဝါ၊ အပြာ,အနီ၊ စုံစီချယ်သင့်၊ တောလုံးတင့်သား၊
ရှင်ပင့် မွေ့တော်၊ ပတ်လည် ကျော်သည်၊ မည်တော်
ဗာဟု၊မြတ်ခေါတုနှိုက်၊ဆုလည်းစုံမက်၊မတောင်းရက်ခဲ့၊



နောင့်သက် ကျွမ်းဘော်၊ နေတော်မူရာ၊ ပြည်ဟာင်
သာဝယ်၊ ဉာဏ်ဝါတန်ဆောင်၊ ညီထွန်းပြောင်လော့၊
ပို့အောင်ညှိုးသမ်း၊ မလွမ်းမီခင်၊ ဖြည့်စေချင်စွ၊ ထက်
ခွင်မိုးသူ၊စံဘိဟုသော်၊ပြိုင်တူမလွတ်၊ယာမာနတ်လည်း၊
ပြိုင်တတ်မည်လာ၊မလွန်ရာတည့်၊ ကောသာဆံပင်၊စည်း
ဆွဲတင်နှင့်၊ ရည်ရှင်ထွန်းတောက်၊ လက်ကောက်
လက်ကြွပ်၊လျှပ်လျှပ်ညီးမျှ၊ ထွန်းဝင်းပသား၊ ပြည်များ
မျက်ရှု၊ ဆင်းနတ်တုသည်။ **။ရာဇုရွှေဘော် တွင်ကို
သောဝ်။**

---

## (၃၂) ပြည်-မြင်ဗာဟုဘုရားတိုင် ရတု

၁။ **သာလှမော၍**၊ စုံတောဂနိုင်၊ ရွက်ချင်းဆိုင်
သား၊ ရိပ်မြိုင်မြင့်ထက်၊ ရေကျောက်စက်ဝယ်၊ မြခက်
ဝေဝေ၊ ပန်းသင်းခွေနှင့်၊ သပြေချရား၊ ကြိုင်ရှားသရဖီ၊
ထပ်စီရွှေသား၊ စကားအာတိ၊ ပည်းမျှရှိလည်း၊ ဇာတိ
ကျွန်းစည်၊မင်းနေပြည်မှ၊ရွှေခေတ္တာဝယ်၊သက်မျှရွယ်တူ၊
အိမ်သူစုံတီ၊ သီရိကလျာ၊ မြပြာခွဲခွဲ၊ ကျန်ရစ်ခဲ့၍၊ ရွှင့်
လျက်ပင်၊ညှိုးမရှင်တည့်၊ သူ့ခွင်ရပ်မြေ၊ ချီရလေသော်၊
ညာကြေကျော်သောင်း၊ တန်းခိုးခြောင်းသား၊ ဘေး
လောင်းဘုန်းခေါင်၊ ဥတ္တာဘောင်လျှင်၊ ငါးထောင်
သာသနာ၊တည်စိမ့်ငှါဟု၊ ကြည်စွာကောင်းမှု၊ ထားခဲ့
ပြုသည်။ **။ဗာဟုတောင်ထိပ် မိုဖျားသောဝ်။**

၂။ **ဒါနစော၍**၊ လှပြောလေလေ၊ မြတ်ရှိသေ
သား၊ ခြောက်တွေ ဉာဏ်ရောင်၊ ဝင်းဝင်းပြောင်မျှ၊

မိုးခေါင်ထက်မြင့်၊ ခြောက်ဆင့်အောက်ထက်၊ ဘဝဂ်ဝိစိ၊နှံ့ မျှသီသည်၊ မုနိမြတ်စွာ၊မည်သာဗာဟု၊ မြတ်ဓာတုဝယ်၊ လှူလှုသံညင်း၊ ဆုတောင်းခြင်းသည်၊ ရုပ်ဆင်းမြင်လျာ၊ထွားကလျာကို၊ တွေ့ရှာယှဉ်သော်၊ ခုမခြော်ခဲ့၊ ညှိုးရော်မတည်၊ ဖြစ်ဘိသည်ကြောင့်၊ သုံးမည်သနင်း၊ တရားမင်းလျှင်၊ ဉာဏ်ဝင်းစက္ခု၊ ဘန်ဆင်းရှု၍၊ ယခုဆောလျှင်၊ မြည့်စေချင်စွ၊ စုံအင်ငါးပါး၊ လှတွားဆင်းမြင်၊မျိုးလွန်းကြင်ကို၊မြင်လျှင်မရဲ၊ ဖန်လဲးမျက်ရှု၊ နတ်တုစံလွတ်၊ ဝင်းညက်ထွတ်သည်။ ။ချောမွတ်ရှယ်နု ပျို့ထွားသောဝ်။

၃။ **မြာမျှချော၍၊** မြကြောညှိရောင်၊ လျှံထွန်းပြောင်သား၊ မိုးခေါင်ထက်စွန်၊ ဘုံဗိမာန်ဝယ်၊မလွန်စံလွတ်၊ ယာမာနတ်နှင့်၊ မချွတ်တူနိုး၊ လွန်ခန့်စိုးသား၊ သည်မျိုးနောင့်ဆွေ၊ ကျန်ရစ်လေခဲ့၊ မခပြေဆာပူ၊ကျွန်ုပ်မူကား၊ သည်းအူ ဆွတ်လွတ်၊ ပျောင်းခွေညွတ်စွ၊ ဆံခါတ်သရေ၊ ရှင်တော်မွေကို၊ ရှိသေသဒ္ဓါ၊ သည်သော့ခါတွင်၊ မကွာယှဉ်စုံ၊ပြုံတုံစုဝေး၊ရင့်ဇေးတွန်ကျူး၊ ပင်မြင့်ဖြူးထက်၊ စုံပူးတူကွ၊ မြင်လကလျှင်၊ ပြိုက်ကျူးရွှမ်းသွယ်၊ ပျိုနုနယ်ကြောင့်၊ စပယ်ဖြူဆွ၊ ကွေးကွေးလှလျက်၊လွှလွှစင်လွန်း၊ ပေါက်ပေါက်ပန်းနှင့်၊ ပျံ့မွှန်းကြိုးခြောက်၊ ကြိုင်ပေါက် ပုံ့ရှား၊ ပန်းစကားကို၊ လက်ဖျားကိုင်လှူ၊ တောင်းဆုယူသည်။ ။အိမ်သူမျိုးမြတ် **ကိုယ်စားသောဝ်။**

---



(၄၃) ပြည်-အတွင်းရွှေဂူဘုရားတိုင် ရတု

၁။ **တန်းဆောင်မုန်းလျှင်၊** ထစ်ချုန်း ထန်ပြင်း၊ သန်မိုးကြွင်းတည့်၊ အုန်းအင်းရိုက်သံ၊ စက်မီးလျှံသို့၊ ထက်ယံညီးထွန်း၊ လောင်ဘနုန်းတည့်၊ ခေတ်ပန်းပွင့်ပြိုင်၊ ချပ်ရွှေဆိုင်ကို၊ ရေဝိုင်သွန်းခြူး၊ အလွမ်းနှုး၍၊ မိန်းမူးဆွတ်ရိုက်၊ အောက်မေ့ကြိုက်ဝယ်၊ ခေါ်စိုက်ကြိမ်ဖန်၊သည်းအူဂုန်မျှ၊ ဆီးထန်ပြိုက်ကျ၊သမ်းပျောင်းမျှသည်။ ။**မိုးကထွေလည် ဘိသောကြောင့်။**

၂။ **ထွန်းပြောင်ဘုန်းအင်၊** ဆင်းရုပ်သွင်မှု၊ ကြာတွင်လတ်လတ်၊ယူချေဆွတ်သို့၊ပြာလတ်ချွဲချော၊နတ်နှင့်ပျောသည်၊ လှမောစံခြောက်၊ ရှေ့ဦးနောက်ကို၊ ဖြေဖျောက်မသာ၊ လွမ်းလှည့်ရာတွင်၊ ရိုးညှာစိမ်းလက်၊ မြနှင့်ဘက်၍၊ ပွင့်ရက်လွတ်ခေါင်၊ လျှံဝင်းပြောင်သည်၊ စက်ခြောင်ရံသန်း၊ နတ်တို့ပန်းကို၊ ကံညွန်းဘို့ဝေ၊ ရတုံချေမှ၊ရှိသောကဲးလွန်၊ဦးထိပ်ခွန်ထက်၊ မပန်ရက်လှ၊စုံမက်တသည်။ ။**ဖြိုးမျှရွှေရည် ညီသောကြောင့်။**

၃။ **ဝန်းပြောင်နှုန်းပင်၊**ပြိုင်လှကျင်လည်း၊လတွင်ရုံလှာ၊ကြယ်တကာသို့၊ ပမာမချွတ်၊ ဖြစ်စေတတ်သား၊ ဝင်းလတ်ဘုန်းဖြိုး၊လှခေါင်မိုးကြောင့်၊မြရိုးသွယ်တက်၊ စကားခက်နှင့်၊ဘုံဆက်ဥကင်၊ နန်းယင်ပြင်ဝယ်၊ ထွန်းထင်နေတူ၊ တွင်းရွှေဂူကို၊ ဆုယူရည်လို့င်၊ ကြောင်း၍တိုင်အံ့၊ တူပြိုင်စိတ်တည်၊ ချစ်ခြင်းရည်၍၊ လွမ်းသည်ပျူဟာ၊ဖြစ်ခြင်းရာကို၊မိန့်မှာသံမြနှုတ်မဟာသည်။ ။**စိုးရလေသည် ရှိသောကြောင့်။**

(၃၄) မြည်-အတွင်းရွှေဂူဘုရားတိုင် ရတု

၁။ **အတွင်းရွှေဂူ၊** မည်တော်ဟူသည်၊ ဇမ္ဗူထက်ဝန်း၊ ကျော်ရိုက်ဖွန့်သား၊ ရွှေနန်းသဘင်၊ ရွှေ ယင်ပြင်က၊ ဥကင်စကြာ၊ မင်းတို့သာလျှင်၊ အခါမပြတ်၊ နေ့တိုင်းညွတ်သည်၊ မွေ့ခာတ်လေးဆူ၊ ရှင်တော်ဂူ…ကြည်ဖြူဖြောင့်သား၊ နော်ကြောင်းလျှားကို၊ ရွှေနားပျိုပျူး၊ နာပဒ်ီးလေ့၊ ရှုးမူးကဲးဝှန်၊ တိုင်းထက်လွန်မျှ၊ ဆယ်ပြန်ဆယ်ခေါက်၊ ယုံကျွန့်လျှောက်၍၊ ယုံလောက်ပြီးမှ၊ မိန့်တော်ရရှင့်၊ ဆွေဆွေဖြူထွား၊ စက်ရထားနှင့်၊ နဂါးထိပ်ပြင်၊ သွားလာလျှင်သည်။ **၊ဝ၀ါဝင်လွှယ်လွန်း ခဲ့တကား။**

၂။ **အဆင်းဝေပူ၊** တောင်ဝယ်ယှသား၊ ဇမ္ဗူဘိုးမျှ၊ မျက်ရှင်မြသို့၊ ယုတ်ကျမနိမ့်၊ ဆင်းရောင်ငြိမ့်သား၊ ရွှန်းစိမ့်သရေ၊ မြေတကြည်စင်၊ တဆံမျှင်မျှ၊ မြစ်တင်မတည်၊ လှရည်သွန်းသွန်း၊ နှိုင်းတန်းနတ်ယိုး၊ ဂူအင်ဖြိုးကို၊ ရွှေကျိုးရည်ထင်၊ ဘုန်းကြောင့်မြင်၍၊ သခင်နေကျ၊ မှတ်စကပင်၊ တွေးဆတွေလည်၊ တဆံခြည်မျှ၊ ယွင်းရမဆို၊ ချစ်ကြည်ညိုလျက်၊ မယ့်ကိုသာလျှင်၊ သံရည်ထင်သည်။ **၊ကြာတင်ရှယ်မှန်း မဲ့တကား။**

၃။ **မယွင်းဆွေတူ၊** မွေးပို့ကြသား၊ မဠူပန်းသွင်၊ ဦးထိပ်ပြင်ထက်၊ သာရှင်ဆကဲ၊ ဆင်ဆဲးဆဲးကို၊ ကြူးရဲးနာရီ၊ ကိုးချက်စီနှင့်၊ နွဲးမှိပျောင်းအိ၊ နတ်အိပ်ဘိသို့၊ ရေတိထန်ပြင်း၊ ပြည့်မြောက်လင်းမှ၊ ငုံကင်းဖြိုးထပ်၊ မြွက်ချပ်လည်း၊ စီတပ်သော့သွင်၊ ပတ်ကုံးမြင်က၊



ထက်ခွင်ဝန်းရစ်၊ စက်ကုံးနှစ်သို့၊ စင်စစ် ရှင့်မောင်၊ တမ်းဆိုယောင်နှင့်၊ လျှင်အောင်သွတ်သွတ်၊ ယုံကျွန် လွှတ်လည်း၊ မိုးနတ်ဆင်းပြင်၊ တင့်လေပင်သည်။ **၊ မြာစင်သွယ်ရွှန်း နွဲ့တကား။**

---

(၃၅) မြည်-အတွင်းရွှေဂူ, အမြင်ရွှေဂူဘုရားတိုင်ရတု

၁။ **ဥဇည်းစက်ပြင်၊** အာကာ ခွင်က၊ ယာဉ်ရှင်သွားမှတ်၊ နောက်ကျွန်းပတ်သား၊ သာထွတ်လွန်ကဲး၊ ကန်တော့ပွဲးဝယ်၊ ပုလဲးရောင်ခြည်၊ ရွှေရည်စင်မော၊ မြနှင့်နှောသို့၊ တွေးတောမဆုံ၊ မူကြံအံ့သား၊ ချောညှို့ထွတ်ဘွတ်၊ ဝင်းညိုမွှတ်လျှင်၊ ရုပတ်ရွှေဝန်း သော်တာထွန်းသို့၊ညှိရွှန်းကြည်ရွှင်း၊စံပကျင်းသည်။ **၊အတွင်းရွှေဂူ မြင်ရွှေဂူ။**

၂။ **စုလည်းလက်သင်၊** မြကွမ်းလင်နှင့်၊ နှစ်တွင်ပေါ်သစ်၊ မရစစ်တည့်၊ ကျစ်လျစ်ငြိမ့်ချေ၊ ဘော်သုံးရွှေဖြင့်၊ ညနေချမ်းခါ၊ ရှင်တော်ရာဝယ်၊ သဒ္ဓါညွတ်ကြိုက်၊မြင်မိလိုက်၍၊လည်နှိုက်ထိပ်ပြင်၊ ပန်ဆင်စရာ၊ သည်သာနှောင့်ရန်၊ ဘုန်းချင်းညွန့်၍၊ မကျန်ကြောင်းခြားနေရပ်ရာကို၊မှန်စွာဇာတိ၊ မေးသည်ရှိသော်၊ မသိသာလျှင်း၊ ဆိုချွတ်ယွင်းသည်။ **၊နဝင်းနေဟူ တွင် နေဟူ။**

(ဤနှစ်ပိုဒ်ကား နဝဒေးဆို အဖြည့်ခံဖြစ်သည်။)

၃။ **ကုံဟည်းငှက်ဆင်၊** စီးလျက်ပင်တည့်၊ကောင်းကင်ပျံကြွ၊ သုရိယဟု၊ ဘုရား့လျာမွှန်၊ ထွတ်ဘုန်းသန့်လျှင်၊ ဆင်းကြွန်လျှံညီး၊မင်းသမီးကို၊ ဇနီးကြင်သူ၊တင်ခဲ့ယူ၍၊

အတူစုံပွဲ့၊ပျော်စံဘူးသားဝေးကျူးရပ်မြေ၊ ခြားရှိလေသည်၊ သက်ဝေရအောင်၊ကြိုးပမ်းဆောင်၍၊ လှခေါင်နတ်ဆင်း၊စုလည်းကွင်းနှင့်၊ ညခင်းမြင်လစ်၊ ရွယ်သစ်သစ်၏၊တစ်တစ်ဌာန၊ မသိရသော်၊သကျရွှေရှု၊ မြတ်နှစ်ဆုဝယ်၊ ကြည်ဖြူစိတ်ရွှင်း၊ တောင်းလျှောက်ခြင်းသည်။ ။မယွင်းဆွေတူ ကြင်ဆွေတူ။

(ဤတတိယပိုဒ်မှာ ရှင်သူရဲက ဖြည့်သည်။)

---

## (၄၆) ပြည်-ဆုတောင်းပြည့်ဘုရားတိုင်ရတု

၁။ **နတ်မရည်တူ၊** လှမျိုးဟူက၊ ပြိုင်သူ ခက်၏၊ ဦး၍မှည့်သို့၊တူရှည့်မထင်၊မိုးတွင်မလျော်၊ ဇမ္ဗော်နဒ၊ သိင်္ဂီအစစ်၊ ရွှေစင်နှစ်ကို၊ ကျစ်လျစ်ပီပြင်၊တန်ဆီရင်၍၊ ငါးအင်စုံပြီး၊ခြောက်မျိုးပြစ်ကျွေ၊ပုံသွန်းပေသို့၊ မြတေဝင်းရွှန်း၊ လှကြွင်နှန်းကဲ့၊ချစ်ပန်းမွှေးစွ၊ တရာ့နှစ်ဆယ်၊ လှရောက်ရွယ်က၊ မချယ်တစိ၊ မြဲမရှိ၍၊ မျဉ်းခွေမညောင်း၊ ညွတ်ပျောင်းကြာတွေ၊ ရက်ရေတွက်ဆ၊ ထောင်ပလွှန်ကျော်၊ရှစ်ရာပေါ်လည်း၊ မိန့်တော်မရည်၊ ရိပ်မခြည်သည်။ **။ငါးတည်စက်စင် ဝင်ခဲ့ပြီ။**

၂။ **မှတ်ကြသည်မှူ၊** ခပ်သိမ်းသူတို့၊ နှစ်ယူမဘက်၊ ရှည်စွာသက်ဖြင့်၊ ချင့်တွက်မြင့်ကြာ၊ နှစ်ရာကုဋေ၊ သုံးဆယ်နေဖြင့်၊ သန်းရေခန့်တွက်၊ လေးဆယ်တက်သား၊ စံဘက် ကင်းလွှတ်၊ တို့ပြည် နတ်လျှင်၊ မချွတ်မှန်လှည့်၊ ရမော၏ဟု၊ စုံပြည့်သိရှိ၊ တင့်ဘိသရေ၊ မြေတပဝင်း၊သလင်းချက်မြောင်၊ ရည်ရောင်ပမြွှး၊ခင်ဦး



ရွယ်မျစ်၊ ဘုန်းတက်သစ်လျှင်၊နှုန်စင်ယံလှ၊ လျှောက်သမျှကို၊ ဒေးမြို့ပုံကြည်၊ မိန့်မရည်ခဲ့၊ သူ့ပြည်ရပ်မှိ၊ သုံးလီကိုးဖန်၊ ငါးနေချန်၍၊ ရောက်မှန်စင်စစ်၊ဘုရားဖြစ်သည်၊ရှင်ချစ်ရုပ်ရှည်၊ဆုတောင်းပြည့်…။စက်လှည့်မြောင်ရွှန်း၊ဖလ်ရောင်နန်းနှင့်၊မယွန်းဆယ်ပြန်၊ရောက်မှန်ကာလ၊ မြနှင့်ပုလဲ၊ ရစ်ဆွဲသွယ်ညွတ်၊ ရှစ်ဟုမှတ်၍၊ချစ်ပတ်ရစ်ခွေ၊မညွတ်နေလည်း၊ သံခြေသာချို၊ မမိန့်လိုခဲ့၊မြကို-ရွှေနှင့်၊ဆင်မှတင့်သို့၊ အသင့်ဖြေဖြည်၊ တောင်းမှတ်ရည်သည်။ **။ခြားတည်တွက်လျှင် ပင်ခဲ့ပြီ။**

၃။ **ညွှတ်ခကြည်ဖြူ၊** စိတ်မှတ်ယူသား၊ဆုံမြဲခြမ်းမျှ၊ မစွမ်းရတည့်၊ ကြောင့်ကြဗျာပါ၊ ရှင်းလင်းကွာ၍၊ ချမ်းသာပြီးတိုင်၊ ရောက်စေနိုင်သည်၊ ဘုန်းလှိုင်ခေါင်ချုပ်၊ရှင်တော့်ရုပ်….၊ကျွန်ုပ်သက်ဝေ၊ လှမြတေကိုး၊ ငုံ့နေသည်ဖြစ်၊ တွက်ရေစစ်သော်၊ လ,နှစ်,ရက်ပင်၊ ထောင်စင်မကာ၊ ရှစ်ဆကြိုးပြန်၊ ဆယ်ဖန်ရှစ်လီ၊ ဆယ်လီရှစ်ခု၊စတုသုံးတန်၊ငါးကြိမ်ဖန်လည်း၊ ယုံကျွန်ရက်စပ်၊ စေ့မလပ်ခဲ့၊ဆင့်ချပ်တရာ၊ ကုဋေကြာလျှင်၊ လဝါင်လင့်ငုံ၍ပွင့်သို့၊နွဲ့ထင့်မိန့်မှတ်၊ရွှေကြာအာနီ၊ လှိုင်ညီပျူးကြိုင်ဝေမွှေးသော်၊တရေးတရာ၊ဆံလွှာမြချင့်၊ စိတ်မပွင့်တည့်၊ရှင်ပင့်စေတာ၊ နေ့ရေမချာ၊ ဖြည့်လျှင်းပါလေလော့၊နှိုင်းရာစံတည်၊လှမျိုးစည်သည်။ **။မြားမည် ရက်ရှင် ဖြင့်ခဲ့ပြီ။**

---

## (၃၇) ပြည်-မဋ္ဌူဘုရားတိုင်ရတု

၁။ **အနောက်ဘက်မှာ၊**တောင်ထက်တူရူ၊ထွန်းနေမြူသို့၊ဇမ္ဗူမှည့်သီး၊ ဘွန်း၍ဖြိုးသား၊ ရွှေထီးငါးဖြာ၊ ငါးဆင့်ကာလျက်၊ မည်သာမည်ထင်၊ မဋ္ဌူတွင်သည်၊ ရှင်ပင်မြတ်စွာ၊ရတနာ....။ ရှောင်ခွါဘွေလစ်၊ ကြက်ရင်ပစ်သို့၊မနှစ်မရှား၊ ကျွန်ုပ်အားလျှင်၊ ရှည်လျားမြင့်ဆန်း၊ နွေ့ရက်ကျွမ်းမျှ၊ ပျံ့ပွန်းတွေသာ၊ နွတ်ပျူဟာနှင့်၊သစ္စာချွတ်ယွင်း၊ ပေါ်ယောင်တင်းသည်။ ။ **ချက်ခြင်းပဲ့သွေ တည်လှည့်သောဝ်။**

၂။ **တယောက်ဖျက်ရာ၊** လုံးလုံးနာ၍၊ ညှိပြာဆွေနည်း၊ ငယ်ကရည်းသည်၊ ခမည်းမင်းမွန်၊ ကျင့်လေဟန်ကို၊ ပုပန်ဝမ်းတွင်၊ ရေသော်ဖြင်မျှ၊ မိခင်ဘမင်းသားချင်းမျိုးနီး၊ သူကြီးသခင်၊ ကောင်းစေချင်လျက်၊စီရင်လွှန်လွှန်၊ အာဏာဆန်၍၊ ကျင့်တန်မှတ်ယော်၊ကျွမ်းမိသော်လည်း၊ယှဉ်ဘော်ရွယ်ရှိ၊ တော်ပါဘိကား၊ မျက်စိစိတ်ဝမ်း၊ နည်းများချမ်း၏၊ ထပ်မွမ်းအသစ်၊နှစ်ပါးဖြစ်ခဲ့၊ နေရစ်ဝင်စ၊ ကြမ်းပြိုင်ကလျှင်၊ ထိန်းယရွှေဘော်၊ မမြော်စေလျက်၊ တိုင်လျှောက်မြွက်ရှင့်၊ အဘက်စူးစူး၊ ရည်၍ဖူးသည်။ ။**ချစ်ဦးသူသို့ လည်လှည့်သောဝ်။**

၃။ **မလျှောက်မြွက်သာ၊** ဝမ်းနည်းစွာဖြင့်၊ တကာလှုတွင်၊ဖြစ်မြဲအင်ကို၊ ရှင်ပင်လည်းသိ၊ မယ်လည်းသိ၏၊မျက်စိနှင့်နား၊ နောင့်ဝယ်များစွ၊ စကားသံရှိ၊ရှေးဆို-နှောင်းပျက်၊ လိုက်လံခက်၍၊ ချစ်သက်မရပန်းမောလှ၏၊ မိုးကသူဇာ၊ သက်လှာနှစ်ပါး၊ ပျော်



စိန့်ဖြားလည်း၊ သနားဘွယ်လှ၊ သခင်-ပလျှင်၊ ပျော်ရသည်ကို၊ မဖြစ်လိုဟု၊ ဆွေညှိမြဲ၊ ဂတိစွဲးလျက်၊ထုးကဲ့ဘောက်ပြန်၊ သစ္စာချန်သည်။ ။**ချစ်ရန် တပါးရည်လှည့်သောဝ်။**

---

## (၃၈) ပြည်-မဋ္ဌူဘုရားတိုင်ရတု

၁။ **အရှေ့တဘက်၊**တောင်မြင့်ထက်ဝယ်၊ထွန်းစက်ရောင်ခြည်၊နေ့ရှိန်လည်သို့၊ ငါးမည်ပြောင်ညီး၊ ဇမ္ဗူထီးနှင့်၊ စက်မီးအတူ၊ ခြောက်ရောင်လူသား၊ မဋ္ဌူမည်သာ၊ ရတနာဟု၊ မြော်သာတင့်မော၊ လွှန်ကျော်စောသည်၊ သင်းချောစံရှု၊ရှင်တော့်မွေ....၊ တွေတွေပြားပြား၊ စကားကိန်နိုး၊ မဆိုစဘူး၊ နှစ်ကူးလလည်၊ ကြီးသည်ကိုသာ၊ မြင်ကောင်းပါလျက်၊လက်လှာမဆက်၊ဆုတ်ရှောင်ကြက်သို့၊ပစ်ခက်နိုင်တွေ၊ တိုင်လျှောက်လေသည်။ ။**တင့်သွေမနွဲ့ မေတ္တာသောဝ်။**

၂။ **မရှေ့အသက်၊** မှတ်ကြလျက်ကို၊ သူပျက်လေရာ၊ လုံးလုံးနာဟု၊ နိုင်းငှါလွှတ်မော၊ နွဲ့နွဲ့ချောသည်၊ သဘောအယူ၊ မယ်ကကူလျက်၊ အိမ်သူရောင်မြွက်၊ မျက်လိုလိုက်၍၊ချစ်ကြိုက်လျှော့ငံ့၊ ညံ့ပလေ၏၊ မိဆွေဘမင်း၊သားချင်းမောင်ကြီး၊ ဟန့်ဆီးမြစ်တွေ၊ မဆုတ်လေဟု၊ဆုဝေကြည်ညို၊သူနှင့်ဆိုလည်း၊နောင့်ကိုစုံမက်၊ တို့ခေါက်ရက်လျှင်၊အသက်စူးစူး၊ရည်၍ဖူးသည်။ ။**ချစ်ဦးဆိုက်မြဲ ရှင့်မှာသောဝ်။**

၃။ **တနေ့မယွက်၊** တရက်မချွတ်၊ အိမ်သူဝတ်ဖြင့်၊လေးမြတ်ညွှတ်ကြည်၊ ခစားသည်ကို၊ မှတ်ရည်သတိ၊

သခင်သိလျက်၊ စွန်းငြိမျက်ပါ၊ သူတကာတို့ကြမ္မာပေလျှင်၊ ဖြစ်ခြိုးအင်ကို၊ ရှင်ပင်ကိုလည်း၊တိုင်ခွင့်နည်း၏၊ ထင်ရည်းဝမ်းမှာ၊ မယ့်ကိုသာလျှင်၊ သူဇာသက်ကျ၊ စိတ်မခွတည့်၊ နေကြမြဲးချုပ်၊ စကားရှုပ်၍၊ ကျွန်ုပ်ဆိုမိ၊ ပေသည်ရှိမူ၊ မျက်စိနှင့်နား၊ နောင့်ဝယ်များလည်း၊ မြောက်သားကြင်ချစ်၊ ရှင့်အားဖြစ်သည်။ ။**အသစ်တပါး မရှာသောဝ်။**

---

(၄၉) ပြည်-လေးမျက်နှာဘုရားတိုင်ရတု

၁။ **ဆံတော်ရှင်နှင့်၊** တပြင်တာမှတ်၊ တရာမြွတ်ဝယ်၊ မိုးနတ်နှိုင်းရာ၊ ထွတ်တောင်ညာလျှင်၊ သိင်္ဂါမှန်မော၊ ကိုးမည်ရော၍၊မုနော့စံချုပ်၊ လင်ပန်းအုပ်သား၊ ဆင်းရှုပ်ကုံ့ကုံ့၊ ဆုံ့ဆုံ့သပ္ပါယ်၊ ထက်ဝယ် ရှေ့၊ နောက်၊ တောင်,မြောက်ရပ်တော်၊ ရွှေလျှော်လျှံညီ၊ ဗောဓိသိဃိုဋ်၊ ကျည်းလိုဝိုးဝါး၊ သုံးတွေပြားလျက်၊ ခြောက်ပါးရည်ပျောင်း၊ လျှံမြမောင်းသည်။ ။**တန်ဆောင်းလေးမျက် နှာနေသောဝ်။**

၂။ ကြံယော်တင်ခွင့်၊ ရှည်ရက်မြင့်၍၊ မသင့်သင့်သည်၊ရိုးရိပ်ခြည်ဖြင့်၊ခလျှာက်မည်ကိုမျှ၊ ဘယ်သူစ၍၊ မိန္နဟာချိခြွက်တ၀့်မခြွက်ခွဲ၊ ဒိဗ်မက်တည်မှန်၊ နိမိတ်ဘန်၍၊ ဖေါ်ရန်စင်စစ်၊ ရှိသည်နှစ်ကို၊ ရှင်ချစ်ဉာဏ်စက်၊နေနှယ်မြှက်လေ့၊ တရက်တည်းပေ၊ ယွှင်းသွေမထင်၊ ချွတ်စင်လျှော်ပေ၊ ဦးသစ်ရွှေသို့၊ နေလည်းထင်တက်၊ စက်လည်း လည်တွင်၊ သာရှင် ဆပ္ပါး၊ ယှယဖြားသည်။ ။**ပျော်ပါးလေးနက် ရာပေသောဝ်။**



၃။ **စံမျှော်ထင်ဆင့်၊** ယူတွက်ချင့်သော်၊ မြေနှင့်မိုးထက်၊ ရှာဘွေဘက်လည်း၊ အသက်ကုန်ကာ၊ မရရာတည့်၊ ပမာစိုးစဉ်း၊ နှစ်ပါးချဉ်းလည်း၊ မလျှဉ်းဖြစ်တင်၊ ကြည်သန့်စင်သား၊ သခင်နှတ်တော်၊ မမြွက်သော်လည်း၊ ရှုမျှော်သာရှင်၊ တောင်းလျှင် ပြည့်ခန့်၊ ဆန်မတန့်တည့်၊ ဒိုင်ညွှန့်ဝတ်ဆံ၊ ညာတံရွက်ဆင့်၊မနိုပွင့်ကို၊ ပေါင်းခွင့်စုံလင်၊ နိမိတ်ရင်၍၊ တောင်းလျှင်ပြည့်ဟူ၊တောင်းဆုယူသည်။ ။**မဥ္စူလေးခက် ဖြာစေသောဝ်။**

---

(၅၀) ပြည်-ဆံတော်ရှင်ဘုရားတိုင်ရတု

၁။ **ဘုန်းစက်လျှံလည်၊**ထွန်းရိပ်ခြည်သား၊ကိုးမည်မျက်စုံ၊ တောင်မြစ်ခုံထက်၊ သွန်းပုံရွှေစို့၊ ပေါက်ဘိသို့လျှင်၊ မျှိုမျှိုရွှန်းရွှန်း၊ သွန်းသွန်းသွယ်မြင့်၊ ကုံကုံတင့်သား၊ ဖလ်နှင့်သိင်္ဂ၊ ထောင်ဝန်းပသို့၊သကျဦးစွန်း၊ ဆံရှင်ပန်းကို၊ လွှမ်းမှန်းစိတ်ရည်၊ စက်သို့ လည်မျှ၊ ဖြစ်သည်အကြောင်း၊ ပန်လျှောက်တောင်းရှင့်၊ သိန်းသောင်းသော်တာ၊ ချမ်းဝါပြိုက်သေး၊ ဉာဏ်ရိပ်ပြေးသည်။ ။**ချစ်ရေးယူစေ ချင်သောကြောင့်။**

၂။ **ဆုန်းရက် ကြံစည်၊** ခုတောင်း သည်ကား၊ ကိုးမည်တောင်စွန်း၊ တောင်အဝှန်းနှိုက်၊ သန်ကျန်းလေတူ၊ မြင်းနှင့်ယူသည်၊ ေးကြူရှင်းရှင်း၊ ဝင်းဝင်းရည်ညီ၊ မဏိငွေလျက်၊ လဝန်းစက်သို့၊ မြရွက်ရှုမြိုင်၊ ညာစိုင်ညွှန့်ညောင်း၊ ကောင်းသားနိမိတ်၊ စိတ်နှင့်တပြေး၊ နတ်တို့ပေးသည်၊ မလေးမြင့်ရှည်၊ သည်ပန်း

မည်နှင့်၊ ဉာဏ်ခြည် ကွန့်ရှေး၊ ဖြည့်ဘိ သေးဟု၊ မြွက်လေးဖြစ်ငဲ၊ ဆက်ပန်တင်၍၊ မြည့်ချင်စေမြောက်၊ ကျွန့်ပ်လျှောက်သည်။ ။နှစ်ယောက်တူနေ ချင်သော ကြောင့်။

၃။ နှုန်းဘက်စံတည်၊ ရွှန်းရွှန်းလည်၍၊ မြစ်ခြည် ကင်းဝေး၊ငြိမ့်ငြိမ့်လေးသည်၊ငယ်သွေးပျိုမွှတ်၊ပြာညက် တွတ်ကား၊ ညိုးဆွဲတ်ပုံ့ပျူး၊ သူနှင့်ထူး၍၊ ရိုက်ကြူး ရင့်သွန်၊ မိုးနှောင်းစွန့်ဝယ်၊ ခြည်တွန် အုန်းအင်း၊ ခြေးခြေးညှင်းမျှ၊ ဝင်းဝင်းလျှံလျှံ၊ စက်ရောင်ပုံနှင့်၊ သာစံဖြည်းဖြည်း၊ နတ်တင့်ရည်း၍၊ ရုံးစည်းမိုးသား၊ ပြောင်းမည့်ကြွားက၊ ဝမ်းပါးဆွတ်ရှမ်းနှောင့်အလွမ်း ကို၊ မြည့်လျှမ်းဘုန်းဝါ၊ ကယ်ချွတ်ပါဟု၊ မချာနွေရက်၊ သံချိမြွက်သည်။ ။ချစ်ဘက်မူလေ ချင်သောကြောင့်။

---

(၄၁)မြည်-မုဇ္ဈေဘုရားတိုင်ရတု

၁။ ချမ်းဆောင်းလွန်လျှင်၊ ထက်တောင်းကင်က၊ မင်းလွှင်မှိုင်းဝန်း၊ ကျန္တင်းခန်းသော်၊ တသွန်းငုံကင်း၊ ပွင့်တုံလျှင်းက၊ ရွက်ဆင်း ရွှေရွှ၊ သပြေထပ်ရစ်၊ ပေါက်သစ်ဖူးဝါ၊ တမာစိမ်းနု၊ လဲ့လဲ့ယုသား၊ ရတု သာဖျား၊ ဖူးအုံ့သွားသည်၊ ခြောက်ပါး ခြည်ရောင်၊ တောက်ပြောင်ရဲရဲ၊ ပုလဲအာနီ၊ လုံးညီဖြိုးမောက်၊ မြေကပေါက်သို့၊ ကန့်အောက် ရပ်ခွင်၊ မုဇ္ဈေတွင် သည်။ ။ရှင်ပင်ကြည်ဘွယ် ရှိလှ၏။

၂။ နွမ်းယောင်းလှန်စင်၊ တောဝန်း ကျင်လည်း၊ မဆင်ရွက်ရင့်၊တောလုံးတင့်သား၊ရှင်ပင့်ဌာနေ၊သာမော



တွေကား၊ ယဉ်တွေမွှန်ရည်၊ ငါးမည်ကြာနှင့်၊ မွှေးပုံ့ လွှင့်၍၊ မှည့်ရင့်ဖက်ကျေး၊ ရှုံးဝေးသား၊ လည်ကွေး တောင်ပံ၊ ရှက်ကာရံသို့၊ ပျော်စံ စံးထိပ်၊ ဖျားဘို့ ရိပ်ဝယ်၊ ရှိပ်ရှိပ်လျှံဝါ၊ ရွှေထီးကာလျက်၊ တိမ်ပြာ လှစ်တွန်း၊ ထောင်နေမွှန်းသို့၊ ရွှန်းရွှန်း လည်ထက်၊ ဖြိုးဖြိုးပြက်သည်။ ။ဘဝဂ်ဝိဂန် ထိကြ၏။

၃။ ကျွမ်းဟောင်းမှန်ပင်၊ ကျွန့်ပ်ထင်ကား၊ခဲ့အင် လေမောမယ် သဘောမူ၊မုဇ္ဈေဘုန်းတောက်၊ငါးမာရ် ဖျောက်ကို၊ညွှတ်ခေါက်သံချိ၊ လျှောက်ပန်ဆိုအံ့၊ ပြာညို မွှတ်မွှတ်၊ သွယ်နွဲ့ညွှတ်လျှင်၊မလွှတ်ဆက်ဆက်၊ ဖူးမည် ရက်ကို၊ ရေတွက်ရာစင်၊ မြင့်ကြာတင်ခွဲ၊ မိခင်-ဘမင်း၊ သက်နှင်းဆယ်ပြန်၊ ခွေ, သန်, ဆောင်းစပ်၊ ကဲလွန် ထပ်မျှ၊ တပ်တပ်မပွက်၊ ရိပ်ကာမြွက်၍၊ ချောညက် ငယ်သူ၊ ပါဘိမူသည်။ ။အတူကျွတ်ဘော် ညီရ၏။

---

(၄၂) မုတ္တမ-*မြင်းနတ်ဘုရားတိုင် ရတု

၁။ မြင်းမိုရ်နှင့်သာ၊ တောင်တကာလည်း၊ နှိုင်းရာ မဲ့ဘူး၊ သွယ်မြင့်ဖြိုးသား၊ သိမ့်းမျက်ခြည်၊ တိမ်သို့ သည်လည်း၊ ပတ်လည်ရေးရေး၊ နိမ့်လျက်ပြေး၏၊ ထစ်ကြေးမြင်းစွာ၊ မိုးတိရွာလည်း၊ ထက်မှာမကျ၊ မြေကလွှင့်တက်၊ သကြားသက်၍၊ တံမျက်လှည်းနေ၊

---

* မြင်းနတ်ဘုရား– ဟူသည်ကား "ကျောက်, မြ, နှာ် ဟူသော မွန်စကားရင်းဖြစ်သည်၊ "ကျိုက်, ဗရဲ, နတ်" ဟုအသံထွက်အောင် ဘတ်ရသည်၊ ကျောက်=ဘုရား၊ မြ= မိန်းမ၊နှာ်=နဂါး၊ +နဂါးမိန်းမ ဘုရားဟုလို၊

သမုဒ်ရေဝယ်၊ စီးလှေသဘော်၊ လွှင့်မြှိန် မျောလည်း၊ ရှင်စောရှိရာ၊ သစ္စာဆုယူ၊ ဓိဋ္ဌာန်မူက၊ ရည်လှူပူဇော်၊ ခြေရင်းတော်သို့၊ ဖူးမျှော်မျက်မှောက်၊ ချက်ခြင်းရောက်၏၊ ကင်းပျောက်ဗျာပါ၊ ပြင်းတေဇာနှင့်၊ သဉ္ဇာသောင်းမြတ်၊ ကျွန်းလုံးပတ်သည်။ ။**မြင်းနတ် ကောင်းကင့်တမ်းခွန်သောဝ်။**

၂။ **ဝင်းညိုရင့်မာ၊** တောတကာလည်း၊ သန္တာပြောင်းလဲ၊ ရှိမ်ရှိမ်စွဲ၍၊ ဆံခွဲငုံမြေ၊ တောင်လေပျံ့ပျံ့၊ ရနံ့ထက်ဝှန်၊ မွှန်သားအတူ၊ ခေါ်မူ ရင့်ကြွေး၊ သားမြေးကြူးစ၊ ထိမျှမိုးသား၊ ရတုခြားဝယ်၊ သကြားဓိမာန်၊ ဝေဇယန်၏၊ ထိပ်စွန်အဖျား၊ ပဇ္ဇုမြားနှင့်၊ များများမဝေး၊ တပြေးတည်းပင်၊ တိမ်မြွှစင်က၊ မြင်တိုတပ်တပ်၊ လျှပ်လျှပ်ညီးညီး၊ ဘုန်းမီးစက်ပတ်၊ ကေသာခတ်ကို၊ ရှိညွှတ်စုံမက်၊ ဖူးရခက်ခဲ၊ ခွေရက်ရှင်ရှင်၊ တန်းခုးတွင်နှိုက်၊ မှတ်ထင်တွေးချွတ်၊ သာတုလွှတ်သည်၊ ။**နှင်းဆွတ်ဆောင်းနှင့် ချမ်းဟန်သောဝ်။**

၃။ **နှင်းကိုလွှင့်ခွါ၊** တောင်လေလာက၊ စိမ်းဝါမိုးပန်း၊ ရာသီသွန်းဝယ်၊ မယွှန်းနေ့ရက်၊ ခန့်တွက်တိုင်းပင်၊ မြည့်စေချင်စွ၊ လျှပ်သွင်စကြာ၊ **အဝါ**ညီးညီး၊ ဆောင်ထီးကိုယ်ပါး၊ ကြာနားပန်းတင်၊ ခုံမြင်ကြွားကြွား၊ ပျံ့သွားဘွယ်လိ၊ ထင်မိမူးမော်၊ ဆံရှင်ကျော်ကို၊ ရှေ့လျှော်ချပ်လွှာ၊ မြည္ဍာလျှံမြွီး၊ သာနိုးဖိုင်မြည့်၊ ညှိ့သည့်ပျူဟာ၊ ကွမ်းယာ-လက်ဘက်၊ ရှိပန်ဆက်၍၊ မြာညက်ညိုထွတ်၊ သွယ်မွတ်သိပ်သည်း၊ ကြင်ဘွယ်



ချည်းကို၊ လွှမ်းလည်းမရှင်၊ ဖူးလွှယ်ချင်ဟု၊ ရည်ထင်စိတ်ပြတ်၊ တောင်းဆုမှတ်သည်။ ။**ဝင်းလတ်နှောင်းမြင့်ကျွမ်းရန်သောဝ်။**

---

### (၄၃)မုတ္တမ–မြင်းနတ်ဘုရားတိုင်ရတု

၁။ **ကျော်စောလှည့်ရာ၊** လူတကာတို့၊ ဗျာပါဟူကာ၊ မရှိရတည့်၊ ခဏမချာ၊ ဉာဏ်စကြာဖြင့်၊ ဗျာပါချေချွတ်၊ ချက်ခြင်းကျွတ်သည်၊ မြင်းနတ်မည်မွှေး၊ မိတည်းရွှေး....။ အရေးအရာ၊ မှာမှာမသိ၊ မျက်စိလိုလိုက်၊ လည်နှိုက်ရင်ခွင်၊ တင်တွင်မလွှယ်၊ ရှေးကဝယ်လျှင်၊ စံပယ်ရှင်ပျော်၊ ဖျော်လည်းဖျော်လျက်၊ စုံမက်ကဲဆ၊ သက်ကိုမျှလည်း၊ ကြွင်းရမထား၊ ထွေပြားမထင်၊ ဘယ်နတ်ရှင်သည်။ ။**သို့စင်လေးမြတ် ချေမိသည်။**

၂။ **ယောင်ဓောမြည့်ပါ၊** သို့ခြင်းရာကို၊ သစ္စာမြင်းမိုရ်၊ ရှေးကကိုလည်း၊ မဆိုလည်းဝုံ၊ ဆွတ်ဆွတ်ပုံ့မျှ၊ ချောညံ့မြှဆွတ်၊ ဆယ်ကြိမ်ချွတ်**သည်**၊ တုလွှတ်ထွေထွေ၊ ထိုမျှရှေ့လည်း၊ နှိုင်းပေမထင်၊ လက်ဝါးပြင်ထက်၊ ထားတင်ပေထိုက်၊ ရောင်မြိုက်သရေ၊ မြစ်ကွေ့လွှတ်စည့်၊ မျိုးဘုန်းပြည့်ကို၊ နတ်၏အမြစ်၊ ပြန်ရောက်လစ်ဟု၊ စင်စစ်မြွက်ဖေါ်၊ ဆိုမိသော်လည်း၊ တွေးခေါ်မဲ့တောင်း၊ ဆယ်ပြန်လောင်းသည်။ ။**ကြီးကြောင်းတွေးမှတ် ဘွေညိုသည်။**

၃။ မြော်မြောကြည့်ရှာ၊ ရှေးကြမ္မာကြောင့်၊ မေတ္တာဆင့်ထပ်၊ စိတ်မလပ်တည့်၊ တိမ်းမပ်မူးမော်၊ နတ်တို

ဖျော်သော်၊ မပျော်မပါး၊ ဆိုကြွားထင်ချွတ်၊ စိတ်ပျုံ့လွတ်၍၊ နန်းထွတ်စိုးမွှး၊ သက်ကုန်ဘူးသို့၊ အကျူးအလွန်၊ ဆယ်ပြန်ဆယ်ဆ၊ ရက်,လရှည်ဝေး၊ မတွေးနိုင်ပင်၊သခင်အစစ်၊ မဖြစ်ဖြစ်ခအောင်၊ ရည်စောင်ခွေပတ်၊မတတ်သာလှ၊ လွန်ကြောင့်ကြလျက်၊ မရကြံစည်၊ ရက်ကြူးလည်သည်၊ ၊နေတည်ဝေးတတ်လေဘိသည်။

---

## (၄၄)တင်သာဝတီ-ရွှေ*မော်ဓောဘုရားတိုင် ရတု

၁။ **မော်ဓောမှုရှင်၊** ကျွန်းလုံးထင်သား၊ ကောင်းကင်မိုးမြေ၊ဆူဝေဘဝင်၊ အောက်ထက်ရပ်သူ၊နတ်,လူ,ဖြဟ္မာ၊ သဒ္ဓါဆွတ်ဆွတ်၊ စုံမက်ညွတ်မျှ၊ ပုံခတ်လုံးညီ၊ အာနိစံကျွန်းသတိသွန်းသို့၊ ရွှန်းရွှန်းပြောင်ညီးနေနှင့်နီးသား၊ရွှေထီးခြောက်ခံ၊မဏိရံလျက်၊နှိုင်းစံဘက်ကင်းသုံးလူ့မင်းကို၊ ကြောင်းခြင်းပြန်ခေါက်၊ နားတော်လျှောက်အံ့၊ ကြင်လောက်စံတည်၊ မယ်တို့ပြည်သို့၊ ရက်ရှည်မကျူး၊ ဆောင်းမကူးသည်။ **၊နွေးဦးမပျံ့ပြန်စေသော်။**

၂။ **ကျော်စောမြေပြင်၊** ထိန့်ထိန့်ရှင်မျှ၊ ဥကင်ထွတ်ထား၊ လူသုံးပါးတို့၊ ညွတ်တွားနှိမ့်ချ၊ လျှောက်

---

* မော်ဓောဘုရား ဟူသည်ကား "ကျောက်, မောက်, တ်"ဟူသော မွန်စကားရင်းဖြစ်သည်၊ "ကျိုက်,မူး,တား"ဟု အသံထွက်အောင် ဘတ်ရသည်၊ ကျောက်=ဘုရား၊ မောက်=ပေါ်သည်၊ တ်=နေသည်+ပေါ်နေသည့်ဘုရားဟူလို။ရွှေမော်ဓောတည်ရာကုန်းထိပ်ကိုရည်သည်၊



သမျှကိုးကြောင့်ကြမဲ့စေ၊ ဖြည့်တတ်ပေသည်၊ သမြေဇမ္ဗူ၊လူတို့စိတ်ဝမ်း၊ နားနှိုက်ချမ်း၏၊ အားရမ်းသာမြောက်၊ ကျွန်ုပ်လျှောက်အံ့၊ မြိုင်ထောက်မဆွယ်၊ ညွတ်ညွတ်သွယ်သား၊နတ်နွယ်တုကင်း၊ဆွေစိုးမင်းနှင့်၊ ထည်ချင်းပိုက်ခြုံ၊ ရိပ်မြုံတူကျွ၊ ခွဲမှီရခအောင်၊ မစသိမ်းပိုက်၊ ဖြည့်ပါလိုက်လေ့၊ ကြင်ထိုက်နောင်ဘို့၊ ပြာချောညို့သည်။ **၊သူ့သို့မရှုံ့ ရန်စေသော်။**

၃။ **မျှော်မောပေချင်၊**နွေတိုင်းပင်တည့်၊လည်တွင်ဆွဲးရစ်၊ ရွှေပွင့်သစ်သို့၊ အချစ်ဆက်ဲး၊ တလဲးလဲးလျှင်၊ မခွဲးတို့ရ၊ ရက်,လ ဖြင့်ရှည်၊ လွမ်းသည်နှင့်သာ၊ဗျာပါထပ်လောင်း၊မြစ်ကြောင်းခရီး၊ မနီးဝေးမြေ၊ စုန်ရလေသော်၊သရေရခတ်၊ မြတ်သည့်ဖုန်စင်၊ ရှင်ပင်ကျော်စော၊ မော်ခေါတွင်၍၊ စေ့စေ့စိတ်ကြည်၊ တောင်းရသည်လည်း၊ ပြည့်မည်ထင်ဘိ၊ လာကျိုးရှိ၏၊ ပန်းတိမ့်မြိုင်ခေါ်ရှည်မလွှင်ခင်နှိုက်၊ မင်းလွင်သစ်လောင်း၊ခြောက်,တောင်ပြောင်းသည်။ **၊လေညောင်းမဆုံဆန်စေသော်။**

---

## (၄၅) သံလျင်-ကျိုက်ခေါက်ဘုရားတိုင်ရတု

၁။ **တပြည်ထောင်ပင်၊** ကျော်စောထင်သား၊သံလျင်ဟူသည်၊ ဆက်ရှည်ပြဌာန်း၊ ရွှေနွှန်းနေမှတ်၊ ပြည်တုလွတ်မှ၊ စွန်းမြတ်နှစ်ထောင်၊ ပြန်တာဆောင်သား၊ နှစ်မြောင်ရိပ်ယှဉ်၊ အနန်းစဉ်နှင့်၊ ဗဲကြဉ်နေဝါ၊ ပုရှိန်ကာလျက်၊ သာသည့်လမ်းမ၊ ဖြူဆွသလင်း၊ ငွေပြားခင်းသို့၊ ပုံ့ရှင်းရဂုံ၊ စုံလည်းနှိုးနှော၊ တောလည်းဝန်းကျယ်၊ ပင်လယ်သမုဒ်၊မိုးကုတ်ကျောက်ခံ၊ မင်းစံ

တောင်ညွှန့်၊ ဌာနသန့်ထက်၊ ကြီးဇွန့်အာဏာ၊ ဘုန်း
တေဇာနှင့်ခြောက်ဖြာရောင်ခြည်ပတ်လည်လျှံတောက်၊
ရှုမစောက်သည်။ ။**ကျွတ်ခေါက်မည်ပင် မွေ့ဆံရှင်။**

၂။ **အခြည်ရောင်တင်**၊ဘုန်းဉာဏ်ရှင်မှု၊ကောင်းကင်
နိုးလယ်၊လျှံနှယ်ပြိုးပြက်၊ နေလထွက်သို့၊သောင်းချက်
ဇမ္ဗူ၊လူတို့ဗျာပါ၊ငြိမ်းအောင်ရှာသည်၊သီတာရစ်သန်း၊
မင်းဝံစွန်းထက်၊ ကြွင်နှမ်းမှန်ကင်း၊ သုံးလူ့မင်းကို၊
သတင်းစကား၊ ကြားသည်နှင့်သော်၊ ရှင်ပျော်စုံမက်၊
ဖူးရတွက်မူ၊ တိုးတက် ဆယ်ဆ၊ လွန်မောလှ၏၊
ဌာနမြတ်ခွန်၊ စုန်ဆန်ဖျားရေ၊ ရှင်တော့်မွေ့ကို၊
ရှိသေညွှတ်ကြည်၊ လျှောက်သည်တမူ၊ နောင့်ကြင်သူ
လျှင်၊မဥ္ဇူဩရ၊ မွေ့မွေ့ပျသား၊ ပဥ္စကလျာ၊ မြတ်ပျူ
ဟာနှင့်၊ခြင်းရာတည်ကြည်၊ ငါးမည်အင်ခြောက်၊ ကြင်
ပေလောက်သည်။ ။**မှတ်ကျောက်ရည်ထင် ရွှေစံပင်။**

၃။ **မရည်စောင်ခင်**၊ဖြိုတ်ခြည်းလျှင်တည့်၊ကောင်း
ကင်အာကာ၊သော်တာမြူးပုံ၊သန်းခေါင်ယံနိုက်၊ဝေးလံ
မြေရှည်၊ ချိရမည်ကြောင့်၊ ဆောက်တည်စုံမက်၊ ကြင်
သက်စုနှင်း၊ လှမျှားမင်းကို၊ မယွင်းပိုက်ချုပ်၊ ကျွန်ုပ်
စေ့မျှ၊ မြွက်ဟကြောင်းဝန်၊မပြန်ရလေ၊ မြစေ-ပဝင်း၊
ခြေတော်ရင်းသို့၊ လျှင်မြင်းဖူးမြောက်၊သာကြည်ရောက်
သော်၊ပေါက်ပေါက်ပန်းမွှန်၊ တမ်းခွန်ထီးဖြူ၊ တင်လျှ
စရာ၊ မပါခဲ့ရ၊ အောက်မေ့ကာမူ၊ ရာမခေါ်မှန်း၊ပန်းတု
ကျွန်းကို၊ ရည်ညွှန်းနောင်ဘို့၊နတ်တို့စီရင်၊ ပွင့်သည်မြင်
က၊လှမ်းငင်ဆွတ်ချူ၊လက်ဆောင်မှု၍၊ ဆုယူကြည်ယုံ၊



ကိုးကွယ်ပုံသည်၊ ကြေးမုံမျက်ပွင့်၊ စောဘုန်းရင့်လျှင်၊
နောင်နှင့်မယ်အား၊နှစ်ပါးစုံပေါင်း၊ပျော်ရကြောင်းကို၊
သံညောင်း သာလျှောက်၊ ဆုသစ်လျှောက်သည်။ ။
**ညွှတ်ရောက်ကြည်လင် ထွေသံတင်။**

---

### (၄၆) သံလျှင်-ကျိုက်ခေါက်ဘုရားတိုင်ရတု

၁။ **သာထွတ်ဆက်ရှည်**၊ ရွှေမင်းတည်သား၊ ယဉ်
ကြည် ရော၊ သီတာရစ်သန်း၊ မင်းဝံစွန်းနိုက်၊ မွှေ့ခွန်း
ခေါ်တွင်၊ မိနတ်ရှင်၏၊ သံလျှင်ဟူသည်၊ နေသားမြည်
နှင့်၊ နှစ်မည်ထောင်ကူး၊ တောင်စူးစူးဝယ်၊ မပုံးနေ
ရောင်အနန်းမြောင်နှင့်၊လမ်းဘောင်နှစ်ဘက်၊ ငွေပြား
လျှက်သို့၊ ပင်ထက်သီးဆိုင်း၊ အင်တိုင်းသာစံ၊ မင်းစံ
တောင်ငုတ်၊ သမုဒ်ရော၊ ဆိုလှာပေါင်းရှက်၊ပင်လယ်
ချက်ဝယ်၊ အောက်ထက်နတ်လူ၊ ဇမ္ဗူဇွန်ပေါက်၊ထိန်
ရိုက်ချောက်သည်။ ။**ကျွတ်ခေါက်ကျော်သည်း မဆံ့
သောဝ်။**

၂။ **ရွှာဆွတ်စက်လည်**၊ ဘုန်းမိုးရည်ဖြင့်၊ သုံးမည်
လူနတ်၊ ငြိမ်းစေတတ်သည်၊ ဆံဓာတ်ရတနာ၊ ရွှေသာ
လျှံညီး၊ တောင်လုံးစီးမျှ၊ တိမ်မီးတောက်ပုံ၊ထွတ်ဘုန်း
လျှံကို၊ ဝေးလံမြေရှည်၊မရည်စောင်ခင်၊မြင်လျှင်စုံခိုက်၊
နှစ်ခြိုက်ဝမ်းမြောက်၊ ညွှသည်လျှောက်ဖြင့်၊ ပေါက်
ပေါက်ပန်းစိုင်၊ ကိုယ်တိုင်ဗိတာန်၊ တမ်းခွန် ဆောင်
လျှက်၊ ရမည်ခက်ခဲ၊ ဖြူရွက်ဆွတ်ဆွတ်၊ ဆံကန္တတ်၍၊
စိတ်ပြုတ်ကြည်လင်၊ ဆက်လှူတင်မှ၊ ရည်ထင်ဆုယူ၊

နှောင့်ကြင်သူကြောင့်၊ သည်းအုဖွန်ခြောက်၊ ကြွနှယ်ခေါက်သည်။ ။**ညွတ်လျှောက်တော်နည်း မတုံ့သောဝ်။**

၃။ **ရှာပတ်ဘက်ရည်၊**မြန့်ကျွန်းစည်တွင်၊ မြိုင်မည်မဲ့ လျှင်း၊ တုလွတ်ကင်းသား၊ ပ-ဝင်းမိုးခေါင်၊ လနှယ်ပြောင်သည်၊ ညိုရောင်မနှောင့်၊ သခင့်ကြောင့်တည့်၊ ဖူးခေါင့်ဖူးခဲ၊ ကျူးရှဲ့မြေတာ၊သည်မှာကြီးကုပ်၊ကျွန်ုပ်စုံမက်၊တောင်းခေါက်ရက်လျှင်၊ ဘုန်းစက်ပျံ့မွှေး၊ ဖြည့်ပါသေးလော့၊ မြစ်ကျွေးသောင်ရှည်၊ ကျွန်းစည်ပြင်ခဲ၊ ဆန်ရောက်ခဲ့စွ၊ သစ်ဆဲးဆောင်းစွန်၊ နွှေရောက်ပြန်လည်း၊ ချစ်ရန်မဘောက်၊ ကြင်ပေလောက်သည်။ ။
**နတ်အောက်သော်လည်း မညံ့သောဝ်။**

---

(၄၇) ဟင်္သာဝတီ-*ဒေးရှန်းဘုရားတိုင်ရတု

၁။ **တက်ထွန်းဝင်းပြောင်၊** ဥက်စက်ရောင်ဖြင့်၊ မြန်ဘောင်တုကျွန်း၊တိုင်းမဲ့ထွန်းသည်၊ဒေးရှန်းရှင်ချစ်၊ မွေးတော်စစ်...၊ ဆွေနှစ်မျိုးရင်း၊မယ်တော် မင်းလျှင်၊ လွှမ်းခြင်းပြေပြေ၊ စီးတော်လှေကိုစံ၊ ရွှေမြဆင်း၊ နိဝင်းသင်းချော၊လွှင့်လမော်၍၊တူလျှောထပ်ဆင့်၊ သလင့်းပမာ၊နာရကာနှင့်၊ ရွှေဝါဝင်းလျှံ၊အောင်လံလူလူ၊ ရွှေချူညောင်ရွက်၊ ချယ်လျက်စီပြီး၊ မွတ်တီးငြင်း,စောင်း၊

* ဒေးရှန်းဘုရား-ဟူသည်ကား၊"ကျာက်,ဒုံ,အရှန်" ဟူသော မွန် စကားရင်း ဖြစ်သည်၊ "ကျိုက်, ဒေး,အရှန်း"ဟု အသံထွက်အောင် ဘတ်ရသည်။ ကျာက်=ဘုရား၊ ဒုံ=တောင်။ အရှန်=ရဟန္တာ၊ ×ရဟန္တာတောင်ဘုရားဟုလို၊



ပုံ,မောင်းနှရည်း၊ ရိုက်ကြည်းကြူးဒိုင်၊ တက်လေးကိုင်၍၊ နိုင်းပြိုင်မဘောက်၊ ဖူးချင်ရောက်သော်၊ ထိပ်လျှောက်မျော်ပိုက်၊ ရောင်ငြိမ့်မြိုက်က၊ မှာလိုက်သံခြေ၊ ဆုယူတွေ့မူ၊ စိတ်စေတနာ၊သဒ္ဓါကြည်လင်၊ပြည့်စေချင်စွ၊ ခေါ်တွင်ပတ်ဝန်း၊ သောင်းလုံး ထွန်းသည်၊ ။
**ဒေးရှန်းသုံးလူ့ ထွတ်တကား။**

၂။ **ဘက်ကျွန်းကင်းရှောင်၊** ထွတ်စံခေါင်က၊ မိန့်တော်စကို၊ မွေးဘတူရင်း၊ သက်လုံးနှင်းသည်၊ ပြဝင်းငြိမ့်ကြည်း၊ ဆွေနှောင့်နည်းလျှင်၊ မယ်လည်း-လင့်က၊ မောင်လည်း-ကြာခဲ့၊ သည်ဝါလလျှင်၊ ဒေးရှန်းခွင်နိုက်၊အခါကြိုက်၍၊ပြိုင်ထိုက်လွတ်ရှား၊ ပန်းစကားကို၊ လက်ဖျားသန္တာ၊ အသာခွေမြောက်၊ ရွှေး၍ကောက်မှ၊ ရွက်လျှောက်တင့်မြောင်၊ ကန်တော့ခြောင်ဝယ်၊ ပြည့်အောင်သီပြီး၊ အုံ့ရှိုးစလောက်၊ ယွန်းပေါင်ပြောက်နှင့်၊ ထပ်လျှောက်မေတ္တာ၊ ပို့ရလှာသား၊နိုင်းရာပြိုင်ကျွန်း၊ လွန်ထူးဆန်းသည်၊ ။**ဒေးမှန်းကုံးတု လွှတ်တကား။**

၃။ **ထက်နန်းလင်းရောင်၊**မြင်းမိုရ်တောင်နိုက်၊ဘက်ရှောင်လွတ်စင်၊ လုထွတ်တင်သား၊ ငါးအင်ကလျာ၊ သုဇိတာလျှင်၊ ရှိပါသော့အား၊ မပြားနိုင်းဆ၊ တုမောလှ၏၊ လောကသုံးခွင်၊ ဆွေသခင်ကို၊ မမြင်နှစ်ယောက်၊ ပြိုင်မျိုးပျောက်သား၊ လျှံတောက်ရှိမ်းလတ်၊ နှဲ့နှဲ့ညွှတ်မူ၊ တမွတ်ထားပိုင်၊ စံခေါင်တိုင်၍၊ ဇကြိုင်လှိုင်ပျံ၊ မဥ္ဇူသကို၊သီလစောင့်ကြပ်၊ နိုင်းရာလပ်သား၊ သောင်းရပ်စကြ

ဝဋ္ဋာ၊ တခန်းဝါနိုက်၊ ဘက်ရာပြိုင်ကျွန်း၊ လှခေါင်ထွန်းသည်။ ။လေးကျွန်းလုံးသူ့ နတ်တကား။

---

(၄၈) စင်းမယ်-မြသိန်ဘုရားတိုင် ရတု

၁။ မရှိနှစ်ဆူ၊ တန်းခိုးဟူကာ၊ နတ်လူချီးအုံ၊ လုံးလုံးပျံ့သား၊ အလှူ့ဘုန်းရှိန်၊ တောက်လျှံထိန်သည်၊ မြသိန်မည်ခေါ်၊ ဆင်းရုပ်ကျော်....၊ ရှင်တော်ကိုပင်၊ ဆိုလည်းမချွတ်၊ မြာသာဝစ်ရွှေစင်၊ ပလ္လင်တံကဲ၊ လိုက်နန်းထဲကာ၊ ရဲရဲထွန်းစက်၊ မြွက်မည်ဆောဆော၊ ဟောလသော့သွင်၊ စိတ်တွင်ယူးယူး၊ ပီတိနူးမျှ၊ ရှိဦးထိပ်ပြင်၊ ရွက်ကျုံးတင်လည်း၊ လက်ငင်ဆုယူ၊ တောင်းသည်မူကား၊ အတူကျွတ်ဘော်၊ မမြော်နှောင်သာ၊ စစ်တာမြေဝေး၊ ယွန်းပြည်ကျေးကာ၊ ရေးရေးအောက်မေ့၊ ရှင်ချစ်ရွှေဝယ်၊ ခွေ့ခွေ့-တရှု၊ စုံဘိမူကား။ ။အတူမယ်နှင့် တောင်းရ၏။

၂။ တစိလျှစ်လျူ၊ တဆံခြုံမျှ၊ မျိုးတူကျွမ်းဝင်၊ အိမ့်ရှင်အစ၊ ဖြစ်သော်ကလျှင်၊ ကြင်စဝေသက်၊ ကယ်ပက်ထဲးသန်၊ လှန်သည်တရစ်၊ မဖြစ်ကြဘူး၊ ရွှေနှယ်ဦး၍၊ ရှုးမူးညွတ်တိမ်း၊ သွယ်ပြိုက်ရှိမ်းမျှ၊ ထစ်ခြိမ်းမိုးသား၊ ဝမ်းပါး-ဝမ်းကွဲး၊ ဆင့်ကဲးတွေလည်၊ ဆော်လသည်ကြောင့်၊ မတည်ဘူးကျင်၊ မြင့်ကြာတင်ခဲ့၊ ရှင်ပင်မွေစစ်၊ ကျွန့်ပ်ဖြစ်ကို၊ မိချစ်တို့နေ၊ ရပ်ရွှေမြေသို့၊ မိုးလေမထောင်း၊ ရောက်လွယ်ကြောင်းကို၊ ဘုန်းပေါင်းသကျ၊ ဘန်ဆင်းမလော့၊ ရှုတလှည့်ကာ၊ မယ်နှင့်ကွာ



မူ၊ ဇျာပါထပ်လောင်း၊ ကြာသို့ညောင်းမျှ၊ ထည်ပေါင်းပိတ်ခြုံ၊ ချမ်းမြိုးပုံသည်။ ။မစုံရွှေရင် ညောင်းလှ၏။

၃။ သတိချစ်လူ၊ မျိုးအိမ်သူနှင့်၊ အတူယှဉ်နှဲ့၊ ပျော်ကြမြိုးကို၊ ခဲးပွင့်ပန်း၊ ဆောင်းစွန်းအစ၊ တန်းဆောင်ကပင်၊ ရင်မျှမပေါင်း၊ လွမ်းဟောင်းမပြေ၊ တွေတိုင်းဘွေ၍၊ သမြေကျွန်းဘောင်၊ ပတ်ကုံးအောင်လည်း၊ ဘုန်းခေါင်ဘုရား၊ ပျော်ပါးသာရှင်၊ စစ်သာဘင်ဝယ်၊ သို့စင်ညောင်းညာ၊ မပြန်ကြာသော်၊ ဥဏ်ဝါထွန်းချုပ်၊ ရှင်တော်ရုပ်လျှင်၊ ကျွန့်ပ်သက်ဝေ၊ ပုလိမ့်တွေကို၊ ဟောဖြေခုပင်၊ ကျွတ်လွယ်လျှင်လော့၊ ညီစင်မြာလတ်၊ သွယ်နွဲ့ညွတ်ကြောင့်၊ ဆုမြတ်ကြည်စွာ၊ တောင်းပန်တွာသည်။ ။ဇျာပါဆွတ်ပျံ့ ပျောင်းပျ၏။

---

(၄၉) ဟင်သာဝတီ* ရွှေဒဂုံဘုရားတိုင် ရတု

၁ ။ဒဂုံမွေရှင်၊ သိင်္ဂုတ်တွင်နိုက်၊ ရှင်ပင်သစွာ၊ ပွင့်သောခါဝယ်၊ ခြောက်ဌာနလွန်၊ တဖန်ရက်စွေ၊ ပြည့်သည်နေ့နိုက်၊ ကြိုတွေလျှင်းအောင်၊ မြတ်ညီနောင်လျှင်၊ ရည်စောင်ကြည်ဖြူ၊ ပျားဆုပ်လှူ၍၊ မဋ္ဋုဆံမွေ၊ ကိုးကွယ်စေကာ၊ ထိပ်ဖွေဆောင်ရွက်၊ သည်တောင်ထက်ဝယ်၊ ကျိုက်ပွက်ကြည်ညာ၊ ကျော်ဂုန်ဝါသား၊ ဌာပနာ

---

* မှတ်ချက်၊ ''ဒဂုန်'' ဟု= 'န' သတ်နှင့်လက်ာ,မော်ကွန်း,ဧချင်းအရပ်ရပ်တို့၌ရှိသော်လည်း၊ ဤရတုဦးရေ(၅၀)ချွေသာလျှင်-ချီ၊ ရတုတွင် ''ထွင်မည်ဒ 'ဂုံ'၊ လှနတ်ယုံသည်၊ ကြေးမုံရတနာ၊ မြဲဆံကြာကို'' ဟု၍ စပ်ဆိုသောကြောင့် နဝဒေးကြီး၏အာဘောဂအတိုင်း ''ဒဂုံ'' ဟု-သေးသေးတင်နှင့် ထားလိုက်သည်။

တွေ၊တည်ခဲ့ပေသည်၊ဆံမွှေးရှိုးစု၊သဗ္ဗညုကို၊ယခုဆောက်တည်၊ တောင်းဆုရည်သည်၊ **၊ပြည့်မည်ခန့်စီ ရင်စေသောဝ်။**

၂။ **မစုံပေချင်၊** ချက်တွေ့မြင်က၊ ရှေ့စင်စတောမြေကဖြိုးမောက်၊ပေါက်တို့သည်လော၊တွေးတောမူးမော်၊ အောက်မေ့သော်မူ၊ ရှုမြော်မရဲ၊ တလဲးလဲးလျှင်၊ မစဲးမည်၊ ရွှေတိလျှံမျှ၊ ပတ်ရံညွန့်ဝန်း၊ ခပ်သိမ်းပန်းလည်း၊ ရန်းရန်းရစ်ရစ်၊ ခေါက်နစ်သွယ်ဆင့်၊ ကုံးခြွေခင်တင့်လျက်၊ စွင့်စွင့်သပ္ပါယ်၊ တောင်ထိပ် ကျယ်ထက်၊ ပင်လယ်ထုတ်သန်း၊ ဝင်းဝင်းထွန်းမျှ၊ ဝေးလွန်းခရီး၊ မြင်သော်နိုး၏၊ မဆီးမိုက်ဂွန်၊ ရှင်တော့် ဟန်ကို၊ တောင်းပန်ခန့်တွက်၊ ပြည့်မည်ရက်သည်။ **။နေတက်၏့သို့ လျှင်စေသောဝ်။**

၃။ **အဟုံလေလျှင်၊** ပီတိရှင်၍၊ ရောက်ချင်ဆွတ်ဆွတ်၊ ဇွဲထိပ်ထွတ်နိုက်၊ လူနတ်တို့၏၊ စိတ်ကိုဖြည့်သား၊ ရွှေမှည့်မင်းစံ၊ အလျှံခြောက်ပါ၊ ရှင်တော့်စားကို၊ အသွားတဖန်၊ အပြန်တခါ၊ သဒ္ဓါဆုယူ၊ တောင်းသည်မူကား၊ စင်ဖြူသဘော၊ မြတ်ဓမော်ျးမည်၊ တည်ကြည်လျှောက်ပတ်၊ ညက်မွတ်လျှီး၊ ကြာဝယ်ကြီးသို့၊ မနီးပြစ်ဆို၊ ပြာလဲ့ညှိနှင့်၊ တကိုယ်ရစ်နှောင်၊ ပျော်ရအောင်လျှင်၊ ဉာဏ်ရောင်စက်ခြည်၊ ဖြည့်ပေသည်ဟု၊ လူ့ပြည်မိုးမြေ၊ ကျော်ဇွန်စေလော့၊ တင့်နေမူယူ၊ လှမျိုးဟူက၊မည်သူမပေါင်း၊စံဖြစ်ကောင်းသည်။ **။ရှင်နှောင်းနောင့်သ ခင်ပေသောဝ်။**

---



(၅၀) ဟင်သာဝတီ-ဂုံဆံတော်ရှင်ဘုရားတိုင် ရတု

၁။ **ဇမ္ဗူသာလျှင်၊**ဂိဝါရောင်ခြည်၊ ရံဝန်းလည်၍၊ တွင်မည်ဘဂုံ၊ လူနတ်ယုံသည်၊ ကြေးမုံရတနာ၊ မြဆံကြာကို၊ ပန့်ထွာရအောင်၊ ယူချေဆောင်မှ၊ ညီနောင်သမုတ်၊ သည်တွင်ထုတ်၍၊ သိဂုတ္တရ၊ ဟေမတောင်ညွန့်၊တောင်မြတ်စွန့်ထက်၊ ပယ်ဟန့်နေဝါ၊ ကိုးမည်သာတည့်၊ ဂိဝါရည်ရှင်၊ မကိုင်ဆင်သည်၊ သဘင်လွန်ကဲး၊ကန့်တော့ပွဲးဝယ်၊ ပျံ့ဝဲးတိမ်ထွတ်၊ ဇောတိရည်သို့၊ နိုင်းလွတ်နိုင်ရာ၊ လူထွတ်ချာကို၊ ကြမ္မာညွန်မြဲမြင်ပါရသည်။ **၊ဟင်သာ့ကြက်သ ရေတကား။**

၂။ **ဆံမြူမြှာလျှင်၊**တင့်ဆင်းပြင်မှ၊ ကြာတွင်လတ်လတ်၊ ယူချေဆွတ်သို့၊ မင်းဝတ်စံထိုက်၊ ရှန်းရှန်းဖြိုက်သား၊ နတ်နိုက် သိင်္ဂါ၊ ဥါဒရာနှင့်၊ မလ္လာသူရပ်၊ တိုင်းကဖွပ်သည်၊ ပန်းသပ်ကြိုင်စွာ၊ ကျည်းခါသာကို၊ စွန်းပါရစ်သိုင်း၊ ကန်တော့ဆိုင်းမှ၊ တင့်နိုင်းလည်ဝယ်၊ ဘယက်သွယ်နှင့်၊ နားဝယ်မျက်နှစ်၊ ဇမ္ဗူရစ်တီ၊မြစ်စုဋ္ဌာ၊ ဆံကေသာလည်း၊ ညိဝါရံဆိုင်း၊ ရှေ့နောက်သိုင်း၍၊စံနိုင်းဘက်ကျွန်း၊ဇောဘုန်းထွန်းသို့၊လေးကျွန်းလုံးမှ၊ပတ်မျှရှာလည်း၊စကြာပုံကြွ၊ဘွေမရသည်။ **၊မြင်ရခက်ပ ခြေတကား။**

၃။ **ကြံယူခါလျှင်၊**ဆက်တိုင်းပင်တည့်၊ သည်လျှင်အသက်၊ ကိုယ်မထွက်တည့်၊ နှင်းဆက်နှင်နှင်၊ ချစ်ခေါင်တင်၍၊ ပည်းမြင်ထောင်ရာ၊ ကမ္ဘာဘာကမျှား

ဇွာသနျော၊ကြိုးချင်လေ၏၊ မြှဝေ*တမွတ်၊မြဝင်းထွတ်ကို၊မျက်မှတ်တတ်၍၊ မြင်လတ်နေ့က၊ မမေ့ဖြေဖျော်၊ အနကြောင်းသော်မူ၊ ရှင်တော်တကာ၊ သုံးလူ့ချာသို့၊ သစ္စာပွင့်ချပ်၊ ဖုာဒိတ်ရပ်ဝယ်၊ပေးအပ်လှူဒါ၊ဝါသနာနှင့်၊ဿသာချရေ၊ မသွန်းချေသော်၊ မြင်လေခါတည့်၊ လွန်မျောင်းချည့်သား၊နတ်၏သရေ၊ကြင်ဘွယ်ပေတည့်၊ သုံးရွှေရိုခ၊လှဲလဲ့မြသည်။ ။ကြင်စသက်မစဝတာကား။

(၅၀) တင်သာဝတီ-ဆံတော်ရှင်ဘုရားတိုင် ရတု

၁။ ရှူဠာမေ့ရှင်၊ကျော်စောထင်သား၊သုံးခွင်ရပ်သူ၊ နတ်နှင့်လူကို၊ ဆုယူ့ရှိုးပင့်၊ ဉာဏ်တော်ချင့်၍၊ ရွှေဖြင့်ညီးညီး၊ ရွှေရည်စီးမျှ၊ ဘုန်းမီးရောင်ထွန်း၊ မှောင့်မျိုးကျွန်းသား၊ ဦးစွန်းခေါတ်စု၊ ဆင်မြို့သခင်၊ ဘဝရှင်၏၊ ဥကင်နန်းမြင့်၊ ပြာသာဒ်နှင့်သော်၊မတင့်စရာ၊ ရွှေမျက်နှာက၊ နေဝါထွန်းသိ၊ ရွှေစေတီသည်။ ။လုံးညီမြဆံရှင်တကား။

၂။ ဂူဟာချေစင်၊လိုက်မုတ်တွင်နိုက်၊ပန်းပင်မဥ္ဇူ၊ ရောက်သောတူလျှင်၊ဆွတ်ယူနိုင်လှ၊နတ်တို့သ၍၊ဆွဆွ ညွှတ်ကြည်၊ ပုဇော်သည်ကား၊ ခက်ရှည်လူးခြား၊ ထွေဆန်းပြားစွ၊ပတ္တမြားရှိုးတံ၊ နှစ်စီခံသို့၊ ချပ်ရံထွေလည်၊ နီလာရည်ဝယ်၊ တင့်ကြည်လွန်ကဲ၊ရွှေရည်စွဲသို့၊ပုလဲးထပ်လောင်း၊နှာမောင်းပြောက်သွယ်၊ သန္တာနှယ်ဝယ်၊

* တမွတ်-ကား ပေါရာဏ၊ အမြိတ်-ဟုလို၊ပေါရာဏကထာ လင်္ကာသစ်တွင်-''ဝုလစ်အထွတ်၊ တမွတ်မြိတ်ဖျား''ဟု စပ်ဆိုသည်။



အလယ်ဖြူစင်၊ မုတ်နန်းငင်သို့၊ မျက်ရှင်ကြောင်လား၊ ဝတ်ဆံဖျားဝယ်၊ ငုံအားယူသင့်၊ခါကိုလင့်၍၊ ပွင့်သည်လှိုင်ကြူ၊ခိုင်လုံးယူလျက်၊ ဇမ္ဗူနာရီ၊ထွေလာစီသည်။ ။ကုံးသီလှစ် တင်တကား။

၃။ တူသာနေချင်၊ လွန်ကဲကြင်၍၊ မှတ်ထင်နှိုင်းဘွယ်၊ မြကုံးသွယ်ကို၊ လည်ဝယ်ခွေပတ်၊ ဆင်မတတ်တည့်၊ထက်နတ်ဆင်းပြင်၊ ရွှေမျှားရှင်နှင့်၊ သည်တွင်-နှစ်,လ၊စုံနေကြဟု၊ ဇောတမျက်ရှင်၊ ပွက်ကြည်စင်သို့၊ မရှင်လှည့်လော၊ လှမ်းလှမောစွ၊ ပျိုချောမွတ်လဲ့၊ ပြာဆွဲဆွဲကို၊ ချွဲချွဲသည်းအား၊ ဖြော်ကာဆုမျှ၊ ပုံကြူကြိုင်မေး၊ ရွှေရင်မွှေးလည်း၊ လုံခွေးမပေါင်း၊ ရာသီပြောင်းက၊ ချမ်းဆောင်းကုန်စင်၊ နွေသို့ဝင်သော်၊ အလျှင်ခွယ်ချူ၊ ပျောက်လိုဟု၍၊ သုံးလူထွတ်ထား၊ မြတ်ဘုရားဝယ်၊ ကိုယ်စားရည်ထင်၊ပန်းခိုင်တင်လျက်၊နေဝင်ခါကောင်း၊ ပြည့်တပေါင်းတွင်၊ ဆယ်ချောင်းလက်မှို၊ ရွှေကြာသီသည်။ ။ရုံးပြိုညယံ တွင်တကား။

(၅၂) တာဝတိံသာ-ရှူဠာမုနိဘုရားတိုင်ရတု

၁။ ဖြည်းသက်လေပြည်၊ ပြန်လေသည်ကား၊ ဆီးရည်နှင်းသား၊ လွှင့်ပါးမရှိ၊ ခနွတိတိကို၊ ထပ်ဘိလှိုင်းလှိုင်း၊နွေတိုင်းသို့ပင်၊ ကောင်းကင်တိမ်သာ၊ ဟေမာမြောက်စွန်၊ ယုဂန်တူချုံသို့ရှေးရှုလျက်၊အဖြူချည်းသာ၊ စိမ်းဝါမဘုပ်၊ ဆိုင်းရုပ်နှစ်တွေ၊ နေလည်းပြိုးပြက်၊ မိုးသက်ရစ်ဆင်း၊ရာသီယွင်းသည်။ ။ဆောင်းကြွင်း၏သို့ ချမ်းလှည့်ဘို။

၂။ ရည်းလျက်ဆွေရှည်၊ နေလှည့် သည်ကား၊ ကျူးမည်ကာလ၊ မိုးကသည့် ဆောင်းနွေဟောင်းအပ၊ သစ်ပြန်စသော်၊ လနှင့်-ရက်တွေ၊ ချင့်တွက်ရေလည်း၊ ညွတ်ခွေစုရုံး၊ ချုံသို့ကိုးမျှ၊ မှီကိုးဝယ်ပ၊ မရနိုင်းဆွယ်၊ ကိုးကွယ်မတတ်၊တမှတ်-တဆံ၊ မကြံပြိုကြ၊ ကေန်ကျ ၍၊ စနစ္စန်းနား၊ စကားဖျော်ဘက်၊ပြိုးပြက်မဲ့ပြား၊ ဓှက်သိုထားသည်။ ။တပါးသူတို့ လွမ်း၏ဘို့။

၃။ နည်းစက်တွေလည်း၊ စုံချေသည်မှ၊ ရွှေရည် ငုံအာ၊ နီလာအုပ်ထုပ်၊ စွန်ရုပ်မာဘင်၊ စတုရင်နှင့်၊ တပင်လုံးဝယ်၊ ရွှေးချယ်ပတ်ညောင်း၊ မရှာတောင်း တည့်၊ တန်ဆောင်းနန်းဖျား၊ ရွက်ပြားဟုံဝေ၊ အချက် ဆွေနိုက်၊ သပြေမချူ၊ ဘုန်းဖြင့်ယူလည်း၊ မတူစသာ၊ ခြင်းရာနည်းဂုန်၊ သို့သဏ္ဌာန်နှင့်၊ ဝေယန်ဘုံမှာ၊ ဆံစူဠာကို၊ မှာမှာမယွန်း၊ တင်ဆက်မှန်းသည်။ ။ ရွှန်းရွှန်းနဲ့ညို့ ကျမ်းမည်ဘို့။

---

### (၅၃) သက်တော်ရ၊ရှင်လှ၊လက်ဝဲ၊ဂူ၊ရှင်ဖြူ၊ ပုညရှင်၊ရွှေမြင်ထင်၊စစ်ကိုင်း-ဆင်၊ဝ ဘုရားတိုင်ရတု

၁။ သက်တော်ရနှင့်၊ရှင်လှမွေ။ ။နွေလည်းသုံးခါ၊ ဝါလည်း-သုံးတန်၊ ဟေမန်-သုံးမည်၊ နှစ်ရှည်လများ၊ သနားစိမ့်ကြောင့်၊ ဖြားယောင်း ကြိမ်ဖန်၊ တမန် ခေါက်များ၊ စေလှာငြားလည်း၊ နားမျှမခံ၊ မြဲးမြဲ တည်ကြည်၊ နေလှည့်သည်ကို၊ သုံးမည် လှ့ဖျား၊ ဘုရားဘကာ၊ လာ၍ချွတ်လည်း၊ မကျွတ် သည်ကို၊



ဖြစ်ရလိုဟု၊ ကျိန်ဆိုဿနက်၊ မိန့်ပေလျက်ဟု၊ ဆံရွက် စက၊ အစိုးရသည်၊ မွေးဘ-မိမင်း၊ သားချင်း-အစ်မ၊ ထိန်းယတကာ၊ ဆိုးမရာကို၊ သက်ဘမရှိ၊ နားထောင် မိရှင့်၊ခုပြို့းယွင်းသွေ၊ရှောင်ကွာလေသည်။ ။မြတ်မွေ ရှင်လှ သက်တော်ရ။

၂။ လက်ဝဲဂူနှင့်၊ ရှင်ဖြူမွေ။ ။ယွင်းသွေပျက်ချော်၊ ကျင့်လေသော်လည်း၊ သူတော်နှမ၊ အားမကျတည့်၊ ရေးကကျမ်းလာ၊ ကြားဘူးပါသည်၊ မိစ္ဆာလှုမိုက်၊ မကြင်ထိုက်၍၊ တောနိုက်ညှန့်ရှင်၊ သဖန်းပင်ဝယ်၊ ထားတင်ခဲ့ပေ၊ ပုန်း၍နေသော်၊ ဝိဒဟေရ၊ ကြိုင်ပျ တုလွတ်၊ ဘုံပြာသာဒ်နှင့်၊ သတ်မှတ်စိတ်တူ၊ဆောင်ပေ ယူ၍၊နတ်လူတမျှဥဒ္ဓမ္မဟု၊ မရနိုင်းအင်၊ တောင်ညာ တင်ရှင့်၊ ထို့သွင်ပုံယူ၊ မယ်တမူကား၊ ဆံမြို့ခြိမ်းမျှ၊ မကြောင့်ကြတည့်၊ မွေးဘ မိမင်း၊ သားချင်းအစ်မ၊ ထိန်းယ တကာ၊ ဆိုးမရာကို၊ မနာမိတွေ၊ ဆန်လှန် ချေသည်။ ။မြတ်မွေရှင်ဖြူ လက်ဝဲဂူ။

၃။ ပုညရှင်နှင့်၊မြင်ထင်မွေ။ ။စေ့ရေ ခြင်းတာ၊ အောက်ခေ့ကလည်း၊ဘဝမပြောင်းမဖြစ်တောင်းတည့်၊ နောက်နှောင်းနောင်လာ၊သံသရာဝယ်၊ မေတ္တာ*မပော့၊ တွေ့သည်ကိုစင်၊ မြင်ရသည်ထား၊ ယောကျ်ားဟူကာ၊ နားမျှလေသံ့၊ ပုံ့ရသည်ကိုယ်၊ မဖြစ်လိုတည့်၊ ဖွံ့ဖြိုး ညို့ချော၊ကြောက်လှမော၏၊ ရှင်စောမြတ်မွေ၊ သုံးလူး

---

* မပော့ဟူသည်ကား မရှိဟုလို၊ ဆုတောင်းခန်း ဖျို့တွင်‘‘ဝိစစ်ထင်ပြို့၊မသာခဲ့တိ၊ မဟုံ့မရှိ’’ဟုစပ်သည်။

ဆွေလျှင်၊ဟောပေကျမ်းထား၊ မိန်းမများကို၊ ကိုးပါးရန်တွင်၊တပါးဝင်ဟု၊ သို့စင်မြွက်ဖေါ်၊ ညွန်ပြသော်လည်း၊လှကျော်စံမြောက်၊မယ်တယောက်မှု၊ မကောက်မညွတ်၊ တည့်တည့်မတ်လျက်၊ မချွတ်ကေန်၊ သစ္စာမှန်ဟု၊ ဘက်ရန်မမြော်၊ စံခွေလျော်သို့၊ ယသော်ဓရ၊ ရောင်ညက်မျှလျှင်၊ဆုံးစနိဗ္ဗာန်၊ရလေဟန်ကို၊တော်မှန်စိတ်ယုံ၊ကျွန်ုပ်တို့လည်း၊ထို့ပုံပမာ၊ မိတည်းလျာဝယ်၊ သစ္စာမြဲမှန်၊ ကျွတ်ဆုရန်သည်။ ။မြတ်မွန်မြင်ထင်ပုညရှင်။

---

(၅၄) ရွှေယင်မြော်၊ရွှေမော်ဓော၊သီဟတော၊
ကျိုက်ပေါ်၊မဟာနေ့ာ၊သကြော၊အင်းဝ-
ဟင်သာဝတီဘုရားတိုင်ရတု

၁။ **ရွှေယင်မြောနှင့်၊မော်ဓောမွေ့။** ။မျိုးဆွေသားချင်း၊ အစ်မရင်းနှင့်၊ မိမင်း-ဖခင်၊ ချစ်ထွတ်တင်၍၊ ဆင်ဝင်*တပြင်း၊ †ဝဲးလင်းကိုမျှ၊ မပြုရတည့်မွေးဘမတ်လျာ၊ရဲးပညာနှင့်၊ ဆာယာရှိန်းအန်၊ ကျွန်လည်းရောက်အောင်၊နောင်လည်းမပြတ်၊ နှစ်ပတ်လည်ကျူး၊ နားပါးမူး၍၊ကိုယ်ထူးချွန်ချွန်၊ ချစ်မိလွန်မှ၊ မတ်မွန်သုရဲ၊ ရှောင်လွဲးသွေဖည်၊ ကြည်ခဲ့သည်ကို၊ သုံးမည်လူ့ဖျား၊ဘုရားအပ၊လေမျှသူ့နား၊ ကြားအံ့အသက်၊ သေသည့်ထက်လျှင်၊ ကြောက်ရှက်မောဟန်၊ ကျွန်ုပ်လွန်သည်။ ။**မြတ်မွန်မော်ဓော ရွှေယင်မြော။**

* တပြင်း-ကား၊ပေါရာဏ၊ကြမ်းပြင်ဟုလို။
† ဝဲးလင်း-ကား၊ ပေါရာဏ၊ အိမ်မိုးတခုပေါ်တွင်တခုဆင့်၍ဆောက်သောဆောင်ကပ်ကိုခေါ်သည်၊



၂။ **သီဟတောနှင့်၊ကျိုက်ပေါမွေ့။** ။ထွေထွေရာရာ၊ မြစ်ဆာမြွှဆံ၊မယ်ဝယ်ရုံ့ခွ၊ ဆင်းစံမြဲရည်၊ ကြိန်လေသည်မှ၊ ရွှေပြည်ဟင်သာ၊ မြတ်ရိုက်ရာဝယ်၊ မကွာစောင့်မှတ်၊ ခပ်သိမ်းနတ်နှင့်၊ မွေခတ် အပေါင်း၊ ရှစ်သောင်းလေးထောင်၊ ကုန်အောင်ပန်နက်၊ ကျိန်သောထက်လျှင်၊ ဆထက်လွန်ကျူး၊ *ရန်ငူးမဟာ၊ ဥပရာသည်၊ ကြောလှည့်လည်၊ †စိန်ဥဒည်ကို၊ ချီမည်သောခါ၊ ဘယ်- ညာ ဆူလိုက်၊ အမြင်းရိုက်လျက်၊ နောက်ပိုက်ကွပ်ပြီး၊ စစ်သူကြီးအား၊ ဘမ်းဆီးလက်ချ၊ မသတ်ရ၍၊ အားကျသည်ကဲ့၊ ဖြစ်ပါလိုဟု၊ ဆွေညိုမယ်သူ၊ ကျိန့်တော်မူမှ၊တ—ယူနှလုံး၊ ချစ်ကြီးထုံးရှင့်၊ မရှုံး သစ္စာ၊ ယခုခါ၍၊ သူ့မှာသက်နှင်း၊ မယ်နှင့်ကင်းသော်၊ ခန်းတွင်းရိပ်သာ၊ ထုံစက်ရာက၊ ရှိကြာဦးတည်၊ တောင်းလျှောက်ရည်သည်။ ။**တွင်မည်ကျိုက်ပေါ သီဟတော။**

၃။ **မဟာနေ့ာနှင့်, သကြောမွေ့။** ။ဓွေရေခြင်းရာ၊ လျှောက်ချင်ပါလည်း၊ စိတ်သာနွမ်းရိ၊သူသိလှည့်ကာ၊ မမြွက်သာခဲ့၊သစ္စာဆုယူ၊ ကျွန်ုပ်မှုကား၊ စင်ဖြူသီလ၊ စာဂကျင့်ဝတ်၊မြင့်ရာမှတ်ရှင့်၊ ရစ်ပတ်ကေသျှင်၊ ပုံ့ရွှင်ဆီမွှေး၊လှိုင်ဇေးနံ့ကြူ၊ မချူပန်းသတ်၊ ကိုယ်ဝတ်ပေါ်တင်၊ တန်ဆာဆင်မှ၊ ရည်ထင်ဆုကောင်း၊ ကျွန်ုပ်တောင်းရှင့်၊ ကံဟောင်းသွေးရာ၊ ဖြစ်လေပါလည်း၊ မတ်လျာမယ့်မောင်၊ မတ်တော်ခေါင်ကို၊ ရှောင်မိ

* ရန်ငူး-ကား၊ပေါရာဏ၊မင်း-ဟုလို။
† စိန်ဥဒည်-ကား၊ တရုပ်ပြည် ဥဒည်မင်းကို ဆိုသည်။

သည်ပ၊ ကြံရသည်ကို၊ မဖြစ်လိုတည့်၊ မြင်းမိုရ် ထိပ်ခေါင်၊သူဇာ့မောင်လျှင်၊ခွါရှောင်ထွေပြား၊ဖြူလှည့် ဖြားလည်း၊ ယောက်ျားတကာ၊ ပျူဟာကြင်ကျွမ်း၊ ကျင့်မြဲးတမ်းကို၊ စူးစမ်းစာနှာ၊ အောက်မေ့ရှာလျက်၊ ဗျာပါဒနှိမ်ခြောင်း၊ စိတ်လုံးပျောင်းမျှ၊ ချစ်ကြောင်းနည်း ဟန်၊ကျွန်ုပ်ပြန်သည်။ ။မြတ်မွန်သက္ကာ မဟာနော။

### (၅၅) ကျိုက်ပတံ့,ဇနံ့,ငွဲးကပင်,မောကြင်, ကျိုက်မောင်းမ,ကာသ,မုဋ္ဌမ-အရှေ့ဘက် အနောက်ဘက် ဘုရားတိုင်ရတု

၁။ **ကျိုက်ပတံ့နှင့်,ဇနံ့လေး** ။မြတ်မွေတော်ချစ်၊ ရွှေနားသစ်လော့၊ စိစစ်သာညောင်း၊ တိုင်လျှောက် ကြောင်းမှု၊တသောင်းဇမ္ဗူ၊ လူတို့မှန်ကင်း၊ မင်းများ ထွတ်ချာ၊ဒိတ္ထာပဝရ၊တေဇဓှန်ဖြိုး၊ ကျွန်းလုံးစိုးသား၊ တန်ခိုးထန်ပြင်း၊ *ရထာမင်းသည်၊ ဦးကင်း ချက်ဗွေ၊

* ရထာမင်းကား- အနော်ရထာမင်းစောကို ဆိုသည်၊ပုဂံမြို့-မဟာပိန္နဲးဘုရားဌာပနာခန်းမှ တွေ့ သော အုဋ္ဌခက်ဘုရားကျောတွင် ''ဧသောဘဂဝါ မဟာရာဇသိရီအနိရုဒ္ဓဒေဝေန ကတော ဝိမုတ္တတ္ထံ သဟတ္ထေနေဝါတိ''ဟု ရေးသားလျက်ပါသည်။ ။ အနက်ကား-ဧသောဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ မဟာရာဇသိရီအနိရုဒ္ဓဒေဝေန၊ မြတ်သောမင်းကြီး သိရီအနိရုဒ္ဓဒေဝသည်။ ဝိမုတ္တတ္ထံ၊ နိဗ္ဗာန်ချမ်းသာ အလို့ငှါ။ သဟတ္ထေနေဝ၊ မိမိလက်တော်ဖြင့်သာ လျှင်၊ ကတော၊ပြုအပ်၏။ ထို့ကြောင့်အနော်ရထာ မင်းစော၏ဘွဲ့တော်ရင်းမှာ ''သိရီအနိရုဒ္ဓဒေဝ'' ဟု မှတ်ရမည်။



တက်သစ်နေသို့၊ ပရမေလျှံပတ်၊ တို့ထိပ်ထွတ်လျှင်၊ မြည်မြတ်အောင်ချာ၊ ဟင်သာရဝေ၊ မင်းဝံ့ဗွေသို့၊ စက်ရွှေဖြန့်ရှည်၊ မြန်တော့မည်ကြောင့်၊ ဆောက်တည် မတုံ့၊ ဆွတ်ပုံ့ဖန်များ၊ ဖြစ်ကြောင်းလျှားကို၊ ဦးဖျား ထိပ်စွန်၊လျှောက်ခဲ့ပြန်အံ့၊ဆီးထန်ရွှမ်းဆွတ်၊ပျောင်းခွေ ညွတ်သည်။ ။**မိန်းပြတ်သည်နှင့် တမ်းသည်နှင့်**။

၂။ **ငွဲးကပင်နှင့်,မောကြင်လေး** ။မြတ်မွေတော် ကောင်း၊ ရွှေနားညောင်းလော့၊ဆင့်လောင်းဆယ်ဖန်၊ လျှောက်ခဲ့ပြန်အံ့၊ ထက်စွန်နတ်ရွာ၊ဝတီ သာနှင့်၊နှိုင်းရာ တူနေ၊ သာမျိုးတွေသား၊ သပြေမြန်ခန်း၊ ဟင်သာ နန်း၏၊ ပတ်ဝန်းပျော်ရာ၊ မြူပါထောင့်ယွန်း၊ *သေန် စွန်းဝယ်၊ ထူးဆန်းလှည့်တို့၊ ပျော်တွယ်ပုံသား၊ ရဂုံ ပတ်လည်၊ ချမ်းကြည်သီတာ၊ ကန်သာငတ်မြောင်၊ တောင်လည်းပတ်ကုံး၊ တောလုံးပို့ပို့၊ ရန့်ဒေးကြိုင်၊ ဂန္ဓိုင်စုံပြား၊ ရွက်စိတ်ကြားဝယ်၊ စကား အနန်း၊ ဒန်းလည်း ဖြူဆွဲတ်၊ ရင်ကာတ် ရွှေရောင်၊ ပင်လုံးမြောင် လျက်၊ မြောက်,တောင်,ရှေ့,နောက်၊ ပတ်လျှောက် ထွေထွေ၊ ကြည့်လေရာရာ၊ ပျော်ဘွယ်သာတီ၊အောင်ချာ မှန်ကင်း၊ မြည်မျှားမင်းဝယ်၊ သည်းတွင်းဆွတ်ဆွတ်၊ မွေခတ်မြောက်မြှား၊ရှင်စောများကို၊ဆပွားကြည်လင်၊ လျှောက်ဦးတင်၍၊ မလျှင်လှည့်တတ်၊ တိမ်းရှာညွတ် သည်။ ။**နှင်းဆွတ်သည်နှင့် ချမ်းသည်နှင့်**။

* သေန်-ကား- ပါဠိပျက်၊ သေဋ္ဌ = အရှေ့ မြောက်ထောင့်အရပ်ဟုလို။

၃။ **ကျိုက်မောင်းမနှင့်, ကာသလေ။** ။မြတ်ငွေ
တော်တွတ်၊ ရွှေနားညွတ်လော့၊ ပြည်မြတ်အောင်ချာ၊
ဟင်္သာဝတ၊ ရာမညဟု၊ တွင်ထမည်မှန်း၊ အောင်မြို့
နန်းဝယ်၊ တသန်းရောင်ခြည်၊ လျှံလင်းလည်သော်၊
ရှစ်မည်ရပ်လုံး၊ ပတ်ကုံးကြေငြာ၊ ကျော်ဇွန်ဝါသား၊
တေဇာပြင်းမော၊ ရွှေမော်ဓောနှင့်၊ သင်းချောရောင်လျှံ၊
တခဲမံသို့၊ မြတ်ဆံတော်စစ်၊ ရှင်ချစ်ရုပ်တု၊ ဓာတ်စု
လုံးညီ၊ စေတီမရှား၊ ရှင်စောများကို၊ လျှောက်ကြား
ခဲ့သည်၊ နားတော်လည်လော့၊ ဆံခြည်ဝမ်းမှာ၊ မကွာ
လှည့်ရက်၊ မြိုက်စက်သွယ်ရှမ်း၊ ကြိမ်ကြိမ်လွမ်းလျက်၊
ခေါ်တမ်းပန်းတောင်၊ လက်ဆောင်မဥ္ဇူ၊ ပန်းတမူကား၊
နံ့ကြူကြိုင်မျိုး၊ တန်ခိုးဇွန်ဝေ၊ ကျောက်ဖျာဗွေဝယ်၊
ကင်းထွေငုံဖူး၊ ဆံကွဲဖူးကြိတ်၊ မလိတ်လှည့်တုံ၊ အမုံ
လှတင့်၊ အပွင့်ရာနေ၊ မြင်ချေသသူ၊ တံချူမဆွတ်၊ မခတ်
လေညင်း၊ မြိုင်ရိပ်တွင်းဝယ်၊ ပြောင်ဝင်းခိုင်လှ၊ မဥ္ဇူ
သနှင့်၊ နောင်မြဲထိပ်စွန်၊ လျှောက်ခဲ့ပြန်၏၊ လွမ်းဇွန်
မိန်းပြတ်၊ တိမ်းခွေညွတ်သည်။ ။**ရှိမ်းစွတ်သည်နှင့်
ယမ်းသည်နှင့်။**

---

## (၅၆) ပုသိန်-ငါးမျက်နှာဘုရားတိုင်ရတု

၁။ **နွေဦးကသည်**၊ တင့်စံတည်ကို၊ ဘုန်းစည်မာဃ၊
ကိုယ်တိုင်မရှဲ့၊ မြင်ရချေမိ၊ နောင့်မျက်စိဝယ်၊ မရှိပြိုင်တူ၊
ယာမာသူဟု၊ တွေးယူမှားချေ၊ တမ်းယောင်လေမျှ၊
နှိုင်းထွေပုံခတ်၊ ကျွန်းလုံးပတ်သည်၊ မန္ဓာတ်မင်းကြီး၊
စကြာစီး၍၊ ဇနီးယှဉ်ဘော်၊ ရှာတုံသော်လည်း၊ မူးမော်



မည်သာ၊ ရခဲစွာရှင့်၊ ပမာထို့နှယ်၊ ငါးဘုံလယ်နိုက်၊
ငါးသွယ်ရောင်ထင်၊ ငါးဆူတွင်သား၊ ရှင်ပင်ကိုယ်စား၊
အရာထားသည်၊ သနားသဖြင့်၊ ဉာဏ်တော် ပွင့်၍၊
ကဲ့မြင့်စီရင်၊ ဘန်ဆင်လျှင်လော့။* (င-တွင် အာ-ချ၊
ဗိန္ဒု-မြဲ၍၊ မ-မှာ ယ-နှင့်၊ အသင့်ရေးမှတ်၊ က-လည်း
သတ်လျက်၊ န-ထက်ကား-အာ၊ ဟ-လည်းပါ၏)၊
ကြည်သာညွတ်ခ၊ တောင်းပန်ရရှင့်၊ အလှစံတီ၊ ဘက်မရှိ
သည်။ ။**မွှေးမိကိုပင် စေတော့သည်။**

၂။ **ထွေထူးလှသည်**၊ ဝင်းဝင်းကြည်သား၊ ကိုးမည်
မဏိ၊ ဆင်ဘိသော့လား၊ မပြားမိုးနတ်၊ ဘက်လွတ်ပြိုင်
ကျွန်း၊ လှခေါင်ထွန်းကို၊ တ-လွန်းရက်ရှည်၊ ဖူးရမည်ဟု၊
ကြံစည်စိတ်တွင်၊ ရေးခရေးပင်တီ၊ † (မ-လျှင်အစ၊ ရလည်း
ခွေရစ်၊ အသစ်တခါ၊ တ-မှာတမူ၊ တမ်းခွန်-ထူ၍၊ အတူ
မကွေ၊ သဝေ-သေးသေး၊ လ-ရေးပီမှု၊ ဗိန္ဒု-နှစ်ဖြာ၊
မဘွာအတူ၊ ပ-ကူသွယ်ညွတ်၊ န-လျှင်သတ်၍၊ တလတ်
ဗိန္ဒု၊ နှစ်ဖြာပြုလျက်)၊ ဆွတ်နုလွှလွှ၊ ပန်းဇောတကို၊
နောင်မြကား-စီ၊ သခင်-သိလျက်၊ ကုံးညီ၍ လျှင်၊
ထိပ်တော်ပြင်ဝယ်၊ သာရှင်ယုယ၊ မဆင်ရဟု၊ ရှုတ
ဆိုတမ်းဖျာပါမွမ်းသည်။ ။**အလှမ်းနှင့်သာ နေတော့
သည်။**

---

*(      )၌လက်သည်းကွင်း အတွင်းရှိစကား
စုကိုပေါင်းလျှင် (ငါးမျက်နှာ) ဟူသော အမည်
ဖြစ်သည်။

†(      )၌လက်သည်းကွင်း အတွင်းရှိစကား
စုကိုပေါင်းလျှင် (မြတ်လေးပန်း)ဟူသော အမည်
ဖြစ်သည်။

၃။ **ဇွေမြူးချသည်၊** မိုးတို့သည်လည်း၊ ရင့်မြည်ခြိမ်းမောင်း၊တခြောင်းခြောင်းလျှင်၊ဇွေပျောင်းလှည့်ကာ၊ဖျာပါမရှင်၊နေစဉ်တွင်နိုက်၊ သို့ပင်ကလူ၊ချမ်းစိမ့်ဟူသို့၊ ဘုန်းထူဒေဝါ၊ သွန်းချရွာသော်၊ဖြိုးပြာငြိမ့်လေး၊ သခင်ပေးသည်၊ ကြိုင်းမွှးပေါက်ပြ၊ ရုံတော်စကို၊ လက်လှထပ်ခြို၊ လွှမ်းတုံ့တုံ့တည့်၊ လူ့ဘုံဘက်ကင်း၊ မြာလဲ့ဝင်းလျှင်၊ ခြောက်စင်းပင်နေ၊ သက်လှာပေသို့၊နှိုင်းထွေသံချို၊ ဟာခွကဆိုအုံ၊ *(သ-ကိုသွယ်ပြင်၊ တချောင်း-ငင်မှ၊ ဇ-တွင်တမူ၊ အာကူရှဲ့ရော၊ သင်းချော စတော၊ တထွေနောက်မှာ၊တ-ဝယ်အာ-နှင့်)၊ပြင်လျှာချာခွတ်၊ နားတော်ညွှတ်ခလှာ၊ လောကွတ်တွင်တွင်၊ ဖြစ်မြဲအင်ဟု၊ ရှင်ပင်ဟောထွေ၊ တရားဖြေလည်း၊ ချစ်ချေသော့အား၊စိုးရိမ်များစွ၊စံထားနှဲ့ရှင်း၊မြာလဲ့ဝင်းသည်။ ။ **စိုးမင်းမသိ လေတော့သည်။**

---

### (၅၇) ဟင်သာဝတီ-အဌဝိသ ဘုရားတိုင်ရတု

၁။ **ထံမြတ်ငါးရာ၊** ရွှေပြည်သာဝယ်၊ လက်ယာထောင့်ယွန်း၊ တောင်ညာ ခန်းက၊ ပတ်ဝန်းဌာန်ဖြိုး၊ အုပ်ရှဲ့မိုးသည်၊ မထိုး နေရောင်၊ ကုံးသီးမြောင်သို့၊ တောင်တည်းရုံဝိုက်၊ မြစ်သို့ဆိုက်မျှ၊ ဖြိုင်ထိုက်မဲ့ရာ၊ လိုက်နန်းသာနိုက်၊ သိဂ်ါတမဲး၊ ရဲးရဲးလျှံပြောင်၊ဉာဏ်ရောင်ပတ်ချိုဝ်၊ သုံးလူ့ထိပ်ဟု၊ နှစ်ကျိုပ်ရှစ်ပါး၊ မြတ်

*(   )ဤလက်သည်းကွင်းအတွင်းရှိစကားစုကိုပေါင်းလိုက်လျှင်(သုဇာတာ)ဟုသောအမည်ဖြစ်သည်။



ဘုရားလျှင်၊ သနားမေတ္တာ၊ ငြိမ်းအောင်ကာလော့၊ အဋ္ဌာဝီသ၊ ကျော်ပေါက်ပြသား၊ နေလထောင်ရာ၊ မနှိုင်းသာသည်။ ။**တောက်ဝ ါလှုံ့ထင်ခြည်လှည့်သော်။**

၂။ **လျှံပတ်ပွားကာ၊** စက်ပမာတည့်၊ သံသာရှည်လျား၊ ဆက်တိုင်းများလည်း၊ နှစ်ပါးတူပင်၊ ပျော်ကြကျင်စွ၊သာရှင်တူကျ၊သည်ဘဝမူ၊သက်မျှတူစုံ၊ ပျော်ချင်တုံ့ရှဲ့၊ကြာငုံထိပ်ပြင်၊နွေတိုင်းပင်တည့်၊အရှင်မှတ်ထွေ၊ ရှိသေခယ၊ လျှောက်သမျှကို၊ချောလှနတ်တူ၊ငယ်သည့်သူက၊ တွေးယူကြိကာ၊ မသိသာခဲ့၊နှိုင်းရာစံထား၊ ပုံ့ပုံ့ရှားသည်၊ ဆပ်သွားငွေလျှံ၊သခင့်နံ့နှင့်၊ ရက်လံမကွာ၊ မြည့်ဆုရှာသည်။ ။**သောကြာနံ့ပင် သည်လှည့်သော်။**

၃။ **စံမှတ်ထားလှာ၊** နန်းတောင်ညာက၊မှောင်ခွါပယ်ထွန်း၊ဆဲ့နှစ်ခန်းကို၊ မတွန်းမီးလျှံ၊ ဘုန်းဖြင့်စံဟု၊ ကျော်သံစကား၊ အစဉ်ကြားရှင့်၊ နှစ်ပါးတူစုံ၊ ပျော်ရတုံ့မူ၊ မြင်သူအနှံ့၊ မူးမော်အုံ့လိမ့်၊ ပျိုဖွံ့ကျစ်ကျစ်၊ သခင်စစ်လျှင်၊လ,နှစ်ရှည်လျား၊ လျှောက်သည်များကို၊ သနားမဲ့ချေ၊ ဖဲးရွှောင်သွေခဲ့၊ ခြောက်ထွေရောင်ဝင်း၊ နိဗ္ဗာန်မင်းလျှင်၊ ဘန်ဆင်းစကျ္လ၊ဉာဏ်တော်ရှုလော့၊ ရွှေ့,ခု,သည့်နောက်၊ ဆင်းစံမြောက်ကို၊ ရစ်ခေါက်လည်တွင်၊ မဥ္ဇူသွင်သို့၊ ဆင်ခြင်လှည့်ကာ၊ ထွေသာဆံရွက်၊ မိန့်မညခက်နှဲ့၊ ဆက်ဆက်ဝမ်းမှာ၊ မသိသာသည်။ ။**လျှောက်ကာကြံတင် ရည်လှည့်သော်။**

---

### (၃၈) ပုဏ္ဏမ-ဘားပြဘုရားတိုင်ရတု
(အာသာဝတီဝတ်ဆံချ)

၁။ ဘားပြမေ့တော်၊ထိန့်ထိန့်ကျော်သား၊တိမ်ပေါ် မိုးလယ်၊ထိဘွယ်ဘနန်း၊ သွန်းသွန်းသွယ်စွင့်၊ ရွှန်းရွှန်းတင့်၍၊ဘုံမြင့်အထွတ်၊ ခြောက်ပြည်နတ်တို့၊ ရှိညွတ်ဝန်းဖြိ၊ နေ့တိုင်းခသည်၊ တောင့်တပြည့်ချင်၊ မြတ်ဆံရှင်····၊မာတင်ဇာနည်၊ စွယ်ရှည်စုံသွန်း၊ ပုံညွန်းဇက်မျှ၊ မြောင်မုန့်ဝဟု၊ နတ်သယာဉ်ကျော်၊ ဥပေါ် စွမ်းခက်၊ စံရဲဘက်နှင့်၊မပျက်သာချူ၊ ထွတ်လှမ်းယူမှ၊ မညူမြမင်း၊ အဆင်းမုဏ္ဍာ၊ သိင်္ဂါလိုလို၊ မြေကိုရှောင်ရှား၊ ပန်းထွတ်ထားနှင့်၊ မခြားစုံမြောက်၊ ပန်ဆုလျှောက်သည်။ **၊နွေရောက်သဘင် မင်းလွင်ထမ ဝန်းစေသော်။**

၂။ **မျှားလှရွှေဘော်၊** ရုံဝန်း ဖျော်လည်း၊ မင်းကျော်ဘုန်းစည်၊ ပြန်လွှယ်မည်ကို၊ မြေဆည်စိတ်ညှိ၊ ညှိုးမပျှုဟု၊ တုံ့တုံ့လက်မြှောက်၊ ဆုပန့်လျှောက်၏၊ နွှမ်းခေါက်နွဲ့မှို၊ စစ်ဆီသည်မှာ၊ ဟုတ်ပါလေစံ့၊ သာညှိုသာလေး၊ ဖန်ဖန်မေးလိမ့်၊ ရေးရေးထင်ရှာ၊ မျှော်ကာ ရှုညောင်း၊ ချစ်ကြောင်းတမန်၊ ယုံကျွန်တုံ့ခေါက်၊ ရောက်လှာနိုးနိုး၊လွမ်းစိုးမပြေ၊ ကြာညွှတ်ခွေသို့၊ စုံနေပျော်ဘက်၊ ကျွန်ုပ်သက်လျှင်၊ နတ်ထက်ထင်ပေ၊ ရွှယ်သုံးရွှေနှင့်၊ ရုံနေဝန်းလှည့်၊ မျှော်ရှုကြည့်သော်၊ ကြွေမှည့်ငုံချင်း၊ ပေါက်ကင်း မိုးသွေး နီးဝေးရော်ကျင်၊ လေညောင်းဆင်သည်။ **၊ထက်ခွင် ဝန်းလည် လေပြည်ဝမ ယွန်းစေသော်။**



၃။ **တားမမြေပျော်၊** ရွှယ်သုံးဘော်နှင့်၊ရွှေလျှော်မှည့်ဝါ၊ မြှူတာခရမ္မေး၊ ကြိုင်ဧးဖျော်ပေါင်း၊ ရုံညောင်းလယ်တွင်၊ အောင်မြင်လွှယ်၍၊ ရဲဘုန်းဟော့လျှင်၊ ကြွေ့လွှေ့တင့်ခန၊ သရေရွှင်းရွှင်း၊ဘက်ကင်းရဲဘော်၊ နတ်ယာဉ်ကျော်နှင့်၊ လွှမ်းပျော် စဉ်တွင်၊ ပြန်လျှင်လွှယ်ကြောင်း၊ ဆုမွန်တောင်းလျက်၊ မပျောင်းပျူရှ်၊ ဇက်တိမ်မြုပ်လည်း၊ ကျွန်ုပ်ကြင်ချစ်၊ ဆင်ပြန်လစ်၍၊ လွှမ်းရစ်ခွေခွေ၊ ရှိလေနိုးစံ့၊ လွန်စိုးရှုံ့ခဲ၊ အလှုံ့ကောင်းကင်၊ သော်တာသွင်သို့၊ ဆံရှင်စုဥ၊ ပမာနှိုင်းလျော်၊ ဘားပြခေါ်သည်၊ ရှင်တော်ဘုန်းကြွယ်၊ ဖြည့်လိုက်ကယ်လော့၊ကြင်ဘွယ်ပေသာ၊ နှိုင်းရာတုလွှတ်၊ လဲ့လဲ့လတ်သား၊ တမွတ်စုံကျွန်း၊ လှကြဲဇန်းနှင့်၊ နွေဆန်းစတွင်၊ ပေါင်းစေချင်သည်။ **၊ကောင်းကင်ထွေလည် မြရည်ချမ ဖျန်းစေသော်။**

---

### (၃၉) ဟင်သာဝတီ-ကျုတ်ကိုဘုရားတိုင်ရတု

၁။ **ရွှေပြည်** ရှာမြန်၊ နေတဲ့ချန့်၍၊ စုန်ဆန်ဖျားသက်၊ ဆိပ်ကမ်းဆက်သော်၊ စိမ်းရွှက်မြနွယ်၊ ငုံရင့်ချယ်လျက်၊ ညွန့်ဘွယ်မြရိုး၊ ကုံး၍မိုးသို့၊ မထိုးနေရောင်၊ ပုရိုန်ရှောင်လျက်၊ သာခေါင် လွှတ်တာ၊ ထွတ်ထွတ် နုသား၊ ရတုအလျောက်၊ ကင်းပေါက်ညွန့်လန်း၊တွေတွေပန်းကို၊ ရည်ညွန့်းသာရှင်၊ ဖူးခဲ့တင်သည်။ **၊ရှင်ပင်ကျုတ်ကို ကျုတ်ကို့ကို။**

၂။ **လေရှည်သာလွန်၊** တောင်ရိပ်စွန်ကာ၊ ညှာမြန်မြည့်လျှောက်၊ ရွက်မှည့်ခြောက်ကို၊ လွင့်ပျောက်စေရ၊

ချမ်းရိပ်မြလျက်၊လမ်းမနှစ်မြောင်း၊ ပွင့်ဝတ်ရောင်တည့်၊ ထွန်းပြောင်ရဲရဲ၊ရွှေလျှံစွဲးသို့၊ ပျံနွှဲးဘော်နှော၊ ရွှေတိရောလျက်၊ ဥဩတွန်မြူး၊ ငှက်တော်ကျူးက၊ တထူးတလည်၊ သာသည်ဝန်းကျင်၊ခရီးတွင်နှိုက်၊တောင်လျှင်ရံဆိုက်၊ ရှင်တော်နှိုက်ဝယ်၊ နှစ်မြိုက်ပျံ့ဆွတ်၊ကြာရေလွှတ်သို့၊ ပျောင်းညွတ်တူပင်၊ လွှန်၍ကြင်သည်။ ။ **မြာစင်မွတ်ညို မွတ်ညို့ညို။**

၃။ **ဘွေနည်ရှာရန်၊** ရှေးကျိုးမှန်၍၊ နတ်ဟန်ဆွဲရှင်း၊ ပျိုထွတ်ဝင်းလျှင်၊ မြစ်ကင်းနှိုင်းရော၊ လဲ့လဲ့ပြာသား၊ သုဇာ တရှည်၊ မျိုးဘုန်းပြည့်ကို၊ လွှမ်းသည့်အပ၊ နေ့-ည-နံနက်၊ တတွက်လက်ဖျစ်၊ မေ့ရစ်မဲ့လျှင်း၊ ကြင်သောခြင်းဖြင့်၊ သနင်းဘုန်းခေါင်၊ ညာဏ်တော်ရောင်လျှင်၊ လေငှက်သွင်သို့၊ ကောင်းကင်တူရူ၊ ပျံချေယူ၍၊အတူပုံ့ပျူးသည်မှာဖူးအုံ၊ အကျူးအလွှန်၊ သာမောဟန်ကို၊ မြည့်သောထွေ၊ ပျော်ပါးစေရှင့်၊ မကွေတူပင်၊တောင်းကြကျင်သည်။ ။**မဂ္ဂင်မြတ်ပိုလ် မြတ်ပိုလ့်ပိုလ်။**

---

(၆၀) ဟင်သာဝတီ-ကာသဗိမာန်ဘုရားတိုင်ရတု

၁။ **ခြောက်ဆောင်ဘုံသာ၊** နန်းသိင်္ဂါနှင့်၊ ဗိလာမထင်၊ ရွှေစင်မတတ်၊ ခြောက်ခပ်ညွတ်ဝယ်၊ ချမ်းမြတ်ကြည်စွာ၊ သီတာသန်းရစ်၊တိမ်သစ်ထိစို့၊မွှေဖျား-မျိုးနှင့်၊ကိုက်သို့မတ်မတ်၊ တောင်မြင့်ထွတ်ဝယ်၊ စက်လွှတ်ညီးမျှ၊ တိုင်းမွဲပသား၊ ကာသဗိမာန်၊ ကျော်ရှိန်ဒုန်သည်၊ နိဗ္ဗာန်သခင်၊ မယ့်ချစ်ရှင်····၊ လောင်လင်



ဘွယ်သာ၊ ခွါလည်း-မမျဉ်း၊ ချဉ်းသည်-မဓိ၊ ဝဲ့ရှိဦးနှင်း၊ ရှင်းရှင်းမဖြွက်၊ ယုတ်,တက်,ဆုတ်ချဉ်း၊ ပုကျဉ်းချင်ဘွယ်၊ခဲလွယ်ဝမ်းမှာ၊ မတတ်သာသည်။ ။**ကြံကာကျွန်ုပ် လင့်မော၏။**

၂။ **နောက်နောင်စုံရာ၊** လူတကာတို့၊ လှူ့ရှာနှိုက်ဝယ်၊ သည်သူ့နှယ်လျှင်၊ မုန်းဘွယ်အပြည့်၊ ရှိဝါလှည့်စုံ၊ ပုံ့ပုံ့ပျူးပျူး၊မူးမူးပတ်ပတ်၊မှတ်သတ်ဝမ်းက၊ ရှိသမျှကို၊ ပျောက်ရလျှင်းအောင်၊ သွေးဆောင်လှည့်ဖြား၊သကာပျားသို့၊ ဘုရားအပေါင်း၊ တကျောင်းတရူ၊ ဟူသည်မကျန်၊ အလွန်ကြီးမြတ်၊ မတတ်တောင်းအောင်၊ တော်ယောင်နှုတ်ချေ၊ ကျင့်ရှာလေ၍၊ နေလည်းမဝင်၊ ထက်ခွင်အုံ့ပျ၊ ည-မလွန်သေး၊ တိမ်ခြေုးခြည်မှောင်၊ မိုးပြောင်ပြောင်ဝယ်၊ လိုက်ချောင်ရိပ်မှီ၊ ခန်းသာဆီက၊ ဘော်ညီနည်းရှား၊ လျှောက်တိုင်ကြား၏၊ ခြောက်ပါးညာဏ်ရောင်၊ တိုင်းမဲ့ဆောင်သည်။ ။ **အထောင်လသို့ တင့်မော၏။**

၃။ **တောက်ပြောင်ဟုံဝါ၊** ပြိုင်းတေဇာနှင့်၊ အာကာရောင်ခြည်၊ အပြည်ပြည်ကို၊ ခဲသည်မရှိ၊ ပျောင်းရိဝေလည်၊ မယ့်ဖြစ်သည်ကို၊ ပြည့်မည်မဆွတ်၊ ကျွန်ုပ်မှတ်သည်၊ လူနတ်သခင်၊ မယ့်ရှင်ပင်····။ သည်လျှင်လူဖြစ်၊ တွေ့ရလစ်သည်၊ ကျိုးပြစ်ရှေ့နောက်၊မအောက်မေ့ရက်၊စုံမက်ကိုယ်ကို၊ ထက်ပိုထက်ဝါး၊သနားမမည်၊ မုန်းသည်မမှတ်၊ ချစ်လတ်တွန့်တို၊ မည်သို့ မည်သည်၊ ဘယ်လည်ညာလှည့်၊ စကားပြည့်ခဲ့၊ နတ်၏အမြင်၊

ဘုန်းစက်ရှင်နှင့်၊ ဝါဝင်နီးလွှ၊ဉာဏ်တော်ရှုသည်။ ။ယခုပြည့်ချိန် သင့်မမော၏။

---

(၆၁) ဟင်သာဝတီ-ကာသမိမာန်ဘုရားတိုင်ရတု

၁။ **မြင်းမိုရ်လက်ယာ၊** တို့ကျွန်းသာလျှင်၊ တောင်ညာစူးစူး၊ မယွန်းဘူးတည့်၊ ကျေးဇူးများကြွယ်၊ ရေသော်ကျယ်၏၊ နတ်နွယ်စိုးရ၊ တန်းခိုးပသာ၊ လောကမှန်ကူ၊ ထွတ်ဘုန်းလူကို၊ မည်သူပြိုင်အံ့၊မနီးဝံ့တည့်၊ အလွှံ့ပတ်ကုံး၊ ကျွန်းလုံးသပြေ၊ ညာ-ကြေ နှံ့ကြ၍၊ မင်းတရားဟု၊ ဘဝါးစကြာ၊ ညွတ်ရလှာသား၊ ဟင်သာဝတီ၊ နန်းရွှေဆီဝယ်၊ အာနိမင်းစံ၊ တောက်ပြန်ဘနန်း၊ ရှန်းရှန်းခရှရောင်၊ ထွတ်ခေါင်အဖျား၊ ရှင်ချစ်များကို၊ ညွှတ်တွားကြည်လင်၊ သခင်စိုးမင်း၊ သကဲ့နှင်းတူပင်၊ မြင်ပါ စိမ့်မည်၊ ဆိုနှုတ်ရည်သည်။ ။**မြှူသည်ကိုသာ တတော့သည်။**

၂။ **ဝင်းညိုညက်ပြာ၊** မယ်တို့မှာမူ၊ လွှမ်းတာနှောင့်နယ်၊ မရှိဘွယ်တည့်၊ ဆောင်းလယ်ကပင်၊ ရွှေရင်မြင့်မြီး၊ ကြူရရှုံးသော်၊မရုံးအလွှမ်း၊ချစ်ကျွမ်းသနား၊ မှာဟန်များကို၊ သည်ဖျားဇွန်မျှ၊ မမေ့ရတည့်၊ ထိပ်စ-လည်ဝယ်၊ ဆင်စံပယ်ရှင့်၊ ရက်ကြွယ်မဖြင်၊ ပြန်ချင်ပါသည်၊ မိန့်လိုက်ရည်ကြောင့်၊ မြေဖြည်မသာ၊ ဗျာပါဋ္ဌါးဖြည့်၊ မိုးရှည့်ရှည့်တီ၊ တောင်းသည့်ဆုမူ၊ စိတ်ကိုယူသို့၊ မညှုမျှားရင်၊ ဂမုန်းအင်နှင့်၊ ဖူးချင် မဆောက်တည်၊ မယ်သို့ရည်သည်။ ။**လူကြည်ညိုရာ ရတော့သည်။**



၃။ **နှင်းစိုခက်ဖြာ၊** တောတကာလည်း၊လက်ယာ-လက်ဝဲ၊ ပုလဲအာနီ၊ ကုံးသီလှတင့်၊ လွှမ်းဘွယ်ဆင့်က၊ နှောင်မင့်းသက်ပေး၊ ဆင်းငြိမ့်လေးကြောင့်၊ လွှမ်းရေးတည်စိမ့်၊ မတန် လိမ့်တည့်၊ တိမ်နိမ့် ရှက်ပြွမ်း၊ လေချမ်းလည်းကူ၊ မိုးလည်းမြူသော်၊ ဘယ်သူဆီးတား၊ တတ်နိုင်အားလိမ့်၊ ပြာထွားညိုရောင်၊ မြူမှောင်မတန်း၊ လေးတောင်ခန်းဝယ်၊ မထွန်းမီးဝါ၊ကိုယ်ရောင်ဖြာသား၊ သူဇာကဲ့သို့၊ ခေါင်ဘုန်းမျှိုကို၊ လွှမ်းဘို့ပြန်ခေါက်၊ ကြိမ်ကြိမ်လျှောက်သည်၊ ဝမ်းမြောက်ဖန့်လဲး၊ သူ့ရုံးကြင်ထင့်၊ မမေ့နှင့်ဟု၊ သခင့်ရွှေခွန်း၊ မိန့်တော်ပန်းကို၊ ထိပ်စွန်းရွှေကြာ၊ ပန်ခဲ့လှာရှင့်၊ အာကာကသည်၊ ထက်ဝန်းလည်သည်။ ။**မြူနည်ချိုလှာ မြတော့သည်။**

---

(၆၂) ဟင်သာဝတီ-မြသိန်ဘုရားတိုင် ရတု

၁။ **နှစ်ဆူမမြင်၊** ဉာဏ်စက်ရှင်ဖြင့်၊ သုံးခွင်လူနတ်၊ ကိုးရာမှတ်သား၊ စက်မြတ်ရောင်ရှိန်၊ ကျွတ်ထောက်ချိန်သည်၊မြသိန်တွင်မှတ်၊ဆင်းရုပ်မြတ်····၊မချွတ်တူပျော်၊ ရှင်တော်လိုလို၊ ဆိုသည်မယွင်း၊ မုတ်တွင်းပြာသာဒ်၊ အထွတ်ရွှေစင်၊ ပလ္လင်တံကဲ၊ လိုဏ်နန်းသဲက၊ ရဲရဲဉာဏ်စက်၊ ဟောမြွက်သော့သွင်၊ မြင်လျှင်ဆွတ်ဆွတ်၊ ပီတိညွတ်၍၊ ဦးထွတ်ထိပ်ပြင်၊ ဆယ်ချောင်းတင်မှ၊ တူပင်ယှဉ်နွဲ့၊လက်ဆွဲမကွာ၊မပါအတူ၊ဆုယူနှောင်သာ၊ စစ်တာမြေရှည်၊ ယွန်းတို့ပြည်က၊ မတည်ဆွတ်ပြိုက်၊

ရှင်တော်ရိုက်ဝယ်၊ ရောင်မြိုက်ကြေးမုံ၊ ပါဘိကြုံမူ၊ ဗ
**ထက်စုံနောင်နှင့် ဖူးရ၏။**

၂၊ **ချစ်သူသခင်**၊ဆွေအိမ်ရှင်နှင့်၊သာရှင်ယှဉ်နွဲ့၊ ပျော်ရမြဲကို၊ ခဲ့ပွင့်ခါ၊ သံဝါပြောင်းကြူး၊ ဆောင်းဦးဆန်းစ၊ တန်းဆောင်လတွင်၊ ဝေးလှသူ့မြေ၊ ဒီရလေသော်၊ ရှာဘွေရန်သူ၊ တိုက်သတ်ယူ၍၊ ဇမ္ဗူကျွန်းခွင်၊ ပတ်ဝန်းကျင်ထက်၊ ဘုရင်မင်းရဲ၊ ရန်မျိုးစဲ့က၊ ဖင့်နွဲ့းကြာတင်၊ စစ်သဘင်ကို၊ သာရှင်ပျော်မွေ့၊ မပြန်မေ့မူ၊ ဘုန်းဟော့မွေစစ်၊ ရှင်တော်ဖြစ်လျှင်၊ ကျွမ်းချစ်သက်ဝေ၊ ဖူးလိမ္မော်တွေကို၊ ဖျောက်ဖြေလျှင်ဘွယ်၊ ဘန်ဆင်းကယ်လော့၊ မွှတ်သွယ်ပြာလတ်၊ နောင့်သက် မှတ်ကြောင့်၊ ဆွတ်ဆွတ်ကြည်ဘွယ်၊ လွန်သပွါယ်သား၊ခြောက်သွယ်ရောင်ရှိန်၊ တက်ဖြိုးထိန်သည်၊ ဖြသိန့်တွင်ခေါ်၊ ဆင်းရှုပ်တော်နှိုက်၊ ရည်ရော်ကြည်ဖြူ၊ မြတ်ဆုယူသည်။ ။
**ဇမ္ဗူရွှေနှယ် ဦးရ၏။**

၃။ **လျစ်လျူတမင်**၊ သံတပင်ဖျူ၊ အိမ်ရှမ်စတေ၊ မကွေတူကွ၊ ဖြစ်သော်ကလည်း၊သက်မျှထပ်ရှည့်၊ကြင်လှ လှည့်လျက်၊ မည်သည့်မြစ်ဆံ၊ မရံစဘူး၊ရွှေနှယ်ဦး၍၊ ခွေနုးညွှတ်တိမ်း၊ ပြိုက်စက်ရှိမ်းမျှ၊ ချစ်ယိမ်းမဲ့ရာ၊ ကြင်မောစွာလျှင်၊ အာကာကောင်းကင်၊ ဝိဂန်ခွင်က၊ ရောင်ထင်ရဲရဲ၊ လျှပ်ခြည်ကျူး၍၊ ဝမ်းကွဲ့ဝမ်းပါ၊ မိုးသားတွေလည်း၊ ရွာတော့မည်ဟု၊ သံကျည် ရိုက်ကြူး၊ ကြွေးကြော်မြူးလျက်၊ မဖူးရွှေရင်၊ မြင့်ကြာတင်မူ၊ ရှင်ပင် မွေခေါ်၊ သုံးလှ့ထွတ်လျှင်၊ ပျောင်းညွှတ်-တဆို၊



ကျွန်ပ်ကိုလည်း၊ နဂိုရ်ဘောင်ချာ၊မယ်နေရာသို့၊ *မိုဝါ မပြောင်း၊ ရောက်လွယ်ကြောင်းကို၊ ဉာဏ်ပေါင်းချိုးပင့်၊ ဟောလှစ်ဘွင့်လော့၊ ကဲ့မြင့်မေတ္တာ၊ ရှင်နှင့်ငါလည်း၊ ဗျာပါဖြိုးစည်၊ စက်နှယ်လည်၏၊ မဆည်ပူပင်၊ ရောက်ချိန်တွင်ကိုး။ ။**ရွှေရင်ပိုက်နွဲ့ ကြူးရ၏။**

---

## (၆၃) ဟင်သာဝတီ-ရွှေဒဂုံဘုရားတိုင် ရတု

၁။ **တတ်ခေါင်တိုင်၍**၊ ရွှေစိုင်ရွှေနှစ်၊ ရွှေစင်စစ်ကို၊ သီရစ်ပုံမြင်၊ ခန့်စီရင်လျက်၊ ပွတ်တင်မျက်နှာ၊ မြဟ္မာ-ဆောင်သွား၊သကြား-ကြီးပတ်၊နတ်ကားငင်စေ၊ စူး,ဆောက်တွေဖြင့်၊ ပွတ်ရွှေပြီးမြောက်၊ တည်လှာရောက်သို့၊ မောက်မောက်ရောင်ထိန်၊ လျှံရှိန်တက်ဖြိုး၊ တန်းခိုးတေဇာ၊ အဝါအလျှံ၊ မည်းမစဲ၊ ပျံ့ဝဲမတိတ်၊ လျှမ်းလျှမ်းဘိတ်သည်။ ။**ညိုးညိတ်ထွန်းတက် ပတ်မျှစက်။**

၂။ **ပတ်မြောင်းဆိုင်၍**၊ ထောက်ပြိုင်မတည်၊ မိုးသားရှည်သား၊ လင်းစည်ဝင်ချိ၊ ဒဂုံထိပ်ဝယ်၊ မာရနှိပ်ပယ်စင်၊ ရုဋ္ဌာရှင်နှင့်၊ ရှင်ပင်တာလူး၊ နှစ်ပါးဦး

* မို-ဟူသည်ကား ပေါရာဏစကားဖြစ်သည်၊ ရက်, လ-တို့တွင် ယှဉ်၏၊ သုဝဏ္ဏသျှံပျို့-သေချွေးခန်းတွင်—"ရောင်ဆင်းလှမျိ၊ ရှင်တွေးညိုလည်း၊ မို-ခုနစ်ရက်"ဟူ၍၄င်း "ဖွင်ပျော်ပါလို၊ မို-တနေ့မျှ၊ ခွင့်မရတည်"ဟူ၍၄င်း၊ ခေါင်းချင်းဟောင်းတွင်လည်း-"ကြမ်းပေါက်ကိုလျှိသည်၊ မို-ကိုးလ"ဟူ၍၄င်း စပ်ဆိုသည်။

လျှင်၊ ကျေးငှက်လက်ငင်း၊ ဝေလျှင်းဆုယူ၊ ခံသိမ်းသူ တို့၊ကြည်ဖြူစက်အောက်၊ ညွတ်ခလျှောက်သော်၊ ကင်း ပျောက်ငြိမ်းလွယ်၊ ဆုရွှယ်တောင့်တ၊ မချွတ်ရတည့်၊ ကြောင့်ကြ အပေါင်း၊ ပယ်စေ ပြောင်းသည်။ ။ တသောင်းကျွန်းချက် နတ်မျှားထက်။

၃။ ချတ်ဆောင်နိုင်၍၊မပြိုင်ရာလှည့်၊ ဘက်မရှည့် ကို၊ တောင်းမည့်လက်ဦး၊ ကျေးငှက်ခဲတွေ၊ သရေ ခေတ္တ၊ပြည်မအုပ်မိုး၊ သတိုးရန့်နင်း၊ တို့မှန်ကင်းလျှင်၊ အစင်းတရာ၊ ကာသမျှတွင်၊ နေလရောင်လို၊ မြွက်ဆို ဆုကောင်း၊ လျှောက်ပြန်တောင်းမှ၊ ဆွေဟောင်း ယှဉ်နွဲ့၊ ပြာချောလွဲ့နှင့်၊ သုံးဆဲ့တတည်၊ ပြည်မျှား အတွက်၊ ရောက်စိမ့်ညွတ်သည်။ ။လေးပြတ် စုံမက် မှတ်ကြသက်။

---

(၆၄)တောင်ငူ-ချောင်းမ ဘုရားတိုင်ရတု

၁။ ချောင်းမ မွေရှင်၊သုံးရပ်ခွင်နိုက်၊ ကောင်းကင် ဘဝင်၊ ရောင်ခြည်စက်သား၊ လျှံလက်သရေ၊ အထွေ ထွေတီ၊ မြုတေဝင်းကြည်၊ နောင့်ကြင်သည်မူ၊ ဆက် ရှည်တမ္ဘာ၊ နှစ်သင်္ချာက၊ ပွင့်ဝါမခြွန်း၊ သုံးခိုင်ပန်း နှင့်၊ တော်ဆန်းမျှပေ၊ မတော်လေဟု၊ ယွင်းသွေ ဘောက်ပြန်၊ ကျင့်စဟန်ကို၊ လျှောက်ဖန် တုံ့သော်၊ နားတော်ဆီခွင့်၊ မလျော်သင့်ခဲ့၊ ကဲးမြင့်သက်ပုံ၊ အချစ် ယုံ၍၊ ရွှေတုံတောင်ညာ၊ စံသည်သာဟု၊ ကြောင်းခြာ မဘောက်၊ ကြိမ်ကြိမ်လျှောက်ရှင့်၊ နှောင်းအောက်



ထက်မြော်၊ လှ*မနော်၏၊ ကြင်ဘော်ဟူလောက်၊ တယောက်မှတ်ရ၊ ရွှေးပုညသည်။ ။ချစ်စံမခြီး တောင်းကိုလည်း။

၂။ မောင်းမျှရွှေစင်၊ တခဲ့အင်တည့်၊ရှုချင်မရဲ၊ တင့်လွှန်ကဲးသား၊ ဆင်ခြံးဥသျှောင်၊ မြတ်တန်ဆောင် အား၊ တိမ်တောင်မြွှေး၊ ကျွန်အရေးကို၊ ရိပ်ပြေး ကြောင်းစ၊ မြွက်ဟထွေငေါ်၊ မလျှောက်သော်မူ၊ ကျူးကျော်သို့စင်၊ ပြစ်တော်တင်အံ့၊ ဆင်းမြင် လှစွာ၊ လက္ခဏာနှင့်၊ ကလျာပျိုချော၊ သူ့သဘောကား၊ မရောဘော်စင်၊ စကြာရှင်လျှက်၊ ကျွမ်းဝင် ယုံကြည်၊ စိတ်မတည်ရှင့်၊ နတ်ပြည့်ရှင်ပျ၊ မိုးမာဃလည်း၊ လူက ပျော်ဘူး၊ ရွှေးကျေးဇူးကို၊ ထိမ်မြီးမဲ့ကျင်၊ ဥဈိုင်းစင် လျှက်၊ သွေးငင်နတ်ဘောင်၊ ယုလေဆောင်၏၊ ဆင်း ယောင် နတ်လျော်၊ ကြင်ဘော်သက်မျှ၊ မယွင်းခွ သည်။ ။ဖြစ်ရမခဲး တောင်းကိုလည်း။

၃။ ကြောင်းစ ထွေအင်၊ လျှောက်မည် လျှင်မူ၊ ကျွန်းခွင်ဇမ္ဗူ၊ သိမ်းယူလက်ရုံး၊ ဆန့်ကျူးအာဏာ၊ စကြာစိုးတန်၊ နန်းရန်ပစ္စူ၊စံမည့်သူကို၊မစ္ဆူသက၊ မျှ နိုင်းဘက်၊ ခြူးရွက်ချပ်သန်း၊ ဘုံရွှေနန်းထက်၊ တင့် လွှန်းနိုင်းလျော်၊ ရွှေဇမ္ဗော်သို့၊ ရှုမျော်ဘူးရှည့်၊ မထူး လှည့်တည့်၊ စိတ်ပြည့်ဝမ်းနိုက်၊ မာန်သို့လိုက်၍၊ ရန် ခိုက်တုံ့ပြန်၊ ဆိုစဟန်ကို၊ နိဗ္ဗာန်သခင်၊ ချစ်ရှင်မြတ်

---

* ဤမနော်-ကား၊ ''မနော်ဟရီ''ဟု ဆိုလိုသည်၊ ''မနောဟရ''ပါဠိပုဒ်၊ စိတ်ကို သွေးဆောင်တတ်သည် ဟုလို၊

စွာ၊မိန့်တော်ပါ၏၊အာဏာပျံ့နှံ့၊ ရိုက်ထွန်းကျော်သောင်း၊ အလောင်းဘကာ၊ စံမြိုရာသား၊ ကမ္ဘာ့အစ၊ သမ္မတ၊ ယွင်းခွမလွဲ၊ တော်စမြီးကို၊ ပုလဲအသွင်၊ ဆင်ပြိုင်နှဲ့လျှ၊ မလျော့ကမြွက်ဟသည်။ ။ပြစ်ပမရှဲ့ တောင်းကိုလည်း။

---

## (၆၅) ဗုဒ္ဓမဖြို-ဖြင်းနတ်ဘုရားတိုင်ရတု

၁။ **အထွတ် ထက်ခေါင်၊** မြင်းမိုရ်ိ တောင်နှင့်၊ ပုံဆောင်မပြား၊ သမုဒ်နားဝယ်၊ ငါးပါးမာရ်ကင်း၊ သုံးလူ့မင်းကို၊ သန့်ရှင်းကြည်ဖြူ၊ ဆုယူသမျှ၊ တောင်းတိုင်းရဟု၊ ဘဝလွှနတ်၊ ကြည်လှညွတ်သည်။ ။**ဖြင်းနတ်မေ့တော် စစ်ပင်သောဝ်။**

၂။ **အကျွတ်လက်ဆောင်၊**မိတည်းနောင်တွင်၊လျှင်အောင်ရှေးရှူ၊ ကံ–မကူ၍၊ ဆုယူမိဋ္ဌာန်၊ရောင်တော်ပြန်နှင့်၊ငါးမာရ်အောင်စင်၊မိတည်းရှင်ကို၊ ဖူးမြင်လွယ်ကျ၊ကျွတ်စိမ့်ဟူ၍၊မဥ္ဇူနှိုင်းပြိုင်၊ငွေမိုင်နှစ်ပွင့်၊ ပွားဆင့်ရည်မှတ်၊ တင်လှူလတ်သည်။ ။**ရှိညွတ်ကြည်လှ ရှစ်အင်သောဝ်။**

၃။ **တမွတ်ဘက်ရှောင်၊**လှကိုအောင်တွင်၊လျှံပြောင်ငါးအင်၊ သည်တွင်ဘဝ၊ခုလောကလည်း၊မရနိုင်းဆွယ်၊ တယောက်မယ်ကို၊ စပယ်ပန်းသွင်၊ ပန်ဆင်မအား၊ သနားသည်နှင့်၊ကျွတ်ခွင့်တူစုံ၊လှူ့ဘုံ–နတ်ရွာ၊ မကျွ တူကျွ၊ လောကအထွတ်၊ မွေမြတ်ရှင်ပင်၊ဖြည့်စေချင်စွ၊ ဆွတ်ကြင်သနား၊ ဘက်-မပြားသည်။ ။**ခြောက်ပါး ဒေါသ ပြစ်စင်သောဝ်။**

---



## (၆၆) မွေ့ပေါင်း၊ခေတ်ပေါင်း၊ တိုင်ရတု

(အာသာဝတီဝတ်ဆံချ)

၁။ **ပရိနိဗ္ဗာန်၊** ညာရပ်စွန်သို့၊ ကူးဆန်ခပ်ရွေ့၊ ပျော်ချမ်းမြေ့သား၊ ဘုန်းဟေ့ထွတ်ထား၊ မှန်ကင်းဖျားဏ်၊ ကိုယ်စားတော်ပင်၊ဆံရှင်သင်းကျပ်၊ရိုး,ညွှစ်, စွယ်မွေ၊ သရေခေတ်ပုံ၊ အစုံနှစ်ဖြာ၊ စက်-ရောနှင့်၊ တန်ဆာရုပ်သွင်၊ဒုရင်လျှံပြေး၊မီးသွေးရွှေဒိုး၊-ခေါင်မိုးစကြာ၊ဆောင်လေပါသား၊ သကျာဝတ၊ ဟူသမျှအားအများစုံပေါင်း၊ လျှောက်သောကြောင်းမှ၊ ပုပျောင်းတိမ်းပါး၊ ဗျာပါပွားခဲ့၊ သနားဘွယ်ကိုယ်၊ ဖြည့်ကြည်ညီလော့။ ။**စစ်ကိုသည်ပ မချိရသည် ဖြစ်စေသောဝ်။**

၂။ **တရိုချိပ်ဟန်၊** မြရည်ပြွန်က၊ ပုံကွန်တက်လေ၊ ဆင်ထွက်ရေသို့၊ ရိုသေဆင့်လောင်း၊ လျှောက်သောကြောင်းမှ၊ နှစ်ပေါင်းလများ၊ ကြီးစားပေကြ၊ ဝါကိုမှုလည်း၊ ချိုကြင်ချွတ်၊ ဖြစ်မတတ်တည့်၊ ဝါကျွတ်လွန်ပြီး၊ ချိုရတီသော်၊ မျက်စိဂွန်ချောက်၊ သွေးဆုနောက်ဗျ၊ နှစ်ယောက်စုံတည်း၊ ပျော်ရာနည်းခဲ့၊ လွှမ်းသည်းခွေရစ်၊ သို့သည်ဖြစ်ကို၊ ရှင်ချစ်တကာ၊ဉာဏ်စက်ဝါဖြင့်။ ။**ချမ်းသာစေရ အညီမျှသည် ဖြစ်စေသောဝ်။**

၃၊ **မဏိထိပ်စွန်၊** ဝေဇယန်နှင့်၊ သဲဗြာန်မယွင်း၊ နှံ့မှုချင်းသာ၊ သနင်းဘုန်းတောက်၊ ခန့်သည်လျှောက်ဖြင့်၊ ပေးလျှောက်လှူဒါ၊ သီလာဝေဠု၊ မိဘအိမ်သူ၊ အတူလုပ်ကျွေး၊ဖျောက်မည့်ရေးလည်း၊ပြည်ဝေးရွာလံ၊ တင်းသိသိုးသုံ၊ကြားအံ့မူးမူး၊ မေးထူးခေါ်ချွတ်၊စိတ်ပို့

လွှတ်ခဲ့၊ မိုးစွတ်နေတွေ၊ နှင်းငွေချမ်းကျက်၊ လရက် ပည်းဖြင်၊ စစ်ကြာတင်သား၊ရှင်ပင်အပေါင်း ပြည့်မည် ကြောင်းလည်း၊ တသောင်းစိုးရ၊ မဇနာဇကို၊ နန္ဒ ဘုန်းကြွယ်၊ မသောနှယ်လျှင်၊ လူ့ဝယ်ရန်အောင်၊ ထွတ်မင်းခေါင်အား၊ဖြူရောင်ဆယ်ကျိပ်၊အမိုးရိပ်ကို၊ ။ **ဦးထိပ်ဆိုက်ကြ အပြီသည် ဖြစ်စေသောဝ်။**

---

(၆၇) ဥါရာဝတီ-အံတော်ဘုရားတိုင် ရတု

၁။ ခရီးမြေရှည်၊ ချီရသည်မှ၊ ဘယ်လည်ဖြတ်ထို့၊ ခေါက်တုံ့ကွေ့ချောင်၊ တောင်း,ထောင်,ဖီလာ၊ ခဲးစွာ တက်သက်၊ကျောက်စက်ကုန်းရှည်၊နက်သည်ကမ်းဆင်း၊ ကျတ်ပွန်ကျင်းနှင့်၊ ခုံချင်းနွယ်တန်း၊နည်းခန်းရေရှား၊ များသည့်ခနောင်း၊ ဖုန်ခြောင်းကျိုက်ပွက်၊ မားသို့ ထက်မျှ၊ ချခက်စခန်း၊ ခါးပန်းမြင့်မော၊ ငေါ်နှင့် ဘိုးခေါင်၊ တိမ်တောင်ထိမျှ၊ လွန်ခဲ့မှတည့်၊ ရိုင်းလှ သည့်မြေ၊ ရောက်တုံလေသော်၊ *ဖျားရေချောင်းပြင်၊ ရှက်ကြို့ဝင်သည်၊ ။†**လောင်လင်မျက်ခြည် နောက် တော့သည်။**

၂။ **မနီးရွှေပြည်**၊ နေရသည်မှ၊ ထက်ရည် မိုးသို့၊ ပုံ့သည့်မြို့ဝယ်၊ ရန်စို့ပယ်ချိုး၊ ဖြူရိပ်မိုးသား၊ တန်းခိုး

---

* ဖျားရေ-ကား ဒီရေ-ဟူလို၊"ရခိုင်မှကား- လုလည်းတစ္ဆေ၊ ရေလည်းတခြား၊ ဖျားလည်းတက် သက်"ရှင်တေဇောသာရဆိုရတု။

† လောင်လင်-ကား ပေါ်ရာအား၊ ဋ္ဌပန်သည်- ဟူလို။



ထန်ပြင်း၊ရခိုင်မင်း၏၊ ဦးကင်းထိပ်စ၊ နှင်းမည်ချသော်၊ ကာလအလျောက်၊ ဆင်ရာမြောက်ဟု၊ ဖြောက်ဖြောက် လေသွေး၊ မှိုင်းမှိုင်းမြေးမျှ၊ တိမ်ရေးဖြူလွှပ်၊ ချယ်မထပ် တည့်၊ ရင်လပ်ဘော်နည်း၊ တယောက်တည်းကို၊ ဖုန် သည်းဖျာပါ၊ရှိအောင်ရှာ၍၊ ခါမဟုတ်ဘဲ၊ လိုမဲ့ဖွဲ့းကာ၊ ပြောင်းလဲ့းကြလို၊ တောထိုထိုလည်း၊ မိုးကိုမလင့်၊ ရော်ရွက်လွင့်သည်၊ ။**မြနှင့်ရွှေရည်ပြောက်တော့သည်။**

၃။ **အပြီးဆွေလည်**၊ နေကြရည်၍၊ ခေါမည် ဝါ ကျွတ်၊ပျော်မှတ်ရလည်း၊ လွမ်းဆွတ်ရစ်ခွေ၊ ကြာရလေ ခဲ့၊ ရင်ရွှေစုံသစ်၊ ဖူးစဖြစ်၍၊ ထပ်ရစ်ယှဉ်နွဲ့း၊မစဲးရိပ်မြို့၊ ဆိုတုံ့ပြန်လှုံ့၊ချစ်တို့ချစ်စ၊ရှည်ရမမြင့်၊စစ်နှင့်သာသာ၊ ပန်းကြာရေလွတ်၊နွမ်းခွေညွတ်သို့၊ တွင်မှတ်ဥါဂု၊ သူ့ ရပ်ရွာဝယ်၊ ခြောက်ဖြာရောင်ကျော်၊ နေလပေါ်သို့၊ အံတော်မည်ပင်၊ဆံရှင်သကျ၊ ဘုရားလှုနိုက်၊ဒီပသောင်း တွင်း၊ ယုနိုင်ခြင်းသည်၊ သနင်းဘုန်းခေါင်၊ မြန်လွှယ် အောင်ဟု၊ စည်စောင်ရှိဘုပ်၊ ထိပ်ဆက်ချုပ်သည်၊ ။ **ကျွန်ုပ်သာကြည် လျှောက်တော့သည်။**

---

(၆၈) ဇင်းမယ်-ဆုတောင်းပြည့်ဘုရားတိုင်ရတု

၁။ **ဝေ့သည် လေလည်း**၊တွေတွေသုတ်ဆန်း၊လွေ့ လွေ့ချမ်းက၊ ရိုင်ဂုမ်းမြိုင်ထဲး၊ သာသည့်တဲးထက်၊ သောက်ခဲးလင်းကြွယ်၊ ရွှေသွယ်မှန်ကူ၊ ကိုးမဋ္ဌုနှင့်၊ မြောက်ဖြူဆွတ်ဆွတ်၊ ခြွထပ်ဝတ်လည်း၊ လုံတတ်မဲ့ မော၊ လှမွှေချောကြောင့်၊ မင်းစောကြင်တန်၊ ဖြစ်ရ ဟန်ကို၊ ဝေယန်ဘုံပေါ်၊ စံလေပျော်ခဲ့၊ ပြည်ကျော်

ဇာတိ၊ ရွှေဘုမ္မိန္ဒိုက်၊ သိရိပဝရ၊ လောကထွတ်ခေါင်၊
မွေညီနောင်….၊စက်ရောင်တော်အောက်၊ ဖူးရရောက်
သော်၊ လျှောက်သည့်စံနစ်၊ညွှဲ့သည်ဖြစ်ဖြင့်၊ ကြိုင်သစ်
နံ့ လှောင်းနှင်းပေါင်းမွှေးပျံ သောကဖျောက်ဖြေ၊ မြည်
လျှင်းစေဟု၊ထုံရေပုံ့မွှန်း၊ ရည်၍သွန်းက၊ လေးကျွန်း
တန်ဆောင်၊ ငါးမာရ်အောင်သည်။ ။**ခြောက်ရောင်
မည်ဦး ထွန်းတောက်တိုး။**

၂။ **မေ့မည်** ဖြေလည်း၊ ပြေမည်စင်ထား၊တွေတွေ
ပွား၍၊သည်းဖျားဇွန်ခြောင်း၊ကိုယ်လုံးပြောင်းမျှ၊ကိန်း
အောင်းမွှေချုပ်၊ ဆီးတားရှုပ်လည်း၊ ရွှေလုပ်မင်းစံ၊
မိန့်တော်သံကို၊ နားခံလန့်ကြား၊ ထင်ယောင်မှား၍၊
ဘုရားသာတိ၊ ထူးမိမိကို၊မသိပါလေ၊ ကျွန်းအောင်မြေ
နိုက်၊ဘော်ရွှေငယ်ချင်း၊ သံညှင်းတုံလဲ၊ မင်းရဲ့ညီစင်၊
မြင်တိုင်လေတိ၊ ကယ်ရေးရှိဟု၊ ဦးထိတင်မြှောက်၊ တုပ်
ကူလျှောက်သော်၊ ကြာခေါက်သော့တူ၊ ဖြေယူမတတ်၊
စက်သွိပတ်မျှ၊ မိန်းပြတ်မူးလည်၊ ဖြစ်ရသည်ကြောင့်၊
ယဉ်ကြည်မြစ်ဌမ်း၊ ရေ့နှယ်ချမ်းသည်။ ။**အလွမ်း
ဖွန်ဖြိုး နောင့်သည်မျိုး။**

၃။ **နေ့လည်** နေလည်း၊စံခရွှံ့နစ်၊ ရွှေကျင်နှစ်သို့၊
ကျွမ်းချစ်သက်ဝေ၊ အသရေမျိုး၊ နေ့တိုင်းတိုးသား၊ဖြိုး
သည့်ရင်ငွေ၊ မဖူးတွေ့မူ၊ မျဉ်းခဲ့လည်းလျက်၊ ညဉ့်
သာစက်လည်း၊ အိပ်မက်ယောင်ယမ်း၊ နေ့တိုင်းတမ်း
၍၊ ရှာစမ်းမိမိ၊ ပွားဘိမေတ္တာ၊ မယ်သို့သာလျှင်၊
ဂိမ္ဘာ-မာသ၊ နွေစင်လ-က၊ ဟေမပြန်သည်၊ ဆောင်း
သို့လည်လည်း၊ ဆွေသည်ကြင်ဘော်၊ လွမ်းမူးခမ်ာခဲ့၊



ညွန့်ပေါ်လေသိမ်း၊ နွဲ့ရှာယိမ်းသို့၊ တိမ်း၍ဆွတ်ဆွတ်၊
မစက်တတ်ရှင့်၊ တွတ်တွတ်သံမြ၊ ဖိုးခေါင်တသည်။ ။
**ငှက်မျှလွမ်းစိုး မတူနိုး။**

---

## (၆၉) သင်းချော-ဘုရားတိုင် ရတု

၁။ **သင်းချော** မွှေတော်၊ပတ်သွံကျော်သား၊မခြော်
ဖြိုင်ကင်း၊ သုံးလူမင်းကို၊ လက်ငင်းကြ၍၊ ဖူးရတွေ့
သော်၊ ပျော်မွှေဝမ်းမြောက်၊ ညွှဲ့သည်လျှောက်ဖြင့်၊
ပေါက်ပေါက်ကွမ်းယာနံ့ သာရည်မွှေး၊ တွေးတွေးနိုင်
မြောက်၊ စောတယောက်နှင့်၊ ညွှတ်ခေါက်ကြည်လင်၊
မထင်တတ်ဘဲ၊ဝမ်းကွဲ့ရှာလှည့်၊ထက်ဝန်းကြည့်သော်၊
နိုင်ပြည့်ရှက်ထူး၊ပျူပျူးတောင်လေ၊ နွေလည်းရောက်ပြီ၊
ဘယ်ဆီကိုဆင့်၊ တင့်သည် တောလည်း၊ သင်းချော
မပြ၊ချုတ်ချယ်လှက၊ဆည့်မျှ-မနိုင်၊မိန်းမှိုင်တင်းတင်း၊
မတည်လျှင်းသည်။ ။**ဖြူဝင်းမယ်မှ စုံဘိ၍။**

၂။ **ဆင်းလျှော** ရွှေလှော်၊ ဆယ်မီး ကျော်သား၊
တေဇော်ထွန်းဖြိုး၊ ရှက်လုံးအောက်ထက်၊ ဘဝင်
တိုင်ရောက်၊ ထွန်းဘုန်းတောက်ကို၊ မလျှောက်တို့ဝံ၊
ဆွတ်ပျံ့လန့်ထိတ်၊မှာသည်စိတ်ဖြင့်၊တားပိတ်ဆည်း၍၊
ခါကောင်းနေ့ဝယ်၊ မှတ်သားဘွယ်သား၊ နတ်နှယ်
ထွန်းပ၊ဗြိမ့်လေးလှနှင့်၊ နေကြာအယု၊ သဘောတူ၏၊
မဥ္ဇူသက၊ နှိုင်းဆတူရည်၊ မြေးချည်လုပ်ကျွေး၊ ချစ်ဝေး
ရှိင်းလုံ၊ မဆုံသူ့မှာ၊ သစ္စာတော်တုံ၊ နေကြာဆုံမှ၊
ချမ်းမြရိပ်မြိုင်၊ ရောက်တိုင်ကြချင်၊ ရည်ထင်ကောန်၊ တူစုံ
ရန်သည်။ ။**နိဗ္ဗာန်ကျွန်တော် ဆုံဘိ၍။**

၃။ **ကင်းသောနေဘော်၊** တရံရော်မျှ၊ မပျော်မရွှင်၊ စိတ်တွင်မချမ်း၊ရောပြမ်းသူ့သို့၊ တွန့်တို့တုံ့နစ်၊ မဖြစ်ဘူးလျှင်၊ ဆွေသခင်နှင့်၊ လက်ငင်တူကွ၊ **မဖူး** ရတည့်၊ ရွှန့်ဝံ့ဖြေ၊ အတွေတွေကို၊ ဆွတ်ချွေရှုရှိုး၊ သီးကုံးမြင်မြင်၊ ရွှက်ခေါက်တင်၍၊ ပန်ဆင်လှယ်လှယ်၊ စံပယ်နီတုံ၊ ကြေးပုံအသွင်၊ ကြည်လင် မလောက်၊ ရစ်ခေါက်ဖန်လဲ၊ ပျော်-မရဲကို၊ ကျူးရှုံးဖြေဝေး၊ မင်းမွှေးကြောင့်၊ရန်မြေးယူကျူး၊လွှမ်းမျိုးရှုံးသည်။ ။ သက်လုံးကြွင်းမဲ့ ပုံဘိ၍။

---

(၇၀) တရုပ်ပြည်-ဒွယ်တော်ဘုရားတိုင် ရတု

၁။ **သင်းတွဲ့ပြည်တွင်၊** ကျင်လည် ရှေးသော်၊ မဟော်တွင်မည်၊ ဖြစ်ဘူးသည်ဟု၊ ဘုန်းစည်လူ့ထွတ်၊ အကြောင်းမှတ်၍၊ ဒွယ်မြတ်မြတော၊ ထားခဲ့ပေသား၊ ခြောက်တွေခြည်ရောင်၊ မိုးခေါင်ဘဝင်၊ **အောက်ထက်** ညီးရွှန်း၊ သောင်းလုံးထွန်းသည်၊ ဦးစွန်းလူတွင်၊ မြတ်ဘုန်းထင်....။ ဆွတ်ကြင်သဘော၊ တွေးတော ကြီစည်၊ ပြစ်ခြည်ကဲ့ရဲ့၊ ရှိမဲ့ကြောက်ရက်၊ ဆံရွက် မဘောက်၊ပေါက်ပေါက်ပန်းခိုင်၊ ရေနှိုင်မဲ့တုံ၊ နတ်လုံး ခြိုကို၊ ဇွေစုံသံညောင်း၊ ပန်ထွာ တောင်းလည်း၊ မြည့်ကြောင်းခဲ့အင်၊ လွှန်ငြိမြင်ခဲ့၊ သာရှင်ပျော်ပါ။ မပြည့်ငြားသည်။ ။ ***သကြားနေစ နှိုင်လှည့်သောဝ်။**

---

* အမှာ-ဤတရုပ်ပြည် ဒွယ်တော် ဘုရားတိုင် ရတု၌ သကြား-နေစနှိုင်လှည့်သောဝ်၊ တရား-ဖြေ မနိုင်လှည့်သောဝ်၊ စကား-ရွှေတနိုင်လှည့်သောဝ်။



၂။ ကြွင်းမဲ့သည်လျှင်၊ သမုဒ်ခွင်သို့၊ မှတ်ထင် နေကျ၊ ရှစ်ဆသောင်းမြတ်၊ လေးထောင် ထွတ်ဟု၊ မြတ်မြတ်တွက်ရေ၊ သိသာပေ၏၊ ရာနေ့သက်ပေါင်း၊ ဆယ်ကြိမ်လောင်း၍၊ ကြာညောင်း မြင့်လှ၊ ကြံကြ ရလည်း၊ ရေဆမဲ့လျှင်။ ကျွမ်းရင်းသက်မျှ၊ ဖြစ်ချင် လှရှင့်၊ နေ့,လ,သောက်ရူး၊ ရောင်လျှံခြူးလည်း၊မှောင် ကူးရှက်သန်း၊မြတိမ်တန်းလိမ့်၊ မစွန်းဆံမျှင်၊ မတင် ပြစ်ခြည်၊ မွတ်ပြာကြည်ကို၊ **သုံးမည်လူ့ဖျား၊** ဗျာဒိတ် ကြားလေ၊ ခွါအားမသာ၊ လျှာဒါရည်ညွှန်း၊ ခါကျွန်း ရက်ဖြင်၊ကြာတင်ရှည်လျား၊လျှောက်ဖန်များသည်။ ။ **တရားဖြေမ နိုင်လှည့်သောဝ်။**

---

ဟူ၍၊အထက်သိကြားကို၊ သ-တွင်၊ ဇ္ဇ-သရမစီးဘဲ။ ''သကြား''ဟူ၍ စပ်ဆိုသည်မှာ၊ သက္ကတ ဘာသာသက်သက်သို့လိုက်၍ စပ်ဆိုသည်၊ စတုဓမ္မ သာရ ကိုးခန်းပျို့၌ကား၊ ''သက္က-သကြ၊မာဃ နှင့်၊ သက္ကတဘာသာ၊ ဝေါဟာအပြား၊ ဤနှစ်ပါး တွင်၊ဇ္ဇ-အားအကျရာ၊လွဲကာ လည်းပြုမြန်မာမှုဖြင့်၊ ယခုလူဘွင်၊ သိကြားထင်သည်''၊ဟူ၍-'သ'တွင် 'ဇ္ဇ'သရနှင့်'သိကြား'ဟု ပြသည်။ ။သို့စပ်ထုံး- ရေးထုံးရှိသော်လည်း-ဤရတု ဦးရေ(၉၂)မိုးတော ရတုတွင်၊'ရွှာပါဘိလော့ မိုးသကြား၊ မှာပါဘိ လော ဝိုးတဝါး၊ ရှာပါဘိလော့မျိုးမပြား''ဟု-စပ် ခြင်းနှင့်၊ဤတရုပ်ပြည် ဒွယ်တော်ဘုရားတိုင် ရတုတို့ အတိုင်း၊ ယခု ရတုပေါင်းချုပ် တစောင်လုံး၌၊ နဝဒေး၏ အာဘောဂအတိုင်းသာ (သကြား)ဟု- 'ဇ္ဇ'သရမစီးဘဲ ထားလိုက်သည်။

၃။ ဝင်းလဲ့ကြည်စင်၊ ဆယ်မီးတင်လည်း၊ စံတွင်မည်ညို၊ အတိုင်းတုံ့သို့၊ ချောဖွံ့သွယ်ညွတ်၊ ပြာညက်ထွတ်ကို၊ ဆွဲးပတ်လည်တွင်၊ ကြွင်လည်းမရဲ၊ မှိန်ခွဲးယုယ၊ ညောင်းလှမထင်၊ ရင်ခွင်ဝယ်ပ၊ မချရံဖန်၊ ကဲးလွန်ဆပ္ပါ၊ သနားလေလေ၊ စံရွှေဇေတ၊ သိင်္ဂမျက်ရှင်၊ ဆက်တိုင်းပင်တည့်၊ ပြာစင်ညီးရွှန်း၊ လှကြွှန်းကို၊ လွမ်းပန်းတဲးမြင့်၊ ဂျောက်သည့်ခွင့်လည်း၊ သခင့်မိန့်တော်၊ ရိပ်မမြော်ခဲ့၊ မြောက်ဘော်လျှံဖြာ၊ ဖြည့်ပါစိမ့်ကြောင်း၊ ပန်ဆုတောင်းလျက်၊ နှံ့လျှောင်းပုံ့ရှား၊ လွန်လူးခြားသည်။ ။ကစားရွှေတ ခိုင်လှည့်သော်။

---

(၇၁) တရုပ်ပြည်-စွယ်တော်ဘုရားတိုင်ရတု

၁။ တရုပ်ပြည်တွင်၊ ရှစ်မည်ထိန့်ကျော်၊ လောင်းရှင်တော်ဟု၊ မဟော်သခေါ၊ ဖြစ်ဘူးရာနှိက်၊ လက်ယာစွယ်မြတ်၊ ထားခဲ့မှတ်သည်၊ ပြာသာဒ်နန်းထက်၊ ဘဝဂ်မိုးခေါင်၊ တမြောင်မြောင်လျှင်၊ မြောက်ရောင်အလျှံ၊ တောက်ပုံမစဲ၊ ရစ်လည်ဝဲသည်၊ ထွတ်ကဲး မှန်ဖူး၊ သုံးလူ့မျှး····။ အပူးအမော်၊ အမြော်ကျူးပြစ်၊ စိစစ်မကွက်၊ ပန်းခက်သစ်ညွန့်၊ စွဲးတန့်မရှိ၊ မသိလှည့်ဖြား၊ သကြားအပေါင်း၊ သိန်းသောင်းနှံ့မျှ၊ ဖြည့်ပါကလည်း၊ ချမ်းမြေ့ပြိမ်းဆွတ်၊ မပြည့်တတ်သည်။ ။ဘယ်နတ်ဖြစ်ကြ လေဘိသည်။

* တရုပ်-ကို'ပ'သတ်နှင့်နဝဒေးပင်ဆို မြစ်ရတုလျှင်-ချီရတုတွင်"တသီးဦးထုပ်၊ တရုပ်မြင်းကာ" ဟူ၍၎င်း၊ ဝဲခွးမိဘုရားဆို-လေးဖြာရောင်ခြည်ရတုတွင် "ထိန့်ဆုဝှန်ချုပ်၊ တရုပ်ပြည်ပါး"ဟူ၍၎င်း၊ ဥပရာဇာဧချင်းတွင် "ထိန့်ရွာအချုပ်၊ တရုပ်ဥဒည်"ဟူ၍၎င်း၊ သခင်ကြီးဧချင်းတွင်"မှုန်ပိတ်အုပ်၊ တရုပ်ပုဆိုး" ဟူ၍၎င်း၊ ယိုးဒယား မိဖုရားဧချင်းတွင်"မြဆွရောင်ညီး၊ ဆောင်သည့်ထီးနှင့်၊ ဆင်ကြီးမြင့်နိုင်၊ ရွှေစိုင်ငွေထုပ်၊ တရုပ်ဥတ္တ၊ ရှေ့တော်စုသည်" ဟူ၍၎င်း၊ ထိုမိဖုရားဧချင်းတွင်ပင် "မထွက်မပျောက်မြုပ်၊ ကွန်နယ်အုပ်လျက်၊ တရုပ်ဥဒည်"ဟူ၍၎င်း၊ ကဝိလက္ခဏာသတ်ပုံတွင်"လူရိုင်းတရုပ်၊ ရေမှာငုပ်၊ လက်ခုပ်နှစ်ခုပြိုင်" ဟူ၍၎င်း၊ဆ-ကာရန္တသတ်ပုံတွင်၊"လူမျိုးတရုပ်၊ သွင်ရှင်တစ်" ဟူ၍၎င်း၊'ပ'သတ်နှင့်(တရုပ်)ကို စပ်ဆိုသည်။ ။သခင်ထွေး ချင်းတွင် "ကြိမ်ဝါးလည်းခုတ်၊ ကြက်ရဲးစုတ်သို့၊ တရုတ်ဥဒည်"ဟူ၍၎င်း၊ ဤတရုပ်ပြည် စွယ်တော်ဘုရားတိုင်ရတုတွင်လည်း"တရုတ်ပြည်တွင်၊ မယုတ်ရည်ရှင်၊သမုဒ်သည်လျှင်၊ဟု'တ'သတ်စပ်သည်၊ သို့(ပ-သတ်၊တ-သတ်) နှစ်မျိုးပင် စပ်ဆိုသော်လည်း ဂဗ္ဗလသတ်ညွှန်းတွင် ရေးထုံးများရာသို့လိုက်၍ 'ပ'သတ်ဆုံးဖြတ်သည်ကိုသာအမှန်မှတ်သင့်သည်။



၂။ မယုတ်ရည်ရှင်၊ ချွတ်၍စင်သား၊ ဆယ်တွင်လွန်ကျူး၊ ရွှေစင်ဦးသို့၊ ပုံ့ပျူးလက်ဝါး၊ တင်လျက်ထားမှ၊ သနားဘွယ်သာ၊ ရုံခါမချ၊ ညောင်းလှမပြေ၊ ရစ်ခွေတုံ့တုံ၊ ရိပ်မြုဆကဲး၊ သွေ့လွှဲးမရှိ၊ သတိမိန်းပြတ်၊ မခတ်မျက်တောင်၊ ထွန်းပြောင်သိင်္ဂါ၊ လျှံဝါညီးရွှန်း၊ မစွန်းပြစ်အင်၊ မထင်လေတတ်၊ လှတုလွတ်ကျုံ၊ လွမ်းဆွတ်မူးလည်၊ ဖြစ်သည် ကြောင်းလျား၊ လျှောက်ပါခြားလည်း၊ တူးခြားခဲးစွာ၊ ဘယ်အာဏာကြောင့်၊

မြင့်ကြာရက်ဖြင်၊ နောင့်ရည်ထင်သည်။ ။သို့စင်နှစ်လ
ရေဘိသည်။

၃။ **သမုဒ်သည်လျှင်၊** ရှစ်မည်သောင်းနှင့်၊ လေး
ထောင်ဆင့်လည်း၊ တွက်ချင့်စာနာ၊ သိရပါ၏၊ တရာ
အသက်၊ ဆယ်ကြိမ်ဆက်၍၊ ရေတွက်မခြော်၊ ကြီးရ
သော်လည်း၊ ကျွမ်းဘော်သက်ဝေ၊ ဖြစ်ချင်လေစွ၊
လ-နေသော်တာ၊ ထွန်းလျှံဝါလည်း၊ ရုံခါတိမ်ခြည်၊
မှောင်သန်းလည်လိမ့်၊ မည်သည်ရိုးရိပ်၊ မလိပ်ဆံမျှင်၊
မွတ်ညှိစင်ကို၊ ရှင်ပင်အစစ်၊ မြစ်လိုမြစ်လော့၊ ဆုတ်နစ်
မသာ၊ ဘယ်အာဏာသည်။ ။နောင့်မှာချစ်ရ ချေ
ဘိသည်။

---

(၇၂) ဇင်းမယ်-မြသိန်ဘုရားတိုင်ရတု

၁။ **တသောင်းသမြေ။** ဇမ္ဗူမြေနှိုက်၊ ဝှန်ဝေ
ပတ်ကုံး၊ ကျွန်းမြင်လုံးကို၊ လက်ရုံးထွန်းပ၊ ဘုန်းတေဇ
ဖြင့်၊ နရဇာနည်၊ ထွတ်နတ်ရည်လျှင်၊ ယွန်းမြည်
တောင်ညာ၊ ဝိရိချာထက်၊ ကမ္ဘာမြင့်ရှည်၊ ကိုးရာ
တည်သည်၊ ရောင်ခြည်ပြဖေါ်၊ ကောင်းမှုတော်....။
မြင့်ကျော်ကြာတင်၊ ရွှေဖြစ်တွင်နှိုက်၊ မမြင်ပြစ်ကျိုး၊
ဘုမ္မိုင်းလျှင်၊ မြတ်နိုးလွန်ကျူး၊ လူနှစ်ဦးကို၊ ဖျက်ဘူး
သည့်ကံ၊ ငရဲခံမှ၊ ကိုယ့်ထံမကွာ၊ ဝိပါက်လာ၍၊
လူ့ရွာကြိုက်ဆုံ၊ ယာခုတုံလည်း၊ စုပုံသည်းအူ၊ မှတ်သည့်
သူကို၊ အယူတွေပြား၊ ဖျက်သည်များလည်း၊ ထပ်ပွါး
ဆယ်ဆ၊ ခံကြလမည်၊ မသိသည်ကြောင့်၊ ဘုန်းစည်



လှူ့ထွတ်၊ မွေတော်မြတ်သည်၊ ။မြတ်မြတ်ထင်ပါ
စေမှုသာ။

၂။ **မပြောင်းအနေ၊** တော်လှန်တွေဖြင့်၊ ကြီးပေ
ကြောင်းသင့်၊ လျှောက်ပြန်ဆင့်ခဲ့၊ ရှင်ပင့်မွေမှန်၊ ချွတ်စိမ့်
ပန်သည်၊ ငါးမာရ်ပယ်ဖြတ်၊ ခေါင်တမွတ်....။ဖြစ်မြတ်
ထင်ဘိ၊ ရှေးဇာတိဝယ်၊ သောဏ္ဍိသေန၊ စံကလျှင်၊
သက်မျှကြင်ဘော်၊ မြောက်သားတော်ကို၊ မှူးမော်
တိမ်းညွှတ်၊ သုရ-နတ်လျှင်၊ လှည့်ပတ်မရ၊ ကြောက်ဘွယ်
ပြုလည်း၊ သေရမည့်ဘေး၊ မလေးမှန်စွာ၊ တော်သစ္စာ
ကြောင့်၊ အရာတဖန်၊ စိုးအုပ်ပြန်ခဲ့၊ ထို့ဟန်မပြား၊
ကံသုံးပါးဝယ်၊ နှစ်ပါးကံမှာ၊ ဆိုရာလွတ်စံ၊ မနောကံမျှ၊
မကြံမိမှား၊ ကျွန်ုပ်အားကို၊ မှတ်သားဖေါ်ညွှန်း၊ တရား
ပန်းဖြင့်၊ နှုံထွန်းပတ်ကုံး၊ လူ့အလုံးကို၊ မြတ်ဆုံး
သမိုက်၊ ထွတ်မကိုင်ရှုသည်။ ။နားနှိုက်ဆင်ရာဝေမှုသာ။

၃။ **အကြောင်းတထွေ၊** နည်းစံဘော၍၊ ဓစ္စရေ
မြန်ခေါက်၊ နားတော်လျှောက်အုံ၊ ပြည့်လောက်ပေ
အောင်၊ ကျိုးရည်စောင်လျက်၊ လက်ဆောင်လှူ့ဆော်၊
ဆက်ကြသော်လည်း၊ ဥက္ကာတော်ထွန်းဝါ၊ မှန်အုံ့ရာမှ၊
မျက်နှာမလှည့်၊ စူးစူးဖြည့်သည်၊ သုံးမည့်တမ်းခွန်၊
မြတ်ဘုန်းဝှန်....။ရွှေလွန်ဖြစ်ခါ၊ ဥက္ကာရာဟု၊ မည်သာ
တုလွတ်၊ မိသူမြတ်ကို၊ ကျင့်မှတ်ဆိုဟန်၊ မထိုက်တန်ဟု၊
အလွန်ပြစ်မှား၊ ပြုလိုငြားလည်း၊ တည်ကြားလှမွေ၊
သည်းခံလေလည်း၊ ဟုတ်ပေသည်လော၊ သိချင်မောစွ၊
သဘောထို့တူ၊ စင်ဖြူသီလ၊ မြဲးလှတံထစ်၊ မှန်သော
ဖြစ်ကို၊ ရှင်ချစ်မွေသာ၊ သိပါတော့သည်၊ မတည်သသူ၊

တည်သသူဟု၊ သုံးလူတို့အား၊ မြတ်ဘုရားလည်း။ ။ယုံမှားသက်ာ ချေမှုသာ။

---

## (၇၃) ဇင်းမယ်-မြသိန်ဘုရားတိုင်ရတု

၁။ **ချမ်းဆောင်းဟေမာ၊** သို့သောခါဝယ်၊ နီလာလိုလို၊ ပွင့်ခူါညီနှင့်၊ နှင်းစိုဆွတ်ဖျန်း၊ ဆောင်းပွင့်ပန်းဟု၊ ရှက်သန်းလက်ကိုင်၊ မဥ္ဇူခိုင်ကို၊ တူပြိုင်ကိုင်းညွတ်၊ လှရာဆွတ်မှ၊ မိုးနတ်တဆူ၊ နှိုင်းသင့်ဟူလည်း၊ အိမ်သူ-ကုံးလျှင်၊ နောင်က-ဆင်၍၊ရွှေရင်မကွဲ၊နေစမြဲကို၊ မင်းရဲ၊ထွတ်တင်၊ ကျွန်းလုံးရှင်နှင့်၊ တူပင်မခွဲ၊ ဒီ့ချလေသော်၊ရင်ရွှေမပေါင်း၊ဆွတ်ဆွတ်ညှောင်းမျှ၊သည်ဆောင်းတွင်သာ၊ အခါပါဒြီ၊ နာရီတက်တိုး၊ ရှည်စနိုး၍၊ သန့်ညှိုးပူဆာ၊ မယ့်ကိုသာတည့်၊ မျှော်ကာမိန်းမူး၊ ဆွတ်ပျံ့ပျူးသည်။ **။ရှိန်နွှးတိမ်းစောင်း ခွေညွတ်ပျောင်း။**

၂။ **ကျွမ်းဟောင်းနေရာ၊** ဆီကသာလျှင်၊ မျက်နှာမကြည်၊နေစလှည့်ရှင့်၊သို့သည့်ပန်းမာလ်၊ ညောင်းလှန်သွယ်ဖြာ၊ မြို့၊ပြာ၊နီ၊ရွှေ၊ ထွေထွေအဆင်း၊ တောလုံးဝင်းမျှ၊ ကြိုင်ရှင်းပျံ့ရှား၊ပွင့်သည်များကို၊သနားယုယ၊ ပန်ဘော်တလျက်၊ ပျောင်းပျမရှင်၊ နေစဉ်တွင်ဝယ်၊ ညက်စင်ပြာမြို့၊ ရွှေနန်းသူက၊ လွမ်းတူခြင်းရာ၊ သဝန်စာနှင့်၊ မကြာလျှင်ဆော၊ ပြန်စေသောဟု၊ မော်မော ရှင်ချစ်၊ ခွေတော်စစ်ဝယ်၊ အသစ်မြတ်၊ ကွမ်းယာလက်ဘက်၊ပန်းခက်ပျံ့လှိုင်၊ ဆီမီးတိုင်နှင့်၊ လက်ကိုင်



ဆုပန်၊ တောင်းသော့ဟန်လျှင်၊ တမန်တို့ခေါ်၊စေလှာရောက်သည်။ **။မဘောက်သွေ့ဟောင်း ကြင်သက်ပေါင်း။**

၃။ **လွမ်းပေါင်းတွေ့ရှာ၊** လက်ဆောင်စာနှင့်၊စေပါသွတ်လှယ်၊ ဆွေမယ်ကြောင့်ကြ၊ သွယ်ကျယ်ပို့ကြိုက်၊ နှင်းနှယ်မိုက်က၊ ခေါ်စိုက်ခေါ်ကာ၊ နောင့်ခြင်းရာကို၊ ရောင်ဝါထွန်းထိန်၊နေနှယ်ရှိန်မျှ၊မြသိန်သုံးလူ့၊သဗ္ဗညုတွင်၊ ယခုထင်ထင်၊ သူ့ရင်ခွင်သို့၊ဆောလျင်စွမ်းလှည့်၊ ကိုယ်တော်ဖြည့်၍၊ နေသည့်ရပ်တွင်၊ မယ့်ဆီခွင်သို့၊ ခုပင်လျှင်ဆော၊ ပြန်စေသောဟု၊ သဘောကြည်စွာ၊ ပန်းရွှေကြာနှင့်၊ ပန့်ထွာခယ၊ တောင်းလျှောက်ဟသည်။ **။ဖူးရလွယ်ကြောင်း သည်နှစ်ဆောင်း။**

---

## (၇၄) ဇင်းမယ်-မြကျော်ဘုရားတိုင်ရတု

၁။ **မင်းသာစံခင်း[အောင်မြေမှန်ကင်း]ပြည်မျှား** မင်းနှိုက်၊ ရောင်လင်း လျှံတက်၊ ကွန်ရက် ခြူးပြောက်၊ ရွှေတိပေါက်သား၊ လေးထောက်မှတ်ရုံ၊ ခြေသိ ခံသည်၊ နှိုင်းစံရတနာ၊ သိင်္ဂါရောင်ထွန်း၊ *ဥကင်နန်းနှင့်၊ မျှားလွှန်းမဝေး၊ ထောင့်ကျေးရှုမျှော်၊ ဥယျာဉ်တော်ဝယ်၊ ဇမ္ဗော်ချတနာ၊ညွှာကမြဲဆင်း၊ မယွင်းရွှေသား၊ မြယိုးယားတည့်၊ မြလားဆင်းယောင်၊ ပန်းစံခေါင်ကို၊ ညို

---

* ဥကင်-ကား၊ ဥဏ္ဍိသ-ဟူသော ပါဠိမှ ပျက်လာသည်၊ဥဏ္ဍိသော ဂုဏာတိသယ ဝဒေသန ဝုဏ္ဍော-ဟုအတိခန္ဓီကာ မိန့်သောကြောင့် ဂုဏ်ကျေးဇူးလွန်ကဲသည်ဟုလို။

ရောင်ရှိန်လင့်၊ ရွှန်းရွှန်းတင့်သား၊ နောင်မင်းကြွင်ဘက်၊
ရွှေသားလက်နှင့်၊ မြွှက်ကောသျှင်၊ ထိပ်ပေါ်ပြင်နှိုက်၊
ဆင်စလျှည့်လော့။ ။ပြာစင်မှုတ်ချော နုတ်သွင်သော။

၂။ ခြင်းရာသံညင်း၊ [နှုတ်ရွှေပုံ့ရှင်း]၊ ရွှေဘော်ချင်းနှင့်၊ လွှမ်းတင်းဆို၍၊ ဆွေညှိနောင်မြဲ၊ တ-လိမ့်ဖြစ်ကို၊
ချစ်စိတ်တူသည်၊ အိမ်သူငယ်ကျွမ်း၊ လွှမ်းနှင့်ခမာ၍၊
နေငွေ့တက်ဟုန်၊ ကဆုန်အစ၊ ချီသော်ကပင်၊ ဆောင်း
လကုန်အောင်၊ စာစောင်ခွေလိပ်၊ ခတ်တံဆိပ်နှင့်၊
ချစ်ရိပ်မှာထား၊ ဖြင်သည်ကားဟု၊ ဝိုးဝါးတွေငေါ်၊
ရှိနှင့်သော်လည်း၊ နုတ်ကျော်ဆင်းကြွန်၊ မျက်မာန်ရှိနိုး၊
စိုးတို့နှင့်စွ၊ ငြိမ်းမြရင်တွင်း၊ မြောက်လေညှင်းနှင့်၊ ဆီး
နှင်းလည်းကျ၊ သောကာလဝယ်၊ မြလက်ရုံးကို၊ အုံးတို့
စေ၍၊ ရင်ငွေ့တူကွ၊ မစက်ရဟု၊ ရှုတလှည့်တုံ၊ ဆင်း
မြင့်နှင့်၊ စုံချင်စွလော့။ ။ဖြကျော်တွင်မော မြွတ်ရှင်စော။

၃။ **ဆင်းဝါလျှံလင်း**၊ [ရိပ်ဆောင်ခန်းတွင်း]၊ သား-
မြွာဝင်းနှင့်၊ နှဲ့ရှင်းညှိသွယ်၊ [ရှုပနိုကာယ်]၊ သနားဘွယ်
ကို၊ ရွှေနှယ်လည်တွင်၊ ဆင်လည်းမရက်၊ [ဆယ်ကြိမ်ဦး
ထက်]၊ မင်းစံလျက်သို့၊ ချစ်သက်စုစည်း၊ မယ်ထီးခဘော်
ကွေ၊ ကျွန်ရစ်လေသည်၊ မင်းနေနန်းမ၊ ဟင်သာကလျှင်၊
သုဝဏ္ဏဘုမ္မိ၊ ကျောက်တိရုံမြို့၊ နောင်တို့နေသည်၊ ဇင်းမယ်
ပြည်သို့၊ သာကြည်ရှင်ပြော၊ ရောက်စေသောဟု၊ စိတ်
စောစေတနာ၊ သဒ္ဓါကြည်ယုံ၊ ကောင်းအာရုံနှင့်၊ ကြံနိုင်
သင့်၍၊ မဖွေမကျန်၊ တမ်းခွန်မီးဝါ၊ ကွမ်းယာထပ်
လျှောက်၊ ပေါက်ပေါက်ဆန်စင်၊ နံ့ရှင်ကြိုင်ရွှမ်းသင်
ပုဇ်ဆွမ်းနှင့်၊ ချစ်ကျွမ်းဝင်သည်၊ သခင်နံ့တော်၊ မြ



ကျော်ဘုရား၊ သုံးလူ့ဖျားဝယ်၊ ကိုယ်စားသို့ပင်၊ ဆက်
တင်သည်လော့။ ။မဥ္ဆူနိုင်းလျော မှုတ်ထင်မော။

---

## (၇၅) သကြားတိုင်ရတု

၁။ **လေးဖြာခြည်ရောင်**၊ တောင်၏ ထိပ်ဝှေ၊ ရွှေတိ
မြေထက်၊ ဝေဇယန္တာ၊ သာယာတလွှတ်၊ ဘုံပြာသာဒ်
နှင့်၊ သုဒဿန၊ သိင်္ဂံရိလည်၊ သကြားပြည်နှိုက်၊ စံတည်
ဦးစွန်း၊ ရွှေမြောက်ယွန်းတွင်၊ ထူးဆန်းချယ်ဆင့်၊
လွှန်၍တင့်သား၊ အပွင့်-ပဏ္ဍုမြား၊ မြကား-အရွက်၊
အခက်—ရွှေစင်၊ ကသစ်ပင်ဝယ်၊ ပလ္လင်ကျောက်ဖျာ၊
ကမ္ဗလာထက်၊ မြင့်ကြာခုအောင်၊ မနေရှောင်၍၊ ကြံ
ဆောင်ဘန်ဆင်း၊ တင်း-မတင်းကို၊ နုတ်မင်းသတိ၊ မပြ
မိတည့်၊ ခုပြီးနှိုးဆော်၊ တောင်းပန်သော်လျှင်၊ ကြည့်
တော်မူကာ၊ မနေရာသည်။ ။ဘန်ပါ ကောင်းလှ
မြို့တကား။

၂။ **ရွှေးခေါ်ပြည်ထောင်**၊ ဥတ္တရာဘောင်လျှင်၊ အတောင်
ဂဠုန်၊ အဟုန်ပြင်းရှိန်၊ ဝဇိရိန်ဖြင့်၊ အချိန်တန်လျက်၊
ခွန်မဆက်သော်၊ ရင်ထက်သံပြား၊ ကာနှင့်တာ လည်း၊
လွှားလွှားချင်းဘောက်၊ ထိပ်သွေးသောက်လိမ့်၊ ၍
ကြောက်ကုန်အောင်၊ ပြည်ထောင်ရှိတိုင်း၊ မြိုင်ခိုင်းတို့
တုံ၊ မကြံဝံ့တည့်၊ အလှုံကြေညာ၊ ဖုးရောက်လှာသို့၊
သိင်္ဂါရောင်ဂုန်၊ နန်းဗိမာန်ကို၊ အပြန်မိန့်တော်၊ မြွက်
ဖော်စေကြောင်း၊ ပန်မတောင်းလည်း၊ မျိုးဟောင်း
နှင်နှင်၊ ငယ်ကကြင်သည်၊ သခင်မပီ၊ မြကွန်းဆီသို့၊

နွေမိုးသဘင်၊ ရောက်လှာကျင်၍၊ သို့စင်ပန်ကာ၊ မနေရာသည်။ **။မှန်ပါကောင်းလှ ပြီတကား။**

၃။ **မြေးခွါလည်ရှောင်**၊ ဘုန်းစက်ရောင်ဖြင့်၊ ထိပ်ခေါင်ဝေ့ထက်၊သံမှိုနက်သို့၊ နောက်ဆက်ရန်မြစ်၊ မဖြစ်လျှင်းအောင်၊ ရှိုင်းပြည်ထောင်ကို၊ ကုန်အောင်ရှို့ကြောင်း၊ ဖျက်သည့်နှောင်းတွင်၊ အလောင်းစည်သူ၊ လှည့်သောတူလျှင်၊ ထိန့်ဆူဗွန်ချုပ်၊ တရုပ်ပြည်ပါး၊ ပြေးသွားရာရာ၊ နှံ့အောင်ရှာ၍၊ ဖြာဖြာလုံးစုံ၊ ချက်တိုင်းကုံကာ၊ ရိပ်မြုပျော်ဘက်၊ ကိုယ်နှင့်သက်ကို၊ မြဲးချက်ငြိုးတိုင်၊ မစိုးပိုင်တည့်၊ နေထိုင်အောင်ချာ၊ နန်းပွင့်ရာသို့၊ မြန်ပါလွယ်အောင်၊ နတ်ဉာဏ်ရောင်ဖြင့်၊ အခေါင်ထွတ်ချာ၊ လောကနာကို၊ ဘန်ပါတပြီ၊ လတီကူးပြောင်း၊ ဆင့်လောင်းထပ်ကာ၊ မနေရာသည်။ **။မြန်ပါကောင်းလှ ပြီတကား။**

---

## (၇၆) အဖြည့်ခံရတု

၁။ **ထူးလှထွေ၍**၊ စုံခြေချောက်ကြား၊ မြိုင်တောပြားဝယ်၊ ဝံသွား–တီးတိုး၊ကြောက်စိုးတွယ်များ၊ ကျားက–ဟုတ်သော်၊ စိုင်က-ဆော်၍၊ မခေါ်ဆည်ငုံ့၊ ကြံ့က-ဟက်ရုတ်၊ပြုတ်သည့်ဒရယ်၊ ချေငယ်က–ဟောက်၊ တောက်သည့်–သမင်၊ဆင်က–ဟည်းကြူး၊ မထူးစရာ၊ သံသာတော်ရိုက်၊ဆတ်က-တိုက်၍၊တောနိုက်ကားနေ၊ ဝံရွှေက-ဟောင်၊ ကြောင်က-ဝပ်ညောင်း၊ မျောက်လောင်း–လက်ဆက်၊ လင်းဝက်–မည်၊ ရှူးပုံ့-ပလေ၊ မြွေက-တွန်လေး၊ ပွေးက-စုတ်ငြိ၊ ကြွက်က-စီ၍၊မှိုင်း



ရှိသည်းဆူ၊ ဝံ့ပိုင့်-ကူက၊ ဘုတ်မူ-သံဟည်း၊ မိန့်က-ညည်းသော်၊ ဆွေနည်း နှောင်လျှင်၊ သခင်မပေါင်း၊ ရွှေရည် ညောင်းသည်။ **။လွှမ်းပျောင်း လှိုင်တို့ခဲ့မည်လော။**

၂။ ပူးမျှဝေ၍၊ လေနှင့်မုန်တိုင်း၊ထက်ခွင်မှိုင်းမျှ၊ ရှိုင်းလသော့ထွေ၊ နွေသို့ကူးလှ၊ ရတုဝိုးဝါး၊ စက်ဝယ်ကြားနိုက်၊ ပြောက်ကျားတွန်ကျော်၊ ငေါင်းက-ငေါ်၍၊ နာပျော်ဘိခြင်း၊ ငြင်းလည်းမလွှန်၊ သာဟန် ပုံ့လေး၊ ကြက်တော-ကြွေးက၊ တူရေး-ခရော၊ ထွေလာတထူး၊ ဥဒေါင်း-ကြူး၍၊ ဘီလူးက-ပြေး၊ မြစ်တွေးက-ခေါ်၊ ငှက်တော်က-ရှူ၊ ချိုးကကူ၍၊ ဖျိုင်းဖြူက-အက်၊ ကျီးနက်က-ဆော်၊ ခါက-ကြော်လျှက်၊ ဇင်ရော်,ဟသ်ာ၊ သူဝါငှက်ပျင်း၊ ထွန်တွင်းခေါက်တက်၊ ဆောက်နှက်သော့ဟန်၊မြည်လေပျံနွဲ့၊ညမှန်ချုပ်မှ၊ခင်ပုပ်မလည်း၊ ဖြိုးရသော့ထက်၊ ပွက်သော်လည်းတူ၊ ဆီးဆောက်ယူလျက်၊ မြိုင်ထူတောနက်၊ အိပ်စက်မရှိ၊ မြင်မိအခါ၊ ကြမ္မာထံနောက်၊ ခေါက်လောက်တသီး၊ နေညီး ကုန်ပြောင်း၊ လသစ်လောင်းသည်။ **။ပြွမ်းပေါင်းပြိုင်တို့ခဲ့မည်လော။**

(ဤရတုကိုဖြည့်သော-တတိယပိုဒ်-မပေါ။)

---

## (၇၇) ဟင်္သာဝတီ-မြို့ဘွဲ့ရတု

၁။ **ရာဇဒ္ဓါနီ**၊ပြည်ကြီးဝီ၍၊ တည်ီတာမှ၊ ဘုံလျှင်ကျသို့၊လမ်းမဆက်သွယ်၊လမ်းငယ်ရံပိုက်၊မြောင်သွယ်ဝိုက်လျက်၊ တလိုက် အုန်း,ထန်း၊ ပန်းမာလ် စုံအင်၊

ထွက်ဝင်မျော်ဘွယ်၊ တံခါးဝယ်ကား၊ ဇင်းမယ်, အုန်းပေါင်၊ ပြည်ထောင်ရာစင်း၊ မိုးညှင်း, မိုးကောင်း၊ တောင်စောင်းခေါးဝယ်၊ နောက်ဆွယ်ကလေး၊ မဝေးကြံအး၊ မိုးနဲ့,ညောင်ရွှေ၊ လှည့်လေလယ်ယာ၊ သာရာဝတီ၊ သိန္နီ,မကြွင်း၊ တနည်ာရီ၊ လှံ့ညီကျော်ကြား၊ ယိုးဒယားကာ၊ မုတ္တမ,နှင့်၊ မြောက်မှ ခတ်ယွှန်း၊ ပုခန်း, *[ပုသိန်၊ စက်ရှိန်လျှံဝေ]၊ သရေခေတ္တ၊အင်းဝ,တောင်ငူ၊ ဘုရ္ဗရွှေခင်း၊ လင်းဇင်း,ဒလ၊ ဥါရနှစ်ဆယ်၊ သွယ်

* မှတ်ချက်။ ။ကလျာဏီသိမ် ကျောက် စာတွင် ကုသိမ မဏ္ဍလ-ဟု ပါဠိစီခြင်း၊ စစ်ကိုင်းမြို့ ထူပါရုံဘုရားကျောက်စာတွင် ကုသိမ်ရောင်မြ-ဟု ရှိခြင်း၊ ဆီးဘန်နိဗ္ဗိုက်သစ် မင်္ဂလာသိမ်တော် ကျောက်စာသံပိုင်းတွင်- ''ရွှေ့ရှားမငြိမ်၊ နဘ်နန်း အိမ်သို့၊ ကုသိမ်ခွန်ဆွတ်''ဟု 'မ'သတ်ခြင်း၊ ဆကာရန္တသတ်ပုံတွင်-''သေးသိမ်-ယေ်သိမ်၊ မြို့ကုသိမ်နှင့်'' ဟု 'မ' သတ်ပြခြင်းတို့ကို ယောင်မှား၍ အချို့အပ္ပသုတ တို့က ကဗိလက္ခဏာ သတ်ပုံတွင်-''အထက်မစိန်၊ အောက်ပုသိန်၊ ရေမိန်အလယ်တွင်''ဟု ဒန္တဇ 'န'သတ်နှင့် (ပုသိန်) ဟု စပ်ဆိုသည်ကို မှားကြောင်း အပြစ်ဆိုလေသည်၊ မမှားပေ၊အဘယ့်ကြောင့်နည်းဟူမူကား မဟာဓမ္မသင်္ကြိစီရင်သည့် သာသနာ လင်္ကာရ စာတမ်းတွင် ''ကုသိမ်'' ကား- မွန်ဘာသာ၊ ''ပုသိန်'' ကား- မြန်မာဘာသာဟု ဆိုသည်ဖြစ်၍၊ ကဗ္ဗဇနှင့် 'ကု'ဟု ရှိလျှင် 'မ' သတ်ရမည်၊ ဩဋ္ဌဇနှင့် 'ပု'ဟု ရှိလျှင် 'န' သတ်ရမည်၊ ထို့ကြောင့် စတုဓမ္မသာရမျိုတွင် ''ရှင်စောပုတ္တ၊ လိုက်ဆုကျော်



သွယ်ရောင်မောင်း၊ တန်ဆောင်းပြအိုး၊ တရုတ်ကိုးတိ၊ ကျုံးရိုးနက်ကျယ်၊ နှစ်ဆယ်တာမ၊ မျှားလှပြောဟုံ၊ သာမျိုးစုံသည်။ ။ရွှေဘုံဟင်္သာ နန်းဌာန။

၂။ ဌာနစန်းဝါ၊ ရှစ်မျက်နှာလည်း၊ ချိန်ခါသီးမှည့်၊ ပင်တိုင်းပြည့်မျှ၊ ရှုကြည့်မဆုံး၊ ဆင်ကျုံးသာလွန်၊ နန္ဒဝန်က၊ သက္ကမနှင့်၊ တမျှနိူင်းချိန်၊ တာဝတိံမှာ၊ နန္ဒဝါသို့၊ ကြိုင်စွာပျံ့လှောင်း၊ နံ့ကောင်းပန်းမာလ်၊ကျိုက်ပွန်ကျိုက်ပေါ်၊ မော်ခေါကေသာ၊ မဟာစေတီ၊ လျှံညီရောင်မောင်း၊ ရွှေကျောင်းဗိမာန်၊ ဇေတဝန်တိ၊ ရဲရဲညီမျှ၊ မုနိထွတ်ထား၊ တို့ဘုရားလျှင်၊ သကြားနတ်နှင့်၊တူနိူင်းသင့်၍၊ စံတင့်စံကျွန်း၊ အာဏာ

ရှိန်၊ ပုသိန်မင်းမြေ၊''ဟူ၍ ၎င်း၊ မင်းတရားရွှေထီးနေချင်းသစ်တွင် ''ရှင့်ဘဘွားမူ၊ တိုင်းကားပုသိန်၊ ဘုန်းရှိန်လွှမ်းမိုး''ဟူ၍ ၎င်း၊ ၎င်းတွင်ပင် ''တေဇပြင်းထိန်၊ တန်းခိုးရှိန်ဖြင့်၊ ပုသိန်တိုင်းကား'' ဟူ၍ ၎င်း၊ ယိုးဒယားမိဖုရား နေချင်းတွင် ''အကြေပုသိန်၊ နေရှိန်ပမာ''ဟူ၍ ၎င်း၊ ရခိုင်မိုင်မော်ကွန်းတွင် ''တရထည်စိန်၊ လျှပ်နွယ်ထိန်သည်၊ ပုသိန်သမ္မတ''ဟူ၍ ၎င်း၊ မိဏ္ဍိလာ ကန်တော်ဘွဲ့မော်ကွန်းတွင် ''ဓမ္မရာဇ် ထွန်းထိန်၊ ထွတ်နရိန်နှင့်၊ ပုသိန်စိုးယူ'' ဟူ၍ ၎င်း၊ ကဗျမျက်မှန်သတ်ပုံတွင် ''မြို့မှာပုသိန်၊ ရှင်မင်းသိန်၊ သိန်ရာသီကို'န'သတ်မည်''ဟူ၍ ၎င်း၊ ''ပုသိန်''ဟု 'န' သတ်နှင့်သာ ပညာရှိတို့ အစပ်အဆိုများရကား များရာသို့ လိုက်၍ 'န'သတ်သာအဖွန့်ဟုမှတ်သားကြရမည်၊အခြား 'န'သတ် စပ်ထုံးများစွာရှိသေး၏။

ထွန်းလျက်၊ ပုံ့ရွှန်းသိရိန်၊ တထိန်ထိန်သည်။ ။ ဘုန်းရှိန်ထွန်းပ ပြင်းတောဇ။

၃။ **ကာလသဘင်**၊ လတိုင်းပင်တည့်၊ မမြင်စဘူး၊ အံ့ကာမူးမျှ၊ တန်းခူး-ကဆုန်၊ နယုန်*နွယ်တာ၊ †နံ့ကာပန်းလှ၊ ရတုသစ်ဆင်း၊ တော်သလင်းဟု၊ သီတင်းကျွတ်ခါ၊ လွှတ်တော်မှာနိုက်၊ ပွဲတော်ကြိုက်လျက်၊ ရောင်မြိုက်ပြကာ၊ ကြတ္တိကာနှင့်၊ မဟာပိဿ်း၊ ပြုမြဲးကော်ရော်၊ နတ်တော်ကျတ်ကို၊ ပြာသိုလကျော်၊ နွယ်ပန်းပေါ်က၊ မော်ကစနု၊ရှုတုံသဘင်၊ ရထားလျှင်နှင့်၊ မြင်းဆင်ခင်းမြဲး၊ တပို့တွဲးဝယ်၊ လှည်းပွဲး-မကော်၊ တပေါင်းသော်ကား၊ ဆံတော်ဒဂုံ၊ တက်ကြတုံ၏၊ ပည်းပုံများဖြင်၊ သဘင်နှစ်ကြောင်း။ လှေပေါင်းလှည်းက၊ တုပဆင်ယင်၊ မမြင်စဘူး၊ တင့်လွှန်ကျူးမျှ၊ စုံပူးမကွာ၊ သို့သောခါသည်။ ။**အသာဟူက နှိုင်းသမျှ**။

[ဤရတုကို ဆိုရာတွင်မှ ဟင်သာဝတီ ဆင်ဖြူများရှင်မင်းတရားကြီး အားရတော်မူ၍ ထောင်သင်းမှူးမင်းလက်ယာအား(နဝဒေး)ဟူသောဘွဲ့ကိုပေးကြောင်းနှင့် အတွင်းဝန်မင်း လက်ဝဲနော်ရထာ စီရင်သော နိဂုံးအဖြေ စာတွင်ပါသည်။]

---

## (၁၀) အင်းဝမြို့ဘွဲ့ရတု

၁။ **မဟာနဂရ၊** နန္တဦးစွန်း၊ လေးကျွန်း ထိပ်ခေါင်၊ မင်းဝိတောင်ထက်၊ ပြည်ထောင်ရာဇင်း၊ မင်း

* နွယ်တာ-ကား ဝါဆိုလကို ဆိုသည်။
† နံ့ကာ-ကား ဝါခေါင်လကို ဆိုသည်။



မျှားသခင်၊ သည်တွင်ပင်စည်၊ ဖြစ်တော့မည်ဟု၊ နေတည်သာလှ၊ ရွှေ *အင်းဝဝယ်၊ မိဘာ ဘိုးဘွား၊ ချက်မြှုပ်ထားသည်၊ ရှင့်သားကျိုးရောင်၊ ရွှေနားထောင်လော့၊ မြိုင်ချောင်သနင်း၊ မြသေ့မင်းကို၊ ရှည်ခြင်းမွေးဘာ၊သာလှတုပြော၊ နောင်တို့တောဝယ်၊မြကျောညီပြာ၊ သည်လျှာအိမ်သူ၊ ရှိ၏ဟူ၍၊ သွေးမြူဆောင်ကာ၊ ကေသရာသည်၊ လိုက်ငှါမတင်၊ ကျိုင်းညီစင်ကား၊ ရောင်ထင်မြဲတော၊ သရေခေတ္တ၊ ပြည်မသနစ်၊ သာသည့်ဖြစ်ကို၊သစ်သစ်မကျန့်၊ မတန့်တို့ရာ၊ စကြာပထွန်း၊ လေးကျွန်းလုံးခြုံ၊ ပေးတုံ့အမှန်၊ တုတ်ခွန်ဆက်လှာ၊ † မော်ကွန်းစာကို၊ ဘတ်ပေါ် လှည့်ဦး၊ ရွှယ်လူးစွမ်းခေါင်၊ မယ့်ခွေမောင်အား၊ ဆောင်ဘိမပါ၊ ဆိုပိမ့်နာလော့၊ ရွှေးခါကသ၊ မင်းလှထင်ရှား၊

* အင်းဝ-ကား၊ အင်း-ကိုးအင်းကို သတိုးမင်းဖျား ဆည်မြှုပ်၍တည်ခြင်းကြောင့် မူလရင်း "အင်းနဝ" ကိုနောက်မှ 'င''နှ' ကျေပျောက်၍ "အဝ"ဖြစ်သည်ဟု- ဥးကျေးဆရာတော် အဖြေဘူပ်ရှိသည်၊ အင်းဝမြို- ဓာတ်ဝေါင်း မြှူဘုရား ကျောက်စာနိုက်လည်း "ဒုဋ္ဌာ-ပန်းလောင်၊ သန်းခြောင်ခွေရုက်၊ မြေသန့်လျက်ဝယ်၊ နေဆက်မျိုးရင်း၊ သတိုးမင်းသည်၊ ကိုးအင်းဌာန၊ အခါရသဖြင့်၊ သာစွာထူးလည်၊ အဦးတည်သော၊ ရွှေပြည် အောင်ချာ၊ ရတနာပူရ၊ အင်းဝမြို့"ဟုရှိလေသည်။

† မော်ကွန်း- ဟူသည်ကား၊ ဘင်ဂလ ရှည်လျားစွာ တည်စေခြင်းငှါ ရေးသားထားသော စာ-ဟူလို၊ ကဗိလက္ခဏာ သတ်ပုံတွင် "တမ္ဗာ ကုန်ကျွန်း၊ ဝံမော်ကွန်း၊ ဥဒါန်းခုံသက်သေ"ဟု စပ်ဆိုသည်။

မိဖုရားနှင့်၊ နှစ်ပါးတူနေ၊ ပျော်ဘူးလေ၏၊ အောင်မြေမြန်ချာ၊အလွန်သာသည်။ **ငါးဖြာမြစ် အပေါင်းတကား။**

၂။ **လိုက်လှည့်ခေါ်သည်၊** ယှဉ်ဘော် မယ့်သက်၊ ယွင်းကွက်လေလို၊ နာကြောင်းဆိုပိမ့်၊ မြင်းမိုရ် ထိပ်ဖျား၊ သကြားပျော်တန်၊ ဝေဇယန်နှင့်၊ သဏ္ဍာန်တူစွာ၊ ပုံပမာကား၊ စူဠာကဲ့သို့၊ တုံနန်းမြို့ဝယ်၊ မင်းတို့သည်းကြား၊ ထွတ်ထားစံတင်၊ ရှစ်သောင်းရှင်နှင့်၊ ဉကင်လှစ်တွန်း၊ တက်နေထွန်းသို့၊ ရွှင်လန်း ပျော်ရာ၊ ဒေဝါများနတ်၊ စံမှတ်ဆဒ္ဒန်၊ ရောဝဏ်နှင့်၊ သဏ္ဍာန် မပြား၊ ရှင့်သား အိမ်သူ၊ မှတ်တော် မူလော့၊ ကျိုက်ဆူဇွန်ပြင်း၊ ရှင်ရင်းဘုန်းအား၊ မင်းသားမင်းမြေး၊ သေဒွေး-သူကြွယ်၊ ဆင်းရွယ်ရုပ်သွင်၊ ကောင်းကင်-မြေအောက်၊ ထိုးဘောက်သွားနိုင်၊လှချင်းပြိုင်လည်း၊မနိုင်မဲ့လျှင်း၊ခြင်္သေ့မင်းသို့၊ရှင်ရင်းကိုယ်ယုံ၊ များလှပုံ၏၊ ကြွေးတုံသဖြင့်၊ အသင့်မောင့်ကို၊ ကဲ့ရဲ့ဆိုလိမ့်၊ ပြာညိုမယ့်သက်၊ ကျွမ်းယှဉ်ဘက်သည်။ **။သွေးလျက်မခေါ် ကောင်းတကား။**

၃။ **ရွှေတုံသာထက်၊** မင်းဆက်နေသည်၊ မယ်တို့ပြည်ကား၊ ပတ်လည်သာမော၊ သဘောဆိုက်လှာ၊ လေးမျက်နှာက၊ *ရတနာခုနစ်ပါး၊ မရှားဆင်,မြင်း၊

* ရတနာခုနစ်ပါးကား- သုဝဏ္ဏံ, ရဇတံ, မုတ္တာ,၊ မဏိ,ဝေဠုရိယာနိစ,။ ဝဇိရည္စ ပဝါဠဉ္စ၊ သတ္တာဟုရတနာနိမေ ဟု-အဘိဓာန်၌လာရကား- ရွှေ,ငွေ, ပုလဲ, ပတ္တမြား, ကြောင်, ဝဇိရစိန်, သလင်း၊ ဤခုနစ်ပါးပင်တည်း။



နို့ရှင်းကတိုး၊သိုးနှင့်အောင်းသား၊များသည့်ပန်းမာလိ၊ ဟေမဝန္တာ၊ နှိုင်းရှည့်ရာလည်း၊ သာ၏ ဟူသည်၊ အတူပျော်ချင်၊ ဆိုသည်ထင်လိမ့်၊ ကျွမ်းဝင်ရှင့်သား ရှုပျော်ပါးလော့၊ ဘုရားနှင့် ကျောင်း၊ လိုဏ်ခေါင်း ဥမင်၊ တောင်ခွင်-ပင်းယ၊ မြောက်မှစစ်ကိုင်း၊ မြင်စိုင်းရွှေမှာ၊ ပျော်ရာပည်းဖြင်၊ ချောက်မတွင်နှိုက်၊ ရှင်ပင်ရှေးခါ၊ ရဟန္တာပင်၊ ဇုတင်အလျောက်၊ မဘောက်မယွင်း၊ သတင်းကျော်ဇွန်၊ ဝဏ္ဏဝန်ကို၊ မဆန်ပါဘူး၊ သူထက်ထူး၍၊ ကျေးဇူးများဖြင့်၊ သခင်များလည်း၊ မရှားတို့ဝယ်၊ ဘုန်းတိကြွယ်၏၊ မိုးလယ်ထိအောင်၊ ဖြူရောင်ဆွဲဆွဲ၊ ပုညစေတီ၊ လုံးညီပေါ်ထင်၊ မွေ့ဓာတ်ရှင်နှိုက်၊ ကြည်လင်စိတ်သန်၊ တောင်းဆုပန်သည်။ **။နိဗ္ဗာန်မြည့်မျဉ်း ကြောင်းတကား။**

## (၇၉) အင်းဝမြို့ဘွဲ့ရတု

၁။ **လက်ယာမည်ဟူ၊** သမိုက်မှုသား၊ ဇမ္ဗူဒီပါ၊ မြေချာမွန်ဘိ၊ ဘုမိနက်သန်၊ သဏ္ဍာန်သုဒဿနပြည်ပမာ၊ ရကို၊နေ့,လ-နတ်နွယ်၊ စံပယ်တင့်ခိုး၊ ယခုတိုးသားနန်းရိုးထွတ်ဖျား၊မင်းတရားအ၏၊နှောင်းဘွားတဝေး၊ညီတော်ထွေးလျှင်၊မိုးလေးငါးရှစ်နှစ်လည်းကျူးကျော်မြို့တော်ရပ်သာ၊ မပြန်ပါ၍၊ လေသာထိပ်ဦး၊ မြောက်ဦးရိုက်ဆွဲ၊ ပုလဲးပြက်စောင်၊နိုင်ညောင်ပလ္လင်၊ဘုံရွှေစင်ထက်၊ နတ်သွင်ဝန်းရံ၊ရှုမွှေးစံသား၊ကြိုးသံညောင်းညောင်း၊စည်မောင်းငြိမ့်ချူ၊ မကြားရဟု၊ ရှုရှုဆံဝတ၊ ကြားသူနတ်တို့၊ သုံးပတ်ရံကျင်း၊ ဝိုးမင်းအလုံး၊ ရိုက်ုံးဆောက်တည်၊ ပန်ဆုရည်သည်။ **။ဖြိုးကြည်စင်မြတ် လှတကား။**

၂။ **အက်ရာရည်တူ၊** မညီသည့်သူမျှ၊ မပြူစကောင်း၊ ရင့်ညောင်းမုံအာ၊ ဘုန်းတေဇာလည်း၊ အခါမလင့်၊ ပွင့်အုံ့ဆဲးဆဲး၊ ထွတ်မင်းရဲးလျှင်၊ အောင်မြိုးဘိသိက်၊ ရုံမိတ်စင်နေ၊ ရပ်လုံးတွေကို၊ သပြေအလုံး၊ လက်ရုံး ဆန့်ထူ၊ စိုးမည့်သူဟု၊ ကြည်ဖြူနိစ္စ၊ မှတ်အပ်လှ၏၊ ဟောမ မာလာ၊ နံ့သာထုံရည်၊ ဖွန့်ရှည်မြစ်ကြီး၊ သေန် စီးလျက်၊ သန်းဆီးရုံမြောင်၊ တောင်လည်းမင်းစံ၊ ရွှေလျှံ ရွှေပတ်၊ ဖက်ဆွတ်ဗိတောက်၊ လဲးပေါက်စံပီ၊ စီရ ရီတည့်၊ သရဖီတုံ့ကော်၊ သွိခါမျော်ကာ၊ ရွှေလျော်နာပြည့်၊ ဆင်စလှည့်ဟု၊ ရှုကြည့်စိမ့်မြေး၊ မွှေးမွှေးပျံ့ကြည်၊ တ-လိမ့်မည်သည်။ **။ရှိးရှည်တွင်နတ် မျှတကား။**

၃။ **စကြာဖြည်ယူ၊** လေးကျွန်းသူကို၊ ဆီးမြှုမှောင် သေး၊ မခြေးစေရ၊ ရွှေရွှေပသား၊ နန္ဒသူရိယာ၊ နေသော်တာလျှင်၊ ဥတ္တရာယာဥ်၊ ဝင်စဉ်-အစ၊ ဟာသ ဒန္ဒင့်၊ အမွှဝါသီ၊ ပြိုင်ညီပြီး၍၊ နာရီတက်ဖြိုး၊ ရှစ်သွို တိုးသော်၊ ပုလိုးစည်ခုံ၊ ရှုပ်ပုံရတနာ၊ နှိုးရာရာကို၊ မြွတာ-တကောင်း၊ သွန်းလောင်းရေကြည်၊ ပြည်လုံး လည်က၊ နတ်ပြည်မလွန်း၊ တို့ထိပ်ပန်းလျှင်၊ ငါးခန်း ဆင့်ထပ်၊ ကြာရပ်ဖွဲးဖွဲး၊ ပျားစွဲခြင်းခံ၊ တောင်ရုံ မုတ်ခပါင်း၊ မသာတောင်းဝယ်၊ ငြင်း,စောင်းငြိမ့်ငြိမ့်၊ နှစ်သိမ့်စမြဲ၊ ပျော်ရသဲးဟု၊ ဝမ်းကွဲးတရေး၊ မဝေး သို့စင်၊ ရောက်စေချင်လိမ့်၊ မရှင်ဘွယ်မှု၊ တလှူလှူကို၊ ယခုကပင်၊ တိမ်လွင်တိမ်ပွင့်၊ ရိုက်ဆင့်ကြူးမြည်၊ စလှာ သည်လည်း။ **။မိုးစည်လျှင်လတ် စွတကား။**

---



## (၁၀) ပန်းဘွဲ့ရတု

၁။ **ချင့်သောင်းရှစ်မည်၊** လေးထောင်တည်သား၊ ပတ်လည်ကုံးမြောင်၊ ခပ်သိမ်းတောင်လည်း၊ ထက်ခေါင် ရုံဝန်းဖီလာသန်း၍၊ တောက်ရှန်းတွေလာ၊ လေးမည် ဖြာလျက်၊ ဖွေချာအထိပ်၊ စိုးမိုးနှိပ်သည်၊ သုံးကျိပ် နတ်မွန်၊ ဘုန်းသန်သုံးပါး၊ ဆင်စိမ့်ထားဟု၊ ပွံ့ရှား ကြိုင်မြိုး၊ နှင်းရည်နူး၍၊ ငုံဖူးညွန့်ရှင်၊ ပေါ်စမြင်က၊ စက်လျှင်ရုံထပ်၊ လုံခြားစပ်မျှ၊ ကင်းတပ်မိုးစွန်၊ တက်မာန် ပြင်းရိပ်၊ နှစ်ကျိပ်ရှစ်ဦး၊ နတ်စစ်မှူးတို့၊ ဟူးဟူးမည်၊ နတ်စက်သံဖြင့်၊ မပုံသာတောင်း၊ စောင့်ခြိမ်းမောင်း သည်။ **။လေကြောင်းငှက်က ကျေးထိုမျှ။**

၂။ **ရင့်ညောင်းထစ်မည်၊** မိုးသံစည်၍၊ ပတ်လည် ဟူးဟူး၊ ပြင်းမာန်ယူးနှင့်၊ သုံးဦးသုံးကျိပ်၊ စိုးကွပ် နှိပ်သား၊ ပတ်ချိပ်နီးဝေး၊ ခြိမ်းသံပေးက၊ ပျားသေး ငှက်မျှ၊ မဝင်ရတည့်၊ စောင့်ကြလက်နက်၊ အောက်ထက် လပ်မဲ့၊ သုံးဆဲ့ခြောက်ထပ်၊ သကြားတပ်သို့၊ သောင်းရပ် ထိပ်မိုး၊ ကျော်လွှဲပိုးသား၊ သတိုးဘုန်းဂုန်၊ ဘုရင့် ကျွန်ဟု၊ ပြင်းထန်အာဏာ၊ ငင်ကာခုတ်ဖြတ်၊ ယုဲ့ ဆွတ်မှ၊ ဘုံထွတ်ကြိုင်မွှန်း၊ ဘက်မဲ့နွန်းသည်။ **။ ဂမုန်းခိုင်လှ မွှေးချိုမျှ။**

၃။ **လွှင့်ပြောင်းမြစ်ခြည်၊** ထွန်းလျှံကြည်သား၊ နတ်ရည်မြာညို့၊ သခင့်ဘိုဟု၊ ပိတ်ဆို့မြေပြင်၊ စက်ရှင် မီးဝါ၊ ဆယ်ထပ်ကာ၍၊ မသာရောနှောင့်၊ ကင်းထောက် စောင့်လျက်၊ ရှစ်သောင်းလေးထောင်၊ နှံ့အောင်

ပြိုင်ခင်း၊ သကြားမင်းကို၊ ဘောက်ထွင်းတိုက်ဝင်၊ နတ်သဘင်နှင့်၊ မြေပြင်လည်းတိမ်း၊ မိုးသံငြိမ်းမျှ၊ ညွတ်ယိမ်းယုယ၊ ဆွတ်ခဲ့မှလျှင်၊ ခြင်းတကြောင်းပြန်၊ စာ*သဝန်နှင့်၊ ယုံကျွန်လျှောက်တွေ၊ ဆက်ချေစေသော်၊ဆံမွှေမလိပ်၊ ရွှေတံဆိပ်ကို၊ချစ်ရိပ်ရိပ်ပင်၊ ငြိမ့်လေးစင်သား၊ နတ်သွင်ရောင်ကောင်း၊ နွဲ့နွဲ့နှောင်းသည်။ **၊ရှင်စနှောင်းဟူပ ထွေးညိုမြ။**

---

## (၁၁) မန်းဘွဲ့ရတု

၁။ **အဝန်းကိုးထောင်၊** သချာ်ဆောင်သား၊ လေးထောင်ရှစ်သောင်း၊ တောင်အပေါင်းတိ၊ တင့်ကြောင်းရံပတ်၊ သွယ်ညွန့်ထွတ်ဝယ်၊ မိုးနတ်များရှင်၊ ပန်အုံယင်၍၊ ပွင့်လျှင်လျောက်လှည့်မိန့်တော်တည့်ကြောင့်၊ ရှုကြည့်အင်တက်၊ ကြိုးကြလျက်လျှင်၊ ဖူးရွက်ညွန့်ရှင်၊ ပေါ်စ-မြင်က၊သာရှင်လွန်ကျူး၊ ရွှေစင်ဦးသို့၊ ဘီလူးကင်းစွန်၊ ကုဋ္ဌန်ထက်နေ၊မိုးမြေနှံ့မျှ၊တာတစ်ချလျက်၊ ပြင်ပစွန်နား၊လူကိုထားဘိ၊တိမ်ကြားလေ၄က်၊ ပင်စည်ထက်ကို။ **၊ဘဝဂ်ကမျှ မပုံ့ရ။**

၂။ **တသွန်းစိုးဆောင်၊** မြင်းမိုရ်တောင်ကို၊ ကုန်အောင်ဝန်းလည်၊ လှံဓားရည်၍၊ မည်သည်နတ်မျှ၊ မကျန်ရတည့်၊ ပြင်ပငြိမ်းမဲ့၊ စဲးရမ်းကို၊သောင်းပွဲးသမြေ၊ညာကြေဝေးနိုး၊ အုံ့ဝှဲးမျိုးသား၊ မင်းကြီးဘုန်းဝှန်၊

* သဝန်ကား– ပေါ်ရာဏ၊ မှာစာ–ဟုလို၊ ပေါ်ရာဏကထာလင်္ကာသစ်တွင် ''သဝန်တံတား၊ မှာကြားစာစောင်''ဟုစပ်ဆိုသည်။



သတိုးကျွန်ဟု၊တိမ်စွန်ပုံ့သွား၊ ဆဒ္ဒန်သားနှင့်၊သကြားရှုမြင်၊ မရောက်ခင်ဝယ်၊ စက်ရှင်လျှံခြည်၊ ဆယ်တပ်လည်ကို၊စွယ်ရှည်ချိုးလှစ်၊မိုးကြိုးထစ်သို့၊ ပွင့်သစ်မချူ၊ မယ် ဘို့ယူကာ၊ မတူလက်နက်၊ ထားလေ၄က်သည်။ ၊ **မပြွက်ဟပြု တဆံမျှ။**

၂။ **မစွန်းမိုးမှောင်၊** ပြိုခြည်ရောင်ဖြင့်၊ ထင်ရောင်မဆံ၊ လံကြီးလံလျက်၊ ရွှေလျှံလိုလို၊ ဝင်းဝင်းညိုသား၊ ထွားပျိုငြိမ့်မွှန်း၊ လှများပန်းမှု၊ တင့်ရှန်းထွားထွား၊ *ပဏ္ဍုမြားကို၊ ကိုးပါးမျက်ပွင့်၊ချယ်စီရံသို့၊အလျှံပေါက်မြ၊ အာသောကဟု၊ ကြောင့်ကြခပ်သိမ်း၊ ငြိမ်းစေတတ်လျှင်း၊ပန်းများမင်းကို၊ တုကင်းရန်ဘေး၊ တိမ်သို့မွှေးလည်း၊မတွေးဆံမြ၊ ရအောင်ယူလျက်၊ မည်သူမတန်၊ ကြီးသေဝှာန်ကို၊ ယုံကျွန်စေ့ရေ၊ လျှောက်စာခွေနှင့်၊ သက်စေကြင်ဘက်၊ ပို့စေဆက်သည်။ **၊အရွှက်မြမြ တယံ့ညာ။**

---

## (၁၂) ဥဒေါင်းမှ-အမေးရတု

၁။ **ချစ်နှောင်းချည်၍၊** ကျင်လည်ရှေးက၊ ကပ်ဦးစနှိုက်၊ သာရကလျှာ၊ ပန်းရွှေကြာနှင့်၊ နေအရုဏ်ခံ၊ ပွင့်သစ်စံသို့၊သက်နှံ့ပတ်ရစ်၊ ဘေးရင်းမြစ်ကို၊ ဘွားချစ်လွန်ကြင်၊ ချစ်ကြောင်းထွင်၍၊ မိခင်-ဘမင်း၊ ပေးဆောက်နှင်းသည်၊သည်ရင်းမြဲရောင်၊ ကြင်သည့်နှောင်၊

* ပဏ္ဍုမြား-ဟူသည်ကား-''ပဋ္ဌရာဂ''ဟုသောသက္ကတဘာသာမှ ဖျက်လာသည်။

မြီးနှောင်ဆောက်တည်၊ မယ့်ကြင်သည်ကို၊ ကြင်မည်
*တမုံ့၊ကြင်တုံ့မကြင်၊ ဘယ်သည်တွင်နှိုက်၊ ပျော်ရှင်
လေ၍၊ ရှာမတွေ့တဲ့၊ တနေ့လုံးလုံး၊ မိုးအချုံးပင်၊
နေလည်းဝင်၍၊ မထင်-လရောင်၊ ထွန်းလင်းအောင်
လည်း၊ဆွေမောင်မြကျိုင်းမယ့် သက်နှိုင်းလျှင်ခန့်တိုင်း
မရောက်၊ ပျော်နှင့်မြောက်၍။ ။ချစ်လှောက် ဘယ့်
ကြောင့် နေ့သနည်း။

၂။ ရစ်သောင်ထည်၍၊ယဉ်ကြည်ချမ်းမြ၊ ချောင်း
သက်ဝန်းနှိုက်၊ ပေါ်စတန်းလှ၊ သဲးပြင်ဖြူထက်၊ ရင့်ရှု
ကြေးသံ၊ဘော်ရွှေရုံလျက်၊မြီးဆံဖြန့်ဝန်း၊ ထောင်လည်
သွန်းနှင့်၊ ဦးစွန်း-မြသွင်၊ ထိပ်ပြင်-မြယာဉ်၊ ပါးကား-
နီလာ၊ သန္တာ-တောင်လှ၊ လျဉ့်လျဉ့်ချ၍၊ ထက်မြ
ညွန့်ကောက်၊ ခြေမြောက်နှင့်ဆွန့်၊ တပြင်ကွန့်လျှင်၊
တုခန့်လွတ်ကင်း၊ လှရောင်ဆင်းနှင့်၊ သည်ရင်းမြရောင်၊
ကြင်သည့်နောင်....။ အခေါ်တေဇာ၊ တရာထီးစင်း၊
မင်းမျှးသရဘု၊ မှန်ကူမျက်နှစ်၊ ဒီပရာဇ်ကို၊ ရှင်ချစ်
ဘုန်းထူ၊ဘွားတော်မူကာ၊ ငွေတူပုလဲး၊ရွှဲးရွှဲးဆွတ်ဖျန်း၊
စိန်ပန်းရတနာ၊ နတ်မိုးရွာသို့၊ မျှားစွာပုဇော်၊ မင်း
လောင်းတော်ဟု၊ အပေါ်ဝတ၊ အုံ့ကုန်ကြလျက်၊မြွှဆွ
ချစ်စိတ်၊ကျွန်းလုံးထိတ်မျှ၊ ဘီသိက်ညွှတ်ရော်၊ သိုက်
တိုင်းပေါ်သည်၊ †မှောက်တော်ကိုယ်စင်၊ ဘယ်တိုင်း

---

* တမုံ့ကား-ပေါရာဏ၊ မဟုတ်လား-ဟုမေး
သောစကားဖြစ်သည်။

† မှောက်တော်ကား-ပေါရာဏ၊ မြတ်သော
သူ-ဟုလို၊သုဝဏ္ဏသျှံပျို-သေခ္ဆေးခဏ်းတွင်“ကျွန်ုပ်



ခွင်က၊သို့မင်ဝတ်စား၊ထောက်ထားရည်ထင်၊ ဘယ်စစ်
ဆင်၍၊ အောင်မြင် မည်နည်း၊ သို့လျှင်တည်းဟု၊
ခမည်းမြင်တွေ့၊ မယ့်သက်ဝေလျှင်၊ မှတ်နေမမေ့၊မျော်
သခ္ဌကို။ ။စေ့စေ့ကြားတော် မူပါလော့။

၃။ မြစ်ခေါင်တည်၍၊ ထူးလည်ခါမြန်း၊ ရွှေရည်
သွန်းသို့၊ဆေးဒန်းကျောက်ဖြာ၊မြင်းသီလာဟု၊ ဟေမာ
တောကောင်း၊ပျော်နှစ်ထောင်း၍၊ အပေါင်းများတွေ့၊
ရှေးသွန့်ခလသား၊ ဥဒေတာယ၊မောရဂိဝါ၊ လောင်း
မြတ်စွာ၏၊သည်းချာစင်စစ်၊သားမြေးဖြစ်၍၊ ထပ်ရစ်
ဇာတိ၊ မှန်လှဘိသား၊ စောင့်သိမ္မ၊ ဝံသမျိုးနွယ်၊
သန့်စင် ကြယ်လျက်၊ မယ်လည်း အရင်း၊ မိမင်း–
မောင်ကြီး၊ဦးရီး-တူမူ၊ မွေးဘတူပင်၊ဘွားရှင်-မြေးချစ်၊
ဘေးရင်းမြစ်ကို၊ စိစစ်မကြွင်း၊ သက်လုံးနှင်းသည်၊
သည်ရင်းမြရောင်၊ကြင်သည့်နောင်....။ သုံးထောင်ပြန်
တာ၊ ယူဇနာတိ၊သဲချာခန့်ပိုင်း၊ အတိုင်းတိုင်းနည်း၊အ
ပြည်ပြည်ကို၊ ပတ်လည်အုပ်စိုး၊ ဘေးလောင်းဘိုးလျှင်၊
ကျွန်ရိုးနှံ့နှိမ်၊ မထိမ်ဝံ့ခြင်း၊ အမင်းမင်းတို့၊ ရန်တင်း
ပိတ်တား၊ ပြည်တံခါးကို၊ ခေါင်ဖျားစိုးရန်၊ ပွင့်သည်
မှန်က၊ မေ့ကျန်တီမှာ၊ ရှိဝံ့ရှာလိမ့်၊ သစ္စာမိးတွင်း၊
ဆင်းအုံ့မကြောက်၊အကောက်ကောက်၍၊ရှေ့နောက်,
မြောက်,တောင်၊ ရန်မှောင်မိစ္ဆာ၊ ရှိရာရာကို၊ ဘွေ့ရှာ
တင့်ဆုံး၊ လှည့်ယူကျုံးသည်၊ လက်ရုံး တန်ဆောင်၊

---

ကျွန်တို့၊သြမ္ဗန်မှောက်တော်၊ထွေငေါ်သာအောင်၊
ပျော်မှုဆောင်သား”ဟု စင်ဆိုသည်။

မင်းရန်နှောင်သို့၊ အခေါင်ကြွင့်နန်း၊ ဘယ်တိုင်းခန်း၊
ဝယ်၊ ။ရွှေနန်းဘွင့်တော် မူလိမ့်နည်း။

---

## (၈၃) ဥဒေါင်းဗို–အမြေအလိုက်ရတု

၁။ နှောင်းချည်ချစ်၍၊ ပတ်ရစ်လည်တွင်၊ ကြိုင်ဦး
ကြိုင်သား၊ ဘခင်-သားချင်း။ မိမင်း-မှောင်ကြီး၊ ဦးရိုး
တော်ရင်း၊ နားတော်သွင်း၍၊ တော်မင်းတို့အား၊ နှုတ်
ချိုပျားနှင့်၊ တဖြားယောင်းယောင်း၊ ချစ်ခွင့်တောင်းမှ၊
မျိုးပေါင်း-တကာ၊ ညီညာစုဝေး၊ ထိမ်းမြားပေးသည်၊
ရှင်တွေးနှောင်းမြိုင်၊ ညက်မြစင်....၊ ဖူးချင် မတည်၊
လွမ်းလိမ့်မည်ကို၊ ရှင်သည်မယုံဆွေ၊ သိမောလေ
လျက်၊ သပြေမဥ္ဆူ၊ လူများသခင်၊ စောနှုတ်ရှင်ကို၊ ရာစင်
ထီးဆောင်း၊ သုံးပါးပေါင်း၍၊ မြစ်ကြောင်းရင်ဆိုင်၊
ကြိုဝံ့ပြိုင်သော်၊ မနိုင် စတောင်း၊ ပွဲတော်ပေါင်းကို၊
ဥဒေါင်းတိရစ္ဆာန်၊ ကုသိုလ်ပွန်ကြောင့်၊ ငှက်တန်မရှို၊
မြင်ချေမိသော်၊ မျက်စိဇာခြွေ၊ ချုပ်သောထွေဖြင့်၊ နေ
လည်းကုန်စင်၊ လရောင်ထင်မှ၊ ဖူးချင်မယုံထံ၊ ကြိုး၍
ပုံသည်၊ ဝေးလံဆစ်ပိုင်း၊ မယုံသက်နှိုင်းလျှင်၊ ခန့်
တိုင်းမရောက်၊ ပျော်ခွင့်မြောက်၍၊ ။ချစ်တောက်
မလျှင် နှေးသည်ပင်။

၂။ သောင်လည်ရစ်၍၊ မြနှစ်ချောင်းဆုံ၊ ပြင်သဲး
နုံထက်၊ စံတုံသောခါ၊ ဘော်တကာဝယ်၊ အညာထား
တင်၊ နောင်မင်းကြင်သည်၊ ရွှေစင်ရောင်ရှန်း၊ ပုံပြင်
သွန်းသို့၊ မြောက်ဝန်းချုကုံး၊ လှတင့်ဆုံးနှင့်၊ မျက်လုံး-



နီလာ၊ သဋ္ဌာ-နှုတ်ဖျား၊ ပြယား-တဝန်း၊ ဦးစွန်းမြ
သွင်၊ ပါး-ရွှေစင်ကို၊ လှအင်ရည်လေး၊ နုတ်တို့ရေး
သည်၊ ရှင်တွေးနှောင်းမြိုင်၊ ညက်မြစင်....။ နှောင်
တွင်စေခြင်း၊ ထီးသုံးစင်းနှင့်၊ ရိုးရင်းတူပြို၊ ပုဂံညီလျက်၊
ကန်နီမင်းလျှင်၊ ရွှေဖျားတင်၍၊ ပည်းဖြင်ဘုန်းပေါင်၊
မြားမြောင်-စလင်း၊ စစ်လည်ဘင်းကို၊ ပြည်မင်းဘုရင်၊
ကိုယ်ပင်ကြပ်မ၊ နောင်ကတာမူ၊ ဆင်မြူသခင်၊ ဘုန်းအင်
မြောက်မြား၊ ပဲးကူးအားနှင့်၊ ကုလားရှူမ်ို၊ ဗရင်ဂျီ
လည်း၊ ရွှယ်ချီစစ်မြောက်၊ ပြောင်းမီးပေါက်တီ၊ ရွှေ
နောက်ရင်ဆိုင်၊ ကြိုနှင့်ပြိုင်သော်၊ ကိုယ်တိုင်တော်ပင်၊
သွေးခဲ့ငင်၍၊ ယဉ်ရှင်ရော၊ ကျွန်းအောင်ချာဝယ်၊
လက်ယာသို့ပေ၊ တန့်၍နေမှ၊ သူ့လှေရွှေလွှန်၊ တမ်း
ခွန်ရှေ့ကွဲး၊ စွမ်းရဲးညီညာ၊ နော်ရထာဟု၊ ကြေညာသ
တင်း၊ ကန်နီမင်းကို၊ လက်ရင်းကသည်၊ ပွဲဦးနည်မှ၊
ပေါင်း-တည်မိကြောင်း၊ မတင့်တောင်းနှင့်၊ ကာကောင်း
ရွှေစင်၊ မြင်လျှင်ရဲးလှေ၊ ပါတိုင်းကျေ၍၊ အသေအရှင်၊
မြစ်ပြင်မြစ်လုံး၊ ပိတ်မှုဖုံး၍၊ မှုံချုံးနေဝင်၊ လရောင်
ထင်မှ၊ အောင်မြင်ကျော်သောင်း၊ ပွဲတော်ပေါင်းကို၊
ရှင်နှောင်းတွေးမှတ်၊ စွေစွေမှတ်လော့၊ ရှိညွှတ်ကြည်
စွာ၊ မျိုးတကာအား၊ ရွှေနားလှစ်ဘွင့်၊ မြော်စေတင့်
သည်။ ။နှုတ်ဆင့်ပွါးတော် မူပါလော့။

၃။ ခေါင်တည်ဖြစ်၍၊ အချစ်ထပ်လောင်း၊ မျိုး
ဥဒေါင်းကို၊ ငှက်ပေါင်းတကာ၊ ကောင်းချီး ဩလျက်၊
မဂ်လာပည်ပ်၊ ထိမ်းမြားအပ်၍၊ ချစ်နုပ်မစိမ်း၊
မတိမ်းသစ္စာ၊ မေတ္တာလောင်းမို့၊ ကျွမ်းရဘိဖြင့်၊ သူတို့

မယှဉ်၊ နောင့်တွင်ယဉ်၍၊ ရှောင်ကြဉ်သုံးတွေ၊ ကျင့်နေလေးမြွတ်၊ ကုံသည့်ဝတ်ဖြင့်၊ ရှိညွတ်မြတ်လေး၊ သက်လုံးပေးသည်၊ ကြင်ရေးပည်းဖြင်၊ညက်မြစင်····။ လူတွင်ထွက်ထား၊ မင်းတရားဟု၊ နတ်များတိုက်တွန်း၊ ဗျာဒိတ်မှန်းလျက်၊ ဤကျွန်းသောင်းတွင်း၊ ဇမ္ဗူချင်း၍၊ ထီးစင်းတရာ၊ နောက်တော်ပါလျက်၊ အောင်ချာစတော၊ ရသေ့နေသည်၊ ရွှေမြေသာထွတ်၊ ဘုမိရဋ္ဌဟု၊ ဘေးမြတ်ရန်နင်း၊ ထွန်းလင်းသာသနာ၊ ရှည်စွာဆက်တို့၊ တည်သည့်မြို့ဝယ်၊ဆက်ဖို့လှာကုန်၊ဂဠုန်လှံပျံ၊ * လှေစံနဂါး၊ † သကြားကား-ဆင်၊ တို့နှယ်ပင်တည့်၊ ပုံမြင်မပြောင်း၊ ဘေးစောလောင်းကို၊ နန်းကြောင်းရာညွှန်၊ နတ်တို့ဘန့်သို့၊ ဗိမာန်တဆူ၊ ဘုန်းရောင်လူသား၊ဆင်ဖြူရတနာ၊ ဆင်းဝါငါးပါး၊ မင်းစီးထားမှ၊ ဖြူထွားဆွဆွ၊ တရာ့နှစ်ဆယ်၊ စင်ကြယ်နှင်နှင်၊ ရွှေတော်တွင်နှိုက်၊

* လှေစံနဂါး- ဟူသည်ကား၊ ၁-သုံးလူ့ပူဇော်၊ ၂-သုံးလူ့ကြငှန်း၊ ၃-မြည်ကြီးနောင်၊ ၄-ဝဇီရသ်ါ၊ ၅-အောင်သာတန်းရိုး၊၆-ပိုးအောက်ကြယ်၊ ၇-ဌယ်လက်ယာသစ်၊၈-နဝရတ်၊၉-မြည်ကြီးဝမ်း၊ ၁၀-တင့်ရာပြည့်စုံ၊ ၁၁-လင်ဇင်း၊၁၂-နဂါးခေါင်းဟု-လှေယာဉ်တော် ၁၂-စင်ရှိသည်တွင်၊ (နဂါးခေါင်း) လှေကိုယူ။

† သကြားကားဆင်-ဟူသည်ကား၊ဗွဲအဲ့ဘောင်မင်းကြီးအား၊ သကြားမင်းဆက်သသော ဆဒ္ဒန်ဆင်ကို ဆိုသည်။



ပလ္လင်ခံ့တည်၊ရွှေတိုင်ချည်လျက်၊ မြှောက်စည်, သံလွင်၊ ထီးဖြူဆင်၍၊ ။ဥကင်ဘွင့်တော် မူလိမ့်မည်။

(၈၄) ဝမ်းပဲ့မ-အမေးရတု

၁။ မဉ္ဇူသကၤ၊မွှေးမွှေးပျံသား၊ဟောမ*ကြငှန်းပွင့်စုံ ပန်းကို၊လေဖျန်းထွတ်ချွေ၊ ရန့်ကြွေကာ၊ ပင်ခြေမ်းကမ်း၊ မယ့်ကိုလွှမ်းလျက်၊ မချမ်းစေရ၊ ပိုက်ယုယသည်၊ နှမကြင်တင့်၊ ငှက်ရွှေပွင့်····။ ရွှေဖြင့်ပြီးသစ်၊ မကိုစစ်တည့်၊ မွှမ်းနစ်စီဆန်း၊ ရေပေါ်နန်းထက်၊ ရွှန်းရွှန်းရောင်ခြည်၊ မြတ်ဘုန်းစည်သို့၊ မြန့်ပြည် ဘက်ရှား၊ မင်းဝတ် စားလည်း၊ သကြား-မထူး၊ မြေ်သူမူးမျို၊ ရိုက်ကြူးရွှေစည်၊ ဆိုက်အုံ့သည်ဟု၊ ရည်ခဲ့ပြီးသော်၊ ကျွန်းကြီးပြင်သာ၊ တဖန်ခွါ၍၊ သီတာယဉ်တွေ၊ ဆန်ပြန်လေသည်၊စဲးငွေတူမှန်း၊အဘယ်ကျွန်းသို့။ ။ရစ်ဆန်းသောင်လည် ကူးလိမ့်မည်။

၂။ ရည်တူတမျှ၊ပမာဆသော်၊ နဝမျက်ရှင်၊ကိုးပါးတွင်နှိုက်၊ကောင်းကင်ပျံတတ်၊ဇောတိရသ်သို့၊ အထွတ်ထားနေ၊မြတ်လှပေသား၊ ထိပ်ဖွေရွက်ဆင်၊ မယ်သာကြင်သည်၊ရွှေစင်နှိုင်းသင့်၊ မယ့်မျက်ပွင့်····။ မျက်ရှင့် †စတော၊တခဲ့တွေသား၊ စီးလှေရောင်ချက်၊ ပြိုးပြိုးပြက်

* ကြငှန်း-ကား- ပေါရာဏ၊ အမြွတ်ဟု-လို၊ ပါရမီတော်ခဏ်းပျို့တွင်“ဘုန်းကြီးကြငှန်း၊ ရှစ်ဆုပ်ပန်းဖြင့်၊ကြိုးဖျန်းလက်ယာ”ဟုစပ်ဆိုသည်။

† စတော-ကား-ပေါရာဏ၊ကောန့်စင်စစ်-ဟုလို၊ ပါရမီတော်ခဏ်းပျို့၌ “ချွတ်လွှဲးမဲ့ထွန်းမှန်သား စတောဖြစ်စေတုံဦး”ဟု စပ်ဆိုသည်။

တည့်၊ဆောင်ရွက်ဆွဲးရုံ၊အောင်လံသွယ်မြှောင်၊မြစ်လုံး ပြောင်မျှ၊ဟန်ဆောင်ကြွားကြွား၊လှော်ကား နီမောင်း၊ ရဲစွန်ပေါင်းနှင့်၊ငြင်း,စောင်းငြိမ့်မျှ၊ ဆန်လေကြွလည်း၊ မိုးလာစပ်တွင်း၊မြောက်လေကြွင်းသည်၊ ပြင်းပြင်းမရှေ့၊ ချမ်းလှမြွေ့၏၊ ယနေ့အပ၊ နက်ဖြန်ညသော်၊ ဖြူဆွ ပြင်ထိပ်၊ ဘယ်ကျွန်းဆိပ်ဝယ်။ ။စက်ရိပ်ရောင်ခြည် မြူးလိမ့်မည်။

၃။ **ကြည်မြူစကြာ**၊ရှေးဒါနကြောင့်၊ယုယမြတ်လေး၊ ဥဖြူခွေးကာ၊ရေးရေးလွှမ်းတွေ့၊မယ့်ကိုမှတ်၍၊ ချစ်ပတ် ရစ်လုံး၊ ပန်းနှယ်ကုံးသည်၊ မပြီးသူနှင့်၊ မြမှန်ပွင့်····။ သက်တင့်သဘွယ်၊ ဆန်းတကြယ်တိ၊ မြစ်လယ်ကြော ပေါ်၊ လှော်ခဲ့သောင်းသောင်း၊ လှေရံ ပေါင်းနှင့်၊ စီးလောင်းယာဉ်မွန်၊ လှေဗိမာန်ထက်၊ရန်လုံးပွင့်လျှာ၊ ခံမှုရာ၏၊ တောင်ညာ ထားနေ၊ ဆင်းမြူတေလည်း၊ စံရွှေရည်ကျော်၊မြနှင့်လျော်သို့၊ရူမျှော်မျက်စိ၊မြင်လိုက် မိရှင့်၊ ပီတိမပြယ်၊ ရွှင်စံပယ်လျက်၊ အဘယ်ပြည်ကြီး၊ နန်းရွှေထီးသို့။ ။**ရိုက်တီးအောင်စည် ကြူးလိမ့်မည်။**

---

## (၈၅) ဝမ်းပဲးဖို-အမြေ အလိုက်ရတု

၁။ **အဆင်းမညှိုး**၊ ငယ်မူရှုနှင့်၊ သဲးဖြူပြင်စ၊ ပျံ့ဝဲး ကြသား၊ လည်လှရှက်တင်၊ ကြင်လည်းမညောင်း၊သက် ဆင့်ပေါင်းသည်၊ နွဲ့နှောင်းကိုပြင်၊ ဆင်းရွှေစင်····။ ရွှေပင်ညွှန့်ညောက်၊ ရေကပေါက်သို့၊အုံ့လောက်ဆန်း ထူး၊ တမ်းခွန်ဖူးနှင့်၊ တိမ်ဦးသောက်ကြယ်၊ ယိုးမှား ဘွယ်တည့်၊ သည်ဝယ်မတင်း၊ ညခင်းဆည်းတွေ၊မင်း



စီးလှေကို၊ ရံခြွေအများ၊ လှော်ကားကြေ့လျှင်၊ လက် ပြည့်ငင်လျက်၊ သဘင်ရေနန်း၊သာသည့်ကျွန်းသို့။ ။ ရစ်သန့်သောင်လည် **ကူးလိမ့်မည်။**

၂။ **သလင်းရည်တူ**၊ အူရရှုတိ၊ ဝေပူတောင်ဖျား၊ ပဏ္ဍုမြားလျှင်၊ ပုံ့သွားကောင်းကင်၊ လယ်နိုက်ထင်သို့၊ အိမ့်ရှင်ဖြစ်စ၊ ရှေးမဆွက၊ ယုယရစ်နွဲ့၊လည်ဝယ်ဆွဲး သည်၊ ဝမ်းပဲးရွှေစင်၊ နှောင့်မျက်ရှင်····၊ မျက်တွင်မျက် မြတ်၊ဇောတိရည်သို့၊ စွတ်စွတ်နီမောင်း၊ မင်းစီးလောင်း မူ၊အပေါင်းဝန်းလျား၊လှေရံများတွင်၊ တိမ်ကြားနတ် ဟန်၊ရွှေဖျားလွန်၍၊ တမ်းခွန်ရွှေရွက်၊ ငြိုးငြိုးမြက်တိ၊ သန်ဘက်မကူး၊ ထွန်းမြူးသော်တာ၊ နက်ဖြန်ခါသော်၊ အချာလူ့ထိပ်၊ သာသည့်ဆိပ်ဝယ်၊ **စက်ရိပ်ရောင် ခြည် မြူးလိမ့်မည်။**

၃။ **မယွင်းကြည်မြူ**၊ တောင်းဆုယူက၊ ဇမ္ဗူလှ မောင်း၊ ရွှေကိုက်ညောင်းသို့၊ ရွှေပေါင်းဝန်းပတ်၊ရံ၍ ညွတ်သည်၊ မြို့မြတ်ဆံကျင်၊ နှောင့်သက်ထင်····၊ သက်တင်ခြည်ထွန်း၊ အလှဆန်းသား၊ ရေနန်းသဘင်၊ သည်တွင်ဆိုက်အုံ့၊ အခါင့်မှ၊ ကျူးရွှံ့ငြင်း,စောင်း၊ စည်,မောင်းခတ်ညီ၊ တက်ကြွင်ချီ၍၊ နဒီလယ်ချက်၊ ဆန်ခဲ့တက်သော်၊ အုတ်ကျက်ဗိုလ်ပါ၊ မတ်ရာရံကျင်း၊ မြစ်လုံးလင်းမျှ၊*ရဲးတင်းပင့်ဆော်၊လှေတော်ရှေ့ဖျား၊

---

* ရဲးတင်း-ကား လက်ရုံးရည်, ကိုယ်ရည်သွေးကိုဆို သောကဗျာ ဖြစ်သည်၊မင်းရဲးဒိဗ္ဗဧချင်း၌-"မြေပြင် တောင်ကမ်း၊ငြိမ့်ငြိမ့်မှမ်းမျှ၊ ဆော်ရွှမ်းရဲးတင်း"ဟု စပ်ဆိုသည်။

လွန်၍သွားသည်၊ တရားသတိုး၊ ဥဈိုးမှန်စင်၊ ရှစ်
သောင်းရှင်လည်း၊ တောင်တင်လယ်ယာ၊အခွန်းပါ၏၊
သော်တာနေလ၊တူပြိုင်ပမျှ၊ ခေတ္တသရေ၊ မင်းနေပြည်
ကြီး၊နန်းရွှေထီးသို့။ ။**ရိုက်တီးအောင်စည်ကြူးလိမ့်မည်။**

---

## (၁၆) တောလား-ရတု

၁။ **ထူးတဲလည်လျှင်၊** သံကျည်ဆော်နှုတ်၊ ဗီစွာ
မှုတ်သို့၊ သစ်ကြွတ်က-တိုက်၊ ကျားက-ရိုက်၍၊ ပျော်
ပိုက်မတည်၊ လွမ်းစိမ့်သည်တွင်၊ နေခြည်ကပျောက်၊
ဆည်းဆာရောက်က၊ ငမျှောက်တွက်တွက်၊ ငမျှောက်
ထွက်ဟု၊ သံမြွက်ထွေငေါ်၊ ကျား ဟိန်းဆော်က၊ထို
ရော်ပြိုင်ခွင်၊ သမင်က-တောက်၊ ဒေါင်းက-ငေါက်၍၊
ဟောက်သည့်-ချေငယ်၊ ဒရယ်က-ပြူ၊ မျောက်က-အူ
လျက်၊ စိုင်မူ-ဆော်သည်း၊ ဆတ်က-ဟည်း၍၊ ဆင်
လည်း-ကျည်ကျည်၊ နတ်ငြင်းသည့်သို့၊ သံရှည်မတုံ၊
ထုံ့တို့တျေးတျား၊ မကြားစဘူး၊ စိတ်ဝမ်းနူးမျှ၊ တလူး
တလည်၊ တောက်ကျော်မည်လျက်၊ ချစ်သည်တို့လော၊
မယ်တို့လောဟု၊ သောသောကျူးရင့်၊ တောလိုးတင့်
သည်။ ။**လွမ်းခွင့်နောင့်တွင် ဖြင်သကား။**

၂။ **သာနိုးပျော်ရှင်၊**စုံတောခွင်နှိုက်၊စီးဆင်ခြွန်းမ၊
ပြောင်မှန်ဝထက်၊ ရှုတာလွမ်းရိုက်၊ အောက်မေ့ကြိုက်
ဝယ်၊ တိမ်တိုက်ကာသည်၊ နတ်တို့စည်လည်း၊ ကြူးမြည်
သံလေး၊ တချေးချေးတီ၊ ဟိန်းလေးရင့်ခေါ်၊ ငှက်တို့
သော်လည်း၊ သံငေါ် တသီး၊ သံကြီးတထွေ၊ သံခြေ
ညွှင်းညွှင်း၊ သံပြင်း သံကျော်၊ တူစုံပျော်လျက်၊မူးမော်



စုံမက်၊ လည်ချင်းရှက်၍၊ ယှယက်သည့်ပို့၊ လူကဲ့သို့
လျှင်၊ တချို့-ခုံ့တုံ့၊ တချို့တုံ့လည်း၊ ငုံကာထား၏၊
သနားဘွယ်မှု၊ တခု-လည်တွင်၊ တခု-တင်လျက်၊စစ်ခွင်
လမ်းကြိုက်၊ မြင်မိလိုက်သည်။ ။**လူနှိုက်တူပင် ထင်
သကား။**

၃။ **တဖြည်းမျှံမျှံ၊**တောလုံးနှံ့မျှ၊ရန့်ကြိုင်ပေါက်
ကိုင်းခက်လျှောက်လျက်၊ မျောက်က-ငူးငူတ်၊ ရှဉ့်က-
တုတ်၍၊ လေသုတ်ဖြည်းညှင်း၊အောက်ချင်း-ရှဉ်းရှဉ်း၊
ပုစဉ်း-ကျာကျာ၊ ကျီးနက်-အာက၊ သံသာ-ဥဩ၊
ခွေမယ်စောတို့၊ကြက်တော-သံလေးမ-သံပေးလျက်၊
ခြေးခြေးမြည်နှုတ်၊ တီတီတုတ်နှင့်၊ ဘုတ်က-အိန့်ဟူ၊
ချိုးက-ကူ၍၊ တ-ရှုညွတ်ပျောင်း၊ မလွမ်းတောင်းတည့်၊
ဝက်ထောင်းစွယ်ထွက်၊ မြည်သံဖှက်နှင့်၊ ကျူးလျက်
သံသာ၊ မြိုင်ခန်းဝါဝယ်၊ ဟိန်ဇာဟာလေး၊ ဟိန်ဇာ
လေးဟု၊ ဟိန်လေးလွှင့်သည်၊ အမ-မြည်က၊ မတည်
ဖျာပါ၊ နောင့်တူသာလျှင်၊ သီတာချောင်းကမ်း၊လေချို
ဆမ်းသည်။ ။**အလွမ်းပည်းဖြင် မြင်သကား။**

---

## (၁၇) တောလား-ရတု

၁။ **ကျူးရင့်၏သေ၊** မြိုင်ရဝေက၊ စိမ်း,ရွှေ,ပြာ
လမ်း၊ အဆန်းဆန်းနှင့်၊ ပင်နန်းခွထက်၊ လည်ချင်း
ရှက်၍၊ ဝံလက်,ကျေးသား၊ ဖေါင်ကား, ဗိန်ညင်း၊
အောက်ချင်းခေါက်ရှာ၊သာလိကာနှင့်၊ လင်းပြာလည်
ပြောက်၊ သစ်တောက်,သိမ်းကျား၊ ကုလားဆက်ရက်၊
တောကြက်တွန်ကြော်၊ ငှက်တော်စွန်ပြောက်၊ ချိုင်း

အောက်,ဖျိုင်းဖြူ၊ ငုံး, ငှ, ခါ, ဘုတ်၊ ဝံထုတ်,ဝံလို၊ သံချို-ဥဩ၊ ချစ်ဘော်နှော၍ တောလည်းသာခေါင်၊ တောင်လည်းညှိရစ်၊ မြစ်လည်းသာဘိ၊ တိမ်အိအိနှင့်၊ ရွှယ်ရှိထပ်တူ၊ ကြင်သူဝေးခြား၊ နှိုးသည်များကြောင့်၊ ဝမ်းပါးဘွယ်သာ၊ ဆိုလှည့်ရာတွင်၊ ဆည်းဆာချုပ်ညာ၊ မှိုင်းရီစနိုက်၊ ဗိုမယှဉ်ကာ၊ သိုက်နန်းသာထက်၊ သံဝါ ရင့်ညောင်း၊ လွန်ကြင်တောင်းသည်။ ။**ဥဒေါင်းရင့် မြည် ကျူးဘိသည်။**

၂။ **မြူးလွင့်၏လေ၊ မင်းလွင်ချွေ၍၊** လေလည်း ပြန်ခေါက်၊ တောင်မြောက်လှည့်သန်း၊ တဝန်းဝန်းနှင့်၊ ပန်းလည်းခါသိ၊ ပြိုင်ကြည့်သို့၊သက်ရှိထပ်တူ၊ ကြင်သူ ပြိမ့်လေး၊ စုံလည်းဝေးခဲ့၊ ကျူးဧးသာယာ၊ ချစ်ပျူ ဟာနှင့်၊ ခြင်းရာစီစီ၊ သံပြိုင်ညီ၍၊ ယုန်,ချီ,စိုင်,ဆတ်၊ လိပ်,ဖွတ်,ရှဉ့်,ပွေး၊ မြေခွေး,သမင်၊ သစ်, ဆင်, ကြံ့, ပြောင်,၊ တောကြောင်,ဝက်ဝံ၊ သစ်ခွံကိုက်ချိုး၊ ဝန်တီး တိုးတို့၊ ရှုပျိုးစဘွယ်၊ အသွယ်သွယ်သည်၊ ကြီးငယ် ပတ်ကုံး၊ သား-အားလုံးလည်း၊ စုရုံးမ-နှင့်၊ ပျော်ကြ တင့်သား၊လွှမ်းခွင့်တီချည်း၊အုံလှာသည်းခဲ့၊ ဘော်နည်း ညွတ်ချွေ၊ ရှိချစ်လေသည်၊ သက်ဝေကြင်မှတ်၊ လှသည့် နတ်ကြောင့်၊ဆွတ်လွတ်လောင်ဆာ၊ တမ်းလှည့်ရာတွင်၊ တိမ်ပြာရှက်သွယ်၊ ညချမ်းဝယ်နိုက်၊ ဒရယ်သံညောင်း၊ မ-ကိုပြောင်းသည်။ ။**လွမ်းကြောင်းဘွေ့နည်မြူးဘိသည်။**

၃။ **ထူးဆင့်၏လေ၊** အတွေ့တွေ့နှင့်၊ တောခြေ မြိုင်သာ၊ ဝေဆာရှုဘွယ်၊ ရေကြောင်းဝယ်လည်း။



ရှက်သွယ်တကြောင်း၊ ဖွန်ခြောင်း-မသည်း၊ကမ်းလည်း ဆင်ခြေ၊ လျှောပြေစိမ်းလန်း၊ ကျွန်းလည်းဆိုင်းဆိုင်း၊ ကိုင်းနှင့်သဲဖြူ၊ ကျောက်ငုဝဲရိပ်၊ တောင်ထိပ်ပို့ပျူး၊ ကမ်းဦးစဝယ်၊တွန်ကျူယ်သံလေးတေးဧးနှင့်၊ ဝဲးထွေး, ဟင်သာ၊ ကြိုးကြာ,ဇင်ရော်၊ ချစ်ဘော်မငြီး၊ တင်ကျီး ရေကြက်၊စက္ကဝက်နှင့်၊ရေငှက်ဝမ်းပဲး၊ယှဉ်တွဲးခွေညွတ်၊ ကရကတ်လည်း၊ချစ်မြတ်ကျူးကဲး၊ လည်ဆွဲးရှက်တင်၊ စုံစုံရှင်၍၊ သံထင်တလှစ်၊ ဟစ်ဝံဘို၊ ငှက်ညို, ငှက်ကျား၊ အပါးပါးကို၊ မှုက်ဝါးရှုမိ၊ မြင်သည်ရှိကာ၊ သိရိဆင်းဝါ၊ မယ်-မပါ၍၊ လွမ်းတာ၏အခင်၊ ရှိစဉ် တွင်ဝယ်၊လွန်းကြင်ဗိုမ၊မှိုင်းရီစနိုက်၊သံမြသာပျောင်း၊ ရင့်ရှုညောင်းသည်။ ။**စုံပေါင်းလှည့်လည် ထူးဘိသည်။**

---

## (၁၁) ရေလား-ရတု

၁။ **ကျူးလှတည့်လေ၊** သည်းခေါင်ဝေမျှ၊ ရေ၏ အလယ်၊ စင်ကြယ်သန့်ရှင်း၊ ပုလဲးခင်းသို့၊ ဖြူဝင်း ဆွတ်ဆွတ်၊ ကျွန်းပြင်ထွတ်ဝယ်၊ တွတ်တွတ်ကျာကျာ၊ မြည်သံသာနှင့်၊တွေ့လာဆန်းပြား၊စကားသံချို၊လှ နှယ် ဆိုလျက်၊ မယ်ညို-ရေကြက်၊ စက္ကဝက်နှင့်၊ ဆက်ရက်-ကျေးမှု၊ သောင်းသောင်းဆူရျ၊ဘယ်သူမလာ၊ လွမ်းစေ ရာ၍၊ ကြူးလှာသနည်း၊ အသည်းပျောင်းညံ့၊ဆွတ်ပုံ့ မတည်၊မှုးမော်လည့်မှ၊ရွှေရည်ဦးသစ်၊ဇမ္ဗူရစ်သို့၊ မို မျှစ်အရွယ်၊ လှမျိုးကြွယ်နှင့်၊ သွယ်သွယ် ပျူဟာ၊ ကျွမ်းစခါကာ၊ရှုံးခွါခဲ့ရ၊ဆန်မည်ဟသော်၊မွေးဘမင်းခြေ၊ မကြာစေနှင့်၊ ဝေဝေတန်းခုံး၊ မကျူးမိခင်၊ ပြန်လေ

လျှင်မူ၊ သခင်ငယ်ပေါင်း၊ သူကောင်းမတ်ရန့်၊ချစ်သည် မှန်အုံ့၊ ကေန်စင်စစ်၊ မှာသည်ဖြစ်ကို၊ မလစ်စီလျှဉ်၊ အောက်မေ့စဉ်ဝယ်၊ ရေယဉ်သည်းစွာ၊ နှစ်ဖြာဆုံရှက်၊ အလယ်ချက်နှိုက်၊ စုံမက်အုံ့ဘွယ်၊ နောင့်နှယ်လည်း ကောင်း၊ တော်မပေါင်းသည်။ ။ဥဒေါင်း **အလှည့် ကျူးသတည်း။**

၂။ **မြူးလှတည့်လေ၊** သကြိန်နွေဝယ်၊ ရေလည်း ရှိသစ်၊မြစ်၏ရတု၊ မြူနုဝေဝေ၊နေလည်းအုံ့ပျ၊ ကြင်း ကြွသော်၊ ဖြူလွှရိပ်ရိပ်၊ ကမ်းထိပ်သာမော၊ မြစ်လယ် ကြောနှိုက်၊ သောသောကျေးငှက်၊ အုတ်ကျက်တည် ထောင်၊ ရွာအယောင်သို့၊ ရုံဘောင်ရုံဘီ၊ ပိတ်ဆည် ဆီးငှ၊ မြူးသာချွှ်၊ ကြောက်ကပိုက်ကြီး၊ ပိတ်ဆီး ရုံဘောင်၊လည်လွှင်တောင်နှင့်၊ တန်းလျှောင်လက်နား၊ ဆူးစည်းသား၍၊ ဖေါင်ထားတန္တိ၊ တပသီနှင့်၊ ငင်ရှိ ရကွင်း၊ ရင်းလည်းဆီးတား၊ စပ်ထားရရည်၊ စလည်း ဘွဲ့တား၊ ကမ်းပါးခုံစင်၊ ကြိုးရှင်စထောင်၊ ဆုတ်ရှောင် ရင်တွန်း၊ လက်မတန်းနှင့်၊ မှိုတွန်းတင်ထိုး၊ လုပ်ရိုး မခြား၊ လက်နားစောင်လိုက်၊ တုံးတိုက်ကျုံးငင်၊တဖျင် ကွန်ရစ်၊ ကြေးဟစ်ကြော်ငြာ၊ ရေမှာအလို၊ နှုတ်စောင် ဆို၍၊တက်ကိုရှိုးမြွောက်၊ ခွင်ရေးကောက်မှ၊ရေပေါက် ကြီးဖျော်၊စုန်ဆန်လျှော်၍၊မြော်မြော်တင်းတင်း၊လှေနှင့် ရင်းသည်၊မြစ်တွင်းစိုးရှူး၊ခုံတိုင်ဦးတို့၊သီကျူးအဲ,အန်၊ တတ်ပွန်စောင်း,ငြင်း၊ညခင်းနံနက်၊တက်သက်လူးလာ၊ စီးပွားရှာလျှက်၊နေစခံလျှံ၊ပြင်စဲခုံထက်၊ သဲးပုံစေတီ၊ အညီစုဝေး၊လျှကြီးပေး၍၊သုံး,လေး,ငါးရာ၊ အုတ်အာ



သရဲး၊တပွဲးတပြင်၊သည်သဘင်ကို၊ကျွမ်းဝင်ငယ်ပေါင်း၊ သူကောင်းမင်းခြေ၊မီလေစေလော့၊မင်းနေ့ဌာန၊ပြည်မ- ရပ်သူ၊ လှမှန်ကူက၊ မှာသမျှကို၊ ဝမ်းမှတွေငေါ်၊ အောက်မေ့သော်လည်း၊ ရွှေလှော်ရည်ကောင်း၊ မီးတွင် ပျောင်းသို့၊ ဖယောင်းနေထိ၊ မြည့်မြည့်အိမ့်၊ မျက်စိ စိတ်တွင်၊ရေးရေးထင်လျှက်၊မရှင်ဗျာပါ၊နေလှည့်ရာကို၊ အာကာခွင်လုံး၊ မြရောင်ဖုံးလျှက်၊ ချုံးလေရကား၊ မြသားခေါ်ရှပ်၊ စံလျှင်အုပ်သို့၊ ပိတ်ချုပ် ဝန်းကျင်၊ မုန်တိုင်းဆင်သည်။ ။**မင်းလွင်အလှည့် မြူးသတည်း။**

၃။ **ထူးလှတည့်လေ၊**စုံတောခြေနှိုက်၊ရွာဘွေပတ်ညက်၊ တက်-သက်-ပုံနား၊ ပန်းဝတ်စား၍၊ သနား-စဘွယ်၊ လူသူ့နှယ်လျှင်၊ စင်ကြယ်သံကြော၊ ဖြူမရောတည့်၊ သင်းကျောမည်းနက်၊ ဘိတ်ဘိတ်လက်မျှ၊ ရိပ်စက် သာမော၊ရဂုံတောဝယ်၊ဥဩဘော်ကွာမ-ကိုရှာလည်း၊ သည်မှာရှိလှည့်၊ မတူတည့်တည့်၊ သူ၏ဘာဝါ၊ အသံ သာ၍၊ လာတုံ-တုံ့ပယ်၊ ဘွယ်လှယ် ခေါက်တင်၊ ခုပင်-ခုရောက်၊ တတောက်တောက်လျှင်၊ ဖူးညွှာက် ညွန့်ခက်၊ ဝတ်ရက်သောက်ယူ၊ အုအုသောင်းသောင်း၊ ငှက်ပေါင်းမြူးကြ၊ နတ်လသဘင်၊ မပြောင်းခင်ကို၊ ကျွမ်းဝင်ငယ်ပေါင်း၊သူကောင်းမင်းခြေ၊မီလေစေလော့၊ မပြေစမ်းယောင်၊ ညဥ္စသန်းခေါင်ဝယ်၊ သွေးဆောင် လေညှင်း၊ ရွှေရင်သွင်း၍၊လွှမ်းတင်းတ-ဆို၊ ချောရောင် ပျို့နှင့်၊ တကိုယ်တည်းပင်၊ တူလျှင်မကွာ၊ စက်သော ခါနှိုက်၊ ခက်ဖြာညွန့်ညောင်း၊ နှာမောင်း ကူးဆိုက်၊

ဖြိုက်ဖြိုက်သာမေ၊ ရဂုံတောဝယ်၊ ဥညြဲဘော်ကွာ၊ ခ-ကုံရှာသည်။ ။သည်မှာရှိ၏ ထူးသတည်း။

---

## (၈၆) မိုးတော-ရတု

၁။ **ထစ်ချုန်းရင့်၍**၊ ခါသင့်ဝါနီး၊ နွေစွန်းပြီးဝယ်၊ ညီးညီးတောက်ပုံ၊ ဘဝဂ်လျှံမျှ၊ တောင်ရုံ တောစွန်၊ ခြိမ်းမျှသွန်သော်၊ ဖိမာန်သခင်၊ နတ်ရှင်ဘုန်းဖြိုး၊ ပန်းအုံ ပျိုးသား၊ ဘေးမျိုးရံဝန်း၊ ပင်ဆင့်နန်းထက်၊ ရွှန်းရွှန်း ရွှေရောင်၊ ပြောင်ပြောင်ပွင့်တံ၊ ဝတ်ဆံမကြေ၊ လျှံညီ ဖြိုးပြိုက်၊ ပြင်သို့စက်မျှ၊ ဖြစ်ခက်ထွေလာ၊ ဂန္ဓမာသည်။ ။ **မြေမှာတထံ ဝေးဘိသည်။**

၂။ **ချစ်ဘုန်းသင့်၍**၊ စံပွင့်ရွှေနှစ်၊ ဇမ္ဗူရဇ်သို့၊ ပျိုမျစ်ပြာဝင်း၊ သွယ်ခွဲရှင်းမူ၊ တင်းတင်းမစက်၊ မွှာမွှတ် ညက်သား၊ မြွက်ကေသာ၊ လက်ယာဖြိုဖို့၊ နတ်သို့ မှတ်ထင်၊ မိခင်-ဘမင်း၊ သားချင်းဆွေမျိုး၊ ရှိုးမိုး ကိုယ်လုပ်၊ ရံအုပ် ဖြင်ပည်း၊ နေ့လည်း ရှင်ပျော်၊ ညဉ့်သော်သဘင်၊ သာရွှင်မျက်ရှု၊ ကြေးမုံပြု၍၊ နှိုင်းတု စံကျွန်းလျှော်၍သွန်းသို့၊ ဖြိုင်ခန်းရိပ်သာ၊ မှောင်မျိုး ကွာသည်။ ။ **ရွှေဝါအလျှံ ပြေးဘိသည်။**

၃။ **ဖြစ်နှုန်းလွှင့်၍**၊ ရှင်နှင့်ကျွန်စစ်၊ မှန်သော ဖြစ်ဖြင့်၊ လ-နှစ်ကူးပြောင်း၊ တချောင်းချောင်းလျှင်၊ ဖြားယောင်းသံချို၊ လျှောက်ပန်ဆိုလည်း၊ ယိုယိုရှုံ့ရှုံ့၊ နွတ်တုံ့မပြွက်၊ ဆယ်မြိတ် သက်လျှင်၊ မျက်ထွက် မူထား၊ ထ-ရှောင်သွား၍၊ ဝိုးဝါးသံမွှေ၊ မပြွက်



လေတည့်၊ မနေမတန့်၊ ချစ်ညွန့်ပွါးတိုး၊ မရှူပျိုးသို့၊ ရှိမိုးထိပဲမြောက်၊ ကြိမ်ကြိမ်လျှောက်ရှင့်၊ ဝမ်းမြောက် ရှင်ပျော်၊ မရှိသော်လည်း၊ နားတော် ထောင်ထွေ၊ ငြိမ်းငြိမ်းနေဟု၊ သံခြေခြင်းရာ၊ မမိန့်မှာသည်။ ။ **ထွေသာမပြုံ သေးဘိသည်။**

---

## (၉၀) မိုးတော-အလိုက်ရတု

၁။ **ထစ်အုံ့မျှသည်**၊ မိုးလာသဏ္ဍာန်၊ ဆင်လတ် ဟန့်ကြား၊ တန်လေတောခွေ၊ လွှင့်လိုက်ပေသို့၊ ထွေထွေ ရွှန်းရွှန်းစိမ်းဝါတန့်လျက်၊ တိမ်ညွန့်သည်လည်း၊ မည်သို့ ချည်းလျှင်၊ သာဖြည်းသေးဖွဲ့၊ ပြီးပြောက်ကြဲ၍၊ ဝမ်းကွဲ လှည့်စွာ၊ ကြိုကာကြိုပြန်၊ ဖန်-တလဲးလဲး၊ သမ်းမဲး ညိုးဝါ၊ ရှိသည့်ရာကို၊ မာန်ပါသုန်သုန်၊ ကြိမ်းကာခုန် သည်။ ။ **ပဇ္ဇုန်ကာလ သိစေတုံ။**

၂။ **ချစ်တုံ့မျှသည်**၊ နှမငယ်ချင်း၊ ဆွေစိုးမင်းမှ၊ ညခင်း-နေ့လည်၊ မည်သည်ဝယ်မျှ၊ မသွယ်မရှမ်း၊ မနွမ်း မယောင်း၊ မပျောင်းမပျ၊ ဆည်မှ-မပြေ၊ မပြေရံခါ၊ နှောင့်ခြင်းရာကို၊ မယ်မှာကြွင်းမဲ့၊ သိလေခဲ့၍၊ ခွဲခွဲ ယိမ်းယိမ်း၊ လည်တိမ်းအုံးဝယ်၊ သနားဘွယ်လျှင်၊ နှင်းနှယ်စီးဖြင်၊ ရှိလိမ့်ထင်၍၊ သို့စင် လျက်လျက်၊ နှစ်တိုင်းထက်လည်း၊ နေ့ရက်မနီး၊ ရာသီဆီးသည်။ ။ **စက်မီးတန်ရုံ ညီစေတုံ။**

၃။ **ဖြစ်ရုံ့လုသည်**၊ မြဲမြဲသွယ်ညွတ်၊ ဆွေသက် မှတ်မူ၊ မြိတ်လွတ်ရွက်သင်၊ ကေသျှင်ရစ်ဆင့်၊ ဆင်တိုင်း

တင့်သား၊ ချစ်ပွင့်ဖိတ်ပန်း၊ ပုံ့မွှန်းမွှေးကြည်၊ ကျင့်မှု နည်းနှင့်၊မည့်သည်သူ့ဟန်၊ဆင်းသဏ္ဍာန်ကို၊ ဆယ်ပြန် ဆယ်သိန်း၊ တွက်ကိန်းမဲ့ထွေ၊ ကြာကာနေ၍၊ ပုပေ သည်ပင်၊သာရှင်ဗြိမ့်ချေ၊နောင်ဘို့ပေဟု၊မိုးလေပျူဟာ၊ ရံခါမပျော်၊ ရှင်မှူဖျော်သည်။ ။နောင်သော်သည့် နှယ် ရှိစေတုံ။

---

## (၉၁) မိုးတော-ရတု

၁။ **ထစ်မြည်ရိုက်၍၊** တိမ်တိုက်ဝန်းကျင်၊ပတ်ကုံး ဆင်လျက်၊ ကောင်းကင်တရှည်၊ စက်သွားပြည့်မှု၊ ခြိမ်းတည့်မည်၊ပုံ့လည်းမစဲ၊ ဝဲးကာခုန်တွေး၊ ဖွဲ့သေး- မကျေ၊ ခွေကြီးခွေ၍၊ဝေဝေထပ်ဆင့်၊ ကြူးဇးရင့်သော်၊ အုံးဖြင့်မှိုင်မြိုး၊ နွဲ့းလည်းမတတ်၊ ပျောင်းညွတ်ခွေခွေ၊ ဖြေ၍မရှင်၊ လက်ငင်ညှိုးငယ်၊ နွဲ့နွဲ့သွယ်ကို၊ နေဝယ် ချိန်သင့်၊ ပွင့်မည်လင့်သည်။ ။**ကြာနှင့်မတူ လှည့် လေလော။**

၂။ **ချစ်ကြည်ကြိုက်၍၊** မှတ်ပိုက်စုပုံ၊ မျက်ရိပ် မြိုသား၊ ကြေးမုံမှာသာ၊ တရံခါမျှ၊ ဗျာပါဒိတ်ရှိ၊ မကြည့်မိရှင့်၊ မျက်စိသီဒရော်၊ ကျွန်ုပ်သော်မူ၊ မပျော် မလွှမ်း၊ဆံတခြမ်းမျှ၊မသမ်းမနူး၊ မရှိဘူးတည့်၊ ရင့်ကြူး စက်သွား၊ ဝါးတုံသံလိုက်၊ ထစ်ရုံးအိုက်က၊ လည်နှိုက် ရစ်ဆွဲ၊ ဆင်စမြိုးကို၊ ဆကဲးဖန်အောင်၊ ချောညို ရောင်သည်။ ။**တမ်းယောင်မဟူ လှည့်လေလော။**

၃။ **နှစ်လည်လိုက်၍၊** ခါကြိုက်တူကြုံ၊ တောလုံး လုံ၍၊ ရဂုံအတိ၊ ပုံ့မျှရှိသား၊ မုနိမုတ်ဦး၊ ပုံမထူးကို၊



မိန်းမူးမရှင်၊ လျှောင်းလျက်ပင်တည့်၊ မျက်မြင်ထထပ်၊ ရွက်ကြားချပ်၍၊ ချောသတ်ငြိမ့်ချေ၊ ငယ်တော်ရွှေတို့၊ ငုံရွှေရွှေးချယ်၊တင့်ကြောင်းရွယ်၍၊ လှယ်ကာကမ်းပေး လက်ညှိုးရွှေနှင့်၊ ညှာခွေမရှား၊ ကုံးနှစ်ပါးကို၊ မခြား စက်လည်၊ အတူရည်၍၊ ဘုန်းစည်ဆောလျင်၊ဖြည့်စေ ချင်ဟု၊ ရွှေရှင်ကိုမှ၊ ပြာထွတ်နုသည်။ ။**တောင်းဆုမယူ လှည့်လေလော။**

---

## (၉၂) မိုးတော-ရတု

၁။ **သန်တွင်းဝါလျှင်၊** နွယ်တာ*တဲး၊ နံကာ စံး၍၊ ရွှေခဲးမှည့်ဝင်း၊ တော်သလင်းဝယ်၊ ကြယ်မင်း ဖျောက်ဆိပ်၊ တည့်မွှန်းရိပ်အောင်၊ လုပ်ဆောင်သသူ၊ လူတို့ဗျာပါ၊ ရှိအောင်ရှာ၍၊ သူဇာမောင်နည်း၊ခမည်း ဘုန်းရင့်၊ မနေသင့်ခဲ့၊ ရှင်ပင့်ရိုက်ရာ၊ သာသနာကို၊ မှန်စွာစီးပွား၊ ကြီးစားစိမ့်ငှါ၊တောင်းပန်ထွာသည်။ ။**ရွာပါဘိလော့ မိုးသကြား။**

၂။ **ထန်ပြင်းစွာလျှင်၊** ရွာသောအားဖြင့်၊ အများ တကာ၊ စိုက်ပျိုးပါမှ၊ မရွာလိုဘဲး၊ အို့ဖွဲ့းတိမ်ဆို့၊ နေသာညို့၍၊ ထက်ဝို့ထက်ဝါး၊ သကြားသူဇာ၊ အပျက်ရှာသို့၊ သည်လျှာစိတ်တူ၊ မယ်တမူလည်း၊ လျစ်လျူတွန့်တို၊မည်သို့စကားမူထားချွတ်လွဲးရှေးနှင့် ကွဲးသော်၊ သည်းထဲးပျောင်းပျ၊ ပူမောလှ၍၊ ချစ်စ

---

* တဲးကား- ပေါရာဏ၊ အကြောင်းတူ ဟူလို၊ ပါရမီတော်ခန်းပျို့တွင် "ပုဇ္ဇကြယ်သို့၊ နတ်နှယ်တဲ၊ အုံ့ကြဲးဆဲးလျက်"ဟု စပ်ဆိုသည်။

H 504—12 [ဟံသာဝတီ]

ပြွတ်ပြွတ်၊ ဖြတ်ပြီးသော်မှ၊ ရှင်တော်ခြေရင်း၊ သီတင်းသုံးတွေ့၊ နေ့ရစေလော့၊ တွေ့တွေ့လာလာ၊ မသိသာသည်။ ။မှာပါဘိလော့ ဝိုးတဝါး။

၃။ ဘန်ဆင်းရာလျှင်၊ ကျေညာထားလည်း၊ ဘုရားမယ့်မှာ၊ စီရင်သာဟု၊ ညီပြာကျိုင်းမြ၊ မိန့်ခြွက်ဟ၍၊ နှမမယ်ဝမ်း၊ ချမ်းလည်းရည်တူ၊ လွန်ကြည်ဖြူ၏၊ ပြင်လှူသူစိမ်း၊ ခဝ်သိမ်းသူ့နား၊ မကြားလေတတ်၊ တွေးတောချွတ်ခဲ့၊ သူမြွတ်တကာ၊ သစ္စာဆုယူ၊ မိဋ္ဌာန်မူလျက်၊ ချမ်းပူစုံပျော်၊ တရားလျော်လိမ့်၊ သူတော်ရှင့်သား၊ စီးပွားမရှာ၊ မေတ္တာရွှေရွှေး*ယောင်းသွေ့သမ်းမဲ့၊ ဝမ်းကွဲ့ထဝ်လောင်း၊ မဖြစ်တောင်းတည်၊ သည်ဟောင်းမြဝါ၊ မယ့်ချမ်းသာကို။ ။ရှာပါဘိုလော့ မျိုးမပြွား။

---

(၉၃) မိုးတော-ရတု၊ (သစေ-မပါ)

၁။ ထစ်ရင့်ဖြိုးဝှန်၊ ရှိက်ကြည်းတွန်လျက်၊ ယုဂန်ချက်၏၊ ဆီတည့်တည့်က၊ မည်သည့်ခြင်းရာ၊ မသိသာခဲ့၊ စိမ်း,ပြာ,ဖြူ,သွေး၊ ဝါလို,နီကြန်၊ ကင်းဟန်ငုံပွင့်၊ နိမ့်မြင့်လိမ်ရှက်၊ ပန်းဒီဇက်သို့၊ ကိုးဖျက်နှာလုံး၊ ကုံးဘိရန်းရန်း၊ တိမ်ပန်းမြူးသွန်၊ ဖြုက်ခြည်းဖြန့်က၊ လန့်စနည်းသာ၊ ပြက်လျှပ်ဝါနှင့်၊ ။သာယာခြိမ့်မည် ရင်ဘိသည်။

* ယောင်းကား- ပေါရာဏ၊ ခြောက်သွေ့သည်-ဟုလို၊ စတုဓမ္မသာရပျို့တွင် ''မာလှကောက်ယောင်း၊ ပေါးတောင်းသော်၊ ဆန်ကောင်းလည်းရ'' ဟု စပ်ဆိုသည်။



၂။ နှစ်မြင့်ကြိုးဟန်၊ ပမာပြန်ပိမ့်၊ ဘုန်းဝှန်ပ-ဝင်း၊ ဇမ္ဗူမင်းလျှင်၊ တွန်းလင်းလျှံညီ၊ ဝိမုတ္တိကို၊ မသိသည့်ဖြစ်၊ ဆယ်နှစ်မက၊ ငွလင့်မှတည့်၊ ဖူးရယှဉ်စုံ၊ ဘုန်းချင်းဆုံသို့၊ ထုံးပုံထို့ဟန်၊ နှိုင်းသင့်ရန်သာ။ ငါးကြွန်ဆင်းမြင်၊ မိသခင်မူ၊ အဆင်တန်ဆာ၊ အတိုင်းသာနှင့်။ ။ပြာပြာငြိမ့်ကြည် ထင်ဘိသည်။

၃။ ချစ်တင့်နိုးလွန်၊ ဘုန်းချင်းညွန်၍၊ နတ်ဟန်ရှုပ်ရည်၊ မြွတ်မူနည်ကို၊ မည်သည်ဖြစ်အင်၊ ဆံမျှင်မခြား၊ သစ်သစ်ပွား၍၊ သည်းဖျားဝန်လှိုက်၊ လွမ်းစဉ်ကြိုက်တွင်၊ တိမ်တိုက်ထက်ဆိုင်၊ ကြူးကာ*အိုင်လျှင်၊ သံပြိုင်သံပြိုလူလျှင်သီသို့၊ မိုးချိုသန်လျက်၊ ဆင်းသက်ဘနန်း၊ လှည့်ဝန်းအာကာ၊ ရင့်သံဝါနှင့်။ ။ဗျာပါ စိမ့်မည် ဆင်ဘိသည်။

---

(၉၄) မိုးတော-ရတု

၁။ ပြာသိုဟူသည်၊ ကုန်မည်မူးမူး၊ မကူးချမ်းခြင်း၊ ရှစ်ရက်တွင်းဝယ်၊ ညှင်းညှင်းဖျဉ်းဖျဉ်း၊ မျဉ်းမျဉ်းမြွေမြွေ၊ ရေငွေ့ချင်းချင်း၊ နှင်းနှင့်ပေါင်း၍၊ ခွေပျောင်းဗျာပါ၊ ရှိုသူမှာကို၊ ထပ်ကာလောင်းလှည့်၊ ဘန်တော့၏သို့၊ မည်သည့်မသိ၊ ကြူးဘိသံထင်၊ ကိုးချက်ပင်ကို၊ မင်းလွင်မထူး၊ တိမ်ဦးမိုက်မိုက်၊ ပြိုက်ပြိုက်

* ဆိုင်ကား-ဤနေရာ၌ မြည်ကြွေးသည်-ဟုလို၊ ပုလိပ်စားဧချင်းတွင် ''သိန္နီတောင်ပိုင်၊ လမ်းနှစ်ဆိုင်က၊ သံဆိုင်ရှိက်ထိန်၊ မြေမြိုးအိန္ဒမျ''ဟု စပ်ဆိုသည်။

ရော်ကျ၊ မမြလွန်းသေး၊ ရက်ကိုသွေး၍၊ နီးဝေးတော ခြေ၊မှိုင်းမှိုင်းဝေသည်။ ။**တောင်လေစလ ပြန်ဘိသည်။**

၂။ ရွာလိုမူနည်၊ ကြူးရင့်မြည်၍၊ သွန်းမည်သော ခါ၊တောင်လေသာလှည့်၊ လာကောင်း၏ ရှင့်၊ နွေမည့် အစ၊ ကာလလွန်ကျူး၊ ညဥ့်ဦးသန်းခေါင်၊ မိုးသောက် အောင်မျှ၊ ထပ်ရတ်လဲး၊ မလုံဘဲကို၊ မွန်းလွဲနေ ယိမ်း၊ မငြိမ်းမြစေ၊သဲးမြေကိုင်းကျွန်း၊ပြင်ထွန်းမနည်း၊ တလည်းမျှော်ပိုက်၊ လိုက်ကြလင်းစင်း၊ မြစ်လုံးခင်း သည်။ ။**ငါးကြင်းကြွက ဆန်ဘိသွည်။**

၃။ ကြာညိုတူရည်၊ နှုတ်တုံသည်လည်း၊ ရှစ်မည် အနွံ၊ ရှင်းရှင်းပုံ့မျှ၊ ထွားညှံ့ရှုပ်သွင်၊လေးပင်မူထား၊ သနားဘွယ်တိ၊ စိတ်မျက်စိဝယ်၊ မရှိပြိုင်ဘော်၊ ကြည့်သူ ပျော်သား၊ မနော်သူဇာ၊ မာယာဘုံထွတ်၊ နိမ္မာနတ်သို့၊ ခွေပတ်လည်တွင်၊ ရင်ခွင်တင်ထက်၊ ပန်းခက်နားဝယ်၊ ပန်သည့်နွယ်လျှင်၊ မှတ်ရွယ်တူရှည့်၊ ဖြိုးအင်ပြည့်ကို၊ မည်သည့်ဖြစ်ဆာ၊တင်ရာတူယိုး၊ မရှိနိုးသည်။ ။**ချစ် မျိုးမျှမှ တန်ဘိသည်။**

---

## (၉၅) မိုးတော-ရတု

၁။ **မွန်းယိမ်းကလျှင်၊** ခြိမ့်မျကောင်းကင်၊ပတ်ကုံး ဆင်၍၊ ဝါဝင်ခါကြိုက်၊ နှစ်စရိုက်ဖြင့်၊ ဦးစိုက်ပန်ပန်း၊ နရန်းနားသန်၊ ရည်မွန်သွယ်ပျောင်း၊ စည်ဗောင်း လည်ဝယ်၊ စလွယ်လက်ကောက်၊ စံပယ်တောက်၍၊ တယောက်ငါသာ၊ ဝမ်းမှာမှတ်ထင်၊ ချိပ်ငင်ကြိမ်းဝါး၊



စွဲးထားကိုင်ခုန်၊ ပဇ္ဇုန်ဆွဲနှင်း၊ တိမ်တွင်း မြချည်း၊ ကျသွန်လျှည်းသို့။ ။**သည်းဘိသည်လည်း အိုဘဲ့မိုး။**

၂။ မှန်းထိမ်းစလျှင်၊ မိဘချင်းချင်း၊မဆောက်နှင်း လည်း၊ သတင်းတန်းခိုး၊မျိုးရိုးမည်ရည်၊ တီစည်မလွန်၊ တူတန်ကြလျက်၊ ဝန်းသည့်စက်သို့၊ ဆက်ဆက်ရိပ် ခြည်၊ လျောက်လမည်တည့်၊ ကျူးရှည်ကြာလင့်၊နှစ်စင် မြင့်ခဲ့၊နောင်နှင့်မယ်သာ၊ ကြမ္မာဘက်ထစ်၊ ဘုန်းကြောင့် ဖြစ်ရှင့်၊တင်ပြစ်မရှိ၊ မျက်စိအာရုံ၊ ကြိုင်နံ့ထုံသည်။ ။**ကြုံကြသည်လည်း ရေးကောင်းကျိုး။**

၃။ **မန်းစိမ်းမြလျှင်၊** အလှတွေလည်၊ သမုတ်သည် ကား၊ တွင်မည်မသိ၊ ဘက်မရှိတည့်၊ဂိရိလိုဏ်ခွင်၊မဥ္ဇူ ပင်ဝယ်၊ ပွင့်ကျင်သည်လော၊ တွေးသင့်မောစွ၊သဘော ဖြူဓွေး၊ ပြစ်မျိုးဝေးသည်၊နှောင်းမွေးနှင့်-နောင်၊ ပန်ရ အောင်ဟု၊ သုံးထောင်ဝဋ္ဋာ၊ အာဏာရှိန်နှုး၊ နတ်စစ် မှူးလျှင်၊ ငုံဖူးမြှာရွက်၊ စုံနှစ်ခက်ကို။ ။**ဆက်လှာသည် လည်း ရက္ခငိုး။**

---

## (၉၆) မိုးတော-ရတု

၁။ **မွန်းချက်ပရှောင်၊** ဗွေခေါင်တည့်တည့်၊ လည် လှည့်မယိမ်း၊ မငြိမ်းညချမ်း၊ ဝင်စတမ်းကို၊ရှင်ဝမ်း၍ သာ၊မိုးဒေဝါလည်း၊ ရှိန်ခါမလင့်၊ ဆော်ဆင့်ရိုက်ကြူး၊ လိုလှူင့်မြူးသော်၊ ပွင့်ဖူးနန်းလောင်း၊ ကြင်မစောင်း ဟု၊ ဖြားယောင်း မိန့်မှာ၊ နာဘွယ်သာတိ၊ ဝါစာ သိလိဌ်၊ မဘိတ်-မယို၊ သံချိုပုံ့မွန်း၊ နှုတ်ရွှေပန်းကို၊

ထက်ဝန်း ဆင်ရန်၊ မိန္နလိုက်ပြန်၍၊ အောက်မေ့ညွှတ်နူး။ ရှိဦးနှုတ်နက်၊ ထွက်မည်အပ၊နောက်မှတဖန်၊ ဆိုစဟန်ကြောင့်၊ မျက်မာန်ပယ်ခွါ၊ ဗျာပါဖြေဖျောက်၊ ကဲးလျောက်မေတ္တာ၊ နေလှည့်ရာကို၊ ဒေဝါနတ်မင်း၊ အချမ်းသွင်းသည်။ ။လွမ်းခြင်း ထွေလည် ခဲ့သောကြောင့်။

၂။ **နန်းဆက်ယခေါင်**၊ခါဖြင့်အောင်လျှင်၊တင့်ရောင်စုံလွှတ်၊ နတ်သာထင်မှား၊ သကြားရည်တူ၊ ရာဇူသဘာ၊ ဘုမ္မိုးရန်၊ထွတ်ဘုန်းသန့်မူ၊ သွေ့လှန် ယောင်ယောင်၊ ခွါရှောင်လိုလို၊ဆိုမြွက်ဘိလေ၊ရက်သောထွေကို၊ ကုဋေထောင်ရာ၊ နှစ်ရှည်ကြာလည်း၊ ဘယ်မှာမေ့ကျန့်၊ကြင်ဆလွှန်ခဲ့၊ထွက်စွန်ဘုံနေ၊ သူဇာ့ဆွေလည်း၊ ညွှတ်ခွေဝမ်းနည်း၊ မယ်ချည်းဘော်ကွာ၊ စက်ဘုံသာဝယ်၊ဗျာပါညှိုးသန်း၊လွမ်းသည်-တချက်၊ရက်သည်-တကြောင်း၊ လျောင်းလည်းမသာ၊ နေလှည့်ရာကို၊ အာကာဝန်းကျင်၊ ရွာရုပ်ဆင်သည်။ ။နတ်ရှင်မြူးချိန် လွဲသောကြောင့်။

၃။ **ထွန်းလျက် အရောင်**၊ ထက်မိုး ခေါင်ဝယ်၊ တထောင်ခြည်သန်း၊ ဖြာရောင်ထွန်းလျက်၊ *ယုဂန်

* ဤနေရာ၌ (သန်း—ထွန်း)တို့၏ကာရန်ကို မယူ၊ (လျက်) ကာရန်ကိုယူ၍ (ချက်) (ငှက်) ဟု စပ်ဆိုလေသည်။ ယုဂန်—ကား၊ ယုဂန္ဓိုရ်တောင်ပင် ဖြစ်သည်၊ ယုဂ+ဓရ—ဟု ပုဒ်ခြတ်၊ ယုဂ = အစုံ၊ ဓရ—ဆောင်သည်၊ ယုဂန္ဓရ = နေ, လအစုံကို ဆောင်သော တောင်ဟူလို။



ချက်က၊ ရွှေငှက်ပမာ၊ အာကာမိုးလမ်း၊သွားမြဲတမ်းကို၊ ညှိုးလွှမ်းတိမ်ထဲ၊ ရောင်ခြည်ရှဲး၍၊ သည်းကွဲ့ဝမ်းတွင်း၊ အချမ်းသွင်းသော်၊ ဖြေဖျော်ဗျာပါ၊ ကေသာသိမ်း၊ ဖြူဖြိတ်မွှမ်းနှင့်၊ ညှိုးသမ်းမဲ့ပါ၊ ကျွန်းချာဇမ္ဗူ၊ စိုးသူနန်းရန်၊ နောင့်ဘုန်းသန့်မူ၊ သဝန်ခွေလိပ်၊ မိန္နတော်ရိပ်က၊ ဦးထိပ်အထွတ်၊ ဆင်မချွတ်သည်။ ။နှုတ်လွှတ်တည်မ မြဲသောကြောင့်။

---

## (၉၇) မိုးတော-ရတု

၁။ **ရတုညောင်ရေ**၊ခါလိုက်နွေဝယ်၊ညနေချမ်းခါ၊ သင်းမြှတာနှင့်၊နံ့သာဖြိုးပြည့်၊ပန်းစုံထည့်မှ၊ပတ်လှည့်လက်ယာ၊ မြတ်ဇိနာဝယ်၊ သဒ္ဓါကြည်ဆွ၊ သွန်းမည့်ညကို၊ မြမြအာကာ၊ တသောင်းတာက၊ သံဝါရိုက်ကြည်း၊ နတ်တင့်ရည်းလျက်၊ ဥဒည်းနာရီ၊ ကိုးချက်စီလျှင်၊ပါဒ်ဇိလွှန့်ပြီး၊ တချက်တီးက၊ သန္နိုးရောက်စင်၊ ပဇ္ဈုန်ဆင်သည်။ ။ရွှေရင်နွဲးကြူး စုံမူးမူး။

၂။ **မရှုရှောင်သွေ**၊ သူဇာ့ဆွေလျှင်၊ သွန်းပေကောင်းစွာ၊ ညချမ်းခါကို၊ သံဝါရိုက်ညောင်း၊ မပြင်းတောင်းနှင့်၊ခြောင်းခြောင်းဖွန်တက်၊လျှပ်ပန်းဆက်၍၊ သန့်လျက်ကိုင်မိုး၊အရွှေ့ညှိုးသို့၊ ဖြိုးဖြိုးခရပေါက်၊ သွန်ကြီးမြောက်သော်၊ နှစ်ယောက်ခြံကွေး၊ မစုံသေးတည့်၊ ချစ်ရေးတင်းနှာ၊ ကိုယ်ချင်းစာ၍၊ မေတ္တာထပ်ချိုစဲးပါဘိလေ့၊သက်ရှိရွှယ်ချင်း၊ ဆွေသည်ရင်းလျှင်၊ ရင်တွင်းသည်းငြိမ့်၊ ချမ်းပေလိမ့်ဟု၊ နှစ်သိမ့်တွေသာ၊ တောင်းပန်လွှာသည်။ ။မရှာနှင့်ဦး ချိန်ဟုတ်ဘူး။

၃။ **တစုခေါင်ဗွေ**၊ ဆင်းသရေနှင့်၊ စင်နေသီလ၊ မယွင်းခွတည့်၊ ထိန်းယခြွေရွေ၊ နတ်စတေသို့၊ ရှိသေလေးမြတ်၊ သက်ဟုမှတ်သား၊ တိမ်ထွတ်သောက်ရှူး၊ ကြယ့်နှယ်မြူးလျက်။ နပူးပင်နွယ်၊ ဝါးကြားဝယ်ရှိက်၊ ဘုန်းကြွယ်သခွေ၊ယှဉ်တွဲနေလည်း၊တထွေသည်မှာ၊မနှန်းသာခဲ့၊ နိုင်းရာလွှတ်စင်၊ ရွှေမျှားရှင်နှင့်၊ တောင်တင်ညာကယ်၊ ရဝေလယ်တွင်၊ ကြင်ဘွယ်ယုယ၊ ပျော်ခါမှလျှင်၊ မြမြစိမ်းညို၊ ရွှာလိုသရွှေ၊ ညဥ့်နေ့ မစဲ၊ ဖျန်းဆွတ် ကြိုးလေ၇၊ သည်းထဲး ဆွတ်ပျောင်း၊ နွေသစ်လောင်းသည်။ **။ခါကောင်းရက်ကြူး ငုံပါဦး။**

---

## (၉၈) မိုးတော-ရတု

၁။ ကြံရှာမိချေ၊ နေလှည့်နေလည်း။ ထွေထွေလာလာ၊ မသိသာခဲ့၊ ရွှေဝါစွန်းပျောက်၊ တိမ်ပွင့်နောက်ဝယ်၊ မောက်မောက်ဖြိုးဖြိုး၊ ကြိုးအုံ့*ဘနန်း လှည့်ဝန်းမဆင်၊ သံထင်မှုးမှုး၊ ပြောက်စုးစုးက၊ လေဦးရွှေလွန်၊ နောက်ဆီသွန်သော်၊ တက်ဟန်ဖြည်းဖြည်း၊ တို့လည်းမကြာ၊ ရွှေပြည်သာသို့၊ပြန်ပါရက်လည်၊ တန်တော့မည်ဟု၊ မှတ်ရည်တွက်ခါ၊ မယ်တို့မှာသည်။ **။မျှာပါပြည်းမျှ ထပ်လိမ့်မည်။**

*ဘနန်းကား—ပေါရာဏ၊ လှုလှု—ဟုလို၊ မောင်းထောင် ဆရာတော် ရေးသားသည့် ပေါရာဏကထာပါဠိတွင်-"ယုယုစေဝ ဘနန်းစာပိ၊ လှုလှုတိစ ဝိဇာနိယာ"ဟု စပ်ဆိုသည်။



၂။ **ဝံရာတိပေ**၊ သော့ခါနွေနှိုက်၊ မင်းနေကြွင်န်း၊ လွှတ်တုကျွန်းသား၊ မြင်စွန်းရဝေ၊ သည်းဖျားကြွေက၊ ဆော်လေဝန်းကြံ၊ တောင်ပြန်စသော်၊ ဗို့မခေါ်ညီ၊ ဖန်တီဖန်တွတ်၊ဆွတ်လွှတ်ရက်ယှု၊ မြင်ဘိမူကား၊သည်းအုံကြွေလှု၊ ရွှေတစုတွင်၊ အတုမမြော်၊ ဆင်းနတ်လျော်၍၊ နေပျော်ရိုက်ရာ၊ တိုင်းအောင်ချာဝယ်၊ ထွေလာလှုလှု၊ ညောင်းနုရစ်လိပ်၊ရွှေပြည်ဆိပ်သည်။ **။ညိုရိပ်မည်းစ စပ်လိမ့်မည်။**

၃။ လျှံဝါညီရွှေ၊ ကုံးနစ် ထွေလျက်၊ မြိုင်ခြေတကွ၊ တောတောင်လှလျက်၊ ဆိပ်စကမ်းနား၊ စုံပြားမြိုင်ကြည်။ သာမျိုးပည်းရှင့်၊ စက်လည်းမပျော်၊ နေသော်မတတ်၊ ပျောင်းညွတ်တိမ်းမူး၊ ချိစဦးက၊ မကူးနွေလျှင်၊ ရောက်မည် ထင်၍၊ ဝမ်းတွင် မှတ်ပိုက်၊ လွှတ်မိလိုက်ရှင့်၊ တိမ်တိုက်ခြောင်းခြောင်း၊ လေလျှင်လောင်းက၊ တပေါင်း, တန်းခူး၊ ကျူးလေတို့လှည့်၊ ကြာမောရဲ့ဟု၊ ဖြေဖြည့်ဝမ်းဝယ်၊ ဆံမချယ်သည်။ **။ကြာနှယ်ချည်းလျှ လှုပ်လိမ့်မည်။**

---

## (၉၉) မိုးတော-ရတု

၁။ **မခစ္စမရှာ**၊ ထက်အာကာက၊ ချိန်ခါသင့်မည်၊ ဖြစ်သည်တပဲ၊ဖြိုက်ပွဲမဝင်း၊နည်းများလင်း၍၊မှုတင်းရှိခါ၊ ပွင့်ကောင်းပါလျက်၊ တိမ်သာလွှမ်းနိမ့်၊ မြိမ့်မြိမ့်ကြူးဒေး၊တလည်းပြေး၍၊ မြစ်ကွေး,အင်း,ချောင်း,ထုံး, လောင်း,ရေဝင်၊လယ်ပြင်,ကန်ထောင်း၊ဆည်,မြောင်း, ကိုင်းကျွန်း၊မျောမွန်းနစ်မြုပ်၊ အုပ်မပျက်တည့်၊ ဆိုင်

တက် တခဲ။ရွှဲးရွှဲးခြလား။နေကိုတားသည်။ **။မိုးသား မြင့်ပါလေဦးလော့။**

၂။ **မတွေ့မလာ၊** မြရည်သာတည့်၊ အာကာချုပ်ထိုင်း၊ မိုက်မိုက် မှိုင်းလျက်၊ အင်တိုင်း တောချောင်၊ တောင်-ကြည်း၊ တလည်းဖွေးဖွေး၊ *ကန်သင်းမြေး လျက်၊ ထွန်ရေးမျောပါး၊ ရေသားသွင်းလွန်၊ တမန်တခိုင်၊ သည်တိုင်သတ်တုံ၊ ရေရှုဝင့်လျက်၊ကြိုင်ပုံ့ပန်းမာလီ၊ ဆင်ယင်ပန်လျက်၊ တသွန်ရောင်ခြိုက်၊ ဝိုက်စိမ့်လက်စား၊ မိုးနှတ်သွားသည်။ **။ကြိုးစားဖင့်ပါ လေဦးလော့။**

၃။ **မနေမသာ၊**လျှောက်ပန်ထွာ၍၊ဆယ်ရာစုံမက်၊ အသက်ဦးဆံ၊ စုံနှံ့မကွာ၊ သဃ်ာထေရ်မွှန်၊ ကျင့်မြဲးမှန်သည်၊သိမ်းစွန်တို့မျှ၊ သိုက်မထတည့်၊ လေးလစင်လွှင့်၊ ပေါ်ချင့်သော်၊ စိတ်နှင့်မယှဉ်း၊ သစ္စာနှင်း၍၊ ဝါတွင်းဝယ်ပင်၊ စုံပျော်ချင်ဟု၊ ရည်ထင်မူးမော်၊ ကြိုးလှည့်သော်လည်း၊ မယ်တော်မွေးဘ၊နတ်နိုးမှဟု၊ နေကျခန့်တွက်၊မှတ်ပြီးလျက်ကို၊ တရက်မချန်၊စေယုံကျွန်လည်း၊ တဝ်ပြန်ကိုမှီ၊ ပန်းလျှင်သီသို့၊ နာရီမခြား၊ စေဖန်များသည်။ **။ရိုးရားလင့်ပါ လေဦးလော့။**

---

(၁၀၀) မိုးတော-ရတု

၁။ **တနေကသည်၊**ကြည်လှကောင်းကင်၊သန့်မော စင်လျက်၊ ခနဝင်မည်ခန့်၊ မျောက်သိုကွန့်၍၊ မှိုင်းညွှန့်

* ကန်သင်းကား-ပေါ်ရာဏ၊ကန်ဆင်းရိုး—ဟုလို၊



ရီဆည်၊ ဖလ်ရောင်ခြည်ဝယ်၊ လင်းလည်လင်းလျက်၊ ခြိမ့်မျှတက်၍၊ပြစ်စက်ဆင့်ပွား၊မနေနားတည့်၊သည်းကြားမြတ်မျှ၊ မူးမော်ရခဲ့၊ ဝဿနှင့်ဆောင်း၊ မဝေတောင်းကို၊ ဖြည့်ညောင်းဧမြ၊ နှေ့ညအခါ။ **။မြေခက် လေလာသည် သာလှ၏။**

၂။ **မသွေ့ရတည်၊** ထိပ်စနားပန်း၊ ဆီမွှေးရန်း၍၊ ပုမြန်းမဲ့တွေ၊ မှတ်လေစေဟု၊ လိပ်ချေပွတ်ကျင်၊ သပ်သပ် ရှင်နှင့်၊ နှောင့်တွင်ကြောင်းစ၊ ခြည်မဟတည့်၊ စိတ်ကဖျော်ဖြေ၊ တိမ်မြုပ်နေလည်း၊ တွေ့တွေ့ကြံရေး၊ မှာမှာသေးမှု၊ ဝေးသည့်အပ၊ ဝမ်းကတွေ့ပြား၊ တပါးအမှတ်၊ တိမ်းညွှတ်တားဖီ၊ မရှိပြီတည့်၊ စိတ်ညီဘောက်ပြန်၊ ကျွန်လည်းမအား၊ သူတခြားဝယ်၊ ပါးလိုက်ဆင့်မှာ။ **။လျှောက်စေလှာသည် ကြာလှ၏။**

၃။ **သမြေပခြည်၊** သော်ကာသစ္စာ၊ ဒန်းရင်းမာနှင့်၊ ပစာတည်တည်၊ပမာမည်ဟု၊ ယူသည်နိမိတ်၊ စိတ်နှင့်ညီးကြုံ၊ ပေါ်လျှံမပွက်၊ လေးနက်မှတ်ပိုက်၊ ရွှေတိုင်ဝိုက်သို့၊ မယ်နိုက်အသက်၊ စိတ်ပျက်မဲ့တွေ၊ကြိုးလှည့်ပေလည်း၊ရွှေးနေကြမ္မာ၊ဘန်ဆင်းလှာက၊ ကြာစတမ်းဟု၊ ညှိုးသမ်းမတုံ၊ဆည်ငံ့-တရှု၊ပူသည်သာများ၊ ကိုယ့်ဖြစ်လားကို၊ထိပ်ဖျားလက်တင်၊အောက်မေ့လျှင်လည်း၊ စက်ပင်မရွှေ၊ပျောင်းခွေ့သူ့မှာ။ **။ဖျော့က်ပြေစေသည် တာလှ၏။**

---

## (၁၀၁) မိုးတော-ရတု

၁။ ညို့ညို့မြှာမြှာ၊ ဆင်းပြင်လျှာမူ၊ မြစ်မှာမစက်၊ ဆယ်နှစ်သက်က၊ ချောညက်ညွတ်သွယ်၊ နတ်နှင့်ဆွယ်၍၊ ရွယ်လည်းရွယ်ပျို၊ ညိုလည်းညိုဝင်း၊ ဖြူရှင်း*ရောရှု၊ နောင့်သက်စုကို၊ နှိုင်းရှုချေမူ၊ ထွားပြာဖြူသည်။ ။ **မတူ၏ သို့ တူ၏သို့။**

၂။ မို့မို့အာကာ၊ မိုးခေဝါလျှင်၊ ဘယ်, ညာ, တောင်,မြောက်၊ လေပြည်လှောက်၍၊ ဖြိုးဖြောက်ရိုးရဲ၊ လျှပ်ပန်းကြဲလျက်၊ မစဲညွှင်းညွှင်း၊ ကြူးတည့်လျှင်း၍၊ ပဝင်းလှည့်လို၊ လွမ်းစိမ့်ဆိုသို့၊ လေချိုပေါင်းညီ၊ ရှုံးစုငြိမ့်၊ မယ့်ဆီတူရူ၊ သည်မိုးဖြူသည်။ ။†**ကလူ၏ သို့ မြူ၏ သို့။**

[ဤနှစ်ပိုဒ်ကား—နဝဒေးဆို အဖြည့်ခံ ဖြစ်သည်။]

၃။ **သို့သို့ဘာသာ၊** မယ့်နေရာကို၊ အာကာမှိုင်းဝေ၊ နေ့တိုင်းစွေက၊ သက်ဝေမြခဲ၊ သူရဲကြောင့်သာ၊ လွမ်းဇာပါမူ၊ တိမ်ပြာက-ကွက်၊ တိမ်နက်-မည်းမို့၊ တိမ်ခြေညို့နှင့်၊ ထပ်ပို့မစဲ၊ ရွာသွန်းကြဲက၊ ပုလဲပမာ၊ ဆင်းကလျာလျှင်၊ သစ္စာမြဲတူ၊ တ-လျက်ယူသည်။ ။ **မပြူ၏ သို့ ပြူ၏ သို့။**

[ဤတတိယပိုဒ်မှာ ရှင်သူရဲကဖြည့်သည်။]

---

* ရောရှုကား- ပေါရာဏ၊ ရောနှောသည် ဟုလို၊ နေမိဘုံခေါင်းပျို့တွင်–"ပုလဲ,သန္တာ၊နီလာမြတော၊ ရွှေ,ငွေရောရှု၊ကျောက်သေတ္တာဖြင့်"ဟုစပ်ဆိုသည်။

† ကလူ-ကား ပေါရာဏ၊ညှဉ်းဆဲသည်-ဟုလို၊ရခိုင်ဥက္ကာပျံဆိုရတုတွင်– "ဥဒေါင်း-ကြိုးကြာ၊ရွှေဟင်သာကို၊မတာညှဉ်းဆဲ၊ကလူမဲ့၍"ဟု စပ်ဆိုသည်။



## (၁၀၂) မိုးတော-ရတု

၁။ **တစိတ်စိတ်လျှင်၊** ညံတိတ်မစဲ၊ တလဲးလဲ့တည့်၊ အဖွဲ့တတန်၊ အထန်တကြိုက်၊ အပြိုက်တခန်း၊ ရွှေသွန်းမစဲ၊ ပုလဲလုံးညီ၊ ပန်းလျှင်သီသို့၊ ရှုဘိဘွယ်တည့်၊ဖြိုးအင်ပြည့်သား၊ သို့သည့်ခါတွင်၊ မွှေးရာခွင်ဝယ်၊ မရှင်ယောင်းနွမ်း၊ နေကြောင့်သမ်းသည့်၊ ရေချမ်းကာဝေး၊ ပန်းကြာမွှေးသို့၊ ငြိမ့်လေးစလှ၊ ဆင်းမြမြသည်။ ။**ပျောင်းပျစက်ရာ ခွေလိမ့်မည်။**

၂။ **တထိတ်ထိတ်လျှင်၊** ချစ်စိတ်တူဘိ၊ ပါးဝယ်ရှိသို့၊ မျက်စိနှစ်လုံး၊ စုရုံးထပ်ထပ်၊ **ထိတ်လန့်ဖျပ်မျှ၊** တိမ်းလပ်မထင်၊ ကောင်းကင်မြရည်၊ညိုရောင်လည်၍၊ **လေပြည်ပို့ညွှင်း၊ အချမ်းသွင်းသော်၊** ခန်းတွင်းရဝေ၊ ဘော်ရွေ **မပေါင်း၊** နွမ်းလျောင်း **လက်သင်၊** မပြင်လျော့လျည်း၊ ဝမ်းနည်းတွေးယူ၊ အသို့မူ၍၊ သည်သူငါ့မှာ၊ကြိမ်တတ်လှာဟု၊ရံခါမမေ့၊ လွမ်းသရွေ့ကို။ ။ **မှတ်နေ့ရက်ကြာ ရေလိမ့်မည်။**

၃။ **တတိတ်တိတ်လျှင်၊**ခွေမြိတ်ဆံစ၊ ပြင်မပြတည့်၊ နွှတ်မျှခြည်ပွက်၊ မခြွက်သမ်းမဲ့၊ နှလုံးထဲက၊ သူရဲ **သက်ဝေ၊** ကြင်ဆွေမျိုးရှည့်၊ ကြာလေ၏ဟု၊ တသည့်ပျူဟာ၊ ရံခါမထင်၊ ဆံမျှင်မြဖျား၊ ထိပ်နားမဝှန်၊ မပြန်မေ့တို့၊မလှို့လှချင်၊ဝမ်းတွင်မှတ်တွေ၊ တည်းချုပ်နေ၍၊ စိမ်းခြေရောင်ဆင်း၊ ပြာဝင်းပြာလတ်၊ ပြာချောမွတ်လျှင်၊ ဆိုတတ်မတို့၊ စိတ်ကိုလှို့၍။ ။**ချစ်ထုံ့ မျက်ပါ နေလိမ့်မည်။**

## (၁၀၃) မိုးတော-ရတု

၁။ **ပတ်စက်ဝန်းလည်**၊ နတ်ဘုန်းစည်လျှင်၊ သို့သည် ချိန်ခါ၊ ရေငန်းပေါ်လျက်၊ လေသာမြနန်း၊ ဘုံမြင့်ရွှန်းက၊ ခွေမြန်း လွန်သူ၊ ဘယ်မှာ ဟူ၍၊ မြူးလူ ရွက်ရှင်၊ လှစ်ဘွင့်ငင်မှ၊ စိန်ထင်သန်လျက်၊ စက်တဘက်နှင့်၊ ခက်လည်းသန္တာ၊ စိမ်းဝါတွဲညီ၊ ဖူးစီပုလဲ၊ ရိုက်ကာ ကြီးသော်၊ ရဲရဲပြိုးပြက်၊ မိုးထက်မိုးသူ၊ ရှင်မူကြော့ လန်း၊ ဘယ်ညာသန်း၍၊ လျှပ်ပန်းပွင့်လှည့်၊ ညိုဝါ မှည့်ပြီး၊ လွမ်းသည့်ဆောက်ဦ၊ ထပ်မြန်ကုလျက်၊ ရှင်မူ ရည်ထင်၊ နတ်လုလင်သည်။ ။**လွမ်းလျှင် မဖြည် ဖြည့် တော့သည်**။

၂။ **ဝတ်ရက်မွန်းကြည်**၊ ညာမြရည်နှင့်၊ ရိုးရှည် မြတံ၊ ချပ်ရုံပုလဲ၊ ရဲရဲလှပ်လှပ်၊ သပ်သပ်ပျံ့ရှား၊ ရေးငြားရလျှင်၊ *(စ-လည်းဆင်မှ၊ ပ-တွင် ယသတ်) ဖြူဆွတ်ဆွတ်ကို၊ ကွင်းညွှတ်ကေသာ၊ တောင်လက် ယာက၊ မြွက်မှာမိန့်ရည်၊ ထင်လိမ့်သည်ဟု၊ နှုတ်ခြည် ရွှေစက်၊ မြွက်သည့်ဖြစ်ကို၊ စိစစ်နေရာ၊ ဒေဝါတမုံ့၊ အလွမ်းလှုံ့၍၊ အုံ့အုံ့မှုမှု၊ ကက-ခုန်ခုန်၊ သုန်သုန် မာန်မာန်၊ ဟန်ပန်ယိမ်းညွှတ်၊ ဖျန်းဆွတ် သွန်းကြဲ၊ ရင့်ကာနွဲ့ရှင့်၊ မြဲတရုက်၊ မြူ-မစက်သည်။ ။ **တိမ်ရွက်ထွေလည် လှည့်တော့သည်**။

၃။ **မှတ်ညက်ရှန်းသည်**၊ ကျင့်မှုနည်းနှင့်၊ လျှံသည် ရောင်လျှက်၊ ဝေပူမျက်သို့၊ မြခက်ကြောသေး၊ ရှိန်းရှိန်း

* (  )၌လက်သည်းကွင်းအတွင်းရှိ စကားစုကို ပေါင်းလျှင် (စပယ်)ဟူသောအမည်ဖြစ်သည်။



ပြေးမျှ၊ ငြိမ့်လေးတည်ကြည်၊ မျိုးမည်မြင့်ဟန်၊ တူတန် ကြ၍၊ ပန်းလည်လှည့်သို့၊ ကြည့်လည်းမငြီး၊ နီးလည်း ထိပ်တွင်၊ ဆင်ပြန်ကာကာ၊ ဝါသနာကြောင့်၊ မေတ္တာ ဝိုမြင့်၊ လွမ်းစတင့်သား၊ သခင့်သစ္စာ၊ ကုမုဒ်ကြာကို၊ လည်မှာထိပ်နှိုက်၊ တင်စဉ်ကြိုက်ဝယ်၊ တိမ်တိုက်မြနန်း၊ ယုဂန်စွန်းက၊ လျှပ်ပန်းခြည်မြင့်၊ တဝင့်ဝင့်လျှင်၊ မတင့် စရာ၊ မြိုင်ဇွါဘက်ကျွန်း၊ လှည့်ကာဝန်းသည်။ ။ **လျှပ်ပန်းရောင်ခြည် ပြည့်တော့သည်**။

---

## (၁၀၄) မိုးတော-ရတု

၁။ **မည်းလေစွလေ**၊ ရွှေဝဘုံသာ၊ နန်းဆီမှာလျှင်၊ လျှပ်ဝါထပ်ဆင့်၊ လေပြည်ပင့်၍၊ ထစ်ရင့်ကြွေးဟစ်၊ လောင်မီးပစ်သို့၊ မြရစ်သီတာ၊ သွန်းချရွာသော်၊ မြောက် မှာလေမူ၊ မိုးကကူ၍၊ တိမ်ဖြူမထင်၊ မှောင်တီပင်လျှင်၊ တပင်ပြေးသွား၊ ကြိမ်းဝါးသံပ၊ ယုဂန်ဝဝယ်၊ အလှ စံမှတ်၊ နှိုင်းရာလွှတ်သား၊ ပျိုထွတ် ဆင်းယောင်၊ လေးယောက်မောင်လျှင်၊ မြရောင်လျှံဖုံး၊ တကြုံးကြုံး သည်။ ။**ညဥ့်လုံးစွေနှင့် လိမ့်မည်လော**။

၂။ **သည်းလေစွလေ**၊ ရွှေဝဆီရော်၊ ကြည့်လိုက် မျော်သော်၊ တိမ်ပေါ်ပတ်ဝန်း၊ မှောင်တီသန်းလျက်၊ ညဥ့်ခန်းမဆုံး၊ နေ့လုံးမနေ၊ ခွေလေကလည်း၊ အလှ ငြိမ့်လေး၊ နှောင်းဆုံးမွေးသည်၊ ငယ်သွေးမြရောင်၊ ဆွကြက်တောင်ကို၊ တင့်အောင်မစည်း၊ တင့်ရည်းမထင်၊ ညီးရုပ်သွင်နှင့်၊ ကြာတင်မောစွ၊ ရောက်ခဲ့လှပဟု၊ ထပ်မျှ

လွမ်းရိုးပြေးနိုးနိုးသည်။ ။သမ်းညှိုးနေနှင့် လိမ့်မည်လော။

၃။ **ပည်းလေစွလေ၊** ရွှေဝမ္ဗိလယ်၊လှမျိုးကြွယ်သား၊ နတ်နွယ်တမျှ၊ ချောညှိမြကို၊ ထိန်းယရွှေဘော်၊ ပျော်ကြောင်းဖျော်လည်း၊မပျော်ညှိုးငယ်၊ရွှေမျှားလယ်တွင်၊ ပြုံးရယ်မဲ့တွေ၊ နေလေအံ့လော၊ သဘောဇွက်တူ၊ ပျိုတက်မူကား၊တွေးယူမခွ၊ ရောက်ချင်လှ၏၊ သက်မျှတူရှိုးနောင့်သည်မျိုးသည်၊ **။ချစ်ကြိုးခွေနှင့် လိမ့်မည်လော။**

## (၁၀၅) အဖြည်ခံ-ရတု

၁။ **စက်ဝန်းရံခွေ၊** ဖြည်းသည့်လေနှင့်၊ တိမ်ခြေလှစ်တွန်း၊*သုံးမည်ကျွန်းကို၊ရောင်ထွန်းပလင်း၊ကိုသာချင်းလျက်၊ အတွင်းရိပ်ခို၊ မြင်းမိုရ်အနီး၊ လေယာဉ်စီး၍၊ †ခရီးသုံးမည်၊ မပြတ်လည်လျက်၊ ‡ရောင်ခြည်

* သုံးမည်ကျွန်းကို၊ ရောင်ထွန်းပလင်း—ကား နေမင်းသည် အဇ္ဈောဝီထိသွားသောအခါ အရှေ့ကျွန်း၌ မွန်းမတည့်ခင် တောင်ကျွန်းမှာ နေထွက်ခြင်း၊ မွန်းလွဲမှ-မြောက်ကျွန်းမှာ နေဝင်ခြင်း၊ အနောက်ကျွန်းမှာ သန်းခေါင်ယံဖြစ်ခြင်း၊ သို့ဖြစ်၍ အရှေ့ကျွန်း၊ တောင်ကျွန်း၊မြောက်ကျွန်း-ထိုသုံးကျွန်း လင်းသည်ဟူသတည်း။

† ခရီး သုံးမည်ကား အဇ္ဈောဝီထိ=အတွင်းခရီး၊မဇ္ဈေဝီထိ=အလယ်ခရီး၊ဗာဟိရဝီထိ=အပြင်ခရီးတို့ကိုဆိုသည်။

‡ ရောင်ခြည် တထောင်—ကား သဟဿရံသီ ဟူသောပါဠိ၏ ပြန်ဘာသာဖြစ်သည်။



တထောင်၊ မဆောင်လေဘဲ၊ တိမ်ထဲကသာ၊ မိုးမှာကိုပင်း၊ အချမ်းသွင်းက၊ နှင်းနှင့်တညီ၊ ရာသီမင့်၊ ဆွတ်ပျံ့ဝန်းကျင်၊ ဝေရီဆင်သည်။ **။ကိုယ်တွင်ချမ်းလှတော့သည်သာ။**

၂။ **ဘက်ကျွန်းစံနေ၊** မိုးနတ်ခွေတို့၊ မြူတေခြည်ရောင်၊ နန်းတဆောင်နှင့်၊ စီခြောင်းအခြား၊ ယသွားနှိုက်တွင်၊ နှပ်ချည်မျှင်ကို၊ မြီးလျှင်အဘောက်၊ ရုပ်မျိုးကောက်၍၊ အောက်ကစာမရီ၊ ဇာနီနှင့်တိုး၊ ဆင်မျိုးဆယ်ပါး၊ နဂါးခွေရှက်၊ အတက်ရောင်လျှံ၊ ဂဠုန်ပျံနှင့်၊ သုရိုနတ်သား၊ ရင်ဆိုင်ထားမှ၊ ကိုးပါးမျက်ရှင်၊ စီမွမ်းဆင်၍၊ တုယင်နှင့်ချည်း၊ ဇှန်သည်းလှည့်ပတ်၊ တန်းခိုးလွှတ်လျက်၊ လွမ်းဆွတ်စဉ်တွင်၊ ခွေရိုက်ဆင်သည်။ **။ညိုစင်ရှမ်းလု တော့သည်သာ။**

(ထိုအဖြည်ခံရတုကို ဖြည့်သော- တတိယပိုဒ်မပါ)။

## (၁၀၆) မိုးတောအလိုက်-ရတု

၁။ **မည်းဘိသည်လည်း,မည်းဘိသည်။** ။ကြူးမြည်ရင့်ဟုန်၊ တသုန်သုန်လျှင်၊ ပဇ္ဇုန်နတ်ကျော်၊ ခေါ်လတုံတုံ၊ သံဟုံခြိမ်းထစ်၊ လျှပ်စစ်ပြိုးပြောင်၊ တိမ်တောင်ရွှေ့ရှား၊ မြောက်သို့ပါးခဲ့၊မြလားကြင်ကျွမ်း၊ တမ်းတမ်းမယ့်မှာ၊ မကြိုးလှာဟု၊ ဗျာပါဒ့်နှိုက်၊ အောက်မေ့ကြိုက်ဝယ်၊ စောင်းလိုက်၏သို့၊ သည်းတို့ဘိခြင်း၊ မဇ္ဈုန်မင်းလျှင်၊ စွေပြင်းကာကာ၊ မိုးခေဝါသည်။ **။မရှာနှင့်လေ ချမ်းတော့၏။**

၂။ **သည်းဘိသည်လည်း, သည်းဘိသည်၊** ခေါင်တည်လေသန်း၊ ယုဂန်စွန်းက၊ လျှပ်ပန်းစက်ရောင်၊ တပြောင်ပြောင်လျှင်၊ လောင်တလိလိ၊ မိုးလုံးညိမျှ၊ မြင်ဘိကမူ၊ သက်မျှတူပင်၊ မိခင်သမက်၊ ပြာညက်ချော လှ၊ အစ်မကြီးမတ်၊ အလတ်အထွေး၊ နှောင်းမွေးခဲ့အိုး မောင်ညှိုယောက်ဖ၊ ယောက်မမောင်ရင်း၊ ဘမင်းတူတော်၊ ကြင်ဘော်ရွှယ်စစ်၊ ဦးသစ်တည့်တည့်၊ ကြင်၏မထင်၊ဖြင်တို့ခွဲလော၊ တွေးတောဝမ်းမှာ၊ နေလှည့်ရာကို၊ စေရှာခြင်းတ၊ ကြောင်းစ မကျန်၊စာသဝန်နှင့်၊ မြီးမှန်သစွာ၊မတ်ကြီးလျှာသည်။ ။**မမှာနှင့်လေ လွမ်းတော့၏။**

၃။ **ကြည်းဘိသည်လည်း,ကြည်းဘိသည်၊**ကြူးမြည်သီလေး၊ တခြေးခြေးလျှင်၊ လွမ်းရေးမယ့်တူ၊ လွမ်းစေဟူသို၊ရင့်ရှုထူးလည်၊ ကြူးမြောက်မည်သော်၊ အမည်ဗုဒ္ဓ၊ သရဏဟု၊ သာလှမည်ရင်း၊ ပန်းပင်မင်းဝယ်၊ ပိန်ညင်းလည်းကျူး၊ မလေရူးလည်းထန်၊ မိုးလည်းသွန်သော်၊ ဘုန်းသန်မင်းရွှေ၊ ရုံးလှေစင်စစ်၊မတ်ကြီးဖြစ်လျှင်၊ အချစ်မတည်၊ လည်တို့အံ့ဟု၊ တစုဘော်လယ်၊ မယ်အောက်မေ့သော်၊ ခုန်ဆွေ့ပျံနား၊ နှစ်ပါးတူနေ၊ ဘော်မကွေနှင့်၊ မြည်ထွေနောက်မှာ၊ ငှက်သံသာသည်။ ။**မလာနှင့်လေ တမ်းတော့၏။**

---

## (၁၀၇) မိုးတော-ရတု

၁။ **သွန်းမြူးစွေထန်၊** ခါဝသန်လည်း၊ နီးဟန်ကာလ၊ မှိုင်းမှိုင်းပျလျက်၊ ထင်မှတ် တိမ်သား၊ ရွှေပါးနောက်ခွင်၊ မင်းလွင်ဖြည်းညှင်း၊ တောင်လေပင်းက၊ မုရင်းရွှေရောင်၊ဝင်းပြောင်ပြာလဲ့၊ နွဲ့နွဲ့ရှုပ်သွင်၊လေးပင်ငြိမ်သက်၊ ပြစ်စက်မစွန်း၊ ရွှေနန်းဘုံလယ်၊ မြို့ကြွယ်ဘုန်းအင်၊ လှမျှားရှင်ကြောင့်၊ မရှင်တို့လှည့်၊ မိုးရှည့်ကြီးဘိ၊ သည်းခေါင်ထိမျှ၊ မျက်စိနားတွင်၊ ကြာထင်စံ့စံ့၊ ဆွတ်ဆွတ်ပျံ့မျှ၊ မတုံ့နေရာ၊ မိုးသံသာသည်။ ။**ရွာဘိသည်လည်း မချန်ရက်။**

၂။ **ဆန်းထူးထွေလွန်၊** ပြည်းလေသွန့်နှင့်၊ တောင်ပြန်လေညှင်း၊ စိမ့်စိမ့်ချင်းက၊ ထုံသင်းကျည်းဖွပ်၊ ဗိတ်လှပ်ရွှန့်ရွှန့်၊ ထပ်ဖြန့်ကိုယ်စား၊ ပိုက်ဖြားပျော်ပျော်၊ စက်လှည့်သော်လည်း၊ သုံးဘော်ရွှေလယ်၊ ရွက်သွယ်ကောသာ၊ ထုံးကာစစ၊ ရွှရွှလက်သင်၊ ရွှေစင်အသား၊ လှထွတ်ထားသည်၊ မင်းဖျားသမီး၊ ဘုန်းကြီးလျှံလန်း၊ ရွှေနန်းတောင်ခွင်၊ ထားတင်ထိုက်တင့်၊ နောက်မင့်သက်လှယ်၊ နုနယ်နွဲ့နှောင်း၊ ပြင်ကောင်းနတ်ဟန်၊ ထွေးနှောင်း စွန်ကြောင့်၊ လွမ်းဂွန်မိုးထိ၊ ထင်မိကာကာ၊ ကြိုးရှာသည်။ ။**ကြာဘိ သည်လည်း မလွန်ရက်။**

၃။ **နန်းဦးနေတန်၊** ဘုန်းညွန့်သန့်သား၊ ပွင့်ရန်စဲးစဲ၊ မင်းရဲးမည်ခေါ်၊ ကြားကျော်ကြေညာ၊ စကြာပွင့်နီး၊ဆောင်းထီးဖြူစင်၊ တိုင်းခွင်ဇမ္ဗူ၊ သိမ်းယူမကြာ၊ ဖြစ်သောခါမှ၊ တောင်ညာထားတင့်၊ လက်ယာမြင့်ကာ၊ပျော်ခွင့်မကြာ၊ မေတ္တာရွှေချည်၊ ရစ်လည်ပတ်စည်း၊ တင့်ရည်းမြဲးနှောင်၊ သုံးဘောင်ရွှေလယ်၊ လနှယ်ဝင်းပြောင်၊ ညီရောင်နွဲ့ရှင်း၊ လှမှန်ကင်းလျှင်၊ သံညှင်းထွေ

လာ၊အုံးမွေ့ရာနှိုက်၊ ခွေစာဆောင်းပါး၊ လက်ရွှေသား နှင့်၊ သနားဘွယ်သာ၊ ဘွေ့ရှာစိစစ်၊ ပေးသည့်ဖြစ်ကို၊ ဖြေလစ်ကြည့်သော်၊ မရှင်ပျော်ခဲ့၊ မြွက်ဖေါ်သံသာ၊ မျိုးစုံရာသည်။ ။မှာဘိသည်လည်း မပြန်ရက်။

---

## (၁၀၈) ကျေးစေ-ရတု

၁။ **ဆောင်းကချိန်၍**၊ ရာသီတပေါင်း၊ ခံပြောင်းတုံ့တန်းခုး၊ ကူးပြန်ကဆုန်၊ နယုန်ခေါ်မှတ်၊ သည်သို့ညွှတ်ခဲ့၊ ဝါကျွတ်ကပင်၊ ရှည်ထင်လွမ်းလျှည့်၊ အစဉ်မပြတ်၊ ချစ်ပတ်ရစ်ဆင်၊ ရက်ဖြင်သန်တောင်း၊ မြင့်ညောင်းကာကာ၊ ရုံခါမမွှေ၊ ခွေ့သို့စွေ၍၊ တောင်ငွေတိမ်ခိုး၊ မိုးလည်းပွင့်ဝါ၊ ရွှေပြာလဲ့စိမ်း၊ မြမြရှိမ်းခဲ့၊ ခပ်သိမ်းလူ့ရပ်၊ ဘော်လပ်ရင်ရွှေ၊ တနွေနှင့်ဆောင်း၊ ပြောင်းလိမ့်ဖြစ်ကို၊ ကျစ်လျစ်ဈေ့စုံ၊ စေမှုကုံသည်။ ။ **ကျွန်ယုံကျေးသား တင်လေဘ့နား။**

၂။ **ညောင်းစနိုး၍**၊ ထပ်ပြိုလျှို့လျှို့၊ ဝေးမစဉ့်တည့်၊မရှဉ့်မြေနှင့်၊နှာမောင်းဆင့်က၊ ရွှက်ရင့်ဖူးခေါင်၊ ရွှေရောင်ပွင့်ချပ်၊ရွှေရိုးတပ်သို့၊ရှစ်ရပ်တင့်မှန်း၊ရွှေပြည်နန်းကို၊လျှင်လွှန်းခုံမင်၊သခင်နွဲ့ရှင်။ ရောင်ဆင်းငြိမ်ခြေ၊ မသိလေတည့်၊ ခွေ့ရေကြောင်းအင်၊ သက်သို့ကြင်၍၊ မရှင်မှုနည်၊ ညိုးငယ်သည်ကို၊ ဖြေဖြည်ဆို၍၊ ပြေလိုပြေငြား၊ ဖြားခါ ခေါ်ဝိုက်၊ ရှင်တော်ဲ့ ရိုက်ဝယ်၊ ကျွတ်ထိုက်သောနည်း၊ နောင်ချည်းစုံမက်၊ မလျှောက်ရက်သည်။ ။**သက်ထက်ဆပွါး ကြင်သော့အား။**



၃။ **ပျောင်းပျမို့၍**၊နေညှိလည်းသင့်၊ ရေလည်းတင့်သော်၊ချုပ်ဆင့်တာရာ၊ ယိမ်းနွဲ့ခါနှင့်၊ ပမာမှတ်မြွက်၊ ယှဉ်ကျွမ်းဘက်ကို၊ အသက်နှိုင်းရှန့်၊ လွမ်းမျှတနဲ့၍၊ အလွှန်ဆကဲ၊နေမြဲးဟောင်းသာ၊ တပ်တာလျှော့တက်၊ ချိုရတ်ရေစ၊ လလည်းစုံပေါင်း၊ နှစ်မည် ပြောင်းသော်၊ ဉီခေါင်း, သိမ်းစွန်၊ နှန်းကောင်းတန်ဟု၊ ယုဝန် သာကောင်၊ ဗွေထိပ်ခေါင်ထက်၊ စက်ရောင်ထွန်းလျှမ်၊ ရှင်တော်စစ်ကို၊သစ်သစ်ပြန်ခွေ့က်၊ပြည့်ဆုလျှောက်၏၊ ပြိုင်ထောက် နှစ်ဆု၊ ရည်တုမခြော်၊ ပြည်ခေတ် ကျော်သည်။ ။**ရှင်တော်တကား ရှင်တော့်စား။**

## (၁၀၉) ကျေးစေ-ရတု

၁။ **မင်းခင်းဟူသည်**၊ရှစ်ပြည်သာတွေ၊ ရေလည်းပတ်သန်း၊မောင်းမကျွန်းနှင့်၊ ဖြန့်ဝန်းစုံရိပ်၊ နန်းသာထိပ်ဝယ်၊ရွက်စိတ်ပင်ဖျားဝတ်ရက်ပျားကို၊ ဆွတ်စားချေ၍၊ပျော်ချမ်းမြေ့သည်၊အိမ်ရွှေမင့်းကျေး၊ ဟူမဝေးတည့်၊ အရေးရှစ်အင်၊ ကုန်မည်ထင်၍၊ ရလျှင်ဖျော်ဖြားတင်ထက်ထားမှ၊စေစားမှုဝန်၊ တတ်ခြောက်ပွန်သားမိုးစွန်တိမ်ခြည်၊ မယ်တို့ရည်လော့၊ ငါးမည်ကြိသင့်၊မျိုးဘုန်းမြင့်သည်။ ။**မျှော်လင့်လျက်ပင် နေလိမ့်မည်။**

၂။ **ညင်းညင်း မြူကြည်**၊ ပြစ်ဟူသည်လည်း၊ ရိပ်ခြည်ဆံမွေ၊မရှိလေတည့်၊ သုံးရွှေရှုဘွယ်၊ ရုံသည်လယ်နှိုက်၊ သွယ်သွယ်ပြာလတ်၊ ကြာနေ နတ်လျှင်၊

ခွေညွတ်ရှောင်တိမ်း၊ ယိမ်းမျှညွတ်ရှာ၊ ခန်းသာရဝေး၊ ပျော်နေစမြဲ၊ ဖန်လဲးတာ-ဆို၊ နုတ်ချိုတွတ်တီ၊ လာပြီကြားစုံ၊ ရောက်တိုအုံ့ဟု၊ ဖြည်းညှံ့လေသာ၊ နှုတ်ပျူဟာလည်း၊ တရာချပ်ပြေ၊ ကုမုဒ်ရွှေသို့၊ တွက်ရေကြာမြင့်၊ပြန်ခေါ်ချင့်သည်။ **၊ဘော်နှင့်ရက်ဖြင် ရေလိမ့်မည်။**

၃။ **နှင်းကြွင်းမှုန်နည်း**၊ပင်တိုင်သည်လည်း၊ လေပြည်ဆောင်ဆွေး၊ ရန့်မွှေး၍၊ စိန္နကျေးသူ့ရွာ၊ သည်ကခွါမူ၊ ရောပတ်လျောက်၊ သွားသော် ကောက်လိမ့်၊ ပြန်ခေါက်လေမူ၊လမ်းတူရှုဖြင့်၊စည်သူဘုရား၊ တန့်ကြာဖျားနှိုက်၊နေနားစလျှင်း၊ တည္ဍတင်းမျှ၊ ပုံ့ရှင်းကြိုင်ရှား၊ ထွတ်ထွတ်ထွားသည်၊ပုပ္ပါးမဥ္စူ၊ စကားဟုသား၊ လှိုင်ကြူတွေလာ၊ပန်းတကာထက်၊ စံရာလွတ်တင့်၊ လွှန်၍ပွင့်သည်။ **၊ပေါ်ဆင့်ခက်ဆင် ဝေလိမ့်မည်။**

---

## (၁၁၀) ကျေးစေ-ရတု

၁။ **ကျေးတကာ်တွင်**၊ ရာဇာသုဝ၊ မြောက်ထိုက်လှသား၊ကြိုင်ပျမွှေးကြူ၊ နန္ဒမူဝယ်၊ လိုဏ်ဂူတောင်ပါး၊ နယ်စပ်ပွါး၍၊ ကျွန်းဖျားသပြေ၊ဇမ္ဗူနေလျှင်၊ ချပ်ပြေလုံ့ဆွ၊ သာသည့်လာဝယ်၊ မာဃပန်းမြဲ၊ နောင်ဘို့လွှဲသားပုလဲးရောင်မြှး၊ ဖက်ခွတ်ဦးကို၊ ငုံဖူးသွန်းသွန်း၊ ဥဒည်နန်းနှင့်၊ ထုတ်သန်းပတ်ပတ်၊စွယ်မြတ်လက်ယာ၊ ရတနာသို့၊မကြာခုပင်၊ဆက်လှတင်၍၊ ပယ်သင်ရန်မီး၊ တို့စောမီးကို။ **၊ကောင်းခြီးကြူးချီ မြောက်ချေလော့။**



၂။ **ရှေးပမာလျှင်**၊ သစ္စာမိဋ္ဌာန်၊ ကျင့်မြဲးမှန်ရှင့်၊ *တမန်မှုလျော်၊ ခွင့်ရေးမြော်၍၊ စွယ်တော်ထံရင်း၊ ဝပ်စင်းကြည်လှည့်ပန်ထွာဖြည့်သော်၊ဥဒည့်လက်ယာ၊ ထားတောင်ညာ လျှင်၊သိဂ်ါ ဘုံမြင့်၊ †ကျည်းရှင်ဘွင့်၍၊သံဆင့်မကူး၊ မေးနှင့်ဖူးကာ၊ ဖိုဦးတောင်ဖျား၊ ဖျာဒိတ်ထား၍၊သကြားရပ်နေ၊ နဂါးခွေသည်၊ သရေခေတ္တ၊ ပြည်မအုပ်စိုး၊ သတိုးဓမ္မာ၊ ရာဇာခေါင်ဖျား၊ ကိုယ်တော်စားဟု၊ကြားလည်းကြားပေ၊လျှာတို့ခဝလော့၊ ချစ်နေမြတ်လေး၊ နေမင်းမြဲးကို။ **၊သားတွေးဗျာပါ ပျောက်ချေလော့။**

၃။ **ဝေးစရာတွင်**၊ထိုမှာတဘက်၊သမုဒ်ထက်လည်း၊ ခဲးခက်သောဟန်၊ အတန်တန်တိ၊ သိမ်းစွန်ငုံးဝါး၊ ရှက်မျှတားလည်း၊ ရဲးအားသိမြင်၊ ရှစ်ပါးအင်နှင့်၊ ဆက်တင်သောခါ၊ သူ့သစ္စာမူ၊ မိုင်းဝါကျိုင်းရုံး၊ လူ့ပြည်လုံးကို၊လက်ရှုံးစက်မြှင်း၊ခြေစုံနင်း၍၊လင်းဇင်း

---

* အရှင်မှာတိုင်း ဆိုသူကို=တမန်၊မင်းနှစ်ပါးသင့်အောင် ဆိုသူကို =တံဆေး၊ သူ့စကားကိုထောက်၍ ယုတ်လွန်မရှိ ဆိုသူကို=သံ့သေး၊ လိုသည်ကိုတောင်းလှာသူကို=သံ၊ မှာတိုင်းဆို၍ စေဘက်ရမှ သွားသူကို=မင်းစေ—ဟု- တမန်, တံဆေး, သံ့သေး,သံ,မင်းစေဟူ၍ ငါးပါးပြားကြောင်းကို ကဝိလက္ခဏာဒီပနီတွင် ပြဆိုသည်။

†ကျည်းရှင်—ကား ပေါ်ရာဏ၊ ဘွင့်၍ထားသောတံခါး-ဟုလို၊ ကျည်းသေ-ဆိုလျှင် ပိတ်၍ထားသောတံခါးဖြစ်သည်။

ရိပ်မြူ၊ နန်းတိုင်ယှူမှ၊ တူရူဆီတည့်၊ စက်ဖြင့်လှည့်လိမ့်၊ ဥဒည့်တမ်းခွန်၊ နေကျူမှန်သည်၊ ချစ်ရန်ကြင်ဘို၊ ဆွေမယ်သို့လျှင်၊ နောင်တို့တွေပြား၊ လွမ်းဟန်များကို၊ မြန်သွားလျှင်ကြောင်း၊ ဆုသန့်တောင်း၍၊ နှောင်းမှ နားတော် လျှောက်ချေလော့။

(၁၀၁) ကျေးစေ-ရတု

၁။ ကိုးပါးမျက်စုံ၊ ချယ်တုံရစ်ထုံး၊ စိ၍ကုံးသို့၊ ရင်ဖုံးလည်ရေး၊ နှုတ်ကွေးထိပ်ပြစ်၊ သက်တင်တိရန်း၊ ဖြိုးသွန်းတောင်ပံ၊ စိမ်းလျှံအသွေး၊ မြခြည်ပြေးသည်၊ ပြစ်ဝေးသာထွတ်၊ ကျေးတာလွတ်····။ ရစ်ပတ်တောင်ညို၊ ရာဇဗြိုဟ်ဟု၊ တွေးဆိုခေါ်ကြ၊ ကလေးကလည်း၊ ဝါလ ဆန်းတက်၊ ဆဲ့တရက်ကို၊ ကြင်ဘက်စိတ်ညီ၊ ပြန်လာပြီဟု၊ မိုးဆီတိမ်ခြေ၊ လွှန်နှင့်ချေလော့၊ သရေထွန်းပ၊ ရွှေတ မျှဝယ်၊ နတ်မျှား မနှိုင်း၊ လှကသိုက်းသည်။ ။ ဆက်တိုင်းမျှသက် ဝေပင်သောဝ်။

၂။ ဘိုးရှားခက်ပုံ၊ တိုင်းမဲ့စုံသား၊ ကြည်တုံရှိညွှတ်၊ ဇောတိရသ်သို့၊ မျိုးမြတ်ခနသည်၊ ဘုံရွှေပြည်သို့၊ မှတ်ချည်စူးစူး၊ ပုံလေဦးလော့၊ မြင့်ဖြူးချစ်ရှင်၊ တောင် ထိပ်တွင်နှိုက်၊ ပန်းပင်နည်းများ၊ သင့်ရှုနားမှ၊ မြင့်ဖျား သည်မှာ၊ သာယာစဟန်၊ ပန်းမာလ် တောင်ကမ်း၊ ဆီးနှင်းငြိမ်း၍၊ ချမ်းသည်ဖြစ်လား၊ လွမ်းသည်များကို၊ ကျေးသားစေ့ရေ၊ မကျန်စေနှင့်၊ ငြိမ့်ခြေပြင်လျှာ၊ ဆံကေသာလည်း၊ လက်ယာမြိတ်လွတ်၊ သွယ်ညွှတ် သိပ်သည်း၊ ခွေစလည်းသည်။ ။စုလည်း မြစ္စက် ကေသျှင်သောဝ်။



၃။ မိုးဖျားထက်ဘုံ၊ သာချိုးစုံသား၊ နှိုင်းဝှဲ့တမျှ၊ ပြည်ခေတ္တာသို့၊ သည်ကပုံတက်၊ ဆက်မိလေစေ၊ စာခွေ အပ၊ မောင့်နှုတ်ကလည်း၊ မြန်မာ့အလို၊ သံချိတွေသာ၊ လျှောက်သောခါမူ၊ ခရာပီပီ၊ အာနိကွမ်းဖူး၊ သွယ်ခြူး မြွေရိုး၊ ခါးကြိုးစံမြောက်၊ လက်ကောက်ရည်လေး၊ ပန်းသေးသွယ်ဖျား၊ ပတ္တမြားမူ၊ ထားသည်ထက် အောက်၊ ကြာသောက်ဝတ်နေ၊ လိမ်းခြေမွှတ်ချော၊ တင့်မောပျူဟာ၊ ခန်းရိပ်သာမှ၊ လှည့်ကာခံမျှော်ရှု၊ ဘော်ရှုံးစုသည်။ ။ခါလှူညတွက် နေတွင်သောဝ်။

(၁၀၂) ကျေးစေ-ရတု
(အာသာဝတီဝတ်ဆံချ)

၁။ မျိုးပုံရုံကာ၊ ဂန္ဓမာနှိုက်၊ နှံ့သာပုံ့ရှား၊ ပန်းဝတ် စား၍၊ ဘိုးဘွားစဉ်ရှေး၊ နန်းထက်မွေးလျက်၊ ဥမြေး ခွံစင်၊ သိုက်ထဲးတွင်က၊ နတ်ရှင်မာယ၊ ပေး၍ရသော်၊ ငယ်ကမြတ်လေး၊ ကြီးအောင်မွေးသည်၊ အောက်မေး မည်းနက်၊ ရွှေလျှက်သတိ၊ ထွန်းလျှံညီသား၊ လှတိကိုယ် ရောင်၊ တင့်ခေါင်လည်ရေး၊ သုံးဆင့်ကွေးနှင့်၊ ခြေကြေး ပြယား၊ ပတ္တမြားမျက်စိ၊ မဏိနိတွတ်၊ ရွှဲးလုံးခတ်သို့၊ လှမွှတ်ရောင်ဆင်း၊ ကျေးမျှားမင်း····။ သောင်းတွင်း ဂုန်လောက်၊ မြောက်ကားစစ်ကိုင်း၊ မြမြဆိုင်းသား၊ ရစ်သိုင်းပန်းလောင်၊ တောင်ကားပင်းယ၊ လယ်ချက်မ နှိုက်၊ ဖြိုးမှုကြည်သွန်၊ * ခနောင်းဂုန်လျက်၊ ယဉ်ထန်

* ခနောင်း-ဟူသည်ကား ဝဲး-ဟူလို၊ နေမိငရဲးခေါ်း ဖို့၌- ''မနက်စတောင်း၊ ကြိမ်ဝိုက် ချောင်းဟု၊ ခနောင်းကြောက်ဘွယ်''ဟု စပ်ဆိုသည်။

တွေတွေ၊ ရေလည်းသန့်ရှင်း၊ သုံးစင်းတကွ၊ ပေါင်းဆုံကြသား၊ ဇေယျဘူမိ၊ တုမရှိသည်၊ သိရိပဝရ၊ ဒီပတမွတ်၊ ပြည်မျှော့ထွတ်နှိုက်၊ မိုးနတ်နှိုင်းယှဉ်မတူလူချင်း၊ လှမှန်ကင်းသို့၊ အဆင်းသိင်္ဂါ၊မြေမှာအရောက်၊ပင်ဆင့်ပေါက်သား၊ ခိုင်မြောက်လှစွာ၊ ဇလတ်တာသည်။ **၊ သိင်္ဂါရိုးတံ ဝတ်ဆံမကြေ စေနှင့်လော့။**

၂။ **ရိုးစုံလျှံမြှာ၊** ဟေမဝန္တိုက်၊ မကွာအုပ်စိုး၊ နတ်တို့ပျိုးသား၊ တိမ်ခိုးထိမျှ၊ လိုင်ပေါက်ပြသည်၊ သိင်္ဂရိုးတံ၊ ဝတ်ဆံရွှေညှာ၊ ပင့်ထက်ဖြာလျက်၊ မြေမှာနဂါး၊ ထွတ်ဖျားဘီလူး၊ အထူးထူးကို၊ သားဦးရွှေကျေး၊ နန်းမ-မွေးလျှင်၊ ကြောက်ဘေးမဖိုး၊ ထစ်ကြိုးဝဇိရိန်၊ မိုးပုဆိန်သို့၊တောင်ရှိန်ခေါက်ခေါက်၊လွှင့်လိုက်မြောက်မှ၊ လွှန်မြောက်ရန်စ၊ ပျံလေကြွသော်၊ နတ်သားတမန်၊ ရှင်ကောင်းကျွန်ဟူ၊ ရုံးမာန်ထက်လှ၊ သိုကြီးပရ္ဂ၊ ရွှရွှေကာ၊ နှုတ်သဏ္ဍာနှင့်၊ လှရာရွေးပြီး၊ နောင့်ဇနီးသို့၊ ဘက်နှီးရွက်ရှိမ်း၊ ကတော့စိမ်းနှင့်၊ မသိမ်းလေနဲ့၊ မပျံမရှင်း၊ မြိုင်တောတွင်းဝယ်၊ ဆီးနှင်းမိုးစဲ၊ ဖျန်းပေါက်ကြီး၍၊ ခြံအလား၊ ရွှေမပြားလျှင်၊ ဆောင်းပါး စာဓောင်၊ နောင့်လက်ဆောင်ကို၊နေရောင်မထိုး၊တောင်ပံမိုး၍၊ မညိုးမသမ်း၊ မနွမ်းမသွေ့၊ မတွေ့နေပူ၊ဆောင်လေယူသည်။ **၊မွေးကြူလှိုင်ပျံ့ နတ်နံ့မပြေ လေနှင့်လော့။**

၃။ **မိုးဘုံယံမှာ၊**ထက်အာကာက၊သူဇာကြွင်ဘက်၊ လှည့်ဖြားချက်လည်း၊ ယွှင်းကွက်လေတွယ်၊နောင့်ဝမ်းဝယ်တုံ၊ နက်ကျယ်ဝေဂုစ်၊ မြစ်သမုဒ်နှင့်၊ မယုတ် တူ



လည်၊ တော်မှန်ရည်ကို၊ စိမ်းသည်မြလား၊ ဘောက်မပြားသို့၊ တောင်ပါးမြောက်လွှဲ၊ကျင့်မည်ခဲ၏၊ကိုယ်ကွဲနှစ်ပါး၊ စိတ်ကားတစ်ခု၊ နှလုံးတခု၊ ရှင်မှာစုလျှင်၊ အာယုအသက်၊ တရာထက်ဝယ်၊ ရင်ညက်ရစ်ကုံး၊ ရွှေလက်ရုံးကို၊ အုံးရဘိမူ၊ တ-ယူသနွေ၊ လွမ်းအောက်မေ့လျက်၊ ပတ်ခွေဝေလောင်၊ သွေးယူဆောင်က၊ တောတောင်လုံးခြုံ၊ ရန့်ထုံ၍၊ ခြောက်ဘုံလှိုင်ပျံ၊ ကြိုင်ပေါက်ပြသား၊ သိဂ်ါခက်ဝေ၊ ပန်းစာခွေသည်၊ ရှိသေတို့ခေါက်၊ ဆက်တိုင်းရောက်က၊ ချစ်လှော်ခြင်းရာ၊ လူ့ပျူဟာဖြင့်၊ အိသာကျန်းအုံ၊ တုံမတုံကို၊ နှုးညှံမြလား၊ ဖွတ်ဖွတ်ထွားသို့၊ စကားရန်အောင်၊ ပန်းလက်ဆောင်နှင့်၊ သားမောင်ညီထွား၊ရွှေကျေးသားသည်။ **၊ တိုင်းကားသူ့ရွာ မြင့်ကြာမနေ ချေနှင့်လော့။**

---

(၁၁၃) ကျေးစေ-ရတု

၁။ **တောင်ဇေါ်မည်လျှင်၊** ချမ်းကြည်တွေတွေ၊ ဆဲနှစ်ခွေကို၊ ခြည်နေမထိုး၊ ယွှန်း၍မိုးသား၊ တန်းခိုးကြီးမြတ်၊ စိတ္တထွတ်ဝယ်၊ မိုးနတ်ချက်ရှု၊ ပျော်ရာပြုသား၊ ချယ်ထုဆန်းပြား၊ မပြောက်ကျားတည့်၊ ကျေးသားကိုယ်လုံး၊ ကိုးမည်ကုံးသည်၊ ထွတ်ဆုံးလူ့မြေ၊ ခုနစ်တွေဝယ်၊ ရှာဘွေမမြော်၊ လွှံထင်ပေါ်သား၊ ရွှေလှော်မဋ္ဌ၊ နှိုင်းသသူနှင့်၊ အတူစုံဘက်၊ ဖူးရခက်သည်။ **၊ ကြာရက်ရေရေ မြင်တော့သည်။**

၂။ **ရှောင်ရှားလည်ဝင်၊** ရောက်လေ လျှင်လည်း၊ မရှင်မပျ၊ နေ့လပည်းဖြင်၊ ကြာလေတင်ဟု၊ မြင်ချင်

မြင်ရ၊ ကြားစ-ကြားတို့၊ မလှို့ထပ်ကာ၊ ပြည်ရွာထူး
ပြား၊ ရောက်လေငြားလည်း၊ တပါးချက်စိ၊ မရှိစဘူး၊
စူးစူးသို့သာ၊ ရုံကာမခွြက်၊ ရောရှက်လည်ကွေ့၊ ခဲးလှ
ရှို့တည့်၊ မဓမ္မရလစ်၊ ကြီးသောဖြစ်ကို၊ကျစ်လျစ်ရှိသေ၊
လျောက်ချေစေသော်၊ တင်နေခေါင်ချုပ်၊ ဆင်းနတ်ရုပ်
ကို၊ ကျွန်ုပ်ကြားလျှောက်၊ တခွန်းလောက်မျှ၊ မပျောက်
မကျန်၊ မှာတိုင်းပြန်သား၊ ယှဉ်ရန်ဆွေစစ်၊ တို့ရှင်ချစ်
သည်။ ။**လွှမ်းရစ်ခွေစွေ ဆင်တော့သည်။**

၃။ **ခေါင်ဖျားကြည်စင်၊** မြူမတင်သား၊ မြသွင်ပ-
လင်း၊ တုမယှဉ်းတည့်၊ လူချင်းမမြင်၊ စံတင်မိုးနတ်၊
သက်သည်မှတ်ရှင့်၊ ဝင်းလတ်ရောင်မြိုက်၊ လှမကိုင်ငုံကို၊
မှာလိုက်သောလျှောက်၊ လျှောက်တို့တဖန်၊ ပြန်အုံ့ကြ
လည်း၊ လိမ်းကျံကြိုင်မွှေး၊ ရှိမည်ဝေးခဲ့၊ မလေးပန်း
နှယ်၊ နတ်ပုံ့ကြွယ်နှင့်၊ ဆိုဘွယ်မရှိ၊ မျှော်ခဲ့မိသည်၊
မျက်စိသွယ်ခွေ၊ လျှောင်းလျက်နေ၍၊ မပြေညှိုးသမ်း၊
လွှမ်းလည်းလွှမ်းလိုက်၊ သွယ်ဝိုက်ကေသျှင်၊ လက်သင်
ပင့်မြွောက်၊ မြိတ်ခေါက်ရစ်ခွေ၊ နေလည်း- နတ်သွင်၊
ဆင်လည်း-နတ်မျှ၊ အလှစံခိုင်း၊သက်နှင့်နှိုင်းသည်။ ။
**ကြည့်တိုင်းတွေတွေ ထင်တော့သည်။**

---

## (၁၁၄) ကျေးစေ-ရတု

၁။ **လျှင်ကြောင်းကျိုးရည်၊** ဘက်စံရှည်၍၊ မျိုး
စည်မဝေး မဟော်ကျေးနှင့်၊ ဘိုး, ဘေး, မိဘ၊ တကွနေ
မှတ်၊ ငွေတောင်ထွတ်ဝယ်၊ ရုံပတ်ရွှေများ၊ ရှင်မျော်
ပါး၍၊ ဘုန်းအားနောင့်မှာ၊ ရောက်ပေလှာသည်၊ ရုပ်



ဝါမြဆင်း၊ ကျေးမျှားမင်း……။သက်နှင်းစုဝေ၊ မယ်တို့
နေသည်၊ ရွှေမြေအောင်မြို့၊နန်းရပ်သို့လျှင်၊ ပုံတို့ချေ
လေး၊ မဖင့်နွေးနှင့်၊ ညီကျေးယုံနေ၊ သည်နှစ်-ခွေကို၊
တင်စေ အကြောင်း၊ မရောက် တောင်းသည်။ ။
**သင်ပေါင်းရိုးရှည် ပွင့်တကား။**

၂။ **သင်ပေါင်းရိုးရှည်၊**ခိုင်မြောက်စည်၍၊အမည်
ခေါ်မှန်း၊ နိမိတ်ပန်းနှင့်၊ လန်းလန်း ရောက်အောင်၊
လှထွတ်ခေါင်ကို၊ ကျေးမောင် ယူချေ၊ ဆက်ပို့လေ
လော့၊ ဆောင်းနွေပြန်ခါ၊ အတာနှစ်ဦး၊ လ-တန်ခူး
ကို၊ ပိုက်ကြူးရွှေရင်၊ ရခဝ္ဇင်ဝယ်၊ နွဲ့းလျှင်လမည်၊မှာ
သည်ယုယ၊ ရွှေခွန်းကလည်း၊ မျှားလှမဝေး၊ ခေါ်မေး
ရှိသာ၊ တောင်လက်ယာက၊ ရုံကာမစ၊ ထိန်းယရွှေ
ပေါင်း။ ၁ နေ-ညောင်းသည်။ ။**ရှင်နှောင်း မျိုးမည်
မြင့်တကား။**

၃။ **ရှင်နှောင်းမျိုးမည်၊** မြင့်လှသည်သို့၊ နေခြည်
မဝင်၊ ရောက်လေလျှင်သော်၊ သဘင်ထွတ်ကြိုက်၊ နှစ်
မြိုက် ရှင်ပျော်၊ မယ်တော်-ဘမင်း၊ သားချင်းကစ၊
ထိန်းယရုံစောင်၊ လှထွတ်ခေါင်ကို၊ လက်ဆောင်ပန်း
ခက်၊ကျွန်ုပ်ဆက်၍၊ ချန်ဖွက်မထား၊ မှာသည်များကို၊
လျှောက်ကြားခပလျှင်၊ပုံရှင်လိုလို၊နှောင့်ကိုရည်လျက်၊
လှဘို့ဆက်သည်၊ အထက်ရုဠာ၊ စွယ်လက်ယာကို၊
ရှိကြာစုံပေါင်း၊လျှင်ဆုတောင်းသည်။ ။**ကြင်ကြောင်း
ကျိုးသည် ခွင့်တကား။**

---

## (၁၁၅) သာလိကာခံစေ-ရတု

၁။ **နတ်ကနှင်းလှာ၊** မြေ-သန္တာနှင့်၊ နီလာ-မြီးတောင်၊ အာပေါင်-ဇောတ၊ နားလှ-ရွှေတိ၊ မျက်စိ-စိန်ပန်း၊ ကြည့်တိုင်းရွှန်းသည် နှုတ်ခွန်းလျှံဝါ၊သာလိကာ….။သည်မှာစစ်မြေ၊မြောက်လေထန်ပြင်း၊ကျွန်းဝေလျှ၊မိုးနှောင်းတွင်၍၊ မည်သူ့မရှည်၊ ချမ်းသည့်ဖြစ်လား၊ ကြောင်းခြင်းများကို၊ လျှောက်ကြား စိမ့်မည်၊ မွေးဘရည်လျှက်၊ ချစ်ကြည်ခမင္ဂာ၊ သဝန်စာနှင့်၊စေလှာမောင့်ကို၊ ရောက်မည်ဆိုလိမ့်၊ ရှယ်ပျို ဘုန်းရှိ၊ နောင့်မွေးမိသည်။ ။**မျက်စိမြော်နှင့် နေလိမ့်မည်။**

၂။ **ထွတ်မြဆင်းဝါ၊** ကြင်ဘွယ်သာတိ၊ လည်မှာအမြီး၊ရစ်ပတ်ဆွဲ၍၊ မကွဲတူကွ၊ပျော်နေကြကို၊ ငှာနဝေးခြား၊နှစ်ပါးပိုက်ခြိ၊ မလုံရှည်ကျွမ်း၊ နောင့်တူချမ်းလိမ့်၊ ထပ်လွှမ်းထည်များ၊ တွေတွေခြား၍၊ ပုံ့ရှားကြိုင်မြီး၊ သုံးဖန်လဲးသား၊ ပန်းကြဲပတ်ကုံး၊ မွေ့ရာအုံးဝယ်၊ တွေးဆုံး၊ပျိုနုစံနတ်တူမူ၊ ငယ်သူ့ဘာသာ၊တရံခါမျှ၊ မကွာလှည့်ချင်၊ရွှေထွမ်းဖြင်နှင့်၊မြန်လျှင်စေသားဆုများဆောက်တည်၊ရည်၍လက်အုပ်၊ လှခေါင်ချုပ်သည်။ ။**လွှမ်းရုပ်တထွေ ဆင်လိမ့်မည်။**

၃။ **တတ်လှခြင်းရာ၊** နှုတ်သံသာနှင့်၊ လိမ်မာဆန်းပြား၊ သာစကားကို၊ ကြားကဖန်ဖန်၊မေးထပ်မြန်လိမ့်၊ ယမန်ကတွင်၊ သံလျှင် ကူးမြောက်၊ လမ်းစဉ်ရောက်လည်း၊ အာသောက်မုန်သွင်၊ ရဲးတော်ဆင်နှင့်၊သုံးခွင်ခွေရစ်၊ လွှမ်းသည့်ဖြစ်ကို၊ သားချစ်ညိုလဲ့၊ကြွင်းမဲ့ဓွေ



ချေ၊လျှောက်လေသိကြောင်း၊ပျိုနွဲ့နှောင်းမူ၊ မှီလျှောင်းလည်းလျှက်၊သလွှန်ထက်ဝယ်၊ကြာလက်ချိုးရေ၊ သိစိမ့်တွေဟု၊ လိမ်းရွှေကိုယ်မှာ၊နံ့သာပန်းနံ့၊ ပျံ့စိမ့်တညီ၊ ငယ်ချီထိန်းယာ၊ မ-စ ပဲ့ပြင်၊ ဘန်စီရင်လည်း၊ မရှင်လှည့်လို၊ဆင်းကြာညိုသည်။ ။**နောင့်ကို ရောက်စေချင်လိမ့်မည်။**

---

## (၁၁၆) ကျေးစေ-ရတု

၁။ **ကောင်းကင်လတ်ဝယ်၊**တက်ထွန်းကယ်သား၊ နွေနှယ်တမ်းခွန်၊ ဘုန်းဌန်ရိုက်ခြောင်း၊ နန်းလောင်းဘုန်းပြီး၊သတိုးမမ္မ နရထွတ်တင်၊ရှိရပ်ဆင်ကာ၊ကောင်းကင်ထွတ်ဖျား၊ လေဟုံသွားသည်၊ မြလား-ကိုယ်မွေး၊ လည်ရေးနှုတ်သီး၊ အမြီး,တောင်ပံ၊မျက်စုံရဲသို့၊ နှိုင်းစံဘက်ဝေး၊ နန်းလောင်းကျေး….။ညီတွေးသူ့ဝါ၊ ပန်းနှင့်စာကို၊ မွေ့စွာမြီးနှောင်၊ ယုယဆောင်၍၊ဖြူရောင်ဝင်းညက်၊ ပြစ်မစက်သည်၊ နောင့်သက် ကျွမ်းတော်၊ နေတော်မူရာ၊ ရွှေဝသာသို့၊မကြာဆက်ချေ၊ လှမြုတေသည်။ ။**ရက်ရေမှတ်တည် လင့်တော့သည်။**

၂။ **သောင်းခွင်ပတ်ကျယ်၊** ဝေးမျိုး ကြွယ်သား၊ ဇင်းမယ် မြောက်ယွန်း၊ ရစ်သန်းရှည်တွေ၊ ရေလည်းပတ်ဖြာ၊ မသာခြင်းဆင်၊တောင်ထိပ်တွင်နှိုက်၊ ရှိုင်းပင်လှည့်ခြား၊ ကျိုင်းသေဉ်စားလျှင်၊ ခန့်ညားကြောက်ရွံ၊ ကျွန်တော်ခံမှ၊ယွင်းကြံဘောက်သွေ၊ပုန်ကန်လေသော်၊ သမြေသောင်းခွင်၊ နတ်ရှင်ညီတော်၊ တေဇော်တက်ကြွး၊ ရန်ညွန့်ချိုးသည်၊ သတိုးနန်းညွန့်၊ မြေတော်ဆန့်ကာ

ပတ်ဖြန့်သာခေါင်၊နန်းရွှေတောင်ဝယ်၊ရွှေရောင်ဝင်းဝါ၊
ဇလတ်တာသည်၊ ၊မြည္ဂာရစ်လည် ပွင့်တော့သည်။

၃။ နှောင်းမြင်နုတ်နှယ်၊ ၊လှမျိုးကြွယ်သား၊ ကေ
သွယ်ဆံစည်း၊ စုလည်းလက်သင်၊ ကေသျှင်လျှော့ဖြေ၊
ပျောင်းညွတ်ခွေလိမ့်၊ ချိတွေ့အစ၊ဆောင်းဦး ကသည်၊
ရက်လမြားမြောင်၊ခုတိုင်အောင်မှ၊လက်ဆောင်မှာစာ၊
မရောက်လှာဟု၊ဝမ်းမှာနည်းထွေ၊မသိလေဘူး၊ စေ့ရေ
ခြင်းရော၊ နှောင်တို့မှာမူ၊ဗျာပါဒ်နှိုးဆီး၊မိုးထိနိုးမျှတော
ကြီးနှင့်ချောင်း၊လမ်းကြောင်းမတွေ့၊ မြစ်ကွေ့ ချောင်း
ဝိုက်၊ဘယ်လိုက်ညာသွား၊ မအားရင်အပ်၊အထပ်ထပ်
တီ၊ခြေရပ်မတည်၊ ရှိရသည်ကို၊ ဝိုက်လည်သံထောက်၊
ညီကျေးလျှောက်လော့၊ စံမြောက်ရွှေလှော်၊ ရွှေဘော်
တင့်လယ်၊မျိုးကြင်ဘွယ်သည်။ ၊နှောင့်နှယ်တာရှည်
ဆင့်တော့သည်။

---

(၁၁၇) ကျေးစေ-ရတု

၁။ ကြံလျက်တွေ့ရှာ၊ခေါင်းစိမ်းဝါနှင့်၊ တျာတျာ
နီတွေး၊လည်ရေးသုံးပါး၊စုတ်ဖြင့်သားသို့၊နှုတ်ဖျား ချွေး
ချွေး၊ငယ်ကမွေးသည်၊ညီတွေးလိမ်မာ၊ ကျေးမြဝါ....။
သုံးဖြာမြစ်ဆုံ၊ ပေါင်းတုံစီးထန်၊ ရှိုက်ကြည်းသွန်သို့၊
ယုဂန်ထက်မှာ၊ မြတ်ပုညာလည်း၊ စုဋ္ဌာမုနိ၊ပုထိုးရှိ
၏၊သာဘီထူးလည်၊ နန်းတော်သည်လည်း၊ နတ်ပြည်
ထက်မှာ၊ ဝေယန္တာသို့၊ တောင်မှာကြည့်မျှော်၊ ရှုတို
သော်လည်း၊ မင်းကျော်ကောင်းမှု၊ သဗ္ဗညုနှင့်၊ မေရု
ဗဟို၊ မြင်းမိုရ်ပှုလောက်၊ရွှေတောင်ပေါက်သို့၊ ဝင်း
တောက်ဘာက်ရောင်၊ နေ့တိုင်းပြောင်သား၊ မင်းခေါင်



တည်ရာ၊ ရွှေမြည်သာကို၊ မှာစာညီတွေ၊၊ ဆက်ချေ
သေးလော့၊သက်ခဝေးမယ်မှာ၊ဆက်ရောက်ခါသည်။ ။
ရွှေဝါလက်တော် ယူလိမ့်မည်။

၂။ ဆံရွှက်ကေသာ၊ ဆင်းသူဇာမူ၊ ရုံခါထုံသင်း၊
ဘွဲ့မည်ဆင်းတီ၊ နှစ်တွင်းရွက်ဥဿာက်၊ မပေါ်လောက်
ခဲ့၊ ထွန်းတောက်ဝင်းပ၊ နတ်သို့လှသည်၊ ရွှေဝမှန်ကူ၊
နန်းမြို့သူကို၊ စောင်ဖြူတင်းထိမ်၊ ရိပ်ငြိမ် ကာသန်း၊
အိုးဝန်းမို့တွဲ၊ လည်ချင်းနွှဲလျက်၊ ဖန်လဲဆိုလော့၊
တစေ့စေ့ကို၊ အောက်မေ့ခလေလေ၊ ခွေ့ခွေ့ ခွေမျှ၊သပြေ
သခင်၊ နတ်ရှင်ဘုန်းတူ၊ မြည်တောင်ငူကို၊ ယူမည်နှင့်
သာ၊ အောင်တပ်ရာဝယ်၊မြင့်စွာလ,နှစ်၊ ကြာသည်ဖြစ်
ကို၊စိစစ်ဘိမူ၊ မျက်စိနိုက်တွင်၊ ရေးရေးထင်စွ၊ မိခင်ဘ
မင်း၊ သားချင်းရွှေဘော်၊ ဖြားယောင်းသော်လည်း၊
မပျော်လေတန်၊ ကျန်ရစ်ဟန်ကို၊ ဆယ်ဖန်ဆယ်
တွေ၊ နှောင့်ကြောင့်ပေသည်။ ။တောင်လေခန်းသို့
မြူလိမ့်မည်။

၃။ စံအကျန်နေရာ၊ မယ်တို့မှာမူ၊ သိတာ ဝန်းရံ၊
မြကျောက်ခံသား၊ မင်းဝံထိပ်စွန်း၊ သန့်လျက်ကျွန်း
ထက်၊ ရွှေနန်းတည်ရာ၊ မော်ကွန်းစာနှင့်၊ ရတနာပူရ၊
ရွှေဝမင်းနေ၊မြိုရိပ်တွေ့နိုက်၊ သာတွေ့လွှတ်ခေါင်၊ စကြာ
ဆောင်ဝယ်၊ ညီရောင်ပြာလွဲ့၊ သွယ်နွဲ့နွဲ့မူ၊ တဆဲ့နှစ်
တောင်၊ ခန်းသာချောင်တွင်၊ တန်ဆောင်ဟူလောက်၊
ရွှေရောင်တောက်သို့၊ မှောင်ပျောက်ကင်းဝေး၊ ပျိုငယ်
သေးစွ၊ ရပ်ဝေးဌာန၊ အဘယ်လာသည်၊ စစ်ကရဲခေါင်၊
ဆွေမောင်ဘယ်နှံ့၊ ရောက်ပါဒံ့ဟု၊ ဆွတ်ပုံ့လှည်ကာ၊

မျက်နှာရှေ့ရည်၊ ပျောင်းလိမ့်မည်ကြောင့်၊ ဆောက်တည်မရ၊ ပုံမှုပုံချင်၊ ငှက်ပင်သော်မှ၊ ဖြစ်ဘိ-တဟု၊ သာရ-ကလျာ၊ မယ်တို့မှာမူ၊ သော့ခါရောက်လေ၊ ကဆုန်ခွေသည်။ ။ညောင်ရေနောင်ဘို့ လူ့လိမ့်မည်။

(၁၁၈) ကျေးစေ-ရတု

၁။ မြကိုယ်လုံးဝယ်၊ ကိုးမည်ချယ်သား၊ မြိုင်လယ်တောစွန်၊ ဟိမဝန်နိုက်၊ ယုဂန်ထိလျူ၊ စိမ်းစိမ်းနုသည်၊ မြတုအရွက်၊ ငါးခက်လူလူ၊ မဉ္ဇူပန်းခြွတ်၊ ပင်ပြာသာဒ်နိုက်၊ နေမှတ်ခပျော်ပါ၏၊ ထိုကျေးသားကို၊ သကြားဝို့ဟန်၊ ကံဟောင်းဘန်၍၊ ခွေးပြန်ရသည်၊ သက်မျှကြည်လေး၊ မဉ္ဇူကျေး…..၊ ပြစ်ဝေးတင်ခင်း၊ မရှိလျှင်းတီ၊ ဖြဝင်းမွတ်စင်၊ သုံးရွှေတွင်နိုက်၊ မထင်ငြိုင်ခန့်၊ လှမျှားညွန့်ကို၊ ကျွေးရွန့်ပုံ့ရှင်၊ ပန်းသဇင်နှင့်၊ အလျင်မနေ၊ လျောက်ဆက်ချေလော့၊ စေ့ရေကြောင်းခြင်း၊ လွှတ်လိုက်လျှင်းသည်။ ။ညခင်းမရီ ရီရီသောဝ်။

၂။ လှပျိုသုံးရွှယ်၊ ဘော်မျှားလယ်နိုက်၊ လနှယ်ထွန်းပြောင်၊ *ခြောက်ပြစ်ရှောင်ကို၊ လက်ဆောင်ပုံ့

* ခြောက်ပြစ်ရှောင်-ဟူသည်ကား-၁-အလွန်ရှည်ခြင်း= အတိဒီဃ။ ၂-အလွန်တိုခြင်း= အတိရဿ။ ၃-အလွန်ကြုံခြင်း= အတိကိသ၊ ၄-အလွန်ဆူခြင်း = အတိထူလ။ ၅-အလွန်မည်းခြင်း=အတိကာဠ။ ၆-အလွန်ဖြူခြင်း= အတိဩဒါတ-ဟု ဓမ္မပဒအဋ္ဌကထာ, ဥဒါန်းအဋ္ဌကထာ,မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ,တေလပတ္တဇာတ်အဋ္ဌကထာတို့၌ လာသော-အပြစ်ခြောက်ပါးကင်းသည်ကိုဆိုသည်။



ရှင်၊ နှင်းဆက်တင်သည်၊ အလျင်မယူ၊ ဝမ်းမူနည်းဟန်၊ သူငယ့်မာန်ဖြင့်၊ နန်းရန်ပွင့်ညှောက်၊ သစ္စာဘောက်၍၊ ချစ်ထောက်သူနှင့်၊ မယ်မှာတင့်ဟု၊ သခင့်တွေသာ၊ သာယာချီမြွက်၊ မိန့်နှုတ်ခြွက်ကို၊ ထိပ်ထက်မရှူ၊ ဆောင်ခဲ့ယူမှ၊ ယှဉ်သူသည်ရနဲ့၊ မိဘုန်းသန်မူ၊ ကဲးလွန်ဆာပူ၊ မေးတော်မူက၊ တွေးယူကြံမိ၊ သခင်သိ၏၊ ပျောင်းအိ ဆွတ်ဆွတ်၊ ရေမှလွတ်သည်၊ ကြာညွတ်အသွင်၊ ခွေလျက်ပင်တီ၊ သခင်အရင်း၊ မိန့်လိုက်လျှင်းသည်။ ။သံညှင်းမပီ ပီပီသောဝ်။

၃။ ဟာဆိုမြုံးရယ်၊ သနားဘွယ်တီ၊ နိကာယ်အင်စုံ၊ လှကြေးမုံကို၊ နိတုံ့ရွှေစင်၊ မျက်ရှင်စီချယ်၊ ဒါလီသွယ်သို့၊ လည်ဝယ်ထားဆင်၊ ဦးလျှောက်တင်၍၊ သခင်အစစ်၊ ဆွေကျွမ်းချစ်ကို၊ သစ်သစ်မကျန်၊ ကြွင်းမဲ့မြန်အုံ့၊ ယှဉ်ရန်သည်ရင်း၊ သောင်းတွင်းဖုန်ပတ်၊ မင်းလောင်းမတ်မူ၊ တမှတ်တည်းသာ၊ သစ္စာတမူ၊ တော်သောဟူက၊ ငြိုင်တူမရှိ၊ ကျွန်ုပ်သိ၏၊ ဦးထိရှိသေ၊ မြန်ခဲ့ပေသော်၊ ငုံရွှေချပ်ရှူ၊ ကုမုဒဝယ်၊ မြတ်လှသခွေ၊ ယူစွဲနေသို့၊ သက်ဝေကြင်ဘက်၊ နောင်မင်းသက်မူ၊ လျှောင်းစက်မျှော်လွန်း၊ မိဘုန်းရှန်းသည်။ ။အုံးဝန်းမမှို မှိုမှိုသောဝ်။

(၁၁၉) ကျေးစေ-ရတု

၁။ ညီးဘွယ်သာလျှင်၊ ပဇာကသည်၊ အစတည်၍၊ ဖူးမည်ကိုသာ၊ မချာနေ့ညာ၊ စေမျှားလှဟု၊ တုံ့မျှမဆို၊ ကျွန်ုပ်ကိုမူ၊ သွားလိုသွားလောနေလည်းမတာ၊ ငြိမ့်လေ

လှ၏၊ ထွန်းပရှပ်သွင်၊ ခန်းသာခွင်နှိုက်၊ မှောင်ပင်ရိပ်ခြည်၊ သမ်းမည်မထင်၊ ကြည်စင်ညိုဝင်း၊ ပယင်းမြဟူ၊ မတူပလော၊ ထင်ချေစိတ်တွင်၊ မြစင်လှရှင်း၊ ဘိတ်ဘိတ်ဝင်းမျှ၊ မတင်းစံလှည့်၊ နှိုင်းရှည့်ထိုက်တန်၊ တင့်မောဟန်မူ၊ ယုတ်လွန်မဲ့ငြား၊ အတူထားသည်။ ။ ပုပ္ပါးချပ်မြေ စံရာရွှေ။

၂။ နိုးနွယ်ကြာတင်၊ လ,နှစ်ဖြင်မျှ၊ ကြီးအင်ကြကာ၊ နေ့ခင့်ဖျာပါကို၊ ရုံခါမချွတ်၊ မှာတိုင်းတတ်သား၊ *(သုဒဿနု၊ စိတ္တရနှင့်၊ ကာလ-ကေလာ၊ ဂန္ဓမာဝယ်)၊ သုဝါသနစ်၊ မင်းစစ်မြေးပင်၊ ဖို့သက်တင်သို့၊ လည်,ရင်, မြီးရွှန်း၊ စိန်ပန်းရှိရှိ၊ ကိုယ်လုံးညီသည်၊ ဇာတိကောင်းထွတ်၊ ကျေးတုလွတ်လျှင်၊ လှမြတ်ငြိမ့်ညက်၊ မိန္နှုတ်ထွက်ကို၊ ယွင်းကွက်ဆံမွေ၊ မတွေဝေနှင့်၊ လျှောက်နေမြီးတည်၊ သူနားလည်မှ၊ ရိပ်ခြည်ရှုမျှော်၊ ပျော်ပါးပျော်သည်။ ။သံတော်ရှိသေ ခံပါချေ။

၃။ မြီးလွယ်ရာပင်၊ ရောက်လျှင်ခွင့်ရော်၊ ဝိုက်လည်မျှော်၍၊ မဲ့ပျော်မပါး၊ နေ့များ-လဖြင်၊ ကြာနေတွင်သို့၊ ရှုပ်သွင်သမ်းညှိုး၊ ကြားနိုး-ကြာတင်၊ ကြာချင်-ကြာရေး၊ စမ်းမေးမြန်းမူ၊ လူသူ့နားမျှ၊ စ-န-ရိပ်ခြည်၊ မြီးတည်သေသတ်၊ ပြင်မလွှတ်တည့်၊ ခေါ်မှတ်ဆိုကာ၊ သစ္စာတည့်မှန်၊ ယုံကျွန်စေလေ့၊ မေ့သည်မရှိ၊ မျက်စိနှစ်လုံး၊ စုရုံးဝမ်းမှာ၊ သခင်သာဟု၊ မှာရာဖြစ်ကို၊ ရှင်ချစ်ရှင့်ကျွန်၊

---

* ( )၌လက်သည်းကွင်းအတွင်းရှိ တောင်ငါးလုံးကား အနဝတတ်အိုင်ကိုရံသော တောင်တို့ပင်တည်း။



ကျွန်ုပ်ပြန်၏၊ ချစ်တန်မျှလျက်၊ ရှင့်ချစ်သက်သည်။ ။ ရိပ်ဝှက်စခွေ ကြံခါနေ။

---

(၁၂၀) ကျေးစေ-ရတု

၁။ ဝေပူမျက်ရှင်၊ ကောင်းကင်ပျံဝဲ၊ နီလာခဲကို၊ လွန်ကဲတင့်မူ၊ ရေးသားထုမှ၊ ဇမ္ဗူ့ဦးစွန်း၊ ရွှေရည်သွန်းသို့၊ လည်ရန်းသက်တင်၊ ထိပ်ပြင်ဆင့်ရစ်၊ စီချယ်နစ်သား၊ ကျစ်လျစ်လိမ္မာ၊ ယဉ်ကျေးစွာသည်၊ သန္တာနှုတ်ကွေး၊ ပြိုင်ဘက်ဝေးသည်၊ ရွှေကျေးမြရည်၊ ငါမွေးသည်။ ။ထိုပြည်တိုင်းကား၊ ယိုးဒယားကို၊ လွတ်ထားစိုးခြင်း၊ သခင်မင်းနှင့်၊ သနင်းတောင်တင်၊ မိနတ်ရှင်လျှင်၊ ကြည်လင်ယုယ၊ ပေးလှာစကား၊ သိဂ်ရောင်ဝှန်၊ ကိုးရျက်ပြွန်သည်၊ သလွန်ဘုံပါ။ ရွှေချိုင့်ထား၍၊ သနားသာရှင်၊ သားနွယ်ကြင်သည်၊ တို့ခွင်ဖြစ်ဟန်၊ ပြည်ကြီးဝန်ကို။ ။တောင်းပန်ရှိသေ လျှောက်ပါချေ။

၂။ ဇမ္ဗူထက်ပြင်၊ တသောင်းတွင်နှိုက်၊ ကောင်းကင်တိမ်သဲ၊ ပန်းဆိုင်းဆွဲသို့၊ ရဲရဲမောက်မောက်၊ မြင်သူကြောက်မျှ၊ မီးပေါက်, လေး, မြား၊ ပြည်ကြီးအားနှင့်၊ တံတားဆိုက်ယှဉ်၊ သင်းဘော ယာဉ်လျက်၊ တွေကြဉ်ပြီးမှ၊ အနန္တကို၊ မိုးကကျောက်ဖျာ၊ ဘိသည်သာကား၊ ဖြူဝါဆောင်းပြီး၊ ဘခေါင်းနှင့်၊ မောင်ကြီးမောင်လတ်၊ ဗိုလ်မှူးမတ်တို့၊ ဝန်းပတ်ခိုင်ကျည်၊ ခံချေရည်ကို၊ မည်သည်မင်းသား၊ ငါတကားဟု၊ စဉ်လားရေးနှောင်း၊ မစွန့်တောင်းတည့်၊ မြို့ကောင်းထိပ်ထက်၊ ကိုယ်တော် တက်၍၊ သွေကွက်မလည်၊ သွေးရည်

ချောင်းမျှ၊ ခွန်းဝါလှလျက်၊ သီဟဘုန်းစည်၊ နိုင်လေသည်ကို၊ လေးမည် ကျွန်းလုံး၊ အံ့မဆုံးသည်။ ။
**လက်ရုံးမြူတေ တေဒကဝါနေ။**

၃။ **စဉ်လျှား ရှေးနေ့ခင်း၊** မကြားတောင်းတည့်၊ တသောင်းကျွန်းပြင်၊ လက်ရုံးတင်၍၊ နတ်ရှင် နောင်တော်၊ထင်ပေါ်တန်ခိုး၊ထိန်ရှိက်ကြီးသား၊သတိုးဓမ္မာ၊ ရာဇာကျော်၏၊ နေ့မွန်းတည့်သို့၊ ထိုပြည့်နောက်ပါး၊ မြစ်နားသဲပြင်၊ဘုရားရှင်က၊ လေးအင်စစ်ခြေ၊ကူးမည်နေသော်၊ စံရွှေရည်ကျော်၊ လက်ရုံးတော်ကို၊ ဖူးမြော်ကြလျှင်၊ ဖူးမြင်ချင်၍၊ တို့ရှင်သမီး၊ ထွန်းညီးစန္ဒာ၊ သူဇာတမျှ၊ **သခင်ကလျှင်၊** ကဲ့ဆစုံမက်၊ မြည်လုံးသက်ကို၊ ညွတ်လျက်ရှိရည်၊ ပန်ဝံ့သည်ဟု၊ ဘုန်းစည် ရန်နင်း၊ ရုံးမှန်ကင်း၏၊ ခြေရင်းတော်အောက်၊ နှိမ့်ချ လျှောက်၍၊ ဝမ်းမြောက်ရှင်စွာ၊ တို့မိန့်မှာနှင့်။ ။
**မကြာလျှင်ထွေ ရောက်လှာစေ။**

(၁၂၁) ကျေးစေ–ရတု

၁။ **အမြွတ်တလေး၊** ငယ်ကမွေး၍၊ သိမ်းကျေးသနား၊ မှတ်သားနားဝင်၊ ကျေးငှက်တင်သည်၊ သခင်ဘုရင်း၊တို့မောင်မင်း····။ကြိုက်ချင်းကြိုက်က၊နေရပ်ရွာကို၊ မှန်စွာမသိ၊ စေလျှင်ဘိ၍၊ ရွှေတိပြောင်ရှန်း၊ ရွှေနန်းတူရူ၊ ရွှေဂူမြောက်ပါး၊ တို့နေနားမှ၊ မေးမရသော်၊ မြမြရိပ်မြိုင်၊ ဂနိုင်ရိပ်စက်၊ တဘက်ဆွဲးတောင်၊ ပန်းလောင်မြစ်ကွေ့၊ ပင်းယရွှေဝယ်၊ ပျံ၍လျင်ခုပ်၊ တို့မချုပ်သည်။ ။**ကျွန်ုပ်ပန်းမေ လှချေ၏။**



၂။ **တဝဲလည်လည်၊** ရင့်ကြာမည်၍၊မေးသည်မရ၊ နေဝင်မှလျှင်၊ ရွှေဝကသည်၊ စူးစူးရည်လျက်၊ မည်မျှ မနား၊ ပျံချေသွား၍၊ မယ့်ပါးခန်းတိုက်၊ ရောက်လေဆိုက်သော်၊ သွယ်ဝိုက်ညိုးချုပ်၊လွှမ်းသည့်ရုပ်ကို၊ကျွန်ုပ်မျက်စိ၊ မျှော်လျှင်သိ၏၊လျှိုသိရည်ညက်၊ ပန်းကိုဆက်လည်း၊ ရက်ရက်မယူ၊ ဝမ်းနည်းမူနှင့်၊ ဆာပူမရှင်၊ ညိုးရုပ်သွင်သည်၊ သို့စင်ရက်,လကြာလေစွဟု၊ မြွက်ဟသံချိုမိန့်လိုက်ဆိုသည်။ ။**ရှင့်ကိုတွေးတော ရလေ၏။**

၃။ **တပြောင်းမြန်မြန်၊** ရှင်တော့်ထံဝယ်၊ မကျန်သံချို၊ ကြွင်းမဲ့ဆို၍၊ ပဟိုရ်မျှလောက်၊ နားတော်လျှောက်သော်၊ ဝမ်းမြောက်သောထွေ၊ သက်ာကျေမှ၊ ခက်ဝေလှုလှု၊ ပန်းကိုယူ၍၊ တူရှုမြင်လစ်၊ မြစ်လည်းခြားကာ၊ သီတာရစ်မြွောင်၊ ပင်းယတောင်နှိုက်၊ခြောက်ရောင်ဉာဏ်ဟုံ၊ ရွှေစည်းခုံဝယ်၊တူစုံရအောင်၊မှတ်ရည်စောင်၍၊ ကျေးမောင်မတ်မတ်၊သွားလတ်ခရီး၊ နီးသည်ဖြစ်မူ၊ ရှင်ချစ်နှိုက်တွင်၊ တင်ပါခဲ့ဟု၊ ချောန္နဲ့ပြာညို၊ မိန့်မြွက်ဆိုသည်။ ။**ကုသိုလ်စိတ်စော မျှပေ၏။**

(၁၂၂) ကျေးစေ–ရတု

၁။ **ရဂုံမြိုင်သာ၊**ဟေဝန္တာက၊ လူ့ရွာမစပ်၊နတ်တို့ရပ်နှိုက်၊ပွင့်ချပ်ကြိုင်ရှား၊ မဥ္ဇူစား၍၊ ပျော်ပါးရှင်ပျံ၊ ခေပုလာဝယ်၊ မွေးရမည်သို့၊ နတ်တို့ငှိသည်၊ စိမ်းညို့ကိုယ်မွေး၊ညီရွှေကျေး····။သားထွေးသင်နှာ၊ မှာလိုက်သရွှေ၊ မငွေလေစေ၊ အောင်မြေကြငှန်း။ ရွှေဝနန်းကာ၊ ဒီကျန်းကိုယ်လက်၊ ရဲမက်စွမ်းကို၊ ဆွေညိုနောင်မြ၊ သက်မျှမျိုးညီ၊ ပြန်လတ်ပြီဟု၊ မိုးဆီတိမ်စွန်၊ ပျံနှင့်

လွန်သော်၊ နတ်ဟန်ယောင်ပျို၊ ပြာညိုမွတ်ရှင်း၊ စိုးမင်း ငြိမ့်ခြေ၊ သခင်နေသား၊ အောင်မြေကြွင်း၊ သာထူး ဆန်းသည်။ ။**ရွှေနန်းတော်သာ နောက်ဝယ်သောဝ်။**

၂။ အမှုံ့ခိုင်မြှာ၊ပွင့်ခက်ဖြာကို၊သဏ္ဌာတောင်လက်၊ ရှန်းရှန်းစက်မျှ၊ နံ့နက်ညဥ့်ကာ၊ စောလှလေစေ၊ သူ့မြေ ရပ်ခွင်၊ မြို့ကြီးပြင်ထက်၊ တပင်တိုင်ဖျား၊ တံ့နေနားမှ၊ ပျော်ပါးရှင်မော၊ မော်စောဆံကျော်၊ သပိတ်တော်ကို၊ ပူဇော်ခဲ့မြောက်၊ ရွှေနန်းနောက်တွင်၊ ကျော်ချောက် သာလွန်၊ အဝကန်ရှိုက်၊ ပန်းမာလ်ကြိုင်ပျူ၊ ပျော်ဘွယ် မှလျှင်၊ ဌာနစဉ်ရွှေး၊ ရပ်စောက်ရေးလည်း၊ နီးဝေး မြင်မြင်၊ ကျော်လွှံ့ထင်သား၊ ရှင်ပင်နောက်စ၊ ရပ်နေ မှလျှင်၊ မေးပမထိမ်၊ကြင်သူ့အိမ်ဟု၊ ရိပ်ငြိမ်သာဆိုင်၊ နှစ်ဆောင်ပြိုင်လျက်၊မွှေးကြိုင်ပျံ့ရှင်း၊ထုံသင်းပိတ်မြေ၊ ရစ်ခွေမဆင်၊ ညှိုးရှုပ်သွင်နှင့်၊ ပြာစင်ငြိမ်းရှန်း၊ မရှင် လန်းသည်။ ။**ရွှေဝန်းဘော်မှာ မှောက်လယ်သောဝ်။**

၃။ မစုံမှိုင်ရွာ၊ နှောင့်မြင်းရောကို၊ တတ်စွာအရေး၊ ညီကျေးသော်သာ၊မှတ်နိုင်ရာအုံ့၊ သီတာမြလား၊မြစ်နား တခလျှောက်၊ ပျံ့လေရောက်မူ၊ ပြိုင်ထောက် မထင်၊ မြစ်ကွေးတွင်ရှိုက်၊ရှင်ပင်ဘုန်းဖွံ့၊မြသလွန်ဟု၊ပြင်းထန် တေဇ၊ကျော်စောလှ၏၊ နှမမယ်ဘို့၊ တောင်းတို့ခဲ့ပါ၊ ပြည်ကခွါမူ၊ ဓနုဖြူဝယ်၊ မေးမြူစိစစ်၊ သားချစ်ပုံ့လေ။ သူ့မြေခွါရှုး၊ ပန်းအလွှဲးတွင်၊ ငြိမ်းစဲးပန်းပင်၊ တောင် လက်သင်ရှု့၊ သံလျှင်,မကော်၊ ကြည့်မျှော်ဌာန၊ တလ ခရီး၊ မနီးရှည်လှ၊ ပန်းလှိုင်ဝ ဝယ်၊ မြစ်စကမ်းခြေ၊ မြောင့်လေစေတော့၊ တွေတွေမှုမ်းမြင်၊ ဒဂုံတွင်ရှိုက်၊



မွှေ့ရှင်မှန်မော၊ သင်းချောရောင်ပုံ၊ တခဲမိသို့၊ လုံးလျှို ပြောင်ရှန်း၊ ရောင်ခြည်ထွန်းသည်။ ။**တွေ့ဆန်းကျော် လှာ ခြောက်သွယ်သောဝ်။**

---

## (၁၂၃) ကျေးစေ-ရတု

၁။ **နဝမျက်ရှင်၊** ချယ်လွှင်စီရုံး၊ ရွှေး၍ကုံးသို့၊ တောင်ဖုံးလည်ဝန်း၊နွတ်စွန်းပြယား၊ထိပ်ဖျားရွှေသွယ်၊ ရှုဘွယ်သင့်ရောင်၊ ကိုယ်လုံး ပြောင်သား၊ ဝေးခေါင် တိုင်းခန်း၊မလွှာကျွန်းမှ၊ဆောင်ညွှန်းရည်လေး၊ နတ်တို့ ပေး၍၊ခွင့်ရေးမှုရို၊ ရာလိုက်သိသည်၊ ဇာတ်လွှန်မေး၊ ဟောဝန်ကျေး....၊ နှစ်တွေးမရှိ၊ ကြင်ခေါင် ထိုသား၊ မျက်စိနှစ်လုံး၊စုရုံးနှင်းဆက်၊နှောင့်မင်းသက်ခူ၊ချီးလက် ရေကာ၊ လ,ကိုစာသော်၊ခန့်မှာရည်ချင့်၊ မတန်မြင့်ဟု၊ ရေနှင့်လွတ်ကွာ၊နေဝယ်ကြာသို့၊ပမာမယွင်း၊ ပြာထွတ် ဝင်းသည်။ ။**လွှမ်းတင်းစွဲကာ မျှော်လိမ့်မည်။**

၂။ **မရဘက်အင်၊** ဘုံခြောက်ခွင်ရှိုက်၊ ကြာတွင် ဆွတ်ယူ၊ နတ်မယ်သူလည်း၊ မတူလှည့်သည်၊ စံသာ တည်၏၊ ပြာခြည်နှဲ့ရှင်း၊ လှမှန်ကင်းမူ၊ သလင်း ပြက်စောင်၊ တန်ဆောင်မျက်မှန်း၊ သလွန်ဝန်းထက်၊ ချယ်သန်းမရှက်၊ပြောက်ကွက်ကျည်းဖြစ်၊မှိုအုံးသစ်ဝယ်၊ ခွဲးရစ်-မရှင်၊ နတ်သွင်သုံးထွေ၊ ရံမြီးခရွှနှင့်၊ နေသော ကြိုက်တွင်၊ ရောက်လေကျင်မူ၊ ဆံမျှင်မြူနေ၊ မစွန်း စေလင့်၊ စစ်မြေသူ့ရွာ၊ တွေလာစမော၊ တောင်တော ပတ်လည်၊ လေပြည်ဆင့်လောင်း၊ အချမ်းပေါင်း၍၊ ပျောင်းသည်ဖြစ်ကုံ၊ စိစစ်စွေကုံ၊ လျှောက်ချေတုံလော့၊

မစုံဘော်ကွာ၊မယ်တို့မှာလည်း၊ လွမ်းတာလျှောက်ပင့်၊ စွေမပွင့်သည်၊ ။နှင်းနှင့်လေသာ ဆော်လိမ့်မည်။

၃။ တမျှသက်တင်၊ ဆက်တိုင်းကြင်သား၊ ဆံမျှင်မကွေ၊ ဘုံခြောက်နေဝယ်၊ ယှွင်းသွေခဲ့ဘူး၊ ရွှေသို့ဦး၍၊ စုံပူးတူကျ၊နေသော်ကလည်း၊ ချစ်စတိုးပွါး၊ နည်းများမခွဲ၊လွမ်းပို့-ဆတိုး၊ ပန်းသို့ပျိုးသား၊ ပြစ်မျိုးကွာလံ၊ လှထွတ်စံသျှ၊ မိုးယံတိမ်ခြေပျံ့တို့လေမှ၊ ပန်းပြေစလျှင်း၊ မျော်တင်းတုံ့နား၊ တောင်ပုပ္ပါးဝယ်၊ စကားရှေ့တူ၊ ခိုင်မငြူကို၊ ဆွတ်ယူဆက်ပါ့၊ ရခဲ့တွေလာ၊ ပန်းတကာထက်၊ နှိုင်းရာထပ်ဆင့်၊ လွန်၍တင့်သည်၊ ။ ဓါသင့်စေလာ ပေါ်လိမ့်မည်။

---

(၁၂၄) မယ်ဘွဲ့-ရတု

၁။ ရွှေနှင့်နှိုး၍၊ဝေး-နီးခြောက်တောင်၊တောကုန်အောင်လည်း၊ ရွှေရောင်အပ၊ ညွှန့်မြမြတည့်၊ ကာလမျိုးဝယ်၊ သာဆန်း ကြယ်လျက်၊ ချမ်းပြယ် မူးမူး၊ ရာသီဦးနိုက်၊ ငုံဖူးပွင့်ပြိုင်၊အာနိုဆိုင်သို့၊ချပ်မြိုင်လှတင့်၊ ရွှေဆင့်သား၊လူနှင့်နတ်တွင်၊ ဘက်မမြင်တည့်၊ရည်ရှင်ရွှေနှယ်၊ ရွှက်ဆန်းကြယ်လျက်၊ တနွယ်တည်းတုံ၊ နှစ်ပါးစုံနှင့်၊ နှိုင်းပုံမချွတ်၊ တုမျိုးလွတ်သည်၊ ။ ဘက်ဆွတ်မွေးသည့် အာဏာသောဝ်။

၂။ ချွေလှင့်ချီး၍၊ မနိုးရွှက်ကြန့်၊ ပင်တိုင်းလန့်ကာ၊ရွှန်ရွှန်ချမ်းစည်၊ညွှန့်ကြလည်လျက်၊ချမ်းကြည်မွေးပျ၊ ထောင်ပြန်စဝယ်၊ ပန်းများအခေါင်၊ ပန်းကုန်အောင်ထက်၊ ချမ်းဆောင်နွေကူး၊ ဘက်ဆွတ်ဦးနှင့်၊



ဆယ်ကျူးရက်စွန်း၊ မျှားမယွန်းကို၊ ချစ်ညွန်းမြွက်ဟ၊ စကားစသော်၊ မိဘာစီရင်၊ နှာသည်ပင်တည့်၊ ဘခင်မွေးမိ၊ မြတ်လှဘိ၍၊ ရိပ်ထိပါနိုး၊ လှည့်ဖြားကြီးလည်း၊ မညှိုးမရှင်၊ မထင်စပေ၊ တိုင်းပင်နေခဲ့၊ ညွတ်ခွေဗျာပါ၊ နှောင့်ဝမ်းမှာမူ၊ ထောင်,ရာ,ကုဋေ၊ ရေလည်းမတတ်၊ ပျောင်းတိမ်း ညွတ်သည်၊ ။ညက်မွတ်သွေးသည့် အာဏာသောဝ်။

၃။ ရွှေမြင့်ပြီး၍၊ဝေးနိုးဇမ္ဗူ၊ ရှာခွေးယူမှ၊ အတုပြိုင်လှာ၊သို့သောဌါသော်၊ ထောင်,ရာ,ဆယ်ဆ၊လွန်၍လှလိမ့်၊ နွဲ့လျှည့်ပြာ၊ ယော်စွာရွယ်သက်၊ လေးနက်ရှုံးဆင့်၊ မညွှုပွင့်သို့၊ သင့်တင့်ထပ်ရစ်၊ ကြင်ဘော်ချစ်ကို၊ လ-နှစ်ကျူးပြောင်း၊ လင့်ပေကောင်းဟု၊ ဆွေပေါင်းမျိုးဘော်၊မြွက်ဘိသော်မူ၊ ရေပေါ်ပွင့်ကြာ၊ လ-သော်တာကို၊ မျော်ရှာသောဌာန်၊ ကားလွန်တိမ်းညွတ်၊ ဆိုတတ်ဖန်များ၊ ပစ်ငင်ရှား၍၊ တပါးသို့ပင်၊ ထားလိုက်ချင်စွ၊ စက်လျှင်-မပျော်၊ နေသော်-မတတ်၊ တမ်းဆို ညွတ်သည်၊ ။ရက်ပတ်ဝေးသည့် အာဏာသောဝ်။

---

(၁၂၅) မယ်ဘွဲ့-ရတု

၁။ နဂါးနှင့်-နေ၊ချစ်ကြိုက်ခွေ၍၊ ညို,ရွှေ,ဖြူထွား၊ ဥသုံးပါးတွင်၊ ထွတ်ဖျားမှန်ကင်း၊ ပြူစောမင်းဟု၊ နှင်းတုံ့သကြား၊ လေးမြွားမကျန်၊တတ်ခြောက်ပွန်သား၊ တမ်းခွန်ရိမဒါ၊စိုးသည့်နတ်မှ၊ မပြတ်စဉ်မှီး၊ ဆက်တိုင်းနှီး၍၊တစီးသခင်၊ငါးစီးရှင်က၊ နွယ်ပင်မချာ၊ မင်းကြီး

စွာလျှင်၊ သိင်္ဂါဘုံတည်၊ စိုးသည်ကပင်၊ တောင်တင်ညာထွတ်၊ ရှစ်သောင်းနတ်ဟု၊ လွှံပတ်ကျော်ဟိုး၊ ရိပ်ဖြူမိုးသည်။ ။**လူမျိုးရှိပန်း ငုံလှည့်သောဝ်။**

၂။ **တရားကျင့်တွေ့**၊ မြတ်သန္တေဖြင့်၊*ရဝေစကြာ၊ ရိပ်ဖြူကာသား၊ မွှာဒေဝီ၊ တွင်ညီထွတ်ထား၊ချစ်ဘွားတော် မယ်၊ လူဝယ်မှန်ကင်း၊ ပေးဆောက် နှင်းကာ၊ လျှင်ပြင်းသိမ်းယူ၊ပြည်တောင်ငူဝယ်၊ကြင်သူသက်ထား၊ မြောက်သားသွေးစစ်၊ နန်းသစ်ရည်စောင်၊ ထွတ်မင်းခေါင်နှင့်၊ မြိုးနှောင်မေတ္တာ၊ ရုံခါမမေ့၊ တနေ့-တညာ၊ တာလမပြတ်၊ထပ်ထပ်လေလေ၊ ချစ်ကြိုးခွေ၍၊ မြတ်နေကသိုဏ်း၊ တင်ကြန့်နိုင်းသည်။ ။**ဆက်တိုင်းဘုန်းတော်ဆုံလှည့်သောဝ်။**

၃။ **အသားပွင့်ရွှေ**၊ မဥ္ဇူပေဟု၊ မှတ်ချေ သသူ၊ လှူလည်းမြတ်လေး၊ ကောင်းချီးပေးလျက်၊ ချစ်ဘေး-မြတ်ဖျား၊ ချစ်ဘွား-မြတ်ဘိ၊ ချစ်မိ- မြတ်ခေါင်၊ ရွှေတောင်စိုးဆက်၊စဉ်မပျက်တည့်၊နန်းထက်ဘွားမြော်၊ အလှကျော်သည်၊ မယ်တော် မိမင်း၊ သခင်ရင်းကို၊ ဝပ်စင်းညွှတ်ခ၊ သည်ကကျွန်ဖြစ်၊ ပွင့်သစ်ကြာလက်၊ ခြေတော်စက်ကို၊ ရွက်ချင်လှည့်ကာ၊ မရောက်သာခဲ့၊ မြေတာကျူးထွေ၊ ဝေးဘိလေလည်း၊ နေ့ရေဆိုမြွက်၊ မြတ်လေးနက်သည်။ ။**ထိပ်ထက်နေ့တိုင်းစုံလှည့်သောဝ်။**

* ရဝေ-ကားပေါ်ရာဏာနန်း,အိမ်,တိုက်ခန်းတို့ကိုခေါ်သည်၊ ဘုရိဒတ်ဇာတ်ပေါင်းပျို့တွင် ''မြန်လတုံပေ၊အောက်မေ့ချေကာ၊ ရဝေထဲးချောင်၊ ရွှေတောင်နန်းအိမ်၊ မင်းစည်းစိမ်ကို''ဟု စပ်ဆိုသည်။



## (၁၂၆) မယ်ဘွဲ့-ရတု

၁၊ **လျှောက်ပါသည်လည်း**။ တွေလည် ခဲးအင်၊ တုံ့မတင်တည့်၊ မိခင်ဘမင်း၊ သားချင်းခွေစုံ၊ ပန်းရုံမျက်ရှု၊ရိပ်ဖြူပြုသား၊ဆင်းတုနိုတုံ၊ ရွှေသွန်းပုံသို၊ငါးစုံဆင်းမြင်၊ ဝင်းပြာစင်မှု၊ မထင်လှည့်ငြား၊ ရက်ရှည်လျားလည်း၊နှစ်ပါးစုံဖူး၊ ရေသွန်းဘူးသား၊ ကျေးဇူးထူးဘိ၊ တုမရှိဟု၊ကျမ်းသိမြတ်ဖျား၊ ဆိုသည်များနှင့်၊ မှတ်သားညီညာ၊ ကောင်းဇာတာကို။ ။**အခါညီစေချင်တော့သည်။**

၂။ **မြောက်မှာသည်လည်း**၊၊ချစ်ရည်ကောန်၊ ပျော်ဘက်မှန်ကာ၊ မြင့်ဝှန်မတ်မတ်၊ တန်ဆောင် ထွတ်သို့၊ တုလွတ်ခမျ၊လိုတိုင်းရသား၊ မြေပုံ့ရှင်၊ မဥ္ဇူပင်လျှင်၊ ခက်ရှင်လွတ်ကျ၊ငြိမ်းစေရဟု၊ဆယ်ဆသုံးပြန်၊ မြောက်မည်လွန်အောင်၊ ထူးချွန်ဆင်းအင်၊ ကြာနတ်ရှင်ကြောင့်၊ သွင်ပြင်ရိပ်ခြည်၊ လင့်လေသည်ကို၊ ကြစည်အပြစ်၊ရှင်ချစ်မွေးမိ၊ ရွှေနားချိလော့၊ ရက်ရှိကုန်ကျူး၊ လတို့ကူးခဲ့၊ တန်းခုးအတာ၊ ကြောင်းအခြာကို။ ။**ပမာသိစေ ချင်တော့သည်။**

၃။ **ရောက်ခါသည်လည်း**၊ လေပြည် ရှင်းရှင်း၊ မတင်းချုပ်ထိုင်း၊ မုန်တိုင်းဝှန်ဖြိုး၊ ပန်းအမျိုးလည်း၊ ကိုးရိုးဒီဆင်၊ ခတ်တို့ရင်၍၊ ပန်ချင်ဘွယ်သာ၊ ထက်အာကာက၊ဆီးပါမရွှမ်း၊လေချမ်းမဖြည်း၊ ဘော်နည်းသူအား၊ လွှမ်းစိမ့်သားဟု၊ ညက်တွားတင့်နေ၊ ငြိမ်းအံ့ပေသည်၊ မြူတေလျှံဝင်း၊သခင်ရင်းနှင့်၊ ရင်ချင်းမကွာ၊

စက်သောခါမှ၊ *ကုဟာကျည်းဖွင်၊ ဗိတ်လှုပ်ပုံ့ပျူး၊ အလူးလူးကို၊စုံပူးတူကွ၊လွန်ယုယ၍၊စက်ကြသော့ခါ၊ ဆောင်းတရာကို။ ။**မကွာရှိစေ ချင်တော့သည်။**

## (၁၂၇) မယ်ဘွဲ့-ရတု

၁။ **လျှောက်ပါ လျှင်းသည်၊** နွေကြွင်းကာလ၊ ဝိမှာန်ကပင်၊ပန်းလျှော်ခေါက်ပြန်၊ အဖန်ဖန်တည့်၊ ကြံစည်လွှဲးကာ၊ တရုံခါမျှ၊ မြည်းကာသံချို၊ ဆိုမည်စဉ်ထား၊ ပိုးဝါးမွှက်ဟာ၊ တို့မရခဲ့၊မချလက်ခြေ၊ ကြီးလေလေတီ၊ စဲးငွေ့ကမ်းမြေး၊ ထောင့်ကွေး ကိုင်းကျွန်း၊ မွှန်းကြီးမွှန်း၍၊ရေပန်းမြင်လုံး၊ပွင့်မျှောတုံးကာ၊တောင်ရိုးရှည်လျှက်၊ ပြင်မထွက်သည်။ ။**ကျေးငှက်သိုက်ဝယ် ပျော်ပြီသောဝ်။**

၂။ **တောက်ဝါဝင်းခြည်၊** နတ်စစ်သည်တို့၊ ကိုးမည်နှင်နှင်၊ †ဒုရင်ပြောင်ခပြောင်၊ ရန်နောင်ထူးဆန်း၊ ခါးပန်းပန်း၍၊ ဒက်သွန်းစွန်းပါ၊ ခြူးသာဆွဲးလည်၊ ရောင်ခြည်စွတ်စွတ်၊ လှည့်လည်ဝတ်မှ၊ ကိုင်မှတ်လက်သုံး၊သံကြိမ်လုံးနှင့်၊ သာဆုံးညှင်းညှင်းသီချင်း မိုးဘွဲ့၊ ဆိုင်းငွဲ့ကျွေကွင်း၊ဆွဲ့နင်းမြူးခုန်၊ပဏ္ဍုန်ကြိမ်းပဟန်ရေး

* ကုဟာ-ကား၊ ပေါရာဏ၊ ကဝါသည်-ဟုလို၊ ပေါရာဏကထာလင်္ကာသစ်တွင် ''ကုဟာတွင်မည်၊ ကဝါသည်တည့်''ဟုစပ်ဆိုသည်။

† ဒုရင်-ကား၊ ပေါရာဏ၊ အင်္ကျီ-ဟုလို၊ပေါရာဏကထာလင်္ကာသစ်တွင် ''ဖျင်နှင့်သင်တိုင်း၊ မှတ်ပိုင်းဒုရင်၊အင်္ကျီပင်တည့်''ဟုစပ်ဆိုသည်။



မြိမ့်၊ မာယရှေ့ဝယ်၊ရွှင်လေဘွယ်တည့်၊ကိုးဆယ်ရက်တွင်၊ ငုံ့ရေးမြင်ကာ၊ သခင်သော်ကား၊ ကျွန်ုပ်အားကို၊ နည်းများယူတွေ၊ ရှိမောလေ၏၊ ခွဲးဝေမသာ၊ နောင့်ဝမ်းမှာမူ၊ထောင်,ရာ,ကုဋေ၊ ရေလည်းမတတ်၊ပျောင်းတိမ်းညွှတ်သည်။ ။**နတ်လည်းကျိုးဆော့င် တော်ပြီသောဝ်။**

၃။ **ပျောက်ကွာကင်းကြည်၊**ရှုးရိပ်ခြည်မျှ၊မည်သည်စနာ၊မရှိရတည့်၊နတ်ပမရှုည့်၊လော့်၍မှည့်သား၊မြိခြည့်အစစ်၊နန်းငင်နှစ်၍၊ သွယ်ရစ်ထပ်ဆင့်၊ လွန်ကျူးတင့်သို့ရိုင်ပွင့်ကြာမုံ၊ ပြီးစုံရှုပ်သွင်၊ညှိစင်ပြာလွှတ်၊ သွယ်နွဲ့ညွှတ်လျှင်၊ ဝါကျွတ်လွှန့်သော်၊ သန်လပေါ်ကာ၊ ရိုက်ဆော်မိုးစည်၊ ပြောင်းတော့မည်ဟု၊ နှုတ်ခြည်သံမြွက်၊ မိန့်တော် နက်ကြောင့်၊ ချင့်တွက် ရေဘွယ်၊ ရက်ကိုးဆယ်ကို၊ မကျယ်လွှမ်းအင်၊ ခုသာထင်သည်။ ။**ပန်းသွင်ထိပ်ဝယ် ရော်ပြီသောဝ်။**

## (၁၂၈) မယ်ဘွဲ့-ရတု

၁။ **သနားလေလေ၊** အောက်မေ့ချေသော်၊ မြီးနေခြင်းရော၊ ဓမ္မတာဟု၊ ကြမ္မာယုံတွေ၊ တရားဖြေလည်း၊ မပြေလည်ဘူး၊ ပုံ့ပုံ့ပျူးမျှ၊ရှုမူးရိပ်မြုံ၊ဆင်းမြင့်နှင့်၊ တူစုံနွဲ့၍၊ စက်ကြလေ့ကို၊ မမေ့လှည့်တတ်၊ တဆွတ်ဆွတ်လျှင်၊ တိမ်းညွှတ်မတည်၊ လွှမ်းရသည်မှ၊ မြစ်ခြည်လွတ်ဝေး၊ထွန်းလျှံပြေးသည်။ ။**ရှင်ထွေးညှိမြ ပေသော့ကြောင့်။**

၂။ **တရားမြေမြေ၊** ချုပ်ထိန်းနေလည်း၊ မြေမည်ကားနည်း၊ လွမ်းသာပည်းစွ၊ တိုင်တည်းကျင့်မူ၊ ငယ်သူဝီပီ၊ ယှဉ်မှီနွဲ့လျက်၊ ရင်ခွင်ထက်ဝယ်၊ လျှောင်းစက်လည်း၍၊ တစေ့စေ့လျှင်၊ ပျော်မွေ့ချင်စွ၊ နောင့်မွေ့းတကို၊ ရှုတရိပ်မြုံ၊သက်လုံးပုံ၍၊ နှောင်တုံမယ်မှာ၊ မြီးသစ္စာနှင့်၊ တရာသက်ရှည်၊ တူပျော်မည်ဟု၊ ဆောက်တည်ချိန်ညို၊ သဘောရှိသည်။ **၊ဂတိဆိုကြ ပေသော ကြောင့်**

၃။ **အမျှားထွေထွေ၊** ကြိုရှာချေသော်၊ သွယ်ခွေနက်မည်း၊ စဉ်စတည်းက၊ ခေါက်နည်း ခေါက်တင်၊ သာရှင်တို့ဝပ်၊ ချစ်ကြောင်းစပ်လည်း၊ တိမ်းမပ်မွဲ့ပါ၊ ပန်ထွာသနား၊ လျှောက်သည်များနှင့်၊ နှစ်ပါးထပ်ရစ်၊ ကြင်သည့်ဖြစ်ကို၊စိစစ်လေလေ၊အတွေ့တွေ့လျှင်၊ သုတ်လေငြိမ့်လွန်၊ဘယ်နတ်ဘန်၍၊ ပြန်လေသနည်း၊ ပြန့်မြန့်ဖြည်းမျှ၊ အသည်းရင်တွင်း၊ ငြိမ့်မြဲခြင်းသည်။ **လေညှင်းချိုလှ ပေသောကြောင့်။**

---

## (၁၂၉) မယ်ဘွဲ့-ရတု

၁။ **ပယင်းရောင်ရည်၊** ထွန်းလင်းကြည်သား၊ မြစ်ခြည်ဆံရွက်၊ မြူမစက်တည့်၊ ပြာညက်သွယ်ညွတ်၊ဦးရှဲ့ညွတ်သို့၊ ဆယ်မြွတ်ဖူးချော၊ ငယ်သဘောနှင့်၊ လုံးချောကေသျှင်၊နှစ်တွင်မီစ၊ ရွက်ချပ်မြနှင့်၊ ဆည်းညချိန်ခါ၊ ရှင်တော်ရာဝယ်၊ သဒ္ဒါစင်လျှင်းစံသင့်ကျင်းသည်။ ။ **တင်ခင်းဆိုဘွယ် မဲ့တကား။**



၂။ **သလင်းထောင်ခြည်**၊ဝတ်ခဲ့သည်မူ၊ ကျည်းမြည်ရပ်ဆန်း၊ ဝေးရပ်ကျွန်းက၊ ပုံ့မှန်းကြွင်စွာ၊ ထိုလျက်ပါသည်၊ မာလာနံ့ချည်း၊ တန့်တည်းကို၊ သိပ်သည်းလေပင်၊ စံပယ်တင်မှ၊ မထင်ဘက်မဲ့၊ ပြာချောနွဲ့ကို၊ နှိုင်းရှဲ့မရှိ၊ နောင့်မျက်စိဝယ်၊ မသိကျိုးမြစ်၊ ကြင်သည့်ဖြစ်ကို၊ သစ်သစ်နားတွင်၊ လျှောက်လိုက်ချင်စွ၊ မထင်ပြိုင်ခင်းနှိုင်းရာကင်းသည်။ **၊မြင်ဆင်းညှိုသွယ်နွဲ့တကား။**
(ဤနှစ်ပိုဒ်ကား နဝဒေးဆိုအဖြည့်ခံဖြစ်သည်။)

၃။ **အဆင်းခေါင်တည်၊** လှမောရည်မူ၊ ကျွန်းလုံးသူလည်း၊ မပြုလှာစုံ၊ ပြာချောဖုံကို၊ မတုံကြည့်ဟန်၊ မျက်စိကြန်မျှ၊ စိတ်သန်ဆုရော်၊မြတ်ရှင်တော်ဝယ်၊သုံးဘော်ရွှယ်နု၊ ခေါ်သာရဖြင့်၊ တစုလာရော၊ အာရုံသာတည့်၊မြင်ကာတော်မိ၊ လှခေါင်ထိကို၊ မျက်စိမဆုံး၊ တသက်လုံးလျှင်၊ ချစ်ထုံးမခပြုကြည့်ချင်လေစွ၊ဖြစ်တွေ တင်ခင်းမရှိလျှင်းသည်။ **၊သွင်ဝင်းပျိုရွယ်လှဲ့တကား။**
(ဤပိုဒ်မှာ ပယ်သူငယ်စားရှင်မြတ်ခေါင်က ဖြည့်သည်)

---

## (၁၃၀) မယ်ဘွဲ့-ရတု

၁။ **မမျှသောင်းထောင်၊** နန်းညာ ဆောင်ဝယ်၊ အခေါင်စံထားနတ်မင်းသားလျှင်၊ နှောင်းဘွား ကြင်ဘော်၊ မြောက်သားတော်ကြောင့်၊ မူးမော်သပြတ်၊ ဖိုမှလွှတ်သို့၊ မချွတ်ကောန်၊ နောင့်မှာဟန်ကား၊ ဖြည်းသွန်လေညှင်း၊ စိမ့်စိမ့်ချင်းက၊ အင်ကြင်းဝါနွယ်၊ အလှယ်လှယ်ကိုစံပယ်ပျော်ပါး၊ ရွှေဝယ်ထား၍ဦးနှားထိပ်ပြင်ပန်ဆင်မတတ်၊လေးမြတ်ယုယပေးချင်လှ၏၊

ဆယ်ဆရွှေထက်၊ ပြစ်မစက်သည်။ ။တူဘက် လွတ်လော ကြာနတ်လော။

၂။ **မလှတောင်းအောင်၊** ခန်းသာ ချောင်ဝယ်၊ မြို့မှာင်ဆန်သန်း၊ခြည်မစွမ်းတည့်၊လဝန်းတန်ဆောင်၊ နေမပြောင်လည်း၊ ကိုယ်ရောင်စံတည်၊ ထွန်းတော့သည်ဟု၊ မွှေးကြည်ပုံ့ရှား၊ ကျွန်ုပ်နားဝယ်၊ စကားကိုသာ၊ မူးမော်ရှာမျှ၊ ကြာကာတွေးတော၊ သိချင်မောချို့၊ သဘောဆက်ဆက်၊မေးလျှောက်ခြွက်သည်။ ။ **မြူညက်ထွတ်လော ပြာထတ်လော။**

(ဤနှစ်ပိုဒ်ကား-နဝဒေးဆို အဖြည့်ခံဖြစ်သည်)

၃။ **ပရကြောင်းဆောင်၊** ပန်းရှာ အောင်တည့်၊ နောင်မူကြွေ၊ သည်းချာဝေမျှ၊ မြောက်သေနံ့စွန်း၊ သရကွန်မွှေး၊ လေသွေးပုံ့ကြူ၊ မဠူနံ့ရှင်း၊ ဖြူးလေသွင်းက၊ အင်ကြင်းသန္တေ၊ သံသေဒဇ၊ ဂဠုလည်းဟူ၊ ကြာသူဝေဠု၊ လူဟုဆိုရေး၊ ဝေးကြီးဝေးခဲ့၊ မသွေးရောဂီ၊ ဠုရန္တီနတ်၊ ဥပပတ်လျှင်၊ ဟုတ်မောထင်၏။ စုံအင်လိုက်ဘက်၊ ချစ်ဘို့သက်သည်။ ။**ကြူရှက်ဆွတ်လော ညာပတ်လော။**

(ဤတတိယပိုဒ်မှာ ရခိုင်ဥက္ကာပျံက ဖြည့်သည်။)

---

## (၁၃၀) မယ်ဘွဲ့-ရတု

၁။ **ညွတ်သွယ်မြင့်ရှို့၊** မိုးနှင့်ထိနီး၊ ပြောင်ပြောင်ညီးမျှ၊ ရွှေထီးကိုးမည်၊ မျက်စုံချီလျက်၊ ပတ်လည်ရံပေါင်း၊ သိန်း,သောင်း-နေလ၊ တူပြိုင်ပသို၊မြတ်လှ



အံ့ခွေ၊ ရှင်တော်,မွေကို၊ ညောင်ရေနံ့သာ၊ ရွှေ*မြူတာနှင့်၊ သဒ္ဒါကြည်ဖြူ၊ သွန်းတော်မူခဲ့၊ ဗိုလ်လူအနှံ့၊ မြင်တိုင်းအံ့သား၊ ပျိုဖွံ့ကျစ်လျစ်၊ ဘုန်းတက်သစ်နှင့်၊ ဆယ်နှစ်ရွယ်သက်၊ ပြာချောညက်သည်။ ။**သူ့ထက်လှ သခင်လှည့်သောဝ်။**

၂။ **နတ်နှယ်တင့်ရှို့၊** ဒွန်းသင့်မထင်၊ ပြည့်ရက်တွင်နှိုက်၊ သခင်ကိုပ၊ မမြင်ရတည့်၊ အလှထွတ်တင်၊ သည်လျှင်တယောက်၊စံဖြစ်လောက်သား၊ လက်ကောက်လျှံဖြိုး၊ဝါးကြိုးအာနီ၊ မျက်စီရည်ရှင်၊ ရွှေရင်သိမ်းသစ်၊ မြနှစ်အရောင်၊ စည်းကြက် တောင်နှင့်၊ ရွှေဘောင်မျှားလယ်၊တင့်စံပယ်လျက်၊ဘုန်းကြွယ်နတ်တူ၊ မျိုးငယ်သူကို၊ ဇမ္ဗူ သောင်းချက်၊ ပြိုင်မည် ခက်သည်။ ။ **တုဘက်ရ မထင်လှည့်သောဝ်။**

၃။ **မှတ်ရွယ်လင့်ရှို့၊** သက်နှစ်ဆယ်ပြန်၊ ခန့်ထိုက်တန်သား၊ တသွန်မွမ်းဖြိုင်၊ ဘော်ရွှေတွင်နှိုက်၊ မိုးပြိုင်လှည့်ဝန်း၊ သော်တာထွန်းသို့၊မော်ကွန်းစံတည်၊မြန့်ရပ်ပြည်ဝယ်၊ပြိုင်မည်မရှိ၊ လှခေါင်ထိသား၊ မွှေးမိရှင်ချစ်၊ သခင်စစ်ကို၊ ကျွန်ဖြစ်မှတ်ထွေ၊ ပျော်ပေါ် လေရှို့၊ ညောင်ရေ သွန်းကြိုက်၊ မြင်မိ လိုက်သော်၊ မှတ်ပိုက်

---

* မြူတာကား ပေါ်ရာဏ၊ အိုးငယ်- ဟုလို၊ ဗုဒ္ဓဂယာ-မဟာဗောဓိကျောက်စာသံပိုင်းတွင် "ကိုင်းမညောင့်ရွှေ၊ ဗုဒ္ဓမဟာကို၊ ရွှေငွေပတ္တမြား၊ သုံးပါးချယ်နစ်၊ ပြောင်ပြောင် ရစ်သား၊ အိုးပုစ်မြူတာ၊ ရတနာတန်ဆောင်၊ ပန်းတောင် ပေါက်ပေါက်" ဟုတွင်းသင်းဝန်-မဟာစည်သူ စပ်ဆိုရေးထိုးသည်၊

ရည်စောင်၊သနားအောင်ဟု၊လက်ဆောင်နော့င်သက်၊ နှင်းလိုက်ဆက်သည်။ ။ရှုလျက်ခ စချင်လှည့်သော်။

## (၁၃၂) မယ်အွဲ-ရတု

၁။ လူမစိုက်တည့်၊ အကိုက် မြဲနည်း၊ ပေါ်က တည်းကာ၊တင့်ရည်းမှတ်ရည်၊ပန်စိမ့်သည်ဟု၊ မည်သည် ကာလ၊မဆိုရတည့်၊ နို့စွမကွေ၊ ထံပါးနေ၍၊ ယုံတွေ ကြည်စွာ၊ နတ်တို့သာလျှင်၊ နန္ဒာကန်မှ၊ ယူဆောင် သလျက်၊ နေ့ လကိုလည်း၊ ကြည့်စောင့်စည်းဟု၊ သိပ်သည်းစေလို၊ မှာပန် ဆိုလျက်၊ မြစ်ကို ရင်းတည်၊ သွန်းလှာသည်လည်း။ ။ရေကြည်မြ။

၂။ သူမထိုက်တည့်၊ ထက်နှိုက် ခေါင်ဖျား၊ နတ် သကြားလျှင်၊ လေးပါးသက်ဝေ၊ ပန်စိမ့်တွေဟု၊ ထုံရေ သွန်းလျက်၊ မပျက်ရက်ဖြင့်၊ ဝင်ထွက်ဆီးသ၊ ဆောင်းဦး ကသည်၊ ရှုကွဲဂိုဝ်းမှတ်၊ လွတ်ကြီးလွတ်၍၊ ဘုံထွတ်ဒီ သာ၊ ထက်အာကာက၊ မကြာလှလှ၊ ပွင့်အုံ့ရှုလည်း၊ ရတုဂိမှာန်၊ ချိန်မတန်သော်၊ ဆံစွန်မုန်ညင်း၊ မငုံကင်း တည့်၊ ဝင်းဝင်းလျှံတောက်၊ အခါရောက်က၊ ပိတောက် ရွှေရည်၊ ပွင့်ဘိသည်လည်း။ ။နွေလည်မှ။

၃။ လူမကြိုက်တည့်၊ ရှေးနှိုက်ဆိုလှာ၊ ဘုန်းကြမ္မာ ကြောင့်၊ နောင့်သာရှုမူး၊ ကြင်ချေဦးရှင့်၊ ပုံ့ပျူးရှိသော၊ လျှောက်ဝံ့တွေမှု၊ သုံးနွေသုံးဆောင်း၊သုံးမိုးပြောင်းမျှ၊ ဖြားခယောင်းသံချို၊ ဂတိဆိုလည်း၊ ပြာညိုဝင်းလဲ့၊ ငယ် လွှန်းခဲ့၍၊ ပြို့ပြို့ကျိုးအင်၊ မထင်လျှင်တည့်၊ သို့ပင်မ နေ၊ လက်ခြေမချ၊လျှောက်ပန်ရမူ၊ သံမြတွေငေါ်၊ ကျွန့်



ဖြစ်သော်ကား၊ မယ်တော်ဘမင်း၊ သားအချင်းဟု၊ ပျို ညွှင်းသာလည်၊မြွက်ပေသည်လည်း။ ။ဆွေရည်စွ။

## (၁၃၃) မယ်အွဲ-ရတု (အာသာဝတီစတ်ဆံချ)

၁။ တရာ့တဆူ၊ သောက်ကာတူ၍၊ဇမ္ဗူတတိုက်၊ စက်အောက်ဆိုက်သည်၊ပြိုင်ထိုက်မဲ့လျှင်း၊ စကြာမင်း ၏၊ သည်းတွင်းရင်နှစ်၊မိကြင်ချစ်မူ၊ ကျစ်လျစ်ငြိမ့်ခြေ၊ နန်းရိပ်နေလျက်၊ စင်တွေသီလ၊ ဓမ္မမကွာ၊သရဏာကို၊ လည်မှာ*စုလျား။ တရားစောင့်မှတ်၊ ရွှေမျှားနတ်နှင့်၊ ရစ်ပတ်တူစုံ၊ ပျော်ဘိတုံသည်။ ။အာရုံကသိုဏ်း သက်နိုင်းမှတ်ဘိ လေသောကြောင့်။

၂။ တမျှအယူ၊ သဘောတူ၍၊ စိတ်ဖြူကြည်လင်၊ အထွတ်တင်သား၊ အရှင်ဆက်ဆက်၊ ခန့်သည့်ရက်က၊ တင်ထက်ရင်ခွင်၊ လည်တွင်နေကြ၊ ဆွဲးသည်ကလျှင်၊ ဆံမျှမညောင်း၊ မပြောင်းစဘူး၊စုံပူးတည်၊ မပျော်မီက၊ ထက်ဆီထိပ်ဖျား၊ မိုးနတ်သားကို၊ ဖန်များကျွန်ုပ်၊ နေပါချုပ်ရှင့်၊ မှိုင်းအုပ်ဆော်လှော်၊ ယခုသော်ကား၊ ဒေဝေါ်အာကာ၊ ရှာသည်ကိုထား၊ သကြားမာဃ၊ ရေစိုင်ချလည်း၊ ဆံမျှမိုးသမ်း၊ မတမ်းမဲ့လျှင်း၊ ချမ်း

* စုလျားကား - ပေါ်ရောဏ၊ ပုဆိုးဖြူ-ဟုလို၊ ဘုရိ ဒတ်ဇာတ်ပေါင်းပျို့တွင်''ကဗ္ဗရကွာ၊ ပဒေသာမှ၊ လွယ်ကာဆွတ်ချ၊ ပါဝါရဟု၊ ဆူဆူဖြူထွား၊ဝတ်စုံ လျားလည်း၊ ထူးခြားသနစ်၊ မြော်တွေးသစ်သော်၊ စင်စစ်သဘော၊ စလ်လောဟု၊ တွေးတောမှား အောင်၊ ဝင်းဝင်းပြောင်လျက်၊ ဖြူဖွေးဖွေး လျှပ်လျှပ်ပြေး၏''ဟု စပ်ဆိုသည်။

မျိုးကင်းသည်။ ။ယှဉ်ခြင်း ကျမ်းဝင် သခင်နွဲ့ရှက် ခွေသောကြောင့်။

၃။ အပမသူ့၊ လှမျိုးဟူက၊ ပြိုင်တူမဲ့လျှင်း၊ ကျွန်းလုံးမင်းကို၊ ယှဉ်ခြင်းစုံဘက်၊ မေတ္တာရှက်၍၊ ရေစက်ချသော်၊ ကံဆော်ဘန်ဆင်း၊ လှမျှားမင်းနှင့်ခန်းတွင်းရိပ်ကျယ်၊ဘုံသာလယ်နှိုက်၊ ရွှေသွယ်သက်ထင်၊ တူနွဲ့ငင်၍၊လက်တင်အုံးတား၊ တမြုံခြားလျက်၊ လေးပါးတောင်ပြိုင်၊ခြွေသော့ဆိုင်လည်း၊ ဘဏ္ဍိုင်ခြေဆင့်၊ မွေ့ရာမြင့်ထက်၊ ပျော်ခွင့်စုံမက်၊ ရိပ်မြုံစက်သော်၊ မိုးသက်နှင့်ဆောင်း၊ချမ်းမျိုးပေါင်းလည်း၊ မလောင်းရွှေဆည်၊လုံလှသည်ကြောင့်၊ မှတ်ရည်မချွတ်၊ ပန္နက်နုတ်ကို၊ ဖျန်းဆွတ် တုံပေ၊ သည်းလှစေဟု၊ ဘိုဝေ ပည်းစွ၊ ရှာသွန်းချသည်။ ။ဝတ်စပြေဝင် ရွှေရင်လွှမ်းလျက် နေသောကြောင့်။

(၁၃၄) မယ်ဘွဲ့-ရတု

၁။ သက်ထက်သော်လည်း၊ ရာကျော်ထောင်နေ၊ မျှလွန်လေ၏၊ တွက်ရေမစစ်၊ လွန်၍ချစ်သည်၊ ထုံးသစ်ရွက်ညို့၊ဖြူးမြိတ်စို့လည်း၊နားသို့တိုင်ရောက်၊မညွတ်လောက်တည့်၊ လျှံတောက်ပတ်လည်၊ ပယင်းရည်နှင့်၊ မြရည်တကွ၊ရောရှုမျှ-မှ၊ ပုံချ*တုကျွန်း၊ နိုတုံသွန်းသို့၊ မစွန်းနှောင့်ရှက်၊ သံတရွက်မျှ၊ မစက်ပြစ်ခြည်၊ ရိပ်မရည်သည်။ ။စင်ကြည်မှတ်ညက် ပြေတော့သည်။

* တုကျွန်းကား-ပေါ်ရာဏ၊ အတုမရှိ-ဟုလို၊ ပေါ်ရာဏကထာ လက်ာသစ်တွင် "မြတည်းချောင်မှာ၊ အိမ်ရာတိုက်ခန်း၊တုကျွန်းတုမဲ့" ဟု စပ်ဆိုသည်။



၂။ ဆက်ဆက်သော်လည်း၊မှတ်ရော်ယူဆ၊ သို့ပေပဟု၊ထိပ်စကုံးမြွောင်၊ ဆင်လောက်အောင်လျှင်၊ ဆင်းရောင်ရွှေထို့၊ မိန့်မတုံ့တည့်၊ မှိုင်းအုံ့လ-နေ၊တိမ်သို့ဝေမျှ၊ ကြုံချေကြုံကာ၊ ကြုံရှာမမွေ့၊ တစွေ့စွေ့လျှင်၊ နွေ့လည်းနေ့စဉ်၊ ညဉ့်လည်းရုံဖန်၊ ရက်မချန်တည့်၊ တည့်မှန်အုံ့အောင်၊ တမ်းဆိုယောင်စွ၊ သန့်ခေါင်သန့်လျှမ်း၊ အလွမ်းမပြေ၊ ခဲးတွေခဲးမိကြင်မိသည့်ပြစ်၊ ဖြစ်တိုသလော၊ တေးတောမဲ့ဆုံး၊ ငြိးနှောင်ထုံးသည်။ ။ချစ်ကုံးပတ်ရှက် ခွေတော့သည်။

၃။ မျက်ထွက်သော်လည်း၊ ကျွန်တော် ရင်းစစ်၊ ဆက်တိုင်းဖြစ်၍၊ အချစ်ဆယ်ဆ၊ ကြီးသည်ပလျှင်၊ ယွင်းခွန်းညို့၊ ဘယ်မှာတုံ့လိမ့်၊ လှိုင်ပျံမွှေးကြူ၊ နန္ဒမူဝယ်၊ မွေ့ညွှယ်ခက်၊ ပွင့်သစ်စက်သို့၊ ထိပ်ထက်လည်ဝယ်၊ အလှယ်လှယ်လျှင်၊ စံပယ်မဉောင်း၊ ဆင်ပေကောင်းစွ၊ဖြားယောင်းဘောက်ပြန်၊ စေယုံကျွန်လည်း၊ ဆယ်ဖန်ဆယ်ထပ်၊ နှံ့ကာစပ်မျှ၊ တပ်တပ်မိန့်တွေ၊ မကြားလေလည်း၊ ရှိသေသို့ပင်၊ လှထွတ်တင်ကို။ ။အရှင်မှတ်လျက် နေတော့သည်။

(၁၃၅) မယ်ဘွဲ့-ရတု

၁။ ကြံမာညွှန်၍၊ ရှေးလွန် သံသာ၊ ဝါသနာကြောင့်၊မေတ္တာရစ်စည်း၊ တကိုယ်တည်းသို့၊ ဖြူ,မည်း,ယုဘ်,မြတ်၊မမှတ်လေသင့်၊နိမ့်,မြင့်-မထောက်၊အကျိုးရောက်က၊ ဖြစ်,ပျောက်လေကာ၊ သို့ပမာကို၊ ဘွယ်ရာကိစ္စ၊ဟူသမျှလည်း၊စပ်ကာမနည်း၊ ရသည်ချည်းတည့်၊

ဖြင်ပည်းရောရှု၊ ရာထောင်စုဝယ်၊ တစ်ဟုခေါ်လောက်၊ ရွေး၍ကောက်လည်း၊ သူ့အောက်မလျော့၊ ကောင်းတော့မည်သာ၊ ကြေညာကျော်ထင်၊ အရှင်ကောင်းကျွန်၊ လက်ရုံးအန်နှင့်၊ တမ်းခွန်စံတည်၊ စဉ်ရှည်သည်လည်း၊ အရည်သိက၊ ရွယ်တိုင်းကျ၏၊ နှမငယ်**အား**၊ သနားခြင်းရော၊ ကြံစာနာ၍၊ **၊မေတ္တာတောင်နွယ် လုံးတော့သည်။**

၂။ **ကံသာဘန်၍**၊ဆင်းကျွန်ပျို့မျစ်၊ ဒိမ်သူစစ်ကို၊ အချစ်ကဲးဆင့်၊ မေတ္တာမြှင့်လျက်၊ နို့မွှမြင့်မဖြစ်၊ကြိုးမိလစ်က၊ မပစ်ခေါ်ရက်၊ စုံမက်ချစ်ဖြိုး၊ နှမြောနိုး၍၊ စိုးတုံ့တွိုကို၊ ကွယ်သိုမျက်မြင်၊ ပြစ်တင်-သူ့အား၊ ဖြင်ချည်းထားမှ၊ မြောက်မြွားကိုယ်ရည်၊ လက်ရုံးသည်မှု၊ ကျော်မည်ကိုသာ၊ ယွင်းရာမရှိ၊ စွဲးသတိနှင့်၊ မွေးမိမယ့်ကို၊ တူပျော်လို၍။ **၊မြဲးဆိုသစ္စာ သုံးတော့သည်။**

၃။ **စံရာရန်၍**၊ ကောင်းဟန် တွေးတွေး၊ ဖြင်လေလေတည့်၊ ခြေကသည်မြင်း၊ သံလျှင်းထမ်းစင်၊ ဆင်ကားပေါင်းချက်၊ ရွေက-ထက်ဝယ်၊ ဘယက်ရွှေသွယ်၊ စလွယ်သင်းကျစ်၊ စီဆင်ရစ်၍၊ ပေါင်းသစ်ညွန့်ရှည်၊ မတ်ကြီးမည်နှင့်၊ အရည်အလျောက်၊ကောင်းဘိုးရောက်က၊ လျှံတောက်တတ်တုန်း၊ ယောကျ်ား ဘုန်းကား၊ မဆုန်းဆနိုင်၊ အခေါင်တိုင်ဟု၊ မြဲးခိုင်သစ္စာ၊ အဓိဋ္ဌာကြောင့်၊ ချမ်းသာစံတည်၊ နောင့်ကြင်သည်မှု၊ မျိုးမည်မစ၊မေတ္တာရစ်၍၊ **၊အချစ်ပန်းနွယ် ကုံးတော့သည်။**

---



(၁၃၆) မယ်ဘွဲ့-ရတု

၁။ **ထုံရည်ဆွတ်၍**၊ အမြွတ်တနိုး၊နှင်းရည်ဒိုးနှင့်၊ ဖိုက်ပျိုးသကြား၊ ပန်ဘိုထားသည်၊ မြလားပင်ရှည်၊ ဥယျာဉ်သည်ဝယ်၊ ငွေရည်ဖျန်းဆွတ်၊ ရစ်သန်းပတ်သို့၊ ဆံဝတ်ရွှေခလှော်၊ ငွေမှခပါသာ။ ကုံးကော်ပန်းမွှန်၊ ရွက်နုလှန်သည်။ **၊လေသွန်သင့်လှည့် တုံသည်လော။**

၂။ မြွတ်မြွတ်နိုးနိုး၊ရှုကျွဗိုဝိုးတို့၊ ဖိုက်ပျိုးနှင်းရည်၊ သီတာကြည်နှင့်၊ပင်စည်မခန်း၊ နွေတိုင်းသွန်း၍၊ စိမ်းလန်းဆိုင်းဆိုင်း၊ မြစ်ရင်းခိုင်းသား၊*စစ်ကိုင်းဟူသည်၊ **ရွှေပြည်တောင်ပါး၊** စကြိုနားဝယ်၊ ကြိုင်ရှားနွံ့ကျော်၊ တုမမြော်သည်၊ကုံးကော်ပွင့်လှိုင်၊မိုးဖျားတိုင်မျှ၊ဆွတ်နိုင်

* **မှတ်ချက်။** ။သဲယာခေတယွန်းမင်းတည်ရင်း စစ်ကိုင်းမြို့ကား– ယခု စစ်ကိုင်းမြို့၏ မြောက်တတိုင်ကွာ ရေဝတီမြစ်၏အနောက် စကြိုချောင်း၏မြောက် ရတနာစေတီ ဆင်မျှားရှင် ဘုရား၏ အရှေ့ ရွှေဥမင်တောင်အတွင်း ခဲးတောင်၏ အနီးရှိ မြို့ရာသာဖြစ်သည်၊ ယခု တည်လျက်ရှိသော စစ်ကိုင်းမြို့ကား– သက္ကရာဇ် ၁၁၂၂-ခု နှစ်တွင် **နန်း**တက်တော်မူသောကန်တွန်းစည်းခုံစေတီတော် ဒါယကာ- မင်းတရားကြီး လက်ထက်တွင်မှ တည်ထောင်သောမြို့ဟုမှတ်ရမည်၊ ထိုအကြောင်းကို ဤ ‘‘ထုံရည်ဆွတ်၍,, ချီ-မယ်ဘွဲ့ရတု၊ သခင်ကြီးအေးချင်း၊ရတနာဗိမာန် ကျောင်းတော် ကျောက်စာ, သုဘာရာဇ်ကျောင်းကျောက်စာ, စိုးမင်းကိုယ်တော်ကြီးကျောင်းကျောက်စာ,မင်းရဲကျောင်းကျောက်စာတို့ကထွက်ဆိုသည်။

မထင်၊ ရွှေညက်ဆင်သည်။ ။**ပန်းပင် မြင့်လှည့် တုံသည်လော**။

၃။ **အဆင်းရွှေလှော်**၊ တုမပြော်သား၊ ကံ့ကော်သာနိုး၊ မဥ္ဇူမျိုးလျှင်၊ ထက်ခိုးထိပ်စွန်း၊ မြင့်ဖြူးသွန်းက၊ မြတ်လွန်းမျိုးမည်၊ ရှင့်ရုပ်ရည်ကုံ၊ ကျွန်းစည်သပြေ၊ နှံ့အောင်မွှေလည်း၊ ရှာဘွေမရ၊ လုံ့လအားကြီး၊ နွေတိုင်းတိုးလျက်၊ ထံပိုးဆယ်ပြန်၊ အဖန်ဖန်လျှင်၊ လွန်တုံရက်ရှည်၊ နှစ်ကျူးသည်လည်း၊ စိတ်ကြည်ပြစ်စင်၊ ကျွမ်းမဝင်တည့်၊ ရုပ်သွင်ဝင်းထွတ်၊ ချောညီမွတ်လျှင်၊ နွတ်လွတ်သံမြွက်၊ မိန့်သည့်ခက်ခဲ၊ ပြာညက်ရွယ်မျစ်၊ နှောင့်ဆွေစစ်သည်။ ။**အချစ်ဖင့်လှည့် တုံသည်လော**။

(၁၃၇) မယ်ဘွဲ့ရတု

၁။ **လှဘက်ရှင်း၍**၊ အဆင်းငါးအင်၊ မည်လျက်ပင်တည့်၊ ပြစ်တင်ရှောင်ကျွန်း၊ ဖြူဝင်းရွှန်းမှု၊ ငယ်လွန်းခဲ့ဘိ၊ မျက်စိဖြင့်သာ၊ ဆင်းကလျာကို၊ နှောင်သာချစ်လွန်၊ ရည်စောင်သန်လျက်၊ ယမန်နောက်လည်း၊ ဆယ်နှစ်တည်းက၊ လင့်ရည်းတုံသော်၊ သုံးနှစ်ကျော်ခဲ့၊ ကြင်ဘော်ဆွေနည်း၊ မြဲခံစည်းသည်။ ။**စလည်း ဆင်သစ်သာတကား**။

၂။ **ပထွက်ဝင်း၍**၊ အဆင်းကိုယ်ရောင်၊ တပြောင်ပြောင်တည့်၊ မျက်တောင်ကော့သေး၊ စုတ်ဖြင့်ရေးသို့၊ ငယ်သွေးပျိုမျစ်၊ ဆဲ့သုံးနှစ်လျှင်၊ ကျစ်လျစ်သားရေ၊ ဦးသစ်ရွှေသို့၊ နှိုင်းချေစရာ၊ ဥပမာကား၊ မည်သာတွင်ညီ၊ ကလျာဏီနှင့်၊ တူပြီအခင်း၊ နှိုင်းမယှဉ်းတည့်၊ ဘမင်း



မယ်တော်၊ စိုက်ခေါ်သနား၊ ထံတော်ပါးဝယ်၊ မှုထားသိပ်သည်း၊ ဝင်းညက်ပည်းသည်။ ။**ရထည်းရင်ရစ်ခါတကား**။

၃။ **မြသက်နှင်း၍**၊ ချစ်တင်းဆိုကာ၊ ဝင်းညက်ပြာကို၊ မကြာစတောင်း၊ အရှည်ချောင်း၍၊ ရက်ပေါင်းမာသ၊ သူရိယနှင့်၊ မိဿစက်တွင်း၊ နင်းလတုံ့တုံ၊ အင်စုံထွန်းညီး၊ နှောင့်ဇနီးမူ၊ မကြီးခြင်းရော၊ ငယ်ရုပ်ဝါနှင့်၊ မြင်လျှာလျှပါး၊ ဝင်းညက်ထွားကို၊ သနားချေမိ၊ ချစ်ခြင်းရှိ၍၊ မုနိထွတ်ထား၊ ဘုရားတကာ၊ ဓမ္မတာဟု၊ သဒ္ဒါသဖြင့်၊ သခင့်ညီတော်၊ ပွင့်လသော်တည့်၊ ထံတော်ဘိကျူး၊ ပေါ်ကျူး၍၊ တပူးတည်းပင်၊ ဆွေသခင်နှင့်၊ လက်ငင်ကြပ်တည်း၊ ကျွတ်ဆုရည်းသည်။ ။**မတည်းရှင်ချစ် မှာတကား**။

(၁၃၈) မယ်ဘွဲ့ရတု

၁။ **ဂီဝါရွှေစင်**၊ ဆယ်မီးတင်မှ၊ ပီပြင်တင့်ကြောင်း၊ ပုံဖရောင်းဖြင့်၊ ရည်ပျောင်းစံနစ်၊ ဦး၍ဖြစ်သို့၊ ကျစ်လျစ်နုနယ်၊ ကြင်မောဘွယ်လျှင်၊ သက်ဆယ်နှစ်စွန်း၊ ဝင်းထွန်းသရေ၊ ပြစ်ကွေလွတ်စင်၊ စုံငါးအင်နှင့်၊ ကြာတွင်စွဲးခနဲ၊ ကြာသန္ဓေမြတ်၊ ကြာနန်းနတ်သို့၊ ကြာဝတ်ဆံနွေး၊ ပျံ့ပျံ့မွှေးမျှ၊ ငြိမ့်လေးတည်ကြည်၊ မြတ်မျိုးမည်နှင့်၊ လှရည်ပြိုင်ဝေး၊ နှောင်းဆုံးမွေးကို၊ မနွေးကြာတင်၊ ရက်ဖြင့်မကျူး၊ ထွန်းမြူးရောင်ဝါ၊ ကြွတ္တိကာနှင့်၊ သော်တာပြောင်ရွှန်း၊ ဆောင်းဦးစွန်းဝယ်၊ ထုံမွှန်းကြိုင်ဒေး၊ **မလေးပန်းသတ်**၊ နံ့မြတ်ပျံ့ကြွယ်၊ လဲလှယ်သီရိုး၊ မွှေရာအုံးထက်၊ သက်ဆုံးမှိကာ၊ မေတ္တာရွှေချည်၊ ရစ်လည်ပတ်ရှက်၊ စုံခန့်တွက်သည်။ ။**ဆောင်းရက်ဝါလွန် ရာသီသော်**။

၂။ **စိမ့်မြွာထွေလျှင်၊** စံနေလွှတ်ကျွန်း၊ ဝင်းထွန်းလျှံလည်၊ ကိုးမည့်မျက်ရှင်၊ ကိုးလုံးဆင်သို့၊ သိမြှင်ရေးရာ၊ ဘာသာသတ္တတာ၊ တရာ့ဘာပါး၊ စကားတတ်ပွန်၊ *တမန်တို့တွင်၊ ရှစ်အင်စုံနေ၊ ခြောက်ထွေ အင်္ဂါ၊ လေးဖြာသတ္တိ၊ တုမရှိသား၊ နှံ့သိကျော်သည်၊ ကျေးမြှ ရည်ကို၊ စေမည်ကြီးအင်၊ ကြံစည်တွင်နိုက်၊ ထက်ခွင် အာကာ၊ ယုဂန်ချာက၊ စကြာလှည့်သွား၊ လ-ရထားနှင့်၊ နဂါးနိုး၍၊ ရာသီတွေသော်၊ တိမ်ငွေ့ရစ်ဆိုင်၊ တမြိုင် မြိုင်လျှင်၊ ရေမိုင်သွန်းလောင်း၊ ထိန့်ရိုက်ခြောင်းမျှ၊ ဆည်မြောင်း ကုန်းဂွမ်း၊ ပြည့်မွမ်းရေပြင်၊ မြစ်ခွင် လင်းထိပ်၊ မျောသိပ်ရေပန်း၊ ပျံ့မွှန်းကြိုင်စွာ၊ ရင်းမာ ပွင့်လှိုင်၊ ရိပ်မြိုင်သာမော၊ တောလည်းစိမ်းလဲ့၊ နတ်အိပ် ခဲ့သော်၊ ချဲ့ညွှလွှမ်းဆွတ်၊ မိန်းပြတ်ထွေပြန်၊ တမန်မနေ၊ စာခြွေသဝန်၊ စီဘန်မခွက်၊ ခွတ်ယွင်းကွက်သည်။ ။ **လျှောင်းလျက်ကြာမြှန် ခါညီသော်။**

---

* တမန်တို့တွင်၊ ရှစ်အင်စုံနေ- ဟူသည်ကား- တမန်အင်္ဂါရှစ်ပါးကိုဆိုသည်၊ သံဝရကျမ်းတွင် "ဆိုသော်ကြားထင်၊ နားဝင်ကြားလွယ်၊ ကြားဘွယ်လေ့ကျက်၊ အနက်မှတ်မိ၊ သတိမပြယ်၊ မိမွှယ်သိမှု၊ သိအောင်ပြုလျက်၊ နှစ်စုဝေခြား၊ စီးပွါးရှိမှဲ၊ ပဲ့မြီး မြင်ခန့်၊ လိမ်မာတွေ့နှင့်၊ သွားလေရာရာ၊ ရန်ရှာ မချုတ်၊ ကိုယ်နှုတ်နှိမ့်ကြို့၊ ဤသို့ရှစ်ဦး၊ ကျေးဇူး မချို့၊ တမန်တို့လည်း"၊ ဟူ၍ ရှင်ဥတ္တမကျော်, အင်္ဂုတ္တရပါဠိတော်တို့၌လာသည်နှင့်တပြေးတည်း အညီစပ်ဆိုသည့်တမန်အင်္ဂါရှစ်ပါးကို မှတ်ရမည်၊



၃။ **သီတာ-ရေရှင်၊** ကြည်သန့်စင်သား၊ စီးဝင်လျှဉ်လျှဉ်၊ တောင်စဉ်ရံလည်၊ ခုနစ်မည်နှင့်၊ မြင့်ရှည်တာပေါင်း၊ ရှစ်သောင်းခြင့်မှန်၊ လေးထောင်လွန်သား၊ ရောင်ဝှန်ထွန်းညို၊ မဏိရွှေလျှံ၊ ငွေလျှံမြမြ၊ ရွှန်းရွှန်း ပသား၊ သုဒဿန၊ အယုဇ္ဈဟု၊ ဒိပကြဲဝှန်း၊ ဝေယန် နန်းထက်၊ ခြောက်သန်းစွန်းနေ၊ သုံးကုဋေနှင့်၊ ပရမေ ထွန်းလျှံ၊ သုဇံပတိ၊ ဘုန်းရှိမာဃ၊ စောင့်ထမြဲထွေ၊ မေ့ကျွန်လေခဲ့၊ လျော်ရွှေမယွင်း၊ သန့်ရှင်းဇာတိ၊ တုမရှိ သည်၊ မဏိခဝပ္ပ၊ တောင်ဝယ်ယှသား၊ ဇမ္ဗူဘိုးအင်၊ မျက်ရှင်ဇောတ၊ ထွန်းလျှံပသို့၊ အလှစံကျွန်း၊ မြဝင်း ရွှန်းနှင့်၊ ပျံ့မွှန်းကြိုင်စွာ၊ စက်မွှေရာထက်၊ မေတ္တာ ဖြိုးဆင့်၊ ရာမြင့်ရှည်ကျော်၊ ရွှင်ပျော်တင့်ရည်း၊ ရထည်း ဗိတ်ရွှေပတ်ခွေဒါလီ၊ ကြူပြီပျံ့ပုံ့၊ ရနံ့ဿမြက်၊ ရင်ညက် ထပ်လှို့၊ နှဲ့ပိုက်ခြီ၍၊ တူစုံလျှင်လွယ်၊ ဘန်ဆင်း ကယ်လော့၊ ပြိုင်ဆွယ်လွတ်ကင်း၊ နောင့်မင်းသက်လှယ်၊ လှမျိုးကြွယ်ကြောင့်၊ ပြိုက်သွယ်ထိုရှမ်း၊ လွမ်းလည်း လွမ်းခတွ၊ ခွေလည်းခွေညွှတ်၊ ရေမှလွတ်သည်၊ ပွင့်ဝတ် ကြာတိမ်း၊ နှဲ့ရှာယိမ်းမျှ၊ ပြတ်ကြိမ်းသည်းအူ၊ ဝှန်ဆူ လှိုက်ပွက်၊ နှဲ့းမို့စက်သည်။ ။ **မောင်းချက်ခါတန် နာဂရီ သောဝ်။**

---

## (၁၃၉) မယ်ဘွဲ့-ရတု

၁။ **တရှုံးတင့်လှ၊** မြစ်လွှင့်ကုသသားစံရာတဘက်၊ ကမ္ဘာထက်ဝယ်၊ ဘွားရက်တော်ဦး၊ လှလွန်ကျူးကို၊ မိန်းမူးထင်မက်၊ မြင်တပြက်လည်း၊ အသက်-ငကြ၊

ရေသည်စဘိ၊ တရာ့လေးဆယ်၊ စွန်းတိုင်းရွယ်လျက်၊ တိုက်ကျယ် သစ်ချောင်၊ ဆဲ့နှစ်တောင်ကို၊ ရစ်မှောင်မသန်း၊ အလင်း ထွန်းသား၊ ဝင်းရှန်း ပြောင်ဝါ၊ သန့်ခေါင် ခါဝယ်၊ သော်တာ တင့်ဆန်း၊ ပြည့်ရက်ဝန်းသို့၊ ဘက်ကျွန်းသူဇာ၊ တူရာရွေးပြီ၊ တွေးသင့်ညီသည်။ **။တုသိတာလော ဟင်သာလော။**

၂။ **နှလုံးဖြင့်သာ**၊နှစ်ခြင့်ကြွာသား၊ကြီကာမခွက်၊ နှံ့မျှသက်ဝယ်၊ ပွါးတက်ပေါ်မြူး၊ မဝန်းဦးသို့၊ရှိန်နူးကြွင်ဘက်၊ တင်မရက်တည့်၊ တချက်နေကြ၊ ရွှေရည်မြတီ၊ မမျှသေးသွယ်၊ ခန်းတိုက်ကျယ်လျက်၊ မိုက်လယ်လှစ်မှောင်၊ မြွက်လျှပ်ပြောင်ကို၊ ချစ်ခေါင်တဆန်း၊ မယွင်းမှန်းထား၊ လင်းထွန်းရောင်ဖြာ၊ ဝန်းခေါင်သာဝယ်၊ ကောဇာမသန်း၊တည့်ချက်မွန်းသို့၊ စက်ထွန်းလူးလာ၊ မြူပြာသွေးသီ၊ ရွေးသင်လီသည်။ **။နွှတ်ညီရာလော ဆင်ရာလော။**

၃။ **အကုံးပွင့်ခါ**၊ ရစ်ဆင့်ဖြာသား၊ဆံကြာမထွက်၊ စုံကြလျက်ဝယ်၊ ငါးချက်ပေါ်မြူ၊ မြဟန်တူကို၊ သိမ်းယူရင်ထက်၊ ဆင်မရက်၍၊ ဘဝဂ်မြေကြ၊ ဘွေနှည်မျှတည့်၊ စန-ရွေးချယ်၊ညွန့်ခိုက်ရွယ်လျက်၊ပြိုက်သွယ်ချစ်ခေါင်၊ လှဲ့ရစ်ရောင်ကို၊ ရှစ်တောင်အခန်း၊အဆင်းမွန်းသား၊ ရင့်မှန်းနောင်ခါ၊ ကျွန်းအောင်ညာဝယ်၊ မောဟာမစွန်း။ ကြည်ဘက်ညွန်းသို့၊ ဆက်မှန်းတူသာ၊ လှူဒါပေးညီ၊ ရှေးခွင့်ပြီသည်။ **။အုတ်စိငှါလော မြင်သာလော။**

---



(၁၄၀) မယ်ဘွဲ့-ရတု

၁။ **ကျူးဆက်လွန်၍**၊မေ့ကျွန်ဘူးသည်၊တဆံခြည်မျှ၊ ကြီးမည်မတန့်၊ တွက်ခန့်ယူဆ၊ နှစ်လကျူးကျော်၊ မူးမော်ထိပ်ထက်၊ စုံသည့်လက်နှင့်၊ လေးနက်*သွေးသီ၊ကြည်သာပြီဟု၊ ရစ်သီဘယ်နှံ့၊ ကြားပါအံ့နည်း၊ မခံ့ဖျာပါ၊ နေလှည့်ရာကို၊ သံဝါစွန်းပြီး၊နီးတုံကြွသန်း၊ လျှပ်ပန်းတပဲး၊ စိတ်ကိုစွဲသည်။ **။ခဝဲးရွှေငုံ ငုံတကား။**

၂။ **မြူးတက်ဝှန်၍**၊ ပေါ်ဟန်ဆင့်ကဲး၊ မြချပ်ထဲးဝယ်၊ ခဝဲးရွှေခြည်၊ မိုးကိုဆည်လျက်၊ နှင်းရည်လေသစ်၊ ရောက်ပြန်လစ်က၊ ဆယ်နှစ်ဆယ်ပတ်၊ **သည်းအု**ပြတ်မျှ၊ တိမ်းညွတ် ပုပျောင်း၊ **မဖြစ်** တောင်းတည့်၊ **အကြောင်း**ရှိသော၊ လျှောက်သောထွေမှု၊ သချိုထောင်သောင်း။ဘဝပြောင်းလည်း။တပေါင်းတည်းပင်၊ ဆံမျှင်မရှိင်း၊ ဘုန်းချင်းဆိုင်းသည်။ **။ဆက်တိုင်း ဆွေစုံ စုံတကား။**

၃။ **မြူးစက်ကွန်၍**၊ ဆယ်ပြန်လျှံဖုံး၊ မင်းစံကုံးသို့၊ တွေးဆုံးဝင်းကြည်၊ ကြီးထိုက်သည်ကို၊ ဆက်ရှည်ရှေးနှောင်း၊ လျှောက်ရုံးပေါင်းသော်၊ မလောင်းမျက်သစ်၊ ပြေရိပ်ဖြစ်က၊ ကျွမ်းချစ်ငယ်ဘက်၊ ခန့်ထားတွက်၍၊ လင့်လျက်ကြွာသော်၊သည်နှင့်မျော်ဟု၊ ဝတ်တော်မူမြဲ၊

* သွေးသီကား ပေါ်ရာဏာ၊ နှုတ်မြွက်၍ ပြောဆိုသည်-ဟုလို၊စတုဓမ္မသာရပျို့တွင် ''စောဘုန်းတက်၏၊တောထွက်ပါရမီ၊ခဲးအင်ညီကို၊သွေးသီတသုန်၊ချီးမွမ်းဟုန်ဖြိုင်၊နေတုန်သရော်'' ဟုစပ်ဆိုသည်။

မိတ်နှစ်ရွှဲခဲ့ကို၊ ဖန်လဲ့ခေါ်ဆိုက်၊ ပါး-ဆက်လိုက်က၊ လည်နှိုက်သွိုပင်၊ ဆင်လည်းမရှည်၊ ၃္ခမ်းခဲ့မည်ကြောင့်၊ ဖြေဆည်လျှံဘိတ်၊ စဲမတိတ်သည်။ **။ချစ်စိတ် ဖြေရုံ ရုံတကား။**

---

## (၁၄၁)မယ်ဘွဲ့-ရတု

၁။ **ခါသင့်သဘင်**၊ ရက်ကောင်းတွင်နှိုက်၊ ရည်ရှင်ခနောင်း၊ စုံရေကြောင်းဖြင့်၊ ပွင့်လောင်းလူ့ဖျား၊ မင်းတရားလျှင်၊ သကြွားအတူ၊ ဆန်တော်မူ၍၊ သဲ့ဖြူကမ်းမှေး၊ ရေလျှင်ပြေးသား၊ မြစ်ကွေး သောင်ရှည်၊ လှည့်ကြလည်သော်၊ ရောင်ခြည်ရွှန်းရွှန်း၊ ခေါ်ရည်စွန်းသို၊ သွယ်သွန်းအိမ်ဆောင်၊ သာသည့်ဘောင်ထက်၊ ညွန်းဆောင်ကြမ္ဘာ၊ မြင်ရပါရှင့်၊ သူဇာပင်ကိုယ်၊ နွဲ့နွဲ့ညှိသည်။ **။စိတ်ကိုယူ၏ သို့တကား။**

၂။ **ကြာမြင့်အသွင်**၊မွှတ်မွှတ်စင်သား၊ ကေသျှင်တင့်ဆုံး၊ ရစ်လုံးချောချော၊ သဘောဝတ်စား၊ မှုထားမရိုင်း၊ စိန်ဆိုင်းလိမ်းချေ၊ စွန်းရွှေခပ်ဝင်း၊ရောင်ဆင်းပြုံ့ပြုံ့၊ မြင့်နိမ့်ဆံသန်း၊ ပြစ်မစွန်းတည့်၊ ရွှန်းရွှန်းအသရေ၊ မြှုတေကိုယ်ရောင်၊ မြစ်လုံးပြောင်မျှ၊ လှခေါ်တမွတ်၊ ရေပေါ်နုတ်ဟု၊ တိမ်ထွတ်ဘုံနေ၊ မိုးကကြွေသို့၊ မျှော်ချေမိကာ၊ ငူးမော်ရှာသည်။ **။ဟာဟာဟူ၏ သို့တကား။**

၃။ **ညာရင့်မထင်**၊ တန်းခုံးတွင်နှိုက်၊ဧးရှင်ပုံ့မှုန်း၊ ပွင့်သစ်ပန်းသို၊ မျက်ဝန်းရောင်မွေး၊ ပြုံ့ပြုံ့လေးကို၊ ရစ်ခထွေးလည်တွင်၊ ဆင်လိုက်ချင်စွ၊ ခဲအင်ရေးရာ၊



ဘာသာတထူး၊ဝေးရပ်ကျူးက၊မိန်းမူးစုံမက်၊တ-လျက်မျှော်ကာ၊ မေတ္တာမြင်းမိုရ်၊နောင့်ဖြစ်ကိုလည်း၊ ပြာညိုဘုန်းရှိ၊ နည်းများသိလိမ့်၊ မျက်စိသာရှင်၊ ရိုးရိုဝ်ထင်ရှင့်၊ ကောင်းကင်ဘဝဂ်၊ တန်ဆောင် ရက်ဝယ်၊ ပ-ထွက်လင်းကာ၊ပြည့်ဝန်းသာသည်။ **။သော်တာမြို့၏ သို့တကား။**

---

## (၁၄၂) မယ်ဘွဲ့-ရတု

၁။ **ညချမ်းရီမိုက်**၊ ဆွတ်ဆွတ်ရိုက်မျှ၊ ရှားကြိုက်မျက်စိ၊ မွှေးကြွင်မိကို၊ ပန်းတိပုံ့မှုန်း၊ ရုံမဝန်းလည်း၊ လေသွန်းဖြည်းဖြည်း၊မြည်ညည်းပင့်ဆော်၊ ငှက်တော်ကား-ငြင်း၊ဝိန်ညင်းကား-စောင်း၊မသာတောင်းတည့်၊ ညှိုခနောင်းချိုပျား၊ မြည်သံကြားက၊ မြလားညှိုသည်၊ ဆင်းပျိုသွယ်ညွှတ်၊ ဆွေသက်မှတ်ကြောင့်၊ ဆွတ်ဆွတ်ရိုက်ရိုက်၊ ပြိုက်ပြိုက်ယိုတွေ၊ အလွှမ်းစွေသည်၊ **။တောင်လေအလာ မြူးဘိသည်။**

၂။ **ညဦးလယ်-သန်လတ်**၊ယိုရွှမ်းစွဘ်မျှ၊ညွှတ်ညွှတ်ဖြိုးဖြိုး၊ ဘိုးခေါင်ရိုးဝယ်၊ သာမျိုးလွှတ်ကွေ၊ ပန်းစုံလေလည်း၊ ရစ်ခွေလက်ယာ၊ လှည့်လျက်လာသား၊ သီတာမြဆင်း၊ ယဉ်မြင်တွင်းဝယ်၊ နှုတ်ညှင်းပုံ့ချို၊ ချစ်ဆိုနွဲ့ကျူး၊ခုံတိုင်ဦးသို့၊ဆန်ကူးပိုက်ဖြန့်၊တက်သုတ်တန့်ရှု၊ စဲညွှန့်ငွေပြင်၊ ပျော်ပါးရှင်လိမ့်၊ မြင်ချင်မရဲ၊ သည်းထဲထပ်လောင်း၊ စိတ်လုံးပျောင်းမျှ၊ စုံကောင်းမဦး၊ ဝတ်ရက်ယူ၍၊ ရင့်ရှုသာမော၊ ချစ်ဘော်နှောသည်။ **။ဥသြတခေါ် နွဲ့ဘိသည်။**

၃။ **သောက်ခြည်ရောင်မြေး၊** လွမ်းရေး ကဲဆင့်၊ ဆွတ်ဆွတ်မြင့်၍၊ ငွေပွင့်အသွင်၊ ခုံသဲးပြင်ထက်၊ ယဉ်ရှင်မြစ်လောင်း၊ နဝင်းချောင်းဝယ်၊ ငှက်ပေါင်း ရွှေရွှေ၊ ဝဲးမြူးတွေလျက်၊ ခတွေတွေဆန်းဆန်း၊ မြည်သံ မွှန်းကာ၊ စိတ်လန်းမရှင်၊ နားတွင်ကြားကာ၊ ဗျာပါ ပျောင်းပျ၊ မခံ့လှတည့်၊ မြောက်မှတဖန်၊ တုံ့ပြန် လေညှင်း၊ရွှေရင်သွင်းသော်၊ ချမ်းခြင်းမနိမ့်၊ ဆောင်း ထက်ငြိမ့်မျ၊ ထွားစိမ့်ညိုသွယ်၊ ဆွေသည် မယ်ကို၊ ရက်ကြွယ်များဖြင်၊ လွမ်းရေးတင်ခဲ့၊ အရှင်ကျွန့်ဝတ်၊ လှည့်ပတ်သံညှင်း၊ လျှောက်နားသွင်းလည်း၊ တင်ခင်း ပြစ်ပျောက်၊ဆင်းစံမြောက်သည်။ **။နွှတ်ထောက်မပါ ခဲးဘိသည်။**

---

(၁၄၃) မယ်ဘွဲ့-ရတု

၁။ **ညိုပြာမှတ်သည်၊** ဘက်ဆွတ်လေလော၊မိန်း မောလှည့်ကာ၊ ဆင်းသူဇာကို၊ ကြမ္မာဆောင်ထိုက်၊ ကြုံကြကြိုက်သား၊ မပိုက်ရွက်မြ၊ သည်နှစ်လဝယ်၊ မြတ်စဂို့ကာ၊ ပြူစ-သာလျှင်၊ရောင်ဝါဘိတ်ဘိတ်၊ သိဂ်နိက်နှင့်၊ လုံ့ထိတ်မြရည်၊ ရော၍နှည်မှ၊ ပုံတည်သွန်း လုပ်၊လှသည့်ရုပ်ကို၊လန့်ဖျုပ်မေးယောင်၊ သန်းခေါင် သန့်ယွန်း၊ လွမ်းပန်းခွေ့ခွေ့၊ မမေ့စဘူး၊ တမ်းစေ မူးလျက်၊ လွန်ကျူးတင်မူ၊ လှမျိုးဟူကာ၊ ဇမ္ဗူကျွန်းခွင်၊ မထင်ပြိုင်ခင်း၊ သွယ်နွဲ့ရှင်းသည်။ **။မျိုတွင်းတွင်ပ နတ်ထတား။**

၂။ **ကိုယ်ဝါလွတ်သည်၊**စက်လွတ်လေလော၊ ကြာ တောဝေထက်၊ ဝတ်ဆံရက်နှိုက်၊ မြူးဆက်ရှင်ပျော်၊



နတ်ဖျူသော်လည်း၊ ပြိုင်ဘော်မဝံ့၊ လွန်လေအံ့ဟု၊ စိတ်ပို့မနှောင့်၊ ချစ်သောကြောင့်လျှင်၊ အဖြောင့် ကျိုးခက်၊ မလွှတ်ရက်တည့်၊ အမျက်ပွားစည်၊ ရှိလ မည်ကြောင့်၊တာရှည်လင့်ညောင်း၊ နှောင့်အကြောင်း ကို၊ ရောင်ကောင်းပြာညို၊ ယွှင်းလိုရှုံးရှုံ့၊ ချစ်တို့မသိ၊ ငယ်ဘိသောဝတ်၊ပြတ်ပြတ်မဟ၊ တွေးဆ-မနိုင်၊ချစ်ပိုင် သနား၊ထိန်းယများနှင့်၊ စကားရိပ်ထင်၊ မြမျက်ရှင်သို့၊ ခန်းခွင်ရော်ဝင်း၊မျို့ရောင်ဆင်းသည်။ **။ညိုရှင်းရှင်လှ မှတ်တကား။**

၃။ **ဆိုရှာချွတ်သည်၊** ထက်နတ်လေလော၊လှမော ဆင်းပြင်၊ ငါးစုံအင်နှင့်၊ ပြစ်စင်ပယ်ထွက်၊ ကဆုန်ရက် ဝယ်၊ ထွန်းတက်ရောင်လျှံ၊ ကြယ်ဝုဝံသို့၊ ဘက်စုံကင်း လွတ်၊ သွယ်နွဲ့ညွတ်သား၊နတ်-မမျှ-လူ၊ ပြိုင်မတူတည့်၊ မည်သူမဖူး၊ ရက်ဦးသည်နောက်၊ လှစံမြောက်ကို၊မိုး သောက် ကုန်စဲ၊ တန်းဆောင်ပွဲဝယ်၊ ခဝဲးအာနို၊ နှင်း နှင့်ငြိ၍၊ ဖူးစီပွင့်ဖြိမ်း၊နှာမောင်းလှမ်းကာ၊ မလွှမ်းနိုင်ပြီ၊ ရက်ကိုစီလျက်၊ ရာသီမချန်၊မလျှောက်တောင်းပန်လည်း၊ မပြန့်သံညှင်း၊ စင်သန့်ရှင်းသည်။ **။စိုဆင်းဆင်စ လွတ် တကား။**

---

(၁၄၄) မယ်ဘွဲ့-ရတု

၁၊ **နတ်လကျွန်း၍**၊ဆန်းတုံပြာသို၊ ပင်တိုင်းညိုမျှ မြလိုပုံ့မွှန်း။ ထုံရည်သွန်းသို့၊နတ်ပန်းခုံမြ၊ ပေါ်သည့် လဝယ်၊ တရာ့တဆောင်း၊ ရုံးလှာပေါင်းလည်း၊ တူ ကြောင်းမရှိ၊ ချမ်းလှဘိ၏၊ နောက်ကိုဖြစ်ကိုသို့စင်

ဆိုလည်း၊ ရွယ်ပျိုငြိမ့်လေး၊ မယ်နှင့်ဝေးခဲ့၊ ဧးဧးငြိမ့်ငြိမ့်၊စိမ့်စိမ့် ဆွတ်ဆွတ်၊သေပြတ်ဘနန်း၊ မကျန်းဒေဒီ၊ ခြွက်ချိမဟာ၊ ပျောင်းပျမရှင်၊ မျိုးသခင်နှင့်၊ ရွှေရင်ခွဲ့း ပိုက်၊ မလုံကြိုက်ဝယ်၊ ခါလိုက်ပတ်ချုပ်၊မှိုင်းအုပ်ဆီး ကြွေ၊ချမ်းမျိုးတွေသည်။ ။ဝေဘိသည်လည်း အိုဘဲ့နှင်း။

၂၊ ညွတ်ခဝန်း၍၊ နှန်းနှန်းပြိုင်ရည်၊အပြည်ပြည်ဝယ်၊စံတည်ကော၊ ဟူသမျှလည်း၊ ထိပ်စကြက်ရုံး၊ မဥ္ဇူကုံးသို့၊သက်လုံးမပြောင်း၊ကြင်ပေကောင်းစွ၊မြဲညောင်းကေသျှင်၊မလွှမ်းခင်က၊ရည်တင်နေကြကြိုက်သမျှနှင့်၊ နှစ်,လ-တာရှည်၊ကြိုးရမည်ကို၊ဆံခြည်မျှသေး၊မရှိဝေးခွဲ၊ ရေးရေးပြတ်ပြတ်၊ နေကြမှတ်၍၊ လွမ်းဆွတ်လည်း လျောင်း၊ကြာသို့ပျောင်းမျှ၊ သည်းထောင်း ဝမ်းထဲး၊ လွမ်းဆကဲးတွင်၊ ဆီးဖွဲ့နှင်းဘက်၊ ဖြည်းလေသက်က၊ ရောရှက်ကြတွေ၊ စိတ်ကိုချွေသို့၊ ဆည်နေ ဖျော်ဖြည့်၊ မနိုင်လှည့်တည့်၊ ကြင်သည့်ခြင်းရာ၊ ဆင်းမြှင်လျာကို၊ စိတ်မှာသို့ပင်၊ စက်တိုင်းထင်ခဲ့၊ ခြောက်ခွင်နုတ်ဘုံ၊ရပ်လုံးခြုံဝယ်၊ငါးစုံအင်နှင့်၊ ဆင်တိုင်းသင့်၍။ ။တင့်ဘိသည်ထည်း ညိုနွဲ့ရှင်း။

၃။ ဆွတ်မျှမြန်း၍၊ မကျန်းပျောင်းပျ၊ဖြစ်ခြင်းတကို၊ ခြွက်ဟလုံးခြုံ၊ ဆိုမကုံတည့်၊အာရုံစိတ်ပြေး၊ သွယ်နွဲ့သေးကို၊ နက်ခလေးအမှတ်၊သက်လုံးညွတ်၍၊ သည်းဆွတ်ကြိမ်ဖန်၊ ထိပ်ဦးဇွန်မျှ၊ လွမ်းဟန်မိန်းမူး၊ မပြေဘူးတည့်၊ ချစ်ကျူးလျှံဝ၊ ကြင်ထိုက်ပေသား၊ မြဲတောဖြိုဝင်း၊ ပြာလဲ့ရှင်းကို၊ နှန်းခင်းဘက်ရှောင်၊ ရွှေသုံး



ဘောင်ဝယ်၊ လှခေါင်စံကျွန်း၊ လူ့နှယ်ထွန်း၍။ ။ရှန်းဘိသည်လည်း ပျိုလဲ့ရှင်း။

---

(၁၄၅) မယ်ဘွဲ့-ရတု

၁။ မည်ခေါ်ဝသန်၊ ပြောင်းကြွလွန်၍၊ ဟေမန်မာသ၊သရဒဝယ်၊ချမ်းမြမြေမြေ၊ ရေငွေလူလူ၊ ဆီးမြူငုတ်သေး၊ မြေးကာဆင့်လောင်း၊ မိုးနှောင်းစဲးလွန်၊ တောင်စွန်သွားလေ၊ နေ့ကား-နေနည်း၊ ညဥ့်ဘို့ဆည်း၍၊ဖွပ်ကျည်းကုဟာ၊ နံ့သာပျံ့ရှင်း၊သလင်းပိတ်လှပ်၊ ထပ်လည်းမလုံ၊ရိပ်မြုံ့ရှင်ငြိး၊ လွှမ်းစိုးရစ်ခွေ၊ချမ်းလေသည်လော။ ။အိမ်သူဆွေနည်း သခင့်ချည်း။

၂။ ကြည်ပျော်စဟန်၊တရံဖန်မျှ၊ မျက်မာန်မဲ့ဘူး၊ သက်ဆယ်ကျူး၍၊ အိမ်ဦးအစ၊နေသော်ကလျှင်၊ ရှင်ပျမတန္တ၊ချစ်ညွန့်မညီး၊ နေ့တိုင်းတိုး၍၊ မင်းစိုးဘုန်းကြွယ်၊မွေးမိမယ်နှင့်၊ မောင်ဝယ်သော်ကား၊ မိများမျက်စိ၊ပျော်ရာရှိ၍၊သည်းတိဆွတ်ဆွတ်၊တိမ်းညွတ်တုန်လှုပ်၊ ကျွန်ုပ်သည်မှာ၊ ခြင်းရာသဏ္ဍာန်၊ ရုံဖန်သော်မူ၊ ထပ်တူသည်လော။ ။မဥ္ဇူပန်းချည်း တပွင့်တည်း။

၃။ မြည်ကျော်အလွန်၊ ချမ်းရိပ်မွန်သား၊ နိဗ္ဗာန်သာခေါင်၊တူရောက်အောင်ဟု၊ ရည်စောင်ဆုယူ၊ ပေးလှူဒါန၊ သွန်းချရေစက်၊ အသက်ကိုမျှ၊ ခွဲးဝေကြရှင့်၊ တူကွ-မကွာ၊ပါဘိမတတ်၊ ရှိသည်ညွတ်၍၊ မျိုးမြတ်ပျိုမျှစ်၊ သူတော်စစ်နှင့်၊ကြင်ချစ်မလွဲ၊တလဲးလဲးလျှင်၊ဝမ်းထဲးတွေပြား၊သူတပါးသို့၊ ဆံဖျားမြွနည်၊ ရိပ်ခြည်စွန်း

မဲ့၊ကြင်ပေခဲ့စွာယုံမြဲ့တိုင်းပင်၊ထင်ပါသည်လော။ ။ **နောင်ကားစောင့်စည်း မတင့်ရည်း။**

---

(၁၄၆) မယ်ဘွဲ့-ရတု

၁။ **ပဋိသန္ဓေ၊** ကြာဝယ်နေသား၊ စုံခြေတော်ခွင်၊ ပြာသာဒ်ရှင်နှင့်၊ ကောင်းကင်လယ်မှာ၊ ထားလှည့်ရာကို၊အခါတန်၍၊သုံးနှစ်စေ့မှ၊ ဖူးတွေ့တူကွ၊ ပျော်ပါရသို့၊ ရက်,လသုံးဖန်၊ သုံးခါလွန်လည်း၊ ချစ်ရန်တပါး၊ တွေပြားမဲ့ပါ၊ နောင့်ကိုသာလျှင်၊ သစ္စာမြဲလျော်၊ တော်ချင်တော်လိမ့်၊ ရွှေလျော်စံတု၊နောင့်မျက်ရှုသည်။ **မပြုမပြင် လှနေသောဝ်။**

၂။ **စိတ္တာဆန်း၍၊** ဝင်းထွန်းနိတုံ၊*ရဂုံမြင်သာ၊ ခြိရုံကာလျက်၊ ပန်းသာကိုယ်ရောင်၊ ဝင်းပြောင်ဘိတ်လက်၊ ထုံးလိုက်ဘက်တွင်၊အသင့်ဆင်မှ၊မြော်မြင်လူမှု၊ နတ်နှင့်တုသည်။ ။**အသူ့သခင် မပေသောဝ်။**

၃။ **ဝိသာခါဟု၊** ပုဏ္ဏာမာသ၊ ကဆုန်လ၌၊ပေါ်စပွင့်မြဲ၊ပန်းရွှေခဲကိုပုလဲနှစ်ဆင်း၊ ဖြူတွတ်ဝင်းလျှင်၊ ကြင်ရှင်းစိတ်သန်၊ထိပ်ပြည့်ပန်၍၊ ယုဂန်မိုးမှ၊ ပြောင်ရွှန်းပသို့၊အလှတမွတ်၊ သူဇာနတ်နှင့်၊ လက်ခတ်ပုံတု၊ စံရာပြုသည်။ ။**ယခုမမြင် ရချေသောဝ်။**

---

* ရဂုံ-ကား ပေါရာဏ၊ တော-ဟုလို၊ ပေါရာဏကထာလင်္ကာသစ်တွင် "မြားနှင့်-ဝနိုင်၊ မြိုင်နှင့်-ရဂုံ၊ စုံနှင့်-ဟောဝန်၊ ဟော်မန့်—ဟေမာ၊ ရိပ်သာဆိုင်းဆိုင်း၊အင်တိုင်း-စေးပုစ်၊ တောချည်းဖြစ်၏" ဟု စပ်ဆိုသည်။



(၁၄၇) မယ်ဘွဲ့-ရတု

၁။ **လူ့အဖြစ်ဝယ်၊*** တံတစ်ကျမ်းလာ၊ နှိုင်းစရာကို၊ ဘယ်မှာထူးတွေ့၊ ရပချေလိမ့်၊ ရွှေလည်းမထင်၊ မြသွင်ပိုးဝါး၊ . ဆံဖျားမြူသေး၊ မမြေးလျှံပြောင်၊ ဝင်းရောင်ထွတ်ထွက်၊ လတ်လတ်လဲ့လဲ့၊ ဆွဲဆွဲရှင်းရှင်း၊ ထွန်းဝင်းသရေ၊ ဆိုချေစရာ၊ ရှာလည်းဖြစ်လွှင့်၊ ကျူးလွန်တင့်သား၊ ခါသင့်သဘင်၊ ရက်ကောင်းတွင်နှိုက်၊ ထိပ်ပြင်လက်ဝါး၊ထားဘိဘနန်း၊ ပုံ့မွှန်းမညှိုး၊ ပန်းနှင့်တူသည်။ ။**မျှော်သူမေ့မည် ခက်ချေ၏။**

၂။ **မြူမရစ်ချယ်၊** ကောင်းကင်ဝယ်လျှင်၊ စံပယ်စလျက်၊ရွေ့မှတက်၍၊ ချက်ချက်လင်းစည့်၊ ထိပ်ပြင်ပြည့်သား၊ လ-၏သဘွယ်၊ လူမျိုးဝယ်လည်း၊ သည့်နှယ်ကျူးလွန်၊ တင့်မောဟန်ကို၊ ယုဂန်မြင်းမိုရ်၊ လိုသည့်အရာ၊ရွှေးဖွေရှာလည်း၊ဘယ်မှာထူးတွေ့၊ ရပချေလိမ့်၊ မျှော်ပေကလည်း၊စိတ်စမသတ်၊ကြိုင်းညွတ်မျှ၊မူးပတ်မျက်ခြည်၊ ထူးလည်တွေ့လာ၊ ထွန်းလျှံဝါသည်။ ။ **ယာမာနတ်ကို ဘက်လေ၏။**

၃။ **ယူကသစ်လှယ်၊** ဇမ္ဗူဝယ်လျှင်၊ တူရှယ်မနိုင်း၊ မြိုင်လှာတိုင်းလည်း၊ တံတိုင်းစင်ထား၊ ပါးနားစနု၊တရှိမျှလျှင်၊ ချဉ်းရမထင်၊သည်လျှင်စံနေ၊ ခြားထိုက်ပေဟု၊ တွေတွေထူးထူး၊ အံ့မူးချေမိ၊ မသိကျိုးပြစ်၊ရွှေနှစ်-မြ

---

* တံတစ်-ကား ပေါရာဏ၊ အမြဲမကွာ-ဟုလို၊ လောကသာရပျို့တွင် "မြဲနေတံတစ်၊ သဘောချစ်သား" ဟုစပ်ဆိုသည်။

နှယ်၊ပယင်းသွယ်သို့၊ ကြယ်လည်းမဖျ၊ လလည်းရံခါ၊ တန်ဆောင်သာလျှင်၊ နှင်းရာဝိုးဝါး၊ ရှိပါပြွားလိမ့်၊မွတ်ထွားငြိမ့်လေး၊ ငယ်သွေးရွှန်းရွှန်း၊ စိမ်းလန်းကြော့ရှင်၊ လူတွင်ကျူးလွန်၊ သက်ကိုပြန်သည်။ ။**ဆယ်ပန်စွန့်ထိုက် ရက်ပေ၏။**

---

(၁၄၈) မယ်ဘွဲ့-ရတု

၁။ **ထွတ်ထွတ် ဝင်းပြောင်၊** ထွန်းကိုယ်ရောင်မူ၊ တောက်လောင်ဘနန်း၊ ရွှန်းရွှန်းနိကာယ်၊ တင့်မျိုးကြွယ်သား၊ ရွှယ်လည်းစံတုန်း၊ ဘုန်းလည်းဝှန်လျက်၊ ဆဲ့ငါးရက်လျှင်၊ ထွန်းတက်ပြည့်ပ၊ သော်တာလသို့၊ ဘဝဇာတိ၊မြတ်လဘိ၍၊မရှိနှိုင်းရာ၊ ပြည်ဟင်သာဝယ်၊ ကြမ္မာနှိုးဆော်၊နောင့်ဘုန်းတော်သည်။ ။**မပြော်အတူကျန်ချေ၏။**

၂။ **စွတ်စွတ် လင်းအောင်၊** ဝေပူ တောင်နှိုက်၊ အရောင်လျှံတက်၊ ကိုးမည်မျက်ဝယ်၊ ထွန်းတက်မဏိ၊ မြတ်လှဘိသျှံ့၊မရှိနှိုင်းရာ၊ ဘော်တကာတွင်၊ ရှင်သာအလှ၊ဟူသမျှကို၊ စိုးရလေတဘ်၊လွတ်ကြီးလွတ်ခဲ့၊တမွတ်စံကျွန်း၊ ညို့နွဲ့ရွှန်းသား၊ ပြောက်စွန်းပြစ်မြူ၊ခြည်မပြူ၍၊ မြင်သူတို့စိတ်၊ရှေ့နှယ်ဘိတ်သည်။ ။**ဝှန်ထိတ်သည်းအူမြန်ချေ၏။**

၃။ **ညွတ်ညွတ်ဆင်းရောင်၊** ရွှန်းရွှန်းပြောင်သား၊ ရွှေတောင်မျှားလယ်၊ သနားဘွယ်တည့်၊ နုနယ်ကျစ်လျစ်၊ ကိုးသစ်ရည်ရှင်၊ ဆံကျင်ဝင်းလျှပ်၊နားတပ်ရောင်ဝှန်၊ သုဂန္ဓရီ၊ အာနီခါးကြိုး၊ အဘိုးသိန်းတိ၊ မဏိလျှံ့



တောက်၊လက်ကောက်ခြေကျင်း၊တဝင်းဝင်းတည့်၊နှိုင်းခင်းမမြော်၊ **သဘင်တော်ဝယ်၊** တွေးခေါ်ဆိုရွတ်၊ လူလောနတ်ဟူ၊ မှတ်မှတ်မသိ၊ မျှော်လိုက်မိသည်။ ။**မျက်စိသွေးဆူ ဝှန်ချေ၏။**

---

(၁၄၉) မယ်ဘွဲ့-ရတု

၁။ **လိုက်ပါဟူလည်း၊**တူမည်မထင်၊ခေါ်တွင်ကြေညာ၊ ဟင်သာဝတီ၊သိင်္ဂိနန်းတည်၊မယ်တို့ပြည်ကား၊ ပတ်လည်သာခမာ၊သဘော်ဆိုက်လှာ၊ လေးမျက်နှာမှ၊ အသာဆန်းကြယ်၊ ရေသော်ကျယ်၏၊ ခြောက်သွယ်ရောင်လင်း၊တရားမင်းဟု၊ထန်ပြင်းကျော်စော၊ ရွှေမော်ဓောနှင့်၊ သင်းဘောဘုရား၊ နှစ်ပါးစုံမှ၊ တောင်းဆုပြည့်လွယ်၊ မွေ့*သောက်သွယ်က၊ သဇ္ဈါယ်လှစွာ၊ ရွှေတန်ဆာလည်း၊ ရွှေသာအထိ၊ ရုံးရုံးညီမျှ၊နွံ့သိလွှဲကြား၊ ရွှေကျောင်းများနှင့်၊ ဘုရားဆုယူ၊ နိဗ္ဗာန်ချူ။သည်၊ပုံတူပမာ၊ ထန်းမှည့်ညှာသို့၊ အရိယာပုဂ္ဂိုလ်၊ ဆိုသော်များ၏၊ စံထားတုလွတ်၊ ရွှေပြာသာဒ်လည်း၊ တိမ်ထွတ်ထိတန်၊ဝေဇယန်နှင့်၊သဏ္ဍာန်ထပ်ရှိ၊ တူးလှဘိ၏၊ မွေးမိတူချစ်၊ ရွှေနားရစ်လော့၊ ကျစ်လျစ်လျှို့ဝှက်၊ မယ့်ချစ်သက်သည်။ ။**လှည့်ပြက်တခေါ် သာတကား။**

---

* သောက်-ကား ပေါရာဏ၊ ထွန်းလင်းသည်ဟုလို၊ ပေါရာဏကထာ လက်ာသစ်တွင် "သုတကား—သေပျောက်၊ သောက်ကား-ထွန်းလင်း" ဟုစပ်ဆိုသည်။

H 504—18 [ဟံသာဝတီ]

၂။ ကြိုက်စွာတုလည်း၊အလှူရှေးက၊ပေးဘူးကြ၍၊
နောင်မြဲနှင့်-မယ်၊ ပျော်ရာရွယ်အုံ၊ ပြည်ဝယ်သာဟန်၊
မယ့်ကိုယ်ပြန်လည်း၊ မတန်မရာ၊တို့ရပ်သာ၏၊ နေပါ
ချုပ်တည်း၊ ကျွန်ုပ်မသင့်၊ မဆိုတင့်ခဲ့၊ သက်နှင့်ထပ်ရှိ၊
မွေးမိတူပင်၊ရွှေနားတင်လေသွ၊ မည်တွင်သာထူး၊ ပဲ
ခူးသနစ်၊ ချောင်းသစ်သာတွေ၊ နောက်တောခြေနိုက်၊
မှည့်ကြွေသစ်သီး၊ ဖျင်ညီးပန်းမာလ်၊ နွေသန်မပြတ်၊
နှစ်လည်ပတ်မျှ၊ စိတ်ညွတ်ချင်ဘွယ်၊ သပွါယ်လှမော၊
ကျိုက်ပေါ်, ကျိုက်ပွန်၊ ကျိုက်သလွန်နှင့်၊ နာဂဝန်
ကျောင်း၊ မသာတောင်းတည့်၊ ပန်းပေါင်းပုံ့ကြွယ်၊
သီကုံးချယ်၍၊ နတ်ဆွယ်ဝင်းထွား၊ ရှုပျော်ပါးလေသွ၊
သနားတပြီ၊ မွေးမိဖခင်၊ မည်ပင်သာယာ၊ မြို့ဟင်
သာဝယ်၊ နေပါတုံအုံ၊ စိတ်ပုံ့-မမြဲး၊ နောင့်မြဲ
သည်။ ။**ဝမ်းထဲမတော် ရာတကား။**

၃။ **မြိုက်ရာချူလည်း**၊အလှူသီလ၊ ပဓာနကြောင့်၊
မွေးဘခေါ်ရာ၊ လိုက်တုံပါလည်း၊ ဘယ်မှာနိဗ္ဗာန်၊
အရောက်မှန်အုံ၊ သဏ္ဍာန်သနစ်၊ သာသည့်ဖြစ်ကို၊
ကျွမ်းချစ်မယ့်မောင်၊ရွှေနားထောင်လေသွ၊ မာရ်အောင်
စင်စစ်၊ခုနစ်ဌာန၊တွင်ထလွှမ်းညီ၊ကလျာဏီနှင့်၊ သာပြီ
စဟန်နုံ့သာကန်လည်း၊ ပန်းမာလ်မရှား၊ ကြာမျိုး
များ၏၊ ဘုရား-ကိုးသောင်း၊ မွေဓာတ် ပေါင်းနှင့်၊
လျောင်းတုံနိဗ္ဗာန်၊ရုပ်သဏ္ဍာန်ကား၊မင်းမွန်ကောင်းမှု၊
ယခုတည်စ၊ သာမောလှ၏၊ မွေးဘပြီးရုံ၊ ငုံပါတုံ
လေသွ၊တုစုံလို၍၊ ဆိုသည်မဟုတ်၊ အားထုတ်ကြည်ညို၊
နောက်ကိုနောင်လာ၊ မိတည်းလျှာဝယ်၊ မကွာတူမင်၊



ကြည်လင်စိတ်သန့်၊ တောင်းဆုပန်သည်။ ။**နိဗ္ဗာန်
အနော် မာတကား။**

---

## (၁၅၀) မယ်ဘွဲ့-ရတု

၁။ **လိုက်တော်မူပါ**၊ကြင်ဘွယ်သာတည့်၊အာကာ
ယံ့ကြွ၊ဝေပုမြဲကို၊ သိင်္ဂနှစ်စု၊ ပေါင်း၍ထုသို့၊ ယုယု
ယယ၊ ငြိမ့်မြဲလေးပင်၊မွှတ်မွှတ်စင်သည့်၊အပြင်နွဲ့ညွတ်၊
ဟင်သာနတ်....။ နန်းထွတ် အောင်စည်၊ မယ်တို့
ပြည်ကား၊သာသည်ဆန်းထူး၊ ကဲလွန်ကျူးမျှ၊တန်းခူး
သည်က၊လျှဉ်လျှဉ်စ၍၊သန်လဆောင်းလျှင်၊မည်သည်
တွင်မှ၊သဘင်မပြတ်၊နွေသို့ပတ်ရှင့်၊ ရွှေဝတ်ရွှေဆင်း၊
ပြောင်ပြောင်ဝင်းသို့၊ နောင်မင်းသက်မျှ၊ နတ်ထက်
လှသည်။ ။**ရောက်ကမြင်တော် မူလိမ့်မည်။**

၂။ **ကြိုက်သော်ယူကာ**၊နတ်ခြောက်ရွာသို့၊လက်သာ
နှိုလှမ်း၊ မကြိုးပမ်းတည့်၊ ကြင်ကျွမ်းထပ်ရစ်၊ မြဲခြည်
နှစ်သို့၊ ရှင်ချစ်ဝန်းရှင်၊ တောင်တခွင်လည်း၊ မြင်ထင်-
မြင်မိ၊ ထွန်းညီလျှံလင်း၊ ကြက်တင်းစကား၊ ကင်း
ဘုရားနှင့်၊ ဂုန်ကြားပေါက်ပြု၊ ဌာဝီသလည်း၊ နှံ့မျှ
ဝန်းလည်၊ ရောင်ခြောက်မည်နှင့်၊ မှောင်ခြည် မပတ်၊
ပြိုင်၍လွှတ်သို့၊ မိုးနတ်နှိုင်းလျော်၊ အလှကျော်သည်၊
လိုက်တော်မူပါ၊ လွှမ်းရရှာနှင့်၊ အောင်ချာ ချက်မ၊
ရွှေခေတ္တကား၊မာယထွက်ထား၊တံမျဉ်းသား၍၊ နဂါး
စက်လည်၊ ဝပြောစည်သည်။ ။**နတ်ပြည်ထင်တော်
မူလိမ့်မည်။**

၃။ လှိုက်ဆော်ကူလှာ၊ မိုးဒေဝါလည်း၊ ချိန်ခါ
ထူးလည်၊ တန်ပြီးသည်ကို၊ ရိုက်မြည် ဆော်ကြူး၊
ကြူးကြော်မြူးကာ၊ မပူးဘော်ရှား၊ နောင့်တူသွားသော်၊
သနားဘွယ်သာ၊ မယ်မပါ၍၊ ရွှေကြာပုံမွှန်း၊ ရေမှာ
ကျွန်းသို့၊ လွမ်းပန်းဆင့်ကုံး၊ နေ့တိုင်းရှုံးလျက်၊ တက်ပြီး
ရေသား၊ ငါး-ငါးကြင်းဆန်၊ တောင်လေပြန်ကာ၊ သကြန်
အတာ၊ သို့သောခါဝယ်၊ သီတာယဉ်ရှင်၊ ထက်ဝန်း
ကျင်လည်း၊ ကေသျှင်ခြစည်း၊ *စုလည်းရွှေသြောက်၊
မြိတ်ခေါက်,မြိတ်လွတ်၊ လုံးပတ်ရစ်ဆင်၊ ဆံကျင်ရောင်
တောက်၊ ကျိုင်းသစ်အောက်ဝယ်၊ ကြူးမြွှောက် စံကျင်း၊
ရေလုံးလင်းမျှ၊ နဝင်းမြစ်လုံး၊ ပိတ်လျက်ဖုံး၍၊ ပတ်ကုံး
ဦးစီ၊ တက်ပြိုင်ချိုက၊ ပည်းညီပြိုင်လှိုင်း၊ အဆိုင်းဆိုင်း
သည်။ ။**နေ့တိုင်းရှင်တော် မူလိမ့်မည်။**

---

## (၁၅၁) မယ်ဘွဲ့-ရတု

**၁။ လိုက်ပါလှည့်လော့၊ ခေါ်မည့်သောတွေ၊** ဇမ္ဗူ
မြေဝယ်၊ သရေခေတ္တ၊ ကျော်စောလှသား၊ ပြည်များ
ထွတ်ချာ၊ နောင်တို့မှာမူ၊ သာယာစည်ပန်း၊ ရပ်သဏ္ဍာန်
ကား၊ ရွှေ,သန့်,ဆောင်းလ၊ ဟူသမျှလည်း၊ မြမြရိပ်စဉ်၊
ခက်ကျိုင်းယှဉ်သား၊ ဥယျာဉ်အုန်း,ထန်း၊ သစ်သီး
ပန်းနှင့်၊ လှလွန်းကုံးစီ၊ ဆွတ်၍သီသို့၊ လုံးညီမခြစ်၊
မြစ်လည်းရော၊ လက်ယာရစ်ပေါင်း၊ နဝင်းချောင်းနှင့်၊

---

* စုလည်း-ကား၊ ပေါရာဏ၊ "ဆံထုံး" ဟုလို၊
ပေါရာဏကထာလင်္ကာသစ်တွင် "ဆံထုံးစုလည်း၊
ရိုက်ကြည်းချော်ပိန်း" ဟုစပ်ဆိုသည်။



သံသြောင်းတွန်ထူး၊ ငှက်တိကျူးသား၊ ဖိုဦးရှုပြ၊ မဠူ
တန့်ကြည်း၊ ရှုဘွယ်ပည်းမျှ၊ ဆွေနည်း မြာညက်၊
ကျွမ်းယှဉ်ဘက်သည်။ ။**လှည့်ဖျက်ခေါ်မလျှောက်
တကား။**

၂။ **ကြိုက်ရာကြည့်လော့၊** မိုးရှည့်ထိနိုး၊ ဖိုးခေါင်
ရိုးဝယ်၊ ပုဆိုးလုံးညီ၊ စေတီ,လိုဏ်ခေါင်း၊ ဂူ,ကျောင်း,
ဥမင်၊ ပည်းမွမ်းဖြင်မျှ၊ မြင်ထင်မြင်မိ၊ ထွန်းညီလျှံလင်း၊
ကြက်တင်းစကားပင်းဘုရားနှင့်၊ သုံးပါးအနှစ်၊ တည်ရာ
ဖြစ်သည်၊ ကန်သစ်ဦးရေ၊ ကြည်မောတွေနှင့်၊ ရွှေ,သန့်,
ဆောင်းမြေ၊ သာမျိုးစေ့သည်၊ ရသွေ့ တည်တောင်၊
ပြည်တိုင့် အောင်လျှင်၊ ရောင်ရောင် မောင်းမောင်း၊
မွေတော်ပေါင်းနှင့်၊ တန်ဆောင်းဝိဟာ၊ ကျောင်းတော်
သာကို၊ လိုက်ပါလှည့်ဦး၊ တုစုံဖူးဖိမ့်၊ တိမ်ဦးမိုးခေါင်၊
တပြောင်ပြောင်နှင့်၊ မြူမှောင်မရိပ်၊ မြူလယ်ထိပ်ဝယ်၊
ချိပ်ချိပ်မြေးတည့်၊ ထွန်းလင်း၏သို့၊ နှိုင်းရှည့်မမြင်၊
မြသီထင်လည်း၊ ကောင်းကင်ထိအောင်၊ လျှံဝါပြောင်
သည်။ ။**ရွှေရောင်ရှ မပေါက်တကား။**

၃။ **မြိုက်လှာမြည်လော့၊** ချွတ်လှည့်သူအား၊ ထေရ်
မြတ်ဖျားနှင့်၊ ဘုရား,ကျောင်း,ကန်၊ သာမျိုးလွန်သည်၊
တမ်းခွန်မှန်ကင်း၊ လျှပ်သို့ဝင်းမျှ၊ နှိုင်းခင်းမခြော်၊ ရွှေ
ကျောင်းတော်နှင့်၊ ရွှေလှော်ရုပ်ဆန်း။ ရွှေတိဘွန်းသား၊
ဘုန်းတန်းကြီးစွာ၊ သောကြမာနှင့်၊ ချကာ ရံဝိုက်၊
ငှက်သိုက်မာန်အောင်၊ ရွှေတောင်ဂီဝါ၊ ရေးရာခဲလျှင်း၊
ရွှေမြို့တွင်းဝယ်၊ ဝင်းဝင်းညီးညီး၊ ဘိတ်ဘိတ် စီမှု၊

ကျောင်းကြီးပြာသာဒ်၊ကြက်လှတ်ဂူပြောက်၊ဘုရားပေါက်ကျောင်းငယ်၊ ခြောက်သွယ်ရောင်ပြေး၊ ကျောင်းဆေးရေးမှုရွှေ၊ကျော်စောနှံ့ကြား၊ကောင်းဘုရားနှင့်၊မင်းသားမည်ရင်း၊ အတွင်းရွှေဂူ၊ ပြင်ရွှေဂူကာ၊မြင်မီစသာ၊ပြာမြနတ်ဆွယ်၊ စံပယ်ပုံ့ပျူး၊ ဖူးလှည့်စိုးမင်း၊ လွှတ်တုကင်းသား၊မင်းလည်းတွတ်ဖျား၊စောတရားနှင့်၊သကြားတည်နေ၊ ခြောက်ဘုံကြွေသို့၊ သရေခေတ္တရာ၊ သို့ပင်သာသည်။ **။ယိမ်းကာခနိဗ္ဗာန် ရောက်တကာ။**

---

## (၁၅၂) မယ်ဘွဲ့-ရတု

၁။ **သာကြည်ရှင်မျော်**၊ အောက်မေ့သော်လည်း၊ မနော်နတ်ဆင်း၊ဘော်သားချင်းတို့၊သက်နှင်းစုံမျှ၊ဝေချင်လှ၏၊သံပခန့်ရွှယ်၊အကာယ်ကယ်သို့၊မယ့်နှယ်ဝမ်းမှာ၊ မှတ်တုံပါစို့၊မေတ္တာထုံးထုံး၊ သက်ထက်ဆုံးလျှင်၊နှလုံးနေကျ၊သို့ကိုမှတည့်၊ထိန်းယရွှေအုပ်၊ ရုံကိုယ်လုပ်နှင့်၊ ကျွန်ုပ်ဆောက်တည်၊ နိဗ္ဗာန်ရည်၍၊ ငါးမည်ပဉ္စ၊ စောင့်သီလနှင့်၊ ဓမ္မရှေးကျိုး၊ဆော်နှိုးပါစေ၊ ရဲးတင်းနေရှင့်၊ သမြေမခ္ဓူ၊ ကျွန်းလုံးသူလည်း၊ မယ့်တူဆိုတမ်း၊ မေတ္တာမွှမ်း၍၊ ရှင်ဝမ်းညွှတ်ခွေ၊ ရှိပါလေစို့၊ မှတ်နေမြဲးမြဲ၊ဝမ်းထဲးကြသည်။ **။ဆင်ပျံဆဒ္ဒန်သခင်ကို။**

၂။ **လာမည်ထင်မျှော်**၊အောက်မေ့ သော်လည်း၊ မှုးမော်ယောင်ယမ်း၊ နေ့တိုင်း တမ်းလျက်၊ မေးစမ်းတင်းနာ၊ နေ့ရက်ကြာခန့်၊ နှိုင်းရာထပ်ဆင့်၊ ခါမမြင့်လည်း၊ အတင့်အတယ်၊ မနေဘွယ်တည့်၊ ရိုးနွယ်



ကောင်းမြတ်၊မှူးမတ်ရည်တူ၊ ကြီးရွယ်ချူလည်း၊ ဆံမြူမတိတ်၊ မယ်တို့စိတ်ကား၊ရေဘိတ်မယို၊ သို့သည်ကိုဟု၊ မြွက်ဆိုဆံခြမ်း၊မတမ်း-စပါ၊ပညာချိုးလက်၊တိုင်တည့်လျက်တည့်၊ အိပ်မက်မျှလျှင်၊ မထင်ချင်ခဲ့၊ ညက်စင်ဖြူပြာ၊ ဘော်တကာဝယ်၊ မယ်သာကြိုက်မိ၊ တန်းခိုးရှိသည်၊ သိရိစမ္မာ၊ ကျိုင်းရောင်မြကို၊ မြင်ရသည်ထားနားမျှ လေသံ၊ သတင်းပုံ့က၊ ဘယ်နံ့တဖန်၊ ပျော်ရမှန်ဟု၊ ပွင့်ရန်နတ်လူ၊ နှုတ်ငြင်းထူသည်။ **။နေတူစက်ဝှန် အသွင်ကို။**

၃။ **တာရှည်ကြင်ဘော်**၊မမြင်သော်လည်း၊မှုးမော်မိန်းပြတ်၊မနေတတ်ခဲ့၊ အတွတ်တန်ဆောင်၊ စိမ်းရောင်မမြိုက်၊ ဘက်ညွှန့်ကိုက်နှင့်၊ သိန်းထိုက်အင်္ဂျီ၊ ဝတ်နီထွေပြား၊ တခြားဘက်ရန်၊ သိန်းတန်ပုဆိုး၊ မင်းဝတ်ရိုးတိ၊တင့်နှိုးခေါင်းချုပ်၊ ပန်းပေါင်းထုပ်နှင့်၊ မျက်သုပ်ရောင်ထုင်၊ မြကုံးဆင်၍၊ နံ့ရှင်ပုံ့ဧး၊ ကြိုင်ကြိုင်မွှေးသား၊ နှီးဝေးလေသွန်၊ သရကွန်ကို၊ လိမ်းဟန်သတ်ဖြည်း၊ပန်းစည်းမခ္ဓူ၊ပန်တော်မူ၍၊နေတူထွန်းညီး၊ တန်ခိုးကြီးလည်း၊ ရွှေထီးပွင့်ဝင်း၊ သခင် ရင်းလျှင်၊ ကျွန်းတွင်းဇမ္ဗူ၊ ထိန့်ဆူကျော်လှိုက်၊ *ဝဲ့တင်ရိုက်မျှ၊

---

* 'တ'ဝမ်းပူနှင့်-ဝဲ့တင်-ဟူ၍ ငှင်း၊ 'ထ'ဆင်ထူးနှင့်-ဝဲ့တင်-ဟူ၍ ငှင်း နှစ်မျိုးပင်ပညာရှိတို့စင်ဆိုကြသည်။ ။အိမ်ရှေ့လက်ထက်-ဟု အစရှိသောမင်းရဲ့ဦးဗွေးချင်းတွင် ''တောတောင် ကိုင်းကျွန်း၊ ရိုက်မွှန်းသံထင်၊ဝဲ့တင်ထင်မော''ဟူ၍''ဝဲ့တင်'' ဟု'တ'ဝမ်းပူနှင့် ခွဲထားစင်ဆိုသည်။ ။ဖြင့်ပေါ်

မကိုင်ရှောင်ခြည်၊ စကြာလည်သား၊ ယင်းသည်မင်း
လျာ၊ဖူးတွေ့ခါမှ၊ လေသာဖြည်းဖြူး၊ လဒ္ဓူးပတ်လည်၊
ငါးစည်တည်နှင့်၊သာသည်ရိပ်ငြိမ်၊ ခန်းကျယ်အိမ်နိုက်၊
တင်းထိမ်ရံထောင်၊ ပိတ်စောင်ဖြန့်ကြက်၊ သလွန်
ထက်ဝယ်၊ တူစက်လျောင်းရွှေ့၊ ရှင်ပျော်လေ့ကို၊
အောက်မေ့တ-ရှူ၊ ရောက်ဆုယူသည်။ ။**ရည်တူဘက်
ရန် မထင်ကို။**

---

## (၁၅၃) မယ်ဘွဲ့-ရတု

၁။ **အသက်နှင့်သာ၊** ဆယ်ခါဆက်ရှည်၊ မျှတော့
သည်ဟု၊ မြရည်ဘုန်းမော့၊ ဆိုသရွှေကို၊ အောက်မေ့
ယူကျုံး၊ဘယ်မှာဆုံးအုံ၊ဂုလိုးစည်းခုံ၊ထိပ်ခြီးမြောက်ရှိ၊
စေတီမုဋ္ဌော၊ ဖြင်ပေါ်မကြွင်း၊ မြို့တွင်း,မြို့ပြင်၊ မြင်မြင်
သမျှ၊မောယမလွတ်၊ နတ်လည်းမကျန်၊ ကျိန်မျိုးလွန်မှ၊
ယုတ်ချန့်မေတ္တာ၊ နောင့်မြဲဝါသည်။ ။**သစ္စာမတော်
လှည့်တကား။**

၂။ **မတွက်ချင့်သာ၊** နောင့်ဗျာပါကို၊ မဟာမုနိ၊
မြတ်ဘုန်းရှိလျှင်၊ သိဘိမ်ကျွန့်၊ ရှင်တော်ဉာဏ်ဖြင့်၊
ကောန်ကျကျ၊ ဟောပါမှတည့်၊ စိတ်စ-မသတ်၊ နေတို့
တတ်၏၊ ချင့်မှတ်တွေးယူ၊ ပမာမူကား၊ တိမ်မြူမစွန်း၊

---

ကုဋ္ဌေ-ဟု အစချီသော မင်းတရား ရွှေထီးဆေးချင်း
ဟောဘိုးတွင် "မင်းထွက်မင်းဝင်၊ မော်ကွန်းတင်
သား၊ ဝဲ့ထင်ရိုက်ခြောင်း" ဟူ၍ "ဝဲ့ထင်"ဟု
'ထ'ဆင့်ထွေးနှင့် ခွဲထားစပ်ဆိုသည်တိုကို ထောက်
၍ (ဝဲ့တင်=ဝဲ့ထင်) နှစ်ချက်သင့်ဟု ယူရန်ရှိသည်။



ထက်ဝန်းမှိုင်းအုပ်၊ ရွာရုပ်ရုပ်နှင့်၊ ကျွန်ုပ်မယ့်ဆီ၊
ရောက်တန်ပြီလျက်၊ ဗီဗီမလာ၊မရွာထစ်ကြိုး၊ အုံ့သည်
မိုးသို့၊ သမ်းညှိုးခစင့်ါ၊ နောင့်မတ် လျာသည်။ ။
**မေတ္တာမဖျော် ဖြည့်တကား။**

၃။ **တချက်ဖြင့်သာ၊**ကျွန်ုပ်မှာကို၊သည်လျာမွေးမိ၊
ယုံပါဘိဟု၊ရွယ်ရိုကျိုင်းညို၊ သံချိုမြမြ၊ ဆိုမြွက်ဟသော်၊
နေကျပြတ်ပြတ်၊ မှတ်မိချေရှင့်၊ ထွေထွေပြားပြား၊
မုန်းထားတွန့်တို၊ သူ့လိုကြင်ညှန့်၊ ပွားဖြန့်ဝေခွဲ၊
မတော်ဘဲနှင့်၊ မြဲမ်းရွယ်သစ်၊ ကျင့်သည်ဖြစ်ကို၊
မြစ်လော့ရှင်ရင်း၊ သုံးလူ့မင်းလျှင်၊ ဘန်ဆင်းမကြာ၊
ဖြည့်ကောင်းပါလျက်၊ ဘွေရှာယှင်၊ ဆဲတမျှင်မျှ၊
ပြစ်တင်စရာ၊ သန့်ရှင်း စွာသည်။ ။**မြစ်ခွါ မလျော်
၏ တကား။**

---

## (၁၅၄) မယ်ဘွဲ့-ရတု

၁။ **စိတ်ညွှတ်ကြည်စွာ၊** စေတနာနှင့်၊ ခြင်းရာ
စောင့်စည်း၊ ကြင်ဘွယ်ချည်းတီ၊ သိပ်သည်းချေင်၊
သိုးရွေ့ရံလျက်၊ ညယ်ငြိမ့်နေ၊ ရှင်ခေတော့်မွေကို၊ ရှိသေ
ကြည်ဖြူ၊ ဖူးတော်မူက၊ နတ်ဟူထင်ခင်း၊ တွေးကြ
ခြင်းလိမ့်၊ သလင်းပုလဲ၊ ရဲရဲဖြူရောင်၊ ချယ်မြှောင်
သင့်မော၊ ထိုးချောကျစ်လျစ်၊စုလည်းသစ်နှင့်၊သည်နှစ်
သဘင်၊ ဖြစ်ရက်တွင်နိုက်၊ မထင်သွယ်ဖြူ၊ ငြိမ်တော့
သည်။ ။**မည်သူမရှည် လွှတ်လေ၏။**

၂။ **မြိတ်လွှတ်ရှည်လှာ၊** ဆဲကောသာလည်း၊ ပမာ
မြသို့၊ ဖြူမြိတ်ရို့နှင့်၊ သွယ်ညို့ခွေချ၊ ဖြူဆွဲလှမ်းထပ်၊

ပိတ်လှုပ်ဖြေစုံ၊ လှုနိုတို့နှင့်၊ အာရုံတော်လျှ၊နေမှုမှုဝယ်၊ ဖြင့်ရသည့်၊ လူတို့စိတ်ဝမ်း၊ ရေ့နှယ်ချမ်း၍၊ ရွှမ်းရွှမ်း သရေ၊ ရှုလေလေတည့်၊ မြူတေကျစ်လျစ်၊ ငယ်သည် ဖြစ်ကို၊ ကျိုးပြစ်ရောက်ကာ၊ မယုံရာတည့်၊ နောင်သာ စုံမက်၊ တသက်သက်သည်။ ။**ရှုလျက်မိန်းကြည့် ညွှတ်ခွေ၏**။

၃။ **ကျိတ်မှတ်ရည်ကာ**၊ ဖူးချင်ခွာလည်း၊ ကြိုကာ တုံ့တည်၊တွေလည်ခဲ့အင်၊သည်သခင်ကြောင့်၊ဘယ်တွင် ဖြေဖြည့်၊ နေနိုင်လှည့်ချိန့်၊ ကြိုးမည့်ဖြစ်ကို၊ ကြွင်းမဲ့ ဆိုလည်း၊ ပြာညိုငြိမ့်လေး၊ ငယ်လွန်းသေး၍၊ ကြုံတွေး နှစ်ပါး၊ ဝိုးတဝါးလျှင်၊ ရှည်လျားမပြောင်း၊ ကြင်ပေ ကောင်းသား၊ဖြားယောင်းခေါ်စိုက်၊ရှုမျှော်လိုက်သော်၊ ငြိုင်ထိုက်-မထင်၊ သည်သခင်လျှင်၊ မြေပြင်တဝန်း၊ တုလွတ်ကျွန်းသည်။ ။**မော်ကွန်းစံပြည့် ထွတ်နေ၏**။

---

## (၁၅၅) မယ်အွဲ-ရတု

၁။ **သနားဝေချင်**၊ လျှောက်ဦးတင်ပိမ့်၊ တိုင်းခွင် ရပ်စည်၊ ပြည်၏သနစ်၊ သာသည့်ဖြစ်ကား၊ စီးရစ်ယဉ် တွေ၊ ရေကားမြို့နောက်၊ မြောက်ကား-လယ်တာ၊ ရွာကားပတ်ဝန်း၊ သီး,ဘုန်း,ထန်းနှင့်၊ သာလွန်း ရိပ်မြိုင်၊ ခက်ချင်းဆိုင်၍၊ ဦးကိုင်နဂိုရ်၊ မြင်းမိုရ်ပမာ၊ ပြည်ထွတ်ချာကား၊ သာယာစလှည့်၊ ပျော်ဘွယ်ပြည့်၏၊ ယင်းသည့်အာပ၊ သိဂ်နိုတုံ၊ စည်းခုံပုထိုး၊ ရိုကျိုးသဒ္ဓါ၊ ကြည်ဘွယ်သာတည့်နိုင်းရာနတ်တူ၊ သွယ်နွဲ့ဖြူသည်။ ။ **အတူကြွတော် မူပါလှည့်**။



၂။ **အမျှားပေပင်**၊ ကျော်စောလျှင်သား၊ မြင်ထင် မည်ရင်း၊ ကြက်တင်းရှင်ပင်၊ သခင်ငါးဆူ၊ နေတူထွန်း ပေ၊ သံတော်ရှင်ချစ်၊ ကန်သစ်ဦးရေ၊ မြည့်လျှံဝေမျှ၊ ဖန်ခွေမခန်း၊ ပန်းလည်းပျံ့ကြိုင်၊ ကြာမျိုးလှိုင်၏၊ နှိုင်းပြိုင်မဘက်၊ မြို့လယ်ချက်နှိက်၊ ပြိုးပြက်ရောင်ထင်၊ နန်းဘုံပြင်ဝယ်၊ သဘင်ညီတွေ၊ ကချေသံညွှင်း၊ ဒုံမင်း, မြှောက်စည်၊ တံရှည်တုလောင်၊ ဆောင်ယောင်မကြွင်း၊ မင်း၏ ရတု၊ သာပေါင်းစုကို၊ ရှုသော်မရှား၊ ရေသော် များ၏၊ မြလားသက်နှံ၊ မျိုးမြတ်စံလျှင်၊ နှစ်ကြိမ်ခွ၊ အတူကြွ၍။ ။**ဒွာနရှုတော် မူပါလှည့်**။

၃။ **မအားမြေပြင်**၊ ပည်းမွှမ်းဖြင်မျှ၊ ရှုအင်မညီး၊ အဖြိုးဖြိုးလျှင်၊လုံးမိုးနည်းတတ်၊ရွှေသူမြတ်တို့၊ ရှိညွှတ် သဒ္ဓါ၊ နိဗ္ဗာန်ရှာ၏၊ နရာဒိဗ္ဗ၊ တေဇထွန်းပြောင်၊ ခင့်ဆွေမောင်လျှင်၊ ပ-ရောင်လျှံထွန်း၊ ဥကင်နန်းဝယ်၊ ပတ်ဝန်းမိသီ၊ မတ်ပေါင်းရံလျက်၊ ကျိုးနွံမျှားစည်၊ တောင်ရှည်နဝင်း၊သားခြင်းပျော်ပါး၊ဘုရားနှင့်ကျောင်း၊ လိုက်ခေါင်း,ဥမင်၊ ရေသော်ဖြင်၏၊ ရောင်တင်ထွန်း မြောက်၊ ရွှေတောင်ပေါက်သို့၊ ပျော်လောက်လှစွာ၊ တို့ရပ်ရွာသို့၊ လိုက်ပါလှည့်ဦး၊ အတုဖူး၍၊ ။**ရွှင်မြူး ကျွတ်တော် မူပါလှည့်**။

---

## (၁၅၆) စစ်-ရတု

၁။ **ဓါလည်သဘင်**၊ နွေသစ်ဆင်၍၊ မင်းလွှင် ရွှေဆော်၊ နှစ်ဦးပေါ်ကာ၊ ရှုပျော်ဘွယ်သာ၊ အတာရက် စွန်း၊ ရတုဆန်းသော်၊ ရွှေနန်းဘုံမြေ၊ ခေတ္တနေသား၊

ပြာခြေရောင်နုဘော်တစုတို့၊ ရှင်မှုညွတ်ကြည်၊ ရွှေရည်
ဖျန်းလူး၊ကမ္ဗြူးပည်းဖြင်၊ လှေ့လျှင်လှော်မြတ်၊တက်ပြိုင်
သတ်၍၊ မွေခေါက်ရတနာ၊ ရှိရာရာကို၊ မြူးလှာသင်းပျံ့၊
ရန့်ကြိုင်လှောင်း၊ ဆုပန်ခတောင်းလျက်၊ သွန်းလောင်း
ညောင်ရေ၊ ကဆုန်ခွေဝယ်၊ လှူပေပတ်ရစ်၊ သာသည့်
ဖြစ်ကို၊ မျိုးချစ်ငယ်ဘော်၊ ကျွန်ုပ်မြော်က၊ မြေဖျော်
မတတ်၊ ခွေခွေညွတ်မျှ၊ ရဲးထွတ်ငယ်သူ၊ ရောက်ဘိမူဟု၊
တ-ရှူလှည့်ကာ၊မတ်ကြီးလျှာသည်။ ။သူ့မှာမျှော်တိ
လေတော့သည်။

၂။ ပြာခြည်အသွင်၊ ခုဉပင်တည့်၊ ရှိချင်လေလေ၊ ရွက်ဟောင်းကြွေ၍၊ ငုံပြေမြွာဆင့်၊ ပန်းစုံပွင့်လျက်၊ ခါသင့်နှစ်လည်၊ ရွှေရည်ညီးညီး၊ စက်လျှံမီးသို့၊ ဝေးနီးပျံ့ကြိုင်၊တောလုံးလှိုင်မျှ၊ပွင့်ခိုင်ကင်းစင်၊ရှုဘွယ် မြင်က၊ မရှင်မျှော်ကိုး၊ တညှိုးညှိုးလျှင်၊ သည်မျိုး စွန်းခေါင်၊ ဆွေသည့်နှောင်ကို၊ မြင့်အောင်မနေ၊ ပြန် လျှင်စေဟု၊ ညောင်ရေမဥ္စူ၊ ရည်၍လှူသည်၊ ဆံခြူရိပ် ခြည်၊ ရောက်မည်သုံ့သို့၊ လေမပျံ့ခဲ့၊ မခံ့ဗျာပါ၊စစ်မြေ တာဝယ်၊အိသာကျန်းတော၊ လေစေသောဟု၊ သဘော မြတ်နိုး၊ လက်စုံမိုးလျက်၊ တန်းခိုးထွန်းထင်၊ မြတ်ဆံ ရှင်ဝယ်၊ ကြည်လင်သဒ္ဓါ၊ တောင်းပန်ထွာသည်။ ။ ဆုသာဘော်ညို ပေတော့သည်။

၃။ ကြာမည်မထင်၊ သူ့ရပ်ခွင်ဝယ်၊ ဆောလျှင်
ဖူးခက်၊ ကျူးချက်မခန့်၊ လွှမ်းပြန့်သောတွေ၊ မဖြစ်စေ
ဟု၊ မင်းခြေမြရည်၊ မှာခဲ့သည်ကြောင့်၊ နှုတ်ခြည်
ဘောက်လှဲး၊ မမှန်ဘဲးလျှင်၊ ဆီးဆဲကြွေစ၊ ဆောင်း



စွန်ကာပင်၊ ရွှေရင်ငုံ့ညောင်း၊ တပေါင်းကုန်ကျူး၊ အ
တာကူးလည်း၊ မဖူးမလာ၊မေတ္တာသွေးဖင့်၊ သူနှင့်ကြင်
လည်၊ကျွမ်းလေသည့်လော၊ဖြေဆည်စကား၊ ဆောင်း
ပါးစာခွေ၊ကျွန်သာစေ၍၊ သက်ဝေကျိုင်းထွတ်၊ နေ့တို့
တတ်ခဲ့၊ သူမြတ်ဆုယူ၊ မယ်တမူကား၊ သည်းအူညွတ်
ပျောင်း၊ မလွှမ်းတောင်းတည့်၊ စုံပေါင်းရွှေဘော်၊မျော်
လည်းမတည်၊ မူးမော်လည်မျှ၊ မျက်ခြည် ဝေဆာ၊
နှောင်သို့သာသည်။ ။ရှုရာမျှော်မိ ချေတော့သည်။

---

## (၁၅၇) ရင်းအလိုက်-စစ်ရတု

၁။ သဘင်ခေါလည်၊တန်းခူးမည်က၊ နန်းတည်ဘုံ
မြေ၊ ခေတ္တနေသည်၊ ဘော်ရွှေငယ်ချင်း၊ သွင်နတ်ဆင်း
သို့၊ရွှေဝင်းပျံ့မွှန်း၊ ကြီးဖျန်းသာရှင်၊ လှေ့လျှင်လှော်ညီ၊
တက်ပြိုင်ချီ၍၊ မွေပြီခေါက်ပုံ၊ ရှင်တော်စုံဝယ်၊ ပွင့်ငုံ
ခက်ဖြာ၊ မြူတာသင်းပျံ့၊ရန့်ထုံရည်၊မည်သည်မကျန်၊
သာမောဟန်ကို၊ ကျူးလွန်တွေတွေ၊ မြော်မိလေက၊
ရဲးနေမတ်လျှာ၊ မရောက်လှာဟု၊ မျှော်ကာ သံညှင်း၊
တ-လိမ့်ခြင်းကို၊ မကြွင်းဆံရှိ၊ ကျွန်ုပ်သိ၏၊ မိုးထိလှူ
ကာ၊လွှမ်းဗျာပါသည်။ ။သူ့မှာမျှော်မည် ဝေးတော့
သည်။

၂။ အသွင်ပြာခြည်၊ ပြောင်းမှုနည်းနှင့်၊ မြရည်
မချိပ်၊ ပြာရိပ်လိုလို၊ မည်း,ညိုလှည့်ရစ်၊ ကြွေး၍ဟစ်
သော်၊ ရွှေနှစ်စဲးစဲး၊ ရဲးရဲးပွင့်တံ၊ စက်မီးလျှံသို့၊ ညီးပုံ
ကြိုင်လွှင့်၊ တောလုံး တင့်လျက်၊ သီးပွင့် ရင့်ဆိုင်၊
လွှမ်းဘွယ်ပြိုင်က၊ မနိုင်တားဆည်၊ ပျောင်းမှုနည်းနှင့်၊

ချမ်းကြည်ပျံ့ကြူ၊ ညောင်ရေလှူလည်း၊ တ-ရှည်းမြိန်း၊ စစ်တဲ့ခန်းဝယ်၊ အိကျန်းသာမော၊ ဖြစ်စေသောဟု၊ နွဲ့ချောပြာခြေ၊ ဘုံထွတ်နေတို့၊ တွက်ရေညှိုးငယ် ကောင်းသည့်နှယ်လျှင်၊ ညွန့်သွယ်လန်းလန်း၊ ငုံသွန်း ဖြာရှည့်၊ ခိုင်ပြည့်သီရိုး၊ မဉ္ဇူကုံးနှင့်၊ ချစ်ထုံးရစ်နှောင်၊ ဖူးလွယ်အောင်ဟု၊ ရည်စောင်ညီညာ၊ တောင်းပန် ထွာသည်။ ။**ဆုသာတော်ရည် တွေးတော့သည်။**

၃။ **မထင်ကြာမည်၊** သူ့ရပ်ပြည်ဝယ်၊ တာရှည် မမြင့်၊ လွမ်းခွင့်ညွန့်ရှက်၊ ကိုးရှက်ဝင်းပြောင်၊ ပုစဉ်း တောင်သို့၊ ဆိုယောင်စုံမက်၊ တ-လျက်ခေါ်ခိုက်၊ သွယ် ဝိုက်ရှုန်းရှုန်း၊ နေ့တိုင်းလွမ်းလျက်၊ ဆောင်းချမ်းစဲး လွန်၊ တောင်မြန် လေညောင်း၊ တပေါင်း လွန်လစ်၊ တန်းခူးဖြစ်က၊ နှုတ်သစ် ဖော်တွေ၊ ချစ်ပ-ဖြေဟု၊ ကြာလေနိုးပင်၊ သူ့နှယ်ထင်၍၊ ညီစင်ပြာခြည်၊ မျက် တော်ရည်က၊ ခက်သည်ဘို့ရန်၊ မင်းမှုဝန်ကြောင့်၊ စေ ကျွန်မနား၊ ခေါ်က်များ ရုံကြောက်၊ စာနှင့်လျှောက် လည်း၊ မနှောက်မျက်ခြည်၊ ဆောက်တည် မတတ်၊ တိမ်းညွှတ်ဘွေ့ရှာ၊မယ်သို့သာသည်။ ။**ရှုရာမျှော်လည် မေးတော့သည်။**

---

(၁၅၈) -စစ်ရတု

၁။ **ဆောင်းနှင့်နွေလျှင်၊** မဝေချမ်းကြ၊ နည်းများ မျှလျက်၊ ညကားချမ်းမြေ့၊ နေ့ကားမြူခြည်၊ လေပြည် မထန်၊ တောင်မြန် ခြောက်လှို့၊ အုံ့အုံ့ ဆင်တုံ၊ ရောင်စုံနေလ၊ ပ-တုံငိုးဝင်း၊ သာခြင်းဆန်းကြယ်၊ ရတု



ဝယ်နိုက်၊နှိုင်းဆွယ်တုလွှတ်၊ ရဲးတမွတ်ကို၊ လွမ်းဆွတ် ဈာပါ၊ ရှိအောင်ရှာသို့၊ အခါချိန်တန်၊ ပွင့်ဖြိုးရန် သည်။ ။**ပန်းမာလ်ရာသီ သီးခဲ့ပြီ။**

၂။ **ညောင်းရင့်ကြွေစင်၊** ရော်ရွက်ကျင်၍၊ ညွန့် ရှင်ကြီ့ကြီ့၊ စည်ထွန်းဖွံ့က၊အနှံ့အပြား၊ရွက်စိမ်းကြား ဝယ်၊ စကား အနန်း၊ ဒန်းလည်းဆွဆွ၊ မိုးကိုခ၍၊ လကားသရစ်၊ ကြုံးထစ်ရင့်ကြွေး၊ တခြေးခြေးလျှင်၊ ခွေးခွေးဝါဝါ၊ပြာပျာညိုညို၊ဖြူလိုချယ်ဆင့်၊ မိုးလုံးတင့် က၊ အခွင့်ရောက်ငိုး၊ ရှုဖြိုးချော်ဆွတ်၊ မညွတ်ပျောင်း ယောင်၊ တုံ့အောင်ချုပ်လျက်၊ ပြိုက်ရှမ်းစက်သည်။ ။ **အုံးထက်လျောင်းမှို မှိုးခဲ့ပြီ။**

၃။ **ပေါင်းခွင့်ရွှေရင်၊** နွေကြွင်းစင်၍၊ ဝါဝင်မည် ခန့်၊ ရာသီညွန့်က၊ မတန့်ချုပ်ဆည်၊ သီမှုးလည်မျှ၊ ချီသည်စ-ရက်၊ ရေခန့်တွက်သော်၊ ရှုလျက်ရောက်ဆီ၊ ကျန်းအိမရှိ၊ ပျောင်းရိမရှင်၊ နေ့စဉ်တွင်နှိုက်၊ ချီတင် သိုက်ယူ၊ အတုသာကြည်၊တွန့်မြည်ရင့်ရှု၊မြင်ဖြူမထွက်၊ ခွဲးကြစက်သည်။ ။**ကျေးငှက်လွမ်းညီ ငြိုးခဲ့ပြီ။**

---

(၁၅၉) စစ်-ရတု

၁။ **ကြာမောစွလေ၊** ရက်ကိုရေ၍၊ ရွှေမြေ ပြည်ထွက်၊စ-က-တွက်သော်၊ ခြောက်ချက်စုနစ်၊ ရှစ်သို့ တိုင်အောင်၊ ပတ်ကိုရှောင်လော့၊ တောင်ကားခုနစ်၊ ဆယ်နေရှစ်နှင့်၊ကင်းသစ်ငုံစ၊ပေါ်သမျှလည်း၊ကြွေကျ နွမ်းရှောက်၊ ဝတ်ဆံခြောက်၍၊ နှောင့်လျှောက်မယ့် ချည်း၊ ဝိုက်ဖြည်းခြိုရုံ၊ မလုံ့ရွှေရင်၊ မြင်ချင် မြင်ခဲး၊

*ပုလဲးတမူး၊ ပို့ပျူးစုံမက်၊ လျှောင်းစက် မတည်၊ ရှိမည်ကိုလည်း၊ အုသည်းပြတ်ကြွေ၊ သိလှလေလျက်၊ သံခြေမဟာ၊ ပိုက်ဖြားမသည်။ **။လေးလနွေရက် ခန့်တကာ။**

၂။ ပြာချောလှနေ၊ ထုံးသွယ်ကေလည်း၊ ဘိမြေမထိ၊ လျှော့တိုင်းရှိခဲ့၊ ပျောင်းအိညွတ်ခွေ၊ နောင့်ဖြစ်ထွေခု၊ လွန်လေစလှည့်၊ ဟုတ်ပေ၏ဟု၊ ချီမည့်မူးမူး၊ အနူးအညွတ်၊ မလွတ်သရွေ့၊ ချစ်ရွှေခွါပြေ၊ မသွားလေတည့်၊ ခွဲးဝတဝက်၊ ကိုယ့်အသက်ကို၊ စုလျက်ကြွင်းမဲ့၊ ထားချင်ခဲ့လျက်၊ ပျောင်းနွဲ့ကိုယ်ပြင်၊ နံ့ရှင်ပုပ္ပါးစွဲပါရချေ၊ ညနေလိမ်းထမ်း၊ သိပ်ပျံ့ရွှမ်းနှင့်၊ မန္တမ်းဝတ်စ၊ ထင်လှာပြသည်။ **။တွေးဆချေမက်လန့်တကာ။**

၃။ **ညာကြောမြဝေ**၊ ဝတ်ဆံရွှေတီ၊ ရှာဘွေဘက်ရန်၊ မဥ္ဇူဟာန်သို့၊ ရုံဖန်ရုံခါ၊ ယွင်းရာမဲ့ပြီ၊ ရွှေကြိုးသီ၍၊ သိင်္ဂီရောင်ဟုံ၊ ရွှေကြေးမှုံသို့၊ ရိပ်မြိုမျက်စိ၊ နောင့်မှာရှိ၍၊ ပြန်ဘိလာထွေ၊ သည်မှာပေတည့်၊ ခေါ်လေမထူး၊ ရူးမူးလှည့်တုံ၊ ဘယ်မှာလုံ၍၊ ထုံ့ထုံ့အုသည်း၊ ဖျော်လည်းမပြေ၊ သည်းကိုချွေသို့၊ ခါနွေတန်းခုး၊ ပြည့်မူးမူးဝယ်၊ မထူးဘဲးကို၊ မမက်

* ပုလဲးတမူး—ဟူသည်ကား-ပေါရာဏ၊ နှစ်သက်လေးမြွတ်သည်-ဟုလို၊ ဆုခတောင်းခန်းမျိုးတွင် ''နှစ်သက်မရဲး၊ ပုလဲးတမူး၊ အထူးသုတ်သင်''ဟု စပ်ဆိုသည်။



လိုဟု၊ ဇဟိုထိပ်ပွင့်၊ ဆန်းဘုံမြင့်ဝယ်၊ မရင့်လဲးစ၊ ထင်ယုယသည်။ **။မွေးပျှရွှေရက် ညှန့်တကာ။**

## (၁၆၀) စစ်-ရတု

၁။ **ကြာလေဘီခြင်း**၊ မိုးစဲးကြွင်းက၊ မိမင်းသက်မှတ်၊ ညှိလတ်မြရောင်၊ ဆွေသည့်နောင်လျှင်၊ ပြောင်ပြောင်ညီးညီး၊ စက်မီးအဆင်း၊ ဝင်းဝင်းပွင့်ပြိုင်၊ မတိုင်မီခင်၊ မြန်ချင်ဆွတ်လွတ်၊ တိမ်းညွတ် ဖန်များဆည်းတားမသာ၊ ရုံကာမငဲ့၊ တုံ့လေခဲ့ပြီ၊ မယ်တို့ဆီက၊ လက်ချီထိပ်ပြင်၊ ဖြိုးဖြိုးပင်တည့်၊ နတ်ရှင် နှောင်းမွေး၊ ရှည်ဝေးစကြာ၊ ချီလေရာသို့၊ ပွင့်လျာစားစား၊ တို့ထွတ်ထားကို၊ သနားသသူ၊ ဖြူသည်တို့က၊ လျှောက်ပါရဟု၊ ပြိုက်ကျညှိုးရော်၊ လွှန်မူး မော်သည်။ **။နားတော်လျှောက်ဘို့ သာပါလော။**

၂။ **ခါနွေထီသွင်း**၊ ဆောင်းတင်းတင်းဝယ်၊ ဆီးနှင်းငုပ်တွေး၊ သုံးပါးတွေး၍၊ အုံ့မှေးလိုလို၊ နေကိုလင့်မိုက်၊ ရွှေဆိုက်နောက်လျှမ်း၊ လေးပါးပြွမ်းသော်၊ အချမ်းအာပူ၊ မဟူစသာ၊ လှည့်ကာဝိုက်ဝဲး၊ ညှံ့စဲးမတန်၊ ထန်ထန်ရွှေရွှေ၊ ငိုးဝါးဝေခဲ့၊ မြောက်နေ့ဆီခွင်၊ ထိုတွင်ရှိဟန်၊ မလွှန်မတိုး၊ လွှမ်းသာပျိုးသည်။ **။ဖြိုးဖြိုးမြောက်သို့ ရှာပါလော။**

၃။ **ညာကြေညီဝင်း**၊ မြေလုံးလင်းမျှ၊ ကုန်းကျင်းမငြိ၊ အစိုအစုတ်၊ ကျေးနှုတ်အလား၊ စားစားမပေါ်၊ ရိပ်ရိပ်မျှော်က၊ ဘယ်ဆော်ညာလည်၊ လေပြည်မပေါင်း၊

ခြောင်းခြောင်းဝှန်တက်၊ သစ်ရွက်ကျပြန်၊*ဆဒ္ဒန် ဓွယ်
ဆင်၊ ပေါက်ကင်မီးသွေး၊ ပွေးနှင့်ဘိကျွ၊ ထွန်းမှုံးမှုံး
ဝယ်၊ ကိုယ်ထူးမပြေ၊ ရစ်ခွေတုံ့ပြန်၊ စာသဝန်နှင့်။ ။
**ယုံကျွန်ရောက်ပို့ လာပါလော။**

---

## (၁၆၁) စစ်-ရတု

၁။ **ရက်သန့်နွေလျှင်၊** ဆီးကြွေကျဖွဲ့၊နှင်းမိုးစဲးကာ၊
ရုံးခဲ့ဝင်းပြောင်၊ တောနှင့်တောင်လည်း၊ ညီအောင်ညာ
ရှည်၊ ထပ်လျှင်း၏သို့၊ ချော်မှည့်ရွက်ကြွေ၊ ဖြည်းသက်
လေနှင့်၊ စဲးငွေဖြူဝင်း၊ မြေတလင်းဝယ်၊ သက်နှင်းပုံ
လွှား၊ ပိတုန်းပျားတို့၊ ပျော်ပါးရှင့်ရွ၊ ဝတ်ရက်ယူ၍၊
မဥ္စူမြှေနှောင်း၊ ပွင့်သစ်လောင်းသည်။ ။**ပင်ညောင်း
ညောင်းနု စည်ပြန်သောဝ်။**

၂။ **ခက်ညွန့်ရွှေဝင်၊** ဆဲးဆဲးတွင်၍၊ စစ်ခွင်စုံပြား၊
မြိုင်ချောက်နားဝယ်၊ ထွားထွားဆံဝတ်၊ ပွင့်ကြွေလွှတ်
သော်၊ လွှင့်လတ်ရနံ့၊ တောလုံးပျံ့မျှ၊ မခံ့ဆီးတား၊
နှောင့်မူသားကို၊ သကြားသူဇာ၊ အစုံလာ၍၊ ဘန်လှာ
နိမိတ်၊ စိတ်နှင့်ညီထွေ၊ မချွတ်စေဟု၊ ချစ်နေခြတ်လေး၊
ပြည့်ဆုပေးသို့၊ ကြခရေးညံ့တောင်း၊ ဆင့်ပြန် လောင်း
သည်။ ။**သင်ပေါင်းပေါင်းဆု ရည်ညွန့်သောဝ်။**

---

* ဆဒ္ဒန်-ကား "ဆဒ္ဒန္တ" ဟုသောပါဠိမှ ပျက်လာ
သည်၊ အစွယ်၌ အရောင်ခြောက်ပါး ရှိသည့်ဆင်
ဟုလို၊ "ဆဗ္ဗည္ဗူ ဒန္တဝန္တတာယ ဆဒ္ဒန္တော" ဟု
အဘိဓာန်ဋီကာလာသည်ကိုထောက်၊



၃။ **သက်ခန့်ဝေချင်၊** ချစ်ထွတ်တင်ကို၊ သို့စင်ခေါ်
ဓိုက်၊ ရှုတကြိုက်ဝယ်၊ ရွှေကိုက်ရွှေလျှံ၊ရွှေရိုးတံတည့်၊
ညှာစံသဏ္ဌာ၊ ထွေတလာလျှင်၊ အာကာပုံဝဲ၊ မြရှင်ခွဲး
သို့၊ မြခဲ့နှိုင်းပြိုင်၊ မြဲးသီးခိုင်နှင့်၊ လေးဆိုင်ဝှန်ဝါ၊မြင်း
မိုရ်ချာနှိုက်၊ စုဋာတွင်မှတ်၊ ခပ်သိမ်းနတ်တို့၊ မပြတ်ရ
အောင်၊ တင်ရည်စောင်၍၊ ညီရောင်စံသင့်၊ ပြစ်မျိုးလွင့်
သား၊ သခင့်ကျွန်ချစ်၊ လွမ်းသည်ဖြစ်မူ၊ ခွေရစ် ဆင့်
လောင်း၊ ကြာသို့ပျောင်းသည်။ ။**ရှင်နှောင်းနှောင်းသူ့
သည်ရန်သောဝ်။**

---

## (၁၆၂) စစ်-ရတု

၁။ **လလဲးပြာသို၊** ကုံကိုပြောင်းဆဲး၊ နှစ်ပါးကွဲ၍၊
မိုးဖွဲ့၏သို့၊ ပိတ်ဆို့နေခြည်၊ ဝန်းလည်မပြေး၊ တောင်
မြောက်မြေး၍၊ ဆီးခသားနှင်းစ၊ သည်ကာလဝယ်၊
ချမ်းလှတီမော၊ လွမ်းသဘောဖြင့်၊ ပြာချောဖြစ်လွင့်၊
သခင့်နေရာ၊ ရပ်ဆီမှာလျှင်၊ နှင်းသာပည်းဖြင်၊ သည်
နှယ်ပင်သည်။ ။**ကျဆင်ပတ်လည် ဝေ့လိမ့်မည်။**

၂။ **မြခဲးကြာညို၊**ဆိုလည်းမမှား၊သားညံ့ထွားနှင့်၊
သနားနုနယ်၊ ပျိုသက်ရွယ်မူ၊ ချစ်သူကျွမ်းဝင်၊ လှတွင်
နတ်ပေ၊ ခန်းရဝေနှိုက်၊ မဖြေသို့ပင်၊ ဆံတောချင်ကို၊
လက်သင်လျှော့လျှည်း၊ အုံးမို့လည်းလျက်၊ အုသည်း
ညွတ်တိမ်း၊ပြောင်းယိမ်းမပျော်၊ နေကိုချော်၍၊သို့သော်
မင်းခြေ၊ သက်ဝေကြင်ရန်၊ ရောက်ချိန်တန်ဟု၊ ရုံဖန်

ဆိတည်း၊ မျှော်ကြည့်စဉ်တွင်၊ ရေးရေးထင်သည်။ ။ **လွှအင်နတ်ရည် နေလိမ့်မည်။**

၃။ **ဆကဲ့မှာဆို**သာချိမ်ချိန်မြွက်၊ ချိုးလက်ရေရွတ်၊ တတွတ်တွတ်လျှင်၊ မိန်းပြတ်မူးလည်၊ ဖြစ်ရသည်မှု၊ လေပြည်းမြေက်၊ တောင်ထက်လျှမ်းဆို့၊ မည်းညို့ဝေဝေ၊ နှင်းသာစွေ၍၊ ရင်ရွှေဘော်နည်း၊ မယ့်ချည်းမလုံ၊ ထည်ခြုံလွှမ်းထပ်၊ ရင်လပ်သည်နှင့်၊ နောင့်ကိုလင့်၍၊ မပွင့်သို့ပင်၊ ပြာညက်စင်သည်။ ။**ကြာ့သွင်ညွတ်ကြည် ခွေလိမ့်မည်။**

---

(၁၆၃) စစ်-ရတု

၁။ မလွှမ်းသသူ၊ လူလည်းစုံရာ၊ သည်အခါဝယ်၊ ရှိပါလိမ့်လော၊ သိချင်မောစွ၊ တောမှာကြည့်လည်း၊ တော၏ ရတု၊ သီးနုရွှမ်းပြင်း၊ မှည့်ဝင်း ပန်းမာလ်၊ မကျန်ငုံကင်း၊ ကြွင်းလိမ့်မထင်၊ ရွက်ကျင် ဆိုင်းဆိုင်း၊ ပင်တိုင်းထွန်းသစ်၊ ပုရစ်စီစ၊ မြရရတိ၊ ကျသည့်ရွက်လည်း၊ ဖြည်းသက်ဝေ့လည်၊ ရွှေရည်ထပ်မွမ်း၊ အရည်ရွှမ်းသို့၊ စိတ်ဝမ်းပို့ပျူး၊ ဥသြကြူးသည်။ ။**တန်းခူးတောင်လေ ဝန်းကာသောဝ်။**

၂။ **အချမ်းတမူ**၊ အပူရှင်ရှင်၊ သောခါတွင်နှိက်၊ ကောင်းကင် ထက်မှ၊ ကျလာသော့ထွေ၊ **သန့်ခေါင်**လေလည်း၊ ထွတ်ချွေသည်းအူ၊ **အချွေယူသို့**၊ ဆောင်းဟူသည်သာ၊ မလွန်ရာတည့်၊ မိုးမှာကြည့်လည်း၊ မိုး၏ သဘင်၊ တိမ်ပြင်သော်တာ၊ ကြတ္တိကာနှင့်၊ ပြည့်ခါ



ကသည်၊ *စိကြကုန်ကျွန်း၊ ဝိသာဆန်းခဲ့၊ ကြာလွှန်းရက်ဖြင်၊ သို့အောင်စင်ကို၊ မဂ္ဂင်ပျော်မွေ့၊ ရှာန့်ဖြင့်လှေ့သည်၊ ရသေ့တို့မှ၊ ဆွတ်မျှခပျောင်းသမ်း၊ မလွှမ်းတစုံ၊ ဘယ်သူတုံ့လိမ့်၊ လျှောက်ပုံ့ခြင်းရာ၊ **သည်အခါ**ဝယ်၊ မကွာအိမ်သူ၊ **တောင်းဆုယူသည်**။ ။**အတူညောင်ရေ သွန်းခါသောဝ်။**

၃။ **တဝမ်းအယူ**၊ သဘော တူသား၊ အိမ်သူပြာလတ်၊ သွယ်နွဲ့ညွတ်မှု၊ ရစ်ပတ်တုံ့တုံ၊ ပိုက်ခြိုနွဲ့ရှက်၊ ကြာသည့်ရက်ကို၊ ခန့်တွက်လေလှည့်၊ ရေမှာကြည့်လည်း၊ ရေ၏ သနစ်၊ ကြွေးဟစ်မစဲ၊ ညွှင်းအဲလျော်ညီ၊ ထက်ပြိုင်ချီလျက်၊ * ပည်းသည်ကစား၊ မပြားမိုးနတ်၊ ကမ်းနားညွတ်မျှ၊ လွှမ်းဆွတ်ဘွယ်ပင်၊ တာသဘင်ကို၊ မြင်သည်ရှိလည်း၊ သတိချုပ်ဖြေ၊ အိမ်နေယ်သူ၊ မျိုးတူ ကြင်တန်၊ သည်ရန် ရှည်ကျွမ်း၊ ဆွတ်မျှလွှမ်းသည်။ ။**ရိပ်ငွမ်းချောင်နေ ခန်းသာသောဝ်။**

---

(၁၆၄) စစ်-ရတု

၁။ **လွှမ်းတို့စွလော**၊ ပျောင်းပျ ဖြေ၍၊ နေလည်းသို့ပင်၊ ဆွတ်မျှကြင်ရှင့်၊ အပြင်သွယ်နွဲ့၊ ပြာလဲ့ရှင်းရှင်း။

---

* စိကြကုန်ကျွန်း၊ ဝိသာဆန်းခဲ့– ဟူသည်ကား– တန်ခူးလကုန်ခန်း၍ ကဆုန်လသို့ရောက်ခဲ့သည်–ဟုလို။

* ပည်း–ဟူသည်ကား– ပေါရာဏ၊ အဓိပ္ပာယ် ဟုလို၊ ဆုတောင်းခန်းပျို့သွင် ''လောကီပစ္စည်း၊ သုံးမနည်းအောင်၊ဖြင့်ပည်းကဲ့ပေး'' ဟုစပ်ဆိုသည်။

သားချင်းများနှောင်း၊ ရောင်ကောင်းငြိမ့်လေး၊ သခင်ထွေးကို၊ ရပ်ဝေးမြေခေါင်၊ နောင်လည်းသည်က၊ ရှုတလွမ်းဆွတ်၊ ရေလွတ်ကြာပန်း၊ နေမှာလှန်းသို့၊ မြန်းလစဉ့်တွင်၊ မရှင်မပျော်၊ စားသော်မဝင်၊ စက်လျှင်မတတ်၊ ပျောင်းညှိုးညွတ်မျှ၊ လွမ်းဆွတ်မရှင်၊ ဖူးရောက်ချင်သည်။ ။သခင်လွမ်းလျက် နေလိမ့်မည်။

၂။ ကျွမ်းတို့စွလေ၊ ပန်းတင့်ပေသား၊ သမြေရောက်ရာ၊ ဇမ္ဗူချာဝယ်၊ အာကာစိုးမှူး၊ ဘီလူးယက္ခ၊ စောင်မ-ရံတား၊ သံဆူးခြားလည်း၊ လေးစားမထောက်၊ ပယ်လိုက်ချောက်၍၊ လက်ကောက်ကွေးယူ၊ ဆွတ်ချွေချူမည့်၊ မည်သည့်ပြင်ပ၊ မသိရတည့်၊ မွေးပျံ့ရှင်၊ ဂေါ်သဇင်ဟု၊ ခေါ်တွင် ညည်မှန်း၊ ပင်ဆင့်ပန်းကို၊ ရိဝန်းရွှေတွင်၊ သခင်ဘိုသာ၊ ပန်ရာသဖြင့်၊ မသင့်သူ့ရန်၊ မထိုက်တန်တည့်၊ နှောင်းစွန်တို့နေ၊ သာထူးထွေသား၊ ရွှေမြေအောင်မြို့၊ ရွှေဝသို့လျှင်၊ ရောက်တို့စေချင်၊ ဆက်လိုက် လျှင်သည်။ ။သဇင်နွမ်းရှက် ကြွေလိမ့်မည်။

၃။ ချမ်းတို့စွလေ၊ နှင်းဝေဝေသား၊နေလည်းပျုပျုဆောင်းလရာသီ၊ ခါညီကျူးလွန်၊ မြောက်လေပြန်က၊ တောင်စွန်ကမ်းထက်၊ ငြိမ့်သက်ဧမြဲသောကာလဝယ်၊ တူကွစုံပေါင်း၊ သခင်နှောင်းနှင့်၊ ရင့်ညောင်းခွေစုံ၊ မခြိုရဘဲ၊ ကျူးရှဲမြေတာ၊ ရှိလှည့်ရာတွင်၊ အာကာကလည်း၊ မသည်းစတောင်း၊ လွမ်းဟောင်းလျှောက်ပုံ၊ မင့်များဖြင့်၊ မိုးနတ် ရှင်သည်။ ။တဖျင်ရွှမ်းရက် စွေလိမ့်မည်။

---



(၁၆၅) စစ်-ရတု

၁။ မိုးကြွင်း ဟူသည်၊ မြောက်က လည်၍၊ လေပြည်သာမြဲ၊ မြန်လကလျှင်၊ ကာလတပါး၊ ချမ်းဟန်များထက်၊ ဆင့်ပွါးဆယ်ဆ၊ လွန်မောလှ၏၊ မွေးဘကြင်ရုံ၊ နှောင့်ကိုတုံလည်း၊ မစုံဘော်ကွာ၊ စစ်တာသူ့ရပ်၊ ရှင်းလပ်ဘော်ရှား၊ ချီလသွားသော်၊ရက်များမဖြင်၊ ရောက်မည်ထင်လျက်၊ သို့စင်ကျူးလွန်၊ကြာလေဟန်ကြောင့်၊ ပုပန်ထပ်ပည်း၊ တိုင်းထက် သည်း၍၊ ကြည်း-ငတောင်၊ ပွင့်ရောင်ရွှေဝတ်၊ ပင်တိုင်းညွတ်လည်း၊ မဆွတ်လှည့်တို့၊ လွမ်းသာဖို့သည်။ ။သည်သို့ မျှော်လျက် နေလိမ့်မည်။

၂။ စိုးနှင်းမြူနည်၊ ပတ်ပတ် လည်၍၊ နေခြည်မထွန်း၊ ဝေဝေဝန်းသော်၊ တိမ်ပန်းခက်ဖြာ၊ မပွင့်သာတည့်၊ ချိန်ခါတလျှောက်၊ ပြောင်မုန်သောက်ကို၊ ဆုန်းပေါက်နိုတွတ်၊ မည်ရည်မှတ်၍၊ တိုက်ထွတ်ရှင်ပျုသော ကာလဝယ်၊ ပြောင်းကြွ ကုန်ကျွန်း၊ ပင်မြင့်သွန်းထက်၊ လန်းလန်းလပ်လပ်၊ အာနို ချပ်တည့်၊ ရံထပ်အထဲ၊ ဖြူရောင်ချွဲသား၊ ပုလဲမျက်စုံ၊ ဖုရုရုကို၊ မရှုလှည့်နိုင်၊ ခက်ချင်းဆိုင်၍၊ အစိုင်အခဲ၊ရှက်နှောင်တွဲလျက်၊ ပေါက်လဲပွင့်လှိုင်း၊ အညီဆိုင်းသည်။ ။ပင်တိုင်းရော်ရှက် ကြွေလိမ့်မည်။

၃။ မျိုးချင်းတူရည်၊ လှခွေသည်နှင့်၊ အတည်ဘော်တူ၊ရွယ်မှတ်မူ၍၊သည်းအူအသက်၊ ဆံတစ္ဆက်မျှစိတ်ပျက်မတည်၊နှောင့်ကြင်သည်ကား၊သူ့ပြည်ရပ်ခြား၊ ယိုးဒယားက၊ အလားအလာ၊ လကိုစာသော်ပြန်ကာ

ဘယ်နှံ့၊ ကြွားပါဒုံဟု၊ ကြိုင်ပျံ့ရှားရှား၊ ပိတ်လှပ်ခြား၍၊ ခေါက်ထားဖြေဖြေ၊ လဲခပြခင်းနှီး၊ ပုတီးပုံ့မွှေး၊ ကွေးကာ လွှမ်းလျက်၊ ညဥ့်နက် သန့်လွှဲး၊ တမ်းမြဲးဆိုချွတ်၊ ကြာနှယ်ညွှတ်သည်။ ။**ဆွတ်လွှတ်မြော်မက် ပေလိမ့်မည်။**

---

## (၁၆၆) စဝ်-ရတု
## (အာသာဝတီဝတ်ဆံချ)

၁။ **မိုးကြွင်းကသည်၊** ဆောင်းလ လည်၍၊ မတည်သမ်းမဲး၊ ငွေ့သွံ့ဝဲးသော်၊ ခေါ်မြီး ဝေါ်ဟာ၊ ဆန်းနွှယ်တာဖြင့်၊ ဂိမှာမြိတ်စွန်၊ သမိုက်ပြန်ကာ၊ ဝသန်ခါရောက်၊ လူးကာပျောက်၍၊ ကြူးမြောက် ရင့်ရှု၊ နုတ် တမူကား၊ မဟူ စကောင်း၊ တစောင်း မရှား၊ ချမ်းအား ပြင်းထွေ၊ ဇွေဘိ သည်လည်း။ ။**အညာတလွှား ကျွန်းသားလျှမ်းပြေး စိန့်ပြည်ကျေး။**

၂။ **ဝိုးဝင်းပသည်၊** လတန်ဆောင်မည်၊ ပြည့်ဝန်းလည်လည်း၊ ရောင်ခြည်မတိတ်၊ တိမ်သားပိတ်၍၊ ချမ်းမြိတ်အစွန်း၊ ပြင်သာ တွန်းသား၊ လဝန်း သာထွေ၊ နေကားကဲးမိုး၊ ထံပိုးမလျှိုင်း၊ ကျွန်းကိုင်းပေါ်ထွန်း၊ ပြင်သာစွန်းထက်၊ဖီသန်းတောင်,မြောက်၊၊ရှေ့,နောက်, မျက်စိ၊ မသိသာမော၊ တောလည်းပြိုင်းပြိုင်း၊ ရုံဆိုင်းခေါက်နှစ်၊ ချင်းတွင်းမြစ်ဝယ်၊လွှမ်းသစ်ဗျာပါ၊ရှိအောင်ရှာသို့၊ သာယာရွှင်ထွေ။ လည်ချင်း ခွေ၍၊ ငှက်ရွှေတွန်ထူး၊ မြူးဘိသည်လည်း။ ။**မြေနှင့် ကောင်းကင် ပဲ့တင်ထပ်မြေး ထိန့်မည်ကြွေး။**



၃။ **ကြိုးလျှင်စသည်** ၊နေ့ညနာရီ၊ ပါဠိဗိုဗိမျှ၊ မရှိမချ၊ထိပ်စလက်ထား၊ မြတ်သုံးပါးဝယ်၊ သနားဘွယ်မှု၊ ဆုလည်းယူထပ်၊ လပ်လည်းမဲ့ဘူး၊ လျှော်ရွှေဦးသို့၊ တိမ်းမူးညွှတ်ခ၊ ဖြစ်ချင်းတကို၊ထိန်းယဘော်ရွှေ၊ဝန်းရံ နေမှ၊ စစ်ခြေကသည့်၊ စကားဖြည့်၍၊ တည့်တည့် မကြွားရိပ်ခါပြားလည်း၊ ထသွားခွါရှိုး၊ မျက်နှာလွှဲးခဲ့၊ မိုးစဲဖြည့်ဝန်း၊ လနှယ်ထွန်းသည့်၊ မြတ်စွန်းဆဲ့နှစ်၊ သခင် စစ်၏၊ အဖြစ် ကြောင်းခြာ၊ ကြားချင်စွာလည်း။ ။**အိမ်သူ ဘုန်းကြွယ် ပန်းနှယ် ပျံ့မွှေး မိန့်မည်ဝေး။**

---

## (၁၆၇) စဝ်-ရတု

၁။ **အုန်းပေါင်ဟူသည်၊** သူ့ပြည်ရပ်ခြေ၊ ရောက်ရချေသော်၊ တထွေတလာ၊ ခါမဟုတ်ဘဲး၊ မိုးဖွဲ့းလေကြွင်း၊ နှင်းလည်ဖုန်းစ၊ ကာလရှိချယ်၊ ရတုဝယ်နိုက်၊ တိမ်နှယ်ရှက်ဆိုင်၊မလွှမ်းနိုင်ခဲ့၊ မိန်းမှိုင်ဝရှင်၊ မြင်ချင်စိုးနှောင့်၊ မစောင့်မအား၊မှာထားတင်းမေးဝေးလည်း ဝေးသော်၊ မဏီမြတောင်း၊ ဆောင်းမျိုး ဆယ်တောင်၊ ကုန်အောင်မကာ၊ ချမ်းမောလှ၏၊ မိုးတမိုးသူ၊ ရောက် သောဟူသို့။ ။**အတူလာ၍ ချမ်းပါလှည့်။**

၂။ **နှုန်းဆောင်တူရည်၊**မြစ်လေးမည်နှင့်၊ သောင်းတည်ရှစ်ခါ၊ လေးတောင်သာသား၊တောင်သာမျှရှည့်၊ လွှမ်းမောဏ်ရှင့်၊ လွှမ်းသည့်ခြင်းရာ၊ နှုတ်ပျူဟာနှင့်၊ သန္တာလက်သွယ်၊သနားဘွယ်လျှင်၊ နုနယ်ထွားလပ်၊ ယုယသပ်၍၊ ပင့်ထပ်ဆံကြာ၊ သျှောင်ညှာ မဲ့တွေ

ဖြေဖြေရွှန်းမွှေး၊ ဧးဧးပုံ့ပုံ့၊ ရနံ့သုတ်ဖြိုး၊ ထုံးထုံးသံချို၊ လျှောက်ဆိုတုံ့ဖြေ၊ ရစ်ခွေနွှဲးလျက်၊ သန္တာလက်နှင့်။ ။ **ထိပ်ထက်လာ၍ စပ်းပါလှည့်။**

၃။ **မှုန်းမှောင်မြူနည်၊** ရိုးရိပ်ခြည်မျှ၊ စိတ်ကြည်မသန်း၊ လှမျှားပန်းကုံ၊ မစွန်းသန့်ရှင်း၊ ကြင်သော့ခြင်းကား၊ သက်နှင်းစုတန်၊ တရံဘန်မျှ၊ ယုတ်လွန်မဲ့တွေ၊ ချစ်ကြိုးခွေကို၊ ဖြေလည်းမရှင်၊ အုံးတွင် လျှောင်းမှို၊ ကျိန်းအိမ့်ဘူး၊ မကူးမလှမ်း၊ တောင်ရိပ်ချမ်းသော်၊ ထပ်မွှန်းယှဉ်နွှဲး၊ ပုလဲးညွန့်ရှင်၊ ဖြူစင်လှညက်၊ ပန်းထက်ဆက်ား၊ အမြိုးဝတ်နေ၊ စွန်ထည်ရွှေကို၊ ခွါဖြေယူလျှင်၊ ချမ်းလှကျင်သည်။ ။**သခင်လာ၍လွှမ်းပါလှည့်။**

---

## (၁၆၈) စင်-ရတု

၁။ **ယိုးဒယားပြည်၊** သာမောသည်ကား၊ မြရည်တွေတွေ၊ မြစ်နှစ်ခွေနှင့်၊ ရေလည်းစီးဝင်၊ မြို့လယ်တွင်လည်း။ ယဉ်ရှင်ဖြည်းဖြည်း၊ မသည်း- စတောင်း၊ ပြောင်းတီသွယ်များ၊ လျှောက်တံတားနှင့်၊ ဘုရား,ဂူကျောင်း၊ တန်ဆောင်း,စရပ်၊ လိုဏ်ကပ် မုတ်ရွှန်း၊ နန်းလည်းဆိုင်းဆိုင်း၊ တံတိုင်းမင်းနေ၊ ရေလည်းတင်းကျန်း၊ ထောက်လှမ်းမမှို၊ ပည်းသည်ကစား၊ ပျော်ပါးဘွယ်တီ၊ နေ့တိုင်းရှိလည်း၊ မျက်စိမူးလည်၊ နေ-မတည်သည်။ ။**ရွှေပြည်ကိုသာ လွှမ်းတော့သည်။**

၂။ **ကြိုးကခြားမည်၊** နတ်မိုးစည်လည်း၊ ငြိမ်းမည်မနေ၊ သို့ပင်ဆွေသော်၊ ရစ်ခွေနဂါး၊ သကြားတည်ရာ၊ ရွှေပြည်မှာလျှင်၊ သီတာမြစ်စက်၊ ပတ်ကုံးရှက်၍၊



မြွက်-မပြုပြီ၊ တွေးတွေးနိုလျက်၊ စေတီရတနာ၊ ငွေသပြာနှင့်၊ ယှဉ်ကာတီချည်။ အပည်းပည်းတီ၊ ငြိမ့်ဖြည်းရိပ်သာ၊ သောကြမာလည်း၊ ပျော်ရာမှန်လှ၊ အနန္တတီ၊ မုစလိန္ဒာ၊ နန္ဒဝါလည်း၊ နတ်မှာသော်မှ၊ ရှိခဲ့လှ၏၊ မြစ်မ-ရစ်ဆင်း၊ နဝင်းရှက်ဆိုင်၊ ဌက်သိုက်ရှင်တော်၊ ရွှေကျောက် * မော်တွင်၊ ယော်ဘော်ရွှေလတ်၊ ပျိုနုထွတ်တို့၊ ဆွတ်ဆွတ်ပျော်ပါး၊ စံသည်များကို၊ သည်းဖျားဝှန်လှိုက်၊ အောက်မေ့ကြိုက်ဝယ်၊ တိမ်တိုက်ဝန်းလည်၊ လင်း-မကြည်သည်။ ။**တွေလည်ညိုပြာ မှုန်းတော့သည်။**

၃။ **မိုးသကြားသည်၊** ရဲးဇာနည်မူ၊ ရွှေရည်ရောင်ထွန်း၊ ခြောက်ဆောင်နန်းနှိုက်၊ ရေသွန်းသဘင်၊ သာရှင် ပျော်မှတ်၊ ပြာသာဒ်သိင်္ဂီ၊ ကိုးမျက် စီလျက်၊ အာနိုနှင်နှင်၊ မြို့ဝန်းကျင်လည်း၊ ဒုယင်ကမောင်း။ ဥဒေါင်းတွန်သွင်၊ သက်တင်သရစ်၊ †စုလစ်မွှန်းချွန်း၊

---

* မော်-ဟူသည်ကား ပေါရာဏ၊ အစွန်း-ဟူလို၊ "ဖုန်းစက်မိခိုင်း၊ စိုးကြွပ်တိုင်းသား၊ စကိုင်းကြီးတောင်၊ မော်ကျောက်ဆောင်လျှင်"ဟု- ရတနာဗိမာန်ကျောင်းတော်ကျောက်စာ မှလထိုးမျက်နှာဘက် စာကြောင်းရေ(၅၂)တွင် စပ်ဆိုသည်။

† စုလစ်–ကား တလိုင်းစကားဖြစ်သည်၊ (ကျိုးရန်း)ဟု ရှေးအခါကခေါ်ကြသည်၊ "နန်းပြာသာဒ်တို့၌ ဆန်းကြယ်စွာ ထုလုပ်ထားသော အရာ" ဟူလို၊ နေမိပျို ဗိုရကိဘုံခန်းတွင်-"အဆန်းအဆန်း၊ ရွှေကျိုးရန်းနှင့်၊ မကာန်းခံတွင်း၊ ခြင်္သေ့နှင်းလျက်၊ ပြောက်ကွင်းရေးချွဲ"ဟု စပ်ဆိုသည်။

တောင်ယွန်းကျည်းသား၊ တံခါးပိတ်သန်း၊ ပစ်စွန်း
နှာမောင်း၊ ရွက်ညောင်းမလာ၊ ရွှေတီတာပ်သား၊ နတ်
ရပ်မလွှန်၊ နန်းဗိမာန်ကို၊ လွှမ်းဟန်မထင်၊ ကျွန်းပြင်
ဇမ္ဗူ၊ ယူမည်ကိုသာ၊ခန့်တွက်စာခဲ့၊ဗျူပါထပ်လောင်း၊
ရဲမက်ပေါင်းတို့၊ ကြာညောင်းမြိုင့်ရှည်၊ အလွှမ်း
စည်သည်။ ။မြေဆည်ဆိုရှာ တမ်းတော့သည်။

(၁၆၉) စစ်-ရတု

၁။ မိုးမိတ်ရှမ်းပြည်၊ကြာရသည်မှု၊ခေါ်မည်ကဆုန်၊
နယုန်-သံတောင်း၊ ပြောင်းအုံ့မှုံးမှုံး၊ သန့်ဦးအစွန်း၊
ရာသီဆန်းက၊သွန်းသွန်းဖြိမ်းမောင်း၊ပူရှိန်ပြောင်းသော်၊
နှာမောင်းလှမ်းရှည်၊ ပင်စည်ရွှဲရွဲ၊ လဲ့ရရဲ့ထက်၊ သိုက်
ညွှဲစပ်ယှဉ်၊လေယဉ်မခံ၊ မောင်နှံမချမ်း၊ တောင်ချင်း
လွှမ်း၍မလွှမ်းရစေ၊သက်လှာဝေရှင့်၊ဘော်ကွေဝေးစွာ၊
နောင်တို့မှာမူ၊ ရံခါမဆုံ။ ပိတ်လွှမ်းဖုံးသည်။ ။
*ပတ်ကုံးရိရိ ဝေခဲ့ပြီ။

၂။ ညိုးညိတ်နှံ့ခြည်၊ ပြက်လျှပ်သည်မှု၊ ဝေလည်
မျက်စိ၊ တောက်ညီမည်ပင်၊ စိတ်ဝယ်ထင်ရှင့်၊ ရွှေမြင်,
အနောက်၊ မြောက်လည်းမလွှတ်၊ တောင်သို့ပတ်၍၊
တိမ်ထွတ်တိမ်လိပ်၊ မှိုင်းရိပ်ရည်ပုံ့၊မတုံ့စဘူး၊ရှေးထက်
ထူး၍၊ ဟူးဟူးပြင်းထန်၊ ရှာမြူးသွန်က၊ ချိန့်မှန်မမှတ်၊

* ပတ်ကုံး-ကား ပေါရာဏ၊ ထက်ဝန်းကျင်-အလုံးစုံ
ဟူလို။ ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် ''ဗာရာဏသီ၊
အညီပြည်လုံး၊ ပါးပျဉ်းဖုံး၍၊ ပတ်ကုံးရံပြီး၊ မင်း
သမီးကို''ဟု စပ်ဆိုသည်။



မပြတ်ဆင့်ဆင့်၊ နွေ, ညဉ့် ချင့်လျက်၊ ရင့်ရင့်ကြူးကြူး၊
မြူးလွှေးအိုင်ထစ်၊ ချောင်းမြစ်တသွန်၊ တောင်ကမ်းဖွန်မျှ၊
မမှန်နွေရက်၊ကြွင်းသေးလျက်ကို၊ ဖြည်းသက်မဲ့လျှင်း၊
ထန်လေပြင်းသည်။ ။ဝါတွင်းပိပိ စွေခဲ့ပြီ။

၃။ စိုးစိတ်ငံ့ဆည်၊ ချစ်မှုနည်နှင့်၊ ဖြေလည်မတုံ၊
လွှမ်းပုံ့ဆွတ်ဆွတ်၊ ဝင်းညိုမွတ်လျှင်၊ စေမှတ်တမင်၊
ယုံကျွန်လားလာ၊ ရောက်လှာခဲ့ပေ၊ သံခြေ-ဟာချီ၊ ဆို
သရွေလည်း၊ မွေတော့မည်ဟု၊ နှုတ်ခြည်မမြွက်၊ ပြိုက်
စက်ဖန်ဖန်၊ ပြည့်ဖွန်မျက်စိ၊ မသိနောင့်ဖြစ်၊ စိစစ်ချင်
ချင်၊ ဝမ်းနည်းဖြင်လိမ့်၊ သို့စင်မြင့်မြီး၊ မကြာဘဲလျှင်၊
ရောက်ခဲ့ကာလ၊ နွေရက်မျှကို၊ *တို့ဟာမမြွက်၊ ချစ်
မရွက်သည်။ ။အုံးထက်မှိုမှို နေခဲ့ပြီ။

(၁၇၀) စစ်-ရတု

၁။ ယိုးဒယားတောင်၊ ယဉ်ပြောင်စီးရစ်၊ မြစ်နှင့်
တရုက်၊ဒီတက်ဖျားညွှာ၊မြို့လက်ယာက၊တပ်တာချထွေ၊
ထဲးတိုနေ၍၊ အောင်မြေ နက်သန်၊ ရန်လည်းအပါး၊
ဘုရားမွေခတ်၊ ဂူထွတ်, တန်ဆောင်း၊ လိုက်ခေါင်း,

*တို့-ကား ပေါရာဏ၊ [၁-တဖန်၊ ၂-အရှိအသေ]
ဟူ၏။ ပလိပ်စား ဧချင်းတွင်- ''မင်္ဂလာချက်ဆွ၊
လေးရောင် တွေကို၊ ရစ်ခွေလက်ယာ၊ တို့ကာ
မြောက်, တောင်'' [ဤအရာ၌ ''တဖန်''ဟော]
ဖြစ်သည်၊ ပါရမီတော်ခန်းပျို့တွင်- ''အမြဲဟွာ
မာ၊ ဆဲ့ခြောက်ရွာသား၊ ရပ်ရွာဓပင်း၊ တို့ဝပ်ပြင်း
သည်'' [ဤအရာ၌ ''အရှိအသေ'' ဟော] ဖြစ်
သည်။

ဥမင်၊ ဝန်းကျင်ရံထပ်၊ စရပ်မုတ်ယွန်း၊ ရုပ်ဆန်းတွေ ပြွား၊ ရွှေသားမွမ်းလည်၊ ပြည်၏သနစ်၊ သာသည် ဖြစ်ကို၊ ဆွေချစ်နောင်မြဲ၊မြင်လကလျှင်၊ရှုတမောလှည့်၊ သွယ်ရှိမ်းပြည့်မျှ၊ညီသည့်ကြင်ဖြိုး၊ချစ်လွမ်းတိုးသည်။ ။ **စစ်မျိုးသည့်နှယ် မကြာလှည့်။**

၂။ **စစ်မျိုးဝယ်လည်း**၊ သည့်နှယ်ကြာတွေ၊ ရှိပါ လေစွ၊ မြောက်လေကာဝဲ၊ ဆီးလည်းပွဲ့ရှဲ၊ ခဝဲပွင့်စ၊ သန်ခွောင်းကပင်၊ ယင်းမှခွါပြေ၊ရှိရလေသော်၊မြစ်ရေ ပြည့်လျှမ်း၊ **နဝင်းကမ်းထိပ်**၊ နတ်လည်းအိပ်ခဲ့၊ စုံရိပ် မြိုင်နက်၊ဒေါင်း, ကျေးဖက်လည်း၊ မထွက်သိုက်မှ၊ သောကာလဝယ်၊ ဗို,မ-မကွေ၊ စုံပျော်လေ၏၊ ရစ်ခွေ တ-ရှု၊ နောင်-တမူလည်း၊မတူလျှင်းဘဲ၊ မခွဲးယှဉ်ခြင်း၊ သုံးဘီတင်းဝယ်၊ သည်ရင်းကျမ်းဝင်၊ ကျွတ်သည်မြင်ခဲ့၊ အသွင်နတ်နှင့်၊ စံမှိုင်းသင့်သည်၊ နောင်မင့်းကြင်ဘက်၊ စစ်ဆက်ဆက်သည်။ ။ **လွမ်းရက်သည့်နှယ်မကွာလှည့်။**

၃။ **မကွာလွမ်းရက်**၊ စစ်ဆက်ဆက်ကို၊ ရင်ညက် ထပ်ခြို၊ ဆင်းမြင့်နှင့်၊ မစုံခုဘဲ၊ မခွဲးယှဉ်ခြင်း၊ သုံးသီ တင်းဝယ်၊ သည်ရင်းနောင့်လူး၊ မကျွတ်ဘူးတည့်၊ ရပ်ကျူးဝေးဒေါင်၊ မောင်ကား-စစ်ဝယ်၊ မယ်ကား- ရှုတ၊ ရွှေပြည်ကလျှင်၊ ဆွတ်မျှဗျာပါ၊ နေလှည့်ရာကို၊ ဒေဝါမိုးနေ၊ သူဇာ့ဆွေသည်၊ ချမ်းစေစိမ့်ငှါ၊ တဖန် ရှာ၍၊ လေသာဖြည်းညှင်း၊ မဝင်းမည်းညို၊ ပတ်ကုံး ဆို လျှက်၊ မြင်းမိုရ်ဖို့တောင်ပါ၊ ယုဂန်ဖျားဝယ်၊ တိမ်ကြားတလျှောက်၊ပုလဲးပေါက်သို့၊ကြိုးပြောက်ရင့်ရှူး၊ လွမ်းစိမ့်ပြူးသည်။ ။ **မိုးဦးသည့်နှယ် မရွာလှည့်။**



(၁၇၀) စစ်ရတု

၁။ **အောက်ပေ့ချေသော်**၊ပြေကြောင်းဖြော်လည်း၊ ညိုးရော်မိန်းပြတ်၊ တမ်းဆိုချွတ်မျှ၊ သက်မှတ်ကြင်ဆွေ၊ ချီလေရက်စ၊ ဆောင်းဦးကသည်၊ နှမမယ့်ချည်း၊ ဆွေနည်းနောင့်ကို၊ ကာသိုလ်ရည်ညွန်း၊ ထုံမွှန်းနံ့သာ၊ ကွမ်းယာကြာညီ၊ ပန်းစီစီနှင့်၊ ညရီမိုးချုပ်၊ ဆယ် ချောင်းရုပ်၍၊ ကျွန်ုပ်ရည်တင်၊ မြတ်ဆံရှင်ဝယ်၊ သို့ပင် မပြတ်၊ တောင်းဆုမှတ်လည်း၊ရဲးထွတ်မင်းခြေ၊မြင့်ကြာ လေသော်၊ ရင်ရွှေခွဲးကြွး၊ သည်တန်းခုးသည်။ ။ **မဖူးမိတို့ ခဲ့မည်လော့။**

၂။ **မြောက်သွေ့ရွှေလော်**၊၊ပင်တိုင်းမော်၍၊မမြော် ရွက်ဟောင်း၊ မြရည်ပြောင်းသော်၊ မြစ်ကြောင်းယဉ် ကြည်၊ သီတာသည်လည်း၊ မိုးရည်ဆင့်သွန်း၊ မြင်ဦး စွန်းက၊လွတ်ကျွန်းသဘင်၊ ကဆုန်တွင်နှိုက်၊ ရောက်လျှင် မှတ်ရည်၊ထင်လိမ့်မည်ဟု၊ ရောင်ခြည်ကြွေစီ၊ မျက်သုတ် နီဝယ်၊ မင်းညီရှုံးရှုံး၊ စကားကုံးကို၊ တင့်ဆုံးစီရင်၊ မယ့်လက်ပြင်၍၊ ဖျင်လည်းပြုရောင်၊ ရည်စောင် မှတ်သား၊ နောင့်ဘို့ထား၏၊ ရက်များမြင့်ကြာ၊ မဖူး လှာသော်၊ ဘယ်,ညာ, ရွှေနောက်၊ တောင်,မြောက် ပတ်ကုံးဆော်ညှိရှုံးသည်။ ။ **လျှပ်လုံးစီတို့ခဲ့မည်လော့။**

၃။ **နောက်ရွှေဝေမြော်**၊ရှုချေသော်လည်း၊ မှုံးမော် ခွေညွှတ်၊မပြေတတ်တည့်၊ ဖြူဆွတ်ပိတ်လှပ်၊ ချောသပ် ဝပ်နေသွယ်ခွေညွတ်ခေါက်၊ ပင့်ရောက်ဆီမွှေး၊ ဝေးတုံ လိမ်းကျံ၊ ဘော်ရုံယေဆွေ၊ တို့ဖြေစကား၊ မယ်တို့

နားဝယ်၊ ဆံဖျားဖြူသုံ့၊ ကြားပါစုံဟု၊ မတုံ့မူးမော်၊ လာနိုးမျှော်၍၊ ယှဉ်ဘော်သက်မှတ်၊ နောင်ရှဲးထွတ်ကို၊ လွမ်းဆွတ်ဖူးချင်၊ သဘင်ဝါလ၊ ရောက်-လကလည်း၊ ရူတ-မပြေ၊ အတွေတွေတည့်၊ ရစ်ခွေလှည့်သွား၊ လ-ရထားသည်။ **။နဂါးပြီတို့ ခဲ့မည်လော့။**

---

## (၁၇၂) အလိုက်စင်-ရတု

**၁။ အောက်မေ့လှည့်ရာ**၊သို့သောခါမူ၊အတာသရစ်၊ ရောက်သည်ဖြစ်က၊ရွှေခေတ္တပြည်၊သာမောသည်ကား၊ မြရည်ပတ်ကုံး၊ မြစ်အလုံးလည်း၊ ပေါင်းရုံးအုပ်တွေ၊ လှရွှေတင့်ရည်း၊ ရွယ်ရှိချည်းတိ၊ စုလည်းပန်းပေါက်၊ ရစ်ခေါက်ဆံထုံး၊လွှတ်အလုံးနှိုက်၊ ရွှေကုံးသွယ်ပြောင်း၊ နားခွောင်းဆံကျင်၊ရည်ရှင်ရှုဖြိုး၊ခါးကြိုးလက်ကောက်၊ ဝေးရောက်ကျည်းပါ၊ ခါသာထည်ကျူး၊ အထူးထူးတည့်၊ ဖျန်းလူးရွှေရည်၊ နေခြည်-မကျောက်၊ ကျိုင်း သစ်အောက်ဝယ်၊ မရောက်ပြစ်တင်၊ ဝင်းပြာစင်ကို၊ သာရှင်အုပ်တွေ၊သက်လှာကြွေသည်။ **။ထောင်နေဟူ မထွန်းကြသောဝ်။**

၂။ **ခြောက်သွေ့မှည့်ဝါ**၊လဲးပြောင်းခွါက၊ မြညှာရစ်ဖု၊ ပင်တိုင်းနုသား၊ ရတုဂိမှာန်၊ တောင်လေပြန်သော်၊ မြူးဆန့်ငါးကြင်း၊ မြစ်တွင်းတံငါ၊ ငြင်းသာအဲးထူး၊ သန်းကူးပိုက်ခံ၊ တက်သံညီဟစ်၊ မြစ်လုံး ဖြစ်၍၊ ညွှန့်သစ်ဖွဲးလွှမ်း၊ ခရမ်းမရီ၊ ကြူးသီချိုမြ၊ ဆည်ဝပျံ့ဝဲး၊ ငါးမွဲးသုတ်ယူ၊ကျိုင်းဖြူ့ဇင်ရော်၊ သို့မြော်



ဆွတ်ဆွတ်၊ တောင်ဟုန်ခတ်လျက်၊ ဒိုင်ပြွတ် လှမော၊ တောလည်း ရှုဘွယ်၊ ရွှေပြည် လယ်နှိုက်၊ နုတ်ဆွယ် ရောင်ညီး၊ သမီးလုလင်၊ ပျော်ရွှင်-စကြုံ၊ ဆီးရီညဝယ်၊ ပြည်ပ-သာတွေ၊ ထွန်းလျှံဝေသည်။ **။ခေါင်းဓွေမြူ မှုဝွန်းမျှသောဝ်။**

၃။ **နေခက်ရွှေ** ကြည့်ရာ၊ ရှစ်မျက်နှာလည်း၊ ပွင့်ခါလှိုင်နို့၊ ပြည်လုံးပျံ့မျှ၊ အနံ့ဝန်းကျင်၊ ဝေးနီး ခြင်သား၊ ကောင်းကင်ပြည့်ဝန်း၊ ကဆုန်ဆန်းသော်၊ ရေသွန်း စံပယ်၊ မွှေးကြွယ်ချရား၊ ပုံ့ရှား ကံ့ကော်၊ ကြိုင်ပေါင်းမျှော်မှ၊ ဆံတော်ရှင်စစ်၊ ရှင်ချစ် ကသည်၊ နှံ့မျှလည်၍၊ ချမ်းကြည်သီတာ၊ လှမည့်ခါကို၊ရက်ကြာ ခုက၊ မပြန့်ရခဲ့၊ ချောလှည့်မှတ်၊ နောင့်သက်မှတ်လျှင်၊ ဝါကျွတ်လွန်မည်၊ နှစ်ဦးလည်လည်း၊နှုတ်ချည်သံမြွက်၊ * ပွက်လည်းမဟ၊ ကြာနှင့်မျှ၍၊ ပျောင်းပျည့်တ်ခွေ၊ နောင့်ထီးနေသည်။ **။ညောင်ရေတူ မသွန်းရသောဝ်။**

---

## (၁၇၃) စင်-ရတု

၁။ **မအောက် မေ့ရက်**၊ ကြီရှာ တွက်သော်၊ ဆောင်းထက်လွန်က၊ တာကိုမျှလည်း၊ ချီကြွငင်လှည့်၊ ပစ်ချင်၏ရှင့်၊ ဝင်းပြည့် ပ-လွန်း၊ ဝိသာဆန်းသော်၊ ရွှေပန်းသိင်္ဂါ၊ ရတနာနှင့်၊ လည်မှာမျက်စစ်၊ ပုလဲး နှစ်သို၊ကြင်ချစ်စိတ်တွင်၊တွေတွေထင်ရှင့်၊ မိန့်သွင်မှတ်

---

* ပွက်ကား ပေါ်ရာ၊ ပြောဆိုသည်-ဟုလို၊ လောကသာရပျို့တွင် ““ပွက်ဆို မှုသား၊ နှုတ်ချို များနှင့်””-ဟု စပ်ဆိုသည်။

ရည်၊ဆင်တော့မည်ဟု၊ ယုံကြည်မသုန်၊ ကဆုန်ကိုသာ၊ မိန့်လိုက်မှာက၊ဗျာပါနှောင့်ဝယ်၊ ကြီးစိမ့်ရှယ်သည်။ ။ **သုံးဆယ်နှစ်ဆ ရေတော့သည်။**

၂။ **အနောက် ရွှေထွက်**၊ နေ့လိုလျက်တည့်၊ ဆက်ဆက်မသိ၊ မျက်စိထင်မှား၊ လွမ်းသာပွားရှဲ့၊ အများရွှေဘော်၊ ရှင်ပျော်သာယာ၊ ဗျာပါပျောက်ရေး၊ ပုံ့မွေးသံမြွက်၊ ဆိုလှည့် ပွတ်လည်း၊ ကျေးငှက် မြည်သွင်၊ နှောင့်ဝယ်တင်ခဲ့၊ မှတ်ထင်-မရ၊စ-နှ,နှေ့ရက်၊ရေတွက်မသိ၊ သတိချုပ်ဆည်၊ မတည်ပျောင်းညွတ်၊ ဖြူမြာထွတ်လျှင်၊ ဆယ်မြွတ်စင်မှ၊ မာသရက်စစ်၊ ငယ်သည်ဖြစ်ဖြင့်၊ ကျိုးပြစ်ခြင်းရာ၊မသိသာသည်။ ။**နှောင်သာချစ်ရ ချေတော့သည်။**

၃။ **တခေါက် မြွေ့ရှက်**၊ကောင်းကင်ထက်လည်း၊ သူ့ရက်-သူ့နေ့၊ကာလ-စွေဟု၊ဝေ့ဝေ့လည်လည်၊ဖြည်းလေသည်နှင့်၊ရွာမည်အဟန်၊ ဝါရွှေလွန်သော်၊နှောင်းစွန်ပြာမြူ၊ မဥူပွင့်ဝတ်၊ သက်ထက်မြတ်ကို၊ ချစ်ထွတ်တင်ထိုက်၊ ဘုန်းအားကြိုက်သော်၊ လည်နှိုက်ရင်ခွင်၊ လက်ပွေ့တင်ရှဲ့၊ ဆံမျှင်မညောင်း၊ဖျော်ကြောင်းပုံ့မျှ၊ မဖူးရဟု၊ နှစ်,လ များဖြင့်၊ ကြာရက်တင်ခဲ့၊ မဆင်ခြင်နိုင်၊ တာပြိုင်မည့်ရေး၊ မတွေးဆ-တတ်၊ မိန်းပြတ်ညှိုးရော်၊တ-ရှာမျှော်သည်။ ။**မှူးမော်ရစ်မျှ ခွေတော့သည်။**

---



## (၁၇၄) အလိုက်စစ်-ရတု

၁။ **အောက်မေ့ရှာသည်**၊ ချိန်ခါမသာ၊ ရေတွက်ဆသော်၊ ကာလတလတ်၊ လဲးပြောင်းကျွတ်က၊ခါမြွတ်သင့်လျော်၊ မည်သာခေါ်သည်၊ ရွက်ကျော်လဝယ်၊ လှိုင်ကြွယ်ခဲ့ညို၊ ပေါ်ညိုလိုက၊ပြာသိုအထွက်၊လေးရက်လွန်ကျူး၊ဗုဒ္ဓဟူးဝယ်၊ ကျေးငှုးကြီးမြတ်၊ တို့စောထွတ်လျှင်၊ ခါမှတ်ရွေးယူ၊ချီတော်မူက၊ နတ်လူပွဲးချီးပဲ့တင်တီးသည်။ ။**ခရီးစစ်မြေ ဆိပ္ပဲးကို။**

၂။ **နောက်ရွှေပြာသည်**၊ နှင်းသာဝေဝေ၊ ဆီးမြူကြွေရှဲ့၊ မြောက်လေကပြွန်၊ ယုဂန်အလုံး၊မို့မို့ဖုံးမျှ၊ နှလုံးစိတ်ပျောင်း၊ စစ်လမ်းကြောင်းဝယ်၊ ဖယောင်းနေနွဲ့၊ကြာယိမ်းကဲ့သို့၊ ကြည့်ငဲ့ဖန်ဖန်၊ မျက်စိကြွန်မျှ၊ ယမန်လတွင်၊ ချစ်ကျွမ်းဝင်သည်၊ ဘုရင်မင်းခေါင်၊ ထွတ်တန်ဆောင်ကို၊ မီးအောင်စိုက်စိုက်၊ နောက်တော်နှိုက်ဝယ်၊မလိုက်လေဘဲ၊ ယှဉ်နွဲ့းအတူ၊ နေပါဟူရှဲ့၊ ကြင်သူမိန့်မြွက်၊ ချစ်ပေလျက်ကို၊ စုံမက်သနား၊ ချီရသွားသော်၊*မြောက်သားငယ်ဘော်၊မိသူတော်သည်။ ။**မပျော်ရစ်လေ ပြိဘဲးကို။**

---

* မြောက်သားကား—ပေါ်ရာ၊ [၁—လင်၊ ၂-မယား]ဟူ၏၊ ဘူရိဒတ်လက်ာကြီးတွင် "ဆွေရင်းကျွမ်းဝင်၊မျိုးအိမ့်ရှင်။ ။သင်၏မြောက်သား၊ ငါယောကျ်ားကား" [ဤအရာ၌"လင်"ဟော] ဖြစ်သည်၊ ရင်းတွင်ပင် "နဂါးမင်းကြီး၊ မြတ်စောမီးလျှင်၊ ငယ်ဗွီးမြောက်သား၊ ဟစ်သံကြားသော်" [ဤအရာ၌"မယား"ဟော]ဖြစ်သည်။

၃။ **ခေါက်၍ပါသည်၊** ရွှေဝါရင့်လှ၊ ဝတ်တော်စကို၊ နွဲ့ညှ,နုံနက်၊ လွှမ်းခြုံစက်လည်း၊ စုံမက်ကြင်နာ၊ မပြေသာခဲ့၊ လိမ်မာကျစ်လျစ်၊ လှပြုသစ်ကား၊ တစစ်–တခက်၊ မွှေးတော်ထွက်လည်း၊ လမ်းစက်ချောင်းကူး၊ မလိုက်ဘူးတည့်၊ ရပ်ကြွးဝေးရှည်၊ ဟင်သာပြည်ဝယ်၊ ဆီးရည်ကျရွှမ်း၊ နှင်းမိုးလွှမ်း၍၊ စိတ်ဝမ်းပန်းကွဲ၊ ရေယဉ်ပဲ့သို့၊ မစဲကဲလွန်၊ နောင့်ဖြစ်ဟန်ကိုသည်ရန်မြဲတော၊ မသိလေသဲ့၊ တွေးဝေရှာတုံ၊ လွှမ်းမျိုးပုံသည်။ ။ **နှစ်ဝိုဖြစ်တွေ ညီမြားကို။**

---

(၁၇၅) စစ်ရတု

၁။ နှစ်ဟူလူဘွယ်၊ ကြာမျိုးကြွယ်၍၊ ဆောင်းလယ်ကာလ၊ ရှိခဲ့ရသော်၊ ဂိမှလုံးလုံး၊ ဝါပြီးလိုလို၊ ဆိုမြည်သစ်သစ်၊ သို့သည်ဖြစ်ကို၊ သည်စစ်နှယ်ပင်၊ မတွေ့ချင်ဟု၊ မရှင်ညှိုးချုံး၊ ရဲမက်လုံးလည်း၊ *တီးတုံးဆိုကြ၊ အိမ်ကို–တလျက်၊ နရ–ရန်နှင်း၊ နတ်ရှင်မင်းလျှင်၊ မျှော်တင်းခန့်တွက်၊ ပြန်မည့်ရက်ကို၊ ဆက်ဆက်ရေးရာ၊ မသိသာ၍၊ ဝမ်းမှာမရွှင်၊ နေစဉ်တွင်နှိုက်၊ သံတင်ရင့်ရှည်၊ ငှက်ငယ်မြည်သည်။ ။ရွှေပြည်စိုးတည့် **သာတော်၏ ။**

၂။ **မျှစ်ပြူနုနယ်** ပျိုသက်ရွယ်က၊ ကောသွယ်ဆံစည်း၊ စုလည်းထုံးသင်၊ ရွှေရင်သိမ်းစ၊ ကျွမ်းဦးကကို၊

---

* တီးတုံး-ကား ပေါရာဏ၊ အကျိုးမရှိကဲ့ရဲ့သော စကား-ဟုလို၊ လောကဝိဒူ မော်ကွန်းတွင် ''တယောက်မည်သူ၊ မဟူဟုံးစုံ၊ တီးတုံးကျိုးမဲ့၊ ခွန်းမဟဲ့တည်''ဟု စပ်ဆိုသည်။



နောင်မြဲလက်ရုံး၊ မိုဘုံးလည်းလျှောင်း၊ ပြန်-မပြောင်းတည့်၊ မွှေးပေါင်းပျံ့ကြွယ်၊ နှုတ်စံပယ်ကို၊ နားဝယ်သို့ပင်၊ သန့်သန့်ထင်၍၊ သခင်ဘုန်းရှိ၊ ခေါ်မိမိတည့်၊ ပျောင်းယိညှိုးမြန်း၊ စစ်တဲခန်းဝယ်၊ လွှမ်းပန်းပုံ့ကြ၊ အဘယ်သူလျှင်၊ နောင့်တူလည်နှိုက်၊ မဆင်လိုက်လိမ့်၊ ခွေဝိုက်လွှမ်းစာ၊ ပါးသည်မှာမူ၊ မကြာခုပင်၊ ရောက်စေချင်ဟု၊ သက်ထင်မှတ်ရည်၊ ညက်သွယ်ကြည်သည်။ ။ **ဆွေသည်မျိုးရှည့် မှာတော့၏။**

၃။ **ချစ်သူသူ့နှယ်၊** မှတ်လေဘွယ်တည့်၊ မြင့်ကြွယ်ရှည်ရက်၊ လက်ကိုတွက်သော်၊ နှစ်သက်ဘနန်း၊ ကြာလွန်းဖင့်နွေး၊ ပြည်ထဲးရေးကို၊ သာနွေးလွယ်ကူ၊ အောင်တော်မူက၊ နှစ်ဟူမလောင်း၊ ပြန်ပါကောင်း၏၊ သက်ပေါင်းထပ်တူ၊ အိမ်သူမျှော်ဖြား၊ သားလည်းဖင့်ဆိုင်း၊ ခေါ်လျှင်ရှိုင်းလိမ်၊ စက်တိုင်းချိတမ်း၊ သို့မလွှမ်းတည့်၊ ပွင့်ဖြိမ်းထွတ်ချာ၊ ကေရာလျှင်၊ အာဏာတော်စက်၊ ပြန်မည့်ရက်ကို၊ ဆက်ဆက်-မရည်၊ ရက်ကြွယ်ရှည်သည်။ ။ထွေလည်နိုးလှည့် ကြာတော့၏။

---

(၁၇၆) စစ်-ရတု

၁။ **သင်နှင့်ရက်နွေ၊** ဆီးခဲ့ကြွေ၍၊ ;တိမ်ခြေမှာလည်း၊ မြတည်းတည်းသို့၊ ကောင်းချည်းမြှင်စည်၊ ရဂုံသည်လည်း၊ လေပြည်လွှင့်မှုတ်၊ ရွက်ဟောင်းမြွတ်က၊ ကျေးနှုတ်ဖူးသစ်၊ တွန့်တွန့်ရစ်၍၊ ပုရစ်ဆင့်ပြန်၊ ညောင်းနု လှန်သော်၊ ခြောက်တန် နတ်ဘုံ၊ သာမျိုးစုံသည်၊ ကဆုန်ပြည့်ထွက်၊ ကျော်ကိုးရက်ဝယ်၊ နန်းဆက်

သိုက်လာ၊ တို့ထွတ်ချာလျှင်၊စကြာဖြန့်ဝန်း၊ အောင်မြို့ယွန်းကို၊မြန်းမည်ဟူ၍၊ ချီသည့်နွေက၊ အောက်မေ့လွမ်းလျှို၊ ဖြေဖျဉ်မှုသာ၊ နေလှည့်ရာကို၊ ဟင်သာဇမ္ဗူ၊နန်းရပ်သူက၊သည်းဘူမဆံ့၊ဆွတ်ပျံ့ခြင်းရာ၊သဝန်စာနှင်၊ မေတ္တာချစ်နှောင်၊ ချော၍ရောင်သည်။ ။ **လွှမ်းအောင်မှာလတ် မြန်တိုသည်။**

၂။ **တင်မြစ်ဘက်ကျွေး**၊အာသရေတီ၊မြူတေလျှံလက်၊ ဝေပုမျက်သို့၊ နတ်ထက်သော်မှ၊ လှ၏ကျူးကျော်၊ ဆိုမိသော်လည်း၊ရှင်ပျော်မညှိုး၊ မြတ်နိုးစုံမက်၊ သက်ထက်ဆယ်ပြန်၊ကြင်မောလွန်၍၊ ပြစ်မငွေ့သား၊ ချောမွေ့မွတ်စင်၊သက်သခင်၏၊ ရွှေရင်တော်ညွန့်၊ ချို့ခဲဆန့်သော်၊ ရှန့်ရှန့်လှပ်လှပ်၊ ကုမုဒ်ချပ်သို့၊ ဝေးရပ်ကျည်းဖြစ်၊ ပိတ်ပြေသစ်ကို၊ မလစ်ရတုံ၊စက်တိုင်းခြုံ၍၊ လုံစလေ့လျက်၊ဖြည်းဖွေ့လေသွန့်၊ မင်းလွှင်ပြန်က၊ ယုဂန်ထွတ်ခေါင်၊သုဇာ့မောင်သည်။ ။**ချမ်းအောင်ရှာလတ် မြန်ဘိသည်။**

၃။ **ကြင်ချစ်သက်ဝေ**၊ စုနှင်းပေက၊ရှိသော်တို့ဝပ်၊ ချစ်မလပ်တည့်၊ ချောသပ်ဝင်းညို့၊ မြူမြိတ်စို့လည်း၊ မြသို့မယွင်း၊ သွယ်နွဲ့ရှင်းနှင့်၊ သလင်းပြုက်စောင်၊ ရုံထောင်ပြောက်သေး၊ဖြူးရေးခွေညွှတ်၊ ပန်းသတ်မှီအုံး၊ လက်ရုံးဖြေဆန်း၊ နရန်းစွန်တောင်၊ စက်ရာညောင်ထက်၊ဝန်းမြောင်ရံဆီး၊ဆီမီးပြောင်ရှန်း၊သောက်လင်းထွန်းလျက်၊မွှန်းမွှန်းရင်ငွေ၊တူစက်လေ့ကို၊အောက်မေ့စုံမက်၊ညဉ့်သန်နက်ဝယ်၊ပြိုက်စက်ရွှန်းအောင်၊ နှောင်ရုံးခေါင်သည်။ ။**စမ်းယောင်ရှာလတ် မြန်တိုသည်။**

---



(၁၇၇) စစ်-ရတု

၁။ **နွေသစ်အခါ**၊ တောတကာလည်း၊ ဝါဝါကြတ်ကြတ်၊မညွတ်ကိုက်ဦး၊ ညွန့်သာဖူး၍၊ ဆန်းထူးပေါ်စ၊ သိင်္ဂဝတ်ဆံ၊ ရုံတုံဖြူထွား၊ ပုလဲးပွားသို့၊ ပုံးရှားလှိုင်ညီ၊ သရဖီကို၊မသီတတ်လှည့်၊ဖန်ဖန်ကြည့်၍၊ ဆွေသည့်နေရာ၊ မရောက်သာသော်၊ ညောင်းခါဆွတ်ပုံ၊ရှိလတ္တံ့ဟု၊မခံ့တို့ဘူး၊ကြီကာမူးသည်။ ။**တန်းခူးနွေသစ် ဆန်းသည်နှင့်။**

၂။ **ရွှေနှစ်ပမာ**၊ ခိုးတိမ်မှာလည်း၊ ညိုပြာမစွန်း၊ ဝင်းဝင်းထွန်း၍၊ သောင်ကျွန်းအစ၊ မြစ်မယဉ်တွေ၊ ရေလည်းကြည်မြက်၊ ခဲးထွက်ကမ်းမေး၊ မပြီးသေးတည့်၊ခန့်တွေးစာနာ၊ရောက်ကောင်းပါလျက်၊ ရှင့်မှာကျွမ်းသစ်၊ အချစ်သက်ဝေ၊ ရှိလေသည်လော၊ တွေးတောမူးမော်၊ အောက်မေ့သော်ထက်၊ ရှင်ပျော်စိတ်မြတ်၊နေသော်မြတ်ဟု၊မတတ်လှည့်တွေ၊ တုံ့အောင်ဖြေလည်း၊သွယ်ခွေပြိုက်ကျ၊နှင်းနှင့်မျှသည်။ ။**ပျောင်းပျွှမ်းယို ပန်းသည်နှင့်။**

၃။ **ခွေရစ်မချာ**၊ လွမ်းတင်းနာ၍၊မမှာပြတ်ပြတ်၊ ရက်ဆုံးဖြတ်လျက်၊လာလတ်မည်ကို၊ မဆိုဆက်ဆက်၊ အိပ်မက်နိုက်တွင်၊ ထင်မိပေဘွယ်၊ သွတ်လှယ်ခေါက်တင်၊ ရွှေငင်နောက်ဆုတ်၊ စေကျွန်ုပ်လည်း၊ မဟုတ်-စဘူး၊ ရှင့်ကိုကူး၍၊ တန်းခူးစင်ကို၊ မဆို-စတောင်း၊ တပေါင်းကိုပ၊ဆန်းရမထင်၊ရောက်မည့်မြင်သည်။ ။ **ခန့်လျှင်သစ်သစ် ကျွန်းသည်နှင့်။**

## (၁၇၈) စင်-ရတု

၁။ **နဂါးစက်ဦး၊** နတ်စက်မှူးသျှင်၊ စူးစူးရဝ်တည့်၊ ညီအောင်လှည့်လျက်၊ မည်သည့်ပြည်ရွာ၊ မနွန်းသာတည့်၊ သော့ခါကာလ၊ ရောက်လာကမူ၊ မြမြရွှန်းရွှန်း၊ သွန်းသွန်းသွယ်သွယ်၊ ရွက်ကြားလယ်နှိုက်၊ စပယ်, စကား၊ ချရား,ရင်ကတ်၊ မှိုတိုင်းဆွတ်၍၊ ဆံမြိတ်ဘုန်းခေါင်၊ ပြည့်တောင်,ပြည့်မြောက်၊ ပြည့်နောက်, ပြည့်လယ်၊ ပြည့်ရွှေဝယ်နှိုက်၊ နေ့နှယ် ထွန်းစည့်၊ မိုးရှည့်ရှည့်ကို၊ ညီသည့်ကြင်ဘော်၊ ကြာလေသော်ကား၊ မည်ခေါ်ပျောင်းညွတ်၊ နောင့်သက်မှတ်သည်။ ။ **ပြာလတ်မယ့်ဘို့ စေလိမ့်မည်။**

၂။ **သနားမက်မြှူး၊** ပိုက်ခွဲးကြူးလျက်၊ ထိပ်ဦးအထွတ်၊ တင်မတတ်တည့်၊ ပြာလတ်နွဲ့လျ၊ မွတ်မွတ်လှသား၊ ဆင်းမြဝင်းကြည်၊ **နားတော်လည်လော့၊** သွေဖည်မဘောက်၊ သူနှင့်ထောက်သော်၊ တခေါက်အသစ်၊ တနှစ်တပါး၊ မိန့်သောအားဖြင့်၊ သာဖြားနှုးညှိုးမလျောက်ဝံ့ခဲ့၊ ဆွတ်ပျံ့တိမ်းပါး၊ သနားစဘွဲ့ယ်၊ လည်ဝယ်ဆွဲးလျက်၊ တင့်ထက်မှိုမြီး၊ မလဲးစသာ၊ မူးကာမူးမော်၊ ညှိုးလျော်မိန်းပြတ်၊ တမ်းရေရွတ်သည်။ ။**ကြာညွတ်ကဲ့သို့ ခွေလိမ့်မည်။**

၃။ **မသွားရက်ဘူး၊** ပျောင်းတိမ်းမူးစွ၊ သည်းစူးမတုံ၊ စိတ်လွှင့်ပျံ့လျက်၊ ဘယ်နံ့သောခါ၊ ကြမ္မာညွန်းပေ၊ ဘုန်းချင်းဝေ၍၊ တနေရာတည်း၊ နေရံ့နည်းဟု၊ ပိုက်ဖြည်းပျံ့ပျံ့၊ မနံ့ရဝ်ခွင်၊ တ-လျက်ပင်တည့်၊ စစ်ခွင်ဝေးမြေ၊ ချီရလေသော်၊ နေလည်းသမ်းညှိုး၊ မိုးလည်း



သွတ်လှယ်၊ သော့ခါဝယ်နှိုက်၊ မြနှယ်ယိုရွှမ်း၊ တောတောင်မွမ်း၍၊ ဆော်ရွှမ်းသွန်းလတ်၊ *ပဏ္ဍုနှစ်ဆွတ်သည်။ ။**ညာပတ်လဲ့ညို့ ကြွေလိမ့်မည်။**

## (၁၇၉) စင်-ရတု

၁။ **ဟောမပြောင်း၍၊** ချမ်းဆောင်းရှည်ကျူး၊ နွေဦးသရစ်၊ ရောက်တုံလစ်သော်၊ စင်းလှစ်ရောင်ထိန်၊ တရှိန်ရှိန်လျှင်၊ ကုံ-မိန်မြွေးထပ်၊ ကျွန်မှိုရဝ်လည်း၊ လုံ့ရွှပ်မုန်တိုင်း၊ ညာကိုင်းရွက်ဟောင်း၊ ကြွေကျပြောင်း၍၊ တပေါင်းကျူးပြီး၊ မိုးသံချီးသော်၊ ဝေးနီးမြောက်,တောင်၊ ချောင်းမြောင်တရှက်၊ ဘွေညက်လိုလို၊ ဆိုလည်းမထူး၊ ကြက်ဆူးပြတ်ပြတ်၊ ကျေနုတ်ဖင့်နွဲ့း၊ ဆံကျွဲးစီရင်၊ မင်းလွှင်လှုလှု၊ မြနုဝေဝေ၊ တောင်လေထန်ပြင်း၊ ဆောင်းတွင်းပီပီ၊ ရာသီလည်းလိုက်၊ နွေအိုက်-ညဥ့်ချမ်း၊ နှစ်ပါးပြွမ်း၍၊ အလွမ်းထပ်ကာ၊ နေလှည့်ရာကို၊ သိသာရင့်ပြောင်း၊ ဘော်မပေါင်းသည်။ ။ **ဥဒေါင်းဘယ်မူ မြူးသနည်း။**

၂။ **နွေလနှောင်း၍၊** ရွက်ပြောင်းညွန့်ရှင်၊ နှစ်သစ်ယင်ကာ၊ ကောင်းကင်ရိုက်ကြူး၊ တော်သံထူး၍၊ ကြက်ဆူးမာရင့်၊ အင်တိုင်းပွင့်လျက်၊ ခါသင့်ချိန်ရောက်၊ ဖူးညှောက်ခွေရိုက်၊ နန်းသူဆိုက်လည်း၊ ပရိတ်ခြည်မျှ

---

* ပဏ္ဍုနှစ်-ကား "ပဏ္ဍုနှ"ပါဠိပုဒ်၊ ပဏ္ဍု + အနု-ဟု ပုဒ်ဖြတ်၊ ပဏ္ဍု=သဏ္ဌာဝါ၊ အနု=ထမင်း၊ ပဏ္ဍုနှ=သဏ္ဌာဝါတို့အား ထမင်း ပေးတတ်သော မိုးနတ်သား-ဟူလို၊

နှိုင်း-မမျှတည့်၊ ရွှေဝရေ်သူ၊ ထွားဖြိုးညက်ဝင်း၊ ထုံသင်းရွှရွှမိရှင်မကို၊ လက်လှကိုင်ရွေး၊ နောင်မင်းပေးသည်၊ ဆေးလေးတည်ကြည်၊ ငါးမည်ပဥ္စ၊ သီလမကင်း၊ သွယ်နွဲ့ရှင်းကို၊ လည်ချင်းဆွဲးလျက်၊ ရင်ခွင်ထက်ဝယ်၊ သူ့သက်တမျှ၊ဆင်ဘိရဟု၊ဝမ်းကကြွင်နာ၊ အောက်မေ့ရာတွင်၊ ဘော်ကွာမနေ့ာ၊ ဖြိုင်သာတောဝယ်။ ။ဥညြဘယ်မှု ကြူးသနည်း။

၃။ **စွေချလောင်း၍**၊ဖြိမ်းမောင်းရိုက်ကြူး၊မုန်တိုင်းမြူးက၊ လှိုင်ဖြူးဧးပျုံ၊ သင်းမြေနွံ့နှင့်၊ **အနှံ့အမျှ၊** သည်ကာလကို၊ ရသည်ကာကာ။ ဩဇာတက်ဖြိုး၊ လူမျိုးခပ်သိမ်း၊ ကြောင့်ကြငြိမ်း၍၊ ညွှတ်တိမ်းပျော်ပါး၊ ဘော်ချင်းရျားနှင့်၊ကစားလှည့်ပတ်၊ ကောင်းရာဆွတ်မှ၊ ဆံ့ဝတ်မပျက်၊ နားရွှေခွက်ဝယ်၊ပြည့်နှက်ဖြိုးမျှ၊ ဆင်ဘိရ၏၊ဝမ်းကကြွင်နာ၊အောက်မေ့ရာတွင်၊ **အဝါ,အရွှေ၊** တိမ်ခြေကောင်းကင်၊ ပတ်ကုံးဆင်သည်။ ။**မင်းလွှင်ဘယ်မှု ဖြူးသနည်း။**

---

(၁၁၀) စစ်-ရတု

၁။ **ချမ်းဆောင်း ဟေမာ၊** မြောက်လေလာက၊ ဘော်ကွာနောင့်ထူး၊ တိမ်းမူးမပျော်၊ စိုက်ခေါ်တမ်းလျက်၊ စက်လည်း-မတည်၊ ဖြေဆည်-မသာ၊ ရွှေကြာရေလွှတ်၊ခွေခွေညွှတ်သို့၊ ပြာထွတ်ညှိစင်၊ သခင်ကိုသာ၊ မေတ္တာဇွန်ဖြိုး၊ လွမ်းမျိုး လွမ်းလျက်၊ နောင့်ထူးစက်သည်။ ။**ကျွမ်းလျက်မကွာ ရစေနှင့်။**



၂။ **ကျွမ်းဟောင်း ထွေလာ၊** မွှေးမွှတ်ပြာကို၊ မေတ္တာရစ်လောင်း၊ သည်ချမ်းဆောင်းတွင်၊ထပ်ပေါင်းရွှေရင်၊မယှဉ့်သခင်နှင့်၊ သာရှင်စုံမက်၊လည်ချင်းရှက်၍၊ ပိုက်ဘက်ရင်ခွင်၊ ထားချင်သည်ကို၊ လျှောက်လိုက်ဆိုက၊ သွယ်ယိုကျပည်း၊ လွမ်းခြင်းသည်း၍၊ ငယ်*ရည်းသက်တင်၊ သခင်မတည်၊ရှိလိမ့်မည်ကြောင့်၊ ကျူးရှည်ကာလ၊ တမ်းမောလှလျက်၊ လောကထွတ်တင်၊နတ်ရှင်မင့်းကျွန်၊ မှတ်ရန်သီဟ၊ တေဇလျှံတက်၊ နောင့်မြဲခက်သည်။ ။**လွမ်းလျက်မရှာ ရစေနှင့်။**

၃။ **လွမ်းပျောင်းခွေကာ၊** နေလှည့်ရာတွင်၊သံသာရင့်လေး၊ ကြူးမြည်ကြွေးသည်၊ ကိုယ်မွှေး-နီလာ၊ ခြေမှာ-သိင်္ဂါ၊ဖြိုင်-မမျှတည့်၊ ဗို-မ-မောင်နှံ၊နေစာခံလျက်၊ ဗောဓိ ခက်ဝယ်၊ လည်ရှက် ရိပ်မြို၊ ငှက်ဘော်စုံကို၊ နောင်တုံမူးခမော်၊ မြိုင်ချေသော်လည်း၊ မပျော်-မပါး၊ လွမ်းအားကြီးထူ၊ ညှိုးသသူကြောင့်၊ဆာပူသို့ပင်၊ မရှင်တင်းမေး၊ ရေးရေးစုံမက်၊ မမေ့ရက်သည်။ ။**ချမ်းလျက်မကြာ ရစေနှင့်။**

---

(၁၁၁) စစ်-ရတု

၁။ **အိမ်မက်မျှလျှင်၊** [ကြောင်းစဆုံမျှင်၊] မထင်စဘူး၊ အုံ့ကာမူးမျှ၊ ဆန်းထူးလွန်လစ်၊ **အစစ်စစ်ထက်၊** သည်စစ်ဝယ်သာ၊ အာကာသီတည့်၊ မိုးတရှည့်တည့်၊

---

* ရည်း-ကား-ပေါရာဏ၊ ချစ်ကြိုက်သည်-ဟုလို၊ ကဗိလက္ခဏာ သတ်ပုံတွင် "သွေးစုန်းမျက်မည်းငယ်ကရည်း၊ စုလည်း မြိတ်စလျှို"ဟု စပ်ဆိုသည်။

သို့သည့်တွာကို၊ဘယ်သူဘယ်ဝါ၊ တွေ့ဘူးပါလိမ့်၊ မသာ မြိုင်း,ဆင်၊ တူးထွင်ခုတ်သွား၊ ထိမ်းပါး မဲ့တောင်း၊ ခြေကြောင်းဆန့်လောက်၊ အစေ့ာင့်မြင့်သွန်း၊ မင်းရိုး စွန်းထက်၊ စခန်းမဆိုက်၊ရေမကြိုက်တည့်၊ ရှိမိုက်ညည့်မှ၊ တပ်တာချသော်၊ မျောင်းပျပန်းယိ၊ အလွှမ်းဘိခွဲ၊ မွေးမိသို့သာ၊ ပမာဇက်သွင်၊ ပုံရောက်ချင်စွ၊ မျိုးရှင်နေ တည့်၊ သည့်မှာပြည်ဟု၊ လျောင်းရည်ဆိုတမ်း၊ ဘွေ့ရှာ စမ်းသည်။ ။**တောင်ကမ်းဘယ်နံ့ ကုန်ပါအံ့။**

၂။ **တိမ်ထက်ကပင်၊** မြင်လထူးလည်၊ အခန့်ရှတည် သို့၊ ဆီးရည်နှင်းခဲ၊ မွှတ်မွှတ်ကြီးက၊ ပုလဲးစိုင်တူ၊ ဖွေး ဖွေးဖြူမျှ၊ ကောက်ယူကိုင်းတောင်းမဖြစ်တောင်းတည့်၊ ငွဲ့စောင်း-မရ၊ မြင်း,ဆင်ကျခဲ့၊ မိုးမျှသိနှီး၊ တောင်ကြီး တောင်လတ်၊ မြောင်းကျတ်နှင့်ချောက်၊ မြေညီရောက် လည်း၊ သွေ့ခြောက်မခံ၊ စေးရွှံ့နက်ဆုံး၊ သလုံးပုဆစ်၊ ကျွံနစ်ဆန်းထူး၊ ဆက်လွန်ကျူးမှ၊ ချောင်ကူးကြ၍၊ ရေကိုတွေ့လည်း၊ ချမ်းမြေ့တုန်လှုပ်၊ ကင်းလျှင်တုပ်သို့၊ ခြေချုပ်သော့သွင်၊ သွား-မလျင်ခဲ၊ ကုန်စင်ရောရာ၊ မြန် လွှယ်ပါမှ၊ ကမ်းသာဆိပ်စ၊ နေတပ်ချ၍၊ သာလှအိမ် ဆောင်၊ စီးမှတ်ဖေါင်နှင့်၊ ရွှေတောင်နန်းမြေ၊ ရောက် ချင်လေစွ၊ ညွှတ်ခွေ ဆင့်လောင်း၊ ထွေတိမျှ မျောင်း သည်။ ။**လျှင်ကြောင်းဘယ်နံ့ ရုန်ပါအံ့။**

၃။ **လိမ်ရှက် မြသွင်၊** ပတ်ကုံးဆင်၍၊ ကောင်း ကင်အတိ၊ ရွှာလတ်ဘိက၊ မွေးမိနေ့ာင့်သက်၊ ပြာ ဝင်းညက်မှု၊ ချီးလက်ရေယောင်၊ ရွှယ်သုံးဘောင်တွင်၊ ခန်းသာခွင်နှိုက်၊ ဖြိုးပြင်မထုံး၊ လက်သင်ရုံး၍၊ မှိုအုံး



နွဲးလျက်၊ သလွှန်ထက်ဝယ်၊ ဘယ်ရက်လသည်၊ သာ ကြည် ယှဉ်ဘော်၊ မျှော်ရှိ့နည်းဟု၊ ဆွတ်ပျံ့ဝမ်းမှာ၊ အောက်မေ့ရှာလည်း၊ ဝါ-မဝင်စောက်၊ ဆောင်းသို့ ရောက်က၊ ချစ်ဘောက်လှဲးမြန်၊ စစ်နှင့်တန်ခဲ့၊ မကျန် ရေးရာ၊ သူ့ရွာရပ်မြေ၊ ရောက်တို့ချေလည်း၊ အောင် မြေဘုံနန်း၊ မမြန်းတိုပါ၊ ဖင့်နွဲးကြာခဲ့၊ မေတ္တာဖြင့် အား၊ မိုးသကြားလျှင်၊ ကြုံးဝါးကြွေးကြော်၊ မြန်ခွင့် ဆော်၍၊တိမ်ပေါ်လှည့်ဝန်း၊တဖျင်သန်းလျှင်၊ရွာသွန်း ဘွယ်တိ၊ ကယ်လိလိတည့်၊ သည်းဘိလွန်ကျူး၊ နတ် စစ်ပျူးသည်။ ။**ရှင်မြူးဘယ်နံ့ ခုန်ပါအံ့။**

ဒုတိယပိုဒ်- 'တိမ်ထက်ကပင်'၊ တတိယပိုဒ်- 'လိမ်ရှက်မြသွင်' တို့ကိုလိုက်၍ ဤပဋ္ဌမပိုဒ်၌ "အိပ်မက်"ကို "အိမ်မက်"ဟု 'မ'သတ်နှင့် စပ်သည်။

---

## (၁၀၂) စစ်-ရတု

၁။ **ကြားသည်ပလျှင်၊** တွေးဆရောက်မည်၊ တဆံ ခြည်မျှ၊ မှတ်တည်ဝမ်းက၊ အိပ်မက်မျှလျှင်၊ စ-နတည် ၍၊မအောက်မေ့တည့်၊ပျော်မွေ့နေရာ၊ ဖြုတ်ခြည်းသာ လျှင်၊ပွင့်လျာထွတ်ထား၊တို့ဘုရားသည်၊ ကြွသွားမနှေး၊ လျှင်ဆောရေးကြောင့်၊ * (ကလေး,စန္ဒား၊ အင်းယား ရွှေတောင်)၊ ရန်မှောင်ပယ်ဖျောက်၊ တိန်းညင်းရောက်

*ဤနေရာတွင် အချို့မူများ၌-"ကလေးကင်းထား အင်းယားရွှေတောင်"ဟု ရှိသည်။

သော်၊ခိုင်မြောက်ခက်ဝေ၊ အထွေထွေကို၊ ဆင်မြဲစရာ၊ မနိုးပါခဲ့၊ ဝေးစွာဘော်ရှုံး၊ မြိုင်တောထဲးက၊ ဝမ်းကွဲးဆွတ်ပျောင်း၊ နွေသစ် ပြောင်းသည်။ ။**တပေါင်း ပြည့်လွှာ ပဘိဏ်**။

၂။ **ထွားလည်မြသွင်**၊ နုကြဆင်၍၊ ညွန့်ရှင်ကိုက်ဦး၊တချို့ဖူးက၊ ဖြူးဖြူးသောင်သွပ်၊ ဝေးရပ်မြေစွန်၊ သည်ကလွန်မူ၊ ချမ်းဇွန်ဘွယ်တိ၊ဘယ်သူရှိလိမ့်၊ လျှံညိ ထွတ်ထွတ်၊ မျိုးတုလွတ်ကို၊ ဘက်ဆွတ်ဇောတ၊ မန္တန်း ရတည့်၊ မကျမြေတွင်၊ ဂေါသဇင်ကို၊ ရပ်ခွင်မြေတာ၊ နိုးဘိပါမူ၊ စိမ်း,ဝါ,ညိုမြ၊ ကတော့လှနှင့်၊ ယုယရည် စောင်၊ မန္တမ်းအောင်ဟု၊ဖြူရောင်ပြာညို့၊ သခင်ဘို့လျှင်၊ နှိမ့်ကြို့ယုံကျွန်၊ ကြွင်းမဲ့ပြန်၍၊ ဆက်ပန်ခယ၊မဆင် ရဟု၊ မွေးပျကြိုင်ဆုံး၊ ရွှေ့နှယ်ကုံးသည်။ ။**ခိုင်လုံး မှည့်ဝါ လှဘိဏ်**။

၃။ မျှားပြည်မှုလျှင်၊ ထိကြမိုးသား၊ နှစ်မြောင်ကြားဝယ်၊ ကိုးပါးလုံးမိုင်း၊ ခန့်သည့်တိုင်းလျှင်၊ ခြားပိုင်းစီရင်၊ တောင်ထက်တွင်မူ၊တပြင်လှည့်ထစ်၊ တွင်သစ်စက်စက်၊ သစ်ခက်လင့်စင်၊ သွတ်ငင်ဝါးခပ်၊လင်းလပ်ထောင်လွှား၊ မီးပွါးပုန်းအောင်း၊ တုံးမောင်းတီးဟစ်၊ ကျွန်းမြစ်ကောက်ခွေ၊ ရေလည်းသွယ်သွယ်၊ စစ်ဝယ်မခြား၊ စုံတပ်ဖျားဝယ်၊ ဝတ်စားထူးဘွဲ့၊ သားငါးကဲ့သို့၊ *မပြို့ပွဲးပြင်၊ ချင်း-ကရင်ကို၊ မမြင်စဘူး၊ အံ့ ကာမူးသည်။ ။**ကိုယ်ထူးကြည့်ရှာ ရဘိဏ်**။

* ...-ကား ပေါ်ရာဏ၊ မတင့်တယ်-ဟုလို၊ စတု...မွှသာရပျို့တွင်-၊ 'ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊ ယေ်က-



ဇင်းစစ်ရတုကား သက္ကရာဇ် ၉၄၃-ခုနှစ်တွင် နန်းတက်တော်မူသော ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီး၏သားတော် ငါးဆုဒါယကာ မင်းတရားလက်ထက် စန္ဒားစား, သောင်သွပ်စားတို့ ပုန်ကန်သောင်းကျန်းကြရာ တပ်ပေါင်း နှစ်ဆယ့်လေးတပ်တွင် စစ်သည်သူရဲ တသိန်း ခြောက်သောင်းနှင့် ညီတော်-ဇင်းမယ်ဘုရင် နော်ရထာမင်းစော, ဘတွေးတော်-ပြည်ဘုရင် သတိုးဓမ္မရာဇာတို့ကို ချီတက်လုပ်ကြံစေရာ ငါးလနှင့် အောင်မြင်သည်၊ ထိုအခါ စာဆိုတော် နဝဒေးလည်းပါရကား ဤ "ကြားသည်ပလျှင်"ရှိ စစ်-ရတုကို စပ်ဆိုသတည်း။

---

(၁၀၃) စစ်-ရတု

၁။ **စံကပြန်၍**၊ဟေမန်လကျွန်း၊နှစ်ရက်စွန်းဝယ်၊ စခန်းချ၍၊ ချီသည့်နေ့က၊ မိုင်းဝေ့ ကွယ်ဓမ္မာင်၊ ရေတောင်ဇွန်ပြီး၊ တိမ်ခိုးလျှံတက်၊ တောင်နှင့်ရှက်မျှ၊ သွန်းစက်ပုလဲး၊ ရေခဲးသီတာ၊ လျှပ်ဝါညီးညီး၊ ဆိုင်လည်စီးလျှက်၊ စုံကြိုးမြိုင်နက်၊ရွက်ထက်ဘောက်ဘောက်၊ ဖြောက်ဖြောက်မည်၊ သန်ယံသောက်နီး၊ စွေပြိုးမစဲး၊ သွန်ကြီးတင်းကျမ်း၊ရဲးမက်ချမ်းသည်။ ။**တောင်ကမ်း တက်တုံ သက်တုံသော်**။

မသင်၊ဈော်ပါးလွှင်မူ၊ အကြင်သူအား။ စကားချေတင်၊သဘင်မပြ၊ ခံတွင်းမဲ့သို့"ဟု စပ်ဆိုသည်။

၂။ လျှံမျှဝနှန်၍၊ တမ်းခွန်ဖွေးဖွေး၊ ရေတိမ်ပြေးသား၊ ရေးရေးတံလှပ်၊တို့ရပ်မအား၊ တံတားခင်းကာ၊ ကူးခဲ့လှာသော်၊ သူ့ရွာရပ်စည်၊ ထွေလည်ထူးဆန်း တောင်တိရန်းလျက်၊ စခန်းချနေ၊ အထွေထွေတည့်၊ ဘန်ဝေရှုသော်၊ ရှိုင်းသူ့ပမာ၊ ထွေလာကြောင်းစ၊ မြင်ဘိရရှင့်၊ သည်မှာ့ဟန်ကို၊ မကျန့်ခြင်းရာ၊အောက်မေ့စာက၊ ဗျာပါထပ်မွန်း၊ ပြွက်သွယ်ရွှမ်းသည်။ ။ စောင်လွှမ်းကြက်တုံ ဗျက်တုံသောဝ်။

၃။ ကြံကြည်နှန်၍၊ သည်ဟန်သို့သည်၊ ဖြစ်တော့မည်ဟု၊ ရွှေပြည်ကိုသာ၊ တ-ရွာတော့၏၊ မိုးရှည့်ရှည့်လျှင်၊ မည်သည့်ရပ်မြေ၊ မသိလေတည့်၊ ကျူးထွေတိုင်းစွန်း၊နှံ့ စပ်မြန်းလျက်၊ မိုင်းခန်းစိန့်ပြည်၊ တလည်လည်းကောင်း၊ ကြားရကြောင်းမှု၊ ရွှေပေါင်းမျှူးနတ်၊ သုံးမြောင်ပတ်သား၊ ညာထွတ်ဘုံမြင့်၊ သခင်နှင့်လျှင်၊ အုံးတင့်စက်ရာ၊ နံ့သာကြိုင်လှောင်း၊ သင်းနံ့ပျောင်းတည့်၊ စုံပေါင်းပိုက်လွှမ်း၊ ပြန်မေးစမ်းသည်။ ။ ယောင်ယမ်းစက်တုံ မက်တုံသောဝ်။

(၁၀၄) စစ်-ရတု

၁။ နှင်းသာထန်၍၊ ဟေမန်မာသ၊ ဒီလေစက၊ ရွှမ်းမျှနှေ့ရေ၊မှိုင်းမှိုင်းဝေမျှ၊ မြောက်လေဖြည်းဆောင်၊ မွှန်းတည့် အောင်လျှင်၊ နေရောင်မကျောက်၊ နှင်းမပြောက်တည့်၊တလျောက်ဝန်းကျင်၊သီပေါ့ခွင်၌၊ငါးအင်ကြန်သင့်၊ မျိုးဘုန်းမြင့်ကို၊ ဆင်တင့်ပေလွှန်း၊ ရှမ်းနယ်ပန်းလည်း၊အဆန်းတကြယ်၊ဓါမှန်းရွယ်သို့၊ ညွှန့်သွယ်



ရွှက်ဖြာ၊စိမ်းညှိဝါနှင့်၊နီလာရည်လျှံ၊ ချပ်ဖျားမံလျက်၊ ဝတ်ဆံဖြူစင်၊ ရှုဘွယ်မြင်သည်။ ။မွှမ်းဖြင်ပေါ်ပြည် ကူလတည့်။

၂။ ရင်းချာမှန်၍၊ သည်ရန်စင်စစ်၊ ဆက်တိုင်းဖြစ်သား၊ ချစ်လည်း-ချစ်ခင်၊ ကြင်လည်း-ကြင်ကျွမ်း၊ လွှမ်းလည်း-လွှမ်းသည်၊ ညဥ့်လည်း-ရှည်ခဲ့၊ ရှမ်းပြည်အုန်းပေါင်၊ နှစ်ပြည်ထောင်ကို၊ ကုန်အောင်ချမ်းဆောင်း၊ ပုံလှာပေါင်းသို့၊များတောင်းဧပြီမှ၊ချမ်းလှာစိမ့်သော်၊ လွှမ်းလိမ့်များကြွယ်၊ နောင့်သည်မယ်လျှင်၊ နောင့်နှယ်တမူ၊ လွှမ်းသောဟူကာ၊ဆံမြှမယွင်း၊သက်လုံးနှင်း၍၊သည်ရင်းကျွမ်းမြိတ်၊ မျိုးရင်းစိတ်နှင့်၊နောင့်စိတ်ထပ်တူ၊ ဖြူချင်းဖြူ၍၊ သည်းအူကပင်၊ လွှန်၍ကြင်သည်။ ။ကျွမ်းဝင်တော်တည့် တူတရှည်။

၃။ ခြင်းရာမှန်၍၊ မှာဟန်ထွေလာ၊ နှုတ်ပျူဟာနှင့်၊ မြေတာကျူးရှည်၊ ရှမ်းရပ်ပြည်သို့၊ ဆွေသည်မယ်မောင်၊ * ကျိုင်းမြေရောင်လျှင်၊အန်ထောင်ကြိမ်းပ၊ ဒီလေရသော်၊နှမမောင်ပင်၊ ရန်အောင်မြင်၍၊ပြန်လျှင်

* ကျိုင်းတား- ဝေါရာဏ၊ [၁—ထွားထွားဖွံ့ဖွံ့၊ ၂—အဆောင်အယောင်] ဟုလို၊ ပါရမီတော်ခဏ်းပျို့တွင်“ရအုံ့ဂုဏ်လှိုင်း၊ ငါရည်တိုင်းလျှင်၊ရှင်ကျိုင်းရသေ့၊ ကြီးအောက်မေ့လျက်”၊ [ဤအရာ၌“ထွားထွားဖွံ့ဖွံ့”ဟော] ဖြစ်၏။ ။ရွှေပြည်ဝင်လင်္ကာတွင် “လေပြင်းမုန်တိုင်း၊ခတ်ဘိလှိုင်းသို့၊ ထီးကျိုင်းမပါ၊ မင်းမလှာတို့”၊ [ဤအရာ၌ “အဆောင်အယောင်”ဟော]ဖြစ်၏။

မစသော၊ မှတ်သဘောဖြင့်၊ ဖြူမောစိတ်ကြုံ မေတ္တာခံ၍၊ ဆင်းစံရွှေရည်၊ လျောက်လိုက်သည်ကား၊ ထောင်ခြည်ပြည့်စွာ၊ မယ့်ဆုံကြာမူ၊ လက်ယာ ရောင်ဘိတ်၊ ပန်စိမ့်ဆိတ်သည်၊ ပရိတ်ချည်တန့်၊ ဖူးရွှန်ရွှန်ကို၊ ညွန့်ညွန့်ထွတ်ဖျား၊ သျှောင်ထုံးကြားဝယ်၊ ဖြူထွားသန့်စင်၊ ရစ်ဆင့်ဆင်သည်။ **။လွှမ်းလျှင်မျှော်ဖြည့် ဟူကလှည့်။**

---

(၁၀၅) စစ်-ရတု

၁။ ကြံ့ရှာပီချေ၊ နွေလယ်နေလည်း၊ တွေတွေလာလာ၊ မသိသာခဲ့၊ ရွှေဝါစွန်းပြောက်၊ တိမ်ပွင့်နောက်ဝယ်၊ မောက်မောက်ဖြိုးဖြိုး၊ ကြိုးအုံ့ဘနန်း၊ လှည့်ဝန်းမဆိုင်၊ ကြူးအိုင်မဲ့ဘူး၊ မြောက်စူးစူးက၊ လေဦးရွှေညွန့်၊ နောင့်ဆီလွန်သော်၊ တက်ဟန် ဖြည်းဖြည်း၊ တို့လည်းမကြာ၊ ရွှေပြည်သာသို့၊ ပြန်ခါရောက်သည်၊ တန်တော့မည်ဟု၊ မှတ်ရည် တွက်စား မယ်တို့မှာသည်။ **။ဗျာပါပည်းမျှ ထပ်လိမ့်မည်။**

၂။ **စံသာတီပေ**၊ သော္ဘခါနွေနှိုက်၊ မင်းနေကြွင်နီး၊ လွတ်တုကျွန်းဝယ်ပြင်စွန်းရေရွှေ၊ စဲးဖျားရွှေက၊ ဆောင်လှေဝန်းကြူ၊ တောင်ပြန်စသော်၊ ဖို့မ-ခေါ်ညှိ၊ ဘန်တိဘန်တွတ်၊ ဆွတ်လွတ်ရင့်ရှု၊ သီလေမှုကား၊ လျှောက်ကူတိမ်လိပ်၊ ရွှေပြည်ထိပ်ဝယ်။ **။ညှိရိပ်မည်းမျှ စပ်လိမ့်မည်။**

၃။ **လျှံဝါညီရွှေ**၊ ကုံးနစ်ခွေလျက်၊ ရွှေသို့တမျှ၊ တောတောင်လှ၏၊ ဆိပ်စကမ်းနား၊ စုံပြားမြိုင်ကြည်း၊



သာချိုးပည်းရှ့၊ စက်လည်းမပျော်၊ နေသော်မတတ်၊ ပျောင်းညွတ် တိမ်းမူး၊ ချီစဦးက၊ မကူး နွေလျှင်၊ ရောက်သည်ထင်၍၊ ဝမ်းတွင်မှတ်ပိုက်၊ လွှမ်းမိလိုက်ရှင့်၊ တိမ်တိုက်ခြောင်းခြောင်း၊ လေလျှင်လောင်းက၊ တပေါင်းတန်းခူး၊ ကျူးလေတို့လှည့်၊ ကြာမော၏ဟု၊ မြေဖြည့်ဝမ်းဝယ်၊ ရှင်-မချယ်သည်။ **။ကြာ့နှယ်ချည်းလျှ လှုပ်လိမ့်မည်။**

---

(၁၀၆) စစ်-ရတု

၁။ **ပြည်ကစ္ဆါ၍**၊ မြစ်ညာ ချောင်းဖျား၊ ချီရသွားသော်၊ မြလားယဉ်ဘောင်၊ ကမ်းနှစ်မြောင်နှင့်၊ စိမ်းခရောင်ညီမော၊ ရွာနှင့်တောလည်း၊ နီးရောစပ်လျက်၊ စဉ့်မပျက်တည့်၊ ဆစ်မျက်နွယ်တံ၊ ဝတ်ဆံလွင့်ကြွေ၊ သာချိုးဝေမျှ၊ တွေတွေဆန်းဆန်း၊ ဝမ်းပန်းပြုကွဲ၊ သန်ခပ်လွဲးက၊ လွန်ကဲးငြိမ်းမောင်း၊ အရွှေပေါင်းသို့၊ ချမ်းဆောင်းရေနှည်၊ ပြန့်ပြောစည်သည်။ **။လေပြည်လည်းချမ်း မိုးလည်းချမ်း။**

၂။ **ရည်မျှရှာ၍**၊ သည်မှာ နေ့င့်အား၊ လွမ်းဘို့ထားသို့၊ သုံးပါးရောပေါင်း၊ မိုးနှင့် ဆောင်းလည်း၊ ချောင်းမြောင်းသဘော၊ ချမ်းတာတ်မောစွ၊ ပြာချောနွဲ့သွယ်၊ နတ်နှင့်ဆွယ်၍၊ ကြင်ဘွယ်အဘိ၊ ရှင်ခင်းရှိလည်း၊ မွေးမိနေရာ၊ ရွှေပြည်မှာသို့၊ မျှော်ကာခွေလျက်၊ မျဉ်းပျောင်း စက်မှ၊ နွေ့ရက် မြင့်ရှည်၊ နှစ်လည်-လကျူး၊ မိန်းမူး မသာ၊ ဗျာပါကဲးဆင့်၊ တောင်ရှိမြင့်၍၊ မြူနှင့်ဆန်ခန့်၊ ရောင်ဝါ တန့်လည်း၊

ချစ်ညွှန့်ပွါးစည်၊ စက်နှယ်လည်သည်၊ ။မြေဆည်လည်းသမ်း ညှိုးလည်းသမ်း။

၃။ ရှည်လှကြာ၍၊ အခါ တပါး၊ လွမ်းသည်များထက်၊ ဆ-ပွါး တ-ရှု၊ သည့်အတုလျှင်၊ သည်းအုပို့ပျောင်း၊ မလွမ်းတောင်းတည့်၊ မိုးနှောင်းလေငယ်၊ သူ့ရပ်ဝယ်လျှင်၊ မကွယ်တောင်ကမ်း၊ သွန်းသို့ချမ်းမျှ၊ ဆော်ရွှမ်းကြူးမည်၊ ရွာတုံသည်လည်း၊ ပြောင်းမည်*ယူးယူး၊ ရင့်နွဲ့ကြူး၍၊ နှစ်ဦးတပဲ၊ နည်းများဆွဲကနေမြဲခန်းချောင်၊သာသည့်ဘောင်နှိုက်၊ ဖြေဆောင်နှောင့်တူ၊ ရှိလေမူကား၊ သည်းအုမခြား၊ ကြင်သောအားဖြင့်၊ နှစ်ပါးမရည်၊ ချစ်ယုံကြည်သည်၊ ။ဆွေသည်ထည်းလွမ်း မျိုးလည်းလွမ်း။

---

(၁၀၇) စစ်ရတု

(အာသာဝတီဝတ်ဆံချ)

၁။ တကြူးကြူးလျှင်၊ကြူးလတွေတွေ၊နွေ၏သရစ်၊ ခါသစ်ရတု၊ ပင်တိုင်းရှုသော်၊ ရွက်နုယှဉ်စုံ၊ ဖူးကင်းငုံလျက်၊ ရဂုံမြိုင်သန်၊ ခါမှန်ဆန်းကွဲ၊ ကျဲးစလိုလိုက်၊ ဖူးကိုက်ညွှန့်ညောင်း၊ နှာမောင်းတွက်စ၊ မြူလကလျှင်၊ မြမြဆိုင်းဆိုင်း၊ ပင်တိုင်းလူလူ၊ လွမ်းစိမ့်ဟူသို့၊ မဥ္ဇူ

* ယူးယူး—ကား ပေါ်ရာထား၊ ထိလှ ထိချင်—ဟုလို၊ ပါရမီတော်ခန်းပျို့တွင် "ဦးကြိုးရုံးရုံး၊ ငါ့ခေါင်းဦးနှိုက်၊ယူးယူးနင်းလှ"ဟု၍၎င်း၊ တောင်ငူဆိုရတုတွင် "ဆင်ရာမကို၍၊ ရှင်တော်ရိုက်ဟု၊ ထိခိုက်ယူးယူး၊ မိုးညွှန့်ဦးဝယ်"ဟု၍၎င်း စပ်ဆိုကြသည်။



ခိုင်ပေါ်၊ နတ်တို့သော်လည်း၊ သာပျော်ရှင်လန်း၊ မြူးဘနန်းတည့်၊ လွမ်းပန်းကြီးတူ၊ ဘော်ဝေးသူလည်း၊ တုစလေဘွယ်၊ သည့်နှယ်စစ်ညောင်း၊ မကြာတောင်းတည့်၊ ချမ်းဆောင်းရက်ကြွင်း၊ ငါးကြွင်းဆန်ကြူ၊ သည်ကာလသည်၊ ။နှမမျိုးတူ အိမ်သူချမ်းချိန် တန်လိမ့်လော။

၂။ တမူးမူးလျှင်၊ မူး-မပြေတည့်၊ ရင်ရှေမနွဲ့၊ တပေါင်းရှဲ့သော်၊ ဖန်လဲးချစ်တင်း၊ သံညှင်းမကြူး၊ နှောင်မဖူးတည့်၊ တန်းခူး-ကဆုန်၊ နယုန် ခါလည်၊ မိုးကသည်လည်း၊ ထစ်မြည်ချုန်းချုန်း၊ တက်တုန်းတံပိုး၊လှိုင်းထိုးမြစ်တွင်း၊မုန်တိုင်းပြင်းနှင့်၊ မြေသင်းလည်းမြန်၊ ဩဇာမွန်ကာ၊အာသဥ်ရာသီ၊ခေါ်ညီရတု၊ မင်းရေးရှုလျက်၊ဇမ္ဗူ့သခင်၊ နတ်ရှင်ဘုရား၊ သွားအံ့တင်းလင်း၊ နန်းမှုကျင်းကာ၊ လေညှင်းဖြည့်လျှောက်၊ မိုးပေါက်ကြီးဖျန်း၊သာလှလွှန်းသည်၊ ။ကိုင်းကျွန်းနှ၍ ရတုတောင်လေ မြန်လိမ့်လော။

၃။ တနူးနူးလျှင်၊နူးသည့်မြေသို့၊စုံခြေပင်ပျို့ပြေဟန်လိုနှင့်၊ စိမ်းညိုလန်းလန်း၊ ကိုင်းကျွန်း မြစ်လျှောက်၊ ကောက်ကစင်းလျှင်၊ မှည့်ဝင်းသခွါး၊ မရှားပည်းမွမ်း၊ ဗုံး,ခရမ်းနှင့်၊ စိမ်းရွှမ်းရတု၊ နုသည့်ဖြိုင်မျှ၊ မြိုင်လကလျှင်းမင်းဖျူးမတ်ကျော်၊ သူတော်ရွယ်လူး၊ ကျူးသည့်နေ့ရက်၊ ရေခန့်တွက်သော်၊ ရဲးမက်စွတ်ရွှမ်း၊ ချမ်းခဲ့မိုး၍၊ သည်မျိုးနှမ၊ မောင့်-မွေးဘကို၊ တကွလွမ်းလျက်၊ မှည့်ရွှမ်းနုရင့်၊ဆွတ်မည်လင့်သည်၊ဖူးခွင့်ချိန်တန်၊ မင်းရေးဝန်ကြောင့်၊ လွန်သည့်အခါ၊ မယ်တို့မှာသည်၊ ။သီတာမြစ်တွင်း ငါးကြွင်းရေမြည့် ဆန်လိမ့်လော။

---

(၁၈၈) စဝ်-ရတု

(ဇော်တနိုင်လုံးချ)

၁။ **လွမ်းချက်ပေ့ရှ်**၊ငါးတွေဆင်းမြင်၊လှသခင်နှင့်၊ ရွှေရင်မပူး၊ နောင်လူးဘော်ကွာ၊ နေလှည့်ရာကို၊ အာကာမိုးမြင်၊ ကောင်းကင်မို့မှိုင်း၊လေမုန်တိုင်းလျှင်၊ပတ်ကုံးဆင်ရှို့၊မရှင်ညှိုးခွေ၊ လွမ်းလေစေဟု၊ တိမ်ခြေထက်မြင်၊ ယုဂန်ခွင်က၊ သံထင်ရိုက်ဆင့်၊ တရင့်ရင့်တည့်၊ စံတင့်လှအောင်၊ လေးယောက်မောင်လျှင်၊ ဟန်ဆောင်ကာဝန်း၊ တဖျင်သန်းတည့်၊ လျှပ်ပန်းပြိုးပြက်၊သန်လျက်ခွဲးကိုင်၊ မဏ္ဍိုင်မြင်းမိုရ်၊ကွဲးပြိုဘနန်း၊ပတ်ဝန်းအောက်ထက်၊ ဘဝဂ်ကြွးရိုက်၊ မြေသို့လိုက်မျှ၊ ဇုန်ကြိုက်အုန်းအင်း၊ စက်မီးဝင်းလျက်၊ထန်ပြင်းထစ်မောင်း၊ ရွာထပ်လောင်းသည်။ **နွဲ့နှောင်း ဖြူစင် အပြင်လျှချည်း စုလည်းလျှစ်လျူ အိမ်သူချမ်းနှင့် လေတော့မည်။**

၂။ **တမ်းလျက်ခွေ့ရှ်**၊ သားရွှေဝင်းစင်၊ စုလည်းသျှင်နှင့်၊ရွှေရင်ခွဲးလျက်၊စက်သောခါမှ၊ခွေပါဘိလော့၊ မချိပျောင်းသမ်း၊ ခေါ်တမ်းလျက်ပင်၊ လွမ်းစဉ်တွင်နှိုက်၊သံထင်ကြိမ်းဝါး၊ မိုးနတ်သားလျှင်၊သနားမဲ့လျှင်း၊ ကိုယ်ချင်းမစာ၊ ဘယ်ကြောင်းခြာကြောင့်၊ ထပ်ကာမနေ၊ ရွှေဘိသနည်း၊ ပူလောင်သည်းစွဲ၊ တောင်ကြည်းပြင်ကမ်း၊ပြည့်လျှမ်းစေခြင်း၊မြစ်တိုင်အင်းလည်း၊ ကုန်းကျင်းစီးဝင်၊ကောင်းကင်ဝေဝေ၊ တိမ်ခြေပြာဝင်း၊ ရွာသံမြင်းနှင့်၊ မိုးမင်းဒေဝါ၊ ရွာတို့ပါက၊ ကလျှာနိကာယ်၊ တဆယ်မက၊ နွဲ့*လျှလျှကို၊ နောင်မြဲ-မမြင်၊ မြင့်ကြာတင်သည်။ **ဖြူစင်နွဲ့ရှင်း စိုးမင်းနတ်တူ အိမ်သူမျိုးပင် သခင်တမ်းနှင့် လေတော့မည်။**



၃။ **ကျွမ်းသက်ဝေ့ရှ်**၊ မြူတေရှပ်သွင်၊ လှထွတ်တင်သား၊ သက်လျှင်မှတ်ပိုက်၊ ကြင်ပေထိုက်သည်၊ ရောင်မြိုက်နွဲ့နှောင်း၊ လှဟန်ကောင်းကို၊ ထပ်လောင်းပူပင်၊ လွမ်းစဉ်တွင်နှိုက်၊ ကောင်းကင်အုန်းအင်း၊ မိုးနတ်မင်းလျှင်၊ ထန်ပြင်းဟစ်ကြွေး၊ သားမြေးစုရုံး၊ နှလုံးပို့ပူ။ စွတ်ရွှမ်းနူးမျှရိုက်ကြွးမနေ၊ ရွှေဘိသည်နည်း၊ ပူလောင်သည်းစွဲ၊ ရုလည်းသခင်၊ လှထွတ်တင်သည်၊ မရှင်နောင့်နှယ်၊ ရှိလေဘွယ်တီ၊ နုနယ်နွဲ့ရှင်း၊ စိုးမင်းနောင်နတ်၊ မသိတတ်ခဲ့၊ ဆယ်မြတ်သက်တင်၊ တင့်ဆင်းမြင်မူ၊ ကောင်းကင်မိုးလ၊ ဝင်းဝင်းပသို၊ စည်းစမြရှက်၊ ရောင်ဘိတ်လျက်ကို၊ နောင့်လက်ပင့်သိုင်း၊ မြင်လိုက်တိုင်းနှင့်၊ ရွှယ်ကျိုင်းဝင်းလျှံ၊ လှဆင်းစံကို၊ သန်ယံကျူးမှ၊ မိုးသောက်ထတွင်၊ အိပ်မက်မြင်သည်။ **အသွင်ပဝင်း မျိုးရင်းသက်လှယ် နုနယ်ဖြူစင် အိမ့်ရှင်လွမ်းနှင့် လေတော့မည်။**

(၁၈၉) စဝ်-ရတု

၁။ **ဆိုခဲ့ကြာတင်**၊ ဆောင်းလစင်မျှ၊ ထင်ထင်မရောက်၊ရစ်ခေါက်ပတ်လည်၊မြန်လျှင်းမည်ဟု၊ယုံကြည်စေလျက်၊ လျှောက်မိန့်မြွက်ရှင့်၊ နွေရက်ကုန်ကျွန်း၊

---

* လျှလျှ-တား ဝေါရာဏ၊ ကိုယ်ဟန် သေးသွယ်သည်-ဟုလို။

လသစ်ဆန်းရှု့၊ မှိုင်းဝန်းမင်းလွင်၊ ရွက်ကျင်ချပြွတ်၊ တိမ်ပုပ်ဝေ့လည်၊ ဆန်းလေပြည်နှင့်၊ တောင်တည်တလျောက်၊ ကြင်လောက်ကြင်ခွင့်၊ မြင့်လည်းမြင့်လွန်း၊ ရွှေပြည်နန်းသို့၊ ရွှေပန်းခရွလျှက်၊ ရွှေလျှံစက်သည်။ ။ **မြိုးပြက်ရွှေရည် ဖြည့်လှည့်သော်။**

၂။ လိုမဲ့သာလျှင်၊ ချိန်ခါကာလ၊ မည်သည်ကဟု၊ ဆိုရစရာ၊ ကြောင်းခြာမဲ့လျှင်း၊ ဆောင်းကြွင်းနွေစ၊ ခုချည်းကကို၊ ရွှန်းမျှပြိုက်စက်၊ နွေ့ရက်ဆက်ရှု့၊ ခန့်တွက်မသိ၊ ရွာဘိသွန်းကြီး၊ ဖွဲ့ဖွဲ့ကျမှိုင်း၊ မှန်တိုင်းညို့ညို့၊ ရစ်ဆို့တိမ်မှောင်၊ ရွှေရောင်ခြယ်တာ၊ ပြက်သည့်လျှပ်နှင့်၊ ရင်လပ်ဘော်ရှား၊ ရှိသူအားကို၊ သနားမဲ့တောင်း၊ ဘုံသည်းပျောင်းချ၊ တပေါင်းခေါ်မှည့်၊ မှတ်လျှင်း၏သို့၊ လျှော့တည့်ပိတ်ရှက်၊ ချမ်းငြိမ်းပြက်သည်။ ။**မိုးသက်လေပြည် ဖြည့်လှည့်သော်။**

၃။ ညိုလဲ့ပြာဝင်း၊ မယ်ရှုပ်သွင်မူ၊ ကောင်းကင်မိုးဝး၊ ဝေပူမြူသို့၊ တင့်လှဘိပေ၊ အသရေတိ၊ လျှော်ရွှေစံကျွန်း၊ ပုံဖြင့်သွန်းသို့၊ ရုံဝန်းရွှေလယ်၊ ရှင်စံပယ်သား၊ နတ်ဆွယ်ဘုန်းသစ်၊ မျိုးရင်းစစ်လျှင်၊ သည်နှစ်ရတု၊ ညွှန့်နုဝင်းပြောင်၊ ခုတိုင်အောင်လည်း၊ ဆွေမောင်နတ်က၊ ချွတ်လေစွဟု၊ ကာလမြင့်ရှည်၊ တမ်းလိပ်မည်ဟု၊ ဆိုသည်နွေ့က၊ စွေ့စွေ့စရှု့၊ ဆယ်ဆအသက်၊ ပြစုံမက်သည်။ ။ **ချိုးလက်ရေသည် ပြည့်လှည့်သော်။**

---



## (၁၉၀) စဝ်-ရတု

၁။ **ယခုတုံသည်၊** ဖြည်းလေပြည်လည်း၊ တောင်လည်-မြောက်လှည့်၊ တည့်တည့်မလား၊ ညဥ့်ကား-ချမ်းမြေ့၊ နွေ့ကား-ပူရှင်၊ အာကာခွင်က၊ သို့ပင်ပြွတ်ပြွတ်၊ မမှတ်သာမော၊ ခဝ်သိမ်းတောလည်း၊ ရှုပြောမညောင်း၊ ပြောင်းအုံ့လှုလှု၊ ရတုချို့ချယ်၊ လွမ်းဘွယ်တွေလာ၊ သည်အခါမူ၊ ဗျာပါဝမ်းကွဲ၊ စိတ်ကိုခွဲသို့၊ နှင်းဖွဲ့ရောရှက်၊ သိသာခက်သည်။ ။**တိမ်ရှက်ကြွေတုံ မှိုင်းဝေတုံ။**

၂။ **အနုငုံရှည်၊** ကင်းနှင့် သည်လည်း၊ ပွင့်မည်ညီအောင်၊ ဟန်ရည်စောင်သို့၊ ရွှေဆောင်နောက်လိုက်၊ ပင်နှိုက်မကျွန်၊ ကြိုးအားသွန်သော်၊ ဝါလွန်ဆောင်းလ၊ ချိုလေစက၊ နှမငယ်ဆွေ၊ မှာခဲ့တွေမူ၊ ရစ်ခွေပတ်ဆင်၊ လည်ဝယ်ပင်တည့်၊ ပန်းသွင်ပမာ၊ ပန်ချင်စွာလည်း၊ မကွာချင်လှည့်၊ ဆိုဘိ၏သို့၊ သိုသည့်နှုတ်နှင့်၊ မတန်မြင့်ခဲ့၊ ဖင့်ဖင့်နွဲ့နွဲ့၊ ချစ်ဘော်ကွဲလျှက်၊ ဝမ်းထဲမလား၊ ပေါ်ဗျူဟာဖြင့်၊ နှုတ်သာတမန်၊ စီးမြင်းသန်နှင့်။ ။**ယုံကျွန်စေတုံ ကြာလေတုံ။**

၃။ **တစုယုံကြည်၊** ချစ်မှုနည်နှင့်၊ နှုတ်တည်မကျ၊ နောင့်ဓွေးဘလျှင်၊ ပျသည့်ဝမ်းကို၊ ပူစေလိုဟု၊ ဆိုလေသရွေ၊ မေ့ကြီးမွေ့ခဲ့၊ နွေ့ကိုလရှား၊ ကျင့်လေများသော်၊ နုတွားတွတ်တွတ်၊ ရေမှလွတ်သည့်၊ ခွေညွှတ်ကြာတိမ်း၊ နွဲ့ရှာယိမ်းသို့၊ မသိမ်းဆံမျှ၊ မွေ့ရာမထက်၊ ပျောင်းပျလျောင်းမှီ၊ ဆိုစဉ်စီလျှက်၊ မဘိမကျန်း၊ ရှင်လန်းမပျော်၊ ညှိုးရော်ကဲလွန်၊ ဖြစ်သောဟန်ကို၊ ကျွန်လည်းသို့ပင်၊

လာတိုင်းမြင်လျက်၊ ဘယ်တွင်မသိ၊ မေ့လျော့ဘိဟု၊ မျက်စိ မျှော်ညောင်း၊ ဘော်ခွေ ပေါင်းနှင့်။ ။ပျော် **ကြောင်းဖြေတုံ ညွှတ်ခွေတုံ။**

---

(၁၉၁) စစ်-ရတု

၁။ **ထွေလည်လှ၏**၊ပျောင်းပျလှည့်ရာ၊အောက်မေ့စာသော်၊သို့ခါနွေသစ်၊ ဆန်းရောက်လစ်က၊ မြစ်လည်းကြည်စင်၊ သဲပြင်ဖြူဆွတ်၊ခေါ်တွတ်မြည်ကျေး၊ ကြူးဖေးသံညောင်း၊ ဥဒေါင်းဆက်ရက်၊ ပင်ထက်ခိုင်ပြည့်၊ ကြွေမှည့် မြေပြင်၊ လမ်းခွင်ရပ်စဉ်၊ ဥယျာဉ်ရမ္မာ၊ နန္ဒဝါသို့၊ ရှုရှာလေလေ၊ အတွေတွေတည့်၊ သရေခေတ္တရာ၊ ပြည်အောင်ချာသည်။ ။**အသာနတ်ပြည် မျှလို့မည်။**

၂။ **ရွှေရည်မှုံ၏**၊ ပွင့်ကြလှည့်လျက်၊ရွက်ရှည့်ပေါ်လစ်၊ အသစ်ချည်းသာ၊ လျှံဝါရွှမ်းကြွေး၊ မစိမ်းသေးတည့်၊ *တွေးတွေးခြင်းခြင်း၊ ဝင်းဝင်းသာမော၊ တောင်တော အတိ၊ ရဲရဲညီဖျ၊ ရွှယ်ဂိုထပ်တူ၊ ရွှေပြည်သူတို့၊ မြင့်ဖြူနောက်ဘက်၊ မြို့နှင့်ရှက်သော်၊ ပျော်လျက်ရှင်စံ၊ ရည်ငံရွှယ်ချူ၊ အိမ်သူဆွေစုံ၊ နွဲ့ပိုက်ခြံ၍၊ သဲပုံတိတောင်၊ လရောင်နေငြိမ်း၊ ခပ်သိမ်းကျွန်းတွင်၊ မြည်သာင်သည်။ ။**ဝန်းကျင်ပတ်လည် ပလိမ့်မည်။**

၃။ **လေပြည်ပြန်၏**၊တောင်ကချိုလစ်၊ ရွက်ကြွားချစ်မူ၊ရောက်သစ်ပျံ့ညွှင်း၊ သည်းကိုချင်းဖျ၊ ဆောင်းကြွင်း

---

* တွေးတွေး ခြင်းခြင်း-ကား ပေါ်ရောဏ၊ ရဲရဲနီမြန်းသည်-ဟုလို။



နွေဦး၊ ဝိုးဝါးကူး၍၊ နှံမြူးကြိုင်ပျ၊ ပေါ်သမျှကို၊ ယုယမရှင်၊မျှော်လျက်ပင်တည့်၊ ညောင်းလျှင်မှိုအုံး၊ လည်းလျောင်းကုံးသို့၊ မိုးဆုံးမြေခြား၊ ယိုးဒယားကို၊ ကြွားသည်အပ၊ ဝေးမောလှ၏၊ ပြန်ရဘယ်နှံ့၊ပန်မိအံ့ဟု၊ ဆွတ်ပျံ့ကိုယ်လုံး၊ ပန်းသွှံချုန်းလျက်၊ဝင့်ရှုံးလက်သင်၊ ခန်းသာခွင်ဝယ်၊ ရှုပ်သွင်ထွားပျို၊ သွယ်နွဲ့ညီသည်။ ။**နောင့်ကိုမှတ်ရည် တလိမ့်မည်။**

---

(၁၉၂) စစ်ရတု

၁။ **ပုံ*တမျှင့်လျှင်**၊ မျက်ပွင့်ရှုရာ၊ကြည်ဘွယ်သာတိ၊ အဝါ, အရွှေ၊ ခတ်မြေလှရော၊ ဖြူရောင် နှော၍၊ တောင်တောချောင်းနား၊ ဝမ်းပါးတိမ်းမူး၊ မနေဘူးတည့်။ မပူးနေရောင်၊ရိပ်ခေါင်သာလွှန်း၊ဘောင်ပင်စွန်းဝယ်၊ သမ်းမြန်းမတုံ၊ ဘော်ကိုင့်၍၊ ဆွတ်ပျံ့လှည့်ခြား၊ သွင်မူထားကို၊ သနားမောစွ၊ သိချင်လှ၏၊ ပျောင်းပျမျှော်ကာ၊ တို့ကိုသာလျှင်၊ သည်းချာသမ်းမဲ့၊ ရင့်ရွှဲ့လျက်၊နောက်တဲးကမ်းဘေး၊ကျွန်းထောင့်ကွေးဝယ်။ ။**မြစ်တွေးဘယ်မူ ကြူးသနည်း။**

၂။ **စုံကရင့်လျှင်**၊ညွန့်သင့်လိုက်လိုက်၊ဖူးကိုက်လဲ့ရှိမ်း၊ မစိမ်းရက်ဆင်း၊ ငုံသစ်ကင်းက၊ မိုးနှင်းတိရွှာ၊ လေသာ တိဖြည်း၊ မှောင်မည်းတိပတ်၊ မှိုင်း-မပြတ်

---

* တမျှင့်-ကား ပေါ်ရောဏတူသည်-ဟုလို။ ရှင်မဟာရဋ္ဌသာရ-ဆို ဘူရိဒတ် လင်္ကာကြီးတွင်- "ကိုယ်လက်ကြီးမြင့်၊ ထန်းပင်နှင့်လျှင့်၊ တမျှင့်ရှိစကောင်းဘွယ်တည်း"ဟု စပ်ဆိုသည်။

တည့်၊ ဘက်ဆွတ်နှင့်ဘဲ၊ ဖျဉ်းနှင့်လဲးလည်း၊ ပေါ်ခြီး ညွန့်ဖူး၊ ပွင့်စဉ်းဝယ်၊ဆော်ကြူးဆိုဆမ်း၊ရွှေပြီးမြမ်းနှင့်၊ အလွမ်းကြာဝေး၊ ပျော်ငြိမ့်လေး၏၊မြစ်တွေးကြူးသော်၊ ညှိညွတ်ဆော်၍၊ နတ်ကျော် ဘာနံဆင်း၊ သန်မိုး ကြွင်းဝယ်၊ မုရင်းသံလေး၊ ရင့်ထပ်မြွေးသည်။ ။ **ဟစ်ကြွေးသွယ်ယူ နှူးသနည်း။**

၃။ **ကြုံသဖြင့်လျှင်၊** အသင့် မှာချေ၊ နှုတ်ထည့် လေသို့၊ မြည်တွေ မြစ်တွေး၊ ကန်ထောင့် မြွေးကာ၊ ရင့်ကြွေးသံရှည်၊ ကြူးလသည်နှင့်၊ ချစ်ကြည်လွန်ပြင်း၊ တနွေခြင်းဝယ်၊ သည်ရင်းမျိုးဆွေ၊ ဖူးကြစေဟု၊ကြံပေ လျှောက်ကူ၊ မည်သူလွန်ကဲ၊ မဆော်ဘဲကို၊ သည်းစွဲ ကြင်မြတ်၊ မျိုးရှင့်စိတ်နှင့်၊ နောင့်စိတ်တညီ၊ သည်မှာ ပြီဟု၊ နှိုင်းဆီတူညွန်း၊ နတ်မင်းမှန်းကာ၊ ဆံစွန်းတမြေး၊ ဟူမဝေးသည်။ **။ချစ်ရေးလှယ်ဆူ ဦးသနည်း။**

---

(၁၉၃) စစ်-ရတု

၁။ **အခေါင်တမွတ်၊** နရတွတ်ဟု၊ ဝန်းပတ် ကြောက်ရိုး၊ ကျွန်းလုံးနိုးမျှ၊ တန်းခိုးထန်ပြင်း၊ ရာထီး စင်းနှင့်၊ ချွတ်ယွင်းကြိမ်မှား၊ ယိုးဒယားကို၊ တိမ်သား စင်ခေါင်၊ တန်ဆောင်ပြည့်ထွက်၊ ကျွတ်သည့်ရက်ဝယ်၊ ရှေးဆက်လွန်ကျူး၊ မမြင်ဘူးတည့်၊ ဟူးဟူးပတ်လည်၊ စကြာနှည်သို့၊ ငံ့ဆည်မဆိုင်း၊ ခန့်လင့်တိုင်းကို၊ဖြတ်ပိုင်း ဘုန်းရေ၊ နှစ်မွှန်းစေမှ၊ မြို့နေသူချင်း၊ မင်းလည်းမကျွန်၊ ဆဒ္ဒန်မြစင်၊ လေးစီး ဆင်နှင့်၊ မြေတွင် ဝပ်တွား၊ မြွေး, သား, နွယ်မြစ်၊ ကျွန်ချည်း ဖြစ်လျက်၊ ရန်လှစ်



ဘုန်းထူ၊ ကြွားဘိမူကား၊ ကြင်သူတို့သက်၊ မိုးလေ ဘက်သည်။ **။ရဲမက်လွမ်းတ မယူလော။**

၂။ **တလဲးလဲးလျှင်၊**သည်းထဲးစာနာ၊ အောက်မေ့ ရှာသော်၊ တရာ ထီးဆောင်း၊ မင်းအပေါင်းနှင့်၊ ဘေးလောင်းတော်သည်၊ သလိုပြည်နိုက်၊ * ဇာနည် မြို့လွှ၊ တပြိုင်ရသို့၊ မြို့ပြထီးနန်း၊ သိမ်းမြန်းမကြွင်း၊ လင်းဇင်း ပြည်ထောင်၊ မြို့ရောင်ပေါက်ပျို၊ မင်းကို ဘသား၊သည်းကြွားရတ္တာ၊ သူဇာပေးဆက်၊ ခြေတော် ခွက်၍၊ စုံမက်မွမ်းဖြင့်၊ လက်တွင်ပည်းမျှ၊ ကျွန်းလုံး ရလျက်၊ကာလနေတည်၊ ညောင်းတာရှည်မူ၊ နတ်ပြည် ထက်မှာ၊ ဝတီ သာသို့၊ ခက်ဖြာညွန့်ထွား၊ ငြိမ်းမြင့် ဖျားထက်၊ ရွှေသား-ရွှေဝတ်၊ရွှေရည်စွတ်သား၊ယူဆွတ် ကုံးဆိုင်း၊ သက်တင် နှိုင်းသည်။ **။ပင်တိုင်းမွှေးပျံ့ မကြူလော။**

---

* ဇာနည်-ကား၊ “အာဇာနီယ” ဟူသော ပါဠိမှ အာဇာနေယ်= အာဇာနေည်= အာဇာ နည်-ဟူ၍ ဖြစ်လာသည်၊ အကြောင်း-အကျိုး ဟုတ်သည်-မဟုတ်သည်ကိုလွန်စွာသိ၍ ထိတ်လန့် ကြောက်ရွံ့ခြင်း ကင်းသည်-ဟူလို [၁-သိဟ= ခြသေ့်။ ၂-ဟတ္ထာ ဇာနီယ = ဆင်အာဇာနည်။ ၃- အဿာ ဇာနီယ = မြင်း အာဇာနည်၊ ၄-ဥသဘာ ဇာနီယ = နွားလား အာဇာနည်၊ ၅-ပုရိသာ ဇာနီယ = ယောကျ်ား အာဇာနည်။ ၆-ခီဏာသဝ=ရဟန္တာပုဂ္ဂိုလ် [၆]ကား အာဇာ နည်ခြောက်ပါးတည်း။

၃။ **အထူးအထူး**၊လွှန်ပျံ့ပျူးသား၊ငွေဦးခေါ်မှန်း၊ တပေါင်းဆန်းက၊ သာလွန်းခေါင်ငွေ၊ မင်းဖျား နေသည်၊ အောင်မြေ တုလွှတ်၊ ဘုံပြာသာဒ်နှိက်၊ ရွှေထွတ်လျှံမွှန်း၊ခြောက်ဆောင်နန်းဝယ်၊ရံဝန်းမျက်ရှု၊ သဘင်ပွဲ့၊ရတုသာကြည်၊ ရဂုံသည်လည်း၊ လေပြည် ဖြည်းလွင့်၊ ပင်တိုင်းတင့်လျှက်၊ခါသင့်သာတွေ၊ ချုပ်ည နေဝယ်၊ဇာနေယ်တိပြောက်၊ ဘုန်းကြောင့်ရောက်သား၊ လျှံတောက်ငွေတောင်၊ ယာဥ်ဖြူပြောင်ထက်၊ မိုးခေါင် ပဝန်း၊ နေ့နှယ်ထွန်းမျှ၊ ဦးစွန်းထိပ်ငွေ၊ အခေါင် နေသည်။ ။**ညောင်ရေရှုတော်** မပူလော။

(၁၉၄) စစ်-ရတု

၁။ **ဘက်အင်ရည်တူ**၊လှမျိုးဟူက၊ မည်သူမထိုက်၊ ချောခရောင်မြိုက်ကို၊ နွဲ့ပိုက်ယှဉ်ဘက်၊ ချီမည့်ရက်က၊ ဖြည်းသက်မြောက်လေ၊မယွန်းစေဟု၊တွေတွေဖန်များ၊ ဆပွါးကဲလွန်၊ အုသည်းပြန်မျှ၊ ပန်မိလှာစေ၊ ချီးရေ လက်ရှည်၊ မျှော်နှင့်မည်ဟု၊ မိန့်သည်ကိုမျှ၊ မြွက်ဟ စဉ်စီ၊ မပီစွေစွ၊ ပျောင်းရှာခွေ့သည်။ ။**ရှေ့ရှေ့ ဝယ်သာ ထင်တော့သည်**။

၂။ **ညက်စင်ကြည်ဖြူ**၊ တင့်မူရှုနှင့်၊ ဇမ္ဗူရွှေမှည့်၊ စံတွင် ရှည့်သား၊ ဖြိုးပြည့်သရေ၊ တင့်နေရုပ်ဟန်၊ ဆင်းတာမ်းခွန်မူ၊ သလွှန်ပြောက်ဆင်၊ မွှေ့ယာခွင်ထက်၊ **သ**ဇင်ပုံ့မွှန်း၊ မိုဒုံးဝန်းဝယ်၊ ညှိုးမြန်းရစ်ခွေ၊ ရှိလိမ့် တွေကို၊ဆည်မြဲမလှည့်၊ မြော်ရွှဲ့သည့်ကြောင့်၊ မိုးရှည့် ကဲလွန်၊ ထပ်ကာဝှန်တည့်၊ ရံဖန်မမေ့၊ မျဉ်းမျဉ်း ခွေ့သည်။ ။မွေ့မွေ့သွယ်ပြာ ရှင်တော့သည်။



၃။ **ခက်ရှင်မဈူ**၊ ပန်းအတူလျှင်၊ လှသူဖျားနတ်၊ ချောရောင်မွှတ်ကို၊ ထိပ်ထွတ်ပန်းသွင်၊ မဆင်စဖြစ်၊ ကျူးပေလစ်သော်၊ ပတ်ရစ်ရှက်တွေး၊ တိမ်သို့မြွေးမျှ၊ နှောင်းမွေးနေသည်၊ ဘုံရွှေပြည်သို့၊ ဇလပြည်ပုံသန်း၊ ရောက်ချင်လွန်းခဲ့၊ ပထွန်းရောင်ဝါ၊ ရှင်တော်ရာလျှင်၊ သီတာချမ်းမြ၊ ဘန့်ဆင်း မ-လော့၊ ငှာနသုံ့မြည်၊ တွေဘိသည်လည်း၊ ဆီးရည်ကျဖြိုး၊ ထပ်ခါနိုးတည့်၊ တိမ်ခိုး—လ,ငွေ၊ ပြောင်းမရွေ့သည်။ ။**ဇေ့ဇေ့ ဘယ်ညာ ဆင်တော့သည်**။

(၁၉၅) စစ်-ရတု

၁။ **မြစ်ဟူသည်ကို**၊ မြစ်ခြည်စဉ်ထား၊ နတ်ထွတ် ဖျားမှ၊ ကြိုးစားတွေငေါ်၊ ယုဆသော်လည်း၊ မူးမော် မည်သာ၊ ဝေးလံကွာလိမ့်၊ ညက်ပြာသွယ်ညွှတ်၊ ညိုလဲ့ မွှတ်မူ၊ ဝါကျွတ်လွန်ပြီ၊ ချီမည်သိက၊ မျက်စိပြည့်လျှံ၊ စုံးမည်တည့်၊ သန့်ယံသောက်လှဲ့၊ အုံးဝယ်နွဲ့လျက်၊ လွန်ကဲးမူနည်၊ ချစ်ရိပ်ခြည်ကို၊ ဖြေဆည် မတတ်၊ ခေါ်တွတ်ဖန်များ၊ စကားကိုပ၊ စွေc-စဉ်စီ၊ မပီပြန် ကြိုက်၊ နှင်းနယ်မိုက်သည်။ ။**မျှော်လိုက်သည်သာ များတော့သည်**။

၂။ **ချစ်မူနည်းကို**၊ ချစ်သည်မျက်စိ၊ မြင်ခဲ့မိရှု့၊ မြို့ရိုးဆံမွေ၊ သည်ရပ်မြေဝယ်၊ မပြေတရေး၊ ရှိမည် ဝေးခဲ့၊ မလေးသိရှုံး၊ မဈူကုံးသို့၊ ဦးလုံးထိပ်ပြင်၊ အပြည့်ဆင်လျက်၊ စစ်ခွင်မြေတာ၊ ချီလေရာကို၊ မပါ ခဲ့ဘိ၊ကျွန်ရစ်ရှိသော်၊ မွေးမိရုပ်ကြည်၊ နေ့ရှိသည်နှိက်၊

ရွှေရည်မညောင်း၊ ပျော့ပျော့ပျောင်းသည်၊ ဖယောင်းနှိုင်းပုံ၊မတန့်တုံ့တည့်၊ အာရုံရိပ်ခြည်၊ မယ်နေသည်ကို၊ စက်မည်ဘုံနိုက်၊ မပျော်ပိုက်သည်။ **။ခေါ်စိုက်သည်သာ ကြားတော့သည်။**

၃။ **နှစ်ယှူမည်ကို၊** နှစ်မည်တွေပြား၊ရှိမည်ထားဘိ၊ ဆပွားစုံခက်၊ ကြင်မယ့်သက်ဟု၊ နှင်းဆက်လေလေ၊ ချစ်ရှိသေလျက်၊ ရဝေသလင်း၊ ဖြူဝင်းပြက်စောင်၊ လရောင်တင့်မှန်း၊ ခြူးပန်းမျက်နှာ၊ တိမ်လွှာကိုတည့်၊ ရစ်လှည့်သတောင်း၊ ပြောက်ကောင်းစီနှစ်၊ ပတ်ရစ်ရှက်ဖြာ၊ ဆီးကာရံထောင်၊ သလွန်ညောင်ထက်၊ မိုက်ခမှောင်ခွါ၊ ပိုက်ခြွယ်ဥ်ငြွ်း၊ ချစ်ဆွဲးလည်တွင်၊ပန်းနှယ်ဆင်လျက်၊ကြွသွင်ပုံ့ဖြည်း၊မိန့်နွှဲ့နည်းကြောင့်၊ စက်လည်းနားနိုက်၊ ထင်မိလိုက်သည်။ **။ပျော်ကြိုက်သည်သာ ဖြားတော့သည်။**

---

(၁၉၆) စစ်-ရတု

၁။ **ချိသည့်အခါ၊** ဟေဝန္တာကာ၊ဖြည်းလှာပုံ့ပျူး၊ မြောက်လေမြူးသော်၊ ကျူဖြူးနှင်းသစ်၊ ကြွေးဟာစ်ပြောင်းကာ၊ဝါလည်းမဝေး၊မိုးသေးဖွဲ့ကြွင်း၊လွမ်းတင်းတွေဆန်း၊ ပန်းလည်းခဝဲ၊ ရွှေရည်စွဲးကာ၊ ဝမ်းကွဲ့ဝမ်းပါး၊ မသွားတို့ချင်၊ ရတုတွင်နှိုက်၊ စစ်ခွင်မြေကျူး၊ ကြွမူးဆဲးဆဲး၊ သမ်းမဲးပျောင်းပျ၊ ချိခဲ့ရသော်၊ လေးလမျှ-နွေမကြာစေဟု၊ လျှောက်ပေသော့အား၊ လာငြားမှတ်ရှယ်၊ ထင်လေဘွယ်သည်။ **။ကြာ့နှယ်ပျောင်းလှည့် ပေကာသောဝ်။**



၂။ **မို့၏အတာ၊** ကြာစွာအဆုံး၊ တပေါင်းလုံးကို၊ တွက်ကျူးနွေ့ရေ၊ မလွန်စေဟု၊ လျှောက်ခြေဆည်မ၊ ဖြားယုယရှင့်၊ ခုမှုမူကား၊ ရက်ရှည်လျှားရှဲ့၊ စကားစွဲးမဲ့၊ ဆိုတုံ့ခဲ့ရှင့်၊ ချိန်းဘွဲ့ကျိန်တွယ်၊ ယုံဘွယ်မရှိ၊ နေဘိသင့်ချေ၊ ခစလိုက်လေ၏၊ စံရွှေရည်လေး၊ ဘိုးခေါင်ကျေးလျှင်၊ ကြိုင်မွှေးနံ့မြူး၊ စကားဦးနှင့်၊ တန်းခူးရာသီ၊ ဗီဗီမကုန်၊ ကဆုန်ဆန်းတွေ၊ မကြာစေဟု၊ ခလျှောက်ပေသော့အား၊ လာငြားမှတ်လျက်၊ ချိးရေတွက်သည်။ **။မယ့်လက်ညောင်းလှည့် ပေကာသောဝ်။**

၃။ **ညိုမည့်အလာ၊** ရတုမှာလည်း၊ ပြန်ခါစစ်နှင့်၊ ညိုရှဲ့ချင့်သို့၊ ခြိမ်းလင့်ထစ်မဲ၊ စွေမစဲးတည့်၊ ပုလဲးငုံသွယ်၊ တင့်ကြောင်းချယ်ရှဲ့၊ မြနှယ်ပတ်ခွေ၊သက်တင်ခြေနှင့်၊ စုန်လေသုတ်ဖြည်း၊ ထန်သည်းပြင်းစွာ၊ ရံခါမတိတ်၊ မဆိုတ်လှည့်နိုး၊ မြက်သားပျိုးသော်၊ လွမ်းစိုးရစ်ခွေ့၊စက်မွေ့မပျော်၊နေသော်ရေးရေး၊ မဝေးမျက်စိ၊ ပါးဝယ်ရှိသို့၊ မွေးမိရှုပ်သွင်၊ ပြာစင်နွဲ့သွယ်၊ သနားဘွယ်ကို၊ရွှေဝယ်ယူးယူး၊ ထင်မူးမူးတည့်၊ နွေဦးသို့စင်၊ မရောက်ခင်ဝယ်၊ ဆောလျှင်မကြာ၊ ပြန်လွယ်ပါဟု၊ မိဠ္ဌာပြုသည်။ **။ယူဆုတောင်းလှည့် ပေကာသောဝ်။**

---

(၁၉၇) စစ်-ရတု

၁။ **ခုတွေ့လာလာ၊** လွမ်းဘွယ်သာတီ၊ အာကာလျှံမြူး၊ ရပ်ထူးတိမ်ခြည်၊ နေဝန်းလည်ကာ၊ ပွင့်သည်အောင်မြူ၊ဗိုင်းမြူဝေရစ်၊စိမ်းလစ်ရော်မြိန်း၊ကျွန်းလည်း

ငြီးမြောက်၊ နွေရောက်သရစ်၊ လျှပ်စစ်ပြောင်ပြောင်၊ တိမ်တောင်ဆိုင်းဆိုင်း၊ မိုး မိုး မှိုင်းသည်။ ။ပင်တိုင်း ကြွေလွှတ် ညောင်းလတ်လတ်။

၂။ ရှုလေရာရာ၊ရေပ်ခန်းဝါလည်း၊ တပ်သာတဲနှင့်၊ မျှော်ကာတင့်လျက်၊ လွမ်းနှင့်စိမ့်မည်၊ ဆိုဘိသည်သို့၊ ပတ်လည်သာခေါင်၊ကြည်းတောင်ကုန်းကျင်း၊အိုင်အင်း တန်သာ၊မြောင်းလယ်တာနှင့်၊ ဗျာပါမသိမ်း၊ မတိမ်း ကြင်ကျွမ်း၊ တ-လွမ်းကာလွန်၊ ရှင့်ကြောင့်တန်ခဲ၊ နှောင်းစွန်ဘွားမြင်၊ ကြီးရှင်ညီမ၊ အလှတမွတ်၊ မိမျိုး မြတ်ကြောင့်၊လွမ်းဆွတ်ဗျာပါ၊နှောင်မတ်လျာသည်။ ။ အချာခွေပတ် ပျောင်းညွတ်ညွတ်။

၃။ သူ့မြေမှာမှာ၊နှောင်မတ်လျာကို၊ ဗျာပါရှိန်နှုး၊ မတန်ဘူးတည့်၊မဖူးရက်လှ၊*(‘ဝ’ကို-ချ၍၊ ‘တ’တွင်

* ( )၌လက်သည်းကွင်း၏အတွင်းရှိ- အာဒိ သင်္ကေတ-ပဟေဠိစကားစုမှာ‘ဝ’ကို-ချ၍-ကား- “ဝါဆို၊ ဝါခေါင်”လတို့ကိုဆိုသည်၊ ‘တ’တွင် ‘သဝေ’၊ ‘အာ’ချခွေမှ-ကား- “တော်သလင်း” လကိုဆိုသည်၊ ‘သ’နေတလတ်-ကား၊ “သီတင်း ကျွတ်”လကိုဆိုသည်၊ ‘န’သတ်‘တ’ တွင်-ကား- “တန်ဆောင်မုန်း”လကိုဆိုသည်၊ ‘န’ဝင်ပြောင်း ပြန်၊ :သတ်ဟန်‘တ’တည်းကား- “နတ်တော်” လကိုဆိုသည်၊ ‘ပ’ချည်း‘ရစ်’ချ-ကား-“ပြာသို” လကိုဆိုသည်၊‘တ’‘တ’‘တ’လျှင်-ကား-“တပို့ တွဲ, တပေါင်း, တန်းခူး” သတို့ကိုဆိုသည်၊‘က’ လည်း အတူ-ကား-“ကဆုန်”လကို ဆိုသည်၊ ‘န’ကိုယူငံလော့-ကား- “နယုန်”လကို ဆိုသည်။



သဝေ’၊ ‘အာ’ချခွေမှ၊ ‘သ’နေတလတ်၊ ‘န’သတ်‘တ’ တွင်၊‘န’ဝင်ပြောင်းပြန်၊သတ်ဟန်‘တ’တည်း၊‘ပ’ချည်း ‘ရစ်’ချ၊ ‘တ’‘တ’‘တ’လျှင်၊ ‘က’လည်းအတူ၊ ‘န’ကို ယူလော့)၊အိမ်သူညက်ပြာ၊ကလျာရောင်မြတ်၊ ရှင်လတ် မဲ့ဘဲ၊တပ်သာတဲနှိုက်၊ ဖန်လဲကျူးပြောင်း၊ နှောင့်တူ လျှောင်းသည်။ ။ရင့်ညောင်းပေလတ် ဆောင်းပတ်ပတ်။

(၁၄၈) စစ်-ရတု

၁။ **သအုမိလေ၊** လွမ်းဘိစိုက်ခေါ်၊ မင်းမှူတော် ကြောင့်၊ ပေါက်ကျော်ပြောင်လွင်၊ ရှေ့ဖျားတင်၍၊ စီးဆင်ယှဉ်ပြိုး၊ချိုခါနှိုးဝယ်၊ လက်တီးကြမ်းပြင်၊ မုတ်ဝ လွင်သို့၊ လက်ငင်တူမြိုင်၊ ဆွဲးကိုင်နောင်နှင့်၊ လွမ်းခွင့် ရစ်ခွေ၊ ရှိရစ်တွေကို၊ ယှဉ်ဆွေနှောင့်သည်၊ ကျူးရက် ရှည်လည်း၊ဖြေဆည်မရက်၊ လွန်စုံမက်၍၊ ရွှေလက် ပင့်ရှုံး၊ သခင်ထုံးသည်။ ။သျှောင်လုံးနှင့်ပင် နှောင် မမြင်။

၂။ **တစုရှိရွှေ၊** သက်ဝေသည်းကြွား၊ မောင်သုံးပါး နှင့်၊မြောက်သားအိမ်သူ၊မျိုးတူသက်မျှ၊မိရှင်မကြောင့်၊ ရက်လကျူးခပ်၊ နွေသို့စပ်လည်း၊ စစ်တပ်သရစ်၊ တဲး သာစစ်ဝယ်၊ ထပ်ရစ်ဗျာပါ၊ သည်မှာတဘက်၊ ရေးရာ ခက်ခဲ၊ နွေရက်မချန်၊ ပန်းမာလ်ငုံကင်း၊ အင်ကြင်း- စကား၊မြင်လှည့်ငြားလည်း၊ လှထွားဆင်းရောင်၊သခင့် မောင်သည်။ ။သျှောင်နှင့်နားတွင် နှောင်မဆင်။

၃။ **ယခုပြိုနွေ၊**ရောက်တုံပေသော်၊စုံခြေတလျောက်၊ ထိန်လင်းတောက်မှ၊ ကြိုင်ပေါက်ပုံ့ကြ၊ ပန်းမဥ္စူကို၊

မည်သူဆင်ရာ၊ မရှိပါခဲ့၊နောင့်မှာသော်ကား၊ ထပ်ပွား ထမ်းပိုး၊ ကဲ့တိုးသည်ပ၊ ချီ-စကပင်၊ နွေသို့စင်ဆန်း၊ ရက်လစွန်း၍၊ မကျန်းပျောင်းသမ်း၊ တတမ်းတမ်း သည်။ ၊**အလွမ်းနှင့်ပင် နောင်မရှင်**။

---

## (၁၉၉) စစ်-ရတု

၁။ **မင်းသားနေဘက်**၊ အောင်မြေချက်ဝယ်၊ နွေ ရက်ခါလည်၊ * တာဝတည်သို့၊ နှိုင်းရည်ဘက်ကင်း၊ ပျို့ပျို့ရှင်းသား၊အဆင်းရွှေလျော်၊ နွေမှပေါ်သည်။ ၊ **ကမ့်ကော်ပွင့်လိမ့် မည်တမုံ့**။

၂။ **ကံ့ကော်မဉ္ဇူ**၊ ချပ်ပြုပုံ့မွှေး၊ ငယ်သွေးပျိုမျစ်၊ ကျစ်လျစ်မူရူ၊ ကြင်သူဘယ်နှို့၊ ရောက်ပါအံ့ဟု၊ ငံ့ကာရှု မျှော်၊ တ-စိုက်ခေါ်သည်။ ၊**ကျွမ်းဘော် လင့်လိမ့် မည်တမုံ့**။

၃။ **ဆင်ထည်းမရက်**၊ လက်လည်းမလွှတ်၊မိန့်ပြတ် တ-ရူ၊ဘယ်သူသို့သာ၊ ပန်ပါမည်နည်း၊ ခမည်းမွေးဘ၊ ရောက်ပါမှလျှင်၊ ပန်းလှကံ့ကော်၊ ပေါ်ပါဘိလော့၊ မျက်စိရှုမျှော်၊ တ-စိုက်ခေါ်၍၊ ၊**လွှမ်းမျှော်ဆင့်လိမ့် မည်တမုံ့**။

---

## (၂၀၀) စစ်-ရတု

၁။ အုံမှုးပေရာ၊နွေရောက်ခါနှိုက်၊ ရွှေကာပြောင်းနွ ကျွန်း၊ သန့်ဦးစွန်းထက်၊ သိုက်နန်းတဝက်၊ တိမ်ထက် မြင့်တောင်း၊ထွတ်တန်ဆောင်းဝယ်၊ရည်ပျောင်းရွှေတုံ၊

* တာဝတည်သို့-ကား-တာဝတိံသို့-ဟုဆိုလိုသည်။



ဖူးစ-ပြုသော်၊ ဘုန်းထုမာယ၊ ကိုယ်တိုင်မ၍၊ ရှစ်ပါး သုံးပြန်၊ လေးယောက်လွှန်သား၊ ပြင်းထန် ကျေးဇူး၊ နတ်စစ်မူးလျှင်၊ ဟူးဟူးမုန်သောက်၊ ဆဒ္ဒန်ပေါက်နှင့်၊ တယောက်တပတ်၊ လှည့်လည်သတ်၍၊ ပစ်လွှတ်ဖြုန်း ဖြုန်း၊ စက်သံမွှန်းက၊ ဝိတုန်းပျားသေး၊ ဌက်မျိုးဝေး လျက်၊ နှောင်းမွေးပြာညို့၊ ညိုသူတို့ဟု၊ တွန့်တို့မဲ့ဖုံး၊ ဆွတ်ယူကျုံးသည်။ ၊**ညာခရုံးပွင့်စ ထူးမည်လော**။

၂။ ပျံ့မျူးစေငှါ၊ ထက်အာကာက၊ ဒေဝါသ ကြား၊ ရေသွန်းဖြား၍၊မြလားရွက်ခဲ၊ပင်တိုင်းလဲ့က၊ ရဲရဲလှတင့်၊ မဥ္ဇူပွင့်သို့၊ နတ်မင်းနတ်ဖျား၊ ရည်မှတ် သားလျက်၊ စကားရွှေနှစ်၊ ဇမ္ဗူရစ်ကို၊ ကျစ်လျစ်ရှပ် သွင်၊ လက်ရွှေစင်နှင့်၊ မြင်ပင်တင့်ခေါင်၊ ကုန်လောက် အောင်ဟု၊ စက်မြှောင်ရုံထပ်၊ သကြားတပ်သို့၊ ရွှပ်ရွှပ် ဖျက်ထွေ၊ ယူဆွတ်ချေ၍၊ ဖြည်းလေဖျန်းငြိမ်း၊ ဆိုင် ဘက်စိမ်းနှင့်၊ ခပ်သိမ်းခြင်းရာ၊ လျောက်ဆက်လှာရှင့်၊ ရင်းမာညွန့်ရှည်၊ လှိုင်တော့မည်ဟု၊ ရိပ်ခြည်မပြီး၊ မိန့် လိုက်တုံးသည်။ ၊**ဝါလုံးလင့်ရ ဦးမည်လော**။

၃။ **ညုံနူးထွေလာ**၊ နတ်ညြိဇာလည်း၊ မြင်းစွာ မမြွက်၊ ဆက်ဆက်မပြန်၊ စေယုံကျွန်လည်း၊ တမန်ရိပ် ခြည်၊ နစ်လည်သံစပ်၊ ချစ်ထပ်ရင့်ညောင်း၊ မကြာ တောင်းတည့်၊ ရှင်နှောင်း ဘုန်းဌန်၊ ထွေးဆုံးစွန် ကြောင့်၊ ကြိုဟန်ဆတက်၊ ကိုးဆယ်ရက်ကို၊ ဆောင်း ထက်မျှပင်၊ ကြာနိုးထင်၏၊ ဝါဝင်ရတု၊ ညွန့်နုစိမ်း လန်း၊ ထန်းလည်းမှည့်ဝါ၊ ရင်းမာလှိုင်ညီ၊ ကောက်

ခိုက်ပြီး၍၊ နဒီသဘင်၊သစ်ဆင်းရင်က၊ထက်ခွင်သကြား၊ လွမ်းစိမ့်သားဟု၊ပျော်ပါးရှင်ပြီး၊ဆော်ညှိရှုံးသည်။ ။ **သာဆုံးရင့်မြ ကြွးမည်လော။**

## (၂၀၁) စစ်-ရတု

၁။ **ညိုးလှုပူဆာ**၊ မရောက်သာ၍၊ ဖူးပါထပ်မွှမ်း၊ နောင့်ငယ်ကျွမ်းကို၊ လွမ်းသည်နှင့်ပင်၊ ရက်များဖြင်ခဲ့၊ မရှင်ပျောင်းခွေ့၊ ရှေကြာသွေ့သို့၊ မေ့၍မခင်၊ နေတည်ပင်ဟု၊ အိမ့်ရှင်ပြာဖြူ၊စိတ်တော်ယူက၊သည်းအူပြောင်း ပြန်၊ နောင့်မှာလှန်၍၊မဆန်မခွါ၊ကြင်နာလှသည်။ ။ **ဝမ်းကမြေနိုင် သည်မို့လော။**

၂။ **မိုးကသူဇာ**၊ ပုံကျလှာလည်း၊ စိတ်မှာရေး ရေး၊ ဆင်းနတ်သွေးကို၊ ရှေးကမတွေ့၊ ရှိပြန်ရာတွင်၊ ထပ်ကာယခု၊ ချစ်မျိုးစု၍၊ မျက်ရှုသက်ဝေ၊ နန်းရိပ်နေ ကို၊ တွေတွေအောက်မေ့၊ ချီသည့်နေ့က၊ မတွေ့ပါရ၊ ဆင်းနတ်မျှသည်။ ။**လွမ်းမျှားပေနိုင် သည်မို့လော။**

၃။ **ဖြိုးမျှမြူပြာ**၊ လျှပ်ပမာသို့၊ မြဝါနန်းရန့်၊ ဆိုစ ဟန်ကား၊ ထက်စွန်ဘုံသူ၊ သက်လှာမူလည်း၊ တွေးယူ မခွါ၊ ချစ်ပါလှ၏၊နေ့ညမဆည်၊ဆိုဘိသည်နှင့်၊ဆောက် တည်-မရ၊ အောက်မေ့ကလည်း၊ ပိုင်းစ-ဝါဂွမ်း၊ ဆီ ရည်ရွှမ်းသို့၊ အလွမ်း-မပြေ၊ ရှိလေစေဟု၊ မြောက်လေ ကသော်၊ မိုးဒေဝေါလျှင်၊ စေ့ဆော်လောင်းလျက်၊ ကိုယ်ကသက်၍၊ မတွက်ကာလ၊ ချမ်းပြန်ရသည်။ ။ **ကျွမ်းစေနိုင် သည်မို့လော။**



## (၂၀၂) စစ်-ရတု

၁။ **အလွမ်းကိုသာ**၊ ပမာနတ်သွင်၊ နွေတိုင်းထင် ၍၊သခင်နောင့်ဆီ၊ ရှုဒီမျှော်ကြည့်၊ နေရလှည့်လျက်၊ လ၏သနစ်၊ တန်ဆောင် သစ်ဝယ်၊ ချောင်းမြစ်သက် တင်၊ သဲပြင်ငွေရည်၊ ငှက်ပေါင်းစည်၍၊ ယဉ်ကြည်- မသည်း၊ တောင်လည်းကွေးခါ၊ ခွဲးတမာက၊ ချစ်ရာ ဘော်နည်း၊ တယောက်ထည်းကို၊ တိမ်းလည်းဖျော် ဖြေ၊ အတွေတွေတိ၊ မြောက်လေ ဖြည်းညှင်း၊ အချမ်း သွင်းသည်။ ။**စိုးမင်းနေရာ ဆိကသာ။**

၂။ **ခရမ်းညိုပြာ**၊ နညွှာမြနစ်၊ မယ့်လွမ်းသစ်တိ၊ ချောင်းမြစ်ရှက်တင်၊ ရေရှင်တောင်စက်၊ အုင်တွက် တန်လောင်၊ လုပ်ဆောင်လေဖြည်း၊ နှင်းမိုးသည်းက၊ ရထည်းပိတ်လှပ်၊ ခေါက်ထပ်ပေါ်ရှု၊ စံပယ်ခြွလည်း၊ မလုံလှည့်ကာ၊ လေးသည်သာတည့်၊ ဖျာပါကြီးထု၊ သူ မကူခဲ့၊ သည်းအူဆွတ်ဆွတ်၊ လွမ်းရေရွတ်သည်။ ။ **မျိုးမြတ်ကိုသာ ချီချကာ။**

၃။ **မတမ်းလိုပါ**၊ သူဇာနတ်သွင်၊ သခင် နောင့် ကြောင့်၊ စိုးနှောင့်ဖွန်သည်။ ဖြစ်သည်တည်းဟု၊ မယ် လည်းဆက်ဆက်၊ သိပါလျက်ကို၊ နေ့ရက်တာရှည်၊ ကြာလေသည်ဟု၊ ရိပ်ခြည်မိရှု၊ သိချင်တုံဟု၊ ယုံကျွန် ထပ်ရှိ၊ မှာလိုက်ဘိက၊ လွမ်းရိုဆာပူ၊ သည်းလေဟူသို့၊ ချစ်သူငြိမ့်လေး၊ မျက်တော်ပေးက၊ ကြိတွေးရက်များ၊ ဘုရားဂုဏ်တွတ်၊ မွေစာတ်ရှိတိုင်း၊ *ထုံးပိုင်းမချန်၊ မိငှာန်

* ထုံးပိုင်းမချန်-ကား-ပေါရာဏ၊ အကျန် အကြွင်း မထားပြီ-ဟုလို၊ ပါရမီတော်ခန်းပျို့တွင်-“ရေ

ပန္နက်၊တောင်းဆုမြွက်သည်။ ။ချမ်းလျက်ဆည်းဆာ ရှိညခါ။

---

(၂၀၃) စစ်-ရတု

၁။ သစ်မပွင့်ပြင်၊ ဆံကေသျှင်လည်း၊မတင်ဆီမွှေး၊ ဥနှယ်မြေးခွဲ၊လွှမ်းရေးပည်းဖြင်၊မြစ်ခွင်တလျှောက်၊လဲး ပေါက် ပွင့်ရှိမ်း၊ ညို့ညို့စိမ်းရှို့၊ ပင်ယိမ်းဖါးဖါး၊ ပွင့် ခက်ဖျားဝယ်၊ မြလာ့ရီရော၊ ရွှေလျှောနှိုင်းတူ၊ အုရရှု လျှင်၊ သောက်ယူဝတ်ရက်၊ ပုန်းညက်,တုံကော်၊ ရွှေ လျော် စကားချရား,ဂမုံး၊ကြက်ရုံး,မျဉ်းဖြူ၊မဠူ,အနန်း၊ ခပ်သိမ်းပန်းတို့၊ ငုံသွန်းခလွှန်၊ ပန်အုံသသူ၊ လင့်သော ဟူ၏၊ လူတို့ဥဝယ်၊ သနားဘွယ်တိ၊ ခွေသွယ်ကြွသွင်၊ မျိုးအိမ့်ရှင်နှင့်၊ ရွှေရင်ကျူးလွှန်၊ ဖြစ်သောဟန်ကို၊ လျှောက်ပြန့်ခယ၊ ဆန့်ညှဲရသည်။ ။စလည်း စချစ် ဘွယ်တကား။

၂။ မြစ်တစုပင်၊ စွန်းမထင်တည့်။ ရွှေစင်ရည် ပျောင်း၊ သွန်းဆင့်လောင်းသို့၊ ဟန်ကောင်းနွဲ့လျ၊ ဆွေ သက်ဖျှနှင့်၊ နွဲ့းကြရွှေရင်၊ပျော်စဉ်တွင်နိုက်၊မြစ်ခွင်ရော၊ ဆန့်ခွဲလှာသော်၊ ဖျာပါထပ်မွှမ်း၊ အလွှမ်း ဇုန်လှိုက်၊ တ-စဉ်ကြိုက်ဝယ်၊ ဝဲးရိုက်-ဝဲးသွင်း၊ မြစ်တွင်း ကျေ့ ချောင်၊ စဲးသောင်ပြင်တွန်း၊ သံပြင်ကျွန်းထက်၊ရွှင်လန်း များစွာ၊ မြူးကြရာဝယ်၊ စာက-စည်းဆုပ်၊ကျီး-လက်ခုပ် နှင့်၊ စည်ပုပ်မည်သာ၊ ဆက်ရက်မှာလည်း၊ မြည်အာ

လည်းမခိုင်း၊ အဖြစ်တိုင်းလျှင်၊ ထုံးပိုင်းမချွန်၊အကျန် မရှိ၊ မွှထမ်းရှိလျက်”ဟု စပ်ဆိုသည်။



သံညှင်း၊ တီးလင်းကွင်းနှင့်၊ ငြင်းကား-ဇှက်တော်၊ လျှ လျော်-ရင်ဘောင်၊ ဖေါင်ကား ဝံဘို၊ ဝံလို-အဲ့းထူး၊ နွဲ့း ကျူး-ညြှိ၊ရွှေဘော်နှော၍၊ တရောထိုးဟန်၊ တီရစ္ဆာန် တို့၊ သဏ္ဍာန်ရှင့်ညောင်း၊ ဥဒေါင်း ဗို့မ၊ က-သည့် မောင်နှံ့၊ ဇှက်ပေါင်းသံကို၊ တရံဆွတ်မျှ၊ ကြားလက လျှင်၊ ဝတ်စတော်နှင့်၊ လွှမ်းခွင့်ဖြေကာ၊ ချစ်ခြင်းရာကို၊ ညိုပြာအတူ၊ ဖြူပြာတမျှ၊ နုတ်နှယ်လှသည်။ ။မြလည်း မြနှစ် ဆွယ်တကား။

၃။ လစ်စနုလျှင်၊ ဥတုဂိမှာန်၊ တောင်လေပြန်က၊ မြင်းထန်ရေရှူး၊မြူးတုံငါးကြင်း၊ သစ်*ခပင်းတို့၊ ငုံကင်း ရှုံးရှု၊ ဖုတုံခက်ဖွဲ့၊ ပန်းတကာတွင်၊ ရွှေသာနှိုင်းပြီး၊ တသီး-တရှုပ်၊ ဦးထုပ်-ပဏ္ဍုမြား၊ မြကား-ခြားသွယ်၊ သဏ္ဌာချယ်၍၊ဆန်းကြယ်လွှန်ကျူး၊ပန်းတင့်ထူးသည်၊ မဖူးနှိုင်းပြိုင်၊ မဠူခိုင်ကို၊ လက်ကိုင်သီရုံး၊ ချစ်စထုံး၍၊ ကုံးသည့်လက်နှင့်၊ဆင်တိုင်းတင့်၏၊နုတ်ရှင့်သည်းကြား ချာ-မခြားတည့်၊ စုလျားဘွဲ့ရစ်၊ ခွေစံနစ်နှင့်၊ ရွှေခေတ္တ မည်၊ဘမင်းပြည်သို့၊ ကြွေးစည်ငြင်းစောင်း၊ ပဲ့ပေါင်း ကွန့်းစင်၊ လောင်းနီလျှင်ထက်၊ မြစ်ခွင်ဇရော၊ ဆန်ခွဲလှာ သော်၊ လကျွဏာမချို့၊ မမို့မရှိက်၊ လှိုက်လှိုက်မေးပါး၊ လှထွားနှာယောင်၊ချက်တောင်ကော့မြူး၊ နဖူးတိကျယ်၊ မငယ်နားရွက်၊ မွေးသက် ရေသား၊ မွတ်မွတ်ထွားကို၊

* ခပင်း-ကား ပေါရာဏ၊ အများ-ဟူလို၊ ဘုရိဒတ် ဇာတ်ပေါင်းချုပ်တွင်- “မ-ကာဆက်ဆံ၊ လောကစံ မှ၊ တရံမကင်း၊ လူခပင်းကား”ဟု စပ်ဆိုသည်။

နှိုင်းရှားလူ့ရွှာ၊မရသာတည့်၊ကလျာနိကာယ်၊တဆယ်မကာ၊ကြီတွက်ဆသည်။ ။မျှလည်းမျှနစ် သွယ်တကား။

---

(၂၀၄) စစ်-ရတု

၁။ မြစ်*ရတုလျှင်၊ ပျော်မွှာသာလွန်း၊ မာဃဆန်းကာ၊ ကိုင်းကျွန်းနုသစ်၊ ပုရစ်မထ၊ မြ-မလွန်သေး၊ ရွှေရည်ပြေးလျက်၊ စဲးကွေး သီတာ၊ ဘွိုသောခါမူ၊ လဲးဝါပွင့်ကြော၊ဝန်းသည့်လေနှင့်၊ ဆောင်းခွေရောရှက်၊ ဖျန်းကာ ပက်တည့်၊ ကျေးငှက်တွန်ကြူး၊ ဘော်ပြိုင်မြူးက၊ ငုံဖူးပင်တိုင်း၊ မြစ်ကိုင်း ကမ်းနား၊ စုံတောပြားတွင်၊ နဂါးသစ်ဆင်၊ ပျဉ်းပင်,အနန်း၊ လောင်းပန်း,သဇင်၊ ဂမုန်းအင်တို့၊ သဘင်ရှိန်သင့်၊ ပန်သူလင့်သို့၊ ပွင့်အုံပြိုင်တူ၊လင့်သောဟူ၏၊ လူတို့သော်ကား၊ သနားဘွယ်ပေ၊ ကြာ့နှယ်ခွေလိမ့်၊ ဝေသည်ချစ်သက်၊ပိုက်နှဲးလျက်လျှင်၊ စုံမက်မချန်၊ မှာသောဟန်ကို၊ လျှောက်ပြန့်-ဒယ၊ ဆန်ခဲ့ရသည်။ ။တလည်းတရစ် ဘွယ်တကား။

၂။ ချစ်သမူလျှင်၊ လူသူ့နှယ်ပင်၊ ငှက်သဘင်ဟူ၊ ငွေသွင်ဖြူသဲး၊ ကျွန်းပုလဲးထက်၊ ပျော်မြူးနှစ်လို့၊

---

* ရတု-ကား [၁-ဥတု၊၂-သဘင်] ဟူသော အရာတို့၌ဖြစ်၏၊ စတုဓမ္မသာရပျို့တွင်—"ဆောင်းချမ်း-သန်-ခွေ၊ သုံးထွေရတု၊ လျော်သမှုဖြင့်"ဟုစပ်ရာ၌မာဂဓလို"ဥတု" ဖြစ်သည်၊ မဟာဝီရ-ချီ ကျေးသား ခဏ်းတွင်- "မြစ်နှင့်အလုံး၊ မဆုံးလေမျှ၊ ရေရတုဝယ်"ဟု စပ်ရာ၌ မြန်မာလို "သဘင်" ဖြစ်သည်။



ငှက်တို့ဘာသာ၊ မဂ်လာဟူ၊ ညီညာစုဝေး၊ ထိမ်းမြားပေးကာ၊ ဝဲးတွေး,ဝံလို၊ ထူးအဲးဆိုလျက်၊ ဝံဘိုကား-ဖေါင်၊ ရင်ဘောင်ကား-လျော့၊ လျော်သာတွေသို့၊ နှစ်ဆွေမကွာ၊ ဟင်သာမျိုးရင်း၊ နောင့်နှယ်နှင်း၍၊ သောင်တင်း-အဲးလည်၊ တင်ကျီး-စည်နှင့်၊ နှုတ်ပြည်တီးဆော်၊ဇင်ရော်-နဲ့းသာ၊ခရာမှုတ်ဟန်၊တိရစ္ဆာန်တို့၊ သညာနှံမတူ၊ ရေသူရင့်ကြေး၊ တဆးဆးလျှင်၊ ဟန်ရေးထူးခေါ်၊ ချေကြက်ဆော်၍၊ ရှင်ပျော်စအိ၊ လူလျှင်သိသို့၊ မညီစတောင်း၊ လွေကား-စောင်းနှင့်၊ ဥဒေါင်း-လက်ရှာ၊ ငါးဟစ်-ဆော်နှိုး၊ ပြည်စိုး-သီချင်း၊ တညွှင်းညွှင်းတည့်၊စောင်းငြင်းပျော်ပွဲး၊တသဲးသဲးဝယ်၊ ဝမ်းပဲး-ရယ်ယောင်၊ ငှက်ဘိုးခေါင်လျှင်၊ နောင်တသည်တူ၊ ကြူးလမုကာ၊ သည်းအူဆွတ်ပျောင်း၊ မလွှမ်းတောင်းတည့်၊ ငှက်ပေါင်းဖြင်မျှ၊ ပျော်မြူးကြသည်။ ။လလည်းလသစ် ဝယ်တကား။

၃။ နှစ်တခုလျှင်၊ ရတုဂိမှာန်၊ ရေဗိမာန်ထက်၊ တောင်ပြန့်လေရူး၊ ငါးကြင်းမြူးကာ၊ ငုံဖူးညောင်းရင့်၊ သစ်ဆင့်ပန်းလား၊ပွင့်သည်များထက်၊ ရွှေသားနိမြန်း၊ *(ရဟန်းနှင့်-ဆင်၊မာတင်ပေါက်ကြီး၊ တည်တစီးနှင့်၊ တသီးဦးထုပ်၊ တရှုပ်မြင်းကာ၊ ကျေးသူ့ဝနှင့်၊ ဇောတငုံဖူး၊ လျော်ကားဦးသို့)၊ တထူးထွေလာ၊ ပန်းတကာတွင်၊နှိုင်းရာမတူ၊ခိုင်မဥ္စူကို၊ ကြင်သူမကုံး၊ မထုံးသည်နှင့်၊ ဆင်မတင့်တည့်၊ နတ်ရှင့်ရင်နှစ်၊ မခြားဖြစ်၍၊

---

* ( )၌လက်သည်းကွင်း၏အတွင်းရှိစကားစုမှာ ပေါက်ပွင့်၏ပရိယာယ်ဖြစ်သည်။

ခွေရစ်ရွက်မြ၊ ဆွေသက်မျှနှင့်၊ နွဲ့ကြွေးရွှေရင်၊ ပျော်စဉ်တွင်နှိုက်၊ မြစ်ခွင်ရေကျော်၊ ဆန်ခဲ့လျော်သော်၊ ရှင်ပျော်စံတုန်း။ သွေးစုန်းကျော်ကာ၊ ဆဲ့ငါးဝါဝင်၊ ကလျာနိကာယ်၊ တဆယ်မက၊ ကြီးတွက်ဆသည်။ ။**လှလည်းလှချစ် ဖွယ်တကား။**

---

## (၂၀၅) စစ်-ရတု

၁။ **နွေရောက်လှုပြီ၊** ဆောင်းရာသီက၊ ကြွရှိတားတား၊ စက်ရထားလျှင်၊ အသွားဖင့်ဆိုင်း၊ မြောက်ယံနိုင်းသော်၊ စစ်ကိုင်းတောင်ထွတ်၊ မွှေတုလွတ်သို့၊ နေနတ်ဘုန်းစည်၊ စိတ်တော်ကြည်၍၊ ကြွမည်ခန့်ရန်၊ အသင့်ဘန်က၊ ချိန်တန်ငံ့စဥ်၊ ယနေ့ညဥ့်နှိုက်၊ လျှဥ့်လျှဥ့်ချမ်းချက်၊ မထွက်နေရောင်၊ သန်ခေါင်မက၊ မိုးသောက်ထဝယ်၊ မြမြပုံ့ဖြည်း၊ တခွန်းတည်းနှင့်၊ *ဖြုတ်ခြည်းလန့်ကြား၊ နောင်တို့အားကို၊ ဝမ်းပါးဘွယ်ယို၊ ရှိစေလို၍၊ သံချိုသာမော၊ ဘော်-မနှောသည်။ ။**ဥညသို့စင် ကြူးဘိသည်။**

၂။ **ရွှေညောက်နုညီ၊** မြချပ်စီသို့၊ ဝိပိမစိမ်း၊ တောခပ်သိမ်းလည်း၊ ရှိမ်းရှိမ်းလတ်လတ်၊ ပင်လုံးကျွတ်လျှင်၊ ဘက်ဆွတ်ပိတောက်၊ လဲနှင့်ပေါက်တို့၊ ခါရောက်သိဘိ၊ လှူ့ထက်သိရှင့်၊ တိတိကြည်စင်၊ မိုးကောင်းကင်တုံ၊ မင်းလွှင်ဆိုင်းဆိုင်း၊ မြမြမှိုင်းလျက်၊ နွေတိုင်းရီရီ၊ လေပြင်းချိသော်၊ သိင်္ဂိမြည္ဟာ၊ ရွက်ရွှေဝါ

* ဖြုတ်ခြည်း-ကား ပေါရာဏ၊ ခဏချက်ခြင်း ဟုလို။



လည်း။ ပင်မှာ-မတင့်၊ ကြွေကျလင့်က၊ ကြူးရင့်သံအိုင်၊ ငှက်နှင့်ပြိုင်၍၊ နေထိုင်မရှင်၊ ယနေ့တွင်မှ၊ ရွှေရင်ဘော်ကွာ၊ မလုံရာကို၊ လာလာမပြင်း၊ အချမ်းသွင်းသည်။ ။**လေညှင်းသို့စင် ဖြူးဘိသည်။**

၃။ **မြေပျောက်ရှုအိ၊** မယ်တို့ဆီသို့၊ မချိမချ **ကာလသဘင်၊** ပျော်ဘွယ်မြင်လည်း၊ သို့စင်ထွေလာ၊ ဖြုတ်ခြည်းသာလျှင်၊ ခြည်လှာချိမော၊ နံနက်စောက၊ ဥညသံနွဲ့၊ ဘော်မ-တွဲ၍၊ ဝမ်းကွဲဆည်တုံ၊ ရှိမည်ခံ့ဝယ်၊ ဖြည်းပုံ့လေညှင်း၊ သည်းကို ချင်းသော်၊ သလင်းပိတ်လှပ်၊ ခေါက်ဆင့်ထပ်လည်း၊ ရင်လပ်ဘော်ကွေ၊ သည်မှာနေဟု၊ သိလေသော့နွယ်၊ ချမ်းမျိုးကြွယ်၍၊ ပျော်ဘွယ် မြေဖြည့်၊ မနိုင်လှည့်တည့်၊ ပျောင်းမည့်စတော၊ မင်းလွှင်လေလျှင်၊ ဝေဝေရွှေနောက်၊ အလာဘောက်သည်။ ။**တောင်မြောက်သို့စင် ကူးဘိသည်။**

---

## (၂၀၆) စစ်-ရတု

(အာသာဝတီဝတ်ဆံချ)

၁။ **ဆောင်းလရက်လျှင်၊** ရာသီဝင်က၊ လျှံထင်ဝင်းဝါ၊ သူရိယာလျှင်၊ တောင်ညာအနား၊ လှည့်ရှိ၍သွားသော်၊ နွေအားကားနည်း၊ ညဥ့်အားသည်းသည်၊ ခရီးရှည်ခဲ့၊ ဆီးရည်ကျရွှမ်း၊ တောတောင်မွမ်းမျှ၊ အလွမ်းဝေဝေ၊ လေလည်းဖြည်းညှင်း၊ ရင်တွင်းမြမြ၊ ချမ်းလကလျှင်၊ သူဇာ့အသွင်၊ ငါးစုံအင်နှင့်၊ ယဂင်မြိတ်လွှတ်၊ မဓိတတ်ခဲ့၊ ဆွတ်ဆွတ်ဖြိုကွန့်၊ ရွှန်းရွှန်းရွှရွှ၊

စည်းသစ်စလည်း၊သွယ်မြကွေးကွေး၊မညွတ်သေးတည့်၊ ဆေးလေးငယ်မှူ၊ကျွမ်းချစ်သူနှင့်၊အတူတကွ၊ကိန်းစက်ရသော်၊ ဆောင်းလ ကုန်လေ၊ နွေသို့ ရောက်၏၊ ထင်မောလှည့်လိမ့်၊ ချမ်းသည့်ကာလ၊ ဧးဧးမြဝယ်၊ နှမစိတ်တူ၊ အိမ်သူကြင်ကျွမ်း၊ ရွှေဝတ်နွမ်းကို၊မလွှမ်းတို့ရက်၊ ပိုက်၍စက်သော်၊ ချမ်းလျက် သည်းထန်၊ လေသွန်ပင့်ညောင်း၊ ထပ်ဆင့် လောင်းသည်။ ။ **ဆောင်းလရာသီ နာရီညရှည် ချမ်းဘိသည်။**

၂။ **ပျောခင်းပျလျက်ပင်၊**မပျော်ရွှင်တည့်၊ကျွမ်းကြင်မိသည်၊ ဆင်းနုတ်ရည်ကို၊ ဝေးသည်နှောင်နှင့်၊ မဖူးမြင့်တည့်၊ လွမ်းချင့်ဖျာပေါ်၊လပ်ကာကာလျှင်၊ သာယာနိုပ်ငြိမ်၊ ခန်းကျယ်အိမ်နိုက်၊ တင်းထိမ် ကာသန်း၊ အုံးဝန်း စည်ရှက်၊ သလွန် ထက်ဝယ်၊ ညက်ညက်ထွားထွား၊ မေးပါးနှာယောင်၊ မျက်တောင်ကော့သေး၊ စုတ်ဖြင့်ရေးသို့၊ကြောသေးမြမြ၊မလှစတောင်း၊ သွယ်နွဲ့နောင်းနှင့်၊ရုံးပေါင်းပျော်ပါး၊ယုယဖြားလျက်၊ သနားတုံ့တုံ့၊ ရင်ငွေလုံ့လည်း၊ယှဉ်စုံရှေးခါ၊ရှင်နှင့်-ငါကား၊ မကွာကြလျက်၊ လွမ်းကြင်ဖွက်သို့၊ ပိုက်ဘက်တူကွ၊ မပျော်ရတည့်၊ နွေလ*သံတောင်း၊ ဆော်င်းလည်းနောက်ကြွင်း၊ နှင်းလည်း ခပ်ပြေ၊ စုံတောခြေနိုက်၊

* သံတောင်း- ကား ပေါရာဏ၊ နွေဦးတုကိုပင်ခေါ်သည်၊ နေမိဘုံခန်းပျို့၌လည်း ''စိတ္တလတာ၊ ဥယျာဉ်မှာတို့၊ နွေခါ သံတောင်း၊ ရော်ရွက်ဟောင်းဖြင့်''ဟု အစပ်ရှိသည်။



ညှာကြွေညွတ်ညောင်း၊ ရွက်ရင့် ဟောင်းသည်။ ။ **မောင်းမြဝါနီ ကြွေချိပခြည် လွမ်းဘိသည်။**

၃။ **ညောင်းမြရွက်ကျင်၊** ကြွေလဲးစင်က၊ညွန့်ရှင်ဖတ်ဖတ်၊ မြရည်ဆွတ်သို့၊ လတ်လတ်သစ်သစ်၊ သရစ်ပေါ်ဦး၊ ရာသီကျူးက၊ ပွင့်ဖူးငုံကင်း၊ ဟောဝန်တွင်းဝယ်၊ အင်ကြင်းရင်ကတ်၊ ဖက်ဆွတ်ပျဉ်းမြ၊ ကြူကြူဖျို့မွှေး၊ လေပြည်သွေးက၊ ကြိုင်အေး ပျံ့လှောင်း၊ ပန်းပေါင်း ပေါ်၏၊ တပေါင်းလဝယ်၊ နှမ-စိတ်တူ၊ အိမ်သူကျွမ်းဝင်၊ နှောင့်သခင်ကို၊ထိပ်ပြင်ပြည့်မျှ၊မဆင်ရှဲ၊ ဓမ္မ-မကင်း၊ သီတင်းငါးမည်၊ မြူဆွတ်ကြည်လျက်၊ ဆံခြည်ခြမ်းမျှ၊ ယွင်းခွမရှိ၊ မြဲဇာတိနှင့်၊ သိရိစံလှတ်၊ ရွှေမျှားနတ်ကို၊ ဆွတ်ဆွတ် ယောင်မျှ၊ စက်ဘော်တသည်။ ။**ညောင်းမြခါညီ ညပြိမတည် လွမ်းဘိသည်။**

---

## (၂၀၇) စစ်-ရတု

၁။ **အောက်မေ့လှည့်မေ၊** အောင်ချက် ဗွေဝယ်၊ နွေ၏ကိန်းခန်း၊ ရာသီဆန်းသော်၊ ရေသွန်းသဘင်၊ ပျော်ရွှင်လေပြီ၊ ပည်းသီဖြင်ပေါ်၊ ရွှေဝေါယာဉ်ညင်၊ ထမ်းစင်-သံလျှင်း၊ မြို့တွင်း-မြို့ပြင်၊ ကြည့်ချင်ဘွယ်သာ၊ ဆင်းရုပ်ဝါကား၊ နတ်မှာ-တမျှ၊ နတ်-မကတည့်၊ တုပ-ဝတ်စား၊ မှူးမတ်သားတို့၊ ပျော်ပါး အလိုက်၊ စရိုက်ဆောင်ယောင်၊ကုန်အောင်စံရာ၊ မင်းတန်ဆာမှု၊ အုံ့အာဘနန်း၊ပြိုးပြက်ထွန်းသည်။ ။**ရေသွန်းပျော်နှင့် လေတော့မည်။**

၂။ နောက်ရှေကြည့်ထွေ၊ မျှော်ရှုချေသော်၊ ညွတ်ခွေပျောင်းပျောင်း၊ မလွှမ်းတောင်းတည့်၊ ပျော်ကြောင်းဘွယ်လှည့်၊ တောမှာကြည့်လည်း၊ တော၏ ခန်းဝါ၊ တောင်ယာကောက်ပဲ၊ ထွန်ကြိုးယာခင်း၊ မုရင်းလယ်တာ၊ ကြည့်လေရာလည်း၊ များစွာချိုချဉ်၊ ဥယျာဉ်နှင်နှင်၊ သဇင်,အနန်း၊ ပြည်ပန်း,အင်ကြင်း၊ ရွှေဆင်းဝိုအာ၊ ဇလစ္ဆာ,ဘက်ဆွတ်၊ နံ့မြတ်မရှား၊ ထွေထွေများကို၊ ပျော်ပါးဘွယ်လိကြည့်သည် ရှိလည်း၊ သတိမတုံ၊ပျောင်းညှို့လှည့်ကာ၊ အောက်မေ့ရှာ၍၊ဟင်သာနန်းတည်၊ ရပ်ခရှုပြည်နှိုက်၊ ခါလည်နှစ်စွန်း၊ သာလှထွန်းသည်။ ၊သွေဆန်းပေါ်နှင့် လေတော့မည်။

၃။ ခြောက်သွေ့မှည့်ရွှေ၊ရွက်ညောင်းဝေ၍၊ညွတ်ခွေပျောင်းပျောင်း၊ မလွှမ်းတောင်းဘည့်၊ ရွက်ဟောင်းပြန်လည်၊ ညွန့်သစ်ချည်သား၊ လျှံရည်ခက်ကျိုင်း၊ ဝေဝေဆိုင်းမှ၊ ပင်တိုင်းတန်ဆာ၊ ဖျော်ရာပည်းဖြိုင်၊ ပန်းစုံမြိုင်သော်၊မရှင်သည်းထောင်း၊ခွေ့ခွေ့ပျောင်းလျက်၊ မပေါင်းရင်မျှ၊ သန့်နှောင်းကလျှင်၊ ဟေမကုန်ကျူး၊ နွေသို့ ကူးလည်း၊ မဖူးရအောင်၊ လှစံခေါင်ကို၊ မြင်ယောင်ဆိုတမ်း၊ အလွမ်း-မပြေ၊ ရှုတ-နေလျက်၊ သုံးရွှေများလယ်၊ တင့်စံပယ်၍၊ ခန်းကျယ်ရိပ်သာ၊ လှထွတ်ချာလျှင်၊နေရာဘုံမြင့်၊ အုံးဆင့်ရွှေရောင်၊ သလွန်ညောင်ထက်၊ လှခေါင်စံကျွန်း၊ သွယ်နွဲ့ရွှန်းသည်။ ၊ ရွှေမြန်းပျော်နှင့် လေတော့မည်။

---



(၂၀၈) စစ်-ရတု

၁။ မယ်တို့နေရာ၊သီတာလည်ရစ်၊ မြစ်၏ အချက်၊ *သန့်လျက်ပေါ်ထွန်း၊ ရွှေဝနန်းက၊ မကျွန်းဝါလ၊ နှိုးရသည်၊ ဆောင်းမျှလုံးလုံး၊ နွေဆုံးစဲတွေ၊ရေလည်းတက်စ၊ မိုးဦးကျသော်၊ ဌာနခန်းဝါ၊ စစ်မြေတာဝယ်၊ နှိန်ခါအလျောက်၊ သစ်ပေါက်ညွန့်ဖူး၊ ပေါ်ဦးရွက်ချပ်၊ လှပ်လှပ်လဲ့လဲ့၊ နွဲ့နွဲ့ထွားထွား၊ သွယ်ဆိုင်ကြားဝယ်၊ နှစ်ပါးတူစုံ၊ ဖူးတုံ-တရှည့်ငုံလှည့်-တပြိုင်ခိုင်လည်း-တမျှ၊ မသယတူပြီ၊ ရွေး၍သိသို့၊ အာနိပုလဲးရောင်ခြည်စွဲး၍၊ ရဲရဲပေါ်သစ်၊ လက်ယာရစ်နှင့်၊ ကျစ်လျစ်ဆန်းကြွယ်၊ကြိုင်မွှေးကြွယ်သည်။ ၊စပယ်ပွင့်စ ချပ်မြှလျှ။

၂။ သွယ်ညို့ကေသာ၊ လက်ယာချနော၊ သွယ်ခွေရစ်ခေါက်၊ ညိုးခြောက်မသင်၊ မပြင်များလျှား၊ ငယ်မူထားနှင့်၊ သနားစဘွယ်၊ စပယ်မခူး၊ ပုံ့ကြူပျောင်းရှာ၊ ရိပ်သာခန်းတွင်း၊သားချင်းမျိုးဆွေ၊ ဖြေလည်း-မပျော်၊ ဖျော်လည်း-မရှင်၊ စစ်ခွင်မြေတာ၊ နှီလေရာဝယ်၊ ကြာလေတို့စွ၊ ဘယ်နေ့ညလျှင်၊ ပြန်ရလှာသည်၊ ကြားပါမည်ဟု၊ မတည်စိတ်ဝမ်း၊ လွှမ်းခလေခန့်လော့၊ ၊သိချင်မောစွ၊ ရှုပြောတင်ချင်၊ စိတ်တွင်ရေးရေး၊ မြတ်လေးဆကဲ၊ လည်ဝယ်ဆွဲး၍၊ ပိုက်နွဲ့းကြိမ်ဖန်၊ တုံ့မြန်ဆို

---

* သန့်လျက်ပေါ်ထွန်း-ကား ရောဝတီ, ဒုဿဝတီ, ဝန်းလောင်- ထိုမြစ်သုံးခုဆုံရာဖြစ်၍, သန့်လျက်နှင့် သဏ္ဌာန်တူရကား အင်းဝမြို့ကို [သန့်လျက် ပေါ် ထွန်း]ဟု စ၍ဆိုသည်၊ ပညာရှိတို့လည်း- ''သီဟဇိဝှါ၊ ခြသေ့်လျှာသို့''ဟု စ၍ဆိုကြကုန်သေး၏။

မုထားနှင့်၊ စကားရွှေလျှို၊ စံလည်းတမျှ၊ရှုံးစအသင့်၊
ထပ်ဆင့်ဗျာပါ၊ခန်းသာရိပ်တွင်း၊သားချင်းဘော်နည်း၊
ဖျော်လည်းမတည်၊ မူးလည်ပျောင်းခွေ့၊ ဘယ်ခါနွေ
လည်း၊ပြန်၍လာသို့၊ကြားပဒ်ဖွဲ့နည်း၊ ဆွတ်ပို့မတည်၊
ရှိလေသည်ပင်၊မြင်ချင်နွေညာ၊ညှိုးမောလှ၏၊ ယုယခေါ်
ဆိုက်၊ လည်နှိုက်ရစ်ဆွဲ၊ ခွါလဲမတတ်၊ နှုတ်လွှတ်မဟ၊
ချိမည့်စကို၊ မြွက်မျှစုံမက်၊ မလွှတ်ရက်သည်။ ။
**သက်နှင့်တမျှ ဝေပူမြ။**

၃။ **တွက်ဆချေကာ၊** ဘယ်နှံ့ခါလျှင်၊ ဗျာပါဖြေ
ဆည်၊ ဖြစ်ပါမည်ဟု၊ နန်းတည်အောင်ချာ၊ သို့သော
ခါဝယ်၊သီတာပတ်ရစ်၊ မြစ်လည်းတရှက်၊နောက်ဘက်
တခွင်၊ရေရှင်ပတ်ကုံး၊ ဆင်ကျုံးတလျှို၊ ဥယျာဉ်အတိ၊
သိရိပါဒ၊ ဆံရှင်မြနှင့်၊ ဌာနတထူး၊ စူးစူးသည်က၊မြင်
သာလှ၏၊ မာဃထောင်တည်၊ ရွှေပြည်ရွှေတွင်၊ နတ်
သဘင်ကို၊ ကျိုင်းစင်မြရည်၊ မမီသည်ကြောင့်၊ မြိုက်
ဆည်သွယ်ဖြည်း၊မယ်ချည်းတထူး၊ မရောက်ဘူးတည့်၊
ရှိမ်းနူးခွေ့ခွေ့၊ယောင်းသွေ့သမ်းမဲ့၊ မှိုအိုးနွဲ့၍၊ စစ်
ပွဲးရုံတပ်၊ ချီလေရပ်ဝယ်၊ ဆယ်ထပ်လွှမ်းချစ်၊ ရှိသည့်
ဖြစ်ကို၊ ကျစ်လျစ်ယုံကြည်၊ မှာလိုက်ရည်သည်။ ။
**ရွှေပြည်ခေတ္တ နေသူက။**

(၂၁၀) စစ်ရတု

၁။ **ငါးလသာလျှင်၊**စစ်တာသူ့မြေ၊မကြာစေနှင့်၊
နှုတ်ရွှေသာမြ၊ မိန့်ခဲ့ဟ၍၊ ချီသည့်နေ့က၊ ရေတွက်ဆ
သော်၊ ငါးလဆယ်ဖန်၊ ပြန်သော်မက၊ ကြာမောလှခဲ့၊



နှစ်ရသနင်း၊ စကြာမင်းလျှင်၊ ကျွန်းတွင်းဇမ္ဗူ၊ ယူ၍ပတ်
ကုံး၊ ကျုံး၍လိုသော်၊ ပြည့်ပြီးသော်လည်း၊ ပြန်တော်
မမူ၊ လျှစ်လျူခပဲဖင့်၊ ကြာတင်မြင့်ခဲ့၊ နောင်မင့်းသခင်၊
ဆင်းနတ်သွင်ကို၊ အလျင်ပြန်မည်၊ မှာခဲ့သည်ကြောင့်၊
နွေလည်ပြန်ပြောင်း၊ ပျောင်းသည့်ဖြစ်ကို၊ စိစစ်ချေ
သော်၊ သက်ဝေမယ့်မှာ၊ မဖူးကြာခဲ့၊ လယ်ယာတောင်
ခန်း၊ရွှေနန်းသုံးဆောင်၊ ပန်းလောင်ရစ်ဆင်း၊မြစ်ငယ်
တွင်းနှင့်၊သုံးစင်းမြစ်မ၊ သာမောလှသည်၊ ပုရအောင်
ခန်း၊ ကျွန်း၏တန်ဆောင်၊ နန်းရွှေတောင်ကို။ ။
**ပြောင်ပြောင်ဘယ်နှံ့ မြင်ရအံ့။**

၂။ **ဘွားစကာပင်၊** ငယ်စွာလှဘိ၊ မိနှင့်တူကွ၊
ထိန်းယမကျွေး၊ ရှိရစ်လေခဲ့၊ စံရွှေတမျှ၊ ပုံသွန်းချသို့၊
ယုယကဲ့ရှန်၊ သုံးနှစ်လွန်မှ၊ မွေးသည့်ဘမင်း၊ ဘယ်
ကြောင်းခြင်းဟု၊ အရင်းရင်သွေး၊ မေးနှင့်လေဟန်၊
ဆယ်ပြန်စုံမက်၊သားကြင်ဘက်ကို။ ။**ပိုက်လျက်ဘယ်
နှံ့ ကြင်ရအံ့။**

၃။ ထွားမြမြစင်၊ သက်သခင်ကို၊ ငှက်သွင်လေ
ဟုံ၊ ပျံတုံမတတ်၊ လွှမ်းဆွတ်ဘန်ဆောင်၊ တမ်းဆို
ယောင်ခဲ့၊သန်းခေါင်ညဉ့်နက်၊ တယ်စက်လည်း၊ မြွက်
ကေသျှင်၊ ဆင်းငါးအင်ကို၊ ထင်ဘိဝမ်းဝယ်၊သက်ပြတ်
ကြွယ်မျှ၊အဘယ်နှံ့ခါ၊ စကြာလှည့်ယူ၊ အောင်တော်မူ
၍၊ ဇမ္ဗူကျွန်းထိပ်၊ မင်းဝိရိပ်ဝယ်၊ သုံးကျိပ်သုံးပါး၊
သကြားဘန်ဆင်း၊ စည်သူမင်းလျှင်၊ သောင်းတွင်းဇမ္ဗူ၊
နတ်လူတကာ၊ ကိုးကွယ်ရာသား၊ မြတ်စွာဘုန်းတူ၊

ရှင်ဖြူရှင်လှ၊ပုညသခင်၊ သုံးလူ့ရှင်ဝယ်၊ကြည်လင်စိတ်ဖြူ၊ ပန်းမဥ္စူကို။ ။ဆက်လှူဘယ်နှံ့ တင်ရအံ့။

---

## (၂၁၁) စစ်-ရတု

၁။ **တန်းခူးခေါ်မည်၊** နှစ်ဦးလည်က၊ မြိုင်စည်စုံခြေ၊ ကျင်ရွက်ကြွေသော်၊ နွေ၏ကာလ၊ ညောင်းရစ်မှုနှင့်၊ ထက်မှတမူ၊ အဖြူနည်းများ၊ မည်းသား ညိုပြာ၊ အဝါနီနှော၊ စုံခြည်ရောရွှ၊ သာမောပျံ့ပျူး၊ကျူးသည်-မမြင့်၊ မြေလည်းဆင့်က၊ သက်နှင့်ငယ်ကျွမ်း၊ ဘွဲ့ရှာစမ်းရှဲ့။ ။**လွမ်းလိမ့်မည်လည်း သည်ကာလ။**

၂။ **ဂိမှာန်သရစ်၊** ရတုဖြစ်က၊ နှစ်ရာသီဦး၊ တာ-တန်းခူးဝယ်၊ထစ်ကြူးမပြင်း၊ပဇ္ဇုန်ချင်းသော်၊ အကြွင်းမြန့်ခေါက်၊ပန်လျောက်ခွေဝန်း၊ အနန်း-တာပဲ၊ မစဲးပွင့်ဖြိုင်၊ပေါ်ညီလှိုင်က၊ မိန်းမှိုင်ညွှတ်ပျောင်း၊ ရောက်လတ်ကြောင်းကို၊ ရှင်နှောင်းတွေငေါ်၊ တမ်းစိုက်ခေါ်သည်။ ။**မျှော်လိမ့်မည်လည်း ပြည်သာက။**

၃။ **မဖူးမြင့်ရှည်၊** လလည်းလည်က၊ လျှပ်ခြည်အာကာ၊မိုးစက်ဝါသို့၊ ရိုခါနဂါသား၊ ဝေဖြားမခြီး၊ စိုးတို့ရွှာပြန်၊ မမှန်ခကြွးဆင့်၊ တရင့်ရင့်တည့်၊ လင့်တိုဝသ၊ ဆီးကျရှင်မော၊ မော်ခေါလှူ့ဆွေ၊ ခါတ်ဆံမွေကို၊ညောင်ရေသီတာ၊ နံ့သာထုံသင်း၊ ရွှေဆင်းစကား၊ ချရားသိနှစ်၊ မြတ်တာသစ်နှင့်၊ ကြင်ချင်စိတ်တူ၊ အိမ်သူစံကျွန်း၊ ဆုယူမှန်းသည်။ ။**သွန်းလိမ့်မည်လည်း ကြည်ဒါန။**

---



## (၂၁၂) စစ်-ရတု

၁။ **ဆောင်းလဟောမာ၊**ရွှေရင်ကွာရှဲ့၊ ချိုသည့်နွေက၊ အောက်မေ့လေလေ၊ စစ်မြေရပ်မှာ၊ မျှော်ရှာဆုံးပိုင်း၊ စခန်းတိုင်းလည်း၊ မြစ်ကိုင်းလဲးပေါက်၊ ဝိတောက်အင်ကြင်း၊ တောလုံးဝင်းမျှ၊ရွှေဆင်းနှိုင်းရာ၊ ပွင့်မီကာကို၊ ရှုရှာချေလှည့်၊ လွမ်းဖြေဖြည့်လည်း၊ မြေ၏မထင်၊ သို့ပင်ရက်ကိုး၊ကြာမည်စိုးစွ၊သည်မျိုးမွေ့ဘာ၊ ဆောင်းလကုန်ကျွန်း၊နွေသစ်ဆန်းဝယ်၊ ရေသွန်းသဘင်၊ တူပျော်ရှင်အုံ၊ ပြန်လျှင်ပါစေ၊ မှာလိုက်ပေသည်။ ။
**[illegible]င်းနေဌာန ဘုံသာက။**

၂။ **ကြောင်းစထွေလာ၊** နှုတ်ရွှေကြာနှင့်၊ ဖျာပါဆကဲး၊ ချိုဆဲးဆဲးဝယ်၊ ရစ်ဆွဲးလည်တွင်၊ ခွဲးလျက်ပင်တည့်၊ပြန့်လျှင်ပါစေ၊ မှာလိုက်ပေသော်၊ ဝေးမြေမြင့်စွာ၊ သို့စင်ကြာမူ၊ အခါသရစ်၊ နှစ်လည်း-ဆပွား၊ လလည်း-များနဲ့၊ ထိပ်ဖျားထက်ခွင်၊ မိုးနတ်ရှင်လည်း၊ သဘင်ချိန့်တန်၊ခါသင့်ပြန်သော်၊ သံဃန်ရင့်ရင့်၊ကြူးဆင့်ခေါ်ရှဲ့၊ တိမ်ပေါ်လှည့်ဝန်း၊ လျှပ်ခြည်သန်းက၊ ပန်းလည်းရာသီ၊ ခါတန်ပြီဟု၊ ရွှေဆီလာကျိုင်း၊ ညွန့်သစ်ဆိုင်းသည်။ ။**မြစ်ကိုင်းပွင့်စ ငုံညှာမြ။**

၃။ **ညောင်းမြရွှေဝါ၊**တောဟေမာကို၊ နောင်သာမြင်လှည့်၊ တွေတွေကြည့်သော်၊ သီးမှည့်ရွှမ်းပြင်း၊ ငုံကင်းချိုချယ်၊ ရွက်ဟောင်းလှယ်က၊ ပျော်ဘွယ်သရစ်၊ ငှက်တို့ဖြစ်လည်း၊ ခွေရစ်ခွဲးလျက်၊ လည်ချင်းရက်ရှဲ့၊ ပျံတက်တူပင်၊ ပျော်သည်မြင်သော်၊ မရှင်ဖျာပါ၊ဆယ်

ထပ်သာက၊ ပမာဝှက်သွင်၊ ပုံရောက်ချင်စွ၊ နတ်ရှင်သကြား၊မင်းတရားလျှင်၊ ဘဝါးစကြာ၊ဖြန့်ပါမည့်ရေး၊ မကြားသေးခဲ့၊ဆုံးမြွေးပတ်လည်၊နတ်မိုးစည်သည်။ ။ကြူးမြည်လှာ၊ရ စုံကာလ။

---

## (၂၁၃) စစ်-ရတု

၁။ **မြမြမြွေး၍၊** ဆီးသေး,မိုးဖြူ၊ မြူလည်းကြွေလင့်၊ မပွင့်နေခြည်၊ မကြည်ကောင်းကင်၊ ထက်ခွင်အုံ့မှုန်၊ မြိုင်မျှကိုယ်တွင်း၊ ဆီးနှင်းကျူရှမ်း၊ ချမ်းတို့စွလည်း၊ ရင့်မျှကြာညောင်း။ မလောင်းအကျူး၊ မဖူးရက်လေ၊ ဟေမရာသီ၊ နာရီပွားတိုး၊ သောက်မိုး ညဥ့်ရှည်၊ ဆောင်းခါ လည်သည်။ ။**ချမ်းသည် သူ့အတန်တကား။**

၂။ **ရွှရွှကြွေး၍၊** မွေးမွေးပျပျ၊ ရဲရဲလှသား၊ နိုင်ဖြပွင့်ဖူး၊ ဆောင်းပန်းဦးလျှင်၊အတူးသူနှင့်၊မတင့်လေရာ၊ မယ်နှင့်သာလျှင်၊ ကြမ္မာဘန်ဆင့်၊ ရည်၍ ပွင့်သား၊ သခင့်ပန်ဘို့၊ စိုရင်ပို့၍၊ စိမ်းညို့ရွက်ထပ်၊ ချယ်လှပ်ထွားထွား၊ တခြားတွေ့ခတ္တ၊ ညာတာခြေဝယ်၊ ငုံပြေချပ်ပန်း၊ တဆန်းထူးလည်၊ ပန်းရွေရည်သည်။ ။**ကျွမ်းသည် သူ့အမှန်တကား။**

၃။ **မျှမျှမွှေး၍၊** ပိုက်ထွေးရင်ငွေ၊ တူစက်လွှေကို၊ အောက်မေ့မြင်ယောင်၊ရှင့်မောင်ခေါ်တမ်း၊ဘော်ငယ်ကျွမ်းနှင့်၊ အလွမ်းရှည်မြင့်၊ ကြာသည်နှင့်သော်၊ ထပ်ဆင့်ဗျာပါ၊မပျော်စွာ၍၊ အခါသရစ်၊ ဆောင်းမျိုး



နှစ်ဝယ်၊အဖြစ်သည့်နှယ်၊မချမ်းဘွယ်တည့်၊သက်လျှယ်နှောင်နှင့်၊ ကြင်ပေတင့်စွ၊ မျက်ပွင့်စံတည်၊ မျိုးချစ်ကြည်သည်။ ။**လွမ်းသည် သူ့အဟန်တကား။**

---

## (၂၁၄) စစ်-ရတု

၁။ **ဘုံချက်ရွှေမြေ၊**မင်းသာနေသား၊ သရေခေတ္တ၊ ပြည်သာကလျှင်၊နှစ်လဆန်းလစ်၊တာ-ရောက်သစ်ဝယ်၊ ရန်စစ်မြေရှည်၊ ချီရလေသော်၊ ကိုင်းစည်ညွှန့်ဖျား၊ မြစ်နားသောင်ဘက်၊ ဖြူညက်သဲပြင်၊ကျွန်းဦးတွင်နိုက်၊ သာရှင်ရင့်ကြွေး၊ဘော်စုံဝေးလျက်၊ တွေးတွေးပွင့်းက်၊ ကမ်းနှစ်ဘက်ဝယ်၊ ဧးမြွက်ပုံ့ရှင်၊ ပန်းစုံမြင်က၊ လည်တွင်ရစ်ခွေ၊ မပါလေဟု၊ တွေတွေစိတ်နိုက်၊ မပျော်ပိုက်သည်။ ။**ခေါ်စိုက်သည်နှင့် မူးသည်နှင့်။**

၂။ **စုံမက်လေလေ၊** ချစ်ရှိသေလျက်၊ စီးတွေယဉ်သာ၊မြစ်က-ခွါ၍၊ ရှမ်းရွာဝေးလွန်၊ တက်ရမြန်သော်၊ ယုံကျွန်သံခြေ၊ စေသည်ကားနည်း၊လွမ်းဟုန်သည်းနှင့်၊ ကြည်း-ကတောင်၊ နွဲ့အောင်မိုးမြေ၊ ကြည့်လေသမျှ၊ ငှက်က-မလွှတ်၊ရစ်ပတ်မှိုန်နွဲ့၊သို့ဝယ်ခြိုးသော်၊ ကျူးရှဲဘော်ကွာ၊ မယ်သို့သာလျှင်၊ ဗျာပါပည်းလှိုင်၊ မလွမ်းနိုင်ခဲ့၊လျှပ်ဆိုင်မြက်ဝါ၊ ထက်အာကာလည်း၊ ဖြိုးရှားချင်ဘွယ်၊ ရစ်သွယ်ဆင့်လောင်း၊ လေပြန်ပြောင်းနှင့်၊ ချောင်းချောင်းရှုန်လှိုက်၊ မှိုင်းမြွေးမိုက်သည်။ ။**ဆော်ရိုက်သည်နှင့် ကြူးသည်နှင့်။**

၃။ **ငုံခက်ထွေထွေ၊**ရဂုံခြေဝယ်၊ စုံခြေဝါမောင်း၊ ပန်းအပေါင်းလည်း၊မနှောင်းခါသင့်၊ ပင်တိုင်းပွင့်က၊

နတ်နှင့်ပမာ၊ ညက်သွယ်ဖြာသည်၊ နောင်သာကြင်ဘို၊ ဝင်းရောင်ညို့ကုံ၊ ရှမ်းတို့နေသည်၊ မောရပ်ပြည်က၊ ဆောက်တည်-မရ၊ နေကျပြုတ်ပြုတ်၊ ချစ်ပြီသတ်မှ၊ မျိုးမြွတ်ပြာစင်၊ မယ့်ရင်ခွင်သို့၊ ဝါဝင်စဝယ်၊ ဖူးအုံ ရွယ်လျက်၊ ငှက်နှယ်လည်းကောင်း၊ ပေါင်း၍တူနေ၊ ဖြစ်လျှင်းစေဟု၊ ဆံမွေသကျာ၊ ရွှေပြည်မှာကို၊ ရင်းမာ ညွှန့်လန်း၊ ပန်းသစ်ရွှန်းနှင့်၊ လွှမ်းပန်းကြီးခိုက်၊ ဆုယူ လိုက်သည်။ ။**ပေါ်ကြိုက်သည်နှင့် ဦးသည်နှင့်။**

---

(၂၀၅) စစ်-ရတု

၁။ **ညဥ့်သာစက်လည်း** ၊ညက်ညက်ရွှေငုံ၊ မစုံရ ဘဲ၊ သည်းထဲညွတ်ခွေ၊ နေသာနေလည်း၊ မင်းခြေဘို သာ၊ မြေတာမနီး၊ ခရီးလမ်းထောက်၊မျက်ခြည်ရှောက် မျှ၊ ရောက်ပါနိုးနိုး၊ မျှော်ကြည့်ခိုးလျက်၊ ပုထိုးစုဥာ၊ စွယ်လက်ယာကို၊မီးဝါပန်းခက်၊မြကွမ်းလက်နှင့်၊တွန်း လျက်ညှိကြည်၊ ကိုယ်စားရည်၍၊မယ်သည်ဆင်းညို့၊ ကြာလေတို့သည်။ ။**မည်သို့သက်မ ပြွမ်းလှသောဝ်။**

၂။ **မြောက်ကလေလည်း**၊မြူနည်းဆီးသေး၊တမြေး ဝေဝေ၊ ရစ်ခွေပတ်လွှဲ၊ မင်းလွင်ပုံ့က၊ ရန့်ထက်ဝန်း၊ မွှန်းလကာကာ၊ စုံသာတလျှောက်၊ဝင်းဝင်းတောက်မျှ၊ လဲးပေါက်ရွှေကုံး၊ တောလုံးနှင်နှင်၊ ပွင့်သည်ခြင်က၊ ဆွတ်ကျင်သည်းအူ၊ မယ့်သူမင်းမတ်၊ရောက်ပါတတ်ဟု၊ ခေါ်တွတ်ဆိုတမ်း၊ ရှာလွှမ်းမျက်စိ၊ မျှော်မိမိတည့်၊ ဆောင်းတိဆယ်ပြန်၊မထန်-ထမိုး၊ညှင်းငြိမ့်တိုးလည်း၊ ချစ်ကြီးရစ်ခွေ၊နောင်မင့်ခြေသည်။ ။**ရင်ရွှေစုံမ လွှမ်း လှသောဝ်။**



၃။ **တောကိုကြည့်လည်း**၊ တော၏ရတု၊ စိမ်းနု ညွှန့်ညော်င်း၊ ပန်းပေါင်းကြိုင်မွှေး၊ ဥသြကြွေးက၊ ပျော်ရေးသဘင်၊ မြစ်မှာမြင်လည်း၊ သဲးပြင်ကားငွေ၊ ငှက်ရွှေဝဲးကျ၊ ဗိုမ-မကွာ၊ တံငါလှော်ပြူး၊ သီကျူး ညှင်းညှင်း၊ ပျော်ခြင်းရတု၊ မိုးမှာရှုလည်း၊ ရောရှုတိမ် သား၊ နည်းများပြကာ၊ မြိုက်လျှပ်ဝါနှင့်၊ သည်းစွာ မရှမ်း၊အာလွှမ်းဆော်နှူး၊ ပို့ပျူးရစ်ခွေ၊ ဗွေရေခြင်းရော၊ ရောက်တင်းနာလျက်၊ မြဝါမင်းမွှန်၊ မေ့လျော့ကျန် သည်။ ။**စေကျွန်စုံမ စမ်းလှသောဝ်။**

---

(၂၀၆) စစ်-ရတု

၁။ **နေသာ နေလည်း**၊ ညွှတ်ခွေ ဆင့်လောင်း၊ တပျောင်းပျောင်းတည့်၊ တွန့်ညောင်းမျက်ခြည်၊ သီသီ လည်မျှ၊ ကျူးရှုည်မြေတာ၊ နီလေရာက၊ ရောက်လှာ နိုးနိုး၊ ရှင်ဖြိုးမျက်နှာ၊ မြော်ကာကာတည့်၊ လပ်ကွာ ရင်ညက်၊ ညဥ့်သာစက်လည်း၊ ချမ်းချက်မလုံ၊ ကွေးရ တုံသော်၊ ညဥ့်ဟုံ့ဖွန့်ဖြိုး၊ ပုထိုးဆံကျော်၊ စွယ်တော် လက်ယာ၊ သုံးလူ့ချာကို၊ ညီးဝါထွန်းပြောင်၊ တန် ဆောင်ရွှေတိုင်၊ စည်းကွမ်းခိုင်နှင့်၊ ညီမြိုင်ပန်းမာလ်၊ မကျန်စီရင်၊မယ်လက်ပြင်၍၊ညဥ့်ရှင်စက်သော်၊ရှုမျှော် မကြာ၊ မြည်စိမ့်ငှါဟု၊ မြဝါစွန်းစက်၊ နေလေရက် သည်။ ။**ကြင်သက်ဝေလှ ခဲးတိသည်။**

၂။ **မြောက်လေပြန်လည်း**။ ချသွန်မညံ၊ ဝင်းလျှံ မစဲး၊ နှင်းဖွဲးဆီးခေသး၊ တမြေးမှုမှု၊ ထပ်မျှပည်းချည်၊

မင်းလွင်သည်လည်း၊ လေပြည်ဆောင်သွေး၊ ကြိုင်ဖူးရနံ့၊ ပျံ့လ-ကာကာ၊ စုံသာခြိုင်ထဲး၊ ဝင်းဝင်းရဲရဲ၍၊ ပေါက်လဲးရွှေရောင်၊ တောလုံးပြောင်မျှ၊ ပွင့်ဆောင်ဝေဝေ၊မြင်းမိုရ်ခြေက၊ရစ်ခွေသည်းထဲး၊ မင်းရဲးညိုစင်၊ လုလင်မွေးဘ၊ ရောက်ခဲးစွဟု၊သံမြန္ဒတ်ခြည်၊ထွေလည်မျက်စိ၊ကြည့်မိကာကာ၊ဟေမာဆယ်ခသောင်း၊ ပေါင်းလည်းမမျှ၊ ငြိမ့်ငြိမ့်မြဲ၊ ချစ်စရှည်ချေ၊ ရစ်ခွေထပ်မွမ်း၊ မယ့်ချည်းကျွမ်းသည်။ ။**အလွမ်းပြေလှာ ခဲးဘိသည်။**

၃။ **တောကိုရှုလည်း၊** ရတုအလိုက်၊ ဖျားကိုက်ညွန့်ညောင်း၊ ပန်းပေါင်းကြိုင်မွှေး၊ ဥဩကြွေးက၊ ပျော်ရေးရှင်မှု၊ မြစ်မှာရှုလည်း၊ ငွေတုရည်ထွန်း၊ သာသည့် ကျွန်းထက်၊ ခွဲးရစ်ရှက်၍၊ ကျေးငှက်ဟင်သာ၊မကွာတုကွ၊ ဝဲးကြတုပင်၊မြူးရှင်တခါ၊ အသာနှုတ်ညှင်း၊ သံညင်းပျော်မှု၊ မိုးမှာရှုသော်၊ ရတုတိမ်တောင်၊လျှပ်ရောင်နည်းများ၊ ကြုံးဖြားရိုက်ဆိုင်၊ သံပြိုင်မသည်း၊ညှင်းကာဖြည်းက၊ဖြေလည်းမပျော်၊ ရှင့်ကိုယ်တော်နှင့်၊ ရည်ရော်ခန့်ထွေ၊ တင်းနား နေလည်း၊ ပင်ခြေ မြင့်၊ ကြာလေတုံသည်။ ။**ကျွန်ယုံစေလှာ ခဲးဘိသည်။** .

---

## (၂၁၇) စစ်-ရတု

၁၊ **ရတုသဘင်၊** နွေဦးရင်၍၊ မင်းလွင် သစ်လောင်း၊ လေပြန်ပြောင်းက၊ တပေါင်း ပေါင်းကြု၊ နိမိတ်လာဝယ်၊ ခေတ္တသရေ၊ မယ်တို့နေသည်၊ နန်းမြေသဏ္ဌာန်၊ သာစဟန်ကား၊ ပန်းမာလ်ပွင့်ညီ၊ ကုံးနှစ်



သီသို၊ နဒီသဘင်၊ ခုံသဲးပြင်ထက်၊ သာရှင်မကွဲး၊ တွေခဲးစုလျက်၊ ယများဆက်သို၊ ထွန်ရက်ကာလျှင်၊ သာရှင်ပျော်မှု၊ လှုလှုမြတ်လေး၊ ၄,၀၀ ပေးသား၊ ငှက်ကျေးအုပ်တွေ၊ဘော်မကွေကို၊ မျှော်ချေမယ့်ချည်း၊ လွမ်းဘော်ပည်းသည်။ ။**မြော်လည်းမျက်စိ ညောင်းကာသောဝ်။**

၂။ **တစုတမြင်၊** တောတခွင်လည်း၊ မြသွင်အရင့်၊ ညွန့်သစ်ဆင့်က၊ ကြွေလွင့်ရော်မှည့်၊ တောလုံးပြည့်မျှ၊ စည့်စည့်ပ-လင်း၊ ပင်ခြေကျင်းနှင့်၊ ငုံကင်းမချယ်၊ ရှုချင်ဘွယ်တိ၊ ဆန်းကြယ်ထူးခြား၊ ပန်းမာလ်များကို၊ **သနားစုံမက်၊** မွေ့သူ့လက်နှင့်၊ စုလျက်ရွေး၍၊တခစ္စခေလျှင်၊ ရွှေရွှေနိုက်တွင်၊ သင့်အောင်ပြင်မှ၊ ကေသျှင်သွယ်မြ၊ မယ့်ထိပ်စဝယ်၊ ယုယလွန်ကဲး၊ဆင်-စမြဲးကို၊ သည်းထဲးဆွတ်မျှ၊ အောက်မေ့ကမှု၊ ဆည်ရမတတ်၊ မိန်းသေ ပြတ်သည်။ ။**ကြာညွတ်ကဲ့သို့ ပျောင်းကာသောဝ်။**

၃။ **ယခုအလျှင်၊**ရွှေပြည်ခွင်သို့၊ ကျိုင်းစင်မြရောင်၊ မွှေးချစ် မောင်ကို၊ မိအောင် ပန်းမာလ်၊ ပန်စေချင်လှည့်၊ မျှော်ရှုကြည့်လည်း၊ ရောက်မည့်-စကား၊ မကြား-ပလှာ၊ မြင့်ကြာပျော်ထွေ၊ နေလေသည်လော၊ ဝမ်းနည်းမောစွ၊ သဘောစင်မြူ၊ မယ်တမှုကား၊ တ-ရှုမချာ၊ နောင်သို့သာလျှင်၊ ဘွေရှာအောက်မေ့၊ တစေ့စေ့တည့်၊ ညဥ့်,နေ့ သံချို၊ ပိုက်ဖြားဆို၍၊ ပြေလိုစိမ့်သား၊ ဖြေသည်များကို၊စကားမညီ၊ ယွင်းလေပြီဟု၊

မဒီမကျန်း၊ ခဝ်သိမ်းပန်းကို၊ တွေဆန်းကုံးသွယ်၊ ရွှေဝယ်ထားလျက်၊ ပြိုက်ရှမ်းစက်သည်။ ။**ရွှေထက် ဆယ်ဆ လောင်းကာသောဝ်။**

---

## (၂၁၈) စစ်-ရတု

၁။ **နတ်မျှနေရာ၊** သိဘာရွှေနောက်၊ ဆိုက်ရောက်သဘော်၊မော်ဓောဦးစွန်း၊ ကျွန်း၏အချာ၊ ရာဇာရာဇ၊ မြို့ဖျားမှန်ကင်း။ မင်း၏နေရာ၊ ဟင်သာဟူသည်၊ ရွှေပြည်အောင်ခန်း၊ ဘုံမြင့်နန်းက၊ဆောင်းစွန်းခွေဦး၊ ချိုးကျူးသော်၊ ရဝ်ထူးမြေတာ၊ ပြည်ဟင်သာဝယ်၊ အတာသဘင်၊လွန်လျှင်ကဆို၊ ရေသွန်းကြိုက၊ ပည်းပုံခြင်းရာ၊ပန်းတကာထက်၊ သိင်္ဂါရွှေလျှံ၊ ဝတ်ဆံဖါးဖါး၊ သားသားရိုးတံ၊ ရွက်ရုံတပြိုင်၊ ခိုင်လည်းတမျှ၊ အလှနတ်တူ၊ ပြိုင်သူမဲ့ရာ၊ မိုးသူဇာနှင့်၊ ဒေဝါသကြား၊ လက်ညှိုးထွားဖြင့်၊ သနားတွတ်ကြင်၊ ပန်စေချင်၍၊ ရွှေစင်-တည်ီ၊ ကုံးမြှောင်သီသို့၊ **အာနိမင်းစံ၊** ရုံးရုံးလျှံသား၊ ဝတ်ဆံရွှေလျှော်၊ လှရှိုးကျော်သည်။ ။ **ကုံ့ကော်ပွင့်စ နွေကာလ။**

၂။ **ပတ်ချကေသာ၊** သွယ်လက်ယာကို၊ မ-ကာလျော့လျှည်း၊ ထုံးလည်း မပြေ၊ ဖြိတ်ခွေ မကျော၊ သဘောတိုင်းပင်၊ မရှင်လေတတ်၊ တွတ်တွတ်နုနယ်၊ သနားဘွယ်နှင့်၊ သူငယ်မိမိ၊တူညီနှိုင်းလျော်၊ ကံ့ကော် မညှူ၊ ဟူလည်း-မထူး၊ ပုံ့ပျူးကြိုင်ငေး၊ နှောင်းမွှေးထွေးလျှင်၊ မင်းရေးမှုဝန်၊ ဝေးမျိုးလွှန့်သား၊ ရပ်စွန်မြေတာ၊ ချိုလေရာသို့၊ မျှော်ကာညှိုးသမ်း၊ ခန်းသာ



ဌန်းဝယ်၊ ငယ်ကျွမ်း ထိန်းယ၊ အစ်မ ဘော်နည်း၊ ဖျော်လည်း-မတည်၊ မူးလည်ပျောင်းခွေ၊ ဘယ်ခါနွေလျှင်၊ပြန်၍လာစုံ၊ ကြားပ ါအုံ့နည်း၊ မတုံ့ဖြေဆည်၊ နေလေသည်ဟု၊ ရက်ရှည် ကြာတင်၊ ဖူအောင်စင်ကို၊ မြင်ချင်နွေညာ၊ လွမ်းမောလှ၏၊ ယုယသာဖြည်း၊ မှိုအုံးလည်းလျက်၊ မယ့်ချည်းစုံမက်၊မခေါက်ရက်သည်။ ။ **အသက်ကိုမျှ ဝေရှာကြ။**

၃။ **မြတ်လှပွေချာ၊** မယ့်နေရာက၊ မျှော်ကာပျောင်းသမ်း၊ အလွှမ်းဘယ်နို့၊ပြေပါအုံ့နည်း၊ ရှုလည်းမဆုံး၊ ဆင်ကျူးသာလှ၊ သဏ္ဍာမနှင့်၊ တာဝတိံသာ၊ နတ်ရွာသဏ္ဍာန်၊ နန္ဒဝန်လည်း၊ ပန်းမာလ်ကြိုင်ပျံ၊ သာမောလှ၏၊ လွှမ်းမှုဧပါထင်၊ မြို့လယ်တွင်နှိုက်၊ ရွှေစင်သင်းချော၊ မော်ခေါမြတ်စွာ၊ ရောင်ဝါနေ့လ၊ တူစုံပသို့၊တေဇဘုန်းထူ၊ တဆူဆံကျော်၊ သပိတ်တော်နှင့်၊အုံ့ပြော်ထူးဆန်း၊ ရွှေနန်းမြတ်ကျော်၊ ပြာသာဒ်တော်လည်း၊ ရှုမျော်သည်က၊ မြင်သာလှ၏၊ဌာနပတ်ကုံး၊မြို့လုံး-မကြွင်း၊ သာမောခြင်းကို၊ နောင်မင်းမြဝါ၊ မမြင်လှာတည်၊ မယ်သာမယ်ထူး၊ ရှုးမှုးသွတ်ပျို၊ မတုံ့ဖြေဆည်၊ ရှိတော့သည်ဟု၊ ယုံကြည်ခြင်းရာ၊ စေလိုက်မှာသည်။ ။**ဟောင်သာနန်းမ နေရာက။**

---

## (၂၁၉) စစ်-ရတု

၁။ **ဇေသက်နေရာ၊**သိတာရစ်ခွေ၊ မြစ်ရေရှက်ဆုံ၊ ရွှေဘုံကြငှန်းကေတုနန်းက၊ သန့်စွမ်းဆောင်းဦး၊ ချိုးကျူးသော်၊ နှစ်ကူးလည်းလွန်၊ တောင်ပြန်ရစ်နွှဲး၊ မိုး

သစ်ကြီးကာ၊ စစ်တဲးနေတာပ်၊ ချိုသည့်ရပ်ဝယ်၊ သွယ်လှပ်
ရှိုးတဲ၊ ဝတ်ဆံစားစား၊ မပြားတူစုံ၊ ဖူးတုံတရှည့်၊ ငိုက်
လှည့်-တပြိုင်၊ ခိုင်လည်း-တမျှမောယသကြား၊ နှစ်ပါး—
တညီ၊ ရွှေစီချယ်တာပ်၊ ကုံး၍ထပ်သို့၊ ပွင့်ချပ်ဇောတ၊
သင်္ခပုလဲ၊ ထူးကဲးရောပြွမ်းဓေးချမ်းကြိုင်မွှေး၊ ပွင့်ရောင်
ပြေးသည်။ ။မလေးပေါစ ဆင်းထွေလှ။

၂။ **ခွေရှက်ကောသာ၊လက်ယာချနေ၊** မပြေယောင်း
သွေ့၊ မွေ့တွေ့ဆီမွှေး၊ မလေးမညှု၊ ထပ်တူနှိုင်းသင့်၊
ဘုံမြှင့်နန်းလဲ၊ ပျော်မြဲးထိန်းယ၊ အစ်မ-သားချင်း၊
ဖြည်းညှင်းခယ၊ ဖြေဖျော်ကြလည်း၊ ဆံမျှမရှင်၊ စစ်ခွင်
မြေရှည်၊ ချိုလေသည်ကို၊ ရောက်မည်ဘယ်နှံ့၊ ကြားပါ
အံ့နည်း၊ ဆွတ်ပုံ့တိမ်းပါး၊ သနားဘွယ်ပင်၊ ရှိမည်
ထင်ခဲ့မြင်ချင်ရေးရေး၊ စိတ်ပြေးသဖြင့်၊ စိုးကြလင့်၏၊
မျက်ပွင့်ရိပ်မြို၊ ရှုတုံဖန်လဲး၊ ရစ်ဆွဲးလည်တွင်၊ ရွှေရင်
ခွဲးလျက်၊ ချိုသည့်ရက်ကိုမှာခြွက်မဟ၊ ခွဲလျကြာတိမ်း၊
နေ့တိုင်းယိမ်းသို့ရှိမ်းရှိမ်းပြိုက်စက်၊ကြင်စုံမက်သည်။ ။
**အသက်ကိုမျှ နှင်းဝေကြ။**

၃။ ရေတွက်ချေပါ၊ လွှမ်းချင်းရာမှ၊ ဘယ်ခါနှီး
သည်၊ ပြေပါမည်ဟု၊ ရွှေပြည်ဝန်းကျင်၊ ရည်ရှင်ပတ်
ကုံး၊ဆင်ကျုံး-တလျှို၊ ဥယျာဉ်နှင်နှင်၊ မြို့လယ်တွင်
နိုက်၊ ကြည်စင်မြဟန့်၊ ရေနန်းကန်နှင့်၊ သဏ္ဍာန်မ
ယွန်း၊လေးကျွန်းရပ်ဆိုင်၊ သီးခိုင်ပွင့်ငုံ၊ ပန်းမျိုးစုံသား၊
စည်းခုံမြတ်ရှင်၊ သောင်းခွင်ပတ်လှည့်၊ တောင်းတိုင်း
ပြည့်ရှင့်၊မိုးရှည့်ထိယွန်း၊ ဆံဦးစွန်းလည်း၊ လင်းတွန်း
လျှံမျှမြင်သာလှ၏၊ ဌာနရပ်စည်၊ သာမော သည်ကို၊



မြရည်ကျိုင်းစင်၊ မမြင်ပလှာ၊ စစ်မြေတာကို၊ မျှော်က
မုးလည်၊ ရှိတော့သည်ဟု၊ မြန့်ပြည်မျက်ရှု၊ ကိုးရာပြု
သည်၊ ကေတုမတီ၊ ခေါ်ညီတွင်မှန်း၊ သာတုကျွန်း
သည်။ ။ဘုံနန်းသာလှ မင်းနေကာ။

(၂၂၀) စစ်ရတု

၁။ **မြေဖျော်သည်သာ၊** လွမ်းဖျာပါမူ၊ ကြီးစွာမြင့်
ခေါင်၊မြင်းမိုရ်တောင်သို့၊ သည်းလောင်ဆူဝေ၊ ချစ်စိတ်
မွေ့၍၊ မပြေထပ်ရစ်၊ ကျွန်ုပ်ဖြစ်ကား၊ ရှေးစစ်မြေတာ၊
သည့်ထက်ကြာလည်း၊ ဖျာပါသို့စင်၊ မမြင်လေတတ်၊
ခွေပတ်ပြိုက်သွယ်၊ဖြေ-မပြယ်သည်။ ။**သည့်နှယ်မလွမ်း
လေစဘူး။**

၂။ **မြေကျူးလမ်းရှည်၊** အမြည်ပြည့်ကို၊ လှည့်
လည်-စကြာ၊ ချိုသောခါဝယ်၊ နှင်းသာမိုးနှယ်၊ နေကို
ကွယ်၍၊ လွမ်းဘွယ်များတွေ၊ သို့-မဝေတည့်၊ မြတ်
ကြေ သည်းအူ၊ ချွေလင့်မူသို့၊ တ-ရှု သည်းထောင်း၊
ဆွတ်ဆွတ် ပျောင်းမျှ၊ ထည်ပေါင်း ထပ်ခြို၊ လွမ်း
လှည့်ရှုံလည်း၊ မလုံများကြွယ်၊ ဆောင်းမျိုးကယ်
သည်။ ။**သည့်နှယ်မချမ်း လေစဘူး။**

၃။ **တိမ်းမူးညှတ်ခွေ၊** ဖြေလည်း-မပျော်၊ မူးမော်
ဖန်များ၊ တပါးသည်သူ၊ လွမ်းသည်မှုကား၊တ-ရူဆန်း
သာ၊ ဖြေနိုင်ရာ၏၊ နောင့်မှာသော်ကား၊ ဆည်တား
ဖြေစဉ်၊ ဝိညာဉ်အသက်၊ ဖုံတက်ဘနန်း၊ ပျော့ပျော့မွှန်း
မျှ၊ ထိပ်ပန်းရှိကြ၊ နောင့်သည်မှာဟု၊ ဆိုရာတ-ရှု၊

ကြိုတိုင်းမှုလျက်၊ ကြီးလှူဝမ်းဝယ်၊ ပြည့်မွှမ်းကြွယ်သည်။ ။သည့်နှယ်မလျှမ်း လေစဘူး။

---

## (၂၂၁) စစ်-ရတု

၁။ **ဟင်္သာသို့လျှင်၊** နွေဘို့မကျွန်း၊ မိုးမဆန်းတည့်၊ နှစ်စွန်းဝယ်ပင်၊ တူပျော်ချင်စွ၊ နတ်ရှင်ဘုန်းရှိ၊ ဖြည့်ပါဘိလော့၊ ဝိရိဗဟို၊ မြင်းမိုရ်နှင့်သာ၊ ပမာဘူရှည့်၊ ပြိုင်နှုန်းလှည့်သို့၊ မည်သည့်ရပ်မှာ၊ တောင်တာကာလျှင်၊ နှိုင်းရာမဲ့တောင်းငွေ့စောင်းဘယ်-ညာ၊ မသာတက်သက်၊ ဆင်မြင်းခက်ခဲ့၊ ဖူးရက်ပန်းပင်၊ ခုတ်ထွင်ပယ်ရှား၊ ချောက်ကြားမြောင်ကျပ်၊ ချတာပ်မသာ၊ လဟာလယ်ပြင်၊ မမြင်ရလစ်၊ သို့သည်ဖြစ်ကို၊ စိစစ်လေရာ၊ ပြည်ဟင်သာသို့၊ မျော်ကာခွေတမ်း၊ ဆွတ်မျှလွမ်းသည်။ ။**တောင်ကမ်းဘယ်နံ့ ကျွန်းပမည်။**

၂။ **မြင်လျှာပျို့စင်၊** ဆင်းရုပ်သွင်လည်း၊ မမြင်ပြိုင်ထိုက်၊ ချောရောင်မြိုက်ကို၊ နွဲ့ပိုက်တူရှည့်၊ ပျော်ချင်လှည့်လည်း၊ သို့သည့်ခြင်းရာ၊ သူ့ရပ်မှာကို၊ ရံကာဖြိုးမြွက်၊ အိပ်မက်မျှလျှင်၊ မထင်ဘူးလေ၊ အတွေတွေတီ၊ ဝေဝေအာကာ၊ ကြည့်လေရာလည်း၊ ဘယ်-ညာဝန်းချုပ်၊ မိုမို့အုပ်၍၊ ရွာရုပ်နွေတိုင်း၊ တမှိုင်းမှိုင်းလျှင်၊ အရှိုင်းနေရပ်၊ တရုပ်စပ်ဝယ်၊ တိမ်ထပ်ထိနီး၊ တောင်ကမ်းဖြိုးမျှ၊ ဆီးလည်းကျဖွန်၊ နှင်းတိထန်၍၊ လေသွန်ဖြည်းညှင်း၊ ချမ်းမျိုးသွင်းသည်။ ။**အောင်ခင်းဘယ်နံ့ ညွန်းပမည်။**



၃။ **မြင်ပါတို့ချင်၊** ရေးရေးပင်တည့်၊ ကျွမ်းဝင်သက်ဝေ၊ ချစ်သူနေသည့်၊ ရွှေမြေဟင်သာ၊ သည်ဆီမှာဟု၊ မျက်နှာမျှော်ကြည့်၊ ဖူးချင်လှည့်လည်း၊ သူ့ပြည့်သဏ္ဍာန်၊ တွေလည်ဟန်နှင့်၊ နှင်းထန်ကျရွှမ်း၊ ပတ်ကုံးမွှမ်းမျှ၊ ဝေးလမ်းမြေရှည့်၊ သွားသည်နှင့်ပင်၊ နွေဖြင့်ရက်ပေါင်း၊ ကြာရညောင်းခဲ့၊ နန်းလောင်းပွင့်ငုံ၊ ပြန်ပါရုံကို၊ စွေတုံထန်စွာ၊ ထက်အာကာက၊ ထစ်ရွာသံညှင်း၊ ပဇ္ဇုန်မင်းသည်။ ။**ဘန်ဆင်းဘယ်နံ့ သွန်းပမည်။**

---

## (၂၂၂) စစ်-ရတု

### (မင်္ဂါဦးမြည်းချ)

၁။ **ရုံလျက်ချွေ၍၊** ရဝေမြင့်သွန်း၊ ဆင်ကွန်းအရွှေ၊ ချမ်းမြွေသီတာ၊ ရောအင်းနောက်၊ ပင်းယမြောက်ဝယ်၊ လှည့်ခေါက်ရော၊ လက်ယာရစ်မြောင်၊ စစ်ကိုင်းတောင်နှင့်၊ နန်းဆောင်ရဝေ၊ မင်းဝိဇ္ဇေထက်၊ အောင်မြေရပ်စည်၊ ဝ-ရွှေပြည်လျှင်၊ တူးလည်တွေလာ၊ သို့ရှိန်ခါဝယ်၊ သာလှာလိမ့်လော၊ လွမ်းတို့မောစွ၊ ကျော်စောထိန်ဝေ၊ သကြွားဆွေဟု၊ သပြေတဝန်း၊ အကျွန်းကျွန်းကို၊ ဦးစွန်းပိုင်ခြင်း၊ စကြာမင်း၏၊ သံညှင်းမိန့်မြွက်၊ ဗျာဒိတ်စက်ကို၊ ဦးထက်ဆင်၍၊ ချီသည့်နေ့က၊ အောက်မေ့ရတ၊ ပြန်ချင်လှသည်။ ။**ပူရအောင်ခင်း ရှေးမင်းဆက်နေ ဘုံရွှေသာလိမ့် မည်တမုံ့။**

၂။ **လျှံတက်စေ၍၊** သရေဓာတ်ရှင်၊ နန်းရွှေပြင်ဝယ်၊ ဥကင်သ-ဆီ၊ ရွှေစေတီဟု၊ အာနီရောင်စင်၊ ထီးလွှိုင်ရှင်နှင့်၊ တောက်ထင်ကျော်စော၊ မုဓွှောမည်

ကျော်၊ ဂုဏ်တော်လက်ယာ၊ မဟာဇိနာ၊ သက်တော်ရက၊ ရွှေဝစည်းခို၊ လုံးစုံမကွဲး၊ ယင်ရဲ့ဂူမြဲ၊ လိုက်သူ၅နှံ ချောက်၊ အုန်းပေါက်-တဝန်း၊ ရွှေယွန်း-မြောက်မှ၊ ဘုရားလှနိုက်၊ တောင့်တလျှင်မြင်း၊ နောင့်သက်နှင်းကို၊ သီတင်းကျွတ်မီ၊ တူရာသီဝယ်၊ လာပြီကြားက၊ ချရှုး ပန်းပေါင်း၊ တကောင်း-မြူတာ၊ သင်းကြိုင်ရာနှင့်၊ ကလျာရွှယ်လှ၊ ဟူသမျှသည်။ ။**လူကြဆောင်နှင်း မွှေးသင်းစက်ချေ ထုံရေရွှာလိမ့် မည်တမုံ့။**

၃။ **နှံ့သက်ဝေ၍**၊ မသွေကြပြီ၊ ချစ်စိတ်ညီသား၊ အာနိမုတ္တ၊ ဝလာဟနှင့်၊ ဆွေဆွဲဖြူစင်၊ ပုလဲးသွင်သို့၊ သခင်နောင့်သက်၊ ငယ်ကျွမ်းဘက်လျှင်၊ လွမ်းရက်ရေ ကာ၊ နွတ်တွေသာနှင့်၊ နေဝါလေယိမ်းရေပေါ်သိမ်းက၊ ချမ်းငြိမ်းသော်တာ၊ ကုမုဒ်ကြာသို့၊ မျက်နှာလ-သွင်၊ ကြေးမုံပြင်ကို၊ မခြွင်မခြွင်း၊ ပြန်တင်းဆိုခိုး၊ လာနိုးနိုး လျှင်၊ လွမ်းစိုးတွေလာ၊ လက်ဆောင်စာကို၊ ဘယ်ခါ ထားပြန်၊ လွမ်းအားသန်လျက်၊ စုန်ဆန်သွားမြောက်၊ ကြည်ရေးရောက်ဟု၊ ရွှေနောက်,မြောက်,တောင်၊ ကုန်နှံ့ အောင်နှံ့မျှ၊ စုံစမ်းရသည်။ ။**ရှုတနောင်မင်း မေး တင်းရက်ရေ ဝုံတွေမှာလိမ့် မည်တမုံ့။**

(၂၂၃) စစ်-ရတု

၁။ **ထစ်ဆင့်ဆော်၍**၊ မမြော်တိမ်ခြေ၊ မှိုင်းမှိုင်းဝေ မျှ၊ ညှာကြွေရွက်ကျင်၊ ထ-မင်းလွှင်နှင့်၊ တိမ်ပြင်မို့ မည်း၊ ရိုက်ကြည်းအုန်းအင်း၊ ထစ်မြည်ချင်းက၊ သလင်း အတူ၊ ပိတ်ဖြူလွှမ်းကြက်၊ မွှေရာထက်ဝယ်၊ ကြင်ဘက်



မျိုးတူ၊ အိမ်သူ-မနိုး၊ နောင်ထီးဘော်ကွာ၊ နေလှည့် ရာဝယ်၊ ဒေဝါသကြားကျွန်ုပ်အားကို၊ လွမ်းပွားသည့် တွေးများလေစေဟု၊ မနေသောက်လင်း၊ ရွှာဟုန်ပြင်း သည်။ ။**မဝင်းနေခြည် မြေးဘိသည်။**

၂။ **နှစ်သင့်ပေါ်၍**၊ ရွှေလှော်ညှာတံ၊ မိုးယံတိမ် လတ်၊ ဝင်းဝင်းထွတ်သည်၊ ထက်နတ်သကြား၊ ပန်မှတ် ထား၍၊ ရွက်ဖျားမသိမ်း၊ မနွမ်းရအောင်၊ ယူဆောင် တတ်ရှာ၊ ဂန္ဓမာဝယ်၊ ကြည်ဖွာချမ်းမြ၊ ရေချမ်းကျ၍၊ လှလှသွယ်တံ၊ ရွက်ရုံသားသားစုံပြားမြိုင်မောက်၊ ပင် စည်ရောက်သည်။ ။**ပီတောက်ရွှေရည် မွှေးဘိသည်။**

၃။ **ချစ်တင့်ပျော်၍**၊ ဇမ္ဗော်နိတ၊ ရွှေသိဂ်သို့၊ နှိုင်းဆ-စရာ၊ ဘော်-တကာဝယ်၊ တင်၄ါပြစ်မဲ့၊ ချော ရောင်ခွဲကို၊ ကြွင်းမဲ့လျောက်ကြား၊ မှာခဲ့ထားမှ၊ လွမ်း အား-မပြေ၊ ရှိရလေသော်၊ သူ့မြေနှပ်ခွင်၊ တောင်လျှင် ရုံပတ်၊ ယုဂန်ထွတ်သို့၊ လွမ်းဆွတ်အတိ၊ ပည်းမျှရှိ လည်း၊ မသိလေတတ်၊ ခေါင်သို့ညွှတ်မျှ၊ ခေါ်ထွတ်မယ့် မှာ၊ မျက်စိရှာသော်၊ သီတာဝိုက်လည်၊ မင်းဖျားတည် သည်၊ ရွှေပြည်အနောက်၊ မြကျောက်တောင်ဆိုင်း၊ လွန် သာနိုင်းသည်။ ။**စစ်ကိုင်းနေပြည် ဝေးဘိသည်။**

(၂၂၄) စစ်-ရတု

၁။ **ကြောင်းစနွယ်အင်**၊ ချစ်ထွတ်တင်သို့၊ လည်တွင် အပ၊ တညတရက်၊ တန်နက်မျှ၊ ညှိသက်လှကာ၊ အုံး မွှေ့ရာဝယ်၊ ရုံခါမတား၊ ပျော်ပါးပိုက်ကြူး၊ ရွှေ့နှယ်

ဦး၍၊ မကျူးရက်ရှည်၊ ဖြည့်လျှင်းမည်ကို၊ မိန့်သည်ခြင်းရာ၊ မြွက်ပါ-မတတ်၊ ခွေညွတ်ပျောင်းနွဲ့၊ သမ်းမှုံမဲ့သော်၊ မြင့်မြီးမကြာ၊ မြန်မည့်ခါကို၊ မှတ်စာရေးခွေ၊ ထားခဲ့ပေမှ၊ ချီးရေမယွင်လက်၊ ခန့်လိုက်တွက်သည်။ ။ **ကြာရက်ရေမြည့် စွန်းလာတည်း။**

၂။ **ပျောင်းပျဘွယ်လျှင်၊** ထက်ကောင်းကင်က၊ မင်းလွင်ဝေလည်၊ ရှက်လသည်ကား၊ ယဉ်ကြည်ဖြည်းဖြည်း၊တလည်းသာခန့်၊ စင်လှသန့်သော်၊ ပုံကွန့်ပုံမြူး၊ ငှက်ထူးထူးတို့၊ ပင်ဦးပင်ဖျား၊ သနားစဘွယ်၊ လည်ဝယ်လည်တွင်၊ လည်ရှက်တင်၍၊ တပင်ပုံကူး၊ တပင်မြူးသော်၊ လေဦးဖြည်းညောင်း၊ ညွန့်သစ် လောင်းသည်။ ။**တပေါင်းပေလှည့် ဆန်းလတည်း။**

၃။ **ညောင်းလှဘွယ်ရှင်၊** ညွန့်သစ်ဆင်က၊ လဲ့စင်ဖူးလဲ့၊လှပ်လှပ်နွဲ့သော်၊ တိုင်းရဲ့မဆင့်၊ စိုးစဉ်းတင့်က၊ ကြိုင်လွှင့်မှုံရှား၊ သကြားနတ်မျှ၊ သည်ကာလန္တိက်၊ ပျံကြူသက်လှာ၊ လှ့မြေတာဝယ်၊ ပျော်ပါလေချင်၊ ရေးရေးထင်၏၊ဘပင်တခက်၊ တခိုင်နက်ဝယ်၊ကြွေရွက်ဖူးဆင့်၊ ဟုံဟုံပွင့်က၊ နေနှင့်တိကျောက်၊ ရော်လွှင့်ခြောက်သည်။ ။**ပင်အောက်ရွှေမှည့် ဝန်းလတည်း။**

---

(၂၂၅) စိ-ရတု

၁။ **သပြေမူ့၊** ညွန့်လူလန်းလန်း၊ **လေးမည်**ကျွန်းနှိက်၊ မြန္မာန်းဒီပါ၊ တောင်လက်ယာက၊ တရာထီးဆောင်၊ မင်းကုန်အောင်၏၊ ဥဩျောင်မှန်ကူ၊



ဆင်မြှူသခင်၊ နတ်ရှင်ဘုရား၊ မင်းဖျားထွတ်တင်၊ ဘခင်စောဝီး၊ မောင်ကြီး တော်ရာ၊ ပြည်အောင် ချာကို၊ ဆက်ကာအုပ်မိုး၊ဆွေကြင်မျိုးနှင့်၊ ရှင်ဖြိုးတူကွ၊ သုခ-ခံခံ၊ ပျော်ညီစံလျက်၊ တရံမကင်း၊ သီတင်းသီလ၊ ပဥ္စင်းမြွာ၊ ဆယ်ဖြာတရား၊ သုံးပါးမြတ်စွာ၊ ရတနာကို၊ မကွာထိပ်ပြင်၊ပန်းနှယ်ဆင်လျက်၊စိတ်ရှင်ဖြောင့်ကြည်၊ မင်္ဂလိရည်သည်။ ။**ဆောက်တည်မြဲမြဲ ပိုက်လှည့်သောဝ်။**

၂။ **ဆောက်တည်မြဲမြဲ၊**သုံးပါးကိုနှင့်၊တရံမကင်း၊ ကြည်ဖြောင့်စင်းလျက်၊ သည်မင်းကျွမ်းချစ်၊ ဥပရာဇ်နှင့်၊ လွှမ်းသစ်ဆင်ကာ၊ဖျော်လှည့်ရာကို၊ စကြာစိုးပြီး၊ နောင်တော်ကြီးလျှင်၊ ရပ်သီးဆောင်တည်၊ ပဲးကူးပြည်သို့၊ လေးမည်စစ်အင်၊ အတင်တင်တိ၊ မြင်းဆင်သိန်းသောင်း၊ ကြည်းကြောင်းကားငါ၊ ညီမင်းလျာမူ၊ ကြေညာ-မကြွင်း၊ လုံးရင်းအဖျား၊ လျော်ကားရဲ့လော်၊ အုပ်တွေမွမ်းမျှ၊ စုံလေကြွဟူ၊ လောကဘုန်းထူ၊ ချစ်သူပြည့်ရှင်၊ ဆောလျင်သာကြည်၊ စုန်အံ့ရည်သည်။ ။**ရွှေစည်ထိန့်ထိန့် ရိုက်လှည့်သောဝ်။**

၃။ **ထိန့်ထိန့်ရိုက်၍၊** ဆူလှိုက်*ဘဝဂ်၊ အောက်ထက်ဝှန်ခြောင်း၊ မြေကြီးစောင်းမျှ၊ စည်မောင်းခရား

* ဘဝဂ်ကား–"ဘဝဂ္ဂ"ပါဠိမှက်၊ ဘဝ+အဂ္ဂဟု-ဖြတ်၊ ဘဝ = ဘုံဘဝ အဂ္ဂ=အထွတ်၊ ဘဝဂ္ဂ=ဘုံထွတ်ဘုံဖျားဖြစ်သောလူ့ပြည်မှယူဇနာ ၇၁၈၅၆၀၀၀-ကွာ၍၊ ကပ္ပာ ၈၄၀၀၀-နာခံသက်ရှည်ခအောင်နေရသော ဗြဟ္မာတို့နေရာ နေဝသညာနာသညာယတနဘုံကို ဆိုလိုသည်။

ပတ်သာခမြွန့်နှံး၊မြစ်လုံးသဲးလျက်၊ လောင်းရဲ့မိကျောင်း၊ တပေါင်းအုပ်တွေ၊ သံလျှလျှော်ကား၊ ရွှေခေါး-ရွှေလှံ၊ ပတ်ကုံးရံ၍၊ မင်းဝံအောင်ချာ၊ရွှေပြည်သာက၊ စကြာမြဲတော၊ ချိုကြွလေသော်၊ အခကြွသနင်း၊ ထိုမင်းဘုရင်၊ ကြောက်ငြင်လှစွာ၊ ပြေးလေရာမှ၊ တခါလည်းကောင်း၊ မြစ်ကြောင်းတို့မှာ၊ မျောစွာလှတက်၊ ကြိုလှာထွက်သည်။ ။ဘဝဂ်ဝှန်ဆူ လှိုက်လှည့်သောဝ်။

---

## (၂၂၆) စစ်-ရတု

၁။ **ဘဝဂ်ဆူလှိုက်၊** ထိန့်ထိန့်ရိုက်မျှ၊ တိုက်အံ့တင့်ချည်း၊ ကြည်းလည်းတသီး၊ ဖြင်ညီးသူ့လှေ၊ မရေနှိုင်စွမ်း၊ မြစ်လုံးကျမ်းကို၊ တခြမ်းဆံဖျား၊ မလေးစားတည့်၊ လှော်ကားနှင့်သာ၊ တေဇာဘုန်းမြီး၊ ရန်ညွှန့်ချိုးသည်၊ သတိုးမည်သာ၊ ဓမ္မရာဟု၊ စကြာသခင်၊ နတ်ရှင်ညီလတ်၊တိုက်သတ်*တျင်းတျင်း၊ တစင်းလှေမျှ၊ လွတ်ရမဲ့ဆုံး၊ ယူကျုံးရိုက်ကျွန်း၊ မလန့်ကြောက်ရွံ၊ အားလုံးနွံမျှ၊ စံဖြိုခ်စလောက်၊ မိုးဆုံးအောက်ဝယ်၊ နှစ်ယောက်-မတူ၊မယှဉ်ကြင်သူကို၊ဇမ္ဗူပတ်ကုံး၊ပြိုင်တိုင်းရှုံးသည်။ ။**လက်ရုံးရွှေတိုင် စိုက်လှည့်သောဝ်။**

၂။ **လက်ရုံးရွှေတိုင်၊** ရန်မျိုးနိုင်လျက်၊ မပြိုင်နှိုင်းဘက်၊ဝွန်နှင့်ကြက်သွို၊မင်းထက်မင်းဖျား၊တရားရန်နင်း၊

---

* တျင်းတျင်း ကား– ပေါ်ရာဏ၊ အကြွင်းအကျန်မရှိ အကုန်အစင်–ဟုလို၊ လောကဝိဒူမော်ကွန်းတွင်‘‘မြူပမာဏ၊ သခ်ါရကို၊မြာမျှတျင်းတျင်း၊ အကြွင်းမဲ့အောင်’’ဟုစပ်ဆိုသည်။



နောင်တော်မင်းလည်း၊ပေးခြင်းထပ်လှောက်၊ကြင်ဝမ်းမြောက်လျက်၊ လက်ကောက်ဖလား၊ ခမ်းနားဆင်မြင်း၊ မကြွင်းရဲ့ဆု၊ ပေးနှင်းစုမှ၊ငါ့မှုကုံပြီ၊ ငါညီပြည်ထောင်၊ စစ်ကြီးအောင်ဟု၊ မင်းခေါ်င်တုလွတ်၊ လေးမြွတ် ချီးမွမ်း၊* အားရမ်း-မစဲး၊ ဆိုအံ့ဖွဲ့မှ၊ မြင်းလဲး-ရာကျော်၊ရဲ့ဘော်ဓေ့ဆင်၊ပြောင်မာတင်နှင့်၊ မြေပြင်ရိုက်ကြည်း၊ အပည်းပည်းတည့်၊ ဝှန်သည်းချဉ်းရောက်၊တိုက်ဘောက်ရင်ဆိုင်၊ဆယ်ကြိမ်နိုင်လည်း၊ မပြိုင်သာလျှင်း၊ ရဲ့-သတင်းနှင့်၊ ထုတ်ချင်း ဘဝဂ်၊ အောက်ထက်ပြန့်ဗွန်း၊ ဆယ်ရပ် ကျွန်းသည်။ ။**မော်ကွန်းတင်တင် ထိုက်လှည့်သောဝ်။**

၃။ **မော်ကွန်းတင်ထိုက်၊** သောင်းခွင် တိုက်ဝယ်၊ လှုနိုက်မှန်ကင်း၊ ရာစင်းထီးဖြူ၊ ဆောင်ယူလက်နက်၊ ဘ-ဘုန်းတက်၏၊ သမက်ရတနာ၊ နရာပတိ၊ မွေးမိအတူ၊ မင်းသုံးယောက်-ဘ၊ အစ်မတော်မတ်၊ ဗျိုထွတ်ဖွံ့ထွား၊ နှစ်ပါးနတ်မျှ၊ ညီမငဲ့အို၊ ဆွေညှိမယ့်-ဘ၊ ရောက်ခဲ့စွဟု၊ နှမမြတ်မျိုး၊ သန်းညွှီးမရှင်၊ ရှိစဉ်တွင်နိုက်၊ ပည်းဖြင်သခင်၊ လှေတိပွမ်းပွမ်း၊ မြစ်တင်းကျမ်းကို၊ ရဲ့စွမ်းသတ္တိ၊ မိုးထိဘုန်းခေါင်၊ ရန်လုံးအောင်ဟု၊ သည်မောင်သတင်း၊ လျှင်မြင်း မကြာ၊ ဆက်စာ-တမန့်၊ယုံကျွန်ဖန်များ၊လျှောက်လှာကြားက၊

---

* အားရမ်းကား– ပေါ်ရာဏ ၊ နှစ်သက်သည်ဟုလို၊ သုဝဏ္ဏသျှံမျိုသစ္စာခဏ်းတွင် ‘‘ကိုယ်အားထမ်းကဲ့၊ အားရမ်းအင်တက်၊ ကြီနှစ်သက်သော်မပျက်ချေ’’ဟုစပ်ဆိုသည်။

ရှင်အားကဲဆဲ၊ ဝမ်းကကြင်နာ၊ သက်-တရာလည်း၊ မေတ္တာမပျောင်း၊တင်ပါကောင်းသည်၊ ။**ဘုန်းမဟောင်း မယ်နှင့်ကြိုက်လှည့်သော်**။

## (၂၂၇) စစ်-ရတု

၁။ **ရတုသာတွေ့**၊ ဖြည်းသွန်းလေနှင့်၊ ရွက်ကြွေ နွမ်းခြောက်၊ ပုံ့သင်းလှောက်၍၊ ကြိုင်ပေါက်ဧရှင်၊ ပန်းစုံခြင်က၊ ညိုစင်ရွှမ်းရွှမ်း၊ ရဲ့ခွမ်းသန်ကိုယ်၊ ရွယ်ပျို သန့်ရှင်း၊နှောင့်သည်ရင်းကို၊ မျိုးချင်းယှဉ်ဘော်၊ပန်းစုံ ရော်သား၊ ချယ်သော်သင့်တွေ့၊ စိမ်း, ရွှေ,ပြာရွှန်း၊ စိန်ပန်းချယ်မြွှာင်၊ ကြွေရောင် လျှံပြေး၊ သေးသေး ဆိတ်သား၊ ခြင်းနားနောက်ချပ်၊ ဇကျောက်စပ်ပြည့်သိပ်၊ ကွေးလိပ်စွန်းတား၊အနားလျှံထွန်း၊မျက်သုတ်ဆန်းကို၊ ဘက်ကျွန်းနှိုင်းရော၊ နောင်မြွဝါသည်၊ ။**အခါမသင့် မိခန့်လော့**။

၂။ **ယခုခါနွေ**၊ ရောက်လှာပေက၊ ငုံရွှေလှလှန်း၊ ခပ်သိမ်းပန်းလည်း၊ လန်းလန်းပုံ့လှောင်း၊ ရာသီ ပြောင်း၍၊တပေါင်းသဘင်၊ပန်ဆင်-စမြး၊ ရှုအံ့အဲးမျှ ဖျားစွဲးထပ်ပြီ၊ဆိုင်မြွှာင်စီလျက်၊ မင်းညီလုံးလုံး၊ မရိုး မကားမကြားခစရ၊ယုယတတ်ဆိုး၊ မယ့်လက်ကုံးနှင့်၊ ပွါးပြိုးကြက်သရေ၊မြွတေရဲရဲ၊နောင်မြဲကို၊ ဆက်မြဲ တိုင်းဝင်၊ရည်ထင်အသင့်၊ စီရင်လင့်လျက်၊ ကြာမြင့် လွန်ကျူး၊သို့-မဖူးသော်၊ နွေဦးဆန်းလျှင်၊ ရောက်စေ ချင်စွ၊ မင်းလွင်အုပ်မှိုင်း၊ လေရိပ်ဆိုင်းသည်။ ။ **နေတိုင်းဝေဝေ ရိခန့်လော့**။



၃။ **မရှုပါလေ**၊ မြင်းမိုရ်ဖွေက၊ မိုးခွေဦးစွန်း၊ မတန်ကျွန်း၍၊ ပန်းနှင့်စစ်ပြန်၊ ခါမတန်ဘဲ၊ ပွင့်လွှန် ဘိန်း၊ လွှမ်းစိုးဖျာပါ၊ မေတ္တာထပ်ကြွယ်၊ နွေချမ်း ဝယ်နှိုက်၊ စပယ်ငုံကြိုင်၊ ပုလဲးခိုင်ကို၊ ဆက်တိုင် တင့်အောင်၊ ကွန်ရက်နှောင်မှ၊ ဆင်းရောင်တွေ့ချော၊ ချစ်ဘွယ်မောသား၊ကျော်စောမြေပြင်၊နောက်သခင်ကို၊ ပွဲးဝင်ညီလာ၊ကြိုင်စွာလိမ်းသော်၊ ဖြည်းယပ်လေညှင်း၊ *တပြင်းသာစံဗိုလ်ရွှံလျက်၊ ညယံဖြည့်ဝန်း၊ ထွန်းလ တိုက၊ အောက်မေ့တလျက်၊ ကာလကုန်ကျွန်း၊ နွေသစ် ဆန်းသည်၊ ။**ထိပ်ပန်းရွှေပွင့် စိခန့်လော့**။

## (၂၂၈) စစ်-ရတု

၁။ **ထုံးတခုလျှင်**၊ မြင်နှုဆုံစည်း၊ ချစ်ဘွယ်ချည်း တည့်၊ အမည်း-အပြာ၊ အဝါ-စိမ်းမြ၊ ဖြူမြောက်လှ သား၊မြစ်စကမ်းနား၊ မသွားပုံ့ဝဲး၊မနေမြဲးကို၊ သည်း ထဲးပုပျောင်း၊ တချောင်းချောင်းလျှင်၊ ရိပ်ကောင်းသစ် စည်၊နေခြည်မချင်း၊ပျဉ်းပင်ရင်းနှိုက်၊မျှော်တင်းမျက်စိ၊ ဘော်မရှိ၍၊ တ-ဘိသလော၊ သနားမောစွ၊ မြော်မြော စိန်းလှည့်၊တို့ကိုကြည့်၍၊ သာ၏ မြည်ခြင်း၊ နောင့်ထိ ရင်းဝယ်။ ။**တိန့်ညင်းဘယ်မှု ကြည်းသနည်း**။

၂။ **သုံးရတုလျှင်**၊ ရွက်နုစိမ်းရင့်၊ ထပ်ကာဆင့် တည့်၊ သီးပွင့်ငုံကင်း၊ မြဆင်းမညိုး၊ နှင်းမိုးတိ-စွေ၊

---

* တပြင်းကား— ပေါရာဏ၊ ကြမ်းပြင်— ဟုလို၊ အလင်္ကာတွင် "မြိုမြပစွင်၊အိမ်မိုးခြင်နှင့်၊ ကြမ်းပြင် တပြင်း၊ တိုက်တွင်း—တိုက်မ" ဟု စပ်ဆိုသည်။

တောင်လေတိ-ဖြည်း၊မှောင်မည်းတိ-ဆိုင်း၊ နေကာတိုင်း
လျှင်၊ မြစ်ကိုင်းကိုင်းဖူး၊ ပြောင်းနှင့်လူးလည်း၊ ခက်ဦး
ပေါ်စ၊ နေခတ်ပျဝယ်၊ဆောင်းလဝိုးဝါး၊ မွေကြိုးကြား
ကို၊ သနားဘော်ကင်း၊ အလွမ်းပြင်း၍၊ ပန်းညှင်းကြ
ရာ၊ ညီညွတ်ပါသော်၊ လျှပ်ဝါဝိုးဝင်း၊ ရွှာထန်ပြင်း
သည်။ ။မိုးမင်းဘယ်မှု သည်းသနည်း။

၃။ ရုံးကာစုလျှင်၊ နှစ်ခုက-ကို၊ နှုတ်ထည့်ဆိုသို့၊
မြည်လိုဝိန်ညင်း၊ သန့်မိုးကြွင်းဝယ်၊လေညှင်းဖြည်းထုံ၊
ငှက်ကြီးဘုံလည်း၊ တစုံမကာမကာ၊ တနွေရက်ဝယ်၊ ဖြစ်
ဘက်ထို့တူ၊ ဆွေမျိုးဟူသို့၊ မည်သူကြွဘော်၊ မနိုး
ဆော်လည်း၊ မျှော်သော် မျှော်မြီး၊ ချစ်ဝမ်းကွဲးရှင်၊
ယှဉ်နွဲ့ကြင်ကျွမ်း၊ မယ့်မယ်ဝမ်းနှင့်၊ နောင့်ဝမ်း ထပ်
ပေါင်း၊ သို့လည်းကောင်းဟု၊ စုံပေါင်းနတ်မင်း၊ ရွာဘန်
ဆင်းသည်။ ။လက်ငင်းဘယ်မှု ရည်းသနည်း။

(၂၂၉) စစ်-ရတု

၁။ ခေါ်တွင်တပြည်၊ သာမောသည်ကား၊ ယဉ်
ကြည်ရော၊ သီတာရစ်သန်း၊ ကိုင်းကျွန်းပေါ်ထင်၊စုသဲး
ပြင်ထက်၊ မြူးရွှင်ကြလှာ၊ ဟင်သာ, ဥဒေါင်း၊ ငှက်
အပေါင်းကို၊ မျှော်ကြောင်းဘွဲ့လှည့်၊ တောမှာကြည့်
လည်း၊ ရော်မှည့်ကြွေလင့်၊လှသင့်ထွန်းရစ်၊ ညွန့်သစ်
လူလူ၊မြိုင်အားယူ၍၊မြိုင်တူကြမှု၊အခါလုလျှက်၊ ညွန့်နု
စိမ်းလန်း၊ ကြိုင်ရှမ်းမွှေးပျံ၊ မြင်ချေရသော်၊ ရှုတ—
ဘော်ကွာ၊မပြေသာခဲ့၊ အာကာကလည်း၊ အုံ့ပျမှိုင်း
ဝန်း၊ လျှပ်ခြည်တန်းသည်၊ ။ရွှေနန်းဆီမှာထင်တော့
သည်။



၂။ ပျော်ရွှင်ကြသည်၊ နှစ်ဦးလည်က၊ရွှေရည်လျှံ
ဝါ၊ မင်းတန်ဆာလျှင်၊ ရတနာစံတိ၊ ပြောင်ပြောင်ညီ
သား၊ မဏိစီနစ်၊ သင်းကျစ်ရောင်မောင်း၊ ရွှေဗောင်း
သွယ်သွယ်၊ ရွှေစလွယ်နှင့်၊ စီချယ်ရောင်တက်၊ ပြိုးပြိုး
ပြက်တိ၊ ကွမ်းခွက်-ကွမ်းလောင်း၊ သတောင်းသလပ်၊
ရွှေကျပ်ဆောင်ယောင်၊ ကုန်အောင်ပည်းလှိုင်၊မရေနိုင်
တည့်၊ နှိုင်းပြိုင်မချော်၊ ကတော်စိုးမင်း၊ဖြူဝင်းပြာလတ်၊
မှူးမတ်သဒီး၊စီးသည့်ယာဉ်ညင်၊ဝေါထမ်းစင်နှင့်၊သဘင်
ရှုကြ၊ သည်ကာလမှု၊ တူကွပျော်ရာ၊ပြည်ဟင်သာကား၊
နတ်ရွာတူလွန်း၊သာခေါင်ကျွန်းသည်။ ။ရေသွန်းမိပါ
ချင်တော့သည်။

၃။ ရော်ထင်ရရည်၊ တောင်းလျှောက်သည်မှု၊ သုံး
မည်လှူ့ဘ၊ သကျမွေမြတ်၊ ပြည်မှာ့းထွတ်သို့၊ မိုးနတ်
သကြား၊ တူမပြားသည်၊ ဘဝါးစကြာ၊ နှီကြွလှာမှု၊
ကလျာစုံအင်၊ မျိုးမျာ့းရှင်နှင့်၊ ရွှေရင်စုံပေါင်း၊ ပျော်
မည့်ကြောင်းကို၊ မွေပေါင်းရတနာ၊ ဖြည့်လွယ်ဝါ
လော့၊ ကြိုင်စွားမြက်၊ စပယ်ခက်နှင့်၊ လျှောက်မြွက်
မည်ဒိုက်၊ ကြူးစရိုက်လျှင်၊ တိမ်တိုက်ရစ်သန်း၊ တရွှန်း
ရွှန်းသည်။ ။ထွေဆန်းသိမြှာ ဆင်တော့သည်။

(၂၃၀) စစ်-ရတု

၁။ တစုတည်းသာ၊ ဘော်ကခွါ၍၊အခါရင့်ကြွေး၊
မသင့်သေးတည့်၊ ဧးဧးပျပျ၊ သိမြရင့်ကြူး၊ ယုံးယုံးမိုး
လတ်၊ မြပြာသာဒ်နှင့်၊ ဆွတ်ဆွတ်အုသည်းပြိုက်ဖြည်း
သွယ်ယို၊ ရှိစေလို၍၊ ပဟိုရ်သွန်ပြီး၊ သောက်နှီးခါယ်၊

ကြက်သံတွန်ကြိုး၊ တရေးနိုးဝယ်၊ ချိုးချိုးမြမြ၊ ယုယ သာမော၊ မြည်လှာစေသည်။ ။ဥသြခုက စင်လှည့်သော၀်။

၂။ **မနုမည်းပြာ၊** ထူရင့်မာလျက်၊ လွှာလွှာလှပ် လှပ်၊ တပ်သည့်စိမ်းမောင်း၊ ပြောင်းအံ့ရည်မှု၊ တစု ကျုံကျုံ၊ လေခတ်နှံ့၍၊ ညှာတံသွေ့က၊ နောက်, ရှေ့, မြောက်မှာ၊တောင်လက်ယာလည်း၊ပွင့်ခါမဆိုင်၊ မပြိုင် ဆံကွဲး၊ပုလဲ-မထွက်၊ ပွေ့လက်-မကျေး၊ မီးသွေးမစီ၊ နာရီကိုးချက်၊ ရက်ကားချမ်းချင်၊ ဝေါဟာတွင်နှိုက်၊ *သဘင်စာရေး၊ မီးပုံးပေးသည်။ ။**မဝေးရှုကြ ချင်လှည့်သော၀်။**

၃။ **ရတုမည်းစွာ၊** မြောက်လေလာက၊ အခါခဝ် သိမ်း၊ ငြိမ်းစေတန်းတက်၊ ခြင်မြောက်နက်ဝယ်၊ ပြိုက် စက်ကြသူ၊ ရှုပ်သော်ဟူလည်း၊ မတုလှည့်ဘွယ်၊ ရေ သွယ်ချောင်းဆက်၊ ပင်ထွက်ရဲရဲ၊ ပုလဲရေပေါက်၊ ရွှာလှာလျှောက်မူ၊တယောက်ထည်းသာ၊ဘော်နှင့်ကွာ က၊ကြီရှာလှည့်ပြေး၊လွင့်ပျံ့ပွားဏ်၊ ချမ်းအားကြီးမျဉ်၊ အောက်မေ့စဉ်ဝယ်၊ ဖြေဖျဉ်မတတ်၊ သက်ဆုံးပြတ်မှ၊ ပြာလတ်ထွားပျို၊ ချောလဲ့ညှိကို၊ မြွက်ဆိုစကား၊ တင် ထက်ထားသည်။ ။**ပိုက်ဖြားယုယ ချင်လှည့်သော၀်။**

(၂၃၀) စဝ်-ရတု

၁။ **စံမြောက်ဘက်ကျွေ၊** အသရေတိ၊ မြူတေလျှံ လက်၊ ပြာနွဲ့ညက်နှင့်၊ ပိုက်ဘက်ငွဲးကြူး၊ ချိုမူးမူးဝယ်၊

* သဘင်စာရေးကား-စာရေးတံငွဲ-ဟူလို။



ပန်းဦးငုံပြိုင်၊ မလှိုင်စေဘူး၊ မကျူးရက်ရှည်၊ မြန်လျှင်း မည်ဟု၊သာကြည်လှည့်ဖြား၊လျှောက်ဖန်များမှ၊သနား ဆွတ်ဆွတ်၊ အောက်မေ့လတ်သော်၊ မပြတ်သွယ်ခွေ မှာလိုက်ပေဏ်၊ ရက်ရေခါသင့်၊ ချိန်ခန့်လင့်၍၊ နေနှင့် ရမည်၊ မိန့်နွတ်ရည်ကြောင့်၊ ဆောက်တည်- မမေ့၊ တနေ့ဆယ်ခါ၊လွမ်းလှည့်ရာကို၊ သူ့ရွှာရပ်စည်၊ ချမ်း ဘိသည်မူ၊ ညှဉ့်ရှည်မြေမြေ၊မပျော်မွေ့ခဲ့၊တောင်ငွေနှင့် ဆီး၊ ပေါင်းရွှေ့စီးသို့၊ မညီးနေခြည်၊ မှိုင်းရစ်လည် သည်။ ။**လင်းမည်မထင် ပြိုလှည့်သော၀်။**

၃။ **ထံရောက်မက်ချေ၊** မယ်တို့နေသား၊ ရှေ့မြည် မှန်ဖုံ၊နတ်လှုရှုသည်၊ ကေတုမတီ၊ ခေါ်ညီတွင်မည်၊ နန်းဆက်ရှည်သား၊ တိုင်းစည့်ရဌ၊ နဂရဟု၊ ပြည်မရိပ် ငြိ၊ နန်းမှေ့တုံသို့၊ အာရုံမကွက်၊ ဖျဉ်းကိန်းစက်သော်၊ အိပ်မက်တည့်မှန်၊ နတ်တိုဘန်၍၊ ကြင်တန်ထိုက်ပေ၊ လှပြိမ့်ခြေဏ်၊ရဝေခန်းသာ၊ စက်မွေ့ရာဝယ်၊ ယှဉ်ကာ လျှောင်းမှ၊ စုံပေါင်းသာရှင်၊ အကယ်ထင်၍၊ ပြာစင် ချောညက်၊ လှသည့်လက်ကို၊ စုံမက်ကျွမ်းချစ်၊ နှောင် လည်ရစ်မှ၊ ဖြစ်သစ်-ဖြစ်ဟောင်း၊ အကြောင်းစီလျဉ်၊ ပြောကြစဉ်ဝယ်၊ ဝိညာဉ်လန့်စိုး၊ဖြုတ်ခြည်းနိုးက၊သမ်း ညှိုးဝေလောင်၊မွေ့ရာဘောင်ထက်၊ခေါ်ယောင်ဆိုတမ်း၊ ပြိုက်ယိုရှမ်းသည်။ ။**အလွမ်းနှင်းနှယ် ရီလှည့်သော၀်။**

၃။ **လျှံတောက်စက်ရွှေ၊** မိန့်တော်တွေလည်း၊မြန်စေ လျှင်ရေး၊ မကြားသေးတည့်၊ ပြည်ရေးထဲးရော၊ မသိသာ ဟု၊ဝမ်းမှာဇွေရေ၊ အောက်မေ့ချေသော်၊မင်းနေသရစ်၊ သာသည့်ဖြစ်ကား၊ မြစ်လည်းနှစ်ဖြာ၊ သီတာပေါင်း

လောင်း၊ ခပေါင်းမြစ်စက်၊ ရွှေဘက်ရပ်ခွင်၊ အမြင်ပင်ကိုင်း၊ စပ်ဆိုင်းတကောင်း၊ ချမ်းရိပ်ဆောင်းနှင့်၊ ကိုးသောင်းမြတ်ခရွှေ၊ သခေရုရဓာတ်၊ လူ့နတ်တန်ဆောင်၊ ညီနောင်စံတီ၊မြင်မိမြင်ထင်၊ဥမင်နန်းကျောင်း၊ ဂုလိုဏ်ခေါင်းနှင့်၊ ပျော်ကြောင်းဆန်းကြယ်၊ ရွှေမြိုလယ်နိုက်၊ အံ့ဘွယ်ရတနာ၊ ရှင်တော်ရာဟု၊ ခြောက်ဖြာရောင်ဟုံ၊ မြတ်စည်းခုံလည်း၊ အာရုံ ထင်ဘွယ်၊ တိမ်နှင့်ဆွယ်သည်။ ။မိုးလယ်မြူးမျှ စီလှည့်သောဝ်။

---

## (၂၄၂) စစ်-ရတု

၁။ **မျက်ပွင့်သရော**၊ လဝန်းနေလည်း၊ ရှောင်ချေသည်ပ၊ မချဉ်းရတည့်၊ သကြွားအကြံ၊ မြစံခွေပန်း၊ ပြင်ထိပ်ဝန်းထက်၊ ဦးစွန်းသနင်း၊ မင်းလည်းနှစ်ဆက်၊ ကိုးမည်မျက်တီ၊ စီလျက်သိရန်၊ တင့်ကြောင်းဘန်၍၊ စိတ်သန်သဒ္ဒါ၊ ဥပနာရှင့်၊အရာလည်းဖြစ်၊ လူတရစ်ကို၊ အသစ်နှစ်ဆင့်၊ ညဉ့်နက်မြင့်၍၊ရွှေစင့်အတီ၊ မုနိရောင်ရှင်၊ ထိန်ထိန်ထင်သား၊ ပလ္လင်ပန်းတည်၊ က-သည်ပင်လျှင်၊ စက်လည်ရုံကူး၊ ဆယ်ရက် ကျူးသည်။ ။ **မြည်မြူးလျှံဘ ဝဂ်မျှသောဝ်။**

၂။ **တွက်ချင့်မမြေ**၊ အရာပေတီ၊ လူ့မြေနတ်ရွာ၊ မြဟွာထက်သူ၊ မြတ်ခသာဟူလည်း၊ မတူခေါင်မိုး၊ ထွတ်ခေါင်စိုးသား၊ တန်းဒိုးဖြန့်စက်၊ ဆယ်ရပ်ချက်ဝယ်၊ ကိုးမျက်ရိပ်မြို၊ရွှေစည်းခုံဟု၊ မျက်စုံသိင်္ဂါ၊ရတနာကို၊ခုသာရောက်ဘူး၊ ရှိကြာဦးထက်၊ အထူးရှင်တော်၊



ကြိုရခမြော်ရှင့်၊ မြေပေါ်ဇမ္ဗူ၊ ပစ္စူရာစင်း၊ မင်းတို့တံဆိပ်၊ ရုံးခေါင်နှိပ်ကို၊ စက်ရိပ်ပြောင်ပြောင်၊ မြန်လွှယ်အောင်လျှင်၊ ညက်ရောင်သစ္စာ၊ ဖြည့်လျှင်းပါလော့၊ ခြောက်ဖြာလျှံလက်၊ ပြူးပြက်ခြည်ထူး၊ တက်ထွန်းမြူးသည်။ ။**လည်ကူးရုံက ရှက်မျှသောဝ်။**

၃။ **လက်ဖြင့်အနေ**၊ဆုယူခတွကား၊သပြေခေါင်မိုး၊ မတန်နိုးသည်၊ တန်းခိုးကြီးထွတ်၊ရုံးနေနတ်ကို၊ရာမြတ်သက်တော်၊ရှည်မြည့်ကျော်၍၊ တိမ်ပေါ်ရတနာ၊ သုဇာဂိရိ၊မဏိလျှံထွန်း၊ ခြောက်ကျွန်းစံမှတ်၊ ပုံလတ်အာကာ၊သရဇာနှင့်၊ စကြာရွှေမှောက်၊ **ရောက်စေသောဟု၊** သဘောနှလုံး၊ဆုယူကျူးရှင့်၊ ထွတ်ဆုံးအာကာ၊ တေဇာလျှံဖြိုး၊ရုံးရိုးနေနန်း၊ရုံးပန်းဘဝဂ်၊ မတန်စက်မျှ၊ ဘုံချက်အထိပ်၊ သုံးကျိပ်နှစ်ပါး၊သကြားဒေဝါ၊များထွတ်သာလျှင်၊ပမာယှဉ်ဆိုင်၊ နှုန်းနှန်းနိုင်အံ့၊နိုင်းပြိုင်မဲ့ဘူး၊ ပိုမထူးသည်။ ။**မည်ကျူးစံမှ ဘက်မျှသောဝ်။**

---

## (၂၄၃) မယ်ဘွဲ့-ဆောင်းရတု

၁။ **နွယ်ပန်းညိုပြာ**၊ လဲ့လဲ့ညာနှင့်၊ နီလာရိုးတံ၊ ဝတ်ဆံရွှေဥ၊မြနဝတ်ဘွယ်၊ မြနှယ်ရွက်ဖိမ်း၊ လေသိမ်းမွှေးထုံ၊ပင်ဆင့်ရုံ၍၊ ဖူးငုံစည်မျှ၊ ပွင့်သည့်လကိုမျှော်တလေသာ၊ညွှင်းညွှင်းလာလျက်၊ မွှေရာငွေခုံ၊ အုံးမွှေးထုံထက်၊ညဉ့်ခြီမွှေးထု၊အဖြူလည်းပါ၊ အပြာတဘက်၊ လုံခြုံးထက်ကို၊ လွှမ်းရက်ထပ်တင်၊ ခြုံပါလျှင်လည်း၊ ရွှေရင်သည်းတွင်း၊ စိမ့်မျှချင်း၍၊ ကိုယ်တွင်းကိုယ်ပြင်၊

တုန်ရင်ဧးမြဲ၊ ချမ်းမြှုန်ရရှင့်၊ ဟေမတိုင်းဝယ်၊ သည်လနှယ်သည်း **၊ချမ်းဘွယ်ရှိပါ လိမ့်မည်လား။**

၂။ **ကျယ်ဝန်းဆိုရာ**၊ ဆောင်းတကာလည်း၊ ချမ်းပါဘူး၏၊ ထောက်နှိုင်းရှည့်သော်၊ သို့သည့်ချမ်းရည်၊ ဆင်းရဲသည်ကို၊ ခံခြည်မြှုမျှင်၊ တွေးမထင်သည်၊ နေဝင်ကမုံ၊ စိတ်စက်ပုံ၍၊ သည်းအုံးကွဲးပြို၊ ရှိရကိုလည်း၊ လေချို့ညှိနှုး၊ ညဦးက ရောက်၊ သန်ခေါင်လောက်မှ၊ ထပ်လျောက်တခါ၊ ထည်များစွာနှင့်၊ ခြုံကာစက်ကွေး၊ မလုံးဧးကို၊ ချမ်းဆေးလေညှင်း၊ သွင်းမှောင့်လာပြန်၊ သာလွန်ညှို့နိုး၊သည်လေဆိုးကြောင့်၊အကျိုးမရောက်၊ မုန်းစိတ်ပေါက်ခဲ့၊ မွေနှောက်လိုက်ဆုံ၊ မယှဉ်နည်းတူ သည်။ **၊ဆာပူရှိပါ လိမ့်မည်လား။**

၃။ **သွယ်ဝန်းချိုသာ**၊မိုးသောက်ပါလည်း၊ဝေဖြာဆီးနှင်း၊မလင်းနေခြည်၊ မှိုင်းအုပ်လည်း၍၊ ကျသည့်ရွှမ်းစိုနေ့တိုင်းလိုပင်၊ တိမ်ညိုကွန့်မှုန်း၊တန်ဆောင်မုန်းက၊ချမ်းတုန်းအစ၊ နတ်တော်လလည်း၊ ပြောင်းကြွကုန်ကျွန်း၊သည်လဆန်း၏၊ လူလန်းညှိုမြဲ၊ သည်ကာလကို၊ဟေမ-ရတုပန်းရည်နုနှင့်၊ ရှင်မူပျော်ပါ။၊ စိတ်ကစား၍၊ ထိပ်ထားကေသျှင်၊ ပန်ဆင်ရှုကြည့်၊ ရွှေမှည့်ဦးလျှော်၊ တုံ့ခကော်ပုန်းညက်၊ ခိုင်လုံးရှက်နှင့်၊ စိတ်စက်ဖျော်၍၊ပျော်ရမွေလည်း၊အောက်မေ့တိုင်းပင်၊မလန်းချင်သည်။ **၊ပျော်ရွှင်ရှိပါ လိမ့်မည်လား။**

---



## (၂၃၅) ရွှေစည်းခုံ-ဘုရားတိုင်ရတု

၁။ **အောင်ပန်းသဘင်**၊ ဘုံသုံးခွင်ဝယ်၊ ထွန်းထင်တော၏၊ တန်းခိုးပသည်၊ လောကကြေးမုံ၊ ရွှေစည်းခုံကို၊ ကြည်ယုံစေတနာ၊ ရည်မှတ်ကာနှင့်၊ သဒ္ဓါညွှတ်ခ၊ ဖူးချင်လှ၍၊ ဂရုနစန်း၊ ခါမမှန်းဘဲ၊ ရှိပန်းရွက်ဆင်၊ သုံးလူ့ရှင်ကို၊ လျှောက်တင်ကျွတ်ဆု၊ ဂုရုရဝိ၊ မရှိပါထိုက်၊ ယှဉ်စည်ကြိုက်ဝယ်၊ ရောင်မြိုက်လွတ်ကျော်၊ ခြေရင်းတော်သို့၊ ကော်ရော်ညွှတ်ပျပ်၊ ပူဇော်အပ်ဟု၊ တုံ့ဝပ်ကြိုးစား၊ နောင်ဘို့ပွားအောင်၊ စိတ်ထားရွက်ဆောင်၊ ရည်စောင်ညွှတ်ပျောင်း၊ ထပ်ကာလောင်းလည်း၊ မိုးနှောင်းတဖန်၊ရာသီပြန်သည်။ **၊ဝသန်မြူးပြန် လေသောကြောင့်။**

၂။ **ဆောင်မှန်းသဇင်**၊ ဂမုန်းအင်ကို၊ ရည်ထင်စိတ်ချမ်း၊ မင်ဘူဏ်လမ်းဖြင့်၊မန္တမ်းသံကျည်၊ နှင်းရည်ဆက်သ၊ သွန်းပြီးမှလျှင်၊ မြစ်ကညွှန့်မှုန်း၊ နှစ်မည်ပန်းနှင့်၊ လဆန်းမင်းနံ၊ မြတ်ဘုန်းလျှံကို၊ စီမံညွှတ်ခ၊ ပူဇော်သရှင့်၊ သည်ကနောင်သည်၊ တဖန်လည်း၍၊ လူ့ပြည်နတ်ဘုံ၊ လုံးစုံကြွင်းမဲ့၊ ကြဉ်ရှောင်ခဲ့မှ၊ သုံးဆဲတထပ်၊ မနီးစပ်သား၊ လေးရပ်မယှဉ်၊ မင်္ဂလမ်းယာဉ်ကို၊ အစဉ်ကြိုးပမ်း၊ အာရုံလှမ်း၏၊ မချမ်းစိတ်ရည်၊ နောင်ဖြစ်မည်ကို၊ကြံစည်ငြိုးငွေ့၊မပျော်မွေ့ခဲ့၊ပြောင်း၍တဖန်၊ဖြစ်ရပြန်သည်။ **၊မမှန်ထူးပြန် သွေ့သောကြောင့်။**

၃။ **မှောင်သန်းမထင်**၊ အာကာပြင်က၊ စက်ရှင်နေဝန်း၊ လှည့်လည်ထွန်းသို့၊ ကွန့်ရှန်းသစ္စာ၊မင်္ဂဏ်

ဝါနှင့်၊ အဇင္ဇာလုံး၊ လွှမ်းပိတ်ဖုံးလျက်၊ တုံသုံးဆဲ့တစ်၊ အချာဖြစ်သား၊ မွေစစ်သိရှိ၊စေတီမိုးခြင့်၊မယ့်နံ့သင့်ကို၊ စက်ဆင့်ညွှတ်ညွှတ်၊ ပန်းဖြူမွှတ်နှင့်၊ ရန်လွှတ်ရက်တွင်၊ ဖူးအားရှင်လည်း၊ စက်ရှင်ရောင်နီ၊ ပြင်လမ်းဆီသို့၊ ကြွရှီမြှောင်းလှဲ၊ ခွါဆဲးဆဲးတွင်၊ တိမ်ခဲလျှပ်ဝါ၊ချယ်စကာနှင့်၊ဖျာပါလွှမ်းလောင်၊ရှိလေအောင်ဟု၊ရည်စောင်ဆွတ်ဖျန်း၊ ယုဂန်နန်းက၊ မိုးပန်းတွေလည်၊ နှင်းစက်ရည်နှင့်၊ လေပြည်သုတ်ဖြူး၊ ကြိမ်ကြိမ်မြူး၍၊ ညွှတ်နူးစိတ်မှာ၊အခါခန့်ရန်၊ချင့်မမှန်သည်။ ။**တတန်ကျူးမြန်လေသောကြောင့်။**

---

## (၂၃၅) မယ်ဘွဲ့-ဘုရားတိုင်ရတု

၁။ **ရောင်ခြည်ခြောက်ဖြာ၊** ထက်အာကာကို၊အာဏာတော်စက်၊ လွှမ်းမိုးတက်၍၊ ဘဝဂ်ထုတ်ချင်း၊ တန်းနိုးပြင်းသား၊ ရှင်ရင်းခေတ်မွေ၊ သုံးလူ့ဆွေလျှင်၊ စနေမိတ်ဂိန်၊ ဥဒါသိန်ဟု၊ အစိန္တေယျ၊ သောင်းလုံးပသည်၊နှုန်းရမမြော်၊မြတ်ရှင်တော်·····။ ။ရည်ရော်ဆက်သ၊ သုမနဟု၊ မည်ရခေါ်မှန်း၊ မိတ်သင့်ပန်းကို၊ ဆေးဖျန်းနှင်းဆီ၊လိုင်ညီပုံ့ရှင်း၊လက်စုံနှင်း၍၊ဝပ်စင်းသဒ္ဓါပူဇော်ပါသည်။ ။**မြတ်စွာသုံးလူ့ ဘကိုလည်း။**

၂။ **မှောင်လည်ပျောက်ကွာ၊**ဆယ်မျက်နှာကို၊သစ္စာတော်ညွှန့်၊ ဉာဏ်ရောင်ကွန့်သား၊ လေးကျွန်းထိပ်ဆင့်၊ ငါးမာရ်လွှင့်မှာ၊ အခွင့်လိုရာ၊ ပျောက်ချင်ပါ၍၊မုဋ္ဌာမြနစ်၊ အာနိစစ်ကို၊ကျစ်လျစ်ရုံး၊ ရွှေးသီကုံးသို့၊ နှလုံးဖြူဆွတ်၊သဒ္ဓါညွှတ်ရှင့်၊အထွတ်ညာတင်၊ခေမာခွင်ဝယ်၊



စက်ရှင်မစုံ၊ ခုမကြွလည်း၊ သုံးဆဲ့တမည်၊ သံသာရှည်ကို၊ မကြည်မယ့်စိတ်၊လန့်ထိတ်ရွံ့ရှာ၊စွန့်လိုပါသည်။ ။**လွှတ်ကွာထုံးတု မျှကိုလည်း။**

၃။ **နှောင်ရည်ထောက်စာ၊** ကြံတွေ့ရှာသော်၊ခါခါညှိုးပန်း၊ ကြာနေမြန်းသို့၊ စိတ်လန်းမပွင့်၊ ရက်သာမြင့်ခဲ့၊ သုံးဆင့်ဘုံနတ်၊ကိုးရာမှတ်သား၊မွေခေတ်မိတ်နံ၊ မြတ်ဘုန်းလျှံလျှင်၊ စီမံဖြေပြည့်၊ ဉာဏ်ရောင်လှည့်လော့၊ မှည့်မှည့်ဝင်းဝါ၊ စံသိင်္ဂါသို့၊ ရိုးညာသွယ်သေး၊ ပုံ့ပုံ့မွေးသား၊ မလေးပွင့်ဝတ်။ ပန်းတုလွှတ်နှင့်၊ ညွှတ်၍တတန်၊လျှောက်ဆက်ဟန်ကား၊နိဗ္ဗာန်သိရှိ၊ရပ်ဘုံခွဲသို့၊ ခြင်သိမျှော်ခါ၊ စေတနာသည်။ ။**ညွှတ်လှာရုံးစု ဆကိုလည်း။**

---

## (၂၃၆) စစ်-ရတု

၁။ **ကုံလကူးခါ၊** ဥတ္တရာသည်၊ လည်ကာပြောင်းကြွ၊ စိတ္တရနှင့်၊ မိန်လရပ်ဆီ၊ မတိုင်မီက၊ဝေရီမှိုင်းပြင်၊ ရွာရုပ်ဆင်သော်၊ ထက်ခွင်မိုးဖျား၊ နေမျော်ပါးလျက်၊ ကြီးမားဝေယန်၊ ဘုံဗိမာန်မှာ၊ ပြဋ္ဌာသင်္ကြ၊ဝမ်းနည်းလှခဲ့၊ ကာလခန့်ထောက်၊ မရောက်ပါတာ၊ နတ်မစပ်မီ၊ ခုရှိန်ဆီကို၊တိမ်နီရစ်အုံး၊ သောင်းရိပ်လုံးဝယ်၊ပတ်ကုံးကြော်ငြာ၊ ခြိမ့်မျှရွာသော်၊ ဆင့်ကာထပ်ဘိ၊နွမ်းပျောင်းအိခဲ့၊ သတိတည်တုံ့၊ မခိုင်ခံ့တည့်၊ ဆွတ်ပျံ့သည်းအုံသည်နတ်တုလျှင်၊ ဘယ်သူညှိုးမိ၊ မယ့်နှယ်ရှိလိမ့်၊ မရှိနောက်ဆုံးမရှင်မြွှေသည်။ ။**မူး၍ဝေလှ သည်ကိုလည်း။**

၂။ ငုံမြူးဖူးဝါ၊ ပန်းတကာလည်း၊ ပြာပြာရှိမ်းရှိမ်း၊ ပွင့်တံစိမ်းလျက်၊ ခပ်သိမ်းဝန်းကျင်၊ ပြည့်မွှမ်းဖြင်မျှ၊ ရှုချင်ဘွယ်သာ၊ သီးတကာလည်း၊ ရာသီမင်္၊ ပင်တိုင်း ဖွံ့သား၊အနံ့ဝန်းကျင်၊ခတာတပြင်မှ၊ မြသွင်တင်းကျမ်း၊ အလွန်ရှမ်းမျှ၊ အလွမ်းထပ်ကာ၊ ခုချိန်ခါကို၊ လေပါ ခိုးနှင့်၊ စိတ်ကိုပင့်သို့၊ ချစ်ခွင့်ရုံခါ၊ဝေးသူမှာကား၊ ဗျာပါစိတ်ခွေး၊ ပင့်ကုမွှေးနှင့်၊ လွမ်းရေလွမ်းရာ၊ ဆယ် ဆသာခဲ့၊ စဉ်လာပုံဒို၊ ရာသီရှိတိုင်း၊ ထုံးနှင့်ခိုင်း၍၊ အို့မှိုင်းမင်းလွင်၊ ရှစ်ရပ်ဆင်လျက်၊ ကောင်းကင်ထပ် ရစ်၊ လျှပ်စစ်ကွန့်မြူးသည်မိုးဦးသည်။ ၊ကြူး၍ ခွေလှ သည်ကိုလည်း။

၃။ ကြုံရထူးစွာ၊ တသက်လျာတွင်၊ မေတ္တာထပ် ရစ်၊လွန်ကျူးချစ်ရှင့်၊မလစ်ရုံခါ၊ လျှပ်တဖြာမျှ၊ မကွာ စုံထပ်၊ ဂဟောစပ်သို့၊မလပ်စိတ်တွင်၊ အပြစ်ထင်လည်း၊ မကြင်မနာ၊မေတ္တာညစ်ညမ်း၊မညှိုးနွမ်းတည့်၊ အလွမ်း တ-ရှု၊ ယခုမူကား၊ ကံ,တူ,ပြီ္တ၊ အတာနှစ်ဦး၊လေး ကြိမ်ကျူး၍၊ မဖူးရပါ၊ မြင့်ရှည်ကြာခဲ့၊ စစ်တာယွန်း ပွဲ၊ရန်ခပဲးကို၊ကျော်သဲးရွှေဘုန်း၊ အာဏာမွှန်းလျက်၊ ပီတုန်းဝတ်ယူ၊ ပုံသောတူလျှင်၊လွယ်ကုမ်ကြာ၊အောင် မြင်ပါ၍၊ လွမ်းတာမဝေး၊ ပြည့်မည်ရေးကို၊ နက်လေး ဂုဏ်အင်၊ ငါးမာရ်စင်ဝယ်၊ ကြည်လင်ညွှတ်နူး၊ တင် ရှက်ဖူးသည်။ ။ထူး၍ ထွေလှ သည်ကိုလည်း။

နဝဒေးဆို ရတုပေါင်းချုပ် ပြီး၏။



နဝဒေးဆို ရတုပေါင်းချုပ် ကော်တင်
ပုံနှိပ်ကြောင်း နိဂုံးပိုဒ်စုံရတု

၁။ **မာလာတွေတွင်**၊မြတ်ဆုံးပင်ဟု၊ ဒသဂ်တ္တိုရုံ၊ ပါဠိ-စာကိုယ်ဝယ်၊ နှုတ်ချိုသံတော်၊ စုံရှစ်ဘော်ဖြင့်၊ ဟောဖော်မြွက်ညို၊ မာလာတိ-သို့၊ မွှေးဘိရနံ့၊တိုက် လုံးလွှံ့လျက်၊ သင်းပျံ့လှိုင်ထုံ၊ မင်းဇေယျုံတွင်၊ လုံးစုံ ကျမ်းမြတ်၊ မုက္ခပါဠိနှင့်၊ **အလတ်-အငယ်**၊ **အသွယ်** သွယ်ကို၊ ဘုန်းကြွယ်ဇိနာ၊သာသနာဝယ်၊ ကောင်းစွာ တည်စေ၊ ရည်စိတ်ဘွေလျက်၊ သွေ့ခွေသုဓ်သင်၊ ပုံနှိပ် ယင်သား၊ မည်ပင်သာယာ၊ တိုက်ဟံသာမှ၊ လျှံဖြာ- မဒိုန်၊ ညီထွန်းထိန်သည်၊ ။**မှောက်ရှိန်ဝေလို့ သင်း စေသောဝ်**။

[၂၇-ပိုဒ်၊ ၁၁၁-လုံး]

၂။ **အာကာဝေဟင်**၊ ထက်ကောင်းကင်ဝယ်၊ သုံး ခွင်မဂ္ဂ၊ ဒက္ခိဏာနှင့်၊ ဥတ္တရပေ၊ သဲ့နှစ်တွေတွင်၊ ရောင် ဝေသဟာသ်၊ ဘာဏုနတ်လည်း၊ လျှံပတ် ခြည်ရောင်၊ ထွန်းလင်းဆောင်သို့၊ အခေါ်ရှည်မှု၊ ဉာဏ်တုကား၊ **အနု-အ**လွှမ်း၊ လွန်မြိုးမြွမ်းလျက်၊ နာချမ်းစေဘိ၊ ပဟေ ဠိလည်း၊ နက်ကိသရုပ်၊ ပြည့်မြိုးချုပ်ကြောင့်၊ ကျွန်ုပ် စာပြင်၊ ဆရာရင်သည်၊ ပုံယင်ဖျဖျ၊ပေါ်ရာဏာနှင့်၊များ လှအချို၊ ခက်ဆစ်ရှိကို၊ မဏိရောင်ရှိန်၊ ဖြေလိုက်ချိန် သည်။ ။**ကျောက်စိန်ရွှေမျို့ ဝင်းစေသောဝ်**။

[၂၇-ပိုဒ်၊ ၁၁၁လုံး။]

၃။ **သာဓုါငွေစင်**၊ ဘော်သားပြင်သို့၊ ဖြူလွှင်သန့် မော၊ စက္ကူချောဝယ်၊ အဟောဝတာ၊ ဖြစ်စေငှါကို၊

ခရာလုံးဝန်း၊ အနွံ့သွန်း၍၊ မစွန်းမကွက်၊ မင်ဆေးဘက်လျက်၊ ပြက်ပြက်ထင်ရှား၊ယန္တရားတွင်၊တင်ထားပုံရိုက်၊ ပြုပါလိုက်ရှင့်၊ နှစ်ခြိုက်ကြည်စွာ၊ မျိုးလေးဖြာလည်း၊ ကဗျာနှစ်စု၊ ဤရတုကို၊ ယုယုယယ၊ ဓာရဏဖြင့်၊ အာဂမ-ငုံ၊ နှုတ်ဝယ်ထုံလျက်၊ များပုံယင်လယ်၊ မညှိုးငယ်ဘဲ၊ လေးသွယ်ကဝိန်၊ သုခမိန်သည်၊ ။
**တော်က်ထိန်နေသို့ လင်းစေသောဝ်။**

[၂၇-ပိုဒ်၊ ၁၁၁ လုံး။]

---

# နဝဒေးရတုခွဲထား

(က)

၂၅။ **ကာ-ခါ၊** ၊လျှမ်းဆွတ်မို့ကာ၊ ဆိုသောခါမူ၊ သူဇာသကြား။

၁၂၇။ **ကာ-ခါ၊** ၊ကြံစည်လွှဲးကာ၊ တရံခါမျှ၊ ဖြည်းကာ သံချို။

၁၆၃။ **ကာ-ခါ၊** ၊တိမ်ပြင်သော်တာ၊ ကြွတ္တိကာနှင့်၊ ပြည့်ခါကသည်။

၂၂၄။ **ကာ-ခါ၊** ၊ညှံ့သက်လှကာ၊ အိုးမွှေ့ရာဝယ်၊ ရုံခါမတား။

၂၃၆။ **ကာ-ခါ၊** ၊အလွှမ်းထပ်ကာ၊ ခုချိန်ခါကို၊ လေပါမိုးနှင့်။

၁၂၆။ **ကူး-ခူး၊** ၊ရက်ရှိကုန်ကျူး၊လတို့ကူးခဲ့၊တန်းခူးအတာ။

၁၇၇။ **ကူး-ခူး၊** ၊မဟုတ်စဘူး၊ ရှင့်ကိုကူး၍၊ တန်းခူးစင်ကို။

၃၀။ **ကျ-ကြ၊** ၊သူဇာသက်ကျ၊ စိတ်မခွတည့်၊ နေကြမြဲးချုပ်။

၃၀။ **ကြ-ကျ၊** ၊ကြီးထူကြောင့်ကြ၊ ဗျာပါရလျှင်၊ နေကျ ပျောက်ဝေး။

၅၂။ **ကြ-ကျ၊** ၊မကြံပြီကြ၊ကေန်ကျ၍၊စနဝွန်းနား။

---

**မှတ်ချက်၊** ၊[စာကြောင်းရှေ့ဂဏန်းဖြင့် ဤစာအုပ်ပါ ပုဒ်စဉ်နံပါတ်များကို ညွှန်ပြထားပါသည်။]

၇၃။ ကြ-ကျ၊ ၊ဆွဲမယ်ကြောင့်ကြ၊ သွယ်ကျယို
ပြိုက်၊နှင်းနှယ်မိုက်က။
၆၆။ ကြ-ကြ၊ ၊ကြိုးစားပေကြ၊ဝါကိုမျှလည်း၊ချီကြ
ငင်ချွတ်။
၆၆။ ကြာ-ကျာ၊ ၊ခေါင်မိုးစကြာ၊ ဆောင်လေပါ
သား၊ သကျာဝတ။
၇၆။ ကြား-ကျား၊ ၊ရတုပိုးဝါး၊ စက်စယ်ကြား၍၊
ပြောက်ကျားတွန်ကျော်။
၂၀၃။ ကြား-ခြား၊ ၊နတ်ရှင့်သည်းကြား၊ ချာမခြား
တည့်၊ စုလျားဘွဲ့ရစ်။
၂၂၄။ ကြူး-ကျူး၊ ၊ပျော်ပါးပိုက်ကြူး၊ ရွှေနှယ်ဦး၍၊
မကျူးရက်ရှည်။
၈၈။ ကြော-ကျော၊ ၊စင်ကြယ်သံကြော၊ မြူမရော
တည့်၊ သင်းကျောမည်းနက်။
၂၇။ ကွေ-ခွေ၊ ၊နှိုင်းရှဲ့လွတ်ကွေ၊ လက်ယာခွေ
သား၊ သရေခေတ္တ။
၁၄၂။ ကွေ-ခွေ၊ ၊သာမျိုး လွတ်ကွေ၊ ပန်းစုံ လေ
လည်း၊ ရစ်ခွေလကျာ။
၁၇၀။ ကွေ-ခွေ၊ ၊ဖိုမ မကွေ၊ စုံပျော်လေဏ်၊ ရစ်ခွေ
တရှူ။
၁၉၀။ ကွဲ-ခွဲ၊ ၊ဖျာပါဝမ်းကွဲ၊ စိတ်ကိုခွဲးသို့၊ နှင်းဖွဲ့း
ရောရှက်။
၁၄၁။ ကြွေ-ချေ၊ ၊တိမ်ထွတ်ဘုံနေ၊ မိုးကကြွေသို့၊
မျှော်ချေမိကာ။



၁၇၆။ ကြွေ-ခြွေ၊ ၊သင်နှင့် ရက်ခွေ၊ ဆီးခဲ့ကြွေ၍၊
တိမ်ခြွေမှာလည်း၊
၁၀၉။ ကောက်-ခေါက်၊ ၊ရောပတ်လျှောက်၊ သွား
သော်ကောက်သိမ့်၊ ပြန်
ခေါက်လေမူ။
၁၀၈။ ကောင်-ခေါင်၊ ၊ယုဂန်သာကောင်၊ ဇွဲထိပ်
ခေါင်ထက်၊ စက်ရောင်
ထွန်းလှစ်။
၇၃။ ကိုင်-ခိုင်၊ ၊ရှက်သန်းလက်ကိုင်၊ မြူခိုင်ကို၊
တူပြိုင်ကိုင်းညွတ်။
၂၁၈။ ကြင်-ချင်၊ ၊သနားဆွတ်ကြင်၊ပန်စေ ချင်၍၊
ရွှေစင်တည်။
၆၇။ ကျင်း-ချင်း၊ ၊နက်သည်ကမ်းဆင်း၊ကျွတ်ပွန်
ကျင်းနှင့်၊ ခုံချင်းနွယ်တန်း။
၅။ ကြည်-ခြည်၊ ၊ညက်စင်မွတ်ကြည်၊ ဘုံခြောက်
မည်၍၊ ပြစ်ခြည်ကင်းလွတ်။
၇။ ကြည်-ခြည်၊ ၊သဘော တည်ကြည်၊ အင်ငါး
မည်တွင်၊ ရိပ်ခြည်ဆိုရေး။
၈။ ကြည်-ခြည်၊ ၊ဘက်စုံ ရှောင်သည်၊ ဝင်းမွတ်
ကြည်မူ၊ ပြစ်ခြည်လွတ်စင်။
၁၀၉။ ကြည်-ခြည်၊ ၊ညွှင်းညွှင်းဖြူကြည်၊ပြစ်ဟူသည်
လည်း၊ ရိပ်ခြည်ဆံမွေး။
၁၂၇။ ကြည်-ခြည်၊ ၊ပျောက်ကွာကင်းကြည်၊ ရိုးရိပ်
ခြည်မျှ၊ မည်သည်စန။

၁၂၉။ **ကြည်-ခြည်၊** ၊ပယင်း ရောင်ရည်၊ထွန်းလင်း ကြည်သား၊ မြစ်ခြည်ဆံရှက်။

၁၅၃။ **ကျန်-ချန်၊** ၊နတ်လည်းမကျန်၊ကျိန်မျိုးလွန်မှ၊ ယုတ်ချန် မေတ္တာ။

၁၇၃။ **ကျမ်း-ချမ်း၊** ၊သွန်ကြီးတင်းကျမ်း၊ရဲ့မက်ချမ်းသည်၊ ၊တောင်ကမ်းတက်တဲ့ သက်တံ့သော်။

၁၁၆။ **ကျယ်-ကြွယ်၊** ၊သောင်းခွင်ပတ်ကျယ်၊ဝေးမျိုးကြွယ်သား၊ ဇင်းမယ်မြောက် ယွန်း။

၁၄၉။ **ကြွယ်-ကျယ်၊** ၊အသာဆန်းကြွယ်၊ ရေသော်ကျယ်၏၊ ခြောက်သွယ်ရောင် လင်း။

၁၁၄။ **ကြိုက်-ခြိုက်၊** ၊သဘင် ထွတ်ကြိုက်၊ နှစ်ခြိုက်ရွှင်ပျော်၊ မယ်တော်ဘမင်း။

၂၂၄။ **ကျောက်-ခြောက်၊** ၊နေနှင့်တီကျောက်၊ ရော်လွှင့် ခြောက်သည်၊ ၊ ပင့်အောက်ရွှေမှည့် ဝန်းလတည်း။

၂၀၇။ **ကြွင်း-ခြင်း၊** ၊ရပ်တိုင်းမကြွင်း၊သာသောခြင်းကို၊ နောင်မင်းမြဝါ။

၉၁။ **ကြွယ်-ကျယ်၊** ၊ကျေးဇူးများကြွယ်၊ ရေသော်ကျယ်၏၊ နတ်နှယ်စိုးရ။

၇၁။ **ကျိပ်-ချိပ်၊** ၊သုံးဦးသုံးကျိပ်၊ စိုးကွပ်နှိပ်သား၊ ပတ်ချိပ်နီးဝေး။



## (ခ)

၁၇၇။ **ခါ-ကာ၊** ၊နွေသစ်အခါ၊တောတကာလည်း၊ ဝါဝါကြက်ကြက်။

၂၃၆။ **ခါ-ကာ၊** ၊ကံ့လကူးခါ၊ ဥတ္တရာသည်၊ လည်ကာပြောင်းကြွ။

၇၄။ **ချေ-ကြေ။** လေဖျန်းဆွတ်ချေ၊ ရနံ့ကြေကာ၊ ပင်ခြိမ်းကမ်း။

၂၀၃။ **ခိုင်-ကိုင်၊** ၊မဖူးနှိုင်းပြိုင်၊မဋ္ဌုခိုင်ကို၊လက်ကိုင် သီရှုံ။

၂၀၅။ **ခိုင်း-ကိုင်း၊** ၊အသွားဖင့်ဆိုင်းမြောက်ယံခိုင်းသော်၊ စစ်ကိုင်းတောင်ထွတ်။

၁၃၆။ **ခိုင်း-ကိုင်း၊** ၊စိမ်းလမ်းဆိုင်းဆိုင်း၊မြစ်ရင်းခိုင်းသား၊ စစ်ကိုင်းဟူသည်။

၅၄။ **ချ-ကျ။** ဖမ်းဆီးလက်ချ၊မသတ်ရ၍၊အားကျသည်ကို။

၄၃။ **ချာ-ကြာ၊** ၊ခဏ မချာ၊ ဉာဏ်စကြာဖြင့်၊ ဖျာပါချေချွတ်။

၁၉၀။ **ခြား-ကြား၊** ၊မိုးဆုံးမြေခြား၊ ယိုးဒယားကို၊ ကြားသည်အပ။

၁၁၁။ ၊**ခြေ-ချေ၊** ၊မိုးဆီတိမ်ခြေ၊ လွန်နှင့်ချေလော့၊ သချေထွန်းပ။

၂၀၆။ **ခြေ-ကြေ၊** ၊နှင်းလည်းခပ်ပြေ၊ စုံတောခြေ၌၊ ညှာကြေညွန့်ညောင်း။

၂၁၁။ **ခြေ-ကြေ၊** ၊မြိုင်စည် စုံခြေ၊ ကျင်ရွက်ကြေသော်၊ နွေ၏ကာလ။

၆၅။ **ချင်-ကြင်၊** ။မွေ့မြတ် ရှက်ပင်၊ ဖြည့်စေချင်စွ၊ ဆွတ်ကြင်သနား။

၂၁၁။ **ချင်း-ကြွင်း၊** ။ထစ်ကြုံးမပြင်း၊ ပဋ္ဌုန်ချင်း သော်၊အကြွင်းပြန်ကောက်။

၆၀။ **ချဉ်း-ကျဉ်း၊** ။ယုတ်တက်ဆုတ်ချဉ်း၊ ပူးကျဉ်း ချင်ဘွယ်၊ ခဲးလွယ်ဝမ်းမှာ။

၇၀။ **ခြည်-ကြည်၊** ။မတင်ပြစ်ခြည်၊ မွတ်ပြာကြည် ကို၊သုံးမည်လူ့ဖျား။

၂၀၃။ **ခြည်-ကြည်၊** ။မပွင့်နေခြည်၊ မကြည်ကောင်း ကင်၊ထက်ခွင်အို့ပျ။

၂၀၃။ **ချယ်-ကြယ်၊** ။မြကားခြားသွယ်၊ သန္တာချယ် ၍၊ ဆန်းကြယ်လွန်ကျူး။

၂၀၉။ **ချယ်-ကြယ်၊** ။ကြင်ပျော်သက်လှယ်၊ ရွှေ့ရွှေ့ ချယ်သို့၊ ဆန်းကြယ်ထူးခြား။

၂၀၇။ **ချယ်-ကြယ်၊** ။ငုံကင်းမချယ်၊ ရှုချင်ဘွယ်တီ၊ ဆန်းကြယ်ထူးခြား။

၅၇။ **ချိပ်-ကျိပ်၊** ။ဉာဏ်ရောင်ပတ်ချိပ်၊ သုံးလူ့ထိပ် ဟု၊ နှစ်ကျိပ်ရှစ်ပါး။

၁၈၁။ **ချောက်-ခြောက်၊** ။မြောင်းကျတ်နှင့်ချောက်၊ မြေညီရောက်လည်း၊ သွေ့ ခြောက်မခံ။

၁၁၆။ **ချောင်း-ကြောင်း၊** ။တောကြီးနှင့် ချောင်း၊ လမ်းကြောင်းမတွေ့၊ မြစ် ကွေ့ချောင်းဝိုက်။



၄၃။ **ချွတ်-ကျွတ်၊** ။ဗျာပါချေချွတ်၊ ချက်ခြင်းကျွတ် သည်၊ဖြင်းနတ်မည်မွေး။

၅၃။ **ချွတ်-ကျွတ်၊** ။ဘုရားတကာ၊ လာ၍ ချွတ် လည်း၊ မကျွတ်သည်ကို။

(စ)

၁၀၉။ **စ-ဆ၊** ။ဆိုသည့်နေ့က၊ ဗေဒစ၍၊ ဆယ်ဆ အသက်၊ပြတ်စုံမက်သည်။

၁၅၉။ **စ-ဆ၊** ။မန္တမ်းဝတ်စ၊ ထင်လှာပြသည်၊ တွေး ဆချေမက် လန့်တကား။

၂၁၀။ **စံ-ဆံ၊** ။အာနိုမင်းစံ၊ ရဲးခဲ့းလျှံသား၊ ဝတ်ဆံ ရွှေလော်။

၉၃။ **စုံ-ဆုံ၊** ။ဖူးရယှဉ်စုံ၊ ဘုန်းချင်း ဆုံသို့၊ ထုံးပုံ တို့ဟန်။

၉၅။ **စက်-ဆက်၊** ။တူတန် ကြလျက်၊ ဝန်းသည် စက်သို့၊ ဆက်ဆက်ရိပ်ခြည်။

၁၀၉။ **စက်-ဆက်၊** ။ရှမ်းမျှပြိုက်စက်၊ နေ့ရက်ဆက် ၍၊ ခန့်တွက်မသိ။

၉၇။ **စင်-ဆင်၊** ။သန်နီး ရောက်စင်၊ ပဋ္ဌုန်ဆင် သည်၊ ရွှေရင်နွဲ့းကြူး၊ဖုံမွှးမှုး။

၁၉၉။ **စင်-ဆင်၊** ။ဆဒ္ဒန်ဖြူစင်၊ လေးစီး ဆင်နှင့်၊ မြေတွင်ဝပ်တွား။

၁၂၉။ **စင်း-ကင်း၊** ။မထင်ပြိုင်စင်း၊နိုင်းရာကင်းသည်၊ ပြင်ဆင်းညီသွယ်နွဲ့တကား။

၁၉၀။ **စောင်-ဆောင်၊** ၊ပွင့်မည်ညီအောင်၊ဟန်ရည်စောင်သို့၊ ရွှေဆောင်နောက်လိုက်။

၁၁၂။ **စောင်-ဆောင်၊** ၊ဆောင်းပါး စာစောင်၊ နောင့်လက်ဆောင်ကို၊ နေရောင်မထိုး။

၁၁၄၊ **စောင်-ဆောင်၊** ၊ထိန်းယရံစောင်၊ လှထွတ်ခေါင်ကို၊ လက်ဆောင်ပန်းခက်။

၁၂၃။ **ဇစောင်-ဆောင်၊** ၊သလင်းပြွက်စောင်၊ တန်ဆောင်မျက်မှန်း၊ သလွန်ဝန်းထက်။

၁၃၁။**စောင်-ဆောင်၊** ၊မှတ်ပိုက်ရည်စောင်၊ သနားအောင်ဟု၊ လက်ဆောင်နောင့် သက်၊

(ဆ)

၂၃၁။ **ဆီး-စီး၊** ၊တောင်ငွေနှင့်ဆီး၊ ပေါင်း၍စီးသို့၊ မညီးနေခြည်။

၂၂၄၊ **ဆင်-စင်၊** ၊ညောင်းလှ သွယ်ရှင်၊ ညွန့်သစ်ဆင်က၊ လဲးစင်ဖူးလဲ့။

၁၀၅။ **ဆင်-စင်၊** ၊လွှမ်းအွတ်စဉ်တွင်၊ ခွေရိုက်ဆင်သည်၊ညီစင်ရှမ်းလှတော့သည်သာ။

၁၃၀။ **ဆိုင်-စိုင်၊** ၊တိမ်ငွေရင်ဆိုင်၊ တဖြိုင်ဖြိုင်လျှင်၊ ရေစိုင်သွန်းလောင်း။



၃၃။ **ဆိုင်-စိုင်၊** ၊ခေတ်ပန်းပွင့်မြိုင်၊ ချပ်ရွှေဆိုင်ကို၊ ရေစိုင်သွန်းမြှုး။

၁၆၅၊ **ဆိုင်-စိုင်၊** ၊မရှုလှည့်နိုင်၊ စက်ချင်း ဆိုင်၍၊ အစိုင်အခဲ။

၁၁၆။ **ဖြား-ညား၊** ၊ရိုင်းပင်းလှည့်ဖြားကျိုင်းသေ့စားလျှင်၊ခန့်ညားကြောက်ရွံ့။

၂၂၀။ **ညင်း-ညှင်း၊** ၊မြည်လိုဝိန့်ညင်း၊ သန့်မိုးကြွင်းဝယ်၊လေညှင်းဖြည်းထုံ၊

၂၁၆။ **ညှင်း-ညင်း၊** ၊အသာ နှုတ်ညှင်း၊ သံညင်းပျော်မှုမိုးမှာရှုသော်။

၂၀၄၊ **ညှင်း-ငြင်း၊** ၊ပြည်စိုးသီချင်း၊ တညှင်းညှင်းတည့်၊စောင်းငြင်းပျော်ပွဲ။

၁၂၄၊ **ငြင်း-ညင်း၊** ၊ဇွက်တော်ကားငြင်း၊ ဝိန်ညင်းကားစောင်း၊ စသာတောင်းတည့်။

(ဏ)

၁။ **ဏာ-နာ၊** ၊နဝလက္ခဏာ၊ယှဉ်နာလျှင်၊ အဝါလျှံတက်။

(တ)

၉၂။ **တွေ့-ထွေ၊** ၊သီတင်းသုံးတွေ၊ နေရစေလော့၊ တွေတွေလာလာ၊

၁၄၃။ **တွေ့-ထွေ၊** ၊ဇွက်ပေါင်း ရွှေရွှေ၊ ဝဲးမြှုးစေတွေ့လျက်၊တွေတွေဆန်းဆန်း။

၁၆၀။ **တွေး-ထွေး၊** ၊ဆီးနှင်းဝှပ်တွေး၊သုံးပါးထွေး၍၊ အုံ့မှေးလိုလို။

၁၀၂။ **တုံ့-ထုံ့**၊ ၊ဆိုတတ်မတုံ့၊ စိတ်ကိုလုံ့၍၊ ၊
ချစ်ထုံ့မျက်ပါနေလိမ့်မည်။

၁၇၃။ **တင်-ထင်**၊ ၊ကျေးဇွက်ခြည်သွင်၊ နှောင့်ဝယ်
တင်ခဲ့၊မှတ်ထင်မရ။

၃၀။ **တင်-ထင်**၊ ၊တံဆိပ်ခပ်တင်၊ကျော်ထင်ဝေနိုး၊
ချရားသီးနှင့်။

၁၀၂။ **တန်-ထန်**၊ ၊အဖွဲ့တတန်၊ အထန် တကြိုက်၊
အပြိုက်တခန်း။

၂၁၉။ **တပ်-ထပ်**၊ ၊ရွှေစီချယ်တပ်၊ ကုံး၍ ထပ်သို့၊
ပွင့်ချပ်ဇောတ။

၅၇။ **တွန်း-ထွန်း**၊ ၊မှောင်ခွါ ပယ်တွန်း၊ ဆဲ့နှစ်
ခန်းကို၊ မထွန်းမီးလျှံ။

၇၀။ **ထွန်း-ထွန်း**၊ ၊ဥကင်လှစ်တွန်း၊ တက်နေထွန်း
သို့၊ ရှင်လန်းပျော်ရာ။

(ထ)

၈၅။ **ထီး-တီး**၊ ၊မင်းနေပြည်ကြီး၊ နန်းရွှေထီးသို့၊ ။
ရိုက်တီးအောင်စည် ကြူးလိမ့်မည်။

၈၂။ **ထူ-တူ**၊ ၊ရှင်ချစ်ဘုန်းထူ၊ဘွားတော်မူက၊ငွေတူ
ပူဇော်။

၁၈၇။ **ထူ-တူ**၊ ၊လွှမ်းပန်းကြီးထူ၊ဘော်ဝေးသူလည်း၊
တူစလေဘွယ်။

၆၇။ **ထုံ့-တုံ့**၊ ၊ဘယ်လည် ဖြတ်ထုံ့၊ ခေါက်တုံ့
ကျွေ့ချောင်၊စောင်းထောင်ဖီလာ။



၁၂၀။ **ထက်-တက်**၊ ၊မြို့ကောင်း ထိပ်ထက်၊ ကိုယ်
တော်တက်၍၊သွေ့ကွက်မလည်။

၈၅။ **ထင်-တင်**၊ ၊မျိုးမြတ် ဆံကျင်၊ နှောင့်သက်
ထင်၊ ၊သက်တင်ခြည်ထွန်း။

၁၀၄။ **ထင်-တင်**၊ ၊တင့်ရည်းမထင်၊ ညှိုးရှပ်သွင်နှင့်၊
ကြာတင်မောစွ။

၇။ **ထင်-တင်**၊ ၊သိင်္ဂီရောင်ထင်၊ရွှေထက်တင်သည့်၊
မျက်ရှင်မြဆင်း။

၈၀။ **ထပ်-တပ်**၊ ၊သုံးဆဲ့ခြောက်ထပ်၊ သကြားတပ်
သို့၊သောင်းရပ်ထိပ်မိုး။

၇၅။ **ထောင်-တောင်**၊ ၊ရှေးခါ့ပြည်ထောင်၊ ဒွတ္တ
ဘောင်လျှင်၊အတောင်ဂဠုန်။

၁၅၉။ ထွက်-တွက်၊ ၊ရွှေမြေ ပြည်ထွက်၊ စကတွက်
သော်၊ ခြောက်ချက်ခုနစ်။

(န)

၁၁၂။ နိုး-နှိုး၊ ၊လှရာရွှေးပြီး၊နှောင့်ဇနိုးသို့၊ ဘက်နှိုး
ရွက်ရှိမ်း။

၆၀။ **နစ်-နှစ်**၊ ၊စံရွှေစံနစ်၊ရွှေကျင်နှစ်သို့၊ ကျွမ်းချစ်
သက်ဝေ။

၁၄။ **နောင်း-နှောင်း**၊ ၊စံခြောက်နွဲ့နောင်း၊လျော်ရွှေ
မောင်းသို့၊ ရှင်နှောင်းမည်ရင်း။

၁၂၄။ **နှိုး-နိုး**၊ ၊ရွှေနှင့်နှိုး၍၊ ဝေနိုးခြောက်တောင်၊
တောကုန်အောင်လည်း။

၅။ နှစ်-နစ်၊ ။ထွားထွား ပွင့်သစ်၊ ပုလဲ နှစ်သို့၊ သနစ်လျှံပြောင်။

(ပ)

၁၁၂။ ပျ-ပြ၊ ။ခြောက် ဘုံလှိုင်ပျ၊ ကြိုင်ပေါက်ပြ သား၊ သိင်္ဂါခက်ဝေ။

၀၃။ ပျား-ပြား၊ ။တော်မင်းတို့အား၊ နှုတ်ချီပျား နှင့်၊ တပြားယောင်းယောင်း။

၂၄။ ပြား-ပြား၊ ။ဘောက်ပြန် တွေပြား၊ ရှိမည် ထားဘိ၊ ပိုက်ပြားရင်ခွင်။

၅၄။ ပြား-ဖြား၊ ။ခွါရှောင်တွေပြား၊ ဖြူလှည့်ဖြား လည်း၊ ယောကျ်ားတကာ။

၁၉၆။ ပျူး-ပြူး၊ ။ဖြည်းလှာပျံ့ပျူး၊ ခြောက်လေပြူး သော်၊ ကျဖြူးနှင်းသစ်။

၄၃။ ပျော်-ဖျော်၊ ။စံပယ်ရှင်ပျော်၊ ဖျော်လည်း ဖျော်လျက်၊ စုံမက်ကဲဆ။

၂၀၀။ ပျော်-ဖျော်၊ ။ဖြေလည်းမပျော်၊ ဖျော်လည်း မရှင်၊ စစ်ခွင်မြေတာ။

၉၀။ ပျော်-ဖျော်၊ ။ရုံခါမပျော်၊ ရှင်မှုဖျော်သည်၊ နောင်သော်သည့်နွယ်ရှိစေတုံ။

၁၅၅။ ပြင်-ဖြင်၊ ။မအားမြေပြင်၊ ပည်းမွမ်းဖြင်မှု၊ ရှုအင်မညီး။

၂၃၀။ ပျဉ်-ဖျဉ်၊ ။ချမ်းအားကြီးပျဉ်၊အောက်မေ့စဉ် ဝယ်၊ ဖြေဖျဉ်မတတ်။

၀။ ပျစ်-ပြစ်၊ ။လျှံဝေ ရောင်လှစ်၊ ရှင်းပျစ်ပျစ် လျှင်၊ တင်ပြစ်ကင်းစင်။



၂၁။ ပြစ်-ပစ်၊ ။မယ့်တွင်အပြစ်၊ ရှိသည်ဖြစ်လည်း၊ ပစ်ပစေမှု။

၁၀၂။ ပျောင်း-ပြောင်း၊ ။ဝမ်းကွဲ ဆွတ်ပျောင်း၊ နွေသစ်ပြောင်းသည် တပေါင်းပြည့်လှာ ပဘိဏ်။

၂၁၀။ ပြောင်း-ပျောင်း၊ ။နွေလည်း ပြန်ပြောင်း၊ ပျောင်းသည်ဖြစ်ကို၊စိစစ် ချေသော်။

၂၀၄။ ပေါင်-ဘောင်၊ ။ဝဲဘိုကား ဖောင်၊ ရင် ဘောင်ကားလှေ၊ လှော် သောထွေသို့။

၇၃။ ဖြာ-ပြာ၊ ။ညောင်းလှန်သွယ်ဖြာ၊ဖြူပြာနီရွှေ၊ ထွေထွေအဆင်း။

၁၀၉။ ဖျား-ပျား၊ ။ရွက်စိပ်ပင်ဖျား၊ ဝက်ရက်ပျား ကို၊ ဆွတ်စားချေ၍။

၁၅၃။ ဖြီ-ဗီ၊ ။ကျွန်ုပ်မယ့်ဆီ၊ ရောက်တန်ပြီလျက်၊ ဗီဗီမလာ။

(ဖ)

၂၀။ ဖြီး-ဖြီး၊ ။သစ္စာ လေးဖြီး၊ ပွင့်စင်ပြီးသား၊ ဘုန်းဓိတည့်မွန်း။

၆၀။ ဖြေ-ပြေ၊ ။မေ့မည် ဖြေလည်း၊ ပြေမည့်စင် ထား၊ ထွေထွေပွါး၍။

၉၀။ ဖြေ-ပြေ၊ ။ဆည်မှမဖြေ၊မပြေရုံခါ၊နောင့်ခြင်း ရာကို။

၁၂၀။ ဖြေ-ဖြေ၊ ၊ကြမ္မာယုံထွေ၊ တရားဖြေလည်း၊ မပြေလည်ဘူး။

၁၆၅။ ဖြေ-ဖြေ၊ ၊ခေါက်ထားဖြေဖြေ၊ လုံးပြေခင်း နှီး၊ပုတီးပျံ့မွေး။

၁၀၄။ ပျော်-ပျော်၊ ၊ထိန်းယ ရွှေဘော်၊ ပျော် ကြောင်းဖျော်လည်း၊ မပျော် ညှိုးငယ်။

၈၉။ ဖြိုး-ပျိုး၊ ၊နတ်ရှင်ဘုန်းဖြိုး၊ ပန်းအုံ့ပျိုးသား၊ ဘေးမျိုးရုံဝန်း။

၉၅။ ဖြစ်-ပြစ်၊ ၊ကြမ္မာဘက်ထစ်၊ ဘုန်းကြောင့်ဖြစ် ရှင့်၊တင်ပြစ်မရှိ။

၁၅၄။ ဖြစ်-ပြစ်၊ ၊မြှုတေကျစ်လျစ်၊ငယ်သည်ဖြစ်ကို၊ ကျိုးပြစ်ရောက်ကာ။

၁၂၉။ ပြစ်-ဖြစ်၊ ၊မသိကျိုးပြစ်၊ ကြင်သည့်ဖြစ်ကို၊ သစ်သစ်နားတွင်။

၁၇၇။ မြှတ်-ဖြတ်၊ ၊မမှာပြတ်ပြတ်၊ ရက်ဆုံးဖြတ် လျက်၊လာလတ်မည်ကို။

( မ )

၂၀၄။ မြ-မျှ၊ ၊ခွေရစ်ရှက်မြ၊ဆွေသက်မျှနှင့်၊ ဒွန်းကြ ရွှေရင်။

၁၂၂။ မြ-မျှ၊ ဆွေညှိနောင်မြ၊ သက်မျှမျိုးညီ၊ မြန် လတ်ပြီဟု။

၄၂။ မြား-များ၊ ၊ထိပ်စွန်အဖျား၊ ပတ္တမြားနှင့်၊ များများမဝေး။



၅၅။ မြား-များ၊ ၊မွေခတ်မြောက်မြား၊ရှင်စော များကို၊ ဆပွားကြည်လင်။

၃၀။ မှု-မြ၊ ၊ထိအောင် ဆိုက်မျှ၊ လျှမ်းလျှမ်းပ လျက်၊ မြမြညီလွှန်း။

၁၀၄။ မျှ-မြ၊ ၊နတ်နွယ်တမျှ၊ ချောညှိမြကို၊ထိန်းယ ရွှေဘော်။

၉၅။ မွေး-မွှေး၊ ၊သဘောဖြူမွေး၊ပြစ်မျိုးဝေးသည်၊ နှောင်မွေးနှင့်နောင်။

၂၂၉။ မြက်-မြွက်၊ ၊ကြိုင်စွာဆမြက်၊ စပယ်ခက်နှင့်၊ လျောက်မြွက်မည်စိုက်။

၁၁၈။ မြက်-မြွက်၊ ၊သာယာချိုမြက်၊ မိန့်နှုတ်မြွက် ကို၊ ထိပ်ထက်မဉ္ဇူ။

၁၁၅။ မြင့်-မြင့်၊ ၊အချစ်ကဲဆင့်၊မေတ္တာမြင့်လျက်၊ နိမ့်မြင့်မဖြစ်။

၁၀၆။ မြည်-မည်၊ ၊ကြူးမြောက်မြည်တော်၊ အမည် ဗုဒ္ဓ၊ သရဏာဟု။

၁၁၀။ မတ်-မှတ်၊ ၊သောင်းတွင်း ၄နံးပတ်၊ မင်း လောင်းမတ်မူ၊ တမှတ်တည်းသာ။

၈၉။ မြောက်-မြောက်၊ ၊ရှိမိုး ထိပ်မြောက်၊ ကြိမ် ကြိမ်ခလျှောက်ရှင့်၊ ဝမ်း မြောက်ရှင်ပျော်။

၇၇။ မြောင်-မြောင်၊ ၊ရွက်လျှောက် တင့်မြောင်၊ ကန့်တော့မြောင်ဝယ်၊ ပြည့် အောင်သီပြီ။

၂၃၃။ မွှန်း-မှုန်း၊ ၊တိမ်ညိုကွန့်မွှန်း၊တန်ဆောင်မုန်း
ကာ၊ ချစ်တုံးအစ။

၁၃၉။ မွှန်း-မှုန်း၊ ၊ရှစ်တောင် အခန်း၊ အဆင်းမွှန်း
သား၊ ရင့်မှုန်းနေဘ်ါ။

(ယ)

၅၆။ ယ-ရ၊ ၊သာရှင်ယုယ၊မဆင်ရဟု၊ရှုတဆိုတမ်း။

၇၃။ ယ-ရ၊ ၊ပန်ထွာခယ၊ တောင်းလျှောက် ဟ
သည်။ ။ဖူးရလွယ်ကြောင်း သည်နှစ်
ဆောင်း။

၁၀၂။ ယ-ရ၊ ၊ဆက်ပန် ခယ၊မဆင်ရဟု၊ မွေးပျ
ကြိုင်ဆုံး။

၂၀၄၊ ယ-ရ၊ ၊လျှောက်ပြန်ခယ၊ ဆန်ခဲ့ရသည်၊ ၊
တလည်းတရစ် ဘွယ်တကား။

၂၂၅။ ယာ-ရာ၊ ၊ပြဋ္ဌာန်းဒီပါ၊တောင်လက်ယာက၊
တရာထီးဆောင်း။

၇၇။ ယာ-ရာ၊ ၊လှည့်လေလက်ယာ၊ သာရာဝတီ၊
သိန္ဓိမကြွင်း။

၁၄၂။ ယူ-ရူ၊ ၊ဝတ်ရက်ယှူ၍၊ရင့်ရှူသာမော၊ချစ်ဘော်
နှောသည်။

၁၂၃၊ ယူ-ရူ၊ ၊ခက်ဝေလူလူ၊ ပန်းကိုယူ၍၊ တူရှူမြိုင်
လစ်။

၁၁၀။ ယူ-ရူ၊ ၊လင်းဇင်းရိပ်ဖြူ၊ နန်းတိုင်ယူမှ၊ တူရှူ
ဆီတည်း။



၁၀၄၊ ယောင်-ရောင်၊ ၊ပျိုထွတ် ဆင်းယောင်၊လေး
ယောက်မောင်လျှင်၊မြရောင်လျှံဖုံး။

၇၄။ ယောင်-ရောင့်၊ ၊မြလားဆင်းယောင်၊ ပန်းစံ
ခေါင်ကို၊ ညိုရောင်ရှိန်လင့်။

၉၆၊ ယောင်-ရှောင်၊ ၊သွေ့လှန် ယောင်ယောင်၊ခွါ
ရှောင်လိုလို၊ ဆိုမြွက်ဘိလေ။

၂၁၉။ ယိမ်း-ရှိမ်း၊ ၊နွဲ့လျကြာတိမ်း၊နွေတိုင်းယိမ်းသို့၊
ရှိမ်းရှိမ်းပြိုက်စက်။

၈၃။ ယှဉ်-ယဉ်၊ ၊သူတို့မယှဉ်၊ နောင့်တွင် ယဉ်၍၊
ရှောင်ကြဉ်သုံးထွေ။

(ရ)

၂၂၆။ ရ-ယ၊ ၊မကြွားစေရ၊ ယုယတတ်ဆုံး၊ မယ်
လက်ကုံးနှင့်။

၈၄။ ရ-ယ၊ ၊မချမ်းစေရ၊ ပိုက်ယုယသည်၊ နှမ
ကြင်တင့်။

၂၂၂။ ရာ-ယာ၊ ၊လှည့်ခေါက်ရော၊ လက်ယာရစ်
မြွှောင်၊ စစ်ကိုင်းတောင်နှင့်။

၈၃၊ ရာ-ယာ၊ ၊ယဉ်ရှင်ရော၊ကျွန်းအောင်ချာဝယ်၊
လက်ယာသို့ပေ။

၅၇။ ရာ-ယာ၊ ၊လံမြတ်ငါးရာ၊ ရွှေပြည်သာဝယ်၊
လက်ယာထောင့်ယွန်း။

၁၂၂။ ရှာ-ရာ၊ ၊မစုံမှိုင်ရှာ၊ နောင့်ခြင်းရာကို၊ တတ်
စွာအရေး။

၂၀။ ရီ-ရှီ၊ ၊စေကျွန်ပန်းရီ၊သို့စဉ်ရှိလည်း၊သတိခွံခွံ။

၁၀၁။ ရှု-ရှု၊ ၊ဖြုရှင်းရောရှု၊ နောင့်သက်စုကို၊ နှိုင်းရှု
ချေမှု။

၂၁၅။ ရှု-ရှု၊ ၊ပျော်ခြင်းရတု၊ မိုးများရှုလည်း၊ ရောရှု
တိမ်သာ။

၁၆၀။ ရှု-ယှု၊ ၊ပျော်ပါးရင့်ရှု၊ ဝတ်ရက်ယှု၍၊ မဦ
ရွှေနှောင်း။

၁၅၂။ ရှု-ယှု၊ ၊အောက်မေ့တရှု၊ရောက်ဆုယှုသည်၊ ၊
ရည်တူဘက်ရန် မထင်ကို။

၉၁။ ရောင်-ယောင်၊ ၊ဆက်းဖန်အောင်၊ ချော်ညို
ရောင်သည်၊ ၊တမ်းယောင်မဟု
လှည့်လေလော။

၉၁၊ ရွှေ-ရွှေ၊ ၊ချောသပ်ငြိမ့်ချေ၊ ငယ်ဘော်ရွှေတို့၊
ငုံရွှေရွှေးချယ်။

၁၅၄။ ရံ-ယံ၊ ၊သိပ်သည်းချေ၊ သုံးရွှေရံလျက်၊
ညယံငြိမ့်နေ။

၁၀။ ရေး-ရေး၊ ၊နှောင်းပြီးသည်ရှေး၊ ဆင်းငြိမ့်
လေးကို၊ တရေးတည်းပင်။

၁၂။ ရက်-ရှက်၊ ၊ပြန်လည်း မရက်၊ ထိပ်ထက်
ရွှက်တင်၊ပန်ဆင်ပန်းတူ။

၁၃၀။ ရှက်-ရက်၊ ၊ရစ်လည် ပတ်ရှက်၊ စုံခန့်တွက်
သည်၊ ၊ဆောင်းရက်ဝါလွန် ရာသီသော်။

၁၇၃။ ရှက်-ရက်၊ ၊တခေါက်ခြေရှက်၊ ကောင်းကင်
ထက်လည်း၊ သူ့ရက်သူ့နေ့။

၈၆။ ရှက်-ယက်၊ ၊မုးမော်စုံမက်၊ လည်ချင်းရှက်၍၊
ယှုယက်သည်ပို့။



၂၀၀။ ရှက်-ယက်၊ ၊ဥယျာဉ် တရှက်၊ ကြက်ယက်
ပတ်လုံးဆင်ကျုံးဆင်ရ။

၁၇၅။ ရည်-ရှည်၊ ၊ဆက်ဆက်မရည်၊ရက်ကြွယ်ရှည်
သည်၊တွေလည်နိုးလှည့် ကြာတော့၏။

၁၅၀။ ရှင်-သျှင်၊ ၊သီတာ ယဉ်ရှင်၊ ထက်ဝန်း
ကျင်လည်း၊ ကေသျှင်မြစည်း။

၁၇၉။ ရှင်-ယင်၊ ၊ရွက်ညောင်း ညွန့်ရှင်၊ နှစ်သစ်
ယင်က၊ ကောင်းကင်ရိုက်ကြွး။

၁၀၇။ ရှင်-ရှင်၊ ၊မြိုးကြွယ် ဘုန်းအင်၊ လှမျှား
ရှင်ကြောင့်၊ မရှင်တို့လှည့်။

၁၀၅။ ရှင်-ယင်၊ ၊ကိုးပါး မျက်ရှင်၊ စိမ္မမ်းဆင်၍၊
တုယင်နှင့်ချည်း။

၁၃၆။ ရှည်-ရည်၊ ၊မြလား ပင်ရှည်၊ ဥယျာဉ်သည်
ဝယ်၊ ငွေရည်ဖျန်းသွတ်။

၂၀၆။ ရှည်-ရည်၊ ၊ညည်းအားသည်းသည်၊ခရီးရှည်ခဲ့၊
ဆီးရည်ကျရွှမ်း။

၇၉။ ရည်-ရှည်၊ ၊နှံ့သာထုံရည်၊ ခွန်ရှည်မြစ်ကြီး၊
သေနှံစီးလျက်။

၁၁၄။ ရည်-ရှည်၊ ၊လျှင်ကြောင်း ကျိုးရည်၊ ဘက်စုံ
ရှည်၍၊ မျိုးစည်မဝေး။

၁၀၃။ ရည်-ရှည်၊ ၊ဝင်းရက် မွှန်းကြည်၊ ညှာမြ
ရည်နှင့်၊ ရိုးရှည်မြတံ။

၁၀၇။ ရမ်း-ရှမ်း၊ ၊မရှား ပည်းမွှမ်း၊ ဗုံးခရမ်းနှင့်၊
စိမ်းရွှမ်းရတု၊

၈၁။ ရောင်-ယောင်၊ ၊မစွန်းမှိုးမှောင်၊ ဖြစ်ခြည်ရောင်ဖြင့်၊ ထင်ယောင်မဆီး။

၃၆။ ရွှန်း-ယွန်း၊ ၊စက်လှည့်ပြောင်းရွှန်း၊ဖလ်ရောင်နန်းနှင့်၊ စယွန်းဆယ်ပြန်။

၁၇၈။ ရှမ်း-ရှမ်း၊ ၊မြနှယ် ယိုရှမ်း၊ တောတောင်မွှမ်း၍၊ ဆော်ရှမ်းသွန်းလတ်။

(လ)

၁၆၁။ လာ-လှာ၊ ၊သကြား သုဇာ၊ အစုံ လာ၍၊ ဘန်လှာနိမိတ်။

၂၂၂။ လာ-လှာ၊ ၊ထူးလည်ထွေလာ၊သျှိရှိန်ခါဝယ်၊ သာလှာလိမ့်လော။

၁၇၉။ လစ်-လှစ်၊ ၊နွှေဦးသရစ်၊ ရောက်တုံလစ်သော်၊ ဝင်းလှစ်ရောင်ထိန်။

၁၁၃။ လျောက်-လျှောက်၊ ၊မှာလိုက်သောလျှောက်၊ လျှောက်တုံတဖန်၊ ပြန်အံ့ကြီလည်း။

၄၅။ လျောက်-လျှောက်၊ ၊သံညောင်းသာလျှောက်၊ ဆုသစ်လျှောက်သည်။

၁၄၃။ လွတ်-လွှတ်၊ ၊ကိုယ်ဝါလွှတ်သည်၊ စက်လွှတ်လေလော၊ ကြာတောဝေထက်။

နဝဒေးရတုခွဲထား-ပြီး၏။

ဟံသာ၀တီစာအုပ်တိုက်
၅၃၇-ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့

တအုပ် ၅ ကျပ်